ဓမ္မာစရိယဦးတင်မြင့်

# သောကကင်းရေးဝိပဿနာအမြိုက်ဆေး ပုံတော်စုံ



၂၂၈၃၉

# သောကကင်းရေး ဝိပဿနာ အမြိုက်ဆေး

## ပုံတော်စုံ

### ဓမ္မာစရိယ-ဦးထင်မြင့်

* အဘိုးရှုသာသနဓဇ သိရိပဝရ ဓမ္မာစရိယ
* စေတီယင်္ဂဏ ပရိယတ္တိဓမ္မာစရိယ ဂဏဝါစက
* အမျိုးသား ပရိယတ္တိသာသနာ့ လင်္ကာရ ကောဝိဒ
ပထမကျော်

ဖြန့်ချိရေး
+ လက်လီ လက်ကား ရနိုင်သောဌာန +
လင်းမောင်
လင်းဝင်းမင်း စာပေ
နှင့်
ဒေါ်ကျော့၊ သား လှိုင်မင်း (ကုန်စုံဆိုင်)
အမှတ် ၁၅၈၊ ၃၃လမ်း၊ ရန်ကုန်မြို့။

ဘာသာရေးဆိုင်ရာ စာပေခွင့်ပြုချက်အမှတ်(၈၃၄)

=၀=          =၀=

မျက်နှာဖုံး ပုံနှိပ်ခွင့်ပြုချက်အမှတ်(၂၈၉)

# မာတိကာ

| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| အကြောင်းပြနိဒါန်း | ၁ |
| နိဗ္ဗာန်သွား သစ္စာလေးပါး တရားတော် | ၂၆ |
| အသိသုံးမျိုး | ၃၇ |
| ကုန်သည် သူကြွယ် တစ်ယောက် | ၄၆ |
| သစ္စာလေးပါး အတိုချုပ် | ၅၅ |
| ကိုယ်ရှုမှတ်ပုံနှင့်မတူလို့ အပြစ်မယူနဲ့ | ၆၄ |
| စားချင်တာ စားရတာ ဒုက္ခ | ၇၀ |
| သံသရာပြတ် ပဋိစ္စသမုပ္ပါဒ်တရားတော် | ၇၅ |
| ပဋိစ္စသမုပ္ပါဒ်လည်ပုံ | ၈၁ |
| သာတိရဟန်းအကြောင်း | ၉၀ |
| ပဋိစ္စသမုပ္ပါဒ် နားလည်တဲ့အကျိုး | ၉၆ |

| အကြောင်းအရာ | စာမျက်နှာ |
|---|---|


| | |
|---|---|
| ခါတ်ဘစ်လုံးဖြင့် အမြတ်ဆုံးရောက်နိုင်တဲ့ တရားတော် | ၁၁၀ |
| အဘယ်သို့ ဖုံးလွှမ်းထားသနည်း | ၁၂၆ |
| သန္တာတိအမတ်ကြီး တရားရပုံ | ၁၄၁ |
| စိတ်ကို ချင်မှာထားဆိုတာ ဒါမျိုးပဲ | ၁၄၀ |
| စိတ်ကို ဝိပဿနာနဲ့ ထိန်းရတယ် | ၁၅၄ |
| မင်္ဂလပါက်ဖိုလ်ဝင် နိဗ္ဗာန်မြင်တရားတော် | ၁၅၉ |
| အမှားကျင့် အမှန်ကျင့် နှစ်မျိုးရှိတယ် | ၁၆၅ |
| တရားက ပြုံးဘောင် နေဦးမယ် | ၁၆၉ |
| ကျွန်ုပ်တို့တစ်တွေ လူစွမ်းကောင်းတွေ | ၁၇၅ |
| ဘုရားမြင်နှင့် အမျှားမြင် | ၁၀၃ |
| သီဟိုဠ်ကျွန်း ရဟန်းတစ်ပါးဝတ္ထု | ၁၉၃ |
| ခန္ဓာကိုယ် ရုပ်နာမ်တွေ့ တရားတော် | ၂၀၀ |
| ခန္ဓာနှင့်ဘူသော ရန်သူမရှိ | ၂၀၀ |
| ဝိပဿနာဟာ အလုပ်နေရာ အခါမရွေးရ | ၂၁၄ |
| အကြောင်းကောင်းမှ အကျိုးကောင်းမယ် | ၂၂၂ |
| မဟာကပ္ပိနဘုရင်ကြီးအကြောင်း | ၂၂၆ |

| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| ကံသာပဓာန နိဗ္ဗာန်ရ တရားတော် | ၂၃၉ |
| ကံလေးမျိုး လေးပါးစီ ခွဲပုံ | ၂၄၄ |
| သေဌေးကြီးတစ်ဦး တရားလိုချင်ပုံ | ၂၅၃ |
| ဝိပဿနာဟာ အကောင်းဆုံးအလုပ် | ၂၅၉ |
| ပရိကံခေါ် ပုဗ္ဗကိစ္စငါးပါး | ၂၆၃ |
| မိတ္တဝိန္ဒကအကြောင်း | ၂၆၇ |
| သိက္ခာသုံးရပ် အကျင့်မြတ်တရားတော် | ၂၇၇ |
| သောတာပန်ဖြစ်ကြောင်း အင်္ဂါလေးပါး | ၂၈၆ |
| သီလ သမာဓိ ပညာသိက္ခာသုံးမျိုး | ၂၉၅ |
| တရားရှုမှတ်ပုံ | ၃၀၀ |
| သာဝတ္ထိပြည်သားနှစ်ယောက်အကြောင်း | ၃၀၉ |
| မဂ္ဂင်ရှစ်ပါး နိဗ္ဗာန်သွားတရားတော် | ၃၁၅ |
| မီး (၁၁) ပါးနှင့် မဂ္ဂင်ရှစ်တရား | ၃၂၁ |
| မဂ္ဂင်ရှစ်ပါးပွားများပုံ | ၃၂၇ |
| ဝါယောဓာတ် ရှုမှတ်ပုံ | ၃၃၂ |
| သမထနှင့် ဝိပဿနာ | ၃၄၂ |
| အရှင်တိဿ ဝတ္ထု | ၃၅၄ |
| ကျမ်းပြီးအဆုံး နိဂုံးပတ္ထနာ | |

နမော ဗုဒ္ဓါယ သိဒ္ဓံ။

# အကြောင်းပြ နိဒါန်း

ယေကေစိ ဩသဓာလောကေ၊ ဝိဇ္ဇန္တိဝိဝိဓာဗဟူ။
ဓမ္မောသဓသမံနတ္ထိ၊ ဧတံပိဝထဘိက္ခဝေါ။
ဓမ္မောသဓံပိဝိတွာန၊ အဇရာအမရာသိယုံ၊
ဘာဝယိတွာစ ပဿိတွာ၊ နိဗ္ဗုတာဥပဓိက္ခယေ။ ။

လောကေ၊ လောကတခွင် ဘုံအပြင်၌။ ဝါ၊ လူတို့ တည်ရာပြည်ရွာ၌လပ် တောအရပ်ရပ်၌။ ဝိဝိဓာ၊ ထူးထွေ ဆန်းပြား အစားစားဖြင့်။ ဗဟူ၊ များပြားကုန်သော။ ယေကေစိ၊ အမှတ်မရှိ ဓာတ်မသိ၍ ကပ်လုက် ရှိကြကုန်သော။ ဩသဓာ၊ ဆေးနီ ဆေးဝါ ဆေးပြာ ဆေးညို

ဒုတိယအကြိမ်

ဒေသ မီးတိုဒေါင်း အလွန် ကောင်းကုန်သော သောင်း
ခြောင်း ထေ့လာ ဆေးအစာတို့သည်။ ဝိဇ္ဇန္တို၊ သေသိသူ
ကျော်ကြား သိသူဖော်စားသော အခနေဖြင့် ထင်ရှားမသော
ရှိကြလေကုန်၏။ ပန်၊ လိုသို့ပင် အမှန်ကေန် ရှိကြသော်
လည်း၊ ဓမ္မာသာခံ၊ တာရားရေအေး ဘုရားဆေးနှင့်
အခွန်သာမှု အခအေးတူသော ဆေးဟူသည်။ နတ္ထိ၊ ကြံ
ရှယ်ကာ ကြည့်ပါတော့ အမှန်တကယ် သိလျှင် မရှိရိုး
စကန် အနုန်ပင်တည်း။ တိကွဲပေါ် တားအစု မျှော်တွေး
ရှုရှု အမှုလိုပါး သင် ယောဂီများတို့သည်။ ပီဝေထ၊
ပိတိဒေဇာသိမ့် မနောစိမ့်သျှာ် နှစ်သိမ့်ရှင်လန်း သဒ္ဓါစွမ်း
ဖြင့် သွန်းမျှန်းမချို့ သောက်ကြပါကုန်လော့။ ဓမ္မော
သခံ၊ ဟာရ ရေအေး အမြိုက်ဆေးကို။ ပိဝိတွာန၊ ဒါန်
ပေးသူ၊ သီလကျ၍ ပွားယူဘာဝနာ ပြုလုပ်ကာဖြင့်
ကောင်းမှုသုံးဆို သောက်ချိုးကြကုန်သည်ရှိသော်၊ အဇရာ၊
ခန္ဓာယိုသွင်း အိုခြင်းလည်းမရှိနိုင်ကြကုန်သည်။ အမရာ၊ ခန္ဓာ
ပျက်သွင်း သေခြင်းလည်း မရှိနိုင်ကြ ကုန်သည်။ သိယုံ၊
ဖြစ်ကြကုန်၏၊ ဘာဝယိတွာဝ၊ ဒါနဆင်ပြန်း သီလပန်း
နှင့် စီးဖြန်းဘာဝနာ များစွာမယုတ် အားထုတ်ကြကုန်
ပြီး၍သည်းကောင်း။ ဝသိတွာဝ၊ အားထုတ်သလောက်
ညာဏ်စဉ်ပေါက်၍ မျက်မှောက်သင်ထင် သိမြင်ကြကုန်ပြီး၍
လည်းကောင်း။ နိဗ္ဗုတာ၊ အိုနာသေရေး ဒုက္ခဘေးမှ

အေးရာအမှန် မြဘ်နိဗ္ဗာန်ကို။ဥပဒိက္ခယေ၊ ခံစားသုံးဆောင် ရလေတော့သတည်း။ ဥပဒိက္ခယေ၊ မဂ်ဉာဏ် ဖိုလ်ဉာဏ် အမြင်မှန်၍ ကေန်မခြား ခံစား သုံးဆောင်ရလေတော့ သတည်း။

အထက်ပါ ဒေသနာတော်အရ လောကမှာ 'နီးရက်နဲ့ ဝေး၊ ဝေးရက်နဲ့နီး' ဆိုသလို လူတို့နေရာအနီး မြို့ရွာ အသီးသီးတို့၌ ဖြစ်စေ၊ လူသူမနီး တောကြီး မြိုင်ကြီး ဂနိုင် အသီးသီးတို့၌ ဖြစ်စေ ရောဂါဝေဒနာ အဖြာဖြာတို့ကို ကောင်းစွာမယွင်း တစ်ခဏချင်း အရှင်း ပျောက်စေနိုင် သော အထွေထွေ အပြားပြား အစားစားသော ဆေးဝါး ဆေးပင် ဆေးပင် ဆေ မြစ် ဆေးနွယ် ဆေးဥ အစုစုသော အရာဝတ္ထုတို့သည် တစ်ခုမရှိ တစ်ခုရှိလျက် နေကြသည်သာ ဖြစ်၏။

ထိုသို့ပင် အစဉ်မပျက် ရှိလျက်နေကြသော်လည်း 'မသိသူ ကျော်သွား၊ သိသူဖော်စား' စကားအရ အမှတ်အသား သတိမထား၍ သိသူရှားပါး၊ မသိသူများပြားနေကြသဖြင့် ဖြစ်ပွားလာသော ရောဂါ ဝေဒနာတို့ကို သေချာကျနစွာ ကုသခြင်းငှာ မစွမ်းနိုင်ကြချေ။

အဲဒီသို့ ဖြစ်ပေါ်လာသော ရောဂါ ဝေဒနာတို့ကို သေချာစွာမသွေ ပျောက်ကင်းလေအောင် မကုသနိုင်ကြခြင်း မှာ ရောဂါ ဝေဒနာတို့၏ အပြစ်လည်း မဟုတ်၊ ဆေးအ

ဖြစ်ဖြင့် ရှိနေကြသော ဆေးဝါးတို့၏ အပြစ်လည်း မဟုတ်။ မိမိတို့ အတိအကျ မသိကြတဲ့ အဓိက ဖြစ်သော အသိဉာဏ်၏ အပြစ်သာလျှင် ဖြစ်တယ်။

ထို့ကြောင့် 'ဉာတာဝန္တောကမ္မသိဒ္ဓေါ'ဆိုသည့်အတိုင်း နေရာတိုင်းနေရာတိုင်း၌ ညှိနှိုင်းစဉ်းစား အသိဉာဏ် ရှေ့ထား၍ ပြုလုပ် သွားကြပါလျှင် ခက်ခဲနက်နဲတဲ့ မည်သည့် အရာများပင် ဖြစ်စေ ပြီးမြောက် ကျော်လွှား၍ ပျောက်ကင်း သွားနိုင်ကြပါတယ်။

ကျွန်ုပ် စာရေးသူ ကိုယ်တိုင်ကိုယ်ကျ တွေ့ကြုံခဲ့ဖူးသည်မှာ ဆင်ဖြူတော် စီမံကိန်းဖြင့် အင်းစိန် ထောင်အတွင်း အသိန်းအသိမ်း ခံနေရစဉ် တစ်နေ့တွင် မိမိနှင့် အတူတကွ တစ်ခန်းတည်း နေထိုင်ကြသည့် အချို့သော ပုဂ္ဂိုလ်တို့သည် သွားနာ၍ များစွာ အော်ဟစ်ညည်းညူလျက် ရှိနေကြတယ်။

သွားနာဆေးဝါးကို မိမိတို့ အိမ်များသို့ မမှာကြားနိုင်သေးမီအတွင်း ချက်ချင်း နာနေကြတော့ ဘယ်လိုမှ ကြံမရအောင် အခက်အခဲနဲ့ ရင်ဆိုင်ကာ တွေးမှိုင်၍ ငေးငိုင်နေကြရတယ်၊ ထိုအခါ တစ်ခန်းတည်းနေ ဗဟုသုတရှိသူ ဗေဒင်ဆရာ ဦးစိန်မောင် ဆိုသူက သွားနာတာ အလွယ်ကလေး ပျောက်ပါတယ် ခင်ဗျား၊ အိမ်မှာ စာရေးပြီး သွားနာဆေးကိုလည်း မှာနေဖို့ မလိုပါဘူး။ ကျွန်တော်

နေ့စဉ် အခန်းထဲမှ ထွက်၍ ရေချိုးနေကြတဲ့ ရေလှောင်ကန်ကြီး အနီးမှာအသီးသီး သူ့ အလိုအလျောက် ပေါက်နေကြသော မြက်ပင်ကလေးနဲ့ တူသည့် အပင်ကလေးတွေ အများကြီး ရှိပါတယ်။

အဲဒီ အပင်ကလေးတွေကို အမြစ်ပါမကျန် နုတ်ပြီး ငါးမိနစ်လောက် ဝါးကာ စားလိုက်ပါဟု ပြောသဖြင့် သွားနာ နေကြသူများ အများအပြား စားကြည့်လိုက်ရာ အားလုံးမှာ တစ်ခဏချင်း ပျောက်ကင်း သွားကြပါတယ်။

ထို့အတူ သံသရာထဲ ဆင်းရဲဒုက္ခ ရောက်နေကြရတဲ့ သူတွေမှာလဲ မသိလို့သာ ဆင်းရဲနေကြတာပါ၊ သိလျှင် ဒီဘဝမှာပင် ဒုက္ခတွင်းမှ လွတ်ကင်းနိုင်ကြပါတယ်၊ လူသားတို့သည် လောကအတွင်း လူရယ်လို့ဖြစ်လာကြလျှင် သိသင့်သိထိုက်သမျှ အကြောင်းအကျိုး အကောင်းအဆိုး အမျိုးမျိုးတို့ကို ခွဲခြားသိအောင် ကြိုးစား ဆောင်ရွက်သင့်ကြတယ်၊ ကြိုးစား ဆောင်ရွက်ကြရမယ်။ အဲဒါဟာ မွေ့ရာပါ တာဝန်ကြီး တစ်ခုပဲ၊ ယင်းသို့ ဆောင်ရွက်ကြရာ၌ ဗုဒ္ဓဓမ္မ ဗုဒ္ဓဆေးသည် အရေးအကြီးဆုံး အဓိက အချက်ကြီး ဖြစ်ပါတယ်။

အဘယ့်ကြောင့်ဆိုသော် အခြားခြားသော ဆေးတို့သည် ဘစ်ခဏလောက် တစ်လလောက် တစ်ဘဝလောက်သာ ရောဂါဝေဒနာ ပျောက်ကင်းနိုင်ကြပါတယ်၊ ဘုရား

ဒုတိယအကြိမ်

ပေးသော တရားဆေးကား တစ်ခဏမက တစ်လမက တစ်ဘဝမက တစ်ခါတည်း အပြီးသတ် အဆုံးသတ် လုံးလုံး မကပ်ရောက်နိုင်အောင် ပျောက်ကင်းနိုင်သော ဆေးထူး ဆေးအမြိုက် ဆေးအဖိုးထိုက် ဖြစ်သောကြောင့်ပါပဲ၊ ဒါကြောင့် "ဓမ္မောသဓသမံ၊ တရားရေအေး ဘုရားဆေးနှင့် အသေးတမူ အအေးတူသော ဆေးဟူသည် နတ္ထိ၊ ကြံရွယ်ကာ ကြည့်ပါတော့ အမှန်တကယ် သိလျှင် မရှိရိုးကေန် အမှန်ပင်တည်း" ဟု ဆိုပါတယ်။

ဒါပေမယ့် ဒီဆေးကို မတွေ့အောင်၊ တွေ့သော်လည်း မသောက်နိုင်အောင်၊ သောက်သော်လည်း မပျောက်အောင် ဖွဲ့နှောင်နေကြတဲ့ အဝိဇ္ဇာ တဏှာ မာနဒိဋ္ဌိ ဝိစိကိစ္ဆာတို့နှင့် သူတို့၏ အစွယ်အပွား အနွယ်များတို့က အနားကပ်၍ မခြားမပြတ် ပူးကပ်လျက် နှိပ်စက်နေကြတယ်။ မသမာသောနည်းကို ကျင့်သုံးပြီး လုံးလုံးကြီး ဒုက္ခ ဖြစ်အောင် ဆွဲဆောင်နှိပ်စက်နေကြတယ်။

နောက်ထပ် တစ်ဖန် သိရန်မှာလည်း ပုထုဇဉ် သန္တာန်မှာ အသိဉာဏ် မရင့်သန်သေးသမျှ စိတ်ကလည်း သိပ်သည်း ယဉ်ကျေး မခိုင်မာသေးသမျှ သေဘေးကောင်ကြီး ဖြစ်အောင် ဆွဲဆောင် ဖျက်ဆီးနေကြဦးမှာပဲ။ သတိ ရှေ့သွားသော ဉာဏ်ပညာ တရားအရှိန် မတောက်ထိန် သေး

ဒုတိယအကြိမ်

သမျှ ဒုက္ခညွန့်တွင်းမှ ဘဝဆက်တိုင်း ဆက်တိုင်း လွတ်ကင်းအောင် ညွှဉ်းဆဲ နှိပ်စက် နေကြဦးမှာပဲ။ ဒါကြောင့် "မရှိတာထက် မသိတာအခက်ဆုံး"လို့ ဆိုတယ်။

"မသိလျှင် အခက်ဆုံး သိလျှင် တစ်သက်သုံး"ဆိုတဲ့ စကားကို ထင်ရှားအောင် သက်သေသာဓကပြရလျှင်ဘုရားရှင်လက်ထက်တွင် ရာဇဂြိုဟ်ပြည်သား သားတော်ကြီး ဇီဝကသည် အဘယမင်းသား၏ စေခိုင်းချက်အရ မိမိပြည်မှ တက္ကသိုလ်ပြည်သို့ အသက် (၁၆)နှစ်အရွယ် ဆေးပညာတော်သင် သွားပါတယ်။

တက္ကသိုလ်ပြည်သို့ ရောက်သောအခါ ဆေးအတတ်ကိုသာ အလေးအမြတ်ထား၍ သင်ကြားပါတယ်။ များများလဲ သင်တယ် မြန်မြန်လဲ သင်တယ်။ စနစ်တကျ မိမိရရလဲ သင်တယ်၊ သင်တိုင်း သင်တိုင်းသော ပညာကိုလဲ မမေ့ပျောက်ပြီး မသွားအောင် နှုတ်ငုံဆောင်ထားတယ်။

ထိုသို့ မနေမနား ကြိုးစားသင်ပြီးလျှင် ခြောက်နှစ်လွန်မြောက် ခုနစ်နှစ်သို့ ရောက်သောအခါ သူ့ဆရာ ဖြစ်သူ ပါမောက္ခ ဆရာကြီးထံသို့ သွားပြီး မေးတယ်။

"ဆရာ"အကျွန်ုပ် ဆရာ့ကို မေးစရာရှိ၍ မေးခွင့်ပြုပါဟု တောင်းပန်တယ်၊ ဆရာကမေးစရာရှိလျှင်လဲ မေးပါဟု ခွင့်ပြုတော့မှ အကျွန်ုပ် ယခု သင်နေသော ဆေးပညာ၏

အစွမ်းသည် ဘယ်အခါ ဘယ်အခန်းပေါက်မှ ဆုံးခန်းတိုင်ရောက် ပြီးမြောက်ပါသနည်းဟု မေးမြန်းတယ်။

ဒီတော့ ဆရာက "ငါ့ဘပည့်"တူးရွင်း တစ်ချောင်းကို ကောက်ယူ၍ ဤဘက္ကသိုလ်ပြည်၏ အနီးတွင် ပတ်ဝန်းကျင် တစ်လျောက် တစ်ယူဇနာလောက် လှည့်ပတ်၍ ဆေးဘက်မဝင်သော သစ်ပင် တစ်စုံတစ်ရာကို တွေ့ရှိပါလျှင် တူးရွင်းနှင့် တူး၍ ငါ့ထံသို့ အမြန် ဆောင်ယူလာခဲ့ပါဟု ပညာသားပါပါ မှာကြား၍ လွှတ်လိုက်တယ်။

"ကောင်းပါပြီ ဆရာ"ဟု ဝန်ခံကာ တူးရွင်းကို ရာယူပြီးနောက် တစ်ယူဇနာလောက် ပတ်ဝန်းကျင်တစ်လျောက်ကို သွားရောက် လှည့်ပတ်ကာ ဆေးဘက် မဝင်သော သစ်ပင်ကို ရှာဘယ်။

မည်သို့ပင် ရှာသော်လည်း ဆေးပညာက တစ်ဘက်ကမ်းရောက် တတ်မြောက်နေပြီဖြစ်၍ ဆေးဘက်မဝင်သော သစ်ပင် တစ်ပင်မျှ ရှာမရ ဖြစ်နေတယ်၊ ဒီတော့ ဆရာ့ထံ အမြန် ပြန်ပြီးလျှင် "ဆရာ ဤဘက္ကသိုလ် ပတ်ဝန်းကျင်မှာတော့ ဆေးဘက်မဝင်သော သစ်ပင် တစ်ပင်မျှ ရှာလို့မရ ဖြစ်နေပါတယ်၊ အယုတ်ဆုံးမြက်ပင်တောင် ရှာလို့ မတွေ့အောင် ဖြစ်နေပါတယ်"ဟု ပြန်ပြောတယ်၊ ထိုအခါ သူ့ဆရာက ငါ့တပည့် မင်းမြို့ရွာသို့ မင်းပြန်တော့ဟု လွှတ်လိုက်ပါတယ်။

ဒုတိယအကြိမ်

ဤဇီဝက ဆေးဘက် မဝင်သော သစ်ပင် ရှာမရတဲ့ သာဓကကို ထောက်ဆ၍ မသိလို့သာ ရောဂါဝေဒနာ ပျောက်တဲ့ဆေး ရှာမရကြသလိုပဲ၊ ဤခန္ဓာကိုယ်ကြီးလဲ မသိလို့သာ လုံးဝဆုံးတဲ့ ဒုက္ခတုံးကြီး ဖြစ်နေတာ၊ သိလျှင် ခန္ဓာကိုယ်၏ အပြင်ပမှာ အထင်ကရ ကပ်လျက် ချမ်းသာ တုံး ချမ်းသာခဲကြီး အမြဲ ရှိပါတယ်။

ဒါကြောင့် ရှင်တော်မြတ် ဘုရားက "သန္တိကေ ပိ နဝိဇာနန္တိ မဂ္ဂါမမ္မဿာ ကောဝိဓာ" မဂ္ဂါ၊ သားသမင်ပမာ မလိမ္မာကြကုန်သော ပုထုဇဉ်သတ္တဝါတို့သည် မမ္မဿ၊ ပတ္တမြားအခဲသွေးနှင့်တူသော ဘုရားပေးတဲ့ တရားဆေးကို အကောဝိဓာ၊ ကောက်ယူရမှန်း အဖိုးတန်မှန်းအမှန်အကျ မသိကြဘဲ အန္ဓအတိ ဖြစ်နေကြသောကြောင့် သန္တိကေပိ၊ မိမိခန္ဓာကိုယ် အနီး ရှိနေပြီးဖြစ်သော်လည်း နဝိဇာနန္တိ၊ ဒုက္ခကိုပိုင် သုခတိုင်အောင် ပိုင်နိုင်စွာ မသိကြကုန်ဟု မိန့်တော် မူပါတယ်။

ကဲ...လောကီဆေးတောင် ကုန်စင်အောင် မသိကြ တော့ ဘုရားပေးတဲ့ လောကုတ္တရာ တရားဆေးတော့ အဘယ်မှာ သိနိုင်ကြမလဲ။ မသိပိုက် မသိဘာသာ မနေကြနဲ့၊ လူ့ဘဝကြီး ရလာတဲ့အခါ အလွန်ကြုံကြိုက်ခဲတဲ့ သာသနာတော်ကြီးနဲ့ နဖူးတိုက် ဒူးတိုက် တွေ့တဲ့အခါ

ဘုရားပေးတဲ့ တရားဆေးကို အညွန်းနှင့်တကွ သောက်ကြည့်ကြ။

ဘုရားပေးတဲ့ တရားဆေးဆိုတာ ဒါန သီလ ဘာဝနာဆိုသော ကုသိုလ်ဆေးကို ပြောတာ၊ ကုသိုလ်ပြုရမှာ မကြောက်ကြနဲ့၊ ကုသိုလ်ပြုရမှာ ကြောက်လျှင် ချမ်းသာတာကို ကြောက်တာနဲ့ အတူတူပဲ၊ "ပုညဿိက္ခေ ဟာဘယိဒ္ဓ ပုညံဘသတော သုခံဘယတိနာမ"တဲ့။

အချို့ကား ဒါနပြုဘာ ပိုက်ဆံ ကုန်သွားတာပဲ ရှိတယ်၊ ဘယ်မှာ သဌေးဖြစ်လို့လဲ၊ သီလ ဆောက်တည်ရတာ ထမင်း ဆာရုံပဲ ရှိတယ်၊ ဘယ်မှာချမ်းသာလို့လဲ၊ ဘာဝနာပွားများနေရတာ အညောင်းအညာ ဒုက္ခလာစွဲမှာပဲ ရှိတယ်၊ဘယ်မှာ ငြိမ်းအေးလို့လဲ စသဖြင့် ဆီးစေ့လောက် ဉာဏ်ကလေးနဲ့တွေးပြီး မြင်းမိုရ်တောင်မက ကြီးမားလှတဲ့ ဘုရားရဲ့ သဗ္ဗညုတဉာဏ်ကို ပုန်ကန်ကြတယ်။

"ဒါနံ ကဘွာ အနေကာနိ ကပ္ပသဟဿာနိ ဒုဂ္ဂတိဝိနပါတေတော ရက္ခတိ၊ ပရိယောသာနေ အမတခါတုယာ နိဗ္ဗာန မစ္စယော ပေတိ"ဟု မဟာဝေါမူထားပါတယ်။ ဒါနဟာ သတ္တဝါတွေကို ကမ္ဘာပေါင်း ထောင်သောင်းမက ကောင်းရာဘုံသို့ ရောက်ရပြီး၊ နောက်ဆုံးဘဝမှာ ဒုက္ခကုန်ရာ အမှန် နိဗ္ဗာန်၏ အထောက်အပံ့ ရနိုင်ဖြစ်နိုင်ပါတယ်လို့ ဆိုသွားပါတယ်။

"ဒါနံ သဗ္ဗသမ္ပတ္တိသာဓကံ" ဒေသနာတော်အရ ဒါန ကား လူ့ဘုံ နတ်ဘုံသို့ ရောက်၍ လူ့နိုင်တန်းနိုင် ဂုဏ်မွန်ဌာန်း ထိုင်နိုင်အောင် ပို့ပေးတယ်။

"သီလတော သုခိတာ" ဒေသနာတော်အရ လူ့ဘုံ နတ် ဘုံသို့ ရောက်တဲ့အခါ သီလ ပါလာတော့၊ သီလကား ကာယကံ ဝစီကံ ဒုစရိုက်တွေ မနှောင့်ယှက်နိုင်အောင် သူတော်ကောင်းဖြစ်အောင် အသက်ရှည်၍ ချမ်းသာစွာ တရားအားထုတ်နိုင်အောင် ပို့ပေးတယ်။ အချို့ကား ဒါနတော့ ပြုကြပါရဲ့၊ သီလကို မဆောက်တည်ချင် ကြဘူး။ထိုသူတွေဟာ သူဌေး သူကြွယ်ဖြစ်ပြီး သားရေး သမီးရေး စသည်ကြောင့် ကိုယ်ဆင်းရဲ စိတ်ဆင်းရဲဖြစ်နေ ရတတ်တယ်။

သမထကား "သမထံကိလေသဝိဒ္ဓံသနံ" ဆိုသည့် အတိုင်း ကာယကံ ဝစီကံ ဒုစရိုက်တွေသာမက မနော ဒုစရိုက်ပါ ဖျက်ဆီးပယ်သတ်နိုင်သဖြင့် စိတ်ဆင်းရဲခြင်း ပျောက်၍ ဗြဟ္မာ့ပြည်သို့ ရောက်အောင် ပို့ဆောင်နိုင်တယ်။ ဒီဘဝမှာလည်း နတ်တွေ ဗြဟ္မာတွေ ကူညီ မစ၍ လိုရာ ဆန္ဒနှင့် ပြည့်ဝအောင် ရွက်ဆောင်ပေးနိုင်တယ်။

ဗုဒ္ဓဘာသာဝင် သူတော်စင်တို့၏ရည်မှန်းချက်၊ဦးတည် ချက်ဖြစ်တဲ့ ဝိပဿနာကိုတော့ အဓိက သောချက်ဖြစ်၍ နိဒါန်းမှာ အကျယ် မပြနိုင်သော်လည်း အနည်းငယ် မှတ်

ကျောက်ဘင်သည့် အနေဖြင့် သိသာရန် ဝေဖန် တင်ပြလို ပါဘယ်။

ဗုဒ္ဓဘာသာရဲ့ အဆီအနှစ်မှာ အဘယ်အပေါ်မှာ တည် သလဲဆိုလျှင် ဝိပဿနာ၏ အပေါ်မှာ တည်နေပါတယ်။ ဝိပဿနာ မပါက ဒါနကြီး မိုးလောက်နီးပါးပုံ၍ အကုန် လှူလှူ၊ သီလကြီး ဝါဂွမ်းကဲ့သို့ ဖြူအောင် ဆောက်တည် ဆောက်တည်၊ သမထကြီး တစ်သက်လုံး အသက်ဆုံးသည့် တိုင်အောင် စီးဖြန်း စီးဖြန်း ဗုဒ္ဓဘာသာတို့၏ နောက်ဆုံး စခန်းဖြစ်တဲ့ နိဗ္ဗာန်နန်းသို့ မုချကေန် အမှန်မရောက်နိုင် ပါဘူး။

ဒါကြောင့် ဒါနပြုတဲ့အခါ၊ သီလ ဆောက်တည်တဲ့ အခါ၊ သမထ ပွားများတဲ့အခါ ဝိပဿနာဟာ အမြဲ မပြတ် တွဲဘက်၍ ပါရပါတယ်။ ပါအောင် လုပ်ကြရပါ တယ်။

ဒါကြောင့် ဝိပဿနာဟာ ဗုဒ္ဓဘာသာရဲ့ အဆီအနှစ်လို့ ဆိုရတယ်။ အဆီအနှစ်ကို သိဖို့လိုသည့်အတွက် ဝိပဿနာ၏ အချက်အလက် သဘောအဓိပ္ပာယ်ကို သိလွယ်သော နည်း ဖြင့် အနည်းငယ် ဆက်၍ ဖော်ပြပါမယ်။

“ဝိပဿနာသဘာဝ ပဋိဝေဓ လက္ခဏာ၊ မောဟန္ဓ ဝိဒ္ဓံ သနရသာ အသမ္မောဟ ပစ္စုပဋ္ဌာနံ၊ သမာဓိပဋ္ဌာနံ” လို့ ဆိုပါသည်။ ဝိပဿနာဟာ သင်္ခါရ တရားတို့၏

ဥပါဒ်ဌီ ဘင်အစဥ်ဖြင့် ခဏခဏ ဖြစ်ပျက်နေကြတဲ့ သင်္ခါ တ လက္ခဏာ အမြဲမရှိသော အနိစ္စလက္ခဏာ ဆင်းရဲသော ဒုက္ခလက္ခဏာ အစိုးမရသော အနတ္တလက္ခဏာအားဖြင့် ဖြစ်ပျက်နေကြတဲ့ သာမည လက္ခဏာ၊ စိတ်တို့၏ အာရုံကို သိခြင်းသဘာဝလက္ခဏာ၊ စေတသိက်တို့တွင် ဖဿ၏ အာရုံကို တွေ့ထိခြင်းသဘာဝ လက္ခဏာ၊ ဝေဒနာ၏ အာရုံကို ခံစားခြင်း သဘာဝ လက္ခဏာ၊ သညာ၏ အာရုံ ကို မှတ်သားခြင်း သဘာဝ လက္ခဏာ၊ စေတနာစသော သင်္ခါရတို့၏ ပြုပြင်ခြင်း သဘာဝ လက္ခဏာ၊ ရုပ်တို့တွင် ပထဝီ၏ ကြမ်းတမ်းခြင်း နူးညံ့ခြင်း သဘာဝ လက္ခဏာ စသည်တို့ကို ထိုးထွင်း၍ သိခြင်း လက္ခဏာ ရှိတယ်။

ထိုသို့ သိတာဟာ သံသရာ လဆန်း (၁)ရက်နေ့မှ စ၍ ယနေ့ကျအောင် ဆိုအပ်ပြီးသော ပရမတ္ထ သဘောတရား တို့ကို အမှန်အားဖြင့် မသိအောင် အမိုက်မှောင်ချထားတဲ့ မောဟ အမှား အဝိဇ္ဇာကို ပယ်ခွာဖျက်ဆီးနိုင်တဲ့ ကိစ္စကို ဆောင်ရွက်နိုင်လို့ ဖြစ်တယ်။

အဲဒီလိုပယ်ခွာဖျက်ဆီးနိုင်တော့ မဂ္ဂမက္ခာသချာသိ တဲ့ ပရမတ် အာ သမ္မာ ဒိဋ္ဌိဉာဏ် ရင့်သန်ထက်မြက်လာပါ တယ်၊ အဲဒါဟာ ''သမာဓိဆောင်မှ ဝိပဿနာအောင်တယ်'' ဆိုတဲ့ စကားအတိုင်း သင်္ခါရတရားတွေကို မနားမနေ မပြတ်မလပ် ရှုမှတ်တဲ့ သမာဓိအားကောင်းလာလို့ ဖြစ်

တယ်။ သမာဓိအားကောင်းတော့ တခြားအကြောင်းတွေ အာရုံမပြုတော့ဘူး။

ဒီလိုဖြစ်လာတော့ "ဘာဝနတောနိဗ္ဗုတာ" ဆိုသည့် အတိုင်း မအို မနာ မသေရာ ဖြစ်သော အမတာဓာတ် နိဗ္ဗာန်မြတ်ကို ဆတ်ဆတ်မုချ မျက်မှောက်ပြုနိုင် တော့သာ ပါပဲ။

နိဗ္ဗာန်ကို မျက်မှောက်ပြုတယ် ဆိုတာ နိဗ္ဗာန်ဟာ ကံ စိတ် ဥတု အာဟာရဆိုတဲ့အကြောင်းကင်းသော တရားဖြစ် ငြားသော်လည်း မျက်စိအောက်၌ ရောက်လာ သကဲ့သို့ အသင်အရှားခံစားစံစားရသလို ဘယ်သောအခါမှ မကြုံ ဖူးတဲ့ အာရုံအထူးကို အာရုံပြုရတာပါပဲ၊ ထိုအခါ အမယ် လေးဗျာ နိဗ္ဗာန်အရောက် နောက်ကျရလေခြင်းဟု ခံစား လာရတဲ့ဒုက္ခများကို ကြိမ်းဝါးလိုသောဆန္ဒတောင် ဖြစ် ပေါ်လာမယ်။

ဒါကြောင့် "ပုညံမာဘာယထ္ထ နိဗ္ဗုတိကာမာ"လို့ ဆို တာ ဒုက္ခကင်းဝေးငြိမ်းအေးလိုလျှင် ဒါန သီလ ဘာဝနာ စုမြတ်ကောင်းမှုကို တစ်ခုမကျန် ပြုလုပ်ကြရန်လိုပါတယ်၊ ဒါနသာပြု၍ သီလမပြုလျှင်လည်း လူချမ်းသာစိတ်ဆင်းရဲ ကြီး ဖြစ်နေဦးမယ်။ သီလသာပြု၍ ဒါနမပြုလျှင်လဲ စိတ် ချမ်းသာ လူဆင်းရဲကြီး ဖြစ်နေဦးမယ်။ ဘာဝနာ မပါ လျှင်လည်း နိဗ္ဗာန်နဲ့မနီး သံသရာခရီးကြီး ရှည်နေဦးမယ်။

ဒုတိယအကြိမ်

သို့ဖြစ်၍ ''ပြုကြပြုကြ အကုန်အကုန် စုကြစုကြ အစုံအစုံ ပါအောင်''ဆိုသလို ဒါနကို ဆင်မြန်း၍ သီလပန်းကို ပန်ပြီးလျှင် ဘာဝနာလမ်းဖြင့် နိဗ္ဗာန်နန်းသို့သွားကြပါစို့ဟု တိုက်တွန်း လိုပါတယ်။

လူသားတို့သည် များသော အားဖြင့် ကျရောက်လာမည့်ဘေးကို တွေး၍ ကြောက်ကြသဖြင့် ကမ္ဘာ့ကမ္ဘာမအထင်နဲ့ သစ်ပင် တောတောင် အမျိုးမျိုး ဗိဿနိုး နတ်ပြဟ္မာ အဖြာဖြာတို့ကို ကိုးကွယ်ရာတည်းဟု အယူ ရှိပြီး အသီးသီး အသက အသက ကိုးကွယ်ကြတယ်၊ ကိုးကွယ်ကြသော်လည်း အချည်းနှီး စိတ်ဖြေဆေးမျှဖြစ်၍မအေးကြဘူး၊ အကြောက် မပျောက်ကြဘူး၊ သမားရိုးကျ ကိုးကွယ်ရုံမျှသာရှိတယ်။

ဘုရား တရား သံဃာ ရတနာသုံးပါးနှင့် ဒါန သီလသမထ ဝိပဿနာဟု ဆိုအပ်သော တရားဆေးကသာ လောကီချမ်းသာတွင်သာမက လောကုတ္တရာ ချမ်းသာကြအောင် အကျိုးပေးနိုင်လို့ အကြောက်ထားမှ အေးနိုင်တယ်၊ (ပရိတ်ကြီးဇေဂ်သုတ် ထောက်ကြည့်)

လောကီ ချမ်းသာလေးလောကနဲ့ တင်းတိမ် ရောင့်ရဲမနေကြနဲ့၊ လောကီချမ်းသာဆိုတာ ခရားပြဘေး သူခိုးဘေး ရန်သူဘေးတွေ ဝိုင်း၍ နေတယ်၊ လူချမ်းသာ မဆိုထားနဲ့ နတ်ချမ်းသာ ပြဟ္မာချမ်းသာတွေတောင် အပါယ်ဘေးက

ဝိုင်း၍ နေတယ်၊ စိတ်မအေးရဘူး။ တကယ် ချမ်းသာ အစစ်မှမဟုတ်တော့ အကြောက်ဘေးက မလွတ်ကြဘူး၊ လူချမ်းသာဆိုတာ ဘယ်လောက် ကြိုးစား ရှာရှာ ထမင်း ဝရုံပဲရှိတယ်၊ ဘယ်လောက် ကောင်းတဲ့ အဝတ် တန်ဆာ ဝတ်ဆင်ရလဲ တစ်ထည်ကပဲ၊ ဘယ်လောက် တန်ခိုး အာဏာ ဂုဏ်ပါဝါ ရှိသော်လည်း မမြဲဘူး၊ တစ်နေ့ကျ ဒုက္ခနှင့် တွေ့ကြုံကာ ရင်ဆိုင်ရတာပဲ။

ဒါဖြင့် လောကုတ္တရာမဂ်ဉာဏ် ဖိုလ်ဉာဏ်နိဗ္ဗာန်တို့က ဘယ်လောက်ချမ်းသာသလဲလို့ မေးစရာရှိတယ်။ မမေးနဲ့ သိလိုပါလျှင်ဝိပဿနာတရားကိုအားထုတ်ကြည့်၊ ဥပမာအား ဖြင့် ဆိုလျှင် ရန်ကုန်မြို့ကြီး မရောက်ဖူးတဲ့သူက ရန်ကုန် မြို့ကြီး ဘယ်လို နေသလဲမေးလျှင် မမေးနဲ့ သွားကြည့်၊ ရန်ကုန် မြို့ကြီးတွင် အစားအစာ စုံတဲ့ ပျော်ပွဲစား ရုံကြီးများမှာ အစားတွေ အသောက်တွေ ဘယ်လောက် ကောင်းသလဲ မေးလျှင်လဲ မမေးနဲ့ စားကြည့်လို့ ပြောရ လိမ့်မယ်။

ဒါပေမယ့် အချမ်းသာ တကာတို့၏ မျက်နှာဖုံး အချမ်း သာဆုံး ဖြစ်တယ်လို့တော့ ဆိုနိုင်တယ်၊ "နိဗ္ဗာနံ ပရမံ သုခံ" ဆိုတာကို။ ဘယ်လောက် ချမ်းသာ သတုံး မေးလျှင်တော့ ဘယ်လောက် ချမ်းသာတယ်လို့တော့ ပြောလို့ မဆုံးဘူး။ မဆုံးတာ မမေးနဲ့လို့ ဆိုလိုတယ်။

ဒါကြောင့် ဒီချမ်းသာကို ခံစားလိုလျှင် ဘုရားပေးတဲ့ တရားဆေးကို သောက်ကြလို့ ဆိုခဲ့တာ ဖြစ်ပါတယ်၊ ဒါပေမယ့် သောက်ပုံ သောက်နည်း အညွှန်းက လိုသေးတယ်၊ ဒါနဆေး သောက်တဲ့အခါ အဝိဇ္ဇာ တဏှာ မာန ဒိဋ္ဌိ ဝိစိကိစ္ဆာဆိုတဲ့ ငါး မပါစေနဲ့ ငါးပါလျှင် ညှီစော်နံသွားမယ်၊ ငရုတ်သီးနှင့် ပေါင်းလို့ အထောင်းခံရတဲ့ ကြက်သွန်လို ဖြင်သွားမယ်၊ ငါးကို ပယ်လိုက် ဝိပဿနာ ထည့်လူ၊ ဝိပဿနာထည့်လူဆိုတာ နိဗ္ဗာန်သို့ ကိုင်း၍ ရှိုင်း၍ ညွတ်၍တောင့်တ၍ လှူတတ်ကြပါစေ၊ သီလ ဆောက်တည် ပြန်လဲ အတူတူပဲ သမထ ပွားများပြန်လျှင်လဲ အတူတူပဲ နိဗ္ဗာန်သို့ ကိုင်း၍ ရှိုင်း၍ ညွတ်၍ တောင့်တ၍ လှူတတ်ကြပါစေ။

ဝိပဿနာဆေး ဝိပဿနာ ဘာဝနာကို အားထုတ်တဲ့ နေရာမှာတော့ ဝိပဿနာကိုက ခန္ဓာကိုယ်ကြီး မမြဲသည်၏အဖြစ်၊ မမြဲလို့ ဆင်းရဲသည်၏အဖြစ်၊ ဆင်းရဲလို့ အစိုးမရ အနှစ်သာရမရှိသည်၏အဖြစ်ကို ရှုရသော အလုပ်ဖြစ်၍ ခန္ဓာကိုယ်အသစ်ကို မလိုချင်တော့ဘူး။ ပုထုဇဉ်အဖြစ်နဲ့ နိဗ္ဗာန်ကို ပက္ခန္ဒနသဘောအားဖြင့် ပြေးမြင်နေတယ်။ မဂ်သို့ကျ၍ အရိယာဘဝသို့ ရောက်တော့ သစ္ဆိကရဏ ဘသောအားဖြင့် မျက်မှောက် မြင်နေတယ်။ အားထုတ်တတ်ဖို့ပဲ လိုတယ်။ အားထုတ်တတ်လျှင်တော့

အစဉ့်အစဉ် အရင့်အရင် သံသရာ တစ်ခွင်က အထင်မှား ခဲ့တဲ့ လူ့ချမ်းသာ နတ်ချမ်းသာ ဗြဟ္မာချမ်းသာများကို မစင်ပုပ်အဲ့လား ထင်သွားတော့တာပဲ၊ ဒါကြောင့် "ဘဝံ နာဘိပတ္ထိ ကိဉ္စိ" လို့ ဆိုတယ်။ ကိဉ္စိဘဝံ၊ ဘယ်လောက် ချမ်းသာတယ်ဆိုတဲ့ လူချမ်းသာ နတ်ချမ်းသာ ဗြဟ္မာ ချမ်းသာ တန်ဘရာမျှကို။ နာဘိပတ္ထိ၊ လိုချင်ဇောဖြင့် မမက်မောတော့ဘူးတဲ့။

"ခန္ဓသမံဝေရံနတ္ထိ" ခန္ဓာကိုယ်ကြီးနှင့် တူသော ရန်သူမရှိ ဆိုသည့်အတိုင်း၊ ခန္ဓာကိုယ်ကြီး ရှိနေသမျှ ဒုက္ခသို့ မြင်နေပြီ၊ အချို့ နတ်တွေနှင့် ဗြဟ္မာတွေဟာ ကိုယ်ခန္ဓာ နာကျင်ကိုက်ခဲသော ကိုယ်ဆင်းရဲ စိတ်ဆင်းရဲ ဒုက္ခ ဒုက္ခချိုး မရှိကြသော်လဲ သင်္ခါရ ဒုက္ခကတော့ ရှိနေကြတာပဲ။ ရှိနေကြမှာပေါ့ ရုပ်နာမ် ဖြစ်ပျက် ရှိနေကြ တာကိုး။

ရှိနေတော့ "သင်္ခါရာ ပရမာ ဒုက္ခာ" တဲ့၊ သင်္ခါရ ဒုက္ခကား နိဗ္ဗာန်ဟာ ချမ်းသာတဲ့ နေရာမှာ အချမ်းသာ တကာ့ အချမ်းသာဆုံး ဖြစ်သလို၊ ဆင်းရဲတဲ့ ဒုက္ခထဲ မှာလဲ ဖြစ်ပျက် ဆိုတဲ့ သင်္ခါရ ဒုက္ခဟာ အဆင်းရဲ တကာ့ အဆင်းရဲဆုံးတဲ့၊ ယုံကြည်ကြရဲ့လား ဓမ္မ မိတ်ဆွေ တို့၊ မယုံကြည် မရှိနဲ့၊ တွေးကြည့် မနေနဲ့၊ မေးကြည့်

မနေနဲ့၊ ငေးမိမနေနဲ့၊ ငုပ်မထားနဲ့၊ဝိပဿနာတရား အလုပ်အားထုတ်ကြည့်၊ အလိုလို သိလိမ့်မယ်။

လုပ်ကြည့်လျှင် အဟုတ်သိလိမ့်မယ်။

နာတယ် ကျင်တယ်ဆိုတဲ့ ပညတ်ဒုက္ခမျိုးကား အထိနာပေမယ့် မစူးရှဘူး၊ သတ္တိမရှိဘူး၊ မမြဲဘူး၊ “အနာသိလျှင် ဆေးရှိတယ်” ဆိုတဲ့အတိုင်း ပျောက်နိုင်တဲ့ ဆေးနှင့် ကုသလျှင် ပျောက်ကြတာပဲမဟုတ်လား။

ဖြစ်ပျက်ဖြစ်ပျက် အစဉ်ဆက်နေတဲ့ သင်္ခါရဒုက္ခကား အထိသာပေမယ့် စူးရှတယ်၊ သိမ်မွေ့တယ်၊ ဒီဒုက္ခကို သာမန်လူ မသိဘူး၊ ဝိပဿနာတရား အားထုတ်နေတဲ့ အာရဒ္ဓ ဝိပဿက ပုထုဇဉ်ပုဂ္ဂိုလ်တို့နှင့် အရိယာများသာ သိတယ်။ ဆေးပါရဂူ ဆေးပါမောက္ခကြီးတွေလဲ ဒီရောဂါ ဒီဒုက္ခကို ရှာမတွေ့နိုင်ဘူး။ ဒါကြောင့် အဆင်းရဲဆုံးလို့ ဆိုဘာ၊ အိုရတဲ့ဒုက္ခ၊ နာရတဲ့ဒုက္ခ၊ သေရတဲ့ဒုက္ခတွေလဲ သူ့ကို ရေသောက်မြစ်ခံပြီး ပေါ်လာတာပဲ၊ သူ့အရင်းခံ တရားခံ အစစ်ပဲလို့ မှတ်၊ ဖြစ်ပျက် ကလေးက ဖြစ်ပျက်ကြီး ဖြစ်လာတာသို့ မှတ်။

ဒါကြောင့် ဝိပဿနာတရားအားထုတ်တဲ့အခါ တခြား ဒုက္ခတွေကို မရှုရဘူး။ ဒီသင်္ခါရဒုက္ခကိုသာ ရှုရမယ်လို့ ဆိုတာ ရှင်းပလား၊ မရှင်းသေးလျှင် တရားအားထုတ်ကြည့်

ကြ၊ အားထုတ်ကြည့်လျှင် ပညာအဆင့် မြောက်ပြီး ပရမတ် အမြင် ပေါက်မယ်။ ပရမတ် အမြင်ပေါက်မှ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်တယ် ဆိုတာ သေသေချာချာ ရေရေရာရာ သိလာလိမ့်မယ်။ ထိုအခါ သံသရာဒုက္ခဟာ အဆင်းရဲဆုံး ဆိုဘာ တွေ့လာလိမ့်မယ်၊ သဘောပေါက်လာမယ်။

ကုသိုလ်ဆိုတာ "ဘာဝိတာ ဗဟုလိကတာ" အကြိမ် များစွာ ပွားများရတယ်၊ မပြတ်မလပ် ပြုရတယ်။ ဒါမှ အာစိဏ္ဏကံဖြစ်ပြီး အကျိုးကြီးမားတာ၊ အာသေ‌ေနသစ္စည်း တပ်မှ အကျိုးပေးလဲ မြတ်တယ်။ အင်္ဂုတ္တိုရ်အဋ္ဌကထာမှာ "ယေသံနိဗ္ဗုဒ္ဓပညာနိအတ္တိ တေသံဂတိ - သောတာပန္နသဒိသာယေဝ" လို့ ဆိုထားတယ်။ အမြဲမပြတ် နိစ္စကာလ ကုသိုလ် ပြုလုပ်နေတဲ့ ပုဂ္ဂိုလ်ဟာ သောတာပန်လို ကောင်းရာသုဂတိ မြဲတယ်လို့ ဆိုလိုဘယ်။ မြဲမြဲစွဲစွဲ ပြုရတယ်။

ဒီလို ဘုရားပေးတဲ့ဆေးကို သောက်တဲ့အခါ ဒါနဆေး ပဲ သောက်သောက်၊ သီလဆေး သမထဆေးပဲ သောက် သောက်၊ အနိစ္စ ဒုက္ခ အနတ္တဆိုတဲ့ ဖြစ်ပျက်ကိုရှုပြီး နေ့စဉ် မှန်မှန် အဖန်ဖန်အထပ်ထပ် ပြေပြတ်ပြုလုပ်တာဟာ ဆေး သောက်ပုံသောက်နည်း အညွှန်းပဲ။

အရေးကြီးတဲ့အချက်က အညွှန်းနှင့်တကွ သောက်ရ မယ်လို့ ဆိုခဲ့သည့်အတိုင်း....

ဒုတိယအကြိမ်

(၁) နေ့စဉ်မှန်မှန် ပြုလုပ်ဖို့ရန် လိုတယ်။

(၂) ပြုလုပ်တဲ့အခါ လက္ခဏာရေး သုံးပါး ဖြစ်ပျက်တရားကို ရှုမှတ်ရန် လိုတယ်။

(၃) နိဗ္ဗာန်ကို စိတ်သန်ရည်ညွှန်းတောင့်တ၍ ပြုလုပ်ကြရန် လိုတယ်။

၎င်းသုံးချက် အညွှန်းများကို သတိထား ပြုလုပ်ကြရန်ဖြစ်ပါတယ်။

ထို့အပြင် ဝိပဿနာဘာဝနာ ကုသိုလ်ဆေး သောက်တော့ ခေတ်သိဖို့ လိုဘယ်၊ "ခေတ်မသိလျှင် ဟတ္ထိယုန်ထင်" ဆိုသလို အမှန်တရားက ရုပ်နာမ် ခန္ဓာငါးပါးသာ ရှိတယ်။ အမှန်ကို မမြင်ဘဲ မထင်ဘဲ၊ ပုဂ္ဂိုလ် သတ္တဝါ ငါသူတစ်ပါး ယောက်ျား မိန်းမဟု ထင်မှတ်နေလျှင် လိုချင်တဲ့ နိဗ္ဗာန်ကို မမြင်ဘူး။

နိဗ္ဗာန်မြင်အောင် ဘယ်လို ခေတ်သိ ရမလဲဆိုလျှင် "စဟုန္နံ အရိယသစ္စာနံ ယထာဘူတံ အသိသမာယ သမ္မာဒပေတဗ္ဗာ ပဘိဋ္ဌာပေတဗ္ဗာ"တဲ့၊ သစ္စာလေးပါး အမြတ်တရားတို့ကို ဟုတ်တိုင်း မှန်စွာ သိရန် အ လို့ ငှာ ကျမ်းဂန်နှင့်အညီ လမ်းမှန်ကို ပြနိုင်သည့် ဆရာ့ထံ နည်းခံ၍ အမြင်မှန်သိရန် တိတိကျကျမိမိရရ အားထုတ်ရမယ်။ အားထုတ်သည့် အခါမှာလဲ ယုံကြည်စွာ သဒ္ဓါတရားနဲ့ ဝီရိယသားပြီး မနားမနေ ဉာဏ်စဉ်တွေတက်အောင် ထက်

၂၂၈၃၉

မြင့်မြတ်သောဉာဏ်ဖြင့် ရုပ်နာမ်ကို ဖောက်ခွဲ၍ နိဗ္ဗာန်ထဲသို့ စွဲမြဲမြဲရှု အာရုံပြုနိုင်သည်အထိ ကြိုးစားရမယ်တဲ့။ ဒါမှသာလျှင် ''ဝိပဿနာစိတ္တံ တံနိဗ္ဗံ၊ တပ္ပောနံ ငပ္ပဗ္ဘာရံ ကရောတိ''ဆိုတဲ့အတိုင်း ဝိပဿနာစိတ်ဟာ နိဗ္ဗာန်သို့ ညွတ်တယ်၊ ကိုင်းတယ်၊ ရှိုင်းတယ်၊ ပြေးဝင်သွားတယ်။

ထိုသို့မဟုတ်ဘဲ အဝိဇ္ဇာနှင့်တဏှာ ခိုင်းရာ လိုက်ပါနေကြမယ်ဆိုလျှင်၊ အဝိဇ္ဇာနှင့် တဏှာ စပျိုး ကုသိုလ်မျိုးကြောင့် အကျိုးပေးခွင့် ချိန်ခါသင့်က၊ ဘဝင်နှလုံး၊ ရွှင်ကာပြုံး၏၊ အဆုံးသို့ကျ၊ ကုန်ချိန်ရောက်က၊ ပါငကံစက်၊ ထိုဒဏ်ချက်ကြောင့်၊ ရုပ်ပျက်စိတ်ရူး၊ အထူးထူးဖြင့်၊ အသူးအသိမ့်၊ ခံရခြိမ့်မည်၊ နှစ်သိမ့်ဝမ်းသာ မနေပါဘဲ၊ အာမာတရား၊ လက်ကိုင်ထားလျက်၊ တရားရရန်၊ စိတ်ရည်သန်၍၊ အမြန်မပြတ်၊ တရစပ်ဖြင့်၊ ရုပ်ခေတ် နာမ်ခေတ်၊ ထိုနှစ်ရုပ်ကို၊ ထပ်ထပ်ခါခါ၊ ပွားများပါမှ၊ အခါတာခေတ်၊ နိဗ္ဗာန်မြတ်ကို၊ ချဉ်းကပ်နိုင်ကာ၊ သံသရာတွင်၊ မကြာခဏ၊ သေဆုံးရသည့်၊ ဒုက္ခလွတ်ရေး၊ ဘုရားဆေးသည်၊ သေဘေးပြတ်တဲ့၊ အအေးခေတ်ကြီးပါတကားလို့ သိသာပါတယ်။

ဒါကြောင့် ဒါန သီလ သမထဆေးတို့က ဘုရားပေးသော တရားဆေး ဆိုပေမယ့် အညွှန်းအတိုင်း မသောက်ကြလျှင် ကမောက်မှက ဖြစ်ရတတ်တယ်၊ တော်တော်ကြာ

လျှင် သံသရာတွင် ပြန်ပြီး လည်ရတတ်တယ်၊ သောက်တတ်လျှင်တော့ အောက်အရပ် ပြန်မလည်ပါဘူး၊ သောတာပန် စသော အရိယာပုဂ္ဂိုလ်တွေလဲ သောက်နေကြတာပဲ၊ အဘယ်မှာ ပြန်လည်တယ်လို့ ရှိသလဲ။

သို့ဖြစ်၍ ဘုရားပေးသော တရားဆေးသည် သမားပေးသောဆေးနှင့်မတူဘူးဆိုတာ အစ, အလယ်, အဆုံး သုံးပါးလုံး ကောင်းခြင်းဂုဏ်နှင့် ပြည့်စုံတယ်၊အနှစ်သာရနှင့်လဲ ပြည့်စုံတယ်၊ ထက်ဝန်းကျင်အတွင်း အညစ်အကြေးကင်း၍ သန့်ရှင်းစင်ကြယ်တဲ့ ဂုဏ်နှင့်လဲ ပြည့်စုံတယ်၊ ဒီဘဝတွင်မကဘူး၊ သံသရာအဆက်ဆက် မှာလဲ မအိုအောင်,မနာအောင် တတ်နိုင်တယ်၊ နောက်ဆုံးမသေအောင်တောင် တတ်နိုင်တယ်၊ ဒါကြောင့် ဘာဆေးနဲ့မှ မတူဘူးလို့ ဆိုရာတယ်။

ထိုမှတပြာ သိဖို့ရာမှာလည်း ဝိပဿနာ အမြိုက်ဆေးဟာ ဒီဘဝမှာပင် အာသဝေါကုန်စင်တဲ့ ရဟန္တာအရှင်ဖြစ်အောင် တတ်နိုင်တယ်၊ အကယ်၍ ဒီဘဝမှဖြစ်သေးလျှင် ခုနစ်ဘဝ ကျက ရဟန္တာအဖြစ် ရနိုင်တယ်၊ဒီလောက်ကောင်းတဲ့ဆေး ဘယ်ရှိမလဲ။

ဒါကြောင့် ဒါနကို အရင်းခံ၍ သီလကို ပြင်းထန်စွာ ဆောက်တည်ပြီး သမထကို နှလုံးသွင်းကာ ဝိပဿနာကို ပွားများပါလျှင်မကြာခင်မျှော်မှန်းတဲ့နိဗ္ဗာန်စခန်းသို့ တက်

လှမ်းနိုင်ကြပါတယ်၊ သို့ဖြစ်၍ "ဒါနသည့်ဖျင်း သီလကင်း လျက် ပွားခြင်း ဘာဝနာ မရှိပါမူ နိဗ္ဗာန်ဟူသည် ထို သူမရ လူ့ဗာလတည်း"ဟု ဆိုကြတယ်။

အချို့ကား နိဗ္ဗာန်ဟာ လွယ်လွယ်ကူကူနဲ့ ရပါတယ်၊ အားထုတ်မနေရပါဘူးဟု ပြောကြတယ်၊ ဒါကတော့ ဓာတ်မသိဘဲ ပါးစပ်ရှိလို့ ပြောတာပါ၊ တခြားအထောက် အထား မပြပါနဲ့၊ သူသူငါငါရနေတဲ့ ပရိတ်ကြီး ပါဠိ တော်လာ "ယေသုပ္ပယုတ္တာ မနသာဒဠှေန" ဂါထာနှင့် သဂြိုဟ်ကျမ်းလာ "စိရာယသုဗ္ဗတာ" ဂါထာတို့ကို ထောက် ထား၍ ခွောက်ခွားသော စကားဆိုတာ ထင်ရှားပါတယ်၊ တစ်ပြားမှ အရင်းမစိုက်ရဘဲ ရနိုင်ပါတယ်ဆိုလျှင်တော့ "လဒ္ဓါမုဓာ နိဗ္ဗုတိ ဘုဉ္ဇမာနာ" ထောက်၍ ဟုတ်နိုင် လောက်သေးတယ်။

"ဗိဇာဘာဝေ ကုတောမဂ္ဂါ" ဆိုသည့်အတိုင်း ဗိဇ မျိုးစေ့ မပါလျှင် မဂ်ဉာဏ်၊ ဖိုလ်ဉာဏ် နိဗ္ဗာန်ကို လွယ် လွယ်ကူကူ မရနိုင်ပါဘူး။

နိဗ္ဗာန်ဟာ "နိဗ္ဗာနံ ဇာနာဇာနေယျ"တဲ့၊ သိသင့်သိ ထိုက်သော ပုဂ္ဂိုလ်မှ သိရ၊ မြင်ရ၊ မျက်မှောက်ပြုရတယ်၊ သိသင့် သိထိုက်တဲ့ ပုဂ္ဂိုလ်ဆိုတာ ဗိဇမျိုးစေ့ ပါလာပြီး ဒီဘဝမှာသည်း မနေမနား ကြိုးစားအားထုတ်၍ ဝိပဿ

နာ သမ္မာဒိဋ္ဌိဉာဏ် ရင့်သန်ပြည့်ဝတဲ့ ပညာရှိမျိုးကို ဆိုတာ သူတို့မှ သိရတယ်၊ မျက်မှောက်ပြုရတယ်။

ဒါဖြင့် ဒီဘဝမှာ နောက်နောက်က ဗီဇမျိုးစေ့ ပါ မပါ သိရအောင် ဘယ်လိုလုပ်ရမလဲဆိုလျှင် ခဝတ်သိရင် မခက်ပါဘူး၊ ခဝတ်တစ်လုံးပိုင်လျှင် အမြတ်ဆုံးနိဗ္ဗာန်ကို ရနိုင်ပါတယ်၊ ဝါယောခဝတ်တစ်လုံးကိုပဲ သုံးကြည့်လိုက်စမ်း၊ အသက်ရှူလိုက်လို့ ဝင်လာရင် ဝင်တယ်လို့မှတ်၊ အသက်ရှိုက်ထုတ်လိုက်လို့ ထွက်သွားရင် ထွက်တယ်လို့မှတ်၊ ဝင်သက်ချည်းပဲ ရှူနေလို့ အမြဲတမ်း ရမလား၊ မရဘူး၊ အောင့်ထားလို့ ရမလား၊ မရဘူး၊ ဒါဖြင့် ဝင်သက် ထွက်သက်ဟာ မမြဲဘူးပေါ့၊ မမြဲတော့ အောင့်ထားလို့ မရတာဟာ ဆင်းရဲတာပေါ့၊ ဆင်းရဲတာဟာ ဘယ်အလိုကျတော့မလဲ၊ ဒီတော့ အနိစ္စ, ဒုက္ခ, အနတ္တဟာ သူ့အလိုလို ထင်ရှားနေပါတယ်၊ ဒါကို သဘာဝကျကျ သိပါလျှင် နိဗ္ဗာန် မြင်ပါတယ်။

အကျွန်ုပ် စာရေးသူသည် ဝိပဿနာကျမ်းစာအုပ်များ ရေးသား ထုတ်ဝေသည့်နေ့မှစ၍ နေ့စဉ်နှင့်အမျှ မပျက်ရအောင် တရားအားထုတ်နေပါတယ်၊ ဤဝိပဿနာကျမ်းစာ ရေးသားပြီးလျှင် ကြေညာထားသည့်အတိုင်း (၁)

ပရိတ်ကြီး မြန်မာ့ဋီကာ၊ (၂) ဓမ္မစကြာ မြန်မာ့ဋီကာ၊ (၃) အလွှက်ာ မြန်မာ့ဋီကာ၊ (၄) ရူပသိဒ္ဓိ မြန်မာ့ဋီကာ ကျမ်းစာများကို ရေးသား၍ ဆက်လက်ထုတ်ဝေရန် ရည်သန် ထားပါတယ်။

စာဖတ်ပရိသတ်နှင့် ပညာရှင် ဓမ္မမိတ်ဆွေ အပေါင်းတို့ ခင်ဗျား...အထူးတောင်းပန်လိုသည်မှာ ချွတ်ယွင်းချက်ဆိုဘာ ဘုရားမှဘပါး လက်ယာတော်ရဲ့ အရှင်သာရိပုတ္တရာကြီးတို့လို ပုဂ္ဂိုလ်မျိုးတောင်မှ မကင်းနိုင်ကြပါဘူး၊ သို့အတွက် ကျမ်းစာအုပ်များတွင် အမှားမြင်ကြပါလျှင် ပြုပြင်ပေးပါက ဓမ္မမိတ်ဆွေအနေဖြင့် ကျေးဇူးတင်ကာ လှုက်ခံမည် ဖြစ်ပါကြောင်း တောင်းပန်စကား ပန်ကြားအပ်ပါသည်။

အို...ဓမ္မမိတ်ဆွေ စာဖတ် ပရိသတ်အပေါင်း သူတော်ကောင်းတို့ ခင်ဗျား....“ယောဘိက္ခဝေ ခန္ဓ အဘိနန္ဒတိ၊ သောဒုက္ခံ အဘိနန္ဒတိ”ဟု ဒေသနာ လာရှိသည့်အတိုင်း ခန္ဓာကိုယ် နာမ်ရုပ်အစဉ်ကို အဟုတ်ထင်နေသေးသမျှ ဒုက္ခက မလွှတ်နိုင်ကြပါဘူး၊ သို့အတွက် ခန္ဓာကိုယ်ကြီးမုန်းတီးလာအောင် ဗုဒ္ဓသာသနာတော်အတွင်း ဝိပဿနာ အရောင်လင်းလျက် တခင်းဝင်း တလက်လက် ပေါ်ထွက်

နေသည့်အခါ လူ့ဘဝတွင် လူဖြစ်ကျိုးနပ်၍ သာသနာနှင့် တွေ့ကြုံရကျိုး မြတ်လေအောင် မိမိတို့ ဝိပဿနာအတွက် နေ့စဉ်ရက်ဆက် လုပ်ကိုင်လျက် နေကြရသော အချိန် သမယတွင် တစ်ခဏပင်ဖြစ်စေ၊ တတ်နိုင်လျှင် တစ်လ နှစ်လဖြစ်စေ တရားဘက်သို့ မျက်နှာမူကြရန် တောင်းပန် ပါသည်။

တောင်းပန်ရခြင်း အကြောင်းမှာ လူဆိုတာ အခွင့် အရေးရတုန်း အချိန်အခါပေးတုန်း ဘယ်အလုပ်မဆို လုပ် လို့ ရပါတယ်၊ အခွင့်အခိုက် မကြုံကြိုက်ပလား ဆိုလျှင် "မဟုတ်တာ အဟုတ်ထင် ဟုတ်တာကျတော့ မလုပ်ချင်" ဖြစ်နေတတ်ပါတယ်၊ ဒါကြောင့် အမြဲကောင်း အမြဲတမ်း ဟုတ်တဲ့ ဝိပဿနာအလုပ်ကို မလုပ်ဖြစ်မှာ ပူပန်မိသော ကြောင့် တောင်းပန် တိုက်တွန်းရခြင်း ဖြစ်ပါတယ်။

ကျွန်ုပ်တို့တစ်တွေဟာ ဘဝပေါင်း အသင်္ချေ သံသရာ ကြီးထဲမှာ နေလာခဲ့ရတာဟာ ကြာလှပါပြီ၊ မောင်ဖိုးကြာ မယ်ဖိုးကြာတွေ ဖြစ်ခဲ့ရပါပြီ၊ ကြာလာသမျှ ဘဝတိုင်းမှာ အလွန်တရာ ပူပြင်းလှသော မဟာသံသရာကြီးအတွင်းမှ အထက်က နေကပူ အောက်က မြေကပူနဲ့ အပူနှစ်ထပ် ညှပ်ထောက်ပြီး လမ်းလျှောက် နေရသလို စိတ်ကပူ လူကပူ

နဲ့ အပူကောင် လုံးလုံး အပူတုံးကြီး ဖြစ်နေကြတယ်၊ ဒါကြောင့် အပူအေးအောင် ဝိပဿနာ အမြိုက်ဆေးကို တိုက်ကျွေးကြ၊ တိုက်ကျွေးရန် ရည်သန်၍ "ဤသောကကင်းရေး ဝိပဿနာအမြိုက်ဆေး" တရားစာကို ကောင်းစွာ ရေးသား ထုတ်ဝေလိုက်ပါသတည်း။

တင်မြင့်

(အစိုးရ)သာသနဓဇသီရိပဝရဓမ္မာစရိယ
(စေတိယင်္ဂဏ) ပရိယတ္တိဓမ္မာစရိယဂဏဝါစက
(အမျိုးသား)ပရိယတ္တိသာသနာ့လင်္ကာရ
ကောဝိဒ ပထမကျော်။

၁၃၃၉ ခု နတ်တော်လပြည့်
ကျော် ၁၂ရက် (၆၊၁၊၇၈)

ဒုတိယအကြိမ်

## နိဗ္ဗာန်သို့သွား၊ သစ္စာလေးပါး တရားတော်။

စတုန္နံ အရိယသစ္စာနံ၊ ယထာဘူတိ အ ဒဿနာ၊
ပုနပ္ပုနံ သံသရန္တိ၊ သတ္တာ သံသာရ သာဂရေ။

စတုန္နံ၊ ဒုက္ခ သမုဒယ နိရောဓဟု မဂ္ဂပိုင်းခြား အရေအတွက်အားဖြင့် လေးပါး ကုန်သော။ အရိယသစ္စာနံ၊ ဘုရားရဟန္တာ အရိယာအပေါင်း သူတော်ကောင်းတို့ နှစ်ထောင်း ကြည်လင် သိမြင်အင်ငြား သစ္စာတရားတို့ကို။ ယထာဘူတံ၊ မဆုတ်မဆိုင်း ဟုတ်တိုင်းမှန်စွာ။ အဒဿနာ၊ မိမိရှု တိတိကျကျမသိကြသောကြောင့်။ သတ္တာ၊သတ္တဝါ အများ သုံးတိုက်သားတို့သည်။ သံသာရ သာဂရေ၊အိုနာသေခြင်း မာန်နတ်မင်း၏ ပြင်းစွာ ညှင်းဆဲ ဆင်းရဲများစွာ သံသရာပြင်ကျယ် မြစ်ပင်လယ်ကြီးထဲ၌၊ ပုနပ္ပုနံ၊ ငုတ်ချီပေါ်လတ် ရဟတ်ပမာ မပြတ်ပါဘဲ ချာချာမစဲ ထပ်

တလဲလဲသာလျှင်။ သံသရန္တိ၊ဘဝမဘည် အလီလီဖြင့် ကျင်လည် ကျက်စား ပြေးသွားယိမ်းယိုင် နေထိုင်ကြရလေတော့သဘည်း။ သာဓု သာဓု သာဓု။

ဤဒေသနာတော်အရ အစမထင် သံသရာတခွင်တွင် သစ္စာလေးပါး အမှန်တရားကို ပိုင်းခြားထင်ထင် မသိမြင်ကြသော ပုထုဇဉ် အကန်းတို့၏ သွားရာလမ်းသည်-

(၁) အောက် သံသရာ။

(၂) အလယ်တန်း သံသရာ။

(၃) အထက်တန်း သံသရာ။ ဟူ၍ သုံးမျိုးသုံးဖြာမှာ ရဟတ်ပမာချာချာလည်၍ အတည်မကျ ကျင်လည်ကြရတယ်။

ထိုသုံးမျိုးတို့တွင် အောက်တန်း သံသရာဆိုသည်မှာ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ် ဆိုတဲ့ အပါယ်လေးဘုံသားတွေကို ဆိုတယ်၊ ထိုသူတွေဟာ သူတို့ဘဝ နိဗ္ဗာန် ရနိုင်ပါ့မလား၊ မရနိုင်ကြဘူးနော်၊ ဘာပြုလို့ မရနိုင်ကြသလဲဆိုရင် သစ္စာလေးပါး အမှန်တရားကို ပိုင်းခြားထင်ထင် မသိမြင်နိုင်သော ဘဝဖြစ်လို့ဟု ဆိုရမယ်။

ဒီတော့ သူတို့က အလွန်ချမ်းသာတဲ့ နိဗ္ဗာန်ကြီးကို တစ်ဘဝတည်းနဲ့ လိုချင်ပါတယ်လို့ ငိုနေပေမယ့် ရနိုင်ပါ့ မလား၊ မရဘူးနော် ဘာပြုလို့လဲဆိုတော့ နိဗ္ဗာန်ရနိုင်တဲ့ ဘုံဘာမှ မဟုတ်ဘဲကိုး၊ ဒါက စကားအဖြစ်ပြောတာပါ၊

ငိုလဲ မငိုပါဘူး၊ သူ့ခမျာတွေဟာ ဘုရားတရား သံဃာမှ သိတဲ့ သတ္တဝါတွေမှ မဟုတ်ကြပဲ၊ ခွေးတွေကြည့်ပါလား၊ ဘုရားမြင်ရင် ကြောက်လန့်ပြီး ဟောင်တောင် ဟောင်ဦးမယ်၊ တရားသံ ကြားရင် ဆူညံလို့ အူသံတောင် ပေးဦးမယ်၊ သံဃာတွေကိုမြင်ရင် ရန်သူထင်ပြီး ထတောင်ပြေးဦးမယ်၊ နိဗ္ဗာန်ဆိုတော့ ဝေလာဝေးပေါ့။

ဒါပေမယ့် ဘုရားအလောင်း သူတော်ကောင်းတိရစ္ဆာန်များကတော့ အာပမသဒ္ဒါပါလာလို့ ကြည်ညိုရမှန်းသိဘယ်လို့ ဆိုတယ်၊ ဆဒ္ဒန်ဆင်မင်းဇာတ် ကြည့်ပါလား သက်န်းမြင်ရုံနဲ့တောင် သောနုတ္တိုရ်ရဲ့ မုဆိုးကို ထိုးသတ်နိုင်လျက်သားနဲ့ မသတ်ဘူး၊ သူသာအသေခံသွားရှာတယ်။

ငရဲ၊ ပြိတ္တာ၊ အသူရကာယ်တို့မှာတော့ ဘာပြောစရာ လိုတော့မလဲ၊ ငရဲ ဆိုရင် သံပူငရဲအိုးကြီးထဲ သေလိုက်ဖြစ်လိုက်၊ သေလိုက် ဖြစ်လိုက်နဲ့ ဘာဝပေါင်းများစွာ နှစ်ပေါင်းများစွာ အချိန်ကုန်နေကြရတာပဲ၊ ပြိတ္တာတွေလဲ အငတ်ဘဝနဲ့ လက်စသတ်ကြရတာပဲ၊ အသူရကာယ် ဆိုတာကတော့ နေ့စံ ညခံ၊ ညစံ နေ့ခံ တခံတည်းခံပြီး အဖန်ဖန်ရုံး၍ လက်စတုံးကြရတာပဲ၊ အဘယ်မှာ ဘုရား၊ တရား၊ သံဃာ ကြည်ညိုဖို့ရာ အချိန်အခါ ရှိတော့မလဲ၊ စဉ်းစားကြည့်ကြ။

ဒီတော့ အကုသိုလ်ကံက အခွင့်ရ၍ အပါယ်လေးပါးသို့ ကျသွားရင် အလွန်ပင် ကြောက်စရာ ကောင်းတယ်နော်

ဒုတိယအကြိမ်

သတိသားကြ၊ များသောအားဖြင့် ပုထုဇဉ်တို့ နေရာမှာ၊ အပါယ် လေးပါးသာ ဖြစ်တယ်။ လူ့ဘဝ နတ်ဘဝပြဟ္မာ ဘဝသို့ ရောက်ကြရတာမှာ ပုထုဇဉ်အနေနဲ့ပြောရင် ခေတ္တ ခဏ အလည်ရောက်ကြတယ်လို့ ဆိုတယ်၊ ဥပမာ အားဖြင့် ပြရလျှင် ကြက်ကန်း ဆန်အိုးတိုးမိသလို လာဖြစ်တာလို့ ဆို တယ်။

သို့ဖြစ်၍ ငရဲ တိရစ္ဆာန် ပြိတ္တာ အသူရကာယ် အပါယ် လေးဘုံသားတွေဟာ သစ္စာလေးပါး ပိုင်းခြားသိ၍ နိဗ္ဗာန် ထိ ရောက်ဖို့ဘော့ မရှိတော့ဘူး၊ ဘာပြုလို့လဲ ဆိုတော့ ပဋိသန္ဓေ နေလာတာက၊ နုဂ္ဂတိအဟိတ်စိတ်နှင့်နေလာတာ ဖြစ်၍ ဘဝကိုက မကောင်းကြတော့ အစမကောင်းတော့ အနှောင်း မသေချာ ဆိုသလိုပဋိသန္ဓေက မကောင်းတော့ နိဗ္ဗာန်ရောက်ကြောင်းတရားသစ္စာ လေးပါးကို ဒီဘဝမှာ တော့ မရနိုင်ကြတော့ဘူး။

အလယ်တန်းသံသရာ ဆိုသည်မှာ လူ့ဘုံနှင့် နတ်ဘုံ ခြောက်ထပ်မှာ ဖြစ်လာကြတဲ့ ကာမသုဂတိ ခုနစ်ဘုံသား တွေကို ဆိုတယ်၊ ယခု ခင်ဗျားတို့နှင့် ကျွန်တော်တို့ ရောက် လာရတာတဲ့ လူ့ဘုံနှင့် ဟို အထက်မှာ ရှိတဲ့ နတ်ဘုံ ခြောက်ထပ်က နတ်တွေပေါ့။

ဒုတိယအကြိမ်

ထိုကာမသုဂတိ ခုနစ်ဘုံသားတွေကိုတော့....

[၁] အဟိတ်ကုသလဝိပါက်စိတ်နှင့် ပဋိသန္ဓေ နေလာသော သုဂတိ၊ အဟိတ်ပုဂ္ဂိုလ်။

[၂] မဟာကုသလ ဝိပါက် ဉာဏ ဝိပ္ပယုတ် စိတ် လေးပါးတို့တွင် တစ်ပါးပါးဖြင့် ပဋိသန္ဓေ နေလာသော ဒွိဟိတ်ပုဂ္ဂိုလ်။

[၃] မဟာကုသလ ဝိပါက် ဉာဏ သမ္ပယုတ် စိတ် လေးပါးတို့တွင် တစ်ပါးပါးဖြင့် ပဋိသန္ဓေ နေလာသော တိဟိတ် ပုဂ္ဂိုလ်ဟူ၍ သုံးမျိုးသုံးစား ခွဲထားရတယ်။

ထိုသုံးမျိုးတို့တွင် သုဂတိအဟိတ် ပုဂ္ဂိုလ်ဆိုတာက ဘုံကတော့ လူ့ဘုံ နတ်ဘုံထဲ အပါအဝင်ဖြစ်လို့ ကောင်းတဲ့ဘုံ မှန်ပါရဲ့၊ ဒါပေမယ့် ကုသိုလ်တစ်ပဲ ရေတစ်ပိဿာ’ဆိုသလို လှူသတ်ပြီး လှူခဲ့တန်းခဲ့တာတွေ၊ ကျွဲသတ်၊ နွားသတ်၊ ငါးသတ်ပြီး လှူခဲ့တန်းခဲ့တဲ့ ကုသိုလ်တွေ ဖြစ်တော့ ပဋိသန္ဓေက စပြီး ကန်းလာကြတဲ့ပုဂ္ဂိုလ်၊ နားပင်းတဲ့ပုဂ္ဂိုလ်၊ ဆွံ့အ လာကြသော ပုဂ္ဂိုလ်၊ ရူးသွပ် လာကြသော ပုဂ္ဂိုလ်၊ မိန်းမ တစ်လှည့် ယောက်ျား တစ်လှည့် ဖြစ်နေရသော ပုဂ္ဂိုလ်၊ (ထိုပုဂ္ဂိုလ်မှာ ဘယ်လိုအခါ မိန်းမ ဖြစ်၍ ဘယ်လိုအခါ ယောက်ျား ဖြစ်သလဲ ဆိုတော့ ကျွန်ုပ်ကိုယ်တွေ့ နီးပါး ကြားဖူးသည်မှာ ယောက်ျားပျိုကလေး လှလှပပမြင်ရတဲ့ အခါ ကိလေသာ ထကြွပြီး မိန်းမအင်္ဂါ ဖြစ်လာပါသည်။

မိန်းမပျိုကလေး မြင်ရတဲ့ အခါ' ကိလေသာ ထကြွ သောင်းကျန်းကာ ယောက်ျားအင်္ဂါ ဖြစ်လာသည်လို့ ဆိုပါဘယ်၊ အထူး မှတ်စရာပါပဲ)။

ထို့ပြင် သုက်သွေးစုပ်ယူရမှ ချောင်ရဲတင်းတိမ်တဲ့ နပုံ ပဏ္ဍုက် ပုဂ္ဂိုလ်၊ ဤသို့ လူစဉ်မမီသော ပုဂ္ဂိုလ်များနှင့် စည်းစိမ်ဥစ္စာ အိမ်ရာ နေရာ ကောင်းမွန်စွာ မရှိကြသော၊ နတ်သို့သာ ဆိုရသော်လည်း ဆင်းရဲငြိုငြင်စွာ နေရတဲ့ စာတုမဟာရာဇ်ဘုံ အပါအဝင် ဝိနိပါတိက အသုရာများကို ခေါ်ပါတယ်။

သူတို့လဲ ပဋိသန္ဓေက မကောင်းတဲ့ အဟိတ် ကုသလဝိပါက်စိတ်နဲ့ နေသာကြရသောကြောင့် ပဋိသန္ဓေက တားမြစ်ထား၍ သစ္စာလေးပါးကို ထိုဘဝမှာ မသိနိုင်ကြဘူး၊ သူတို့တွင် အချို့ ခြင် ယင် စသော သတ္တဝါများမှာ တစ်နေ့ တစ်ရက် တစ်မနက်သာ အသက်ရှည်ကြတယ်၊ အချို့ ကာလနဂါးစသော သတ္တဝါများတော့ အသက်အသင်္ချေတိုင်အောင် နေကြရတယ်၊ အသက်ရှည်တော့လဲ အနေမကောင်းတော့ တရားနာပြီး သစ္စာလေးပါးကို မရနိုင်ကြဘူး၊ အသက်ရှည်ရကျိုး မနပ်ကြဘူး။

ဒွိဟိတ် ပုဂ္ဂိုလ်ဆိုတာကတော့ နောက်နောက်ဘဝက လောဘ ဒေါသခြံရံ၍ ကုသိုလ်ပြုခဲ့လို့ ဖြစ်စေ၊ ကံ၊ ကံ၏ အကျိုးကို မသိဘဲ ကုသိုလ်ပြုခဲ့လို့ ဖြစ်စေ၊ ပုဗ္ဗမုဉ္စ အပရ ခေါ်တဲ့ စေတနာသုံးတန် မမှန်ဘဲ ကုသိုလ်ပြုခဲ့လို့ ဖြစ်စေ ဤသို့သော ကုသိုလ်တွေကြောင့် ပဋိသန္ဓေ နေတဲ့အခါ

အမောဟဆိုတဲ့ဟိတ်မပါဘဲ အလောဘ အဒေါသ နှစ်ပါးနှင့် ပဋိသန္ဓေ နေလာတဲ့ ပုဂ္ဂိုလ်တွေကို ဆိုတယ်၊ ထိုသူတွေလဲ ပဋိသန္ဓေက ထိုးထွင်း သိနိုင်တဲ့ဉာဏ် မပါလို့ ဘဝပေါင်းများစွာ ဘုရားနဲ့ တွေ့သော်လဲ ဘုရား တရား နာကြားရသော်လဲ ပဋိသန္ဓေက တားမြစ်ထား၍ သစ္စာလေးပါးကို ထိုဘဝမှာ မသိနိုင်ကြဘူး၊ သစ္စာလေးပါးကို ပညာဖောက်ထွင်း၍ ပရမတ်အလင်းမြင်အောင် ထိုးထွင်း မသိနိုင်ကြဘူး။

တိဟိတ်ပုဂ္ဂိုလ် ဆိုတာကတော့ နောက်နောက် ဘဝက ကံ၊ ကံ၏အကျိုးကို သိ၍ စေတနာသုံးတန် ခြံရံကာ ဝိပဿနာ ပါပြီး ကုသိုလ်ပြုခဲ့သည့်အတွက် ဒီဘဝမှာ ဉာဏ်ပညာ ထက်သန်လာနိုင်သော ပုဂ္ဂိုလ်မျိုးကို ဆိုတာ။

ဒါပေမယ့် သူတို့မှာလဲ မိစ္ဆာဒိဋ္ဌိ အယူရှိနေမယ်၊ အာနန္တရိယကံငါး ထိုက်သွားမယ်၊ အရိယာပုဂ္ဂိုလ်တို့ကို ပြစ်မှားတဲ့ အရိယူပဝါဒန္တရာယ် ထိုက်နေမယ်ဆိုရင် သူတို့လဲ ဒီဘဝမှာ သစ္စာလေးပါးကို ဘယ်လိုအားထုတ်ကြည့်ကြ‌ကျိုး မသိနိုင်ကြတော့ဘူး၊ 'အသိခေါက်ခက် အဝင်နက်' ဆိုတာ ဒါမျိုးပဲ၊ အဇာတသတ်ဟာ အဖ သတ်မိလျှင်၊ ဒေဝဒတ်ဟာ ဘုရားကို သွေးစိမ်းထွက်အောင်ပြုတဲ့ လောဟိတုပ္ပာဒကကံ မထိုက်လျှင် ထိုဘဝမှာပင် နိဗ္ဗာန် ဝင်နိုင်တယ်။

နိဗ္ဗာန်အမြိုက်သို့ ဆိုက်ဆိုက်ကြီး ရောက်နိုင်တယ်၊ အခုတော့ ငရဲမှာ ဆင်းရဲစွာ ခံနေကြရတယ်၊ အဲဒါဟာ ပဋိ

သဏ္ဌာန် ကောင်းသော်လဲ အပေါင်းအသင်း မကောင်းလို့ ဖြစ်ရတာ။

အသက်တန်း သံသရာဆိုတဲ့ ရူပဘုံ၊ အရူပ ဘုံတို့တွင် အသညသတ်ဘုံမှာဖြစ်သွားတဲ့သုဂတိအဟိတ် အသညသတ် ပြဟ္မာကြီးများလဲ ဟိတ်မရှိသော ရုပ်ဇီဝိတနှင့် ပဋိသန္ဓေနေကြရ၍ တစ်ဘဝလုံး ရုပ်ကြီးပဲ မပြုတ်မစဲ အဖန်ဖန်တသဲသဲဖြစ်ပြီး နေကြသဖြင့် အထက်တန်းသံသရာ သုဂတိဘုံသို့ ဆိုက်ရပါသော်လဲပဋိသန္ဓေက အမောဟဟိတ်မရှိသော ရုပ်သက်သက် ဖြစ်နေသည့် အတွက် သစ္စာလေးပါးတရားကို မသိနိုင်ကြဘူး။

အရူပလေးဘုံ၌ ဖြစ်ကြသော တိဟိတ်ပုထုဇဉ် ပုဂ္ဂိုလ်ကြီးများလဲ ရုပ်တရားကို စက်ဆုပ်၍ စီးဖြန်းခဲ့သော ဘာဝနာကြောင့် ရုပ်တရားမဖက် နာမ်သက်သက်သာ တစ်ဘဝလုံး သေဆုံးသည်အထိ ဖြစ်ရှိနေရသဖြင့် 'ပရတော ဃောသ' သူတစ်ပါးထံမှ တရားသံ နာခံနိုင်တဲ့ သောတပဿာဒ မရှိ၍ သစ္စာလေးပါးကို မသိနိုင်ကြဘူး။

သုံးဆယ့်တစ်ဘုံ အထက်ဆုံးကျတဲ့ ဘဝဂ် ခေါ်ရသော နေဝသညာနာသညာယ ဘုံတစ်ခုမှာ မဟာကပ္ပာပေါင်း (၈၄၀၀၀)ကြာအောင်နေရသဖြင့် အသက်အရှည်ဆုံးဖြစ်ကြသော ပုထုဇဉ် အရူပြဟ္မာကြီးများ၊ ရုပ်မရှိ၍ သစ္စာလေးပါးကို အဟုတ် အတိအကျ မသိကြဘူး၊ ဘယ်လောက် အံ့ချီးဖွယ်ရာ ကြောက်စရာ ကောင်းသလဲ၊ ဉာဏ်ထဲမှာ အာရုံသွင်း ပေါ်အောင် စဉ်းစားကာ မျှော်ပြီး ကြည့်

ကြ၊ သစ္စာလေးပါး သိဖို့ရာ ဘယ်လောက် ခဲယဥ်းတယ် ဆို တာ သိလာပေါလိမ့်မယ်။

ဒီတော့ သစ္စလေးပါးကို သိဖို့ရာမှာ....

(၁) လူ့ဘုံ နတ်ဘုံ ဗြဟ္မာ့ဘုံတို့မှာလဲ ဖြစ်ကြရမှ။
(၂) အမောဟဆိုတဲ့ ဉာဏ်နဲ့ယှဉ်သော စိတ်ဖြင့် ပဋိသန္ဓေ နေကြရမှ။
(၃) သူတစ်ပါးတို့ထံမှ တရားနာခံနိုင်ကြတဲ့ ပုဂ္ဂိုလ်တို့လဲ ဖြစ်ကြရမှ။
(၄) နောက်နောက်ဘဝက မဂ်မျိုးစေ့ ဖိုလ်မျိုးစေ့လဲ ပါမှ သစ္စာလေးပါး အမှန်တရားကို သိနိုင်ကြပါတယ်။

**အသိသုံးမျိုး**

သစ္စာလေးပါး အမှန်တရားကို သိတယ် ဆိုပေမယ့် သာမန်ကာ လျှမ်ကာ သိလို့ မရဘူး။ သိတာက သုံးမျိုး သုံးစား ရှိတယ်။

(၁) ပရိယတ္တိ အသိမျိုး။
(၂) ပဋိပတ္တိ အသိမျိုး။
(၃) ပဋိဝေဒ အသိမျိုး။

ဟူ၍ရှိတယ်၊ နောက်ဆုံး ပဋိဝေဒ အသိမျိုးမှ တကယ် သိထိုးထွင်းသိ ခေါ်တယ်။တကယ်ထိုးထွင်းသိမှလဲ သံသရာ

ဝဋ်အတွင်းမှ လွတ်ကင်းကြမယ်။ ဒါကြောင့် သူများပြော လို့ သိတာမျိုး မှန်းဆ၍ သိတာမျိုး မဖြစ်ရအောင် ဝိပဿနာ အားထုတ်ကြည့်။

ပရိယတ္တိ အသိမျိုးဆိုတာ 'ဒုက္ခံ တေ ဘုမ္မကံ ဝဋ္ဋံ' ဆို သည့် အတိုင်း လောကီစိတ် (၈၁)ခု၊ လောဘကြဉ်သော စေတသိက် (၅၁)ခု၊ ရုပ် (၂၈)ခုသည် ဒုက္ခသစ္စာမည်၏။

'တဏှာ သမုဒယော ဘဝေ' ဆိုသည့်အတိုင်း လောဘမူ စိတ် (၈)ပါး၌ ယှဉ်သော တဏှာ ခေါ်သော လောဘ စေတသိက်သည် သမုဒယသစ္စာ မည်၏။

'နိရောဓော နာမ နိဗ္ဗာနံ' ဆိုသည့်အတိုင်း အလုံးစုံ သော သင်္ခါရတို့၏ ချုပ်ရာချုပ်ကြောင်း ဖြစ်သော နိဗ္ဗာန် သည် နိရောဓသစ္စာမည်၏။

မဂ္ဂေါ လောကုတ္တရော ပတော' ဆိုသည့်အတိုင်း မဂ် စိတ် လေးခု၌ ယှဉ်သော လောကုတ္တရာ မဂ္ဂင်တရား ကိုယ် (၈)ပါးသည် မဂ္ဂသစ္စာမည်၏။ ဤလို သင်ထားလို့ သစ္စာ လေးပါး သိတာက ပရိယတ္တိအသိ သင်သိ ကြားသိ မေး မြန်းသိ ခေါ်တယ်။

ပရိယတ္တိ အသိမျိုးဆိုတာကတော့ ဘုံသုံးပါး၌ ဖြစ်ကြ သော သင်္ခါရတရားတို့၏ စုဝေးရာဖြစ်သော ဤခန္ဓာကိုယ် ကြီးသည် အိုမှု နာမှု သေမှု မြဲမှု ဆင်းရဲမှု အလိုမကျမှု တို့ကို ခန္ဓာကိုယ်အတွင်း သမာဓိသွင်း၍ ဉာဏ်ဖြင့် ရှုမှတ် တဲ့အခါတစ်ကိုယ်လုံး ဒုက္ခတုံးကြီးပါလားဟု ဉာဏ်အား ထင်မြင်လာသော အသိသည် ဒုက္ခသစ္စာမည်၏။

ထိုခန္ဓာကိုယ်ကြီးသည် အစမထင် သံသရာ တစ်ခွင်က စ၍ ဘဝကို လိုချင်တဲ့ ဘဝတဏှာကြောင့် ဘဝပေါင်းများ စွာပေါ်လာရတာပဲဟု စိတ်ထဲ၌စွဲမြဲရင်း ခန္ဓာကိုယ်အတွင်း သမာဓိသွင်း၍ ထင်းထင်းကြီးပေါ်ကာ ဉာဏ်ထဲမှာ ထင် မြင်လာသော အသိသည် သမုဒယသစ္စာ မည်၏။

ထိုခန္ဓာကြီးကို လိုချင်တဲ့ ဘဝတဏှာ အဖြာဖြာကို မဂ် ဖြင့် ပယ်သတ်မှသာလျှင် အစပြတ်မှာပဲဟု စိတ်ထဲ၌ စွဲမြဲ ကာ ခန္ဓာကိုယ်အတွင်း သမာဓိသွင်း၍ ထင်းထင်းကြီး ပေါ်ကာ ဉာဏ်ထဲမှာ ထင်မြင်လာသော အသိသည် မဂ္ဂ သစ္စာ မည်၏။

ထို မဂ္ဂသစ္စာတရား ပွားများဖန် များတော့ သမာဓိ ဉာဏ် ရင့်သန်ပြီး ဒုက္ခသစ္စာနှင့် သမုဒယ သစ္စာနှစ်ပါး ချုပ်ငြိမ်းသွားမှာပဲဟု စိတ်ထဲ၌ စွဲမြဲကာ ခန္ဓာကိုယ်အတွင်း သမာဓိသွင်း၍ ထင်းထင်းကြီး ဖြစ်ပေါ်ကာ ဉာဏ်ထဲမှာ ထင်မြင်လာသော အသိသည် နိရောဓ သစ္စာ မည်၏။

ဤသို့ ကျင့်ကြံအားထုတ်သဖြင့် သစ္စာလေးပါးကို သိ တာမျိုးသည် မဂ္ဂိယတ္တိအသိ၊ ကျင့်သိ၊ ကြံသိ၊ မှန်းဆသိလို့ ခေါ်တယ်။

ဒီအသိမျိုးကတော့ တရားကို ကြိုးကြိုးစားစား မနား မနေ အားထုတ်၍ နေသူတိုင်း သိနိုင်ကြပါတယ်။

ပဋိဝေဓသိ ဆိုတာကတော့ သိဖို့ မလွယ်ဘူး၊ ဒီအသိ မျိုး မသိဘဲ နေရင်လဲ တကယ်သိ မခေါ်ဘူး။

ဘယ်သို့ သိရမလဲဆိုရင် ရှေးဦးစွာ ဒုက္ခသစ္စာ သိပုံကို ပြခဲ့ယ်'ဥက္ကဒ္ဒ ဒုက္ခ' အရိယသစ္စန္တိမေ ဘိက္ခဝေ' စသည်ဖြင့် ဓမ္မစကြာပါဠိတော်မှာ လာသည့်အတိုင်း–

၁။ ခန္ဓာငါးပါးရုပ်နာမ်တရား အစုအဝေးကြီးတည်း ဟူသော ခန္ဓာကိုယ်ကြီးသည်၊ အကောင်အထည် အတို အရှည် စသည် မရှိ၊ ဖြစ်ပျက်ဖြစ်ပျက်နေတဲ့ ဒုက္ခတုံး ဒုက္ခ ခဲကြီးပဲလို့ လက္ခဏာရေးသုံးပါးဖြင့် ပိုင်းခြား၍ ထိုးထွင်း ဖောက်ခွဲပြီးသိသော အသိသည် ဒုက္ခသစ္စာ၌ သစ္စာဉာဏ် မည်၏။

၂။ ထိုဒုက္ခတုံး ဒုက္ခခဲကြီးကို စွဲမြဲနှစ်သက်၍ နေစရာ မလို၊ ဒီဒုက္ခကို မရှိမှအေးမှာပဲဟု စိတ်ထဲ၌ ဒုက္ခ၏သဘာဝ ထိအောင် တိဘိကျကျ မိမိရရ အကုန်အစင် စုံလင် အောင် ပိုင်းခြားသိသော အသိသည် ဒုက္ခသစ္စာ၌ ကိစ္စ ဉာဏ် မည်၏။

၃။ ထိုဉာဏ်ဖြင့် ငါ သူတစ်ပါး၊ ယောကျ်ား၊ မိန်းမ စသော ပညတ်ကို ဖောက်ခွဲ၍ ပရမတ်အစစ် ခဏ်အနှစ် ဟု ဆိုအပ်သော လက္ခဏာ ရသကိစ္စအားဖြင့်အမှန်အတိုင်း ပိုင်းခြား၍ သိပြီဟူသော အသိသည် ဒုက္ခသစ္စာ၌ ကတ ဉာဏ် မည်၏။

ဤ ဉာဏ်သုံးပါးဖြင့် ထင်ထင် ရှားရှား ပိုင်းခြား သိတာကို ဒုက္ခသစ္စာကို သိတယ်လို့ ဆိုတယ်။

သမုဒယသစ္စာ သိဘာကတော့–

၁။ နိဗ္ဗာန်မဂ်ဖိုလ်မှ တစ်ပါး အခြားသောအရာဝတ္ထု ဟူသမျှကို လိုချင်နေတာသည် လောဘတဏှာပဲ၊ ထို လောဘတဏှာ ရှိနေသမျှ လိုချင်နေဦးမှာပဲ၊ ဒုက္ခအဖုံဖုံ တွေ့ကြုံနေရတာလဲ သူ့ကြောင့်ပဲဟု စိတ်ထဲ ဥာဏ်ထဲ၌ သမုဒယ၏ သဘာဝကို ထိုးထွင်း ဖောက်ခွဲပြီး သိသော အသိသည် သမုဒယသစ္စာ၌ သစ္စဉာဏ် မည်၏။

၂။ ထိုလောဘထု လိုချင်မှုကြီးကို တစ်ခုမကျန်အမှန် ပယ်ပစ်မှ တကယ်အစစ် ချမ်းသာမှာပဲ၊ ဤတဏှာ လောဘဟာ ပယ်သင့် ပယ်ထိုက် ပယ်ပစ်လိုက်မယ့် တရားပဲဟု ဧကန်ဒိဋ္ဌ၊ ပိုင်းခြားသိသော အသိသည် သမုဒယသစ္စာ၌ ကိစ္စဉာဏ် မည်၏။

၃။ ထိုသို့ သိသဖြင့် တဏှာကို ငါ မဂ်နှင့်ပယ်လိုက်ပြီး နောက်ထပ်တစ်ဖန်ဖြစ်လာရန် အကြောင်းမရှိဟု တိကျစွာ သိလာသော အသိသည် သမုဒယသစ္စာ၌ ကတဉာဏ် မည်၏။

ဤ ဥာဏ်သုံးပါးဖြင့် ထင်ထင်ရှားရှား ပိုင်းခြား သိတာကို သမုဒယသစ္စာ သိတာ ဆိုရတယ်။

နိရောဓသစ္စာကို သိတာကတော့—

၁။ ဤခန္ဓာကို ဒုက္ခတုံး ဒုက္ခခဲကြီးနှင့် ထိုဒုက္ခကိုဖြစ်စေ တတ်သော တဏှာလောဘ ဤ နှစ်ဝလုံး အစအဆုံး အကုန်လုံး ချုပ်ငြိမ်းသွားခြင်းသည်သာလျှင် အေးချမ်းရာ အမှန် နိဗ္ဗာန်ကြီးပဲဟု စွဲမြဲစွာ ထင်လာပြီးလျှင် ရှုမှတ် နေတဲ့ သင်္ခါရ တရားတွေ ချုပ်သွား၍ အမြိုက်နိဗ္ဗာန်

သိစရာရှိတာ ဘာမျှမကျန် အမှန်သိတာက ပဋိဝေဒ အသိ၊ ထိုးထွင်း၍ ပရမတ်ထိအောင် သိတာဟာ အရိယာ အသိမျိုးနှင့် တူဘယ်။

အဲဒီလို ပန်းထိမ်ဆရာ ရွှေနှင့် ပတ်သက်၍ မှုးရေရော တန်ဖိုးရော အလေးချိန်ရော ဘာမျှ မကျန် ကေန်ကေ သိသလို မိမိ ခန္ဓာကိုယ်နှင့် ပတ်သက်၍ သစ္စာလေးပါးကို ထိုးထွင်း ဖောက်ခွဲ၍ သိစရာရှိတာ အစုံအကုန် သိတာမျိုးမှ အဖိုးတန်တယ်၊ နိဗ္ဗာန်ကို ရောက်နိုင် မျက်မှောက်ပြုနိုင်တယ်၊ ဒီအသိမျိုးသိအောင် သိနိုင်တဲ့ ဘဝကြီး ရလာတဲ့အခါ သိအောင် လုပ်ကြ။

ဒါနသဲ ပြုကြ၊ သံသရာရှည်တယ် ပိုဟ်ဆံကုန်တယ်လို့ ချေးမများနဲ့၊ သီလလဲ ငါးပါးသီလကို ခါးဝတ်ပုဆိုးကဲ့သို့ မြဲပြီး ရှစ်ပါးသီလ ဆယ်ပါးသီလကို လပြည့်လကွယ် ရှစ်ရက်သီတင်း မလစ်ဟင်းရအောင် စောင့်ကြ၊ မပျင်းကြနဲ့၊ ထခင်းဆာတယ်လို့ မညည်းကြနဲ့၊ သမထကိုလဲ နေ့စဉ်အမြဲ အားထုတ်၊ ဝိပဿနာ အလုပ်ကျတော့ ပစ်မထားနဲ့၊ အစစ်တရားက သူသာ ဖြစ်တယ်၊ သူ့ပစ်လျှင် ဗုဒ္ဓဘာသာရဲ့ အဆီအနှစ်ကို ပစ်ထားသလိုပဲ၊ 'ဝ မရှိဘဲ ဝိမလုပ်နဲ့' ဆိုသလို ဝဆိုတဲ့ အလယ်သံသရာအဆက် သံသရာဘွင် နိဗ္ဗာန်ရောက်နိုင်တဲ့ သစ္စာလေးပါး သိနိုင်တဲ့ တိဟိတ် ဘဝ ရောက်မှ ဝိဆိုတဲ့ ဝိပဿနာအလုပ်ကြီး လုပ်နိုင်ကြတာ ဖြစ်တယ်။

ဒါကြောင့် ဆရာမြတ်တို့က....

'မဂ်ဖိုလ်တရား ရခြေးပါလို၊
ဒါနသီလ၊ သမထထိုထို၊
ဝိပဿနာစက်၊ ဆက်လက်ပိုမို၊
ကျင့်ကြံသုံး အဆုံးနိဗ္ဗာန်ကို' လို့ စပ်ဆိုထားကြ
ပါတယ်။

## ကုန်သည် သူကြွယ်တစ်ယောက်

ကဲကဲ ဝိပဿနာ တရား ဆိုတာ အဘိဓမ္မာတရား၊ အဘိဓမ္မာတရားချည်း ဟောပြောနေရင် ပျင်းရိကာ အိပ်ချင်လာကြမှာစိုးလို့ သုတ္တန်တရားလေး သွင်းပြီး ဝတ္ထု ဇာတ်သမ်းခင်းကြဦးစို့၊ သုတ္တန်နှင့် အဘိဓမ္မာ နှစ်ဖြာကို မမှုလို့ခေါ်တယ်၊ ဒါကြောင့် ပိဋကတ်သုံးပုံကို နှစ်ပုံထား ပြီး ခွဲခြားမယ်ဆိုလျှင် သုတ္တန်နှင့် အဘိဓမ္မာကို ပေါင်းစပ် လိုက်ရတယ်။

သူတို့နှစ်ရပ်က ပညတ်နှင့် ပရမတ်ဖြစ်နေတော့ တွဲနေ တယ်၊ ပညတ်ထဲမှ ပရမတ်ကို ခွဲယူတ်ရတာ တွဲနေတဲ့ တရားနှစ်ရပ်ဆိုတော့ ပေါင်းစပ်ပြီး ပြမှ ထင်ရှားပေါ် လွင်တယ်၊ လူ့တကာ နားလည်တယ် ကျမ်းဂန်တွေထဲမှာ လဲ ဝတ္ထု ဇာတ်သမ်းပြပြီး အဆုံးကျတော့ သစ္စာလေး ပါးနဲ့ အဆုံးသတ်ကြတယ်။

ရှေးအခါက ဆရာတော်ကြီးများ တရားဟော လို့ ပြီးဆုံးလျှင် ကဲအဘိဓမ္မာသတ်ကြစို့ ဆိုပြီး ကုသလာဓမ္မာ၊

အကုသလာဓမ္မာ၊ အဗျာကတာဓမ္မာ စသည် ဟောပြီးမှ တရားဆုံးကြတယ်၊ ယခုပြခဲ့တာကတော့ သစ္စာလေးပါးရဲ့ သဘောတရားကို အလျင်သိနိုင်အောင် ပြခဲ့ခြင်းဖြစ်တယ်၊ သစ္စာလေးပါးသိသွားတော့ ဝတ္ထုဇာတ်လမ်းနှင့်တွဲစပ်ပြီး အကဲခတ်ဖို့ လွယ်တယ်။

ဒါန သီလ ဘာဝနာ ကုသိုလ်ကောင်းမှု ပြုလုပ်တဲ့ အခါ စေတနာသုံးတန်ပြဋ္ဌာန်းပြီး သဒ္ဓါရွှင်လန်း၍ ကြည်ကြည်လင်လင် စိတ်ထားပြီး ဝိပဿနာပွား၍ လုပ်ခဲ့လျှင် ကုသိုလ်အကြောင်းတရားကြောင့် ဖြစ်လေရာဘဝတိုင်းမှာလဲ အရွယ်သုံးပါးလုံး ကောင်းစားနိုင်ကြတယ်။

ပြုလုပ်တဲ့ ကုသိုလ်စေတနာ မညီတဲ့အတွက်ကြောင့် ဒုက္ခမများသင့်ဘဲ များတတ်တဲ့ အကြောင်း ဇာတ်ကလေး ပြကြဦးစို့။

မြတ်စွာဘုရားသခင် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်တွင် သီတင်းသုံးတော်မူစဉ် သူကြွယ် တစ်ယောက်သည် ဇနပုဒ်သားတစ်ယောက်၏ အိမ်သို့သွားရန် မိမိ မယားနှင့်တကွ အခြားမြို့ရွာတစ်ရွာသို့ ကုန်ရောင်းကုန်ဝယ် သွားကြတယ်။

ကုန်သည်ဆိုတာ တစ်ခါတလေလဲ အဆင်ပြေ၍ကုန်ဖိုးငွေ အကုန်ရကြတယ်၊ တစ်ခါတလေ အကြွေးချခဲ့ရတယ်၊ 'လူကို ယုံသော်လဲ ကုန်အကြွေးမပေးနဲ့' ဆိုပေမယ့် မဖြစ်တဲ့ အဆုံးကျတော့ ကြွေးချခဲ့ရတာပဲ။

အဲဒီလို သွားကြတဲ့အခါ တစ်ခုသော ရွာတစ်ရွာသို့ ရောက်သွားကြတယ်၊ ထိုရွာနေ မိတ်ဆွေကုန်သည် တစ်ယောက်က ထမင်းပွဲ၊ ဟင်းပွဲ အစုံအလင် ပြင်ဆင်၍ ခုတင်ပေါ်မှာ ဧည့်ခံတယ်။

ထိုအခါ ကုန်သည်သူကြွယ်က အရောင်းအဝယ် လုပ်တာတော့ ဟုတ်ပါရဲ့။ဒါပေမယ့် ခင်ဗျားက ကျွန်ုပ်အလျှင်က ပေးထားတဲ့ အကြွေး အကုန်ပေးနိုင်ပါ့မလားလို့ စပြီး မေးလိုက်တယ်။

မိတ်ဆွေ ဇနပုဒ်သား ကုန်သည်က မပေးနိုင်သေးပါဘူး ခင်ဗျားလို့ ပြောတယ်၊ ဒီတော့ စိတ်ဆိုးပြီး အလျှင်က အကြွေးမှ မပေးနိုင်သေးဘဲနဲ့ ဘယ်လိုလုပ်ပြီး အရောင်းအဝယ် ဖြစ်တော့မလဲဟု ပြောကာ ထမင်းကိုတောင် မစားတော့ဘဲ တစ်ခါတည်း ထွက်သွားတယ်။

အဲဒီလို ပြင်ထားတဲ့ ထမင်းကိုတောင် မစား၊ ကသုတ်ကသက် ရုတ်ဘရက်နဲ့ နှုတ်ဘောင်မဆက်ဘဲ ထွက်သွားတော့ မယားလုပ်တဲ့ အမျိုးသမီးကလဲ စိတ်လေးလေးနဲ့ နောက်က အပြေး လိုက်သွားရရှာတော့တာပေါ့။

လိုက်သွားဆို ထမင်းမစားဘဲ အတင်းသွားတော့ စဉ်းစားစရာ ကြီး ဖြစ်နေတာကိုး၊ စိတ်လိုက်မာန်ပါနဲ့ပြန်လာပြီး အကြွေးမပေးသူကိုဘဲ ခေါ်ဆဲပြီး ပြန်သတ်မယ့် အကြံနဲ့လား သို့တည်းမဟုတ် သူ့ကိုယ်သူပဲ လုပ်ကြံမလားလို့ စဉ်းစားစရာ ဖြစ်သွားတာပေါ့။

ဒါ့ကြောင့် မယားဖြစ်သူဟာ တောစခန်းမှာ မောမောနဲ့ မလှမ်းမကမ်း လိုက်သွားရှာတယ်၊ တောစခန်းခရီးသို့ ရောက်သောအခါ အတူတကွ သွားလာကြသောသူတို့က အသင် ထမင်း မစားရသေးဘူး ထင်တယ်၊ ဟောဒီ ကျွန်ုပ်တို့ ထမင်းထုပ်ကို မိန်းမနဲ့အတူတူ ဝေခွဲ၍ စားပါဟု ပြောဆိုကာ ထမင်းထုပ် ပေးလာကြတယ်။

ဒါပေမယ့် ကုန်သည် သူကြွယ်သည် လူလည်လုပ်ကာ မိမိ မယားအား အနည်းငယ်မျှ မပေးလိုသည့်အတွက် ဒီနေရာက သူခိုးဓားပြများတယ်၊ ရှင်မက ရှေ့က သွား ငါ တဖြည်းဖြည်း ခပ်ဝေးဝေးက စောင့်ရှောက်ပြီး လိုက်ခဲ့မယ်ဟု ပရိယာယ် ဆင်ကာ အလှမ်းဝေးသွားသောအခါ ထမင်းထုပ်ဖြေ အကုန်စားပစ်တယ်။

စားလို့ဝမှ နောက်ကနေ၍ အမီလိုက်ကာ ရှင်မရော ဒီ ထမင်းထုပ်ဟာ လူရှုပ်တွေ နောက်ပြောင် ကြတာပါ၊ ထမင်းမရှိ ဟင်းမရှိ ဗလာနတ္ထိကြီးပါလို့ စားပြီး ထမင်းထုပ်ကို ပြပြီး လိမ်ပြောတယ်။

စေတနာ ဘယ်လောက် မွဲသလဲ၊ ထမင်းမစားရတဲ့ လူချင်း အတူတူပဲ ယောကျာ်းကြီးဖြစ်ပြီး မထောက်ထား မညှာမတာ ရက်စက်လိုက်တာနော် အံ့သြစရာပါပဲ၊ ဒါပေမယ့် မိန်းမကတော့ သူတော်ကောင်း မိန်းမလိမ္မာ ဖြစ်တော့ သူ အကုန် စားပစ်တယ်လို့ သိပေမယ့် ဪ....ငါ့ယောကျာ်း ဆာရှာလွန်းလို့ စားတာဟု သနားညှာတာစိတ် ပိုပြီးတောင် ဖြစ်သွားတယ်တဲ့။

သူတော် ကောင်း စိတ် ထား ရှိတဲ့ ပုဂ္ဂိုလ်များဟာ သူတစ်ပါးရဲ့ အပြစ်ကို အချစ်နဲ့ ဖုံးဖိတတ်ကြတယ်၊ ဒီအပြစ် ဖြစ်တာဟာ ဘယ်ဟာကြောင့်၊ ဘယ်သူ့ကြောင့်၊ ဘယ်လို စိတ်ဓာတ် ကောင်းမရှိလို့ ဖြစ်တယ်ဟု မယူဆကြဘဲ မိမိ တာဝ, တဝက ပြုသာတဲ့ အကြောင်းကိုအပေါ်သာ ပုံချကြတယ်။

အဲဒီလို လင်မယားနှစ်ယောက် တစ်ယောက်နဲ့ တစ်ယောက် သဒ္ဓါတရားချင်း ဆီနှင့် ရေလောက် ကွာနေပေမယ့် မယားလိမ္မာ၏ သည်းခံညှာတာမှုကြောင့် ဘာမှ ကတောက်ကဆ ရန်ဖြစ်ကြခြင်း မရှိဘဲ အတူတွဲ၍ လာခဲ့ကြရာ များမကြာခင် ဘုရားရှင် သီတင်းသုံးရာ ဇေတဝန်ကျောင်း အနီးသို့ ဆိုက်ရောက်ကြတယ်။

ထိုအခါ နှစ်ဦးစလုံး ရေငတ်တာနဲ့ ကျောင်းတိုက်ထဲ ဝင်ကာ ရေသောက်ကြပါတယ်၊ အစိန္တေယျ သုံးလောကထွတ်သား မြတ်စွာဘုရားကလဲ ရွှေညာဏ်တော် ကွန်ရက်ထဲမှာ ဇနီး မောင်နှံနှစ်ဦး တရားထူးရမည်ဆိုတာ သိတော်မူသည့် အား လျော်စွာ ဂန္ဓကုဋီ ကျောင်းတော်အနီး တစ်ကိုယ်တည်း ထိုင်နေတော်မူတယ်။

ဇနီးမောင်နှံ နှစ်ယောက်သား မြတ်စွာဘုရား မြင်တော့ ဘုရားထံ သွားရောက်၍ ရိုသေမြတ်နိုး လက်စုံမိုးပြီး ရှိခိုး ကန်တော့ကြတယ်၊ မြတ်စွာဘုရားက ဒကာမ သင့်ယောကျ်ားက သင့်အား မြတ်နိုးရဲ့လား၊ ချစ်ခင်ရဲ့လား လို့မေးတယ်၊ (ဒီနေရာမှာ ဘုရားက ဘယ်လိုစကားမေးပါ



ထမင်းထုပ်ကို ကုန်သည်သူကြွယ် တစ်ယောက်တည်း စားနေပုံ

လိမ့်မလဲလို့ ထင်စရာ ရှိတယ်၊ ဒီစကားမျိုး ပြောကြားမှ အကျွတ်တရား ရမယ်ဆိုတာ သိလို့ ပြောတာဟု မှတ်)

'မြတ်စွာဘုရား တပည့်တော်မက သူ့ကို ဖြူစင်သော မေတ္တာနဲ့ ချစ်ပါတယ်ဘုရား။ ဒါပေမယ့် သူက တပည့်တော်အား စိမ်းကားရက်စက် မနှစ်သက်ပါ ဘုရား'ဟု လျှောက်ထားတယ်။

'တခြားရက်တွေတော့ ထားလိုက်ပါဦး၊ ယနေ့ အတူတကွသွားခဲ့တဲ့ ခရီးကြားမှာ တပည့်တော်အား ရလာတဲ့ ထမင်းထုပ်ကို မသနားမညှာတာတဲ့ သူချည်းပဲ စားပစ်ပါတယ် ဘုရား'ဟု ဘုရားသခင်ကို ယဉ်ယဉ်ကျေးကျေး လေး လေး လွင် လွင် ဆွေးပူပင်သော စိတ်ထားဖြင့် လျှောက်ထားလိုက်တယ်။

ဒီတော့ ယောကျ်ားဖြစ်သူ သူကြွယ်မှာ လူသည်လုပ်ခဲ့တာတွေ အမှားမြင်ပြီး ဘုရားသခင် ရှေ့တော်မှောက်ဖြစ်နေသော ခပ်ကြောက်ကြောက်နဲ့ ထပ်မလျှောက်တဲ့ တစ်ခါတည်း ခေါင်းငုံ့ပြီး ထိုင်နေပါသတဲ့။

'အကြမ်းမှု အနုနဲ့သာ အောင်စေရာ၏'ဆိုသလို အသာကလေးနဲ့ နာနာကလေး ယဉ်ကျေး လိမ္မာစွာ လျှောက်ထားတတ်တဲ့ မိန်းမမြတ်လေးပါပဲ။

အဲဒီလို လျှောက်ထားတော့ မြတ်စွာဘုရားက ဒကာလေး သင်ဟာ လင်ယောကျ်ား၏ အကျိုးစီးပွားကို ဘဝများစွာ အမြဲဆောင်ရွက်လာသူ ဖြစ်တယ်၊ လင်ယောကျ်ား၏အပေါ် ကြင်နာခဲ့တဲ့ အမျိုးသမီးတစ်ယောက် ဖြစ်တယ်ဟု

ဒုကနိပါတ်ပုဏ္ဏဘတ္တ လာဒေသနာကို ပြတယ်၊ ထိုအခါက
ဗာရာဏသီပြည်မှာ တောင်ညာစံဒေဝီ မဟေသီ မိဖုရား
ကြီး ဖြစ်၍ သင်၏ ယောက်ျားဖြစ်သူက ဗြဟ္မဒတ်မင်းကြီး
ဖြစ်ခဲ့တယ်၊ သင့်အပေါ်မှာ စိမ်းကားပေမယ့် သင်က
ကြင်နာ၍ သည်းခံခဲ့တဲ့အကြောင်း ငါဘုရား၏အလောင်း
အမတ်ချုပ်ကြီးက တစ်ဦးနှင့်တစ်ဦး အထူး ချစ်ကြည်နူး
အောင် ဟောပြောပြသ၍ နောက်ဆုံးတွင် ချစ်ချစ်ခင်ခင်
ကြင်ကြင် နာနာ ပေါင်းသင်းသွားကြတဲ့အကြောင်း ဟော
ပြောပြသ၍ သစ္စာလေးပါး မြတ်တရားကို ဟောကြား
တော်မူတယ်။

ဘယ်လို ဟောကြားခဲ့သလဲဆိုတော့ 'ယံပိစ္ဆံ န လဘတိ
တမ္ပိ ဒုက္ခံ' ဆိုတဲ့အတိုင်း သူ့ခမျာ အမျိုးသမီးလေးမှာ
ထမင်းမစားရသေးသည့်အပြင် လင်ဖြစ်သူက ထွက်သွား
သည့်အတွက် အမီလိုက်ရတော့ မောပန်း၍ ထမင်းဆာနေ
တုန်း ဗြုန်းခနဲဆို ထမင်းထုပ် ရောက်လာ၍ ဝမ်းမြောက်
ဝမ်းသာ ဖြစ်တာ မဟုတ်လား။

ဒါပေမယ့် လင်ယောက်ျားက အသနား အညှာတာ
နည်း၍ အကုန်ပဲ စားပစ်လိုက်တဲ့အခါ 'နူရာမှာငဲစွဲ၊ လဲရာ
မှာ သူခိုးထောင်း' ဆိုသလို အားငယ်မှာ စိတ်ကောင်း နိုင်
ဘော့မလဲ၊ တစ်ခါတည်း သေချင်လောက်အောင် ဖြစ်
သွားရှာမှာပေါ့၊ အဲဒါဟာ လိုချင်တာ မရတဲ့ ဒုက္ခသစ္စာ။

ဒီလို စိတ်ဆင်းရဲကိုယ်ဆင်းရဲ ဖြစ်ရတာဟာအကြောင်း
ရင်း ဇာတ်မြစ်ကို စစ်ကြည့်လိုက်တော့ သူကြွယ်ကို ချစ်မိ

ကြိုက်မိ နှစ်သက်မိလာခဲ့တဲ့ တဏှာနှင့် ထမင်းစားချင်တဲ့
တဏှာကြောင့် ဒီ ဒုက္ခသစ္စာမျိုး ပေါ်လာတာ၊ ဒီတော့
ချစ်ခင်တဲ့ တဏှာ၊ စားချင်တဲ့ တဏှာဟာ သမုဒယ
သစ္စာ ဖြစ်တယ်။

ဖြစ်ချင်လာရင်၊ ချစ်ခင်လာရင်၊ သွားချင် လာရင်၊
စားချင်လာရင် အကုန်လုံး ဒုက္ခဖြစ်တော့မယ်လို့မှတ်။ ချင်
တစ်လုံးဟာ အလွန်တရာ ဒုက္ခပေးတယ်နော် သတိထား။

စင်စစ်ကတော့ နှင့်ယောက်ျား သူကြွယ်က ဒုက္ခပေး
တာ မဟုတ်ဘူး၊ နှင့်သဏ္ဌာန်မှာ အမှန်မပြတ် ကိန်းဝပ်
လာခဲ့တဲ့ တဏှာကလေးက ဒုက္ခပေးတာ၊ ဒီတဏှာမပြတ်
မပြတ်သရွေ့ ဒုက္ခ ပေးနေဦးမှာပဲ။

ငါဘုရား သိဒ္ဓတ္ထမင်းသား ဘဝက တောထွက်သွား
တော့ ယသော်ဓရာ ဒုက္ခရောက်မနေဘူးလား၊ ရောက်
နေတယ်နော်၊ နောက် တဏှာ အကုန်ပြတ်၍ ရဟန္တာ
မြတ် အဖြစ်သို့ ရောက်သွားသောအခါ သူ့ခမျာ ဒုက္ခ
ဖြစ်သေးသလား၊ မဖြစ်တော့ဘူး၊ ဘုရားအဖြစ်သို့ ရောက်
အောင် လုပ်သွားတာပဲ၊ ကျေးဇူးတင်လို့မဆုံး တပြုံးပြုံး
ဖြစ်သွားတယ် မဟုတ်လား၊ စဉ်းစားကြည့်၊ အဲဒီလို ဒုက္ခ
သစ္စာ သမုဒယသစ္စာကိုလဲ သိရမယ်။

မိမိ ကိုယ်ခန္ဓာကြီးရဲ့ အဆုံးမှာ ဒုက္ခလုံးလုံး ပြတ်သွား
တဲ့ နိရောဓဓာတ် နိဗ္ဗာန်မြတ် ဆိုတာ ရှိတယ်၊ အဲဒါ
ဟာ အမြဲမကွာ ချမ်းသာနေတဲ့ သုခအစစ်ကြီးပဲ၊ အဲဒီ

ချမ်းသာ အစစ်ကြီးကို ပကတိမျက်စိဖြင့် မမြင်ရဘူး၊ ဉာဏ်မျက်စိ မှန်ပြောင်းတင်၍ ကြည့်လျှင်မြင်ရတယ်။

ထိုဉာဏ်မျက်စိ ဖြစ်ပေါ်လာအောင်ဟာ ဒုက္ခသစ္စာကို သိပြီး သမုဒယသစ္စာကို သတ်ရတယ်၊ ဒါပေမယ့် သိရတဲ့သစ္စာနဲ့ သတ်ရတဲ့သစ္စာဟာ ဝေးခြားစီ ဖြစ်နေတာ မဟုတ်ဘူး၊ ဒုက္ခသစ္စာသိလျှင် သမုဒယသစ္စာ သေတော့တာပဲ၊ သမုဒယသစ္စာ သေအောင် သတ်နိုင်လျှင် ဒုက္ခ သစ္စာ သိတော့တာပဲလို့ အမြဲ စိတ်ထဲမှာ မှတ်။

ဒုက္ခသစ္စာ သိအောင်၊ သမုဒယသစ္စာ သတ်နိုင်အောင်၊ နိရောဓသစ္စာ နိဗ္ဗာန်မြတ်ကို မြင်အောင် ဘယ်လိုလုပ်မတုံးလို့ မေးစရာရှိတယ်။

## သစ္စာလေးပါး အတိုချုပ်

ဒီတော့ သစ္စာလေးပါးကို သိအောင် ဘယ်လို အားထုတ်ရမလဲလို့ မေးရာရှိတာကို အတိုချုပ်နဲ့မှတ်ထား။

(၁) ဖြစ်ချင်ဖြစ်။

(၂) မဖြစ်ချင် မဖြစ်လို့မှတ်။

ဖြစ်ချင်တာက သမုဒယသစ္စာ၊ ဖြစ်တာက ဒုက္ခသစ္စာ၊ ဤသစ္စာနှစ်ပါးဟာ သံသရာထဲ ဆင်းရဲအောင်၊ တစ်ဝဲလည်လည်ဖြစ်နေအောင် လည်စေတတ်တဲ့ ဝဋ္ဋသစ္စာ၊ လောကီသစ္စာလို့ မှတ်။

မဖြစ်ချင်တာက မဂ္ဂသစ္စာ၊ မဖြစ်တာက နိရောဓသစ္စာ၊ ဤသစ္စာနှစ်ပါးဟာ သံသရာဝဋ်မှ လွတ်အောင်၊ ကျွတ်အောင် လောကီမှ ထွက်မြောက်အောင် ဆွဲဆောင်တဲ့ သစ္စာဖြစ်လို့ ဝိဝဋ္ဋသစ္စာ လောကုတ္တရာ သစ္စာလို့မှတ်။

ဒီသစ္စာနှစ်ပါး ချုပ်ငြိမ်းသွားအောင် မှန်ကန်စွာသိတဲ့ သမ္မာဒိဋ္ဌိတရား ဖြစ်ပွားလာအောင်ဟာ မိမိခန္ဓာကိုယ်အတွင်း သမာဓိသွင်း၍ အသျှင်းမပြတ်မခြား သတိရတရားတွေကို မဂ္ဂင်ရှစ်ပါးဖြင့် ပွားများလိုက်လို့ ဆိုဆုံးမတော်မူတဲ့အခါ ဇနီးမောင်နှံနှစ်ဖြာမှာ ဘယ်သူ ဘယ်ဝါကြောင့် ဒုက္ခဖြစ်ရသည် မဟုတ်၊ ချစ်ခင်တဲ့ တဏှာ၊ စားချင်တဲ့ အာသာကြောင့်ပဲဟု စိတ်ထဲ၌ အမှန်တရား သိသွားကြသဖြင့် မြတ်စွာဘုရား ဟောကြားတော်မူအပ်သော သစ္စာလေးပါးမြတ်တရား၏ အဆုံး၌ ဇနီးမောင်နှံနှစ်ယောက်လုံး သောတာပန် တည်သွားကြပါတယ်။

အပါယ် လွတ်ကင်းတဲ့ မေတ္တာဓာတ် အလင်းတို့ဖြင့် အချင်းချင်း တစ်ဦးနဲ့တစ်ဦး အထူးကြည်နူး ချစ်ခင်စွာ ပေါင်းသင်းလို့၊ အကြောင်းရင်းကို အမှန်သိပြီး နိဗ္ဗာန်ထိ ချမ်းသာသွားကြပါတယ်။ ဝမ်းမြောက်စရာ ကောင်းလိုက်တာနော်၊ ဇနီးမောင်နှံနှစ်ဦးလဲ ပြုံးပြုံး ပြုံးပြုံးနဲ့ ဘယ်တော့မှ မမုန်းနိုင်တဲ့ အဖြစ်မျိုး ရောက်သွားကြပါတယ်။

ကဲ ကဲ ဤဝတ္ထုသုတ္တန် တရားကိုထောက်၍ မိမိတို့မှာလဲ ဆင်းရဲတဲ့ ဒုက္ခဖြစ်ကြတဲ့ ပုဂ္ဂိုလ်လို့ မရှိနိုင်ဘူး။

လင်ဒုက္ခ, မယားဒုက္ခ, သားဒုက္ခ, သမီးဒုက္ခ, ပစ္စည်းဒုက္ခ, ဆွေမျိုးဒုက္ခတွေ တွေ့ဖူးကြမှာပဲ။

ဒီတော့ ဒီဒုက္ခတွေ ဖြစ်နေတာဟာ လင်ကြောင့်မယား ကြောင့် ဘယ်သူ ဘယ်ဝါကြောင့်လို့ အပြစ်မတင်ဘဲ ဒီခန္ဓာကိုယ်ကြီးဆိုတဲ့ ရုပ်နာမ်သင်္ခါရ တရားတွေ ရှိနေလို့သာ ဆင်းရဲဒုက္ခဖြစ်ကြရတာပဲ။

သစ္စာလေးပါး အမြတ်တရားကို သိအောင် အားထုတ်နိုင်တဲ့ လူ့ဘဝကြီး ရလာတဲ့အခါ ပဋိသန္ဓေလဲ မနေရ, မအိုရ, နာလဲ မနာရ, သေလဲ မသေရတဲ့ အသခ်တဆိုတဲ့ အချမ်းသာ အမြတ်ဆုံးဖြစ်သော နိဗ္ဗာန်သို့ရောက်အောင် သစ္စာလေးပါးကို ပိုင်းခြား၍ ထိုးထွင်းသိတဲ့ ပဋိဝေဓ အသိမျိုးရအောင် အားထုတ်ကြ။ ဒါမှ သံသရာဒုက္ခတွင်းမှ လွတ်ကင်းကြမယ်။

မြတ်စွာဘုရား လက်ထက်က ရောဟိတဿ နတ်သားက မြတ်စွာဘုရားကို လာလျှောက်တယ်။

"ဘုန်းတော်ကြီး သော မြတ်စွာဘုရား၊ အကြင်အရပ်မှာ ပဋိသန္ဓေလဲ မနေရ၊ အိုလဲ အိုရ၊ သေလဲ မသေရ၊ နောက်ထပ်တစ်ဖန် အသစ်ပြန်လို့လဲ မဖြစ်ရတဲ့ လောကကြီး ဆုံးသွားသောအရပ်သို့ သွားခြင်းငှာ တတ်ကောင်းပါသလား" ဟု လျှောက်ထားတယ်။

ဒီတော့ ဘုရားရှင် ကိုယ်တော်မြတ်ကြီးက "ဂမနေန နပတ္တဗ္ဗော၊ လောကဿန္တော ကုဒါစနံ။ နစအပတွာ

လောကန္တ၊ ဒုက္ခာအတွက် ပမောစန်’’လို့ ပြန်ပြီး ဖြေတော်မူပါတယ်။

အခိပ္ပာယ်ကား ‘‘အသင် လောဟိတဿနတ်သား၊ သင်လျှောက်ထားတဲ့ အရပ်သို့ ခြေဖြင့်သွားလို့ မရောက်ဘူး၊ မရောက်တဲ့နဲ့လဲ သင်ပြောတဲ့ ပဋိသန္ဓေ နေရခြင်းစသော လောက၏ အဆုံးဖြစ်တဲ့ ဒုက္ခသုံးလုံး ကင်းလွတ်သွားတယ်သို့လဲ မရှိဘူး’’လို့ ဆိုလိုပါတယ်။

ဒီတော့ ရောဟိတဿနတ်သားက ‘‘အရှင်ဘုရားစကားသည် အလွန်မှန်ပါသည်ဘုရား၊ တပည့်တော် အတိတ်ဘဝက ဖြစ်ရပုံလေးကို အရှင်ဘုရား ခွင့်ပေးပါလျှင် လျှောက်ထားချင်ပါတယ်ဘုရား’’ဟု ခွင့်ပန်ပြီး လျှောက်ထားတယ်။

‘‘တပည့်တော် ရှေးအခါက လူ့ပြည်မှာ မုဆိုးတစ်ဦး၏သား ဖြစ်ဖူးခဲ့ပါတယ်၊ ထိုဘဝမှာ ကောင်းကင်တွင် ထင်သလိုသွားနိုင်သော တန်ခိုး ဣဒ္ဓိပါဒ်နဲ့ ပြည့်စုံတဲ့ ရောဟိတဿရသေ့ ဖြစ်ခဲ့ဖူးပါတယ်။

‘‘ကောင်းကင်မှာ ဘယ်လောက်များ လျင်မြန်စွာ သွားနိုင်သလဲဆိုတော့ တစ်စက္ကန့်အချိန်မျှနှင့်ပင် တပည့်တော် ဖြစ်ရသော စကြဝဠာကြီးတစ်ခုလုံး ဆုံးအောင်သွားနိုင်ပါတယ်’’

ကဲ...စဉ်းစားကြည့်ကြစမ်း၊ ယခုကာလ လေထက်မြန်တဲ့ လေယာဉ်ပျံတွေ၊ လကမ္ဘာသို့ သွားနိုင်တဲ့ ဒုံးပျံတွေဟာ အဲဒီရသေ့သောက် ဘယ်မှာ မြန်နိုင်လို့လဲ။

ဒါကြောင့် သိပ္ပံပညာရပ်တွေဟာ ဒီရသေ့ရဲ့ တန်ခိုးဣဒ္ဓိပါဒ်နဲ့ နှိုင်းစာရင် ဘာမှ မချီးကျူးလောက်ပါဘူး။ အထူးအဆန်းကြီး မှတ်မနေကြနဲ့။

ထို့နောက် ရောဟိတဿနတ်သားက ထပ်မံလျှောက်ထားတယ်၊ "တပည့်တော် စကြဝဠာ အဆုံးသွားမယ်ဆိုပြီး စားချိန်, သောက်ချိန်, ကျင်ကြီးကျင်ငယ်စွန့်ချိန်ကလွဲလို့ ကျန်အချိန်ရှိသမျှ သွားကြည့်လိုက်တာ အသက်တစ်ရာ ကုန်ဆုံးလို့ သေခဲ့ရပါတယ်၊ လောက၏အဆုံးသို့ မရောက်ခဲ့ပါဘူး" ဟု လျှောက်တယ်။

ဒီစကားကိုထောက်ထား၍ စကြဝဠာဟာ အများကြီး၊ ကမ္ဘာဟာ အများကြီး၊ အသင်္ချေအနန္တ ရှိတယ်ဆိုတာ ထင်ရှားပါတယ်၊ ယခုခေတ်ပေါ် သိပ္ပံအကျော်ကြီးတွေကလဲ ဝန်ခံကြတယ်လို့ သိရတယ်။

ရောဟိတဿနတ်သားဟာ သူဖြစ်ချင်သလို သူ့ဆန္ဒအတိုင်း ဇမ္ဗူဒီပါ လက်ယာတောင်ကျွန်းတွင် နတ်သားဖြစ်လာတော့ မြတ်စွာဘုရား ဟောကြားတာဟာ သူကိုယ်တိုင်သွားကြည့်ဖူးသဖြင့် တယ်မှန်ပါကလား လို့ဝန်ခံတယ်။

"ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား၊ သွားလို့ မရောက်ဘူးဆိုတာတော့ ကိုယ်တိုင်ကြုံဖူးလို့ ယုံကြည်ပါပြီ ဘုရား၊ ထိုအရပ်သို့ မရောက်ဘဲနဲ့လဲ လောက၏အဆုံးမှ မလွတ်ဘူးဆိုသဖြင့် ဘယ်လိုလုပ်မှ လွတ်မယ်

ဆိုတာ ထပ်မံ၍ မိန့်ကြားတော်မူပါဘုရား” လို့ ပြန်၍ လျှောက်ထားတယ်။

ဒီတော့မှ ဒုက္ခအဆုံး လောကအဆုံး ရောက်နိုင်တဲ့ သစ္စာလေးပါးကို ဟောဒီလို ဟောကြားပါတယ်။

‘ဣမသ္မိံယေဝ ဗျာမမတ္တေ ကဠေဝရေ သ သညိမှိ အစ ရှိသော ပါဠိကို မိန့်ကြားတော် မူပါတယ်။

သ သညိမှိ၊ အမြင်အကြား အမှတ်အသားလည်း ရှိထသော။ သမနကေ၊ အထူးထူး အပြားပြား အသိ တရားလည်း ရှိသော။ ဗျာမမတ္တေ၊ အတိုင်းအဆ တစ်လံ မျှသာရှိသော။ ဣမသ္မိံယေဝ ကဠေဝရေ၊ ဤခန္ဓာကိုယ်ရုပ် အကောင်ပုပ်ကြီး၌ သာလျှင်။ လောကဥ္စ၊ ဖြစ်ပျက် ဖြစ် ပျက်နဲ့ အသစ်အသစ် ဆက်၍ နေသော ဒုက္ခသစ္စာကို သည်းကောင်း။ လောက သမုဒယဥ္စ၊ ဒုက္ခသစ္စာဖြစ်ကြောင်း တဏှာအပေါင်းဟု ဆိုအပ်သော သမုဒယသစ္စာကို လည်းကောင်း။ လောကနိရောဓဥ္စ၊ ဒုက္ခသစ္စာချုပ်ရာ အနှုန်း မြတ်နိဗ္ဗာန်ဟု ဆိုအပ်သော နိရောဓသစ္စာကို လည်းကောင်း။ လောက နိရောဓ ဂါမိနိပဋိပဒဥ္စ၊ ဒုက္ခ ချုပ်ရာ ဆုံးရာအနှုန်း မြတ်နိဗ္ဗာန်ရောက်ကြောင်း အကျင့် ကောင်း ဖြစ်သော မဂ္ဂသစ္စာကို လည်းကောင်း။ အဟံ၊ လောက တစ်ခုသုံး အဆုံးသိငြား ငါဘုရားသည် ပညာပေမိ၊ ထူးထွေပိုင်းခြား ဟောကြား ပညတ်တော် မူလေ သတည်း။ သာဓု သာဓု သာဓု။

ကဲ....လောကရဲ့အဆုံး သိချင်တဲ့ပုဂ္ဂိုလ်တွေ၊ ပဋိသန္ဓေမနေရ မအိုရ မနာရ မသေရတဲ့အရပ်သို့ ရောက်ချင်တဲ့ပုဂ္ဂိုလ်တွေ တကယ်သိချင်၊ တကယ် ရောက်ချင်ရင်ခြေဖြင့်ယာဉ်ဖြင့် တန့်ခိုး ဣဒ္ဓိပါဒ်ဖြင့် မသွားနဲ့၊ ဓမ္မယာဉ် ခေါ်တဲ့ သစ္စာလေးပါး၊ အနိစ္စ စသော လက္ခဏာယာဉ် သုံးပါးတို့ဖြင့် သွားမှ လောကကြီး၏ အဆုံးကို သိတယ်၊ ပဋိသန္ဓေမနေရ, မအိုရ, မနာရ, မသေရတဲ့ အရပ်သို့ ရောက်တယ်ဆိုဘာ သေချာစွာ သိကြပေတော့။

ယခုကာလ လူ့လောက နတ်လောက ဗြဟ္မာလောက အပါယ်လေးဘုံသား လောကလို့ ဆိုနေကြတာဟာ၊ တရားကိုယ် အရ တွက်ဆလိုက်ရင် ဖြစ်ပျက်ပဲ တွေ့ရတယ်။ လူတွေလဲ ဖြစ်ပျက် ဖြစ်ပျက်နဲ့အသစ်အဆင်းဆက်ဖြစ်နေကြတာပဲ။ နတ်တွေ,ဗြဟ္မာတွေ,နောက်ဆုံး အပါယ်လေးဘုံသားတွေလဲ ဖြစ်ပျက်ပဲ ရှိတယ်။ ဘာမှ လူရယ်နတ်ရယ် ဗြဟ္မာရယ် အပါယ်လေးဘုံသားရယ်လို့အကောင်အထည် မရှိဘူး။

ဒါကြောင့် လောကကို မှတ်ကျောက်တင်သည့် အနေဖြင့် ဝိဂြိုဟ်ဆိုကြည့်လျှင်‘လုဇ္ဇတိ ပလုဇ္ဇတိ တိလောကော’တဲ့။ လုဇ္ဇတိ၊ အပျက်ကလေး ပျက်တတ်၏။ ပလုဇ္ဇတိ၊ အပျက်ကြီး ပျက်တတ်၏။ ဣတိ၊ ထို့ကြောင့်။ လောကော၊ လောကမည်၏တဲ့။

လောက၌ ရှိသမျှ သက်ရှိ သတ္တဝါ ပုဂ္ဂိုလ်များ ဖြစ်စေ၊ သက်မဲ့အရာ ဝတ္ထုများဖြစ်စေ ဥပါဒ် ဌီတင်ဟု ဆိုအပ်

သော ခဏိက မရဏ အားဖြင့် မယင်မရှား အပျက်ကလေးတွေ ပျက်နေတာပဲ၊ ဒါကြောင့် သက်မဲ့ဝတ္ထုတွေသဲ ကြာရင် ဆွေးမြည့်သွားကြတယ်။

သက်ရှိ ပုဂ္ဂိုလ် သတ္တဝါများကျတော့ ပိုင်းခြားတဲ့ သက်တမ်း ကုန်ရင် သေသွားကြရတယ် အဲဒီလို နောက်ဆုံး ဆွေးမြည့်သွားတာ၊ သေဆုံးသွားတာကို အပျက်ကြီး ပျက်တယ်လို့ ခေါ်တယ်။ ပျက်တယ်ဆိုတာ မဖြစ်ဘဲနဲ့ မပျက်ဘူး၊ ဖြစ်ပြီးမှသာလျှင် ပျက်တဲ့ သဘောရှိတယ်။ ဒါကြောင့် သက်ရှိ ပုဂ္ဂိုလ်သတ္တဝါတွေဖြစ်စေ၊ သက်မဲ့သစ်ပင် တောတောင် ရေမြေသမုဒ္ဒရာဖြစ်စေ လောကကြီး တစ်ခုလုံး ဖြစ် ဖြစ်ပြီး ပျက် ပျက်နေတယ်လို့ မှတ်။

ဒါကြောင့် အသင်လောဟိတဘဿနတ်သား လောကကြီး တစ်ခုလုံး အဆုံးသိချင်ရင် မိမိ၏ တစ်လံမျှလောက်သာ ရှိသောခန္ဓာကိုယ်ကြီးဟာ သူ့အလိုလိုသာဖြစ်ပျက်ဖြစ်ပျက် နေတဲ့ ဒုက္ခသစ္စာကို သိအောင်ကြည့် အခြားအဝေးကြီး သွားပြီးကြည့်နေစရာ မလိုဘူး၊ ဒါကိုပဲ လောကဥ၊ ဖြစ်ပျက် ဖြစ်ပျက်နဲ့ အသစ် ဆက်ဆက်ဖြစ်နေသော ဒုက္ခသစ္စာကို လည်းကောင်း။ ပညာပေမိ ရှုဖို့ရာ တရား ပိုင်းခြား သက်မှတ် ပညတ်တော်မူအပ်၏ဟု ဆိုတာ ဖြစ်တယ်။

နောက်ထပ်တစ်ခါ အဘယ့်ကြောင့် လောကကြီး တစ်ခုလုံး သိမ်းကျုံး၍ ဖြစ် ပျက် နေရသလဲဟု စိတ်ထဲ၌ အကြောင်းကို ရှာလိုက်တော့ သမုဒယသစ္စာဆိုတဲ့ တဏှာကို တွေ့ရတယ်၊ သူ့ကို အရင်းခံ၍ အပြင်းအထန် ဆင်းရဲ

ဒုက္ခ ရောက်နေကြရတာပဲလို့မှတ်၊ ဒါကြောင့် လောက သမုဒယဥ္စ၊ ဆင်းရဲဒုက္ခဖြစ်ကြောင်း ဟိုဟာ ဒီဟာ လိုချင်တဲ့ တဏှာအပေါင်းကို လည်းကောင်း။ ပညာပေမိ၊ ပယ်ဖို့ရာတရား ပိုင်းခြား သတ်မှတ် ပညတ်တော်မူ၏လို့ ဆိုပါတယ်။

ထိုသို့ ဟိုဟာ ဒီဟာ လိုချင် ဟိုလိုဒီလို ဖြစ်ချင်တဲ့ တဏှာ စိတ်ကို သတ်လိုက်လျှင် သင် လောဟိတသ နတ်သား လိုလား တောင့်တတဲ့ လောက၏ အဆုံးသို့ ရောက်မယ်၊ ပဋိသန္ဓေ တည်နေရခြင်း အိုရခြင်း နာခြင်း သေရခြင်း နောက်ထပ် တစ်ဖန် ပြန်ဖြစ်ခြင်း ဒုက္ခတွေ ဟာ အသိုလိုသာ ဇာတ်သိမ်း၍ ပြတ်ငြိမ်းသွားမယ်၊ ဒါကို ရည်ရွယ်၍ လောကနိရောဓ္ဓ၊ ဒုက္ခချုပ်ဆုံးရာ အမှန် မြတ်နိဗ္ဗာန်ကို လည်းကောင်း။ ပညာပေမိ၊ ဇာတ်သိမ်းရာ တရား ပိုင်းခြား ပညတ်တော်မူ၏လို့ ဟောပါတယ်။

အနမတဂ္ဂ၊ အစမသင် သံသရာ အခွင်ကစ၍ အပျက် ကြီး အပျက်ခလ ပျက်လာရတဲ့ ဒုက္ခဆင်းရဲကို အမြဲ လာတာ နင်ပဲလို့ ခဏခဏ ရှုမှတ်ဖန် များတော့ ဒီခန္ဓာကိုယ် ကြီးကို ငြီးငွေ့လာမယ် ငြီးငွေ့သွားအောင်လဲ ခန္ဓာကိုယ် အတွင်း သမာဓိသွင်း၍ ဝိပဿနာ ဉာဏ်အလင်းဖြင့် အပြင်းအသန် အဖန်ဖန်အထပ်ထပ် ရှုမှတ်နေတော့ ခံစားနေရတာ ချမ်းသာတယ်လို့ ထင်နေတဲ့ လူချမ်းသာ နတ်ချမ်းသာ ဗြဟ္မာ ချမ်းသာတွေဟာ အလကားပဲ မမြဲဘူး မမြဲဘဲ ခန္ဓာကိုယ်ကြီးကို အလိုရှိနေလို့ မသင့်လျော်ဘူးလို့

အတော်ထူးတဲ့ သမ္မာဒိဋ္ဌိဉာဏ် ပေါ်လာရင် လိုချင်ဖြစ်ချင်တဲ့ သမုဒယသစ္စာဟာ အငုတ်ပါမကျန် အနှန်သေသွားတာပဲ၊ သီလ သမာဓိ ပညာဆိုတဲ့ မဂ္ဂသစ္စာဖြစ်လာတာပဲ၊ ဒါကို ရည်ပြီးတော့ သောက နိရောဓဂါမိနိပဋိပဒဒ္ဓ၊ ဒုက္ခအားလုံးချုပ်ငြိမ်းရာ အမှန် မြတ်နိဗ္ဗာန်သို့ ကောန်ရောက်ကြောင်း အကျင့်ကောင်းဖြစ်သော မဂ္ဂသစ္စာကိုလည်း၊ ပညာပေမိ၊ အားထုတ်ရန်တရား ပိုင်းခြားသတ်မှတ်ပညတ်တော်မူလေသတည်း။

သာဓု သာဓု သာဓု—

## ကိုယ်ရှုမှတ်ပုံနှင့် တွေ့လို အပြစ်မဆိုနဲ့

တရားအားထုတ်တယ်ဆိုတာ ဒုက္ခကို သိအောင် လုပ်ရတာ၊ ဒုက္ခသိတယ်ဆိုပေမယ့် အိုမှုအိုမှန်း သိတယ်၊ နာမှုနာမှန်းသိတယ်၊စိတ်ဆင်းရဲလာမှ ငိုတယ်၊ ပြီး စိတ်ဆင်းရဲတယ်လို့ သိတဲ့ အသိမျိုးနဲ့ တရားမရဘူး၊ အဲဒီ ဒုက္ခတွေက ပညတ်ဒုက္ခတွေ၊ အိုတာပြုပြင်လိုက်ရင် ပျောက်သွားတယ်၊ နာတာ ပြုပြင်လိုက်ရင် ပျောက်သွားတယ်၊ စိတ်ဆင်းရဲတာလဲ ခဏပဲ၊ တော်တော်ကြာ ပျော်စရာတွေ့ရင် ပျော်လာတာပဲ။

အမှန်ကတော့ ခန္ဓာကိုယ်ဆိုတဲ့ ရုပ်နာမ်တရားတွေ ဖြစ်ပျက် ဖြစ်ပျက်နဲ့ ရှိနေသမျှ ဒုက္ခပဲလို့ သင်္ခါရဒုက္ခ ပရမတ်ဒုက္ခကို သိမှ အသိအစစ် ဖြစ်တယ်၊ သိလာရင် ဒုက္ခဟာ

ဟာ အဘယ့်ကြောင့် ဖြစ်ရသလဲလို့ အမှန်အတိုင်းအကျသိရအောင် လုပ်ရတယ်၊ အဲဒီအသိကလဲ မောင်ဖြူကြောင့် မောင်မဲကြောင့်လို့ အသိလွဲနေလျှင် တရားမရဘူး၊ 'သံသရာအစ အဝိဇ္ဇာတဏှာက' ဆိုသလို အဝိဇ္ဇာနှင့်တဏှာကြောင့် ဖြစ်လာရတယ်သို့ အကြောင်းရင်း ဇာစ်မြစ် ပေါ်ရင်းထိ အသိမျိုး သိမှ အသိအစစ် ဖြစ်တယ်။

သိလာလျှင်လဲ သူ့ကို အလိုမလိုက်တဲ့ တင်ခါတည်း အငုတ်ပြတ် သတ်လိုက်မှ ဖြစ်မယ်၊ ပယ်လိုက်မှ ဖြစ်မယ်လို့ တကယ် သိရတယ်၊ တကယ် သိအောင်ဟာ သီလသမာဓိ ပညာဆိုတဲ့ မဂ္ဂင်ရှစ်ပါးပွားများရတယ် ဆိုပေမယ့် တခြား အဝေးကြီးသွားပြီးပွားများနေရတာ မဟုတ်ပါဘူး၊ ကိုယ်ခန္ဓာအတွင်းခေတ်မှာ အမြဲမပြတ် တလျှပ်လျှပ် ဖြစ်ပျက်နေတဲ့ ရုပ်နာမ်နှစ်ပါးကို ရှုမှတ်ရတာပါပဲ။

ရှုမှတ်တဲ့နေရာမှာလဲ စိတ်ကို ငယ်ထိပ်မှာထားရှုရှု၊ ရင်မှာ ထားရှုရှု၊ နှာခေါင်းမှာထားရှုရှု၊ ဝမ်းထဲမှာထား ရှုရှု ရုပ်နာမ် နှစ်ပါးကို နာမ်ဆိုတဲ့စိတ်နှင့် ရှုတာဟူသမျှ အမှန်ချည်းပါပဲ၊ကိုယ် ရှုမှတ်တာနဲ့ မတူလို့ အခြားရိပ်သာတွေ အခြားဆရာ ပြတာတွေ သွားပြီး မပြစ်မှားနဲ့ ပြစ်မှားလျှင် 'ဝဇီဒုစ္စရိတ် ဟိတ္တာ ဝါစာယ သုစရိတံစရေ' လို့ ဆိုထားတယ်၊ ဝစီဒုစရိုက် ပယ်စွန့်ပြီး ကျင့်မှ နိဗ္ဗာန်နှင့် နီးတယ် သတိထားဖို့ အလွန်ကောင်းတယ်။

ဒါကြောင့် ဘယ် ရိပ်သာမှာ သွားပြီး အားထုတ် အားထုတ် ရုပ်နာမ်ကို စိတ်ဖြင့်ရှုမှတ် ရတယ်ဆိုလျှင် မှန်တာ

ချည်းပါပဲ၊ ဝိပဿနာဟာ နည်းလမ်းကွဲပေမယ့် စည်းကမ်းမလွဲမှားလျှင် မှားတယ်လို့ မဆိုနိုင်ဘူး။

ဒါပေမယ့် ရုပ်နာမ်ကလွဲပြီး လှတာ ပတာ ယဉ်တာ ချောတာကို ရှုရမယ် သို့မဟုတ် ရုပ်နာမ်မရှုဘဲ မျက်လုံးကလေးကဘယ်ဟန်နှာတံကလေးက ဘယ့်နှယ်၊ ပါးကလေးကဆိုပြီး သမီးရည်းစား ရှုသလို ရှုရမယ် ဆိုရင်တော့ ထိုရိပ်သာဟာ တရားရှုတာ မဟုတ်ဘူး၊ အမှား ရှုတာ မတရားရှုတာ သို့မှတ်၊ ရာဂ မဖြစ်ပွားအောင် လုပ်ရမယ့် အလုပ်ဟာ ရာဂပွားအောင် လုပ်နေတဲ့ အလုပ် ဖြစ်လေသောကြောင့် အမှားတရား အသကား တရားလို့ ပြောပေတော့၊ ဒီလို ရိပ်သာမျိုး ယခု ထိတော့ မရှိပါဘူး၊ ကြားလဲ မကြားဖူးပါဘူး။

အရေးကြီးတာက ကိုယ်ကြိုက်တာ ကိုယ့်စရိုက်နှင့် လျော်တာ ရှုမှတ်နိုင်ကြပါတယ်၊ ကိုယ်ကြိုက်တာ ကိုယ့်စရိုက်နှင့် လျော်တယ် ဆိုတာ ရှုမှတ်ကြည့်တဲ့အခါ တခြား အာရုံတွေ မပြေးဘဲ၊ အာရုံနဲ့ ရှုမှတ်တဲ့စိတ်နဲ့ အံဝင်ခွင်ကျ သမာဓိရပြီး သမ္မာဒိဋ္ဌိဉာဏ် တစ်ခဏနဲ့ ရလွယ်တာကို ဆိုပါတယ်။

ဘုရားမဟုတ်ကြတော့ ဘယ်ကမ္မဋ္ဌာန်း ရိပ်သာမှာ ဘယ်ဆရာတော်ပဲ ဖြစ်ဖြစ်၊ ဘယ်ကမ္မဋ္ဌာန်း ဆရာပဲဖြစ်ဖြစ် သူတစ်ပါး အလိုဆန္ဒ မသိကြတော့ အတိအကျ မပြောနိုင်ကြဘူးပေါ့။

ဒါကြောင့် မိမိနှင့် အဆင်ပြေသော သင့်လျော်တဲ့ ရိပ်သာတွေမှာ အချိန်ရသလောက် သွားပြီး အားထုတ်ကြ လျှင် ဆိုသူဟာ သံသရာရိက္ခာကို ယူဘတ်တဲ့ ပုဂ္ဂိုလ်၊ လူ ဖြစ်ကျိုးနပ်ပြီး သာသနာနဲ့ တွေ့ကြုံရကျိုး မြတ်တဲ့ပုဂ္ဂိုလ် လို့ ဆိုနိုင်ပါတယ်။

ကဲ-စကားရှည်သွားပြီ၊ တရားအားထုတ်ပုံ အားထုတ် နည်းကို ဆက်ကြဦးစို့။

ဝင်သက် ထွက်သက်ဆိုတဲ့ အာနာပါနဿတိ အား ထုတ်မယ်ဆိုလျှင် ရှေးဦးစွာ သိထားဖို့က (၁) အဖြစ် သစ္စာ၊ (၂) အချစ်သစ္စာ၊ (၃) အချုပ်သစ္စာ၊ (၄) အသုပ်သစ္စာလို့ ရှိတယ်။ ဒုက္ခသစ္စာကား အဖြစ်သစ္စာ၊ သမုဒယ သစ္စာကား အချစ်သစ္စာ၊ နိရောဓသစ္စာကား အချုပ်သစ္စာ၊ မဂ္ဂသစ္စာကား အလုပ်သစ္စာလို့ မှတ်ထား။

လယ်တီဆရာတော် ဘုရားကြီးကတော့ ဒေသနက္ကမ လိုက်၍ 'သိ ပယ် ဆိုက်ပွား လေးပါးသစ္စာ'လို့ အစဉ် ထားတယ်၊ ဒါပေမယ့် အားထုတ် ကျင့်ကြံရမယ့် အလုပ် သဘောနဲ့ ပြောရလျှင် မဂ္ဂသစ္စာက စပြီး အားထုတ်ရ မည် ဖြစ်သောကြောင့် ပဋိပတ္တိက္ကမ အစဉ်အားဖြင့် 'ပွား သိ ပယ် ဆိုက်၊ အစဉ်လိုက်၊ ဖြစ်တိုက် အရိယာ'လို့ အစဉ် ထားလိုက်၊ သို့ဖြင့်၍ အလုပ်သစ္စာဖြစ်တဲ့ မဂ္ဂသစ္စာက စပြီး အားထုတ်။

မဂ္ဂသစ္စာက စပြီး ပွားများမှ ဒုက္ခသစ္စာဆိုတဲ့ သင်္ခါရ တရားတို့၏ ဖြစ်ပျက်မှု အနိစ္စ ဒုက္ခ အနတ္တ လက္ခဏာရေး

သုံးပါးစုကို အထင်အရှား သိလာမယ်၊ ဒုက္ခမှန်း အတိအကျ သိမှ သမုဒယသစ္စ ဆိုတဲ့ တဏှာကို ပယ်နိုင်မယ်၊ သမုဒယသစ္စာဆိုတဲ့ တဏှာကို ပယ်နိုင်လျှင် ကျွန်ုပ်တို့ လိုချင်တဲ့ နိရောဓသစ္စာကို ပိုင်ပါပြီ၊ ပိုင်တယ်ဆိုတာ အာရုံပြုနိုင်ပြီလို့ ပြောတာ မှတ်။

သို့ဖြစ်၍ ဖြစ်ပျက်နေတဲ့ အိုနာသေရေး ဒုက္ခဘေးတွေမှ လွတ်ချင်လျှင် 'ငါ ကြွင်းဆိန္နင့် ငါးကြွင်းကြွင်' သည်လို ဒီခန္ဓာငါးပါး ရုပ်နာမ်တရားတွေကိုပဲ ရှုမှတ်ရတယ်၊ ယခု တရား အားထုတ်နေကြတဲ့ ယောဂီတွေ ဘဝ ဘဝကလဲ ပါရမီတွေ ပါလာ၍ ရှုမှတ်တဲ့ အခါမှာလဲ မလျှော့သော ဇွဲလုံ့လဖြင့် ပြင်းပြင်းထန်ထန် ထက်သန်စွာ အားထုတ်မယ်ဆိုလျှင် ဉာဏ်စဉ်အဆင့် မြင့်သထက် မြင့်ပြီး မိမိရှုမှတ်နေတဲ့ အရှုခံ အာရုံနဲ့ ရှုမှတ်နေတဲ့ စိတ်ကလေးဟာ တစ်ခါတည်း မပြတ် ဖြစ်နေရာမှ ပြတ်သွားတဲ့ ရပ်သွားတဲ့ နိဗ္ဗာန်ကို မြင်ပါလိမ့်မယ်။

အစဉ်အတိုင်း ဖြစ်စဉ်ကို ပြောမယ်ဆိုလျှင် တရားရှုမှတ်လို့ သမာဓိ အားကောင်းလာလျှင် ငါ သူ တစ်ပါး ယောကျ်ား၊ မိန်းမ၊ အကောင်အထည် အရှည်အတို ထင်နေတဲ့ ပညတ်တွေ ပျောက်သွားတယ်၊ ပျောက်သွားရင် ပရမတ် မြင်တာပဲ၊ ပရမတ် မြင်တော့ ဖြစ်ပျက်အစဉ်ကို သိတယ်၊ ဖြစ်ပျက်အစဉ် ရုပ်နာမ်အစဉ် ပျောက်သွားရင် နိဗ္ဗာန်ကို မြင်တယ်လို့ ဆိုရတာပါပဲ။

ကဲ-ကဲ သစ္စာ လေးပါးသိမှ နိဗ္ဗာန်ကို မြင်တယ်ဆိုတော့ သစ္စာလေးပါးကို ထင်ပြီး စဉ်ကြည့်ကြစို့။

'ဖြစ်ချင်တာဖြစ် မဖြစ်ချင်မဖြစ် သစ္စာလေးပါးအစဉ်' ဆိုသည့်အတိုင်း ဖြစ်ချင်တာက သမုဒယသစ္စာ၊ ဖြစ်တာက ဒုက္ခသစ္စာ၊ အဲဒါက သံသရာလည်တဲ့ လောကီသစ္စာ နှစ်မျိုး အကြောင်းအကျိုး ဖြစ်တယ်။

ဖြစ်ချင်တာက အကြောင်း သမုဒယသစ္စာ၊ ဖြစ်တာက အကျိုး ဒုက္ခသစ္စာ၊ ဤသစ္စာ နှစ်ပါးက မကောင်းတဲ့ အကြောင်းနဲ့ မကောင်းတဲ့ အကျိုးမှတ်၊ ဘာပြုလို့လဲ ဆိုတော့ အိုဖို့ နာဖို့ သေဖို့ အကြောင်းနဲ့ အိုခြင်း နာခြင်း သေခြင်းဆိုတဲ့ အကျိုးတွေဖြစ်နေတာကိုး သိကြပလား။

ဒါဖြင့် ရှေ့သွား မဖြစ်ချင်တာက မဂ္ဂသစ္စာ၊ မဖြစ်တာက နိရောဓသစ္စာ၊ အဲဒါက သံသရာပြတ်တဲ့ လောကုတ္တရာသစ္စာနှစ်မျိုး အကြောင်း အကျိုး ဖြစ်တယ်။

မဖြစ်ချင်တာက အကြောင်း မဂ္ဂသစ္စာ၊ မဖြစ်တာက အကျိုးနိရောဓသစ္စာ၊ ဤ သစ္စာနှစ်ပါးက ကောင်းတဲ့ အကြောင်းနဲ့ ကောင်းတဲ့အကျိုးမှတ်၊ ဘာပြုလို့လဲ ဆိုတော့ မအိုဖို့ မနာဖို့ မသေဖို့ အကြောင်းနဲ့ မအိုရ မနာရ မသေရတဲ့ အကျိုးတွေ ဖြစ်နေလို့ ဆိုတာ မှတ်။

ဒါဖြင့် အိုနာသေရေး ဒုက္ခဘေးတွေ ဘာပြုလို့ဖြစ်ချင် နေကြသလဲလို့ မေးလျှင် ပုထုဇဉ်အမြင်က ပြောင်းလွဲရတာမှ ကောင်းတယ်ထင်တယ် ကောင်းတဲ့အာရုံလေးတွေ ခံစားစံစားလိုက်ရလျှင် သုခလို့ထင်နေကြလို့ မှတ်။

အမှန်တရားကို သိထားကြတဲ့ ဘုရား ရဟန္တာ အရိယာတို့၏ အမြင်ကတော့ ဖြစ်တာဟာ ပျက်ဖို့ ရှေးရှုနေတာမြင်တော့ မဖြစ်တာမှ ကောင်းတယ်လို့သိတယ်၊ မဖြစ်လို့မခံစားရတာမှအေးငြိမ်းချမ်းသာတဲ့အစစ်သုခလို့သိတယ်၊ ဒါကြောင့် ဘယ်လောက် ချမ်းသာတဲ့ ဘဝကိုမှလိုချင်ကြတော့ဘူး။

## စားချင်တာ စားရတာ ဒုက္ခ

ဒီအကြောင်းနဲ့ ပတ်သက်ပြီး စားချင်တာစားရတာဟာ အမှန်စင်စစ်တော့ ဒုက္ခဆိုတာ ထင်ရှားအောင် ကိုယ်တွေ့အတွေ့အကြုံလေး ဖော်ပြပါ့မယ်။

ကျွန်ုပ်တို့ ငယ်စဉ်က ရွာတစ်ရွာမှာ ဦးမဲဆိုတဲ့ပုဂ္ဂိုလ်တစ်ယောက်ရှိတယ်၊ အဲဒီအခါက ဦးမဲဟာ အသက် သုံးဆယ်ကျော်လောက်ရှိတယ်၊ သူဟာ ဦးမဲဆိုသည့်အတိုင်းအသားကလဲ မဲတယ်၊ တစ်ခါတစ်ခါ စိတ်ဆိုးလာပလားဆိုရင် မိုက်မိုက်မဲမဲလဲ လုပ်တတ်တယ်။

တစ်နေ့တွင် သူ၏သားဖြစ်သူ(၇)နှစ်သားအရွယ်လေးက မုန့်သည်လာလာဆိုလျှင် မုန့်ဝယ်ပေးရမယ်လို့ အမြဲပူဆာတယ်၊ မဝယ်ပေးလျှင် ချော့လို့လဲမရ ရိုက်လို့လဲမရတော့ မရှိက ရှိက ကြံဖန်ပြီး ဝယ်ပေးရတာချည်း ဖြစ်နေတယ်။

တစ်ခါမှာ ငှက်ပျောသီးသည် တစ်ယောက် သူတို့အိမ်ရှေ့ ရောက်လာတယ်၊ သူ့ဇနီးဖြစ်သူကလဲ ကိစ္စတစ်ခုနဲ့ အခြားသွားနေလို့ အိမ်မှာမရှိဘူး၊ ဦးမဲဟာ သူ၏ကလေးက အနာတွေ ပေါက်နေလို့ မတည့်မှာ စိုးသည့်အတွက် ဝယ်မပေးဘူး။

သားကလဲ ချော့လို့မရ ခြောက်လို့မရ ဖြစ်နေတော့ စိတ်ပေါက်ပြီး ငှက်ပျောသီး ပါလာသမျှ(၁၀)ဖီးလောက် အကုန်ဝယ်ပြီး ကလေးအား အတင်းရိုက်ကာ 'စားဟဲ့ စားဟဲ့' ဆို၍ အကုန်လုံး ကုန်အောင် အစားခိုင်းတယ်။

ကလေးက အသက်အရွယ် ငယ်သေးတော့ နှစ်ဖီးလောက် စားပြီးတဲ့အခါ ဗိုက်ပူလာပြီး အသက်တောင် ရှူမရ ရှိုက်မရ 'အင်း အင်း အင်း အင်း' ဖြစ်လာတယ်၊ သူကလဲ စိတ်ဆိုးနေသူဖြစ်၍ ဘာမျှ မစဉ်းစား အတင်း တအားရိုက်ကာ ထပ်ပြီး အစားခိုင်းပြန်တယ်။

ဒီတော့ ကလေးမှာ ကြောက်တာနဲ့ နောက်ထပ် အခါခါ စားရတော့ သေလုနီးပါး ဖြစ်သွားတယ်၊ ထိုအခါ အခြားအိမ်ချင်းနီးပါး ပုဂ္ဂိုလ်များသိသွားမှ 'ကိုမဲတော် ဆိုတော် မဘော်ရင် ကလေး သေတော့မယ်၊ ခင်ဗျားလဲ လူသတ်မှုနဲ့ စက်တိုင်တက်ချင်သလား' ဟု တောင်းပန်၍ ကလေးကိုလဲ ဝမ်းနှုတ်ဆေးကျွေးကာ အသက် ကယ်လိုက်ရတယ်။

ဒါကြောင့် ကလေးကိုလဲ 'အင်းအင်း' နဲ့ နေကာမှ အသက်ကယ်လိုက်ရလို့ သူ့ကို မောင်ဖိုးအင်းလို့ ခေါ်ကြ

တယ်၊ ကနေ့သားလဲ ဘယ်ခါတည်းမှတ်ပြီး နောက်ထပ် ဘာ သည့်အတွေ့သာသာ စားချင်တယ်လို့ မပူဆာတော့ဘူး၊ အဲဒါ စားချင်လို့ စားရလွန်းလို့ ဒုက္ခရောက်တာ မဟုတ်လား၊ သေသေချာချာ စဉ်းစားကြည့်ကြ။

စားချင်တာလဲမကောင်း စားရတာလဲ မကောင်းဘူး၊ စားလို့ ဝသွားတာလဲ မကောင်းဘူး၊ သွားချင်တာလဲ မကောင်းဘူး၊ သွားချင်လို့ သွားကြသည့် အတွက် ကား မှောက်တာတွေ ရထားမှောက်တာတွေ သင်္ဘောပျက်တာ တွေ လေယာဉ်ပျက်ကျတာတွေ အများကြီးရှိတယ်၊ ဒါ ကြောင့် ဖြစ်ချင်တာလဲ မကောင်းဘူး ဖြစ်တာလဲ မကောင်းဘူးလို့မှတ်၊ ဒါကိုရည်၍ ဖြစ်ချင်တဲ့ သမုဒယ သစ္စာနှင့် ဖြစ်ရတဲ့ ဒုက္ခသစ္စာဟာမကောင်းတဲ့ အကြောင်း သစ္စာနှင့် အကျိုးသစ္စာလို့ ဆိုခဲ့တယ်။

နိရောဓသစ္စာဆိုတဲ့ နိဗ္ဗာန်ကတော့ အချမ်းသာတကာ တို့ထက် အမြတ်ဆုံး အချမ်းသာတကာတို့၏ မျက်နှာဖုံး ဖြစ်၍ ကောင်းတဲ့အကျိုးသစ္စာလို့ ဆိုရတယ်၊ နိဗ္ဗာန်ကို ဝိမုတ္တိချမ်းသာလို့ ခေါ်တယ်၊ ချမ်းသာတာဟာ တစ်ရံ တစ်ခါမှ လွတ်သွားတယ်လို့ မရှိသည့်အတွက် ဝိမုတ္တိလို့ ဆိုထားတယ်၊ အရှင်သာရိပုတ္တရာ နှမတော် သီသုပ စာလာ ထေရီက မိမိရရှိသည့် နိဗ္ဗာန်၏ အရသာကို ‘အသေစနကာ မောဇဝံသ’ လို့ ချီး ကျူး ထား တယ်၊ အဓိပ္ပါယ်ကား ‘အချိုပေါ် သကာလောင်းစရာမလို’ ဟု ဆိုသလို နိဗ္ဗာန်အရသာဟာ ဘယ်လောက်ကောင်းသလဲ

ဆိုရင် အခြားကောင်းတဲ့ အရသာတွေဟာ ဘယ်လောက် ကောင်းကောင်း လိုနေတာတွေ ရှိလို့ ဖြည့်စွက်ရတယ်၊ နိဗ္ဗာန်ကား ဖြည့်စွက်စရာမလို သူ့ပင်ကိုက အပြည့်အစုံ အကုန် အရသာရှိတယ်လို့ ဆိုပါတယ်။

ဒါကြောင့် ကာမဂုဏ် အတွေ့ထူးနဲ့ မေ့မူးနေကြတဲ့ ဇာတိကသေဌေးတို့ ဝိသာခါ သေဌေးတို့ဟာ အလွန် တရာ ချမ်းသာတဲ့ စည်းစိမ်ကြီးတွေကို ပင်ပြီး စွန့်လွှတ်ကြ တယ်၊ ဒါကိုထောက်၍ နိဗ္ဗာန်ဟာ ကောင်းတဲ့ အကျိုး သစ္စာလို့ဆိုတယ်၊ မဂ္ဂသစ္စာကလဲ ကောင်းတဲ့ နိဗ္ဗာန်သို့ ရောက်စေနိုင်၍ သူကိုယ်တိုင်ကလဲ ကိလေသာ အပူတော် တွေ ငြိမ်းသတ်နိုင်တော့ ကောင်းတဲ့အကြောင်း သစ္စာလို့ ဆိုရတယ်။

သို့ဖြစ်၍ အလွန်ရခဲတဲ့ လူ့ဘဝကြီးရပြီး အလွန်တရာ ကြုံဆုံခဲတဲ့ သာသနာတော်ကြီးနဲ့ ကြုံကြိုက်တဲ့ အခိုက် 'အချိန်ရိုခိုက် လုံ့လစိုက်' စကားအတိုင်း ဝိပဿနာတရား ကြိုးစားအားထုတ်ကြ။

နိဗ္ဗာန်ဆိုတာ ပြခဲ့သည့်အတိုင်း ခြေဖြင့် ယာဉ်ဖြင့် အဘိညာဉ်ဖြင့် သွားလို့ရတာ မဟုတ်ဘူး၊ ဝိပဿနာတရား သက္ခဲအာခရေးသို့ ပါးနဲ့ သွားမှရတာ၊ ဒါကြောင့် မြတ်စွာ ဘုရားက 'နိဗ္ဗာနပုရံပါပေယိ ယာနတ္တယေန သောဇိနော' ဟု ဟောကြားထားပါတယ်။

သောဇိနော၊ ကိလေသာမာန်တရားရန်ကို ပယ်လှန် အောင်မြင် ဘုရားရှင်သည်၊ယာနတယေန၊ဝိပဿနာတရား

လက်ကိုင်ထား၍ ပျက်ပြားစေကန် အဖန်ဖန်ဖြင့် ဖောက်ပြန်မစဲ အမြဲဟု သိဘဲ့အနိစ္စယာဉ် လွန်စွာညည်းဆဲ ဆင်းရဲကိုသိတဲ့ ဒုက္ခယာဉ် အလိုမကျ အစိုးမရပေါ တကား ဟု တရားထင်ရှား တိကျသိရတဲ့ အနတ္တယာဉ် ခေါ်တွင်ပိုင်းခြား သုံးပါးသော ယာဉ်တို့ဖြင့်။ နိဗ္ဗာနပုရံ၊ မအိုချင်ဘဲ အိုရ မနာချင်ဘဲနာရ မသေချင်ဘဲ သေရလို့ အလိုမကျတဲ့ ဒုက္ခတွေမှ အတန်တန် ကေန်အေးငြိမ်းလို့ ဒုက္ခဇာတ်သိမ်းရာ ဖြစ်သော။ အမတဌာနီ၊ နိဗ္ဗာန်ရွှေပြည်ကြီးသို့။ ပါပေသိ၊ လေးအင်သစ္စာ ပရိညာသုံးဆင့် မဂ်လမ်းဖွင့်လျက် အသင့်ဆိုက်ရောက် မျက်မှောက်ပြုကာ ရောက်နိုင်ကြလေတော့သတည်း။

သာဓု သာဓု သာဓု....

နိဗ္ဗာန်သို့သွား သစ္စာလေးပါး တရားတော် ပြီး၏။

## သံသရာပြတ် ပဋိစ္စသမုပ္ပါဒ် တရားတော်

အနမတဂ္ဂေါ ယံဘိက္ခဝေ၊ သံသရော ပုဗ္ဗကောဋိ
နပညာယတိ။ အဝိဇ္ဇာနီ ဝရဏာနံ သတ္တာနံ၊
တဏှာသံယောဇနာနံ သန္ဓာဝတံ သံသရတံ။

ဘိက္ခဝေ၊ အိုနာသေရေး သံသရာဘေးကို မျှော်တွေးကြောက်ငြား အိုချစ်သားတို့။ အနမတဂ္ဂေါ၊ အစမထင် မသိမြင်နိုင်သော။ အယံသံသရော၊ ခန္ဓာအာယတနဓာတ်တို့ မပြတ်ဖြစ်ရာ ဤသံသရာကား။ ပုဗ္ဗကောဋိ၊ ဘယ်ကစ၍ ဘယ်ဘဝကလာသည်ဟူသော ရှေ့အစွန်းသည်။ နပညာယတိ၊ သိချင်လို့ကြည့်သော်လည်း အတိအကျပေါ်ပိုင် မသိရနိုင်ချေ။ ကသ္မာ၊ အဘယ့်ကြောင့်နည်းဟု ဆိုသော်။

သတ္တာနံ၊ သံသရာ၌ ကျင်လည် ကျက်စား သတ္တဝါအပေါင်းတို့အား။ အဝိဇ္ဇာနိ ဝရဏာနံ၊ သံသရာပြတ် နိဗ္ဗာန်ဓာတ်ကို တတ်အပ်ထင်ထင် မသိမြင်အောင် ပိတ်ပင် တားဆီးတဲ့အဝိဇ္ဇာတရားကြီး ဖိစီးပိတ်ပင်ထားသည်ဖြစ်၍။ တဏှာသံ ယောဇနံ၊ တဏှာတရားကြီး မြှောက်စား ပင့်ကော် ဆင့်ဆော်မပြတ် အထပ်ထပ်ဖြင့် တွယ်ကပ် ချည်နှောင် မပြီးအောင် ဖြားယောင်းထားသည်ဖြစ်၍ သန္တတံ၊ ကောင်းချည် တစ်လှည့် ဆိုးချည်တစ်ဖြာ အခါခါဖြင့် ချာချာလီလီ ကျင်လည်ခဲ့ရလေပြီဖြစ်သောကြောင်းတည်း။ သံသရတံ၊ ကျင်လည်ခဲ့ရသမျှ ဒုက္ခဘေးဆိုး အမျိုးမျိုးတွေနှင့် မသွေမကွာ တွေ့ခဲ့ရလေပြီ ဖြစ်သောကြောင့်တည်း။ သာဓု သာဓု သာဓု...

ကျွန်ုပ်တို့ဘဝတွေ ဖြစ်နေကြရသော သံသရာ ဘဝခွင် အစဉ်အစ မမြင်ရသော ကာလကစ၍ ယနေ့ကျအောင် အစဉ်အဆက် အလျင်မပျက်အောင် ဖြစ်လာကြရသည်မှာ ခန္ဓာကိုယ် အတွင်း၌ အလျဉ်းမပြတ် ကိန်းဝပ်လျက်ရှိသော အဝိဇ္ဇာဆိုတဲ့ မှောင်တုံးကြီးက ပိတ်ဖုံး၍ လုံးလုံးကြီး အလင်းရောင်မရအောင် အမှန်တရားကို ပိုင်းခြား၍ အတိအကျ မသိကြရအောင် အမိုက်မှောင် ချထားလို့ ဖြစ်တယ်၊

ထိုသို့ အမိုက်မှောင်တုံးကြီး လုံးလုံးကြီး ဖြစ်နေကြရတဲ့ အထဲမှာ အနားမှာ မပြတ်မစဲသပ်ဘာလဲ ကပ်ဆွဲပြီး မြှောက်ဆိုးပင့်ကော် လုပ်ကာ မလှုပ်သာအောင် ချောက်ကမ်း

ပါးသို့ ရောက်သွားအောင် ဖွဲ့နှောင်ထားတဲ့ တဏှာဆို
သော တရားဆိုးကြီးကလည်း ရှိသဖြင့် ဘာမှမသိ ဘာမှ
မကြောက်နိုင်အောင်တဏှာဆွဲရာနောက်သို့သာတကောက်
ကောက် လိုက်နေကြရသောကြောင့် ဖြစ်တယ်။

ကြောက်မက်ဖွယ် အလွန်တရာ ကောင်းတဲ့ အိုဘေး
နာဘေး စိုးရိမ်ပူဆွေး ငိုကြွေးရတဲ့ ဘေးတွေနဲ့ နဖူးတိုက်
ဒူးတိုက် တွေ့၍ဘေးတွေ ရင်ဆိုင်၍ ပတ်ပတ်လည် ဝိုင်း
ကာ မထွက်သာအောင် ဖြစ်နေကြရတယ်။

အဲဒီသို့ ဖြစ်နေကြရတာဟာ အဝိဇ္ဇာနှင့် တဏှာတို့
ကြီးစိုးရာနယ်ပယ်မှာ အပူသည်အစေ ဖြစ်နေကြရလို့ပါပဲ။
ဒါပေမယ့် အချို့ အချို့ လူတွေက လူလည် လူပါး
လုပ်ပြီး ကိုယ်လုပ်တာ အဟုတ်ထင်၍ ဟိုလိုဒီလို လုပ်ချင်
ကြတယ်၊ မလုပ်ချင်ကြနဲ့၊ အပါးလည်ရင် အပါယ် လားရ
တတ်ဘယ်နော်။

ဓမ္မပဒမှာ 'မဓုဝ မညတိဗာလော'ဟု ဘုရား ဟော
ထားတယ်၊ လူမိုက်ဟာ အကျိုးပေးသင့်၍ အထက်တန်း
လေး မြင့်ပလားဆိုလျှင် ကိုယ်လုပ်တာ အကောင်းချည်းပဲ
ထင်ပြီး ဘဝင်မြင့်ကာ ပျားကဲ့သို့ အရသာချိုတယ်လို့ မျို
ကြတယ် ဆိုကြတယ်။

ဒါပေမယ့် တရားနယ်မှာ နားလည်ပြီး ဒါန သီလ
ဘာဝနာမှုတွေကို မကြာမကြာ ပြုမိကြလို့ လူ့ဘုံနတ်ဘုံ
ဗြဟ္မာ့ဘုံမှာ ရောက်သွားကြရင်တော့ နိဗ္ဗာန်သို့ အရောက်
နှောင်းသော်လည်း မထောင်းတာပါဘူးလို့ ဆိုရမှာပဲ။

အသည်လွန်ပြီး အပါယ်ကျ သွားရင်ဖြင့် ပြန်တက်ဖို့ မလွယ်ဘူး စဉ်းစားကြည့်ကြ၊ အပါယ်ဘုံသားတွေဟာ အဘယ်မှာ ကုသိုလ်လုပ်ခွင့် ရှိတော့မလဲ၊ ငရဲသားတွေလဲ ငရဲထိန်းက အတင်းဆွဲ၍ ငရဲအိုးထဲချလိုက်တဲ့အခါ အမယ်လေး ဆိုကာ ငိုကြွေးကာ ဒေါသတရားတွေသာ အခါခါ ဖြစ်နေကြရတာပဲ။

တိရစ္ဆာန်တွေလဲ တစ်ကောင့်တစ်ကောင် နိုင်ရာကိုက်စားပြီး လောဘ ဒေါသတရားတွေသာ နေ့စဉ်နှင့်အမျှဖြစ်နေကြတာပဲ၊ ပြိတ္တာတွေလဲ ဝတ်ပြတ်ပြီး ပါးစပ်ကြီးဟကာ ဟကာ အစာကို တောင့်တ၍ ကြောင့်ကြတဲ့ တဏှာ လောဘတွေသာ အခါခါ ဖြစ်နေကြတာပဲ၊ အသုရကာယ်တွေလဲ နေ့စံညခံ ညခံနေ့စံ အဖန်ဖန်ဖြင့် တဏှာနှင့်ဒေါသ ရောပြွမ်း ဒေါမနဿဆိုတဲ့ အကုသိုလ်တရားတွေသာ အဖြစ်များနေကြတာပဲ။

ဒီတော့ သူတို့မှာ ကုသိုလ်ဖြစ်ခွင့်မရှိကြဘူး၊ ဒါ့ကြောင့် အသည်သွန်ပြီးအပါယ်ကျ သွားရင်ပြန်တက်ဖို့မလွယ်တော့ဘူးလို့ဆိုတာ သူတို့ဟာ အပါယ်ဘုံမှာသာ နစ်သထက်နစ် မြုပ်သထက်မြုပ် ငုပ်သထက် ငုပ်လျှိုးပြီး အမျိုးမျိုး ဖြစ်ကာ ဒုက္ခနဲ့သာ အချိန်ကုန်နေကြရတာပဲ။

ဒါ့ကြောင့် ပုထုဇဉ်များဟာ အပါယ်ဘုံသာ သူတို့နေရာလို့ ဆိုရတယ်၊ ကောင်းရာသုဂတိဘုံသို့ ရောက်ဖို့ မလွယ်တော့လို့ ဖြစ်တယ်။

သို့ဖြစ်၍ ကုသိုလ်ကံ အကျိုးပေးလို့ လူ့ဘဝလေး ရောက်လာတဲ့အခါ ‘အကြောင်းကောင်းမှ အကျိုးလှ’ ဆိုသလို အကြောင်းအကျိုး အကောင်းအဆိုး သိရတဲ့ ဘဝမှာ အပ္ပမာဒတရားလက်ကိုင်ထား၍ မကောင်းအဖျင်း အကြောင်းရင်းဖြစ်တဲ့ အဝိဇ္ဇာနှင့် တဏှာ တရားဆိုးများကို ခါးချိုးပြီး နှိမ်နင်းပစ်ဖို့ လိုတယ်၊ အငုတ်ပြတ်အောင် လုပ်တတ်ဖို့ လိုတယ်။

အဝိဇ္ဇာက သံသရာဝဋ်အတွင်းမှ လွတ်ကင်းရန် အကြောင်း မဂ္ဂင်လမ်းကြောင်းကို မလှမ်း မသွားနိုင်အောင် ဖုံးလွှမ်းကွယ်ဝှက်၍ ထားတယ်၊ တဏှာက မကြာမကြာ မညှာတာဘဲ မခြားမပြတ် အနားကပ်ပြီး အပါးအနပ်လုပ်ကာ တုပ်နှောင်ဖွဲ့ချည်တယ်။

အဝိဇ္ဇာက အမှောင်ချ၍ ဘာမျှမသိ အန္ဓအတိကြီးဖြစ်အောင် လုပ်ဆောင်ထားတယ်၊ တဏှာက အန္ဓအတိ အမိုက်မှောင် ရှိနေတဲ့လူကို ထ့ဆူအောင် မြှောက်ထိုးပင့်ကော် နှိုးဆော်တိုက်တွန်းပေးတယ်။

ပင်ကိုက မိုက်နေတဲ့ လူကို ထ့ဆူအောင် ခဏခဏ မြှူ၍ မြှောက်ထိုးပင့်ကော် လုပ်လိုက်တော့ မိုက်မိုက်ကန်းကန်း ဘာမှန်းမသိအောင် ‘ဆင်ကန်း တောတိုး’ သဘောမျိုးဖြစ်ပြီး လုပ်လိုက်တဲ့အခါ အနားမှာရှိ၍ အခွင့်ကောင်း ကြည့်နေတဲ့ ပြုပြင်ရေးသမား ‘ကံ သင်္ခါရတရား တို့က ပြုပြင်လိုက်ကြတော့ ဘဝတွေ အလျင်မပြတ် တရစပ်

ရှုပ်ပွပြီး၊ ဒုက္ခတွေအဖုံဖုံ မီးတောက်တွေ ဝိုင်းအုံနေတဲ့ ခန္ဓာကိုယ် အပုပ်ကောင်ကြီး ဖြစ်ပေါ်လာကြရတာပဲ။

ဒါကြောင့် အဝိဇ္ဇာနှင့်တဏှာ ကြီးစိုးရာ နယ်ပယ်မှာ လူသည်မထုပ်ချင်ကြနဲ့လို့ သတိပေးတာ ဖြစ်တယ်။

ဒါဖြင့်လျှင် အဝိဇ္ဇာက ဘယ်ဟာတွေကို မသိအောင် အမိုက်မှောင်ချပြီး ဖုံးလွှမ်းထားသလဲဆိုရင် ဘုရား တရား သံဃာ ကျင့်သိက္ခာနှင့် သံသရာ ရှေ့အစွန်း နောက်အစွန်း ရှေ့နောက် အစွန်းသုံးရပ် ပဋိစ္စသမုပ္ပါဒ် ဤရှစ်ရပ်ကို ဆတ်ဆတ်မှချ မသိရအောင် ဖုံးလွှမ်းထားတယ်။

ဘယ်သို့မသိအောင်လဲဆိုတော့ ဘုရားဆိုတာ အလုံးစုံသော တရားတို့ကိုသိ၍ သတ္တဝါတွေကို ကောင်းရာသုဂတိ နိဗ္ဗာန်သို့အောင် ညွှန်ကြားနိုင်တဲ့ ပုဂ္ဂိုလ်ပဲဆိုတာ စွဲမြဲစွာ မသိအောင် မယုံကြည်အောင် ဖုံးလွှမ်းထားတယ်။

တရားဆိုတာ သံသရာဝဋ်အတွင်းမှ လွတ်ကင်းအောင် ပို့ဆောင်နိုင်တယ်ဆိုတာ မသိအောင် မယုံကြည်အောင် ဖုံးလွှမ်းထားတယ်။

သံဃာဆိုတာ နိဗ္ဗာန်ရောက်ကြောင်း တရားကောင်းတွေကို အမြဲတစေ ကျင့်ကြံနေကြတယ်ဆိုတာ မသိအောင် မယုံကြည်အောင် ဖုံးလွှမ်းထားတယ်။

အကျင့် သိက္ခာဆိုတာ အစ အလယ် အဆုံး သုံးပါးလုံး ကောင်းခြင်းဂုဏ်နှင့် ပြည့်စုံတယ် ဆိုတာ မသိအောင် မယုံကြည်အောင် ဖုံးလွှမ်းထားတယ်။

သံသရာဆိုတာ ရှေ့အစွန်း နောက်အစွန်း ရှေ့နောက်အစွန်း အစွန်းသုံးရပ် အထပ်ထပ်ဖြင့် မပြတ်ဖြစ်ကာ လည်နေတယ်ဆိုတာ မသိအောင် မယုံကြည်အောင် ဖုံးလွှမ်းထားတယ်။

အဝိဇ္ဇာကြောင့် သင်္ခါရ ဖြစ်တယ်၊ သင်္ခါရကြောင့် ဝိညာဉ်ဖြစ်တယ်စသည် ပဋိစ္စသမုပ္ပါဒ်လည်ပုံပြတ်ပုံကို မသိအောင် မယုံကြည်အောင် ဖုံးလွှမ်း ထားတယ်၊ အဝိဇ္ဇာစက် တဏှာစက် လည်နေတာကို လူကောင်း နတ်ကောင်း ဗြဟ္မာကောင်း အပါယ်ကောင်တွေ ထင်နေအောင် ဖုံးလွှမ်းထားတယ်။

ဒါကြောင့် ယခု ရေးသားမည့် တရားကား ပဋိစ္စသမုပ္ပါဒ် စက်ရဟတ်လည်ပုံ ပဋိစ္စသမုပ္ပါဒ် စက်ရဟတ်ဖြတ်ပုံဟု ခေါင်းစဉ်တပ်ထားသည့် အားလျော်စွာ ဖော်ပြပါမယ်။

ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်သည် အဘိဓမ္မာပိဋကတ် ဝိဘင်း ပါဠိတော်နှင့်–နိဒါနဝဂ္ဂ သံယုတ်ပါဠိတော်မှာ ဟောထားပါသည်။ လည်ပုံဖြတ်ပုံကို အကျယ်ပြမီ ရှေးဦးစွာ မြန်မာဘာသာလို ပြန်ဆိုပါမည်။

## ပဋိစ္စသမုပ္ပါဒ် လည်သည် ဆိုသည်မှာ

အချာသိကြရန် ပဋိစ္စသမုပ္ပါဒ် စက်ရဟတ် လည်တယ် ဆိုသည်မှာ အသက်ရှိသည် ဖြစ်စေ၊ မရှိသည် ဖြစ်စေ ရှိရှိ

သမျှသော ပုဂ္ဂိုလ် သတ္တဝါ အရာဝတ္ထု အစုစုတို့သည် စင်စစ်အားဖြင့် ရုပ်နှင့် နာမ်နှစ်ပါးသာ ရှိသည်ဟု ကနဦး သိသွားဖို့ လိုပါသည်။

ထိုရုပ်နာမ်တရားတို့၏ အကြောင်းကြောင့် အကျိုး တရားများ တဖွားဖွား ဖြစ်ပျက်၍ အစဉ်တန်းနေခြင်း ကို ပဋိစ္စသမုပ္ပါဒ် စက်ရဟတ် လည်သည်ဟု ဆိုပါသည်။ သံသရာလည်သည်ဟု ဆိုသည်မှာလည်း အတူတူပင် ဖြစ်ပါ သည်။

ဤသို့ တဖွားဖွား ဖြစ်ပျက်နေသော ရုပ်နာမ်တရား တို့၏ အကြောင်းကို ပယ်သတ်လိုက်သဖြင့် အကျိုးတရား မဖြစ်သွားနိုင်တော့ဘဲ အကြောင်းအကျိုး နှစ်မျိုးလုံး အဆုံးသတ် ရပ်သွားသည်ကို ပဋိစ္စသမုပ္ပါဒ် စက်ရဟတ် ပြတ်သည်ဟု ဆိုရပါသည်။ သံသရာဆုံးသည်ဟုလည်း ခေါ်ပါသည်၊ နိဗ္ဗာန်ဟုလည်း ခေါ်ပါသည်၊ ပဋိစ္စသမုပ္ပါဒ် ဘုရားဟော ဒေသနာတော်ကို မြန်မာလို ပြန်ဆိုသော်....

အဟုတ်အမှန်အားဖြင့် ပိုင်းခြားထင်လင်း မသိခြင်းဟူ သော အကြောင်းကြောင့် ပစ္စုပ္ပန်သံသရာနှစ်ဖြာအမှု ပြုစု ပျိုးထောင်ခြင်းဟု ဆိုအပ်သော သင်္ခါရအစု ပြုပြင်မှုတို့ သည် ဖြစ်ပွားလာကုန်၏။

ပစ္စုပ္ပန်သံသရာနှစ်ဖြာအမှု ပြုစုပျိုးထောင်ခြင်း ဟူ သော အကြောင်းကြောင့် ဘဝတစ်ပါး၌ ဝိညာဉ်တရား သည် ဖြစ်ပွားလာ၏။

ဘဝတစ်ပါး၌ ဝိညာဉ်တရား ဖြစ်ပွားလာခြင်း ဟူသော အကြောင်းကြောင့် ရုပ်နာမ်နှစ်ပါး ဖြစ်ပွားလာ၏။

ရုပ်နာမ်နှစ်ပါး ဖြစ်ပွားလာခြင်းဟူသော အကြောင်းကြောင့် ဒွါရ ခြောက်မည်၊ အကြည်ခြောက်ပါး အခြံ့တရားတို့သည် ဖြစ်ပွားလာ၏။

ဒွါရခြောက်မည် အကြည်ခြောက်ပါး အခြံ့တရား ဖြစ်ပွားလာခြင်းကြောင့် အာရုံကို တွေ့မှုတရား ဖဿ ခြောက်ပါးတို့သည် ဖြစ်ပွားလာ၏။

အာရုံကို တွေ့မှုတရား ဖဿ ခြောက်ပါးဟူသော အကြောင်းကြောင့် အာရုံကို ခံစားသော ဝေဒနာတရား ခြောက်ပါးသည် ဖြစ်ပွားလာ၏။

အာရုံကို ခံစားသော ဝေဒနာ ခြောက်ပါး ဟူသော အကြောင်းကြောင့် ဝတ္ထုအာရုံ ကာမဂုဏ်ကို ခုံမင်တွယ်ငြား တဏှာ ခြောက်ပါးသည် ဖြစ်ပွားလာ၏။

ဝတ္ထုအာရုံ ကာမဂုဏ်ကို ခုံမင်တွယ်ငြား တဏှာ ခြောက်ပါးဟူသော အကြောင်းကြောင့် မခွဲစတမ်း စွဲလမ်းပြင်းထန်သော ဥပါဒါန်တရားသည် ဖြစ်ပွားလာ၏။

မခွဲစတမ်း စွဲလမ်း ပြင်းထန်သော ဥပါဒါန် တရားဟူသော အကြောင်းကြောင့် ကံ ဥပပတ် နှစ်ရပ်အဖို့ ဘဝအစုံသည် ပုံစံအစားစား ဖြစ်ပွားလာ၏။

ကံ ဥပပတ်နှစ်ရပ်အဖို့ ဘဝအစုံ ပုံစံအစားစား ဖြစ်ပွားလာခြင်းဟူသော အကြောင်းကြောင့် ပဋိသန္ဓေ တည်နေစွဲဘိ ကပ်မြဲငြိသည့် ဇာတိ တရားသည် ဖြစ်ပွားလာ၏။

ပဋိသန္ဓေ တည်နေစဉ်ကတည်းက ကပ်ငြိသည့် ဇာတိတရား ဖြစ်ပွားလာခြင်းဟူသော အကြောင်းကြောင့် အိုခြင်း သေခြင်း စိုးရိမ်ခြင်း ငိုကြွေးခြင်း ဆင်းရဲခြင်း နှလုံးမသာယာခြင်း ပြင်းစွာ ပင်ပန်းခြင်းတို့သည် တစ်ခါတည်း ပါပြီး ဖြစ်ပွားလာကြကုန်၏။

ဤသို့ ချမ်းသာမဖက် ဆင်းရဲသက်သက်သာ ဖြစ်သော တရားအစုတို့သည် အကြောင်းအကျိုးပြု၍ ဖြစ်ပွားလာကြကုန်၏။

ဟဲ ဤဒေသနာတော်အရ ဝေဖန်၍ ကြည့်ကြပါလျှင် သတ္တဝါတွေဟာ သံသရာလောကကြီးထဲ၌ ဘဝမစဲ ထပ်တလဲလဲဖြင့် အမြဲမပြတ် ထပ်ကာထပ်ကာ ကျင်လည်ကာ လူဖြစ်ချည် တစ်လှည့်၊ နတ်ဖြစ်လာချည် တစ်ခါ၊ ဗြဟ္မာဖြစ်လာချည် တစ်တန်၊ ထိုမှတစ်ဖန် အောက်သို့ ပြန်၍ ရေခံရချည်၊ ခွေး ဝက် ငှက် စသော တိရစ္ဆာန် အလီလီဖြင့် အဘည်မကျ တစ်ဘဝပြီး တစ်ဘဝ မပျက်မကွက် အဆက်ဆက်ဖြစ်ကာ ကျင်လည်ပြီး နေကြရတယ်။

အဲဒီသို့ ဘာမဆုံး ဒုက္ခတုံး ဒုက္ခခဲကြီး အမြဲမပြတ် ထပ်ကာထပ်ကာ ဖြစ်လာကြရသည်မှာ အကြောင်းရှာလိုက်တော့ အဘုတ်အမှုန်အားဖြင့် ပိုင်းခြား ထင်းလင်း မသိခြင်းဟူသော အဝိဇ္ဇာတရား ဖြစ်ပွားလာခြင်းကြောင့် ဖြစ်တယ်။

ဒါကြောင့် 'သံသရာအစ အဝိဇ္ဇာက'လို့ ဆိုကြတယ်၊ ဒါပေမယ့် ပဋိစ္စသမုပ္ပါဒ်မှာ အဝိဇ္ဇာတရား အစထား၍ ဟောကြားလို့သာ ဆိုကြတာ ဖြစ်ပါတယ်။

အဝိဇ္ဇာကတော့ အကြောင်း ကင်းသလား ဆိုရင် 'အာသဝသမုပ္ပါဒါ အဝိဇ္ဇာ ပဝတ္တတိ'လို့ သဂြိုဟ်ကျမ်းမှာ ပြထားတာကို ထောက်ထား၍ အဝိဇ္ဇာတရားလဲ ဧကန်ဧကော အစမဟုတ်ပါဘူး။

'အနမတဂ္ဂေါ ယံ ဘိက္ခဝေ သံသာရော ပုဗ္ဗကောဋိ န ပညာယတိ'ဟု သံသရာမှာ အစမထင် ရှေ့အစွန်းမမြင်ဟု မြတ်စွာဘုရား ဟောကြားထားသည့်အတိုင်း အစမထင် အစွန်းမမြင်နိုင်ပါဘူး။

သေချာစွာ စဉ်းစားကြည့်ပါလျှင် ကျွန်ုပ်တို့ တစ်တွေ ဖြစ်နေတဲ့ ခန္ဓာကိုယ်ကြီးဟာ မျက်မြင်ကိုယ်တွေ့ အနေဖြင့် ကြည့်လျှင် မွေးတာအစ သေတာအဆုံးလို့ ထင်ကြရတယ်၊ ဗေဒင်ဆရာတွေလဲ မွေးတဲ့ရက်ကို ကြည့်ပြီး ဟောပြောကြတယ်၊ အမှန်ကတော့ ဘုရားအလိုကျ ပြောရလျှင် ပဋိသန္ဓေ တည်နေသည်ကစ၍ ယူရလိမ့်မယ်၊ ပဋိသန္ဓေက (၇)လ (၈)လ (၉)လ ဆယ်လနဲ့ မွေးလာကြတော့ ပုထုဇဉ်အနေနဲ့ဘာ ဘယ်နှစ်လနဲ့မွေးမှန်း မသိကြဘူး၊ မသိတော့ မွေးတဲ့နေ့ပဲ အစဟု ယူကြပြီး ဟောကြတာ၊ ပြောကြတာ ဖြစ်နေပါလိမ့်မယ်၊ ဒါကြောင့် မှန်တာလဲ ရှိ မှန်တာလဲရှိ ဖြစ်နေကြတာနဲ့ တူတယ်။

ခန္ဓာကိုယ်ကြီးမွေးတယ် သေတယ်၊ မွေးတယ် သေတယ် လို့ ပြောနေကြတာဟာလဲ သမ္မုတိသစ္စာ အနေနဲ့ ပြော နေကြတာပါ၊ အမှန်က မွေးတာ သေတာ မရှိပါဘူး၊ ပရမတ္ထသစ္စာအနေနဲ့ အမှန်အားဖြင့် ပြောရင် အဝိဇ္ဇာ သင်္ခါရဝိညာဉ်နာမ်ရုပ် စသော ပရမတ္ထ သဘောတရား တွေ အကြောင်းအကျိုးဆက်ပြီး ဖြစ်ပျက်နေတာ ပဋိစ္စ သမုပ္ပါဒ် စက်ရဟတ် လည်နေတာလို့ ပြောရမယ်။

မြတ်စွာဘုရားသည် တရား ဒေသနာ ဟောရာမှာ ငါ သူတစ်ပါး ယောကျ်ား မိန်းမ လူ နတ် ဗြဟ္မာတွေ မွေး တယ် သေတယ် စသည်ဖြင့် သမ္မုတိသစ္စာ အားဖြင့် အမည် ကို ပြောကြား၍ တရားဟောလျှင် တရားထူးရမည့် ဝေနေယျ ပုဂ္ဂိုလ်တို့အကျိုးငှာ ငါ ဝေဿန္တရာမင်းကြီး ဖြစ်ခဲ့သည်၊ ၎င်းမှ စုတိပြတ်ကြွေ သေလွန်၍ တုသိတာ နတ်ပြည်၌ သေတကေတုအမည်ရှိသော နတ်သား ဖြစ် သွားတယ် စသည်ဖြင့် နာမပညတ်ကို အမည်တင်၍ ဟော ကြား ထားတော်မူပါတယ်။

ပရမတ္ထသစ္စာအားဖြင့် ခန္ဓာအာယတနဓာတ် ပဋိစ္စ သမုပ္ပါဒ် စသည် အမည်တပ်၍ ဟောကြားလျှင် တရားထူး ရမည့် ဝေနေယျ ပုဂ္ဂိုလ်တို့အကျိုးငှာ ရူပက္ခန္ဓာ ရူပါ ယတန ရူပဓာတ် အဝိဇ္ဇာ သင်္ခါရ ဝိညာဉ် စသည်ဖြင့် နာမ ပညတ်ကို အမည်တပ်၍ ဟောကြားထားတော်မူပါ တယ်။

ထိုသို့ ဟောကြားတော်မူရာဝယ် အဝိဇ္ဇာတဏှာဟု ဆိုအပ်သော ကြောင်းရင်း မူလဘူတ ဖြစ်တဲ့ တရားခံ တရားဆိုးကြီးတွေ ကြီးစိုးနိုင်အောင် အဝိဇ္ဇာတဏှာ စက်ရပ်သွားအောင်ဟာ အဝိဇ္ဇာကို ရှေးဦးစွာ ပယ်ရှား ပစ်ရတယ်။

ဒါကြောင့် ဆရာမြတ်တို့က 'မြေအဝိဇ္ဇာရေတဏှာ ကံမှာ မျိုးစေ့တည်း'ဟု စပ်ဆိုထားကြပါတယ်၊ အဝိဇ္ဇာ က မြေနဲ့တူတယ်၊တဏှာက ရေနဲ့တူတယ်၊ကံက မျိုးစေ့နဲ့ တူတယ်၊ ဘာပြုလို့လဲဆိုတော့ ရေက မြေရှိမှ တည်နိုင် တယ်၊ မျိုးစေ့က မြေနဲ့ရေရှိမှ စိုက်ပျိုးလို့ ဖြင့်ပွားနိုင် တယ်။

ဒီတော့ အဝိဇ္ဇာတရားဟာ အကုသိုလ် ဖြစ်ပွားရန် အပါယ်ကျရန် အရင်းခံ ရှေ့သွားဖြစ်လို့ သူ့ကို ရှေးဦး စွာ ပယ်ရှားပစ်ရတယ်၊ ပဋိစ္စသမုပ္ပါဒ်မှာလဲ သူ့ကိုပဲ ရှေ့ ထားပြီး ဟောကြားတော်မူပါတယ်။

အဝိဇ္ဇာစက်ပျက်လျှင် တဏှာစက်ပျက်တယ်၊ တဏှာ စက် ပျက်လျှင် ကံမျိုးစေ့တွေလဲ မပေါက်ပွားနိုင်တော့ ဘူး၊ အဝိဇ္ဇာပြတ်လျှင် တဏှာပြတ်တော့တာပဲ၊ တဏှာ ပြတ်လျှင် ကိလေသာ ပြတ်တော့တာပဲ၊ ကိလေသာ ပြတ် လျှင် ကံ ပြတ်တော့တာပဲ၊ ကံပြတ်လျှင် ခန္ဓာအာယတန ဓာတ်တွေ ပြတ်တော့တာပဲ၊ ခန္ဓာအာယတန ဓာတ်တွေ ပြတ်လျှင် သံသရာပြတ်တယ်လို့ ဆိုရတယ်၊ ပဋိစ္စသမုပ္ပါဒ် ရပ်ဘယ်လို့လဲ ဆိုရတာပဲ။

ဒါဖြင့် သံသရာပြတ်အောင် ပဋိစ္စသမုပ္ပါဒ် စက်ရဟတ် ရပ်အောင် ဘယ်လို လုပ်ရမှာလဲ ဘယ်လို ကျင့်ကြံ ကြိုးကုတ် အားထုတ်ရမလဲလို့ မေးစရာ ရှိတယ်။

ကနဦး ထိုတရားတွေကို မြှောက်ထိုးပင့်ကော် လုပ်နေတဲ့ သက္ကာယဒိဋ္ဌိ ဝိစိကိစ္ဆာ သီလဗ္ဗတပရာမာသဆိုတဲ့ တရားဆိုးတွေ အနားမတိုးနိုင်အောင် မြှောက်ထိုးပင့်ကော် မလုပ်နိုင်အောင် ဗုဒ္ဓဘာသာရဲ့ အဆီအနှစ်ဖြစ်သော ဝိပဿနာ အမြိုက်ဆေးကို တိုက်ကျွေးကြ။

အမြိုက်ဆေးကို တိုက်ကျွေးကြဆိုပေမယ့်လို့ အမြိုက်ဆေးဟို အရမ်းကာရော သောက်လို့ မဖြစ်ဘူး၊ အမြိုက်ဆေးကို သောက်တတ်အောင် ကနဦး ပဋိစ္စသမုပ္ပါဒ်ကို နားလည်အောင် လုပ်ရမယ်။

မြတ်စွာဘုရားအား ညီတော် အာနန္ဒာက လျှောက်ထားတယ်၊ တုန်းဘော်ကြီးမားတော်မူသော မြတ်စွာဘုရား တပည့်တော်၏ စိတ်ထဲမှာ ပဋိစ္စသမုပ္ပါဒ် စက်ရဟတ်လည်ပုံဟာ အရှင်ဘုရားက အလွန်ခက်ခဲ နက်နဲသည်ဟု ဟောကြားသော်လည်း တပည့်တော်၏ ဉာဏ်အမြင်မှာ အလွန်တရာ တိမ်ပါသည်ဟု ထင်နေတယ် ဘုရားလို့ လျှောက်ထားတယ်။

ဒီတော့ မြတ်စွာဘုရားက ချစ်သား အာနန္ဒာ၊ သင်ထင်သည့်အတိုင်း ပေါ်လွင်ထင်ရှား တိမ်သော တရားဖြစ်လျှင် သင် အဘယ်ကြောင့် အလိုအလျောက် သောတာပန် အဖြစ်သို့ မရောက်သနည်း။

သင် အဘယ်ကြောင့် သောတာပန် အဆင့်ထက် မြင့်သော သကဒါဂါမ်အဖြစ်သို့ မရောက်သနည်း၊ အနာဂါမ် အဆင့်ထက် မြင့်သော ရဟန္တာအဖြစ်သို့ ယခုထိ မရောက်ဘဲ ရှိနေသနည်း။

ရဟန္တာ ဖြစ်ကြရမှာလဲ အရှင်သာရိပုတ္တရာတို့လို ဉာဏ်ကြီးတဲ့ လက်ယာတော်ရံ အရှင်မောဂ္ဂလာန်တို့လို တန်ခိုးကြီးတဲ့ လက်ဝဲတော်ရံ အဘယ်ကြောင့် မဖြစ်သနည်း။

အဘယ်ကြောင့် ဆရာ မလို အလိုလို ပွင့်သော ပစ္စေကဗုဒ္ဓါ အဖြစ်သို့ မရောက်သနည်း၊ အဘယ့်ကြောင့် ငါဘုရားလို ခပ်သိမ်းသော တရားတို့ကို ဆရာမကူ သယမ္ဘူဉာဏ်မြတ်ဖြင့် ပိုင်းခြား သိတတ်သော ဘုရားရှင် အဖြစ်သို့ မရောက်သနည်း။

သင့်စကားသည် ချွတ်ယွင်းဖောက်ပြား အလွန် မှားသောစကား ဖြစ်နေတယ်၊ သုံးကြိမ်တိုင်တိုင် တားမြစ်တော်မူပါတယ်၊ ငါဘုရား၏ သားတော်အစစ် သာသနာထမ်း ရဟန်းအဖြစ် မည်သည်ကား ငါဘုရားအလိုမကျ အလိုဆန္ဒနှင့် ဆန့်ကျင်သော ဝါဒကို မပြောဆို မလျှောက်ထားရသူ ဟု တားမြစ်တော်မူပါတယ်’

ငါဘုရားသည် ဤပဋိစ္စသမုပ္ပါဒ်တရားကို ခွဲခြားသိမြင်ရန် အလို့ငှာ လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်း တွက်ကိန်းများစွာ အခါပတ်လုံး ဒုက္ခတွေ ရုန်းကန်ပြီး ပါရမီအသီးသီးတို့ကို ဖြည့်ဆည်းကျင့်ကြံ ကြိုးကုတ် အားထုတ်ခဲ့လို့။

အဝိဇ္ဇာကြောင့် သင်္ခါရတွေ ဖြစ်နေတယ်၊ သင်္ခါရတွေကြောင့် ဝိညာဉ်ဖြစ်လာတယ်၊ ဝိညာဉ်တရားပေါက်ဖွားလာလို့ ရုပ်နာမ်တရားတွေဖြစ်လာတယ် စသည်ဖြင့် အကြောင်းအကျိုးတို့ကို အကောင်းအဆိုး ပိုင်းခြား၍ ထင်ထင်ရှားရှား သိမြင်လာရခြင်း ဖြစ်တယ်။

အဲဒီလို ဟောကြားမှ အရှင်အာနန္ဒာလဲ သဘောတရားပေါက်ပြီးသွားတယ်၊ ဒါကြောင့် တရား အားမထုတ်မီ ပဋိစ္စသမုပ္ပါဒ်ကိုလဲ နားလည် ထားဖို့ လိုတယ်လို့ ဆိုပါသည်။

## သာတိ ရဟန်း အကြောင်း

မြတ်စွာဘုရားရှင် သက်တော်ထင်ရှား ရှိစဉ်ကပင် စာတွေ သင်ကြားထားပေမယ့် ပဋိစ္စသမုပ္ပါဒ်ကို နားမလည်လို့ အကျွတ်တရား မရရှာတဲ့ သာတိမည်သော ရဟန်းတစ်ပါး ရှိဘသဲ။

မြတ်စွာဘုရားသခင် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ ကိန်းအောင်းမွေ့လျော် သီတင်းသုံးတော်မူစဉ်၊ သာတိမည်သော ရဟန်းတစ်ပါးသည်၊ များစွာသော ဇာတ်နိပါတ်တို့ကို နှုတ်စပ်အောင် သင်ကြားထားသဖြင့် ဇာတကဘာဏက တစ်ပါးဟု သာသနာတွင် အလွန်ထင်ရှားကျော်ကြားတယ်။

မြတ်စွာဘုရား အလောင်းတော်ဘဝက ပါရမီတွေကို ဖြည့်ကျင့်တော်မူခဲ့သော 'တေ၊ဇ၊သု၊နေ၊မ၊ဘူ၊စံ၊နာ၊ဝိ၊ ဝေ'ဆိုသည့် ဇာတ်ကြီး(၁၀)ဖွဲ့ ကိုလည်းကောင်း၊အခြား သော ဇာတ်များကို လည်းကောင်း၊ အာရုံ ဆောင်ထား သဖြင့် ဘယ်ခနရာကမေးမေး တစ်ခဏချင်း ဖြေဆိုခြင်းငှာ စွမ်းနိုင်တယ်။

မြတ်စွာဘုရားဟာ ပါရမီ(၁၀)ပါး အပြား(၃၀)တို့ ကို ဘယ်ဘဝမှာ ဘယ်လို ဖြည့်ကျင့်ခဲ့တယ် စသည်ဖြင့် သူတစ်ပါးတို့အားလည်း အမြဲ ဟောကြားပြီး နေတယ်။

ဝေဿန္တရာမင်းကြီးဘဝနဲ့ နောက်ဆုံး ပါရမီဖြည့်တော် မူပြီး ဘုရားလောင်းတို့၏ ဓမ္မတာအတိုင်း တုသိတာ နတ် ပြည်မှာ နတ်တကာတို့ထက် အသက်ရှည်ခြင်း အဆင်းလှ ခြင်းစသော ဆယ်ပါးသော ဂုဏ်တို့ဖြင့် လွှမ်းခြုံလျက် နတ် စည်းစိမ်ဘို့ကို ငြိးထိမ်အောင် ခံစားပြီးမှ လူ့ပြည် တွင် သက်ဆင်း၍ သုဒ္ဓေါဒနမင်းကြီး ၏ တောင်ညာစံ ဒေဝီ မဟေသီ ဖြစ်သော အမရာမည်တဲ့ မိဖုရားကြီး ဝမ်းတိုက်၌ ကိန်းဆိုက်သန္ဓေ တည်ပြီး ယခုအခါ ဘုရားဖြစ်လာတယ်ဟု ပြောတယ်။

ဘောမိမင်း ဖြစ်စဉ် က လဲ ဒီဝိညာဉ်ပဲ နောက်ဆုံး ဝေဿန္တရာမင်း ဖြစ်လာတာလဲ ဒီဝိညာဉ်ပဲ၊ ယခုဘုရား ဖြစ်လာတာလဲ ဒီဝိညာဉ်ပဲ၊ ဝိညာဉ်မကွဲဘူး ဝိညာဉ်တစ်ခု တည်းဖြင့် ဘဝအသီးသီး ပြောင်းပြီး ခန္ဓာကိုယ်ကြီး ဖြစ်



တာပါပဲဟု လှည့်မှားသော သဿတဒိဋ္ဌိ အယူရှိပြီး အခြားသူများကို ပြောကြားနေတယ်။

သူလဲ ဒီလို အယူရှိဘယ် သူတစ်ပါးကိုလဲ ဟောတယ်၊ ဘုရားလဲ ဒီအတိုင်းပင် ဟောပါသည်ဟုရောက်ရာရောက်ရာ မြို့ရွာ အသီးသီးတို့၌ ဟောပြီး နေတယ်။

ဒီတော့ နားသည်ကြသော ရဟန်းများက ကြားသိတဲ့ အခါ ငါ့ရှင် ဒီလိုမဟောပါနဲ့၊ ဒီလို ပြောဟောနေရင် ဘုရားရှင်အား စွပ်စွဲရာကျပါသည်၊ မြတ်စွာဘုရားက သင် ပြောသလို မဟောပါဘူး၊သင် ထင်ရာလျှောက်ပြီး ပြောဟောနေတာ မကောင်းပါဘူးဟု အကြိမ်ကြိမ် အခါခါ တောင်းပန်သော်လည်း မရဘူး။

ထိုသို့ တောင်းပန်ကြသော်လည်း အကိုးအကား သာဓက ဇာတ်ဝတ္ထုများကို ထောက်ထား၍ ပြန်ပြောပြသ နေသဖြင့် အယူဝါဒကို စွန့်လွှတ်ဖို့ ရာ မဖြစ်နိုင်သည့် နောက်ဆုံး မြတ်စွာဘုရားထံ ခေါ်၍ အကျိုးအကြောင်းကို လျှောက်ထားကြတယ်။

ဒီတော့မြတ်စွာဘုရားက ''သာတိ'' သင်သည်ဝိညာဉ် ဟာ ဟိုဘဝ ဒီဘဝပြောင်းသည်။ ခန္ဓာကိုယ်ကြီးသာအသစ်ဖြစ်ရသည်၊ ဝိညာဉ်ကတော့ မပြောင်းဘူးလို့ မြတ်စွာ ဘုရားက ဒီလိုဟောသည်။ သင်ကလည်း ဒီလိုအယူ ရှိသည်ဟု နေရာတကာ လှည့်ပြီး လျှောက်ပြောနေတယ် ဆိုတာ မှန်သလောဟု စစ်ကြောတော်မူတယ်။

ဘုန်းတော်ကြီးသော မြတ်စွာဘုရား ရဟန်းတွေ လျှောက်ထားသည့်အတိုင်း ဒီလိုပြောပြောနေသည် ဆိုတာ မှန်ပါသည်ဘုရားလို့ လျှောက်ထားတယ်။

"မဂ်ဖိုလ်မှ အချည်းနှီးဖြစ်သော ရဟန်း" သင်သည် မည်သူ့အား မည်သည့်အခါ ဒီလိုဟောတယ်ဆိုတာ သင် သိရသနည်း၊ ငါဘုရားသည် အဝိဇ္ဇာကြောင့်သင်္ခါရတရား တွေ ဖြစ်ပွားနေတယ်၊ ထိုအဝိဇ္ဇာ သင်္ခါရတရားတွေ ဖြစ်ပွားလာလို့ ဝိညာဉ်တရား ဖြစ်ပွားလာတယ်လို့သာ ဟောသည် ဟုတ်ပါသော စသည်ဖြင့် ပဋိစ္စသမုပ္ပါဒ် တရားကို သာ ဟောကြားတော်မူတာကို သင် မသိပါသလော။

"ရဟန်းတို့" မဂ်ဖိုလ်မှ အချည်းနှီးဖြစ်သော သာတိ မည်သော ရဟန်းသည် မိမိမှားသော အယူဖြင့်လည်း ငါ ဘုရားကို စွပ်စွဲပြီးလျှင် မိမိကိုယ်ကိုလည်းတူး၊ ဖြိုလျက် အကုသိုလ်တရားတွေ ဖြစ်ပွားစေတယ်။

သင်ရဟန်းတို့သည် ငါဘုရား ထိုကဲ့သို့ ဟောသည်ကို ကြားဖူးပါသလောဟု မေးတော်မူတယ်၊ ထိုအခါ ရဟန်း တို့သည် မကြားဖူးပါဘုရားဟု လျှောက်ထားကြတယ်။

ရဟန်းတို့ ဝိညာဉ်သည် အကြောင်းကိုစွဲ၍ ဖြစ်၏၊ အကြောင်းမရှိဘဲ ဝိညာဉ်ဖြစ်လာသည်ဟု မရှိ။

ရဟန်းတို့ မျက်စိနှင့် အဆင်းကိုစွဲ၍ စက္ခုဝိညာဉ် ဖြစ်ပေါ်၏၊ နားနှင့်အသံကိုစွဲ၍ သောတဝိညာဉ်ဖြစ်ပေါ်၏၊ နှာခေါင်းနှင့် အနံ့ကိုစွဲ၍ ဃာနဝိညာဉ် ဖြစ်ပေါ်၏၊ လျှာနှင့် အရသာကို စွဲ၍ ဇိဝှါဝိညာဉ် ဖြစ်ပေါ်၏၊

ကိုယ်နှင့် အာထိအတွေ့ကိုစွဲ၍ ကာယဝိညာဉ် ဖြစ်ပေါ်၏၊ သဘောတရားနှင့် ဟာဒယဝတ္ထုကိုစွဲ၍ မနောဝိညာဉ်ဖြစ်ပေါ်၏။

ရဟန်းတို့ ဥပမာအားဖြင့် ထင်ရှားအောင် ပြရလျှင် ဝါးကိုစွဲ၍ လောင်လာသောမီးဖြင့် ယင်းဝါးမီး၊ နောက်ချေးကိုစွဲ၍ လောင်လာသော မီးဖြစ်ရင် နောက်ချေးမီး၊ ဖွဲကိုစွဲ၍ လောင်လာသောမီးဖြစ်ရင် ဖွဲမီးဟု ခေါ်ဝေါ်ရသကဲ့သို့ပင်တည်းဟု ဟောတော်မူပါတယ်။

သို့ဖြစ်၍ အကြောင်းတရား ဖြစ်ပေါ်လာလို့ အကျိုးတရား ဖြစ်ပေါ်လာရသည်၊ အကြောင်းတရား ချုပ်လျှင် အကျိုးတရားလည်း သူ့အလိုလို ချုပ်ရတော့သည်၊ ယခုဘဝ ဝိညာဉ်သည် နောက်ဘဝသို့ မလိုက် ယခုဘဝမှာပင် ချုပ်သည် ဒါပေမယ့် အကျိုးပေးမယ့် သတ္တိကို မြှုပ်နှံ၍ ချုပ်သွားခြင်းဖြစ်၍ အကြောင်းကြောင့် အကျိုးဖြစ်သည် ဟုဆိုရသည်။

ဝေဿန္တရာမင်းကြီးဘဝက ဝိညာဉ်သည် နတ်သားဘဝသို့ လိုက်လာခြင်းမဟုတ် ဝါးသည် မီးဟုတ်၊မီးသည် ဝါးမဟုတ် ဝါးကို အကြောင်းခံ၍ လာသည့်အတွက် ဝါးမီးကိုဆိုရသလို ဆိုထားခြင်းမျှသာ ဖြစ်သည်ဟု မှတ်ရန် လိုပါသည်။

ထို့အပြင် နောက်ဘဝ ပဋိသန္ဓေသည် ဝိညာဉ်အသစ်ဖြစ်ပေါ် လာသည်သို့မှတ်၊ 'ဘဝပစ္စယာဇာတိ' ဆိုသည့်အတိုင်း—ကမ္မဘဝ အကြောင်းခံ၍ ဇာတိဖြစ်ပေါ်လာ

ခြင်းမျှသာ ဖြစ်တယ်လို့ ပဋိစ္စသမုပ္ပါဒ်နည်းကို သိထားရတယ်။

**ပဋိစ္စသမုပ္ပါဒ် သိတဲ့အကျိုး**

အမှန်စင်စစ်အားဖြင့်ဆိုရင် ကျွန်ုပ်တို့တစ်တွေ ဖြစ်နေရသည့် ခန္ဓာကိုယ်ကြီးဟာ ဘဝတိုင်းဘဝတိုင်း မွေးဖွားလိုက် သေသွားလိုက် မွေးဖွားလိုက် သေသွားလိုက်နဲ့ ဖြစ်နေကြတာဟာ ပြောနေကြတာဟာ သမ္မုတိ သစ္စာအနေနဲ့ ပြောနေကြတာပါ။

အမှန်စင်စစ် ပရမတ္ထအနေနဲ့ပြောရင် အဝိဇ္ဇာ သင်္ခါရ ဝိညာဉ်နာမ်ရုပ်တို့ အကြောင်းအကျိုးဆက်ပြီး တစ်ခုတည်းကဲ့သို့ အစဉ်တန်းနေသည်ကို ပြောဆို နေကြတာပါပဲ၊ ပဋိစ္စသမုပ္ပါဒ် စက်ရဟတ် လည်နေတာပါပဲလို့ မှတ်ကြ။

လောက၌ ရှိရှိသမျှ သတ္တဝါ အဝဝတို့သည် ဤသို့ဖြစ်ပေါ်နေသော ပဋိစ္စသမုပ္ပါဒ်စက်ရဟတ် လည်နေတာကို မသိမမြင်ကြတော့ ရက်ကန်း ချည်ထွေး စာပေါင်းသိုက် အရှုပ်အထွေးကဲ့သို့ ဖြေသို့မရ တန်းလို့မရ ရှုပ်ပွေပွေလီ အဘည်မကျ ဤဘဝ ထိုဘဝ အစမထင် ကျင်လည်နေကြရတယ်။

ဤ ပဋိစ္စသမုပ္ပါဒ်တရားကို ပိုင်းခြားထင်ထင် သိမြင်သော ဉာဏ်ပေါ်လာလျှင်....

(၁) ပရမတ္ထ သဘောတရားတို့၏ အဖြစ်အပျက်ကိုလည်း ကွက်ကွက်ကွင်းကွင်း ထင်ထင်လင်းလင်း အတိအကျ သိလာမယ်။

(၂) အကြောင်းတရားကြောင့် အကျိုးတရားတွေဖြစ်နေတာပဲ၊ ပုဂ္ဂိုလ် သတ္တဝါ ငါ သူတစ်ပါး ယောကျ်ား မိန်းမ လူ နတ် ဗြဟ္မာ ဆိုတာ မရှိပါလားဟု ထင်ရှားစွာ သိလာမယ်။

(၃) ဖြစ်ပျက်နေတဲ့ ဓမ္မ သဘောတရားတွေကလဲ တစ်ခုပြီးတစ်ခု ဖြစ်ပေါ်ပြီး ပျက်စီးသွားသဖြင့် တစ်ခုမျှ မမြဲဘူး ဆင်းရဲတယ်၊ အစိုးလဲမရ၊ အလိုလဲမကျဘူးဟု အထူး သိလာမယ်။

(၄) ပုဂ္ဂိုလ် သတ္တဝါ ငါ သူတစ်ပါး ယောကျ်ား မိန်းမ လူ နတ် ဗြဟ္မာ သတ္တဝါတွေကို အထူးထူး အထွေထွေ ဖြစ်ပေါ်နေအောင် တစ်စုံတစ်ယောက်သော ဘုရား ဗြဟ္မာ သိကြား ဒေဝါ မဟာဝိဿနိုးအမျိုးသော တန်ခိုးရှင် သိဒ္ဓိရှင် တစ်ဦးဦးက အထူး ဖန်ဆင်းထားတာလဲ မဟုတ်ဘူးဟု အထူးသိလာသော ဉာဏ်ဖြစ်ပေါ်လာမယ်၊ အဲဒီဉာဏ်ဟာ ဝိပဿနာဉာဏ်ပဲ၊ ဘာပြုလို့လဲ ဆိုတော့ သိရိုးသိစဉ် အခြားသော အသိဉာဏ်တို့ထက် ထူးကဲ၍ ရုပ်ပဲ နာမ်ပဲ ဟု ခြင်လာသောကြောင့် ဖြစ်တယ်။

ထိုသို့ ရုပ်ပဲ နာမ်ပဲဟု ထူးကဲစွာ မသိပါလျှင် အဝိဇ္ဇာ မပြတ်ဘူး၊ အဝိဇ္ဇာမပြတ်ရင် သံသရာမပြတ်ဘူး၊ အဘယ်
7 ကြောင့်ဆိုသော် ငါ သူတစ်ပါး ယောကျ်ား မိန်းမလို့

ထင်နေရင်၊ လူပဲ နတ်ပဲ ဗြဟ္မာပဲလို့ ထင်နေရင် ကာမကို လိုချင်တဲ့ ကာမတဏှာ ဘဝကို လိုချင်တဲ့ ဘဝတဏှာ တွေသာ ဝင်လာမှာကိုး၊

ထိုတဏှာတွေ မပြတ်တော့ ကိလေသာ မပြတ်ဘူး။ ကိလေသာ မပြတ်တော့ ခန္ဓာမပြတ်ဘူးပေါ့၊ အဘယ် ကြောင့် ဆိုသော် ခန္ဓာမပြတ်အောင် ပုညာဘိသင်္ခါရ အပုညာဘိသင်္ခါရ အာနေဉ္ဇာဘိသင်္ခါရတွေ ပြုလုပ်နေကြတာ ကိုး၊ ပြုလုပ်လာကြမှာကိုး။

ထိုသို့ ပြုလုပ်လာကြတော့ သံသရာထဲမှာ တဝဲလည် လည် ဘဝကို ခင်တွယ်၍နေသဖြင့် အိုခြင်း နာခြင်း သေ ခြင်း မကောင်းတဲ့ ဆင်းရဲတွင်းသို့ သက်ဆင်းကြရတော့ တာပဲ။

ဒါကြောင့် သံယုတ်ပါဠိတော်မှာ-

"အဝိဇ္ဇာဘိက္ခဝေ၊ အဝိဇ္ဇာဂတော ပုညာဘိ သင်္ခါရမ္ပိ အဘိသင်္ခရောတိ၊ အပုညာဘိသင်္ခါရမ္ပိ အဘိသင်္ခရောတိ၊ အာနေဉ္ဇာဘိသင်္ခါရမ္ပိ အဘိသင်္ခ ရောတိ" ဟု ဟောတော်မူထားပါတယ်။

ရုပ်နာမ်တို့ အကြောင်းအကျိုး အကောင်းအဆိုးကို ခွဲခြားမသိ အန္ဓအတိ ဖြစ်သော ဝါ၊ ပဋိစ္စသမုပ္ပါဒ် တရားကို ခွဲခြားမသိ အန္ဓအတိဖြစ်သော ပုထုဇဉ် ပုဂ္ဂိုလ်

သည် အဝိဇ္ဇာဓာတ်ကပ်လျက် ပါရှိသည် ဖြစ်၍ လူ့ဘုံ နတ်ဘုံသို့ အစုန်အဆန် အပြန်ပြန် အထပ်ထပ် မပြတ် ကျင်လည်ရမည့် ပုညာဘိသင်္ခါရကိုလည်း အလွန်မကောင်းသော တဏှာဇောဖြင့် အတောမသတ် ပြုလုပ်တတ်၏။

အပါယ်လေးပါး အမှန်သွားမည့် အပုညာဘိသင်္ခါရကိုလည်း ဝမ်းရေးအတွက် တဏှာဖက်၍ မရှက်မရွံ့ နောက်မတွန့်ဘဲ ရဲရဲရင့်ရင့် ပြုကျင့်၏၊ ဈာန်ဖြင့်ပျော်ပါး ဈာန်ဝင်စား၍ ပျော်ပါးရသော ဗြဟ္မာ့ဘုံသို့ ခိုလှုံရမည့် အနေဉ္ဇာဘိသင်္ခါရကိုလည်း မငြိုမငြင် ဈာန်အဘိညာဉ်ကို ဝင်စားလိုမှု ဘာဝနာစုကိုလည်း မကြာမကြာ ပြု၏လို့ ဆိုထားပါတယ်။

ဒါဖြင့်လျှင် အကုသိုလ်မှုကတော့ အပါယ်လေးပါးသွားမှာဖြစ်လို့ မပြုတာထားပါဦး၊ ဒါန သီလ ဘာဝနာမှုဟာ ကုသိုလ်ကောင်းမှုဖြစ်ပါလျက် ဘာပြုလို့ မပြုရပါသလဲဟု မေးစရာ ရှိတယ်။

ပြုရပါတယ် ပြုကောင်းပါတယ် ပြုသင့်ပါတယ် ပြုကြပါ၊ ဒါပေမယ့် အဝိဇ္ဇာ မကြီးစိုးစေနဲ့၊ အဝိဇ္ဇာ ကြီးစိုးခဲ့ပြီး လုပ်တော့၊ တဏှာမာန ဒိဋ္ဌိ ဝိစိကိစ္ဆာဆိုတဲ့ တရားယုတ်တွေနဲ့ ပေါင်းသင်းသွားပြီး လိုရင်းတရားဖြစ်တဲ့ နိဗ္ဗာန်သို့ မပို့တဲ့ သံသရာထဲမှ မထွက်နိုင်တဲ့ ဝဋ္ဋနိဿိတ ကုသိုလ်တွေ ဖြစ်သွားမယ်၊ ဝဋ္ဋနိဿိတ ကုသိုလ်တွေ ဖြစ်သွားရင် သံသရာရှည်တတ်တယ်။

သဒ္ဓါ ဝီရိယ သတိ ပညာဆိုတဲ့ တရားတွေနဲ့ ပေါင်းပြီး ကောင်းအောင် လုပ်ကြ၊ အပေါင်းအသင်းဟာ အလွန်လိုတယ်နော်၊ ဒါကြောင့် စက်လေးပါးမှာလဲ သပ္ပုရိသစက် ထည့်ထားတယ်၊ သောတာပန်ဖြစ်ရန် အင်္ဂါလေးပါးထဲမှာလဲ သပ္ပုရိသ သံသေဝဟု အင်္ဂါတစ်ပါး ထည့်ထားတယ်။

သဒ္ဓါ ဝီရိယ သတိ သမာဓိ ပညာဆိုတဲ့ တရားကောင်းတွေနဲ့ ပေါင်းပြီး ဒါန သီလ ဘာဝနာလုပ်တော့ ဝိဝဋ္ဋနိဿိတ ကုသိုလ်တွေ ဖြစ်ပြီး နိဗ္ဗာန်နှင့် နီးတယ်၊ ဒါကြောင့် သောတာပန်ဟာ ဒါနပြုလဲ ခုနစ်ဘဝပဲ နေရတယ်၊ သကဒါဂါမ်ဟာ ကာမဘုံမှာ တစ်ကြိမ်သာ နေရတယ်၊ အနာဂါမ်ဟာ ကာမဘုံဆိုရင် တစ်ဘဝတောင် မနေရတော့ဘူး၊ ရဟန္တာကျတော့ ချက်ချင်း နိဗ္ဗာန် ယူသွားတာပဲ။

သံသရာရှည်တော့ ဘာဖြစ်သလဲလို့ မေးစရာရှိတယ်၊ လူ့ဘုံ နတ်ဘုံ ဗြဟ္မာ့ဘုံတွေ၌ အကြိမ်ကြိမ်အခါခါနေရရင် လူချမ်းသာ နတ်ချမ်းသာ ဗြဟ္မာချမ်းသာတွေတောင် ခံစားရသေးတယ်လို့ နောက်ထပ်ကျော့ပြီး မေးစရာတော့ ရှိတယ်။

သံသရာရှည်တော့ အပါယ်ကြောက်ရတယ်၊ အာမခံချက် မရှိဘူး၊ ကောင်းရာ သုဂတိဘုံ ဆိုတဲ့ ကောင်းရာဘုံချည်း ဖြစ်နေရမယ်လို့ အဘယ်သူ ဆိုနိုင်မလဲ၊ တစ်ဘဝတစ်ဘဝမှာ ခြေချော်ကျသွားရင် အပါယ်သို့ ရောက်သွား

မယ်၊ ဘယ်လောက် ဉာဏ်ကြီးတဲ့ တိဟိတ် ပုဂ္ဂိုလ်ကြီး ဖြစ်နေပစေ အပေါင်းအသင်းတွေမကောင်းတော့ ငရဲကျသွားတာပဲ ဘယ်သူမှ မကယ်နိုင်ဘူး၊ အဇာတသတ်လို ပုဂ္ဂိုလ်ကြီး ကြည့်ပါ၊ တစ်ဘဝတည်းနဲ့ နိဗ္ဗာန်ယူနိုင်သော ပါရမီတွေ ရှိနေပါလျက် ငရဲခံသွားရရှာတယ်။

ကောင်းရာသုဂတိ လူ့ဘုံ နတ်ဘုံ ဗြဟ္မာ့ဘုံသို့ ရောက်နေရသော်လည်း ဒုက္ခက ဘယ်သူမှ မကင်းနိုင်ဘူး၊ 'ဇာတိပစ္စယာ-ဇရာ မရဏ သောက-ပရိဒေဝ-ဒုက္ခ ဒေါမနဿုပါယာသာ-သမ္ဘဝန္တိ' ဆိုသည့်အတိုင်း နောက်ပိုင်းက အိုခြင်း၊ နာခြင်း၊ စိုးရိမ်ခြင်း၊ ငိုကြွေးခြင်း၊ ကိုယ်ဆင်းရဲခြင်း၊ စိတ်ဆင်းရဲခြင်း၊ နှလုံး မသာယာခြင်း စသော ဆင်းရဲတွေက ဝိုင်းနေတယ်၊ ဒါကြောင့် သုံးဆယ့်တစ်ဘုံမှာ ဖြစ်လာရင် သုဂတိဘုံရောက်ရောက် ဒုဂ္ဂတိဘုံ ရောက်ရောက် ဘယ်ဘုံမှ တကယ်စုံသော ချမ်းသာ အစစ် မရှိဘူး။

သတ္တဝါတွေဟာ ဘဝပေါင်း အသင်္ချေ အနန္တ သေရပေါင်း အိုရပေါင်း နာရပေါင်း အသင်္ချေ အနန္တ ဖြစ်နေရတာဟာ တရားခံအစစ်ကို ရှာလိုက်တော့ 'သံသရာအစ အဝိဇ္ဇာက' 'ခန္ဓာအစ တဏှာက' ဆိုသလို အဝိဇ္ဇာနှင့် တဏှာဟာ အိုရ နာရ သေရခြင်းရဲ့ တရား အစစ် ဖြစ်တယ်။

ယခု ကာလ ဒါနကား သံသရာရှည်တယ်လို့ တရားရိပ်သာတွေမှာ ပြောနေကြကာဟာ အပေါ်ယံ ကြည့်ပြီး

တကယ်မသိလို့ ပြောနေကြတာပဲ၊ ဒါနက သံသရာ မရှည်ပါဘူး၊ လူတွေက ဘကျော့နောက်သို့လိုက်ပြီး လုပ်နေကြလို့ သံသရာရှည်နေတာ ဖြစ်ပါတယ်၊ လှူတတ်လျှင် သံသရာ တောင် ပြတ်ပါတယ်။

လူတွေဟာ ကုသိုလ် ပြုတတ်ဖို့ လိုတယ်နော်၊ ဘာ လုပ်လုပ် လုပ်တတ်မှ အကျိုးအမြတ် ခံစားရတယ်။ ဒါ ကြောင့် မြို့ကြီး ပြကြီး အလယ်မှာ ကစားဝိုင်းကြီးများ ၌‘တိုးကြည့်လို့ အကျိုးမရှိဘူး' ထိုးကြည့်မှ အကျိုးရှိမယ်’ လို့ အော်ပြီး ခေါ်ကြတယ်၊ ဒါနမှာလဲ သူများလှူလို့ လှူ နေတဲ့ အလှူဟာ အကျိုး မရှိဘူး၊ လှူတတ်မှ အကျိုးကြီး တယ်။

ဒါနကို လာစခနေကြနဲ့၊ ဒါနကို သိက္ခာချမနေကြနဲ့၊ ဒါနမပါလျှင် လူတောင် လာမဖြစ်ဘူး၊ လူဖြစ်လာဦးလဲ လမ်းကြိုလမ်းကြား လျှောက်ပြီး နို့ဆီဘူးခွက် ကောက် စားရတဲ့ ဘိန်းစားတွေ ဖြစ်သွားမယ်၊ သူများ သနား အောင် တောင်းစားရတဲ့ သူတောင်းစားတွေ ဖြစ်သွား မယ်၊ ဘုရားနား တရားနားတောင် ကပ်နိုင်မှာ မဟုတ် ဘူး၊ ကြပ်ကြပ် သတိထားကြ၊ ဒါနကို သွားမပေါ့နဲ့၊ နား လည်အောင်သာ လုပ်ပြီး လှူကြ တန်းကြ၊

ယခု လူ့ဘဝ ရလာကြတာ၊ ယခုလို လှူနိုင် တန်းနိုင် ကြတာ၊ ယခုလို တရား အားထုတ်နိုင်ကြတာဟာ နောက် နောက် ဘဝက ဒါန ပါလာကြလို့ ဖြစ်တယ်။‘အူမတောင့် လို့ သီလ စောင့်နိုင်ကြတာ’လို့ မှတ်ကြရမယ်။

ကဲ ကဲ ပဋိစ္စသမုပ္ပါဒ်လို ကျကျနန နားလည်ကြအောင် ‘အတ္ထာနိယျာထ ပဏ္ဍိတာ’ ဆိုသည့်အတိုင်း ဥပမာလေးနဲ့ ထင်ရှားအောင် ပြပါ့မယ်။

လှည်းမှာ လှည်းဘီး တစ်ခု ကြည့်လိုက်၊ လှည်းဘီးကို လူတိုင်း တွေ့မြင်ကောင်း တွေ့မြင်ဖူးကြ ပါလိမ့်မယ်၊ အချို့တော့ နွားလှည်းကို မမြင်ဖူးတဲ့ ပုဂ္ဂိုလ်တွေ ရှိချင် ရှိနေမယ်။

နွားလှည်းဘီး မမြင်ဖူးလဲ မြင်းလှည်းဘီးတော့ မြင်ဖူးကြမှာပါပဲ၊ အဲဒီ လှည်းဘီးမှာ ဘာတွေ ပါသလဲ။

(၁) ဝင်ရိုး ပါတယ်၊

(၂) ပဒေါင်း ပါတယ်၊

(၃) ဒေါက်တွေ ပါတယ်၊

(၄) အကွပ် ပါတယ်။

ဝင်ရိုးဆိုတာ ဟိုဘက်ဘီး သည်ဘက်ဘီး တပ်ထားတဲ့ အတံကြီးကို ခေါ်တယ်၊ များသောအား ဖြင့် သံကို လုပ်ထားကြတယ်။

ပဒေါင်းဆိုတာ အလယ်ခေါင်က နာနတ်သီး သဏ္ဌာန်ကဲ့သို့ လုံးလုံးခုံးခုံးကြီး လုပ်ထားတာကို ခေါ်တယ်။

ဒေါက်တွေဆိုတာ ပဒေါင်းနဲ့ အကွပ် ညှပ်ပြီး တပ်ထားတဲ့ အချောင်းတွေကို ခေါ်တယ်။

အကွပ်ဆိုတာ ဘီးပတ်ပတ်လည်ဝိုင်းပြီး တပ်ထားတဲ့ သစ်သား အဝိုင်းကြီးနှင့် သံပတ်အခွေကြီးကို ခေါ်တယ်။

မြင်ပလား၊ မြင်ရင် ပဋ္ဌိစ္စသမုပ္ပါဒ်နဲ့ စပ်ပြီး ဟပ်ကြည့်လိုက်၊ အဝိဇ္ဇာနှင့် တဏှာက လည်နေရတာမို့ ဝင်ရိုးနဲ့ တူတယ်။

ဥပါဒါန်–ကံ သင်္ခါရတို့က ဝင်ရိုးလည်အောင် ထိန်းထားတဲ့အတွက် ပဒေါင်းနဲ့ တူတယ်။

ဝိညာဉ် နာမ်ရုပ် သဠာယတန ဖဿဝေဒနာတို့က အပါယ်လေးဘုံ လူ့ဘုံ နတ်ဘုံ ဗြဟ္မာ့ဘုံများသို့ ရောက်သွားအောင် ဆောက်ထားတတ်လို့ ဒေါက်များနဲ့ တူတယ်။

ဇရာ မရဏတို့ကား အိုလို့မဆုံး နာလို့မဆုံး သေလို့မဆုံးအောင် မထွက်နိုင်အောင် ရစ်ပတ်ထားတဲ့ အကွပ်နဲ့ တူတယ်။

သက္ကာယဒိဋ္ဌိစသော အာသဝေါတရားတွေက လည်အောင် ဆွဲဘဲ့အတွက် နွား မြင်းနဲ့ တူတယ်။

ကာမာသဝ စသော အာသဝေါတရားတွေက နွား၊ မြင်းတွေလို လှည်းဘီးကြီး တစ်ခုလုံး လည်အောင် ဆွဲလိုက်တော့ အဝိဇ္ဇာတဏှာနဲ့တူသော ဝင်ရိုးက လည်တယ်။

ဝင်ရိုးလည်အောင် ဝင်ရိုးမှာ တပ်ပြီး ညှပ်ထားတဲ့ ပဒေါင်းနဲ့တူသော သက္ကာယဒိဋ္ဌိ ဥပါဒါန် ကံ သင်္ခါရတွေက ဝိုင်းဝန်းကူညီကြတယ်၊ ပြုပြင်ပေးကြတယ်။

ဝင်ရိုးကို ပြုပြင်၍ ဝိုင်းဝန်းကူညီပေးကြတော့ ဝင်ရိုးက အားရှိပြီး တအား ဖိလည်လာတယ်၊ ဝင်ရိုးအားရှိတအားဖိ လည်လာတော့ ဝိညာဉ် နာမ်ရုပ် သဠာယတနဖ

ဿဝေဒနာနဲ့ တူသော ဒေါက်တရားတွေက သုံးဆယ့်တစ် ဘုံဘဝသွားမှာ လူရယ်၊ နတ်ရယ်၊ ဗြဟ္မာရယ်၊ အပါယ်လေး ဘုံသားတွေရယ်လို့ အစားစား အမျိုးအပြား ပေါက် ဖွားလာကြတယ်၊ အပြည့်အစုံ လှည်းဘီးကြီး တစ်ခုလုံး လောကကြီး တစ်ခုလုံး မဆုံးနိုင်အောင် လည်ကြတယ်၊ သွားလာ ကျက်စား ကြတယ်။

အဲဒီလို မဆုံးနိုင်အောင် လည်ကြ သွားကြ နိုင်အောင် ဟာ ဇရာမရဏနဲ့ တူသော အကွပ် သံပတ်ခွေကြီးက ညှပ် ကာ ဘေးပတ်ပတ် လှည့်ပြီး ဝိုင်းထားလိုက်တယ်၊ ဝိုင်း ထား ပတ်သားလိုက်တော့ အိုရ၊ နာရ၊ သေရ၊ ပူဆွေး ရ၊ ငိုကြွေးရတဲ့ ဒုက္ခတုံး၊ ဒုက္ခခဲကြီးတွေ ဖြစ်ပြီး အပြင် သို့ မထွက်နိုင်ကြတာ ထွက်ရပေါက်လမ်း မလှမ်းနိုင်ကြ တာ ဖြစ်ပါတယ်။

ဒါကြောင့် အဝိဇ္ဇာနဲ့ တဏှာမာနဒိဋ္ဌိ၊ ဝိစိကိစ္ဆာ၊ ဥဒ္ဓစ္စကင်းမလွတ်သေးသမျှ လူ့ဘုံရောက်လဲ သေရမှာပဲ၊ နတ်ဘဝရောက်လဲ သေရမှာပဲ၊ ဗြဟ္မာ့ဘဝ ရောက်လဲ သေရမှာပဲ၊ နောက်ဆုံး (၈၄၀၀၀)မဟာကပ် အသက် ရှည်တဲ့ ဘဝဂ်ပြည် ရောက်လဲ သေရမှာပဲ၊ သေလို့ မဆုံး ပါဘူး။

ရဟတ်ပမာ ချာချာလည်ကာ အောက်ရောက်လိုက် အလယ် ရောက်လိုက် အထက် ရောက်လိုက် ဖြစ်နေတာပဲ ရှိတယ်၊ ရောက်တဲ့ဘဝမှာ ရေသာနဲ့တွေ့လိုက် ချမ်းသာ လိုက်၊ ရေဆန်နဲ့တွေ့လိုက် ဆင်းရဲလိုက်နဲ့ ချမ်းသာ တစ်

လှည့်၊ ဆင်းရဲ တစ်ခါ ဖြစ်နေတာပဲ ရှိတယ်၊ အပြင်သို့ မထွက်နိုင်ကြဘူး၊ ထွက်ရပ်ပေါက်ကမ်း မလှမ်းနိုင်ကြဘူး၊ နိဗ္ဗာန်နန်း မမြင်နိုင်ကြဘူး။

အဲဒါ သစ္စာဖွဲ့လိုက်ရင် ဖြစ်ချင်တဲ့ သမုဒယသစ္စာနဲ့ ဖြစ်ခနေရတဲ့ လည်နေရတဲ့ ဒုက္ခသစ္စာ နှစ်ပါးသာ ရှိတယ်၊ ဒီနှစ်ပါးနဲ့ သံသရာလည်နေကြတာပဲ၊ ဒါကြောင့် ဒီသစ္စာ နှစ်ပါးဟာ သံသရာဝဋ်ထဲက မလွတ်နိုင်လို့ ဝဋ္ဋသစ္စာ ခေါ်ရတယ် ဆိုတာ ပြခဲ့ပါတယ်။ ဒါကြောင့် ပဋိစ္စ သမုပ္ပါဒ် ပါဠိတော်မှာ 'အဝိဇ္ဇာ ပစ္စယာ သင်္ခါရာ သင်္ခါရ ပစ္စယာ ဝိညာဏံ ဝိညာဏပစ္စယာ နာမရူပံ(ပ) ဧဝမေ တဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ'လို့ အနုလောမ ပဋိစ္စသမုပ္ပါဒ် ဒေသနာကို ဟောတော်မူပါ တယ်။

## ဒိဋ္ဌိက အဝိဇ္ဇာ တဏှာထက် ကြောက်ဖို့ ကောင်းတယ်

ဒါဖြင့် သံသရာဝဋ်ထဲ မလည်အောင် သံသရာဝဋ်က ပြက်အောင် ငါ ဘယ်လို လုပ်ရမယ် ဘယ်လို အားထုတ် ရမလဲဆိုတော့။

လည်နေတဲ့ လှည်းဘီးကြီး မလည်အောင် ပဒေါင်း နဲ့ ပင်ရိုး အချင် ချိုးပစ်ရသလို အဝိဇ္ဇာနှင့် တဏှာကို အခြင် ပယ်ရှားပစ်ရမ ်။ ဘယ်လို ပယ်ရှားရမလဲဆိုတော့ "ဝဇ္ဇာနံ ဘိက္ခဝေ မိစ္ဆာဒိဋ္ဌိပရမာ"လို့ ဟောထားတော့ အခြင်း ဇာစ်မြစ်တရားခံများ ဖြစ်ကြသော အဝိဇ္ဇာနဲ့တဏှာ

ကို မြောက်ထိုးပင့်ကော် လုပ်နေတဲ့ ဒိဋ္ဌိကိုအရင်ကြည့်၊ သူ့ဟာ အဝိဇ္ဇာနှင့်ဘက်ကျားတို့ထက် ကြောက်စရာ ကောင်းတယ်။

ဘာပြုလို့လဲဆိုတော့ သူက ဝိစိကိစ္ဆာ သီလဗ္ဗတ ပရာမာသ စသည်တို့နှင့် ပေါင်းသင်းနေတယ်။ တွဲနေတယ်၊ ဒါကြောင့် ရဟန်းတို့ အပြစ်တကာ့ အပြစ်ထဲဝင် မိစ္ဆာဒိဋ္ဌိဟာ အပြစ်အကြီးဆုံး၊ ကြောက်စရာ အကောင်းဆုံး တရား ဖြစ်တယ်လို့ဆိုတာ။

သတ္တိယာဝိယဩမဋ္ဌော၊ ဒယှမာနောဝမတ္ထကေ၊
သက္ကာယဒိဋ္ဌိပ္ပဟာနာယ၊ သတော ဘိက္ခု ပရိဗ္ဗဇေ။

သတ္တိယာ၊ လှံမကြီးဖြင့်။ ဩမဋ္ဌောဝိယ၊ ခန္ဓာကိုယ်အတွင်း ထိုးသွင်းခြင်းကို ခံနေရသော သူကဲ့သို့လည်းကောင်း။ မတ္ထကေ၊ ဦးခေါင်းထက်၌။ ဒယှမာနောဝ၊ အသျှောင်ပြောင်ပြောင် မီးလောင်ခံနေရသော သူကဲ့သို့လည်းကောင်း။ သက္ကာယဒိဋ္ဌိ၊ ငါငါ သူသူ လူလူနတ်နတ် အစဉ်ကပ်၍ အထင်အမှတ် မှားနေတဲ့ သက္ကာယဒိဋ္ဌိတရားကြီးကို။ ပဟာနာယ၊ ဝိပဿနာ သတိမြတ်ဖြင့် ဖိသတ်ခြင်းငှာ။ သတော၊ မမေ့မလျော့ မပေါ့ သတိရှိလျက်နေသော။ ဘိက္ခု ရဟန်းသည်။ ဝါ၊ ယောဂီပုဂ္ဂိုလ်သည်၊ ပရိဗ္ဗဇေ၊ မနားမနေ အားထုတ်၍ နေရလေတော့သတည်း။

သာဓု-သာဓု-သာဓု။

ဒီဝဋ္ဋကောင်ကြီးဖြစ်အောင် လုပ်နေတာ အဝိဇ္ဇာနှင့် တဏှာဒိဋ္ဌိတို့က လုပ်နေတာ။ ဒါန သီလ သမထကား လုပ်နေတာ မဟုတ်ဘူး။ ဒါဖြင့် ထို သုံးမျိုးတို့တွင် ဘယ်သူ့ကို အရင်သတ်ရမလဲဆိုရင် ဒိဋ္ဌိကို အရင်သတ်၊ သူ့သတ်မှ အဝိဇ္ဇာနှင့်တဏှာ အားနည်းသွားမယ်။

ပဒေါင်းနဲ့ဝင်ရိုးချိုးမှ လှည်းဘီးကြီးတစ်ခုလုံး မလည်နိုင်သလို ပဒေါင်းဝင်ရိုးနဲ့တူတဲ့ အဝိဇ္ဇာတဏှာ ဥပါဒါန်ကံ သင်္ခါရနှင့် သက္ကာယဒိဋ္ဌိတွေ သတ်မှ သံသရာပြတ်တယ်။

ဘာနဲ့ သတ်ရမလဲဆိုရင် ဝိပဿနာပညာ ဓားဖြင့် သတ်ကြ။ ဒါမှ ဘေးက ညှပ်ထားတဲ့ အကွင်းနဲ့တူသော အိုရခြင်းဆိုတဲ့ ဇရာဘေး၊ သေရခြင်းဆိုတဲ့ မရဏဘေး တွေက ဝေးကြမယ်။

ဒါကို ရည်ရွယ်၍ ရှင်တော် မြတ်ဘုရားက "ဧကော ဓမ္မော ဘိက္ခဝေ၊ ဘာဝိတော ဗဟုလီကတော အဘိညာယ၊ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တတိ"လို့ ဟောထားတော် မူပါတယ်။

ဘိက္ခဝေ သံသရာဘေး လာမည့်ရေးကို မြောက်ရှုကြ အိုချစ်သားတို့။ ဧကော၊ တစ်ကြောင်းတည်းသာ ဖြစ်သော ဓမ္မော သတိရှေ့သွားဖြစ်သော ဝိပဿနာတရားကို၊ ဘာဝိတော၊ အမှတ်တရား ရှုမှတ်သား၍ ခြားလတ် ပွားစေအပ်သည်ရှိသော်၊ ဗဟုလီကတော၊ အကြိမ်များစွာ ပွားကာရှုကာ သတိပြုကာ နေသည်ရှိသော်။ အဘိညာယ၊ ဖြစ်ချင်တာက တဏှာ၊ ဖြစ်တာက ဒုက္ခဟု မုချပိုင်ပိုင်

သိနိုင်ခြင်းငှာ။ သမ္မောဓာယ၊ မဂ်ဉာဏ်ဖိုလ်ဉာဏ် ဤနှစ်ဘန်ကို ကောန်ထိုးထွင်း၍သိခြင်းငှာ။ နိဗ္ဗာနာယ၊ မဂ်ဉာဏ် ဖိုလ်ဉာဏ် ထိုနှစ်ဘန်ဖြင့် အမှန်ဆိုက်ရောက်နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်းငှာ။ သံဝတ္တတိ။ လုပ်တတ်လျှင် အဟုဘ်အဟာတ် ရောက်နိုင်ရနိုင်ရှိး အမှန်ပင်တည်း။

သာဓု–သာဓု–သာဓု။

ဝိပဿနာဆိုတာ ဝိကား၊ အထူးကိုဆိုတာ။ ပဿနာကား၊ မြင်လာအောင် ရှုမှတ်တာကို ဆိုတာ။ ဒီတော့ နှစ်ခုပေါင်းလိုက်တဲ့အခါ မမွေးတိုင်း ဖမွေးတိုင်း သိလာတဲ့ အသိမျိုးထက် ထူးသိလာအောင် သင်ထားကြားထား မေးမြန်းထားလို့ သိတဲ့ အသိမျိုးထက် ထူးသိလာအောင် လုပ်တဲ့ အလုပ်ပဲ။

အဲဒီတော့ ပေါ့ပေါ့ဆဆ မလေးမစား မင်းတိုင်းကျေ့ လုပ်လို့ မရဘူး။ လိုလားတဲ့ တရားကို မရမချင်း ဇွဲတင်းပြီး ပြင်းပြင်းထန်ထန် အားထုတ်မှ တော်ကာလေးများကျမယ်။ ဒါကြောင့် "မရမချင်း၊ ဇွဲဖြင့်ရင်း၊ တင်းတင်းအားထုတ်ပါ"ဟု ဆရာမြတ်တို့က ရေးစပ်ထားကြပါဘယ်။

ကဲ....ကဲ....အားထုတ်ကြရအောင်....

"ပလ္လင်္က•အာသုဇိတ္ဝာ"လို့ဆိုထားတော့ ယောကျ်ားတွေက တင်ပျဉ်ခွေထိုင်ကြ၊ မိန်းမတွေက"အဒ္ဓပလ္လင်္က" ဟု ဆိုထားတော့ တစ်ဝက် တင်ပျဉ်ခွေထိုင်ကြ။

တင်ပျဉ်ခွေ ထိုင်တာကလဲ....

(၁) တစ်ဘက်နဲ့ တစ်ဘက် မထပ်ဘဲနဲ့ ထိုင်တာက တစ်မျိုး။

(၂) တစ်ဘက်နဲ့ တစ်ဘက် ထပ်ပြီး ထိုင်တာက တစ်မျိုး။

နှစ်မျိုးရှိတယ်နော်၊ သတိမထားလျှင်သာ၊ သတိထားလျှင် သိနိုင်ပါတယ်။ မထပ်ဘဲ ထိုင်တယ်ဆိုတာက ဘယ်ဘက်က ခြေကို အလျင်ကွေးလိုက် နောက်တစ်ခါ ညာဘက်ခြေကို တံကောက်ကွေးဘဲ သွင်းထိုင်လိုက် တစ်ဘက်နဲ့ တစ်ဘက် မထပ်တော့ဘူး။

ထပ်ပြီး ထိုင်တယ်ဆိုတာက ဘယ်ခြေဖျားကို ညာဘက် တံကောက်ကွေးထဲတင် ညာခြေဖျားကို ဘယ်ဘက် တံကောက်ကွေးပေါ် တင်လိုက်တော့ ထပ်သွားတယ်၊ အဲဒါ ထပ်ပြီး ထိုင်တာ ခေါ်တယ်။

တစ်ဝက်တင်ပျဉ်ခွေတဲ့ မိန်းမထိုင်ကလဲ နှစ်မျိုးရှိတယ်။

(၁) တစ်ဘက်ကို တစ်ဘက် ဖိ၍ ထိုင်နည်းတစ်မျိုး။

(၂) မဖိဘဲ အသိုက်သင့် ထား၍ ထိုင်နည်းတစ်မျိုး။

နှစ်မျိုးရှိတယ်၊ ဖိ၍ ထိုင်တယ်ဆိုတာက ညာဘက်ဖြစ်စေ၊ ဘယ်ဘက်ဖြစ်စေ၊ ကွေး၍ တစ်ခုနဲ့ တစ်ခု ဖိပြီး ထိုင်တာကို ပြောတာ။ မဖိဘဲ အသိုက်သင့်ထား၍ ထိုင်တယ်ဆိုတာက တစ်ဘက်ပေါ် တစ်ဘက် မဖိဘဲ မတင်ဘဲ ခွဲ၍ ထိုင်တာမျိုးကို ဆိုတာ၊ ကြိုက်သလို ထိုင်နိုင်ကြပါတယ်။

"ဥဇုံ ကာယံ" ဆိုသည့်အတိုင်း ကိုယ်ကိုဖြောင့်ဖြောင့်ထား၊ ဦးခေါင်းကို ငိုက်မထားနဲ့၊ နောက်လှန်လဲ မထားနဲ့၊ ဘေးကို စောင်းလဲ မထားနဲ့၊ တည့်တည့်ထား၊ ထိနမိခွ ဆိုတဲ့ ဘေးရန် ဝင်လာတတ်တယ်။

ဒီလို ထိုင်တော့ ဘေးရန်နည်းပြီး ရောဂါဝေဒနာလဲ မကာပ်ရောက်နိုင်တဲ့ အကျိုးရှိတယ်။ လက်ကိုတော့ ကြိုက်သလို ထားနိုင်ပါတယ်။ ကျမ်းဂန်က ဘယ်လိုထားရမယ်လို့ အထူးမဆိုဘူး၊ လက်တစ်ခုနဲ့ တစ်ခု ယှက်တော့ မထားနဲ့၊ ကြည့်မကောင်းဘူး။

ဒါပေမယ့် ဒူးပေါ်မှာ ဘယ်ညာအလိုက်တင်ထားတာဟာ ကြည့်လို့လဲကောင်းတယ်၊ ကွာနွေ့လဲ ရတယ်၊ ဘယ်ဘက်လက်ဖဝါး ဖြန့်ထား၊ ညာဘက် လက်ဖဝါးလဲ ဖြန့်ထားပြီး ဘယ်ဘက်လက်ဖဝါးပေါ် တင်ထားလို့ ဆရာ အစဉ်အဆက် ပြောထားတာတော့ ရှိတယ်၊ လိုရင်းကတော့ ကြည့်လို့လဲ ကောင်းအောင် တာရှည်ရှည်လဲ ထားနိုင်အောင် နေဖို့ပါပဲ။

အိပ်ပြီး အားထုတ်မယ် ဆိုလျှင်လဲ ခြေထောက်ရယ်၊ ကိုယ်ရယ်၊ ခေါင်းရယ်၊ ဒီသုံးခု ဖြောင့်ဖြောင့်ထားပြီး အားထုတ်ရမယ်၊ အိပ်ရာက ထလျှင်လဲ အမှတ် မပျက်အောင် လူမမာများသို ဖြည်းဖြည်း ထရတယ်၊ ရပ်တာလဲ ချမ်းချမ်းသာသာ ရပ်နိုင်တယ်၊ ဒါပေမယ့်ခြေနှစ်ဘက်ကိုစုံရပ်ပြီး လက်နှစ်ဘက်ကို ဘေးကပ်ထားလျှင် ကောင်းတယ်။

သွားလျက် အားထုတ်တဲ့အခါကျတော့ ဘယ်ခြေလှမ်း ညာခြေလှမ်း အကျဲအစိပ်တူအောင် လှမ်းရတယ်၊ အနှေးအမြန်လဲ တူရမယ်၊ အနှေးအမြန် တူရမယ်ဆိုပေမယ့် သိပ်လဲ မြန်ရဘူး၊ သိပ်လဲ မနှေးရဘူး၊ လူမမာများလို ခပ်ဖြည်းဖြည်းပဲ လှမ်းရတယ်။

ကဲ....ကဲ နေတာ၊ ထိုင်တာ၊ သွားတာ၊ ရပ်တာ၊ အိပ်တာတော့ ဒီလောက်နဲ့ သိနိုင်ပါပြီ။ "အာရဒ္ဓဝီရိယေ ပဟိတတ္တေ နိစ္စံဒဠှပရက္ကမေ" ညွှန်ကြားထားတဲ့ ဥ. တိုင်း စိတ်က မရမချင်း ဇွဲဖြင့်ရင်းပြီး တင်းတင်းထားကာ အမတာမြတ် နိဗ္ဗာန်ဓာတ်ကို အာရုံပြု၍ ညွှတ်ကိုင်းထားရမယ်။

ဝိပဿနာအလုပ်ဆိုတာ ခန္ဓာကိုယ်နဲ့ စိတ်ကို အလိုမလိုက်ရဘူး၊ ဒါကြောင့် ဆရာမြတ်တို့က "ကိစ္စမများ၊ စကားနည်းစေ၊ ဣန္ဒြေစောင့်စည်း၊ တစ်ကိုယ်တည်းဖြင့်၊ အိပ်လည်း မခင်၊ စားလျှင် တိုင်းထွာ၊ ဤခြောက်ဖြာ၊ မှတ်ပါ ယောဂီကျင့်ထုံးတည်း" လို့ စပ်ဆို ထားကြပါတယ်။

ကိစ္စဝိစ္စလဲ မများရဘူး၊ ထမင်းတောင် စားပြီး ထားခဲ့တာပဲကောင်းတယ်၊ စကားလဲ နည်းပါးရတယ်၊ ဘယ်ထိအောင် နည်းရမလဲဆိုရင် မပြောဘဲနဲ့တောင် နေနိုင်ရင် နေရမယ်၊ ဣန္ဒြေကိုလဲ စောင့်စည်းရမယ်၊ ဘယ်ထိအောင် စောင့်စည်းရမလဲဆိုရင် ကိုယ့်ကိုယ်တောင် ကြည့်ရဘူး၊ မျက်စိမှိတ်ထားရမယ်၊ တစ်ကိုယ်တည်းဖြင့် ဆိုတာကလဲ

တခြားအဖော် မပြောနဲ့၊ ကိလေသာ အဖော်တောင် မခေါ်ရဘူး၊ အငင်မခံရဘူး။

အိပ်လဲ မခင် ဆိုတာက အိပ်တာကို မင်္ဂလာမောရဘူး၊ ဘယ်လောက်သာ ယောဂီဟာ အိပ်ရမလဲ ဆိုရင် ညဥ့်သုံးယံ တစ်ယံသာ အိပ်ရမယ်၊ တစ်ယံဆိုတော့ လေးနာရီသာ အိပ်ခွင့်ရှိတယ်၊ ဘာပြုလို့ အအိပ်နည်းရသလဲ မေးရင် အိပ်တာများလျှင် ထိနမိဒ္ဓအားကြီး၍ မောဟ ဖိစီးလာတတ်တယ်။

စားလျှင် တိုင်းထွာဆိုတာကတော့ ဘောဇနေမတ္တညုတာ ဖြစ်အောင် ပြောတာ၊ "အစားကြီးလျှင် တရားနည်း တတ်တယ်" တရားနည်းတယ်ဆိုတာ တရားအားထုတ်ချိန် နည်းတာကို ပြောတာ၊ စားဖို့သောက်ဖို့ လုပ်နေရတာနဲ့ စားနေတာနဲ့ အချိန်ကုန်သွားတတ်တယ်၊ ဒါကြောင့် ဥပုသ်စောင့်ရတာလဲ အစားအတွက်နဲ့ အချိန်မကုန်စေဖို့ အစားခြဖို့ လုပ်ရတာပဲ။

ဤခြောက်ပါးသော ကျင့်ဝတ်တွေဟာ ယောဂီပုဂ္ဂိုလ်များ လိုက်နာရမည့် အင်္ဂါတွေဖြစ်ပါတယ်၊ တရား အားထုတ်တယ်ဆိုတာ သူတော်ကောင်း အလုပ်ပဲ၊ သူတော်ကောင်းဆိုတာ အရာရာမှာ ကျင့်ကြံ ခြိုးခြံရတာပဲ။

အားထုတ်ပုံ အားထုတ်နည်းကတော့ ပြဆိုထားခဲ့ပြီးသည့်အတိုင်း ကြိုက်ရာနည်းနဲ့ အားထုတ် နိုင်ပါတယ်၊ ထွက်သက်ဝင်သက် အာနာပါနသတိကို အားထုတ်မယ် ဆိုရင် နှာသီးဖျားမှာ စိုက်ထားပြီး ဝင်လေ ဝင်လာလျှင်

ဝင်တယ်၊ ထိတယ်လို့မှတ်၊ ထွက်လေ ထုတ်ပြန်လျှင်လဲ ထွက်တယ် ထိတယ်လို့မှတ်။

မှတ်ဖန်များတော့ ဝင်လေ ထွက်လေတို့၏ အမြဲမရှိပုံ ဆင်းရဲပုံ အနှစ်သာရ ဘာမျှမရှိပုံ ဖြစ်ပျက်နေပုံကို သိလာလိမ့်မယ်၊ ဝင်လေ ထွက်လေက ရုပ်၊ ရှုမှတ်နေတာက နာမ်ဟူ၍လည်း ခွဲခြားသိလာလိမ့်မယ်၊ အဲဒါ နာမရူပ ပရိစ္ဆေဒဉာဏ်ပဲ၊

ဤသို့ ရုပ်နှင့်နာမ် ခွဲခြားသိလာတာဟာ ငါရှုမှတ်နေသော သဒ္ဓါ-ဝီရိယ-သတိ-သမာဓိ-ပညာကြောင့် သိလာတယ်ဟု အကြောင်းကိုသိလျှင် ပစ္စယ ပရိဂ္ဂဟဉာဏ်အလိုလို ပေါ်လာတာပဲ၊

ထိုသို့ ရုပ်နှင့်နာမ် ကွဲပြီးနောက် ဖြစ်ပျက် အစဉ်လေး မြင်လာလိမ့်မယ်၊ ဖြစ်ပျက်အစဉ်မြင်တော့ သြော်… ရှေးကလဲ ရုပ်နာမ် ဖြစ်ပျက်အစဉ်ပဲ ရှိတယ်၊ ယခုလဲ ဖြစ်ပျက် အစဉ်ပဲ ရှိတယ်၊ နောင်လဲ ဖြစ်ပျက်အစဉ်ပဲ ရှိမှာပဲလို့ သူ့ အလိုလိုသိလာလိမ့်မယ်၊ အဲဒီသိတာဟာ သမ္မသနဉာဏ်ပဲ။

အဲဒီလို သိပြီး ပစ္စုပ္ပန်ဖြစ်ပေါ်လာတဲ့ ဝင်သက်-ထွက်သက် ဟူသော ရုပ်၊ သိနေသော နာမ်တရားတို့၏ တဖွားဖွား မနားမနေ ဖြစ်ပျက်နေသည်ကိုသိလျှင် ဥဒယဗ္ဗယ ဉာဏ်ပဲလို့မှတ်။

ဒီဉာဏ်ဖြင့် ရှုဖန်များသောအခါ အဖြစ်ကို မထင်ဘဲ အပျက်ကိုသာ ခွဲပြီး ထင်လာလိမ့်မယ်၊ ထိုအခါ ဘင်္ဂဉာဏ် ရောက်တော့တာပဲ။

အဲဒီလို ရုပ်နာမ်အစဉ်၊ ဖြစ်ပျက်အစဉ်၊ ပျက်အစဉ် ဆိုတဲ့ အစဉ်သုံးပါးကို ထင်ထင်ရှားရှား ဉာဏ်အား မြင်လာပါလျှင် တဖြည်းဖြည်း ဉာဏ်စဉ်တက်ပြီး မဂ်ဉာဏ် ဖိုလ်ဉာဏ်ရောက်ကာ ရုပ်နာမ်အစဉ် ဖြစ်ပျက်အစဉ် ပျက် အစဉ် အစဉ်သုံးပါးချုပ်ရာအမှန် နိဗ္ဗာန်ကို မျက်မှောက် ပြုတော့တာပဲ။

ထို့ကြောင့် သံသရာထဲ ကျင်လည်နေရတာကို အကျဉ်း ချုံးလိုက်လျှင် အောက်သံသရာဆိုတဲ့ အပါယ်လေးဘုံ ကျင်လည်ရသည်မှာ အဝိဇ္ဇာအရင်းခံသည့် ဒိဋ္ဌိကြောင့် ဖြစ်တယ်၊ ဘာပြုလို့လဲဆိုတော့ အကုသိုလ် ဒုစရိုက်တရား လိုက်စားကြသည်မှာ အဝိဇ္ဇာတရားက ဖုံးလွှမ်းထားပြီး အယူလွဲအယူမှားဆိုတဲ့ ဒိဋ္ဌိတရားက လှည့်စားထားလို့ ဖြစ်တယ်။

အလယ်သံသရာဆိုတဲ့ ကာမသုဂတိ ခုနစ်ဘုံ ကျင်လည် ရသည်မှာ အဝိဇ္ဇာ အရင်းခံသော ကာမတဏှာကြောင့် ဖြစ်တယ်။ ဘာပြုလို့လဲဆိုတော့ တမလွန် သံသရာမှာ လူ့ချမ်းသာ နတ်ချမ်းသာတွေ ခံစားရလေအောင် အဝိဇ္ဇာ တဏှာကြီးစိုးသော ကုသိုလ်ကောင်းမှု ပုညာဘိသင်္ခါရ တွေကို ပြုကြလို့ဖြစ်တယ်။

အထက်သံသရာဆိုတဲ့ ရူပဘုံ အရူပဘုံတွေ ကျင်လည် နေရသည်မှာ အဝိဇ္ဇာအရင်းခံသော ဘဝတဏှာကြောင့် ဖြစ်တယ်။ ဘာပြုလို့လဲဆိုတော့ သတ္တဝါတွေရဲ့ ဆန္ဒမှာ ကြမ်းတမ်းသောရုပ်နာမ်ဖြစ်တာမလိုချင်ကြဘူး။ ထို့အပြင်

ရုပ်ကြောင့် နာကျင်တာ စိတ်ကြောင့် ဆင်းရဲတာလို့ အခွာကိုမြင်တယ်။ မြင်တော့ နူးညံ့သော ရုပ်နာမ်မဖြစ်ရာ ရူပ တစ်ဆယ့်ခြောက်ဘုံနဲ့ ရုပ်သက်သက် ဖြစ်ရာ အသညသတ်ဘုံ နာမ်သက်သက်ဖြစ်ရာ အရူပဘုံသို့ရောက်အောင် အာနုဥ္စာဘိသင်္ခါရတွေကို ပြုလုပ်ကြလို့ ဖြစ်ပါတယ်။

မဂ္ဂင်နဲ့ ပြောမယ်ဆိုရင်....

(၁) မိစ္ဆာဒိဋ္ဌိမဂ္ဂင်က အောက်တန်း သံသရာလမ်းသို့ ပို့တယ်။

(၂) ကမ္မဿကတာ သမ္မာဒိဋ္ဌိမဂ္ဂင်က အလယ်တန်း သံသရာလမ်းသို့ ပို့တယ်။

(၃) ဈာနသမ္မာဒိဋ္ဌိမဂ္ဂင်က အထက်တန်း သံသရာလမ်းသို့ ပို့တယ်။

ဤသုံးပါးစလုံး လောကီလမ်းချည်းဖြစ်လို့နိဗ္ဗာန်စခန်းနဲ့ ဝေးနေကြရတယ်။

ဒါကြောင့် နိဗ္ဗာန်နိုးအောင် ဝိပဿနာ-ခရီးကိုလှမ်းကြပါလို့ တိုက်တွန်း နှိုးဆော်ရခြင်း ဖြစ်ပါတယ်။ ရုပ်ခေတ် နာမ်ခေတ် ပဋိစ္စသမုပ္ပါဒ်မြင်လျှင် နိဗ္ဗာန်မြင်တယ်။

တသ္မာ ဝိပဿနံ ဘာဝယိတွာ ဒုက္ခက္ခယံ ပါပုဏာန္တု။

တသ္မာ၊ ထိုသို့ ပစ္စုပ္ပန်တွင် အမှန် ဖြစ်ပွား ရုပ်ခေတ် နာမ်ခေတ် ပဋိစ္စသမုပ္ပါဒ်တရားကို သိမြင်လျှင် နိဗ္ဗာန်ဝင်နိုင်သောကြောင့်။ ဝိပဿနံ၊ အသိအမှတ်မကွာ မခြား

မလပ်ရတဲ့ ဝိပဿနာတရားမြတ်ကို။ ဘာဝယိတွာ၊ နေ့ည မညီး ပွားများပြီး၍။ ဒုက္ခက္ခယံ၊ အိုခြင်း နာခြင်း သေခြင်း မကင်း မာရ်နတ်မင်း၏ လက်တွင်းမှ ကျွတ်လွတ်ရာ အမတာဓာတ် ဆင်းရဲကုန်ဆုံးရာဖြစ်သော နိဗ္ဗာန်မြတ်သို့။ ပါပုဏန္တု၊ သံသရာပြတ် တရားမြတ်ဖြင့် ဆတ်ဆတ်မသွေ ရောက်နိုင် ရနိုင်ကြပါစေသတည်း။

သာဓု....သာဓု....သာဓု

သံသရာပြတ် ပဋိစ္စသမုပ္ပါဒ်တရားတော်

ပြီး၏။

## ဓာတ်တစ်လုံးဖြင့် အမြတ်ဆုံးနိဗ္ဗာန်သို့ သွားနိုင်သော တရားတော်

စတုန္နံ မဟာဘူတာနံ အညတ္ထတ္တံ ပထဝီ ဓာ-
တုယာ အာပေါဓာတုယာ တေဇောဓာတုယာ
ဝါယောဓာတုယာ နတွေဝစေမွေ အဝေစ္စ
ပသာဒေန သမန္နာဂတော အရိယသာဝကော
နိရယံဝါ တိရစ္ဆာန ယောနိယံဝါ ပေတ္တိ
ဝိသယံဝါ ဥပပဇ္ဇိဿတိ။

(အင်္ဂုတ္တိုရ်ပါဠိတော်)

ဘိက္ခဝေ၊ သံသရာဘေး ခံရမည့်အရေးကို မျှော်တွေး ကြောက်ငြား အိုချစ်သားတို့။ ယောဂါဝစရော၊ တရားအလုပ် အားထုတ်နေသော ယောဂီပုဂ္ဂိုလ်သည်။ စတုန္နံ၊ သင်္ချာအပြား အရေအတွက်အား ဖြင့် လေးပါးသာလျှင် ရှိကုန်သော။ မဟာဘူတာနံ၊ မြေရေလေမီး အသီးသီး ပိုင်းခြား ဓာတ်ကြီးများတို့၏။ အညတ္ထတ္တံ၊ တစ်ပါးစီ

တစ်ပါးစီ ပိုင်းခြားထွေထွေ ဖြစ်နေသည်၏ အပြင်ကို။ စေဇာနေယျ၊ အကယ်၍ သိပြွားအံ့။ ကိံ၊ အဘယ်သို့သိရမည်နည်းဟုဆိုသော်။ ပထဝီဓာတုယာစ၊ ကြမ်းတမ်း ပျော့အိ လေးလံခြင်းရှိသည်ကား ပထဝီဓာတ်ပါတကား ဟူ၍လည်းကောင်း။ အာပေါဓာတုယာစ၊ စေးထန်ယိုအိ ဖွဲ့စည်းခြင်းရှိသည်ကား အာပေါဓာတ်ပါတကား ဟူ၍လည်းကောင်း။ တေဇောဓာတုယာစ၊ ပူအေး နွေးရှိန်း တဖိန်းဖိန်း လောင်ကျွမ်းခြင်းရှိသည်ကား တေဇောဓာတ်ပါတကား ဟူ၍လည်းကောင်း။ ဝါယောဓာတုယာစ၊ ထောက်ကန် လှုပ်ရှား တွန်းတိုးသွားခြင်း ရှိသည်ကား ဝါယောဓာတ်ပါတကား ဟူ၍လည်းကောင်း။ ဇေဇာနေယျ၊ အကယ်၍ သိပြွားအံ့။ ဧဝံ၊ ဤသို့ သိသည်ရှိသော်။ ဓမ္မ၊ မြေရေလေမီး အသီးသီးသော ဓာတ်ကြီးလေးပါး သဘောတရား၌။ အဝေစ္စပသာဒေန၊ မပျက်မသုံ စိတ်အာရုံ၌ယုံကြည်လေးစား သဒ္ဓါတရားနှင့်၊ ဥပ္ပန္နာဂတော၊ ကောင်းစွာ ကုံလုံ ပြည့်စုံသည်ရှိသော်။ အရိယသာဝကော၊ ဒိဋ္ဌိကွယ်ပျောက် အရိယာ တစ်ယောက်ဟုဆိုလောက်သောသူ ဖြစ်နေ၍။ နိရိယံဝါ၊ အသည်းတုန်ရသည့် ငရဲဘုံဘဝသို့လည်းကောင်း။ တိရစ္ဆာနယောနိယံဝါ၊ စားအိပ်ကာမေ ဤသုံးထွေဖြင့် အဆိပ်မတွေ့ရ၍ စုံလှသည့် တိရစ္ဆာန်ဘုံဘဝသို့ လည်းကောင်း။ ပေတ္တိဝိသယံဝါ၊ အစားအစာ သိပ်ဆာကြုံရသည့် ပြိတ္တာဘုံသို့ လည်းကောင်း။ အသုရကာယံဝါ၊ အပူတကယ်စုံရသည့် အသူ

ရှာသည်ကို သို့ သည်အကောင်း။ နတွေဝ ဥပစ္စိဿတိ၊ ဓာတ်သားပိုင်သာ၍ ယိုမသွားအောင် ထောက်တည်နိုင်သဖြင့် ဓနရှာသည့်သာလျှင်တည်း။

သာဓု ..သာဓု....သာဓု။

အဲဒီဘာသွားတော်အရ ဓာတ်တရားကို ပိုင်းခြားသိသော စိတ်သားလျှင် အာပါယ်တံခါးပိတ်နိုင်တယ်ဆိုတာ အလွန်ထင်ရှားပါတယ်။ ဒါကြောင့် ဓာတ်တင်လုံးဖြင့် အမြတ်ဆုံးနိဗ္ဗာန်သို့ သွားရောက်နိုင်တယ် ဆိုသော တရားအမည်ကို တင်ခဲ့ပါသည်။

သံသရာဝဋ်မှ လွတ်နိုင်အောင် ချုပ်တည်း ဖွဲ့နှောင်ထားတဲ့ အဝိဇ္ဇာ တဏှာ ဒိဋ္ဌိ မူလတရားသုံးပါး ရှိသည့်အနက် သံသရာမှ ထွက်နိုင်အောင်ဟာ ရှေးဦးစွာ အရေးပါဆုံးဖြစ်တဲ့ ဒိဋ္ဌိကို အလျှင် ပယ်ရှားပစ်ရတယ်။ ဘယ်လိုပယ်ရှားရမလဲဆိုလျှင် ဓာတ်သိရင် မခက်ပါဘူး၊ ဘယ်လိုဓာတ်သိရမလဲဆိုလျှင် မြေ ရေ လေ မီးဆိုတဲ့ ဓာတ်ကြီးလေးပါး ကို ပညာ်ာရမတ် ကွဲပြားအောင် ခွဲခြားတတ်ဖို့ အရေးကြီးတယ်။

ရှေးဦးစွာ ပညတ်သိ- ပရိယတ်သိ- သင်ကြားသိ- သိအောင်လုပ်၊ မြေကြီး၏မြေမှုန့်ကို ကနဦး ကိုင်၍ကြည့်လိုက်ကြမ်းတမ်းတဲ့ အတွေ့အထိကို တွေ့ရှိလျှင် ကြမ်းတမ်းတဲ့ အတွေ့ဟာ ပထဝီဓာတ်ပဲလို့ သိလိုက်။

အကာသ်၍ အမှုန့်မှုန့် အမြွှာမြွှာ ကြေညက်နေသောမြေမှုန့်ကို ကိုင်ကြည့်မိ၍ နူးညံ့တဲ့အတွေ့အထိကို တွေ့ရှိလျှင် နူးညံ့တဲ့အတွေ့ဟာ ပထဝီဓာတ်လို့ပဲ သိလိုက်။

ဒါကြောင့် ကြမ်းတမ်းပျော့အိလေးလံခြင်းရှိသည်ကား ပထဝီဓာတ်ပဲလို့ ဆိုခဲ့တယ်။

ရေကန်ထဲကဖြစ်စေ၊ ရေအိုးထဲက ဖြစ်စေ၊ ရေရှိတဲ့နေရာတစ်ခုခုက ရေကို လက်ခုပ်ဖြင့်ယူကြည့်လိုက်၊ စေးထန်းကပ်ငြိ ယိုအိဖွဲ့စည်းတာကလေး တွေ့ရမယ်၊ အဲဒါဟာ အာပေါဓာတ်ပဲလို့ သိလိုက်။

ဒါကြောင့် စေးထန်း ယိုအိ ဖွဲ့စည်းခြင်း ရှိသည်ကား အာပေါဓာတ်လို့ ဆိုခဲ့တယ်။

ဆေးလိပ်မီးကလေးကိုဖြစ်စေ၊ နေပူတဲ့အခါ နေပူရာသို့ နေလို့ဖြစ်စေ၊ ရေအေးကို သောက်လို့ဖြစ်စေ၊ ဆောင်းအခါ ဥတုအလျောက် သဘာဝအတိုင်း အေးလို့ဖြစ်စေ၊ ပူတာအေးတာလေး တွေ့လိမ့်မယ်၊ အဲဒီပူတာ အေးတာလေးဟာ တေဇောဓာတ်လို့ပဲ သိလိုက်။

အေးတာလဲ တေဇောဓာတ်နော်၊ အာပေါဓာတ်သွား မထင်နဲ့ မယောင်မှားနဲ့၊ အအေးဓာတ်လဲ လောင်ကျွမ်းတာပဲ၊ ထင်ရှားအောင် ပြပါမယ်၊ သောက်ရေအိုးအောက်က ကရွတ်ခွေကို ကြည့်လိုက်၊ ကြာလျှင် ဘာဖြစ်လာသလဲ၊ အအေးဓာတ်လောင်ပြီး ဆွေးမြည့်သွားတာပဲမဟုတ်လား ထင်ရှားပါတယ်၊ သဂြိုဟ်ကျမ်းမှာလည်း “သီတုဏှာတု

သာမည တာဝ တေဇောဓာတု ဋ္ဌိတိပတ္တာ"လို့ ဆိုထား
တယ်၊

ဒါကြောင့် ပူအေးနွေးရှိန်း တဖိန်းဖိန်း လောင်ကျွမ်းခြင်းရှိသည်ကား တေဇောဓာတ်လို့ ဆိုခဲ့တယ်။

ယပ်တောင်ကလေးကို ကိုင်၍ ခတ်လိုက်လို့ဖြစ်စေ၊ ပကတိ သူ့သဘာဝအတိုင်း လေတိုက်တဲ့အခါ လေတိုက်ထဲမှာ နေလို့ဖြစ်စေ လေကို တွေ့ရှိလာလိမ့်မယ်၊ တွေ့တဲ့အခါ ထောက်ကန်လှုပ်ရှား တွန်းတိုး သွားတာကလေး တွေဟာ ဝါယောဓာတ်ပဲလို့ သိလိုက်။

ဒါကြောင့် ထောက်ကန်လှုပ်ရှား တွန်းတိုးသွားခြင်းရှိသည်ကား ဝါယောဓာတ်လို့ ဆိုခဲ့တယ်။

အဲဒီလို သဘာဝ ရှေးဦးစွာ ဓာတ်ကြီးလေးပါးကို လူပြိန်းသိ ပညာသိ ပရိယတ်သိ သင်ကြားသိ သိတယ်လို့ ခေါ်တယ်။

အဲဒီလို အကြမ်းဖျင်းသိပြီးလျှင်....

င၏ ခန္ဓာကိုယ်၌လည်း ဆံပင် မွေးညှင်းစသော ကြမ်းတမ်း ပျော့အိသော ပထဝီ ဓာတ်(၂၀) ရှိတယ်၊ သည်းခြေ သလိပ် စသော စေးထန်း ယိုအိ ကပ်ငြိသော အာပေါဓာတ်(၁၂)ပါး ရှိတယ်။

အစာကို ညက်ကြေတတ်သော ပါစကဓာတ် ဆွေးမြည့်စေတတ်သော ဇီရဏဓာတ် စသော တေဇောဓာတ် (၄) ပါးသာ ရှိတယ်၊ အထက်သို့ ဆန်သောလေ၊ အောက်သို့ စုန်သောလေ စသော ဝါယောဓာတ်(၆)ပါးသာ ရှိတယ်

လို့ သိလျှင် အဲဒီ အသိဟာ ပဋိပတ်သိ၊ စိန္တာမယသိ၊ ဆေးဆရာသိ၊ အလယ်အလတ်သိလို့ ခေါ်တယ်၊ ဒါလဲ ပညတ်သိထဲ ပါဝင်တာပဲ။

ပရမတ်သိ၊ ပဋိဝေဓသိ၊ အရိယာသိ အသိမျိုးကတော့ မလွယ်ဘူး၊ မလွယ်ပေမယ့် ခက်တယ်ဆိုပြီး ပစ်ထားလို့ မဖြစ်ဘူး၊ အထူး သိလာအောင် ဝိပဿနာတရား အားထုတ်ကြည့်၊ သိလိမ့်မယ်၊ သိအောင်လဲ လုပ်ကြ၊ ဒါမှ ခတ်တစ်လုံးသိလျှင် အမြတ်ဆုံး နိဗ္ဗာန်ထိ သိနိုင်တယ်။

ပြသို့ ပြောလို့ ရေးလို့ မလွယ်ပေမယ့် မှန်းဆပြီး သိအောင် ပြပါမယ်။

ဘယ်ဘက်လက်ကို ညာဘက်လက်ဖြင့် အသာကလေး စမ်းကြည့်လိုက်၊ မာတာကို တွေ့ရှိလျှင် မာပြီး ပျက်ပျက် သွားတာကလေးကို သိထား၊ ပျော့တာတွေ့ရှိလျှင် ပျော့ပြီး ပျက်ပျက်သွားတာကလေးကို သိထား၊ ချွေးထွက်နေလို့ စေးထန်းတာကလေးကို တွေ့လျှင် စေးထန်းပြီး ပျက်ပျက် သွားတာကလေး သိထား။

ပူနေတဲ့အခါ၊ အေးနေတဲ့ အခါ ဖြင်လို့ ပူတာ၊ အေး တာလေး တွေ့လျှင် ပူပြီး အေးပြီး ပျက်ပျက်သွားတာ ကလေးကို သိထား၊ နှိပ်လိုက်လို့ ပိန်ကျသွားတာ၊ လွှတ် လိုက်လို့ ဖောင်းကြွလာတာလေးကို ပိန်ပြီး ဖောင်းပြီး ပျက်ပျက်သွားတာလေးကို သိထား။

ထိုသို့ ပညတ်အနေနဲ့ သိပြီးနောက် ထိုသဘောတရား လေးတွေကို ဉာဏ်နဲ့သိအောင် ဖြစ်ပျက်ကို ရှု၊ ဖြင်ပြီး

ပျက်ပျက်သွားတဲ့ လက္ခဏာလေးတွေ ပေါ်အောင် ကြမ်းတမ်းသော နေရာသို့လျှင် ထိတယ်၊ ကြမ်းတယ်ရှု၊ နူးညံ့သော နေရာသို့လျှင် ထိတယ်၊ နူတယ်ရှု၊ ချွေးထွက်လို့ စိုးသိုလာလျှင် စိုတယ် သိုတယ်ရှု၊ ပူလာလျှင် ပူတယ်ရှု၊ အေးလာလျှင် အေးတယ်ရှု၊ ဖောင်းလာလျှင် ဖောင်းတယ်ရှု ပိန့်သွားလျှင် ပိန့်တယ်ရှု၊

ရှုဖန် များတော့ ကြမ်းတာ ပျော့တာ စိုတာ ယိုတာ ပူတာ အေးတာ ပိန့်တာ ဖောင်းတာလေးတွေ တစ်ခုပြီး တစ်ခု သူ့သဘောနဲ့ သူ ဖြစ်ဖြစ်ပြီး ပျက်ပျက်သွားတဲ့ သဘော လက္ခဏာလေးတွေ ဉာဏ်ထဲ စွဲမြဲပြီး ထင်လာ လိမ့်မယ်၊ ထိုသို့ ထင်လာတဲ့အခါ "ပရမတ္ထ ဓမ္မာသဏ္ဍာန ရဟိတာ"လို့ ဆိုသည့် အတိုင်း ခန္ဓာကိုယ်ကြီးကို ဒြပ်သဏ္ဌာန် မမြင်တော့ဘဲ ဓာတ်လေးပါးတို့၏ ဖြစ်ပျက်နေပုံသာ အသိုသို မြင်လာလိမ့်မယ်၊ ဓာတ်လေးပါးသာ ရှိတယ်လို့ သိလာလိမ့်မယ်၊ ထိုအခါ ပုဂ္ဂိုလ်သတ္တဝါ ငါ သူတစ်ပါး ယောက်ျား မိန်းမရယ်လို့ မရှိတော့ဘဲ ပရမတ္ထ သဘောတရားတို့၏ဖြစ်ပျက် အစဉ်သာ ရှိတယ်လို့ ဉာဏ်အမြင် ထင်လာပါလျှင် ပရမတ်သိ၊ ပဋိဝေဒသိ၊ အရိယာသိအသိမျိုး ဖြစ်ပေါ်လာပြီသို့မှတ်။

ပုံသဏ္ဍာန် အကောင်အထည် ကိုယ်ခန္ဓာကြီးရယ်လို့ ထင်နေအောင် လှည့်စားပြီး မျက်လှည့် ပြထားသကဲ့သို့ တဏှာ ဒိဋ္ဌိ တရားတွေက လုပ်ထားတာ ဖြစ်တယ်၊ သူတို့ နှစ်ပါး လုပ်လိုက်လျှင် အဟုတ် ထင်သွားတတ်တယ်။

အဲဒီလို လှည့်စားထားတဲ့ ကိလေသာတရားတွေ ပျောက်အောင်ဟာ 'အနာနဲ့ဆေး တည့်အောင်ပေး ပျောက်ရေးမခက်ပါ''ဆိုသလို ပညတ် အထင်အမြင် အနာရောဂါ ပျောက်အောင်ဟာ ဝိပဿနာ ဆေးတစ်ခုသာလျှင် ကုစားလို့ ရတယ်။

''ပညတ္တိံ ထပေတွာ နိဗ္ဗတ္တိတာ ပရမတ္ထဝသေန ဝိသေသေန ဝိဝိတဝါဂဿတီတိ ဝိပဿနာ'' ဟု ဝိသုဒ္ဓိမဂ် အဋ္ဌကထာမှာ ဝိဂြိုဟ်ဆို၍ မှတ်ကျောက်တင်ထားသည့်အတိုင်း ပညတ် အထင်အမြင်တွေကို ပယ်ရှား စွန့်ပစ်ထားခဲ့၍ မုချဆတ်ဆတ် ပရမတ်၏ အစွမ်းအားဖြင့် အများမြင်တာ၊ အမှားမြင်တာတွေထက် မြင့်တက်ထူးခြား၍ အဆန်းအပြား ပရမတ် တရားကို မြင်လာအောင်ရှုမှ ဘုရား အလိုကျ ပရမတ်သိ၊ ပဋိဝေဓသိ၊ အမှန်သိ၊ ကောန်သိ ဖြစ်လာမယ်။

ဒီလို သိမှ အပါယ်လေးပါးက လွတ်တယ်၊ ဒါကိုသာ ရည်၍ ''အဝေစ္စပသာဒေန သမန္နာဂတော အရိယသာဝကော''လို့ ဆိုတာမှတ်။

ဒီလိုမသိအောင်နှင့် ထိုမာတ်ကြီးလေးပါးတို့၏သဘောလက္ခဏာ၊ ထိုမာတ်ကြီး လေးပါးတို့၏ အမြဲမရှိတဲ့အနိစ္စလက္ခဏာ၊ ဆင်းရဲတဲ့ဒုက္ခလက္ခဏာ၊ အစိုးမရ အလိုမကျတဲ့ အနတ္တလက္ခဏာတွေကိုမသိအောင် အဝိဇ္ဇာကြီးစိုး ပညတ်တရားက ဖုံးလွှမ်းထားတယ်။

## အဘယ်သို့ ဖုံးလွှမ်းထားသလဲဆိုတော့

(၁) အနိစ္စ အမြဲ မရှိတာကို မြဲတယ်ထင်အောင် သန္တတိ ပညတ်က ဖုံးလွှမ်းထားတယ်။

(၂) ဆင်းရဲတာကို ချမ်းသာတယ်ထင်အောင် ဣရိယာ ပုထ်က ဖုံးလွှမ်းထားတယ်။

(၃) အစိုးမရ အလိုမကျတာကို အစိုးရ အလိုကျတယ် ထင်အောင် အစိုင် အခဲ မရှိတာကို အစိုင်အခဲ ရှိတယ် ထင်အောင် ဃနပညတ်က ဖုံးလွှမ်းထားတယ်လို့ မှတ်။

(၄) အသုဘ မတင့်တယ်တာကို သုဘတင့်တယ်သည် ထင်အောင် ဗိဝပညတ်က ဖုံးလွှမ်းထားတယ်လို့မှတ်။

အဘယ်သို့ ဖုံးလွှမ်းထားသလဲ ဆိုတော့....

ခေတ်တရား ပရမတ်တရားတို့၏အဖွားဖွား ဥပဒ် ဌီဘင် အားဖြင့် ဖြစ်ပွားနေတာကို မသိအောင် နှလုံးမသွင်းနိုင်အောင် တစ်စပ်တည်း၊ တစ်တန်းတည်း ထင်အောင် သန္တတိ ဆိုတဲ့ အစဉ် ပညတ်လေးက ဖုံးလွှမ်းထားတယ်။

ဥပမာအားဖြင့် ပုရွက်ဆိတ်ကလေးတွေ တန်းနေတာ ခြံ [illegible] တွေ တန်းနေတာ ရေစက်ကလေးတွေ တန်းနေတာကို ကြည့်၊ အမှန်အားဖြင့် တစ်ကောင်စီ၊ တစ်စက်စီ ဖြစ်နေသော်လည်း တစ်တန်းတည်း ထင်ရတယ်။

အဖုံးဖွင့်၍ အမှန်သိအောင် ဘယ်သို့ လုပ်ရမည်နည်း....

ထိုခေတ်တရား ပရမတ်တရားတို့၏ ဖြစ်ပျက်ကို ရှုလိုက်လျှင် ပထဝီစသော ဓာတ်တရားတို့၏ သူ့သဘောနဲ့ သူကြမ်းတမ်းတဲ့ လက္ခဏာ၊ ယိုစီးတဲ့ လက္ခဏာ၊ လောင်ကျွမ်းတဲ့ လက္ခဏာ၊ လှုပ်ရှားတဲ့ လက္ခဏာလေးတွေဟာ အလိုလိုပေါ်လာလိမ့်မယ်။ အဲဒီလို အဖြစ်အပျက်ရှုတာဟာ အဖုံးဖွင့်၍ အမှန်သိသောင် လုပ်တာပဲလို့မှတ်။

ဥပမာ – ပုရွက်ဆိတ် ကလေးတွေ တန်းနေတာ၊ ခြကောင်လေးတွေ တန်းနေတာ၊ ရေပေါက်ကလေးတွေ တန်းနေတာကို တုတ်နဲ့ ထိုးကြည့်လိုက်တော့ ခြားစီဆိုတာ သိသလိုပါပဲ။

ဒုက္ခမထင်အောင် ဣရိယာပုထ် ဖုံးလွှမ်းပုံကတော့—

ဓာတ်တရား ပရမတ်တရားတို့၏ အဖြေပျက် ဆက်ဆက်ပြီး ပျက်နေတာကို မသိအောင် နှလုံးသွင်းနိုင်အောင် ညောင်းတာ ညာတာကို မသိအောင် ဣရိယာပုထ် ပြောင်းပြောင်းပြီး နေလိုက်တော့ ဆင်းရဲတာမသိဘူး၊ ဣရိယာပုထ် ပညတ်ကလေး ဖုံးလွှမ်းထားတယ်။

အဖုံးဖွင့်၍ အမှန် ဆင်းရဲတာသိအောင် ဘယ်လိုလုပ်မည်နည်း။

ဒုက္ခထင်ရှားအောင် ကြာကြာသွား၊ ကြာကြာရပ်၊ ကြာကြာထိုင်၊ ကြာကြာ အိပ်လိုက်၊ ထိုအခါ ညောင်းလာမယ်၊ တောင့်တင်း လာမယ်၊ ကြာကြာ သွားရင်မောလာမယ်၊ ကြာကြာရပ်ရင် တောင့်တင်း လာမယ်၊ ကြာကြာထိုင်ရင် ညောင်းလာမယ်၊ ကြာကြာ အိပ်ရင်

ထိုင်းမှိုင်းလာမယ်၊ အဲဒါဖြစ်ပျက်ဖြစ်နေလို့ ဆင်းရဲတာပဲလို့သိတော့ ညောင်းတယ် တင်းတယ် မောတယ်လို့ ရှုလိုက်၊ အညောင်းအဘင်း အမောတွေ ပျောက်သွားတာ သိလာမယ်၊ အဲဒီလို အမြဲမပြတ် အထပ်ထပ် ဆင်းရဲတဲ့ လက္ခဏာကို သိအောင် လုပ်တာ၊ နှလုံးသွင်းတာဟာ အဖုံးဖွင့်လိုက်တာပဲ။

အနတ္တမထင်အောင် ဃနပညတ် ဖုံးလွှမ်းပုံကတော့–

ခါတ်ကြီးလေးပါးတို့တွင် ပထဝီ၏ သီးခြား ကြမ်းတမ်းပျော့အိတဲ့သဘော၊ အာပေါ၏ စေးထန်း ဖွဲ့စည်းတဲ့သဘော၊ တေဇော၏ ပူအေးတဲ့ သဘော၊ ဝါယော၏ လှုပ်ရှားတဲ့သဘော၊ မကွဲပြားဘူးထင်အောင် ကွဲပြားနေသည်ကို မသိအောင် နှလုံးမသွင်းနိုင်အောင် ဖုံးလွှမ်းပြီး တစ်သဘောတည်း တစ်ခဲနက်တည်း ဟစ်ခုတည်း ထင်အောင် ဃနပညတ်က ဖုံးလွှမ်းထားတယ်။

အဖုံးဖွင့်၍ အနတ္တ ထင်အောင် ဘယ်လို လုပ်မည်နည်း။

ဓာတ်တရား ပရမတ်တရားတို့၏ ဝိသေသ လက္ခဏာအားဖြင့် ထူးခြားနေသည်ကို သိအောင် အမြဲသတိပြု၍ နှလုံးသွင်း ရှုမှတ်နေလျှင် ပထဝီဓာတ်၏ ကြမ်းတမ်းနူးညံ့သော လက္ခဏာ အာပေါဓာတ်၏ စေးထန်း ဖွဲ့စည်းတဲ့ လက္ခဏာ တေဇောဓာတ်၏ ပူအေးတဲ့လက္ခဏာ ဝါယောဓာတ်၏ လှုပ်ရှားတဲ့ လက္ခဏာလေးတွေ ထင်ရှားကွဲပြားလာပါလိမ့်မယ်။ ထိုအခါ တစ်ခဲနက် တစ်သဘော

တည်း တစ်ခုဏာည်း ထင်တာပျောက်၍ တစ်ပါးငြီတစ်ပါးငြီ ကွဲပြားလာလိမ့်မည်။ အဲဒါ အနတ္တထင်အောင် အဖုံးဖွင့်တာပဲ။

အသုဘမထင်အောင်ဇီဝပညတ်က ဖုံးလွှမ်းပုံကတော့–

ဓာတ်တရားပရမတ်တရား၏အပေါင်းအစုကို လူကောင် နတ်ကောင်၊ တိရစ္ဆာန်ကောင် ထင်အောင် မိန်းမ ယောကျ်ား ထင်အောင် အသက်ဝိညဉ်လို့ ခေါ်နေကြတဲ့ ဇီဝပညတ်က ထိန်းထားတော့ အသုဘကောင်ကြီးရယ်လို့ မထင်ဘူး၊ လှတယ်၊ ချောတယ်၊ တင့်တယ်တယ်ဟူ၍သာ ထင်နေကြတယ်။ အဲဒါ ဇီဝပညတ် ဖုံးလွှမ်းထားတာ ဖြစ်တယ်။

အဖုံးဖွင့်၍ အသုဘထင်အောင် ဘယ်လိုလုပ်မည်နည်း–

နဝသိကအသုဘ ကမ္မဋ္ဌာန်းရှု၍ဖြစ်စေ၊ အာဟာရေ ပဋိကူလသညာ ကမ္မဋ္ဌာန်းရှု၍ဖြစ်စေ၊ ဝိပဿနာရှု၍ဖြစ်စေ၊ ရှုကြည့်သောအခါ ဘာမျှ တင့်တယ်တာမရှိ။ ဖြစ်ပျက်နေသည့် အကောင် ပုပ်ကြီးပဲလို့ သိလာ လိမ့်မယ်၊ အဲဒါ အသုဘ ထင်အောင် အဖုံးဖွင့်လိုက်တာပဲ။

ဒါကြောင့် အဝိဇ္ဇာ တဏှာစသော အဖုံးတရား တွေကို ဝိဇ္ဇာသဒ္ဓါစသော အဖွင့်တရားတွေနဲ့ ဖွင့်လိုက်တဲ့အခါ လောကမှာ ရှိရှိသမျှ လူတွေနတ်တွေ ဗြဟ္မာတွေနဲ့အပါယ် ကောင်သားတွေဟာ အလုံးစုံ အကုန် အိုရ နာရ သေ ရမယ့် သတ္တဝါတွေချည်းပဲ၊ ဓာတ်လေးပါး အစုအဝေး ချည်းပဲ၊ ထိုဓာတ် တရားတွေကလဲ တဖွဲဖွဲ တဖွားဖွား

ပျက်နေတဲ့ သဘောတရားတွေပဲလို့ သိအောင် လုပ်ကြ၊ သိလာလျှင် အရိယာ သာဝက ဖြစ်တော့တာပဲ။

ဒါကြောင့်....

အဝေစ္စပသာဒေန၊ မပိုတ်မသုန် စိတ်အာရုံ၌။ ယုံကြည်သော သဒ္ဓါတရားနှင့်။ သမ္မန္နာဂတော၊ ကောင်းစွာ ကုန်လုံ ပြည့်စုံသော သူသည်။ အရိယသာဝကော၊ အရိယာနှင့် မခြား တမူအလားတူသော သူသည်။ ဟောတိ၊ မုချမသွေ ဖြစ်လေသတည်း။

သာဓု...သာဓု...သာဓု။

အဲဒီလို ခေတ်ကြီးလေးပါး ပိုင်ပိုင်နိုင်နိုင် သိမှ အပါယ်လေးပါး စိတ်ချရတယ်။

ဒါကြောင့် မြတ်စွာဘုရားက "ဗျာယေထ ဘိက္ခဝေ ကိလေသေ ဝိပဿနာ အဂ္ဂိနာ"တဲ့။ ဘိက္ခဝေ၊ သံသရာဘေး ခံရမည့် အရေးကို မြော်တွေးကြောက်ငြား၊ အိုချစ်သားတို့။ ကိလေသေ၊ တကိုယ်မအေးတဲ့ အပါယ်ဘေးသို့ မနှေးမလပ် ပို့ဆောင်တတ်သော ညစ်ပတ်စုတ်ချာ ကိလေသာ ရောဂါတို့ကို ဝိပဿနာ အဂ္ဂိနာ၊ ခန္ဓာကိုယ်အတွင်း သမာဓိသွင်း၍ အသျှဉ်းမပြတ် သတိချပ်လျက် ရှုမှတ်ဖန်ဖန် ပညာဉာဏ်တည်း ဟူသော ဝိပဿနာမီးဖြင့်။ ဗျာယေထ၊ သံသရာစက်ရဟတ် အဆုံးသတ်အောင် လုံ့လ ခေတ်မချို့ဘဲ မီးရှို့၍ သတ်ကြပါကုန်သော" ဟု ဟောတော်မူပါတယ်။

ခေတ်သိရင် ဘာမှ မခက်ဘူးနော်။ ခေတ်က ရုပ်၊ သိတာက နာမ်၊ ဒီနှစ်ခုဟာ ကပ်နေတာပဲ။ ငါးကြင်းဆီနှင့်

ငါးကြောင်းကြောင်လိုက်ရုံပဲ ရှိတယ်။ ခေါတ်အရှိကို ကပ်ကြည့်လျှင် သိပါတယ်။

ကဲ....ကဲ ခေါတ်သိအောင် ခေါတ်စာစားတဲ့ သဘောနဲ့ တရားအားထုတ်ပုံ အားထုတ်နည်းကို အညွှန်းခေါ်သည့် ပုဗ္ဗကိစ္စ ပရိကပ်တို့ကို ရှေးဦးစွာ ပြကြစို့။

ရှေးဦးစွာ ဘုရားရှိခိုးကြ....

ဘုရား ရှိခိုးတာဟာ ဘေးအမျိုးမျိုး၊ ရန်အသွယ်သွယ် အန္တရာယ် အနှောင့်အယှက် ကင်း၍ လိုရင်းဖြစ်သော နိဗ္ဗာန်သို့ အမြန်ရောက်နိုင်တယ်။

ကျမ်းဂန်တွေထဲမှာလဲ ဘုရားဂုဏ်ကို အာရုံပြုတဲ့ ဗုဒ္ဓါနုဿတိ နိဗ္ဗာန်ကိုအာရုံပြုတဲ့ ဥပသမာ နုဿတိ ဤနှစ်ပါးဟာ တရားအားထုတ်တဲ့အခါ အလွန်တရာ ကျေးဇူးများပါတယ်ဟု ဆိုတယ်၊ ဘယ်ထိအောင် ကျေးဇူးများသလဲ ဆိုရင် ဗုဒ္ဓါရမ္မဏာ ပီတိဖြင့် ကြည်အေးပြီး၊ သောတာပန်အထိ ဖြစ်သွားအောင် ကျေးဇူးများတယ်လို့ဆိုပါတယ်။

ထို့အပြင် အစမထင် သံသရာတစ်ခွင်က၌ ယနေ့ ကျအောင် ဘဝအဆက်ဆက် ပေါင်းဖက်နေထိုင်ကြသော အမိအဖ ဆရာသမား ဆွေမျိုးညာတကာ မိတ်သဟာ အပေါင်းတို့အား မိမိက ပြစ်မှားမိသော အပြစ်တို့ကို သည်းခံကြပါရန် ကန်တော့ပါ၏၊ တောင်းပန်ပါ၏လို့ ဆိုလိုက်။

ထိုပုဂ္ဂိုလ်တို့က မိမိအပေါ် ပြစ်မှားမိသော အပြစ်ရှိခဲ့သော်မိမိကလဲအကျိတ်အခဲ ထား သဘောထား ကြီးကြီးဖြင့် သည်းခံပါ၏ ခွင့်ပြုပါ၏ဟုဆိုလိုက်။

ထို့နောက် တရားအားထုတ်နေတဲ့အခါ မိမိခန္ဓာကိုယ်နှင့် အသက်ကို မြတ်စွာဘုရားနှင့် သင်ဆရာ မြင်ဆရာ ကြားဆရာ အပေါင်း သူတော်ကောင်းတို့အား လှူဒါန်းပါ၏၊ စွန့်လွှတ်ပါ၏ဟု ဆိုလိုက်။

သုံးဆယ့်တစ်ဘုံ၌ ကျင်လည် ကြကုန်သော သုခိတ ဒုက္ခိတ သတ္တဝါ အပေါင်းတို့အား ကျန်းမာကြပါစေ ချမ်းသာကြပါစေ ကိုယ်နှုတ်စိတ်ဝမ်း အေးချမ်းကြပါစေ ဟု မေတ္တာပို့လိုက်။

ယောက်ျားဆိုလျှင် တင်ပျဉ်ခွေထိုင်၊ မိန်းမဆိုလျှင် မိန်းမထိုင် ထိုင်လိုက်ပါ။ အိုခြင်း နာခြင်း သေခြင်း ကင်းရာအမှန် နိဗ္ဗာန်သို့ ညွတ်၍ ကိုင်း၍ ရှိုင်း၍ ခန္ဓာကိုယ်အတွင်း သမာဓိ သွင်းပြီးလျှင် မျက်စိမှိတ်၊ ပါးစပ်ကို ပိတ်ထားပြီးလျှင် အနည်းဆုံး တစ်နာရီလောက် ထိုင်ပြီး အားထုတ်။

မိမိခန္ဓာကိုယ်ကြီး အာရုံပြုလိုက် ရုပ်ခေတ် နာမ်ခေတ် နှင့်ရုပ်သာရှိတယ်လို့ စိတ်ထဲကမှတ်ထား။ ရုပ်မှာ အရေအတွက်အားဖြင့် (၂၈)ပါး ရှိသော်လည်း အမာခံ ရုပ်ကြီးများမှာ ပထဝီ အာပေါ တေဇော ဝါယော ဟူ၍ လေးပါးသာ ရှိတယ်လို့ မှတ်ထား။

## လွှန်ကဲရာဓာတ် ပေါ်ရာမှတ်

သို့လေးပါးတို့တွင် ပထဝီဆိုတဲ့ မြေဓာတ်က မာကျော နူးညံ့တဲ့ သဘောရှိတယ်၊ အာပေါဆိုတဲ့ ရေဓာတ်က စေးကန်းကပ်ငြိ ယိုအိတဲ့ သဘော ရှိတယ်၊ တေဇော ဆိုတဲ့ မီးဓာတ်က ပူအေး လောင်ကျွမ်းတဲ့ သဘော ရှိတယ်၊ ဝါယောဆိုတဲ့ လေဓာတ်က ထောက်ကန် လှုပ်ရှားတဲ့ သဘောရှိတယ်။

ဒီရုပ်တွေကလွဲ၍ လူတစ်ကိုယ်လုံး ဘာမျှ မိန်းမ ယောကျ်ား ပုဂ္ဂိုလ် သတ္တဝါ အကောင်အထည် အရှည် အတို စသော ခန္ဓာကိုယ်ကြီး မရှိဘူးလို့ မှတ်ထားလိုက်။

ထို့နောက် မြင်သိ ကြားသိ နံသိ စားသိ ထိသိ ကြံသိလို့ အသိစိတ်ကလေးဟာ အရေအတွက်အားဖြင့် (၆)ပါး ရှိသော်လဲ သိတဲ့ သဘောအားဖြင့် ပေါင်းပြီး ကြည့် လိုက်တော့ အသိဆိုတဲ့ နာမ်ဓာတ် တစ်ခုသာ ရှိတယ်လို့ မှတ်ထားလိုက်။

ဘယ်နေရာနေနေ၊ ဘယ်နေရာသွားသွား၊ ဒီဆိုအပ်ပြီး သော ရုပ်ဓာတ်လေးပါးနဲ့ အသိဆိုတဲ့ နာမ်ဓာတ်တစ်ပါး ပေါင်း ငါးပါးသာ ရှိတယ်လို့ မှတ်ထားရမယ်၊ အဲဒီလို အမြဲ မှတ်ထားနိုင်လို့ သိသိနေမယ်ဆိုလျှင် "ကိုယ်တွေ့ ဉာဏ်မြင် နိဗ္ဗာန်ဝင်" သဘော ဖြစ်တော့တာပဲ။

ဒါပေမယ့် သေချာစွာ သိထားရမှာကတော့ ပထဝီဆို တဲ့ မြေဓာတ်ထဲမှာလဲ ကျန်တဲ့ အာပေါ တေဇော ဝါယော

ဆိုသော ခေတ်သုံးပါး ပါတာပဲ၊ ထိုခေတ်ကြီး သုံးပါး တောင် မကဘူး၊ ဝဏ္ဏ ဂန္ဓ ရသ ဩဇာ ဆိုသော ခေတ် လေးပါးတောင် ပါသေးတယ်။

ဘာပြုလို့လဲဆိုတော့ ဒီပထဝီစသောခေတ်ကြီးလေးပါး နဲ့ ဝဏ္ဏ စသော ခေတ်လေးပါးတို့ဟာ ခွဲခွာလို့ မရ စကောင်းဘူး၊ အံမြဲတွဲနေတယ်၊ အဋ္ဌကလာပ်ရုပ် ရှစ်ဦးလို့ လဲ ခေါ်တယ်၊ ဘယ်အရာဝတ္ထုမျိုးမဆို ရုပ်ရှိတဲ့ အရာ ဝတ္ထုမှန်သမျှ ပေါင်းစပ်နေတဲ့ ရုပ်ကလာပ်လို့ ခေါ်တယ်။

ထိုသို့ပင် ရုပ်ရှစ်ခု ပေါင်းစုပြီး နေသော်လည်း ခေတ်ကြီး လေးပါးတို့တွင် လွန်ကဲရာ ခေတ်ကို အမည်တင်ပြီး ပထဝီခေတ် အာပေါခေတ် တေဇောခေတ် ဝါယော ခေတ်လို့သာ အမည်ပေးရတယ်။

ဒါကြောင့်....

“လွန်ကဲရာခေတ်၊ ပေါ်ရာမှတ်၊ ဝိပသိလက္ခဏာ” လို့ ဆရာမြတ်တို့ ဆိုကြတယ်။

ဥပမာအားဖြင့် သံပရာရည်အဖျော်ဆိုပါတော့၊ (၁) သံပရာသီးအရည်ရယ်၊ (၂) သန့်ရှင်းသော ရေရယ်၊ (၃) သကြားရယ်၊ (၄) ဆားရယ်လို့ လေးမျိုး ပါတယ်၊ မွှေပြီး နောက် မြည်းလိုက်တဲ့အခါ ချဉ်သော အရသာလေး ထွက်လာလိမ့်မယ်၊ သကြားပါလို့ ချိုတယ် မပြောဘူး၊ ဆားပါလို့ ငန်တယ် မပြောဘူး၊ ရေပါလို့ ဘယ်လိုမှ မနေ ဘူးဟု မပြောဘူး၊ သံပရာရည်အချဉ်က လွန်ကဲသည့် အတွက် ချဉ်တယ်လို့ပင် ပြောကြသလိုပါပဲ။

အဲဒါကို သေချာစွာ သိရအောင် ဓာတ်ကြီး လေးပါးကို အရေးထား၍ တရားရှု မှတ်ကြစို့။

ယခင်က ပြဆိုခဲ့သည့်အတိုင်း ထိုင်ပြီးတော့ ငြိမ်ငြိမ်ကလေး နေလိုက် ငြိမ်ငြိမ်နေပြီး စိတ်ထဲက ဖြစ်ဆဲ ဖြစ်ဆဲ ပေါ်လာတဲ့ ဓာတ်ကို ရှုမှတ်လိုက်။

ထိုင်လိုက်လို့ ကြမ်းပြင်က ဖျာနဲ့ ထိပြီး ကြမ်းတမ်း ခက်မာတဲ့ သဘောလေး တွေ့လာရင် ပထဝီဓာတ်ပဲလို့ ရှုလိုက်။

ရှုတာရယ် သိတာရယ် မှတ်တာရယ် နှလုံးသွင်းတာရယ် အာဘဲခတ်တာရယ် သတိပြုတာရယ် အတူတူပဲ။ ဝေခြားစီ ထင်မနေနဲ့၊ အခေါ်တာ ကွဲတာ သဘောအတူတူပဲ။ ပါးစပ်ကလဲ ဆိုနေရတာ မဟုတ်ပါဘူး။ စိတ်ထဲက အမှတ်လွတ် မသွားဘဲ သိသိနေဖို့သာ အရေးကြီးတာပါ။

ချွေးများ ယိုအိစီးဆင်းလာတဲ့ သဘောလေး တွေ့လာရင် အာပေါဓာတ်ပဲလို့ ရှုလိုက်၊ ပူပူအေးအေးနွေးနွေး ရှိန်းရှိန်း ပေါ်လာရင် တေဇောဓာတ်ပဲလို့ ရှုလိုက်။ လှုပ်လှုပ်ရွရွ တွန်းတိုးတဲ့ သဘောလေး တွေ့လာရင် ဝါယောဓာတ်ပဲလို့ ရှုလိုက်။

အဲဒီလို ပေါ်လာတဲ့ ဓာတ်နောက်က အသိဉာဏ်ကလေး ကပ်ရောက်၊ ကပ်ရောက်ပြီး အမှတ် မပျောက်အောင် ရှုနေလျှင် ဓာတ်လေးပါးကို သိတယ်လို့ပဲ ခေါ်တယ်။ အဲဒါဟာဓာတ်သိတာပဲ။ ဓာတ်သိရင် နိဗ္ဗာန်နား ကပ်မိတော့တာပဲ။

ရှုဖန်များတော့ ကြမ်းတမ်း ခက်ထန်ခြင်း စသော သဘောတရား ကလေးတွေက ရုပ်၊ အသိဉာဏ်ကလေးက နာမ်ဆိုတာ သူ့အလိုလို ကွဲလာတာပဲ။ အဲဒီလို ကွဲလျှင် ရုပ်နှင့်နာမ် ပိုင်းခြားသိတဲ့ နာမရူပ ပရိစ္ဆေဒ ဉာဏ်ရောက် တော့တာပဲ။

ဒီ ဉာဏ်ရောက်လျှင် ဒိဋ္ဌိပျောက်ပြီး သမ္မာဒိဋ္ဌိဉာဏ် ရောက်တော့တာပဲ၊ ဒီဉာဏ်ရမှ ဗုဒ္ဓဘာသာ အစစ်ဖြစ် တယ်။ ဘုရား တရား သံဃာကို ယုံကြည်နေသော အဝေစ္စ ပသာဒ ဖြစ်လာတယ်။ အဲဒီ အဝေစ္စပသာဒကို ဩကပ္ပန သဒ္ဓါလို့ ခေါ်တယ်။

ထို့နောက် တစ်ဖန် ဆက်ရှုပြန်တော့ ရုပ်တော် နာမ် တော်တို့ဟာ အလိုလိုပေါ်သည် ဆိုပေမယ့် အကြောင်း ကင်း၍ ပေါ်လာခြင်း မဟုတ်၊ အဝိတသင်္ခါရ ဝိညာဉ်ကို အကြောင်းရင်းခံ၍ ဖောဋ္ဌဗ္ဗာရုံ ကာယအကြည် မနသိကာ ရ မနသိကာရ အကြောင်းများတို့ကြောင့် ပေါ်လာတာပဲ ဟု ရှုမြဲရှုမြင်လာရင် ပစ္စယပရိဂ္ဂဟဉာဏ် ရောက်တော့ တာပဲ။

ဒီဉာဏ်ရောက်လျှင် သို့လော သို့လော တွေးတောမိ လာတဲ့ ဝိစိကိစ္ဆာ ပျောက်သွားပြီဖြစ်၍ ငါ ဘယ်က လာ သလဲ ငါသေသွားရင် ဘယ်ဘဝသို့ သွားဦးမှာလဲ တစ်ခါ တည်း အပြီးသတ် ချုပ်ပြတ်သွားတာပဲလားနဲ့ တဲ့ ယုံမှား မှု မရှိတော့ဘူး။ အကြောင်းတရားတွေကြောင့် အကျိုး

တရားတွေ ဖြစ်နေတာပဲလို့ ပဋိစ္စသမုပ္ပါဒ်ကို နားလည်သွားပြီ အကြောင်းအထည် မရှိဘူးဆိုတာ သိသွားပြီ။

ဒီဉာဏ်နှစ်ပါးဟာ ဝိပဿနာ ဉာဏ်အစစ်တော့ မဖြစ်သေးဘူး၊ ရှေးဦးအစ ဝိပဿနာ လမ်းပြတဲ့ သမထဉာဏ်တွေလို့ ဆိုရတယ်။

ဤ ဆိုအပ်ခဲ့ပြီးသော ဓာတ်ကြီးလေးပါးကို လက္ခဏာ ရသနှင့်တကွ သဘောသဘာဝကို သိပြီးနောက် ဓာတ်ကြီးလေးပါးတို့၏ အသီးသီး ဖြစ်ပေါ်လာပြီး ပျက်ပျက်သွားတဲ့ အနိစ္စ လက္ခဏာ ပျက်ပျက်သွားတော့ မပျက်အောင် အောင့်အည်းလို့ မရသော ဆင်းရဲတဲ့ဒုက္ခလက္ခဏာ ကိုယ့်အလိုမကျ အစိုးမရတဲ့ အနတ္တလက္ခဏာတွေဟာ မြင်လာတာပဲ။

ဒီလို ထင်မြင်လာတော့ သမ္မသနဉာဏ် ရောက်တော့တာပဲ။ဒီဉာဏ်ရောက်တော့ မြဲတယ်ထင်သော နိစ္စသညာ၊ ချမ်းသာတယ်ထင်သော သုခသညာ၊ အကြောင်းအထည်ထင်သော အတ္တသညာ၊ တင့်တယ်လှပတယ် ထင်သော သုဘသညာတွေဟာ ပျောက်သွားတာပဲ၊ ငါ ကျုပ်တော့ဒို ငွါဆိုတဲ့ အစွဲသုံးပါးလဲမရှိတော့ဘူး။

ပထဝီ၏ ကက္ခဠ လက္ခဏာ အာပေါ၏ ပဂ္ဃရဏ လက္ခဏာ တေဇော၏ ဇိရဏ လက္ခဏာ ဝါယော၏ ဥတ္ထမ္ဘ လက္ခဏာတွေလဲ သိလာတယ် "ပရမတ္တဒိဋ္ဌေ ပညတ္တိရော ခေါ" ဆိုသော စကားအတိုင်း ပရမတ်မြင်တော့ ငါသူ တစ်ပါးယောကျ်ား မိန်းမ စသော ပညတ်အထင်တွေလဲ

ပျောက်သွားတယ်၊ ဒါကြောင့် ဆရာမြတ်တို့က "ဗုဒ္ဓရခတ် ပေါ်လျှင် ပညတ်ငုပ်တယ်လို့" ဆိုကြတယ်။

ဝိပဿနာဉာဏ်စဉ် ဖြစ်ပုံကို ပြောမယ် ဆိုလျှင်....

ဤ သမ္မသနဉာဏ်ဖြစ်ပြီး အဖြစ်အပျက်ကို သိတဲ့ ဥဒယ ဗ္ဗယဉာဏ် ဖြစ်တယ်၊ ဒီဉာဏ်ရောက်တဲ့အခါ ခေတ်တရား ပရမတ်တရားတို့၏ အကြောင်းအကျိုး ဆက်ပြီး အဖြစ် အပျက်သိသာတော့ မြတယ်ယူသော သဿတဒိဋ္ဌိကွာသွား တယ်၊ သေလျှင် ဘာမျှမဖြစ် အသစ်မဖြစ်တော့ဘဲ ပြတ် သွားတယ်ဟု ယူသော ဥစ္ဆေဒဒိဋ္ဌိလဲ ကွာသွားတယ်။

အရိယာပုဂ္ဂိုလ်များမှာ အထက် မဂ်ဖိုလ် တက်မယ်ဆို လျှင် ဒီ ဥဒယဗ္ဗယဉာဏ်ကစပြီး ခေတ်ကြီး လေးပါးကို ရှုမှတ်ကြရတယ်၊ သူတို့က ရတနာသုံးပါး ယုံကြည်တဲ့ အဝေစ္စပသာဒဂုဏ်တွေနဲ့ ပြည့်စုံပြီးသား ဖြစ်လို့ ပညတ် တရားတွေ ရှုပွားဖို့ မလိုတော့ဘူး။

ဤ ဥဒယဗ္ဗယဉာဏ် ရောက်ပြီးနောက် ခေတ်ကြီးလေး ပါးတို့၏ ဖြစ်ပျက်ကို ထပ်မံ၍ အဘန်တန် ရှုတဲ့အခါ အဖြစ်ဟာမသင်တော့ဘဲ အပျက်သာ ထပ်ကာထပ်ကာထင် လာတယ်။ အဲဒီဉာဏ်ဟာ ဘင်ဂဉာဏ်ပဲ၊ ဤဉာဏ်ရောက် တော့ ဝိပဿနာဉာဏ်ဟာ အတော် အားကောင်းလာပြီ၊ ရှေ့ဘက်ဖို့ မခက်တော့ဘူး။

ဒီတော့ သံသရာထဲမှာ နေရမှာလဲ ကြောက်လာတော့ ဘယဉာဏ် ဖြစ်လာတာပဲ၊ ခေတ်ကောင်ကြီး၏ အပြစ်တွေ မြင်လာတဲ့အာဒီနဝဉာဏ်လဲဖြစ်လာတာပဲ၊ ခေတ်တရားတွေ

မပြတ်မနား ဖြစ်နေရတာဟာ မကောင်းဘူးဟု ငြီးငွေ့လာတဲ့ နိဗ္ဗိန္ဒာဉာဏ်လဲ ဖြစ်လာတာပဲ။

ဒီဉာဏ်တွေ ဖြစ်လာတော့ ချမ်းသာတယ်လို့ ထင်နေရတဲ့ လူချမ်းသာ နတ်ချမ်းသာ ဗြဟ္မာချမ်းသာတွေကို လိုချင်ဇောဖြင့် မမက်မောတော့ဘူး။ "ကိစ္စံ ဘဝံ နာဘိနန္ဒိ"တဲ့ ကိစ္စံ ဘဝံ၊ ဘယ်လိုချမ်းသာတဲ့ ဘဝမျိုးကိုမှ။ နာဘိနန္ဒိ၊ လိုချင်ဇောဖြင့် မမက်မောတော့ပြီလို့ ဆိုပါတယ်။

ထိုသို့ မမက်မောတော့ သံသရာထဲမှ လွတ်ချင်တဲ့ မုစ္စိတုကမျတာဉာဏ်၊ လွတ်ချင်တော့ ဓာတ်တရားကို မရပ်မနား ပြတ်ပြတ်သားသားရှုတဲ့ ပဋိသင်္ခါဉာဏ်၊ ပြတ်ပြတ်သားသား ရှုလိုက်တော့ အသားကျ အနယ်ထိုင်ပြီး ပိုင်ပိုင်နိုင်နိုင် ခိုင်ခိုင် တန်းတန်း မပင်ပန်းဘဲ သူ့အလိုလို ဖြစ်နေတာလေးကို ရှုနေရသော သင်္ခါရုပေက္ခာဉာဏ် ဖြစ်ပေါ်လာတယ်။

ဘုရားဖြစ်ရန် ပါရမီမပြည့်သေးတဲ့ ဗျာဒိတ်ရပြီးသော ဘုရားလောင်းများမှာ ဤဉာဏ်မှာပဲ ရှေ့သို့မတိုးတက်ဘဲ ရပ်စဲသွားသည်ဟု ကျမ်းဂန်များမှာ ပြထားကြပါတယ်။

အခြား ပုဂ္ဂိုလ်များမှာတော့ ဂေါ်ဉာဏ် ဖိုလ်ဉာဏ်နှင့် လျော်သောအနုလောမဉာဏ်၊ ပုထုဇဉ်အနွယ်ကို ဖြတ်သော ဂေါတြဘူဉာဏ် မဂ်ဉာဏ် ဖိုလ်ဉာဏ်ဆိုက်ကာ နိဗ္ဗာန်သို့ မျက်မှောက်ပြုကြရပါတယ်။

အထူး သတိပြုဖို့ကတော့ တရားအားထုတ်တယ်ဆိုတာ မရမချင်း ဇွဲမြှင့်တင်းပြီး ပြင်းပြင်းထန်ထန် အားထုတ်ရတယ်။ အပျင်းပြေသဘောမျိုး စမ်းကြည့်တဲ့ သဘောမျိုးနဲ့ တော်စွာ လျော်စွာ အားထုတ်လို့တော့ မရဘူး။

ဘုရားကိုလဲ ယုံမှား၊ တရားကိုလဲယုံမှား၊ သံဃာကိုလဲ ယုံမှား၊ သီတင်းသုံးဖော်များကိုလည်း မကျေနပ် ဖြစ်ဖြစ်ပြီး နေလျှင်လဲ တရား မရတတ်ဘူး။

မိမိကိုယ်ကိုလဲ ခင်တွယ်၊ အိမ်က ဇနီး မယား သမီး သားနှင့် စီးပွားတွေကို ခင်တွယ်နေလဲ တရား မရတတ်ဘူး၊ အစားခင်တွယ်၊ အအိပ်ခင်တွယ်၊ အပေါင်းအဖော် ခင်တွယ်နေလျှင်လဲ တရားမရတတ်ဘူး၊ ကြပ်ကြပ် သတိ ထားကြ၊ စာကို တစာစာလုပ်မှ တတ်သလို တရားကိုလဲ အဖန်တလဲလဲ အမြဲမပြတ် အထပ်ထပ် ရှုမှတ်နေမှ တရား တွေ့မယ်။

## သန္တတိအမတ်ကြီး တရားရပုံ

လူတွေဟာ များသောအားဖြင့် ဒုက္ခတွေ့မှ တရားနဲ့ မွေ့ချင်ကြတယ်၊ ကိုယ်၏ဆင်းရဲခြင်း စိတ်၏ဆင်းရဲခြင်း ဖြစ်မှ တရားကို သတိရကြတယ်။

ဘုရားလက်ထက်တော် အခါက၊ ကောသလတိုင်းမှာ ကောသလမင်းကြီးဆိုတာ ရှိတယ်၊ ထိုမင်းကြီးဟာ နောင် အခါပွင့်မယ့် ဘုရားလောင်းထဲ ပါဝင်တယ်လို့ ဆိုတယ်။

ထိုမင်းကြီး၏ အနီးအပါး ခစားနေသော သန္တတိ အမည်ရှိတဲ့ အမတ်ကြီးတစ်ယောက် ရှိတယ်။

တစ်နေ့ကျတော့ ကောသလမင်းကြီး ပိုင်တဲ့ နိုင်ငံ၏ အစွန်အဖျားမှာ ပုန်ကန် ခြားနားကြတဲ့ သူပုန် သူကန်တွေ ထလာတယ်။

ထိုအခါ ကောသလမင်းကြီးက သန္တတိ အမတ်ကြီးအား ဝိုလ်ချုပ်ကြီးရာထူးခန့်ပြီး နှိမ်နင်းစေတယ်၊ သန္တတိအမတ်ကြီးလဲ မင်းကြီးစေခိုင်းချက်အရ နောက်ပါ စစ်ဗိုလ်စစ်သားတွေနဲ့ သွားပြီး နှိမ်နင်းတယ်။

ထိုသို့ နှိမ်နင်းလိုက်တော့ သူပုန် သူကန်ရန်တွေ အေးငြိမ်းသွားတယ်၊ ထိုအခါ မင်းကြီးက သန္တတိ အမတ်ကြီးအား ချီးမြှင့်တဲ့အနေဖြင့် (၇)ရက်တိတိ မင်းစည်းစိမ်ကို ခံစားရန် အပ်နှင်းတယ်။

ရုပ်ရည်ရူပကာယလှပ၍ အဆိုအက အလွန်ကောင်းတဲ့ကချေသည်မလေးတွေကိုလဲ ခေါ်ပေး၍ပျော်ပါးစေတယ်၊ အမတ်ကြီးလဲ မင်းစည်းစိမ်ကို ရသည့်နေ့ကစ၍ မူးယစ်ပျော်ပါး ခံစားလာလိုက်တာဟာ (၇)ရက် မြောက်သောနေ့သို့ ရောက်လာတယ်၊

(၇)ရက်မြောက်သောနေ့မှာ ဆင်စီးပြီး ရေချိုးဆိပ်သို့အသွား မြတ်စွာဘုရားကလဲ သာဝတ္ထိပြည်အတွင်း ဆွမ်းခံကြွရင်း ဝင်လာတယ်၊ သန္တတိအမတ်ကြီးဟာ အလွန်တရာမူးယစ်နေသည့်အတွက် မြတ်စွာဘုရားကို မြင်ပါလျက် ဆင်အသက်ကနေပြီး ဦးညွတ်ရှိခိုး ဖွယ်တယ် ရှိမခိုးဘူး။

ဆင်အသက်ကနေပြီး ငါ့ကို မြင်ပါလျက် ရှိမခိုးတော့ မြတ်စွာဘုရားက ပြုံးတော်မူလိုက်တယ်၊ ထိုအခါ အရှင်အာနန္ဒာက အနီးအပါးနေတာ ဖြစ်တော့ ပြုံးလိုက်တာကို မြင်သွားတယ်။

ဘုန်းတော်ကြီးသော မြတ်စွာဘုရား သန္တတိအမတ်ကြီးကို မြင်၍ ပြုံးတော်မူတာဟာ ဘယ်လို အကြောင်းအရာလဲလို့ လျှောက်ထားတယ်၊ ဒီတော့ မြတ်စွာဘုရားက "အာနန္ဒာ သန္တတိအမတ်ကြီးဟာ သင်မြင်တဲ့အဝတ်အစားတန်ဆာအတိုင်း ယနေ့ ညနေပိုင်းမှာ ငါဘုရား၏ တရားတော်ကို နာရ၍ အာသဝေါကုန်ခန်း ရဟန္တာ ဖြစ်လိမ့်မယ်လို့ မိန့်တော်မူတယ်။

ရဟန္တာဖြစ်ပြီး နောက်(၇)ရက်လောက် ကောင်းကင်မှာ ဈာန်အဘိညာဉ်ပြ၍ ပရိနိဗ္ဗာန် စံတော်မူလိမ့်မည်လို့ မိန့်တော်မူတယ်။

မြတ်စွာဘုရား မိန့်တော်မူတဲ့ စကားဟာ ရဟန်းများမှ တစ်ဆင့် ပျံ့လွင့်ပြီး အနီးအပါး လူအများသို့ ကူးဆက်သွားပြီး တစ်ဆင့် စကား တစ်ဆင့်နားဖြင့် တင်မြို့လုံး အုတ်အုတ်ကျက်ကျက် ပျံ့နှံ့၍ တွက်သွားတယ်။ ဒီတော့ မြတ်စွာဘုရားကို မကြည်ညိုကြသော တိတ္ထိ ဂိုဏ်းသားပုဂ္ဂိုလ်များက ကဲ့ရဲ့သရော်ပြော စကားတင်း ဆိုကြတယ်။

ရဟန်း ဂေါတမ ပြောပြတဲ့ စကားဟာ မဖြစ်နိုင်တဲ့ စကား ယုတ္တိမရှိတဲ့ စကားကို ပြောကြားတယ်၊လူမှန်းမှ မသိ၊အရှက် မရှိ လောက်အောင် ပျော်မြူး၍ အရက်မူးနေတဲ့ အမတ်ကြီးဟာ ဘယ့်နှယ်လုပ်ပြီး အာသဝေါကုန်ခန်းတဲ့ ရဟန္တာ အရင့်မာကြီး တစ်ခဏတည်းဖြင့် ဖြစ်နိုင်မလဲလို့ စွပ်စွဲကဲ့ရဲ့ကြတယ်။

မြတ်စွာဘုရားကို ကြည်ညိုတဲ့ပုဂ္ဂိုလ်တွေကတော့ "အနုစ္စသနာ ဗုဒ္ဓါ" ဘုရား စကားတော်သည် မှားတယ်လို့ မရှိဘူး၊ "စကားနှစ်ခွ ပုံမခသ" ရယ်လို့ မရှိဘူး။ အမှန်အတိကျ သိသိသာသာ မိန့်တော်မူတာ ဖြစ်လိမ့်မယ်လို့ ယူဆပြောဆိုကြတယ်၊ ယုံကြည်ကြတယ်၊ အချင်းချင်း အငြင်းအခုံဖြစ်ကြတယ်။

သန္တတိ အမတ်ကြီးဟာ နောက်ပါခြွေရံ ပရိသတ်နှင့် ရေချိုးတဲ့ အရပ်မှာ ထင်သလို ပျော်ပါး ရေကစားရျှ အားရတော့ ဥယျာဉ်သို့ပြန်သွားတယ်။ ဥယျာဉ်သို့ ရောက်တော့ အစားအစာ စုံသင်စွာ စားသောက်ပြီး ကချေသည် မလေးက အဆို အက အတီး ကြားရသူ မငြီးနိုင် လောက်အောင် အမတ်ကြီးရဲ့ ဘဝင်အသည်းခေတ်မှာ စွဲကပ်လောက်အောင် အမူအရာအမျိုးမျိုးပြ၍ ဖျော်ဖြေ ကဆိုနေတယ်။

အဲသလို ဆိုကနေတုန်း ဖြုန်းခနဲဆို လေသင်တုံး ဖြတ်လိုက်တော့ အဆိုအကရပ်ကာ သေသွားရှာတယ်။ အမေဆို့သွားတဲ့ သဘောဖြစ်ဟန်တူပါရဲ့၊ အဲဒီအခါ သန္တတိ အမတ်ကြီးမှာ မနေသာ မထိုင်သာ မှိုင်ကာကျသွားပြီး ကာယိန္ဒြေမှ မစောင့်စည်းနိုင်လောက်အောင် ပရိဒေဝမီး တောက်လောင်၍ ရှူးသလို ဖြစ်သွားပါတယ်။

ထိုအခါ အမတ်ကြီးက စဉ်းစားသည်မှာ ယခုလို ပူဆွေးပြင်းပြတဲ့ပရိဒေဝမီးဟာ မြတ်စွာဘုရားမှတစ်ပါး ဘယ်သူမှ ကယ်ယူ ငြိမ်းသတ်နိုင်ကြမည် မဟုတ်ဟု အကြံ

[redacted]

ယှဉ်၍ ညနေချမ်း ရောက်တဲ့အခါ နောက်လိုက်နောက်ပါ အခြံအရံများဖွာနဲ့ ဘုရားဘဂဝါ၏ ခြေရင်းသို့ ဝပ်စင်း ခယ ရောက်လာကြပါတယ်။

ရောက်ဘယ် ဆိုရင်ပဲ ဘုန်းတော်ကြီးသော မြတ်စွာ ဘုရား၊ ဘည့်တော်၏ ရင်တွင်းမှာ ပူပြင်းသော ပရိဒေဝ သောကမီးတွေ တောက်လောင်နေပါတယ်။ အရှင်ဘုရား သည် တည့်တော်အား သနားသဖြင့် တောက်လောင်နေ သော မီးတောက်ကို အပြီးသတ် ငြိမ်းအေးအောင် တရား အမြိုက်ဆေးကို တိုက်ကျွေးတော်မူပါ ဘုရားဟု လျှောက် ထားတယ်။

ထိုအခါ မြတ်စွာဘုရားက အမှန်မသိတဲ့ သန္တတိအမတ် ကြီး-အစမထင် သံသရာတစ်ခွင်မှစ၍ ယနေ့ကျမအောင် ဒီ ကချေသည်မ သေလို့ငိုရတဲ့ မျက်ရည်တွေဟာ သမုဒ္ဒရာ လေးစင်းမှာ စီးဆင်းသက်ရောက်နေတဲ့ ရေတွေထက် များ တယ်။

အဲဒါ ဘာပြုလို့ ငိုကြွေးရ ပူဆွေးရသလဲဆိုရင် မိမိက ချစ်ခင်စွဲလမ်းတဲ့ အတွက်ကြောင့် ဖြစ်တယ်။ ချစ်ခင်တော့ စွဲလမ်း၊ စွဲလမ်းတော့ ပြုလုပ်၊ ပြုလုပ်တော့ ငိုကြွေး ပူဆွေး ရတာပဲ။ မချစ်ခင်မှ မစွဲလမ်း၊ မစွဲလမ်းမှ မပြုလုပ်၊ မပြုလုပ် မှ ဒီဒုက္ခမှ အေးရတယ်။

ဒါကြောင့် ဒီဒုက္ခမှ အေးအောင် နောင်လဲ မပူဆွေး ရအောင် ချစ်ခင်တဲ့ ဒိဋ္ဌိတဏှာ အစွဲခွာ၍ ကိလေသာမီး အပူကြီးကို တစ်ခါတည်း အပြတ် ငြိမ်းသက်ပါတော့။

ဤကဲ့သို့ ငြိမ်းသတ်ပါလျှင် ပူပန်သော မီးတောက်မှ အေးငြိမ်းသက် ငြိမ်းအေးသွားလိမ့်မည်လို့ ဟောတော်မူတယ်။ ဒါကြောင့်–

ယံပုဗ္ဗေကံ ဝိသောသေဟိ၊ ပစ္ဆာတေမာဟု ကိဉ္စနံ။
ပဇ္ဈေစေနော ဂဟေဿသိ၊ ဥပသန္တောစရိဿတိ

အမတ္တ၊ အမှန်မသိ အပူမီးနေတဲ့ သန္တတိအစဉ်ကြီး ပုဗ္ဗေ၊ လွန်လေပြီးရာ ရှေးအခါက သံသရာအဝဝ ဖြစ်ခဲ့သမျှ ထိုဘဝ၌။ ယံ၊ အကြင်သို့သော ပူပင်သောက စိတ်ဒုက္ခသည်။ အဝေယျ၊ ကိလေသာ ခေတ်တာရားကြောင့် မပြတ်မခြား ဖြစ်ပွားခဲ့ရ၏။ တံ၊ ထိုသို့သော ပူပင်သောက စိတ်ဒုက္ခကို။ ဝိသောသေဟိ၊ သတိတရား လက်ကိုင်ထား၍ ခြောက်သွေ့ပျက်ပြား ကင်းစင်သွားအောင် တရားအလုပ် အားထုတ်ပါလော့။ တေ၊ သင့်အား။ ပစ္ဆာ၊ နောက်အခါ၌။ ကိဉ္စနံ၊ စိုးရိမ်မျှော်ရှု ကြောင့်ကြမှုသည်။ မာအဟု။ နောက်ထပ် တစ်ဖန် ပူပန်နွမ်းညစ် မဖြစ်ပါစေလင့်၊ မဇ္ဈေ၊ ယခုပေါ်လာ အလယ်ပိုင်းအခါ ဤနေရာ၌လည်း၊ စေနောဂဟေဿတိ၊ အကယ်၍သာ အစွဲခွာ၍ တဏှာဒိဋ္ဌိမကပ်ငြိသည် ဖြစ်အံ့။ ဥပသန္တော၊ ကိုယ်တွင်း သိုလှောင်တောက်လောင်မငြိး အပူမီးကို အငြိမ်းမနှေး ငြိမ်းအေးစေနိုင်ပါမူကား။ စရိဿသိ၊ သောကမတွေ့ ချမ်းမြေ့သာယာ နေထိုင်လာနိုင်မည် ဧကန် အမှန်ပင်တည်း အမတ်ကြီး။

သာဓု-သာဓု-သာဓု။

ဤဂါထာ၏ အဓိပ္ပာယ်မှာ လက်ငင်းမကြာ အပူမိ လာတဲ့ အမတ်ကြီး၊ သင်သည် ရှေးအခါကလဲ ဒီလိုအပူတွေ ယပ်တလဲလဲ အမြဲမကွာ ခံစားလာရတာပဲ။ နောက်လဲ တဏှာဒိဋ္ဌိအစွဲရှိနေသမျှ ခံစားရဦးမှာပဲ။ ထိုမီးတွေ ငြိမ်းအေးခြောက်သွေ့သွားအောင် သတိဆိုတဲ့ အသိမှန်သော သတိပဋ္ဌာန်တရားနဲ့ ငြိမ်းလိုက်။ ယခု ပူလောင်နေသော ဝမ်းထဲက ဒါမာန တေဇောဓာတ်ကို သတိကပ်၍ ရှုမှတ်လိုက်။ အကယ်၍ ရှုမှတ်နိုင်လျှင် ဒိဋ္ဌိတဏှာအစွဲကွာ၍ ကိလေသာမီး အပူကြီး ငြိမ်းရာ အမှန် မြတ်နိဗ္ဗာန်သို့ ဧကန်မုချ ရောက်ရလိမ့်မည်လို့ ဆိုလိုပါတယ်။

သန္တတိအမတ်ကြီးသည် ဘုရားဟောသည့် တရားကို ကြားနာရ၍ များစွာထကြွကာ ပူလောင်နေတဲ့ တေဇောဓာတ်ကို မပြတ်မလပ် ရှုမှတ်သဖြင့် ဝိပဿနာဉာဏ် တစ်ဆင့်ထက် တစ်ဆင့် မြင့်မြင့်ပြီး နောက်ဆုံးတွင် အာသဝေါကုန်ခန်းတဲ့ ရဟန္တာသုံးလုံးကြီး ဖြစ်သွားပါတယ်။

ဒါကြောင့် "သာဝကာဟိ စတူသုခေတူသု ကေခေတုံ သမ္မသိတွာ နိဗ္ဗာနံ ပါပုဏန္တိ" လို့ ဆိုပါတယ်။ အဓိပ္ပာယ်ကား ခေတ်ကြီးလေးပါးတို့တွင် တစ်ပါးပါးကို သုံးသပ်ရှုမှတ်ကာမျှဖြင့် နိဗ္ဗာန်ကို ရနိုင်ပါတယ်လို့ ဆိုလိုတယ်။

## စိတ်ကို ရင်မှာထား ဆိုတာ

ဒီဝတ္ထုတွင် သန္တတိအမတ်ကြီးမှာကခြေသည်မကလေး ရုတ်တရက် သေသွားသည့်အတွက် သောကမီး အပူကွက်

တွေ ဆူပွက်၍ အသက်ပင် သေရမလောက် မီးတောက်နေတာကို မြတ်စွာဘုရား၏ တရားတည်းဟူသော အမြိုက်ဆေး တိုက်ကျွေးလိုက်တဲ့အခါ ကောင်းစွာ သတိတရားထားနိုင်ပြီးပျော် အပူမီးတည်းဟူသော ဝေဒနာတွေကို အသပ်ထပ် ရှုမှတ်သဖြင့် သောတာပန် အဖြစ်တွင်မက ရဟန္တာကျအောင် တစ်ခဏာတည်းဖြင့် ကိစ္စ ပြီးသွားပါတယ်။

ဒါကို ထောက်ထား၍ တရားရှုမှတ်တဲ့အခါ စိတ်ကို ရင်ထဲမှာထား၍ ရှုမှတ်ရမည်ဟု အချို့ဆရာတော်ကြီးများ မိန့်ကြားကြသည်မှာလည်း မှန်တယ်လို့ ဆိုရပါမယ်။

တရားအားထုတ်တဲ့အခါ အချို့က စိတ်ကို ငယ်ထိပ်မှာ ထားရမယ်လို့ ဆိုပါတယ်။ အချို့က နှုတ်ခမ်းဖျား၊ နှာသီးဖျားမှာ စိတ်ထားရမယ်လို့ ဆိုပါတယ်။ အချို့က ရင်ဝမှာ စိတ်ထားရမယ်လို့ ဆိုပါတယ်။ အချို့က ဝမ်းဗိုက်မှာ စိတ်ထားရမယ်လို့ ဆိုပါတယ်။

အချို့ပုဂ္ဂိုလ်များကတော့ အထူးထားနေစရာမလိုပါဘူး၊ မြင်တာရှိရင် မျက်စိမှာထား၊ ကြားတာရှိရင် နားမှာထား ... သည်ဖြင့် အရှုခံအာရုံသို့လိုက်၍ ထားရမယ်ဆိုကာ သူ့အယူအဆသာ ရှိကြ ... ဘယ်နေရာ ထားရမယ်လို့ မသတ်မှတ်ပါနဲ့လို့လဲ ပြောကြတယ်။

တချို့ကတော့ အထူးအဆန်း ရှုနှမ်းနှမ်းနဲ့ စိတ်ကို စိတ်အကိုင်းထားလို့တောင် ပြောကြသေးတယ်။ ဒီစကားကတော့ အသားလွှတ် ပြောတဲ့ စကားပါ၊ စိတ်ကိုဘယ်လို

လုပ်ပြီး စိတ်အတိုင်း ထားရမှာလဲ၊ စိတ်က အမျိုးမျိုး အထွေထွေ အာရုံပြုနေတာ တစ်ခုခုတော့ သတ်မှတ်ရမှာ ပေါ့။ ပကတိစိတ်ဟာ ဖြူစင်တယ်ဆိုပေမယ့် အမြဲဖြူစင် တာမှ မဟုတ်ဘဲ၊ အမြဲသတ်မှတ်လို့ ဘယ်ရမလဲ။

ဒီတော့ ဒါတွေဟာ လိုရင်းမဟုတ်ပါဘူး။ နောက်ဆုံး အဓိကပြောရမယ်ဆိုလျှင် ဘုရားရှိခိုးတာ ခန္ဓာကိုယ်နှင့် အသက်ကို လှူတာ၊ မေတ္တာပို့တာ စသော ပုဗ္ဗကိစ္စတွေ ဘောင် လိုရင်း အဓိက မဟုတ်ပါဘူး။

အခုန်ကတော့ မိမိရှုမှတ်တဲ့ အာရုံထဲသို့ တစ်ခါတည်း စိတ်စွဲနေအောင် အာရုံ တစ်ပါးသို့ ပြန့်မသွားအောင် သမာဓိဆောင်ပြီး သမာဓိအားကောင်းအောင် လုပ်တဲ့ ရှုနည်းဟူသမျှ အလုံးစုံအကုန်မှန်ပါတယ်။ တရားအားထုတ် တယ်ဆိုတာ သမာဓိ ထူထောင်တာပဲ။

ဒါကြောင့်ဆရာမြတ်တို့က "သမာဓိဆောင်မှဝိပဿနာ အောင်တယ်"လို့ ဆိုကြတယ်။ ဒါကြောင့် ဝိပဿနာ အားထုတ်တဲ့အခါ ရှေးဦးစွာ သမထကပင် စတင်၍ အားထုတ်ကြရတယ်။

ကျွန်ုပ်တို့ဘစ်တွေဟာ ယခုအခါမှာ သေသေချာချာ စဉ်းစားကြည့်မယ်ဆိုရင် သာ၍ပင် သတိတရား ရှိကြဖို့ လိုတယ်။ ဘာပြုလို့လဲဆိုတော့ သက်တော် ထင်ရှား ဂေါတမ မြတ်စွာဘုရားကို ကိုယ်တိုင်ကိုယ်ကျ ဖူးမြင်ကြရ တာ မဟုတ်ဘူး။

ဘုရားပွင့်တိုင်း ပွင့်တိုင်း ကျော်ခိုင်းပြီး လာခဲ့ကြတဲ့ ရှောင်တိမ်းပြီး လာနိုင်ကြတဲ့ ခေါင်းရှောင်ကောင်း၊ မရှောင်ကောင်းတွေ ဖြစ်နေတယ်။ နောက်ကြောင်းကို ပြန်ပြောင်း၍ ကြည့်လိုက်မယ် ဆိုလျှင် အလွန်တရာပင် ဝမ်းနည်းစရာကောင်းတယ်နော်၊ သတိတရား ကြပ်ကြပ် ထားကြ။

ဒါပေမယ့် ယခုဒိဋ္ဌတွေ့နေရတဲ့ တရားဆိုတဲ့ မေ့ဘုရား ကိုပဲ အားကိုးကြ၊ မြတ်စွာဘုရားကလဲ ဝက္ကလိထေရ်ကို ဒီလို ဟောခဲ့တယ်။

"ယောခေါ ဝက္ကလိ ဓမ္မံပဿတိ သောမံပဿတိ ယော မံ နပဿတိ သောမံနပဿတိ"လို့ ဟောတော်မူခဲ့တယ်။

ဝက္ကလိ၊ ချစ်သားဝက္ကလိ။ ယောခေါ၊ အကြင်သူကား။ ဓမ္မံ၊ ငါဘုရားအလိုကျ တရားဓမ္မကို။ ပဿတိ၊ ဝိပဿနာ ရှေ့သွား ဉာဏ်ဘရားဖြင့် ပိုင်းခြားထင်ထင် သိမြင်၏။ သောဝ၊ ထိုသူသည်သာလျှင်။ မံ၊ ငါ ဘုရားကို။ ပဿတိ၊ အထင်အရှား မြင်သွားသောသူ ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ ယော၊ အကြင်သူသည်ကား။ ဓမ္မံ၊ ငါဘုရား အလိုကျ တရား ဓမ္မကို။ နပဿတိ၊ ပေါ့ပေါ့စားစား နေထိုင်သော အားဖြင့်အထင်အရှား မမြင်သွားချေ။ သော၊ ထိုသူသည်။ မံ၊ ငါဘုရားကို။ နပဿတိ၊ အနားရှိ၍ နေသော်လည်း တရားမသိသဖြင့် အသကား အကြည့်ဖြစ်၍ မြင်သည်ဟု မဆိုနိုင်သည်သာလျှင်တည်း။

သာဓု …သာဓု….သာဓု။

ထို့အပြင် ရာဟုလော ဝါဒသုတ်မှာလည်း အဖခမည်းတော် ဘုရားကို သားတော် ရာဟုလာက လျှောက်ထား တယ်။

ဘုန်းတော် ကြီးသော အဖ ခမည်းတော်ဘုရား၊ အဘယ်သို့ သိလျှင် အဘယ်သို့ မြင်လျှင် သံသရာတစ်ခွင် တွင် အစဉ်မနား ပြေးသွားနေရအောင် ဆွဲဆောင် နှိပ် စက်သည့် မိစ္ဆာဒိဋ္ဌိနှင့် ဝိစိကိစ္ဆာတရားကို ပယ်ရှားစွန့် ပစ်နိုင်ပါသနည်းဟု လျှောက်ထားတယ်။

ဒီတော့ မြတ်စွာဘုရားက ပထဝီဓာတုံ ခေါ်ရာဟုလ အာပေါဓာတုံ ခေါ်ရာဟုလ တေဇောဓာတုံ ခေါ်ရာဟုလ ဝါယောဓာတုံ ခေါ်ရာဟုလ။ အနိစ္စတော ဇာနတော ပဿတော မိစ္ဆာဒိဋ္ဌိ ပဟီယတိဝိစိကိစ္ဆာ ပဟီယတိလို့ ဟောကြားတော်မူပါတယ်။

"ရာဟုလာ၊ ချစ်သေ့းသည်းချာ ရာဟုလာ။ ပထဝီ ဓာ တုံ ခေါ်၊ ကြမ်းတမ်း ပျော့အိ သေးလံခြင်း ရှိသော ပထဝီဓာတ်ကို လည်းကောင်း။ အာပေါဓာတုံခေါ်၊ စေး ထန်း ယိုအိ ဖွဲ့စည်းခြင်းရှိသော အာပေါဓာတ်ကို လည်း ကောင်း။ တေဇောဓာတုံခေါ်၊ ပူအေးနွေးရှိန်း တဖိန်း ဖိန်း တဖြုန်းဖြုန်း သောင်ကျွမ်းခြင်းရှိသော တေဇော ဓာတ်ကို လည်းကောင်း။ ဝါယောဓာတုံခေါ်၊ ထောက် ကန်လှုပ်ရှား တွန်းတိုးသွားခြင်းရှိသော ဝါယောဓာတ် ကိုလည်းကောင်း။ အနိစ္စတော၊ ဖောက်ပြန်မစဲ မမြဲသော အားဖြင့်။ ဇာနတော၊ သတိရှေ့သွား သိသောသူအား။

ပဿတော၊ သဘောအမှန် ကောန် ထင်မြင်သောသူအား။ မိစ္ဆာဒိဋ္ဌိ၊ အယူလွဲမှား မိစ္ဆာဒိဋ္ဌိတရားကို။ ဝိစိကိစ္ဆာ၊ သို့လော သို့လော တွေးတောယုံမှား ဝိစိကိစ္ဆာတရားကို၊ ပဟီယတိ၊ မုချ မသွေပယ် သတ်နိုင်လေတော့သတည်း။

သာဓု-သာဓု-သာဓု။

အဲဒီလို ဟောကြားတော်မူသော တရားကို ထောက်ထား၍ ဝိပဿနာတရား ရှုမှတ်နေသော ယောဂီ ပုဂ္ဂိုလ်များဟာ ခန္ဓာကိုယ်အတွင်း သမာဓိသွင်း၍ ရှုမှတ်ခြင်း အလုပ် အားထုတ်သည့်အခါ တောင့်တောင့်တင်းတင်း လေးလံခြင်း ဖြစ်ပေါ်လာလျှင် ပထဝီဓာတ်ပဲလို့ စွဲစွဲမြဲမြဲ ဉာဏ်ထဲမှာ သိလိုက်ပါ။

စေးထန်းယိုအိ ကပ်ငြိခြင်း ဖြစ်ပေါ်လာလျှင်အာပေါဓာတ်ပဲလို့ စွဲစွဲမြဲမြဲ ဉာဏ်ထဲမှာ သိလိုက်ပါ။ ပူပူအေးအေး နွေးနွေးရှိန်းရှိန်း တဖိန်းဖိန်း ဖြစ်ပေါ်လာလျှင် တေဇောဓာတ်ပဲလို့ စွဲစွဲမြဲမြဲ ဉာဏ်ထဲမှာ သိလိုက်ပါ။ ထောက်ကန် လှုပ်ရှား တွန်းတိုးသွားတာ ဖြစ်ပေါ်လာလျှင် ဝါယောဓာတ်ပဲလို့ စွဲစွဲမြဲမြဲ ဉာဏ်ထဲမှာ သိလိုက်ပါ။

ထိုသို့ ဓာတ်ကြီး လေးပါးလုံးဖြစ်စေ၊ သုံးပါးဖြစ်စေ၊ နှစ်ပါးဖြစ်စေ၊ နောက်ဆုံး တစ်ပါးပင်ဖြစ်စေ သိထားမယ်၊မြင်ထားမယ်ဆိုလျှင် တစ်သံသရာလုံး အမှန်တရားကို မသိအောင် ဖုံးထားတဲ့ အဝိဇ္ဇာအမှောင် တုံးကြီးဟာ နေထွက်လာလို့ အမှောင်ပျောက်သလို အလိုလို ကြက်ပျောက် ငှက်ပျောက် ပျောက်သွားပါလိမ့်မယ်။ ငါ

သူတစ်ပါး၊ ယောကျာ်း၊မိန်းမ၊ ပုဂ္ဂိုလ်သတ္တဝါအကောင် အသည် အရှည်အဖို့ အညိုအပြာ အဖြူအမည်း ထင်နေရတဲ့ ပညတ်တွေလဲ အောင်ပြေးပြီ ဓာတ်ဆေးဆိုးတဲ့ မင်ဖိုလ်နိဗ္ဗာန်သို့ အမြန်ဆုတ်ချောက် မျက်မှောက် ပြုနိုင်ကြပါလိမ့်မယ်။

လောကတွင် ရှိနေကြတဲ့ ပုဂ္ဂိုလ် သတ္တဝါတွေမှန်သမျှ အဇ္ဈတ္တ သန္တာန်၌ ကုသိုလ်ကံနှင့် အကုသိုလ်ကံတွေဟာ သူ သာ ကိုယ် သာ နှင်ပြာအတင်း စစ်ခင်းနေကြတယ်။ ကုသိုလ်မဖြစ်လျှင် အကုသိုလ်ဖြစ်သောတာပဲ။

**စိတ်ကို ဝိပဿနာနဲ့ ထိန်းရတယ်**

ဒီတော့ အကုသိုလ် ဖြစ်မလာအောင် ''ပါပါစိတ္တနိဝါရဏေ''ဆိုတဲ့အတိုင်း ရိုင်းနေသောစိတ်ကို ယဉ်ကျေးလာအောင် ဝိပဿနာဆိုတဲ့ အထိန်းကလေးနဲ့ ထိန်းပေးရတယ်။

စိတ်ဆိုတာ သူ့အလိုလို ပစ်ထားလျှင် ''ပါပသ္မိံရမတိ မနော'' လို့ ဘုရား ဟော ထား သည့် အတိုင်း ရိုင်းပြီး အကုသိုလ် ဒုစရိုက်တရား၌သာ ပျော်ပ းလိုသော သဘော ရှိတယ်။ ရေစုန်နဲ့တူတယ်၊ ရေညာသို့တက်အောင် မလှော်လျှင် အောက်သို့ စုန်သွားတာပဲ။

ဒီတော့ ဘာပဲလုပ်လုပ် လုပ်ရင်းကိုင်ရင်းနဲ့ ဝိပဿနာတရား လက်ကိုင်ထားပြီး လုပ်သွားရင် အကုသိုလ်တရား

တွေ မဝင်နိုင်ပါဘူး။ သွားရင်လဲ သွားတယ်ရှု၊ ထိုင်ရင်လဲ ထိုင်တယ်ရှု၊ စားရင်လဲ စားတယ်ရှု၊ နောက်ဆုံးကျင်ကြီး ကျင်ငယ်စွန့်တဲ့အခါတောင် စွန့်တယ် စွန့်တယ်လို့ ရှုသို့ရတာပဲ၊ ဝိပဿနာဆိုတာ အခါမရွေးပါဘူး၊ နေရာမရွေးပါဘူး။

ဒါမှ အကုသိုလ်နည်းပါး၍ ကုသိုလ်တရား များပြားပြီး ''ရေများရေနိုင် မီးများမီးနိုင်'' ဆိုသလို ကုသိုလ်က နိုင်၍ နိဗ္ဗာန်ဘိုင် ချမ်းသာကြမှာ ဖြစ်ပါတယ်။

နိဗ္ဗာန်နှင့် ပတ်သက်လို့ နိဗ္ဗာန်ကို လိုချင်လာအောင် အနည်းငယ် ဖော်ပြသိုပါတယ်။

နိဗ္ဗာန်ဆိုတာ လူနိဗ္ဗာန် နတ်နိဗ္ဗာန် ဗြဟ္မာနိဗ္ဗာန်ရယ်လို့ ရောက်တဲ့ဘုံကို ထောက်၍ အသီးအခြား မရှိဘူး။ မောင်ဖြူနိဗ္ဗာန် မောင်မည်းနိဗ္ဗာန်ရယ်လို့လဲ ရောက်တဲ့ ပုဂ္ဂိုလ်ထောက်၍ အသီးအခြား မရှိဘူး။

သုံး လူ့ ထွတ် ထား ဘုရားရောက်တဲ့ နိဗ္ဗာန်၊ ပစ္စေကဗုဒ္ဓါများရောက်တဲ့ နိဗ္ဗာန်၊ အဂ္ဂသာဝကများ ရောက်တဲ့ နိဗ္ဗာန်ကား အမြတ်ဆုံး ဖြစ်တယ်၊ ရိုးရိုးပကတိ သာဝကများရောက်တဲ့ နိဗ္ဗာန်ကား အလယ်အလတ် ဖြစ်တယ်။

ဇမ္ဗူကသို့ ကိုယ့်ခံစင်ကိုယ် ကုန်းစားတဲ့ ပုဂ္ဂိုလ်၊ သုပ္ပဗုဒ္ဓလို အနုအစွဲ လူထဲနေဝံ့တဲ့ ပုဂ္ဂိုလ်များရောက်တဲ့ နိဗ္ဗာန်ကား ယုတ်ညံ့တယ်လို့ မဆိုရဘူး အတူတူပါပဲ။

မြတ်တဲ့နိဗ္ဗာန်က ပိုချမ်းသာတယ်၊ အလတ်ဖြစ်တဲ့ နိဗ္ဗာန်ကား အသတ်စား ချမ်းသာတယ်။ ယုတ်ညံ့တဲ့ နိဗ္ဗာန်ကား

အချမ်းသာ နည်းတယ်လို့လဲ မရှိဘူး။ အယုတ် အလတ် အမြတ် မရှိဘူးလို့ ဆိုလိုတယ်။အမြတ်ချည်းပဲ ဖြစ်တယ်။ တစ်ခုဘည်းသာ ရှိတယ်။ အမြဲ တည်နေတဲ့ တရားဖြစ်တယ်။

ဥပမာအားဖြင့် ပြရလျှင် အလွန်သန့်ရှင်း ကြည်လင်တဲ့ ဂင်္ဂါမြစ်က စီးဆင်းလာရတဲ့ ရေမို့ သန့်ရှင်းတယ်။ အလွန်ညစ်ပတ်တဲ့ ချောင်းရေက စီးဆင်းလာလို့ ညစ်ပတ်တယ်လို့ သမုဒ္ဒရာထဲ ရောက်လျှင် မရှိတော့သလိုပါပဲ။

ဘယ်လောက်များတဲ့ မြစ်ကြီးငါးသွယ် မြစ်ငယ်ငါးရာနှင့် ချောင်းတွေ မြောင်းတွေ များစွာ သောင်းသောင်း သောင်ပေါင်းရာချီက လာပေမယ့် သမုဒ္ဒရာထဲ ရောက်တော့ ဂင်္ဂါမြစ်ရေ၊အစီရဝတီမြစ်ရေ၊ယမုနာမြစ်ရေလို့လဲ အမည်နာမ မရှိတော့ဘူး၊တစ်ခုဘည်း သမုဒ္ဒရာရေ ဖြစ်သွားသလိုပါပဲ။

ထို့အပြင် နိဗ္ဗာန်ဟာ ရုပ်နာမ်က လာသော တရားဖြစ်ပေမယ့် စိတ်က အာရမ္မဏဝိဇာနနလက္ခဏာ စေတသိက်တို့တွင် ဖဿက ဖုသနလက္ခဏာ စသည်ဖြင့်လည်းကောင်း၊ ရုပ်တို့တွင် ပထဝီက ကက္ခဠလက္ခဏာ စသည်ဖြင့် လည်းကောင်း အထူးထူး အပြားပြား ကွဲခြားငြားသော်လည်း နိဗ္ဗာန်ကျတော့ မကွဲပြားတော့ဘူး၊ နိဗ္ဗာန်ဟာ သန္တိလက္ခဏာသဘော တစ်ခုတည်း ရှိတော့တယ်။

ဒါကြောင့် အကြောင်းပရိယာယ်အားဖြင့်သာ သုညတ အနိမိတ္တ အပ္ပဏိဟ စသည် ကွဲပြားသော်လည်း စင်စစ်

အားဖြင့်ကား တစ်ပါးသာ ရှိတယ်၊ နိဗ္ဗာန်ရောက်တဲ့ အခါ လဲ နိဗ္ဗာန်ဟာဘယ်ပုဂ္ဂိုလ် ဘယ်တရားဘယ်လိုအထက်တန်း စားမှ မျက်နှာ မလိုက်ပါဘူး၊ အားလုံးအတူတူ ချမ်းသာ ကြဘာပါပဲ။ ဘုရားရောက်တဲ့ နိဗ္ဗာန်နှင့် သပ္ပုဗ္ဗ အနုကြီး ရောက်တဲ့ နိဗ္ဗာန် အတူတူပဲ။

ဘယ်လောက်ထိ ချမ်းသာသလဲ ဆိုတော့ "ဝိမုတ္တိ အရသာ" ရှိတယ်လို့ ဆိုတယ်။ ဝိမုတ္တိဆိုတာ ချမ်းသာလိုက် တာဟာ လွတ်သွားတယ်လို့ မရှိဘူး။ အမြဲစွဲပြီး မပျက်မစီး ချမ်းသာချည်းပဲ ဖြစ်နေတယ်လို့ ဆိုလိုတယ်။

ပြီးတော့ အရှင်သာရိပုတ္တရာ၏ နှမငယ်ဖြစ်သော သီသူ ပစာလာက နိဗ္ဗာန်ချမ်းသာဟာ အချမ်းသာလိုလို့ ဖြည့် စွက်စရာ မရှိဘူး၊ အားလုံးအကုန် အပြည့်အစုံ ချမ်းသာ နေပါတယ် ဆိုထားတယ်။

သို့ဖြစ်၍ သီသူပစာလာ နိဗ္ဗာန်ချမ်းသာပုံ ဥဒါန်းကျူး တဲ့ ဂါထာလေးနဲ့ ခေတ်တစ်လုံးဖြင့် အမြတ်ဆုံး နိဗ္ဗာန် ရောက်နိုင်ပါတယ် ဆိုသော တရားတော်ကို နိဂုံးခပတ်သတ် ကြစို့။

ဘိက္ခုနီသီလသမ္ပန္နာ၊ ဣန္ဒြိယေသု သုသံဝုတာ၊
အဓိဂစ္ဆေ ပဒံသန္တံ၊ အသေစနက မောဇဝံ။

သီလသမ္ပန္နာ၊ သီလအကျင့် ဂုဏ်အဆင့်နှင့်ပြည့်စုံသော။ ဣန္ဒြိယေသု၊ ဣန္ဒြေခြောက်ပါး စောင့်စည်းအပ်သော တရားတို့၌။ သုသံဝုတာ၊ ကောင်းစွာ မပြီးစောင့်စည်း လုံခြုံ သမာဓိဂုဏ်နှင့် ပြည့်စုံသော ဘိက္ခုနီ၊ သီသူပစာလာ

မည်သာသမုတ် အကျွန်ုပ်သည်။ အသေဖနက်၊ အချမ်းသာ မပြည့်သို ဖြည့်စရာဘပါး ထည့်စွက်ဖို့ရာများ မလိုသော။ ဩဇဝံ၊ ပင်ကိုအရှိ ချိုမြိုသော အရသာ ရှိသော။ သန္တံ၊ ရောင်ရှိန် မပျက် ငြိမ်သက်ဆေးဆေး ငြိမ်းအေး ခြင်း လက္ခဏာရှိသော။ ပဒံ၊ ဘုရားစသော သူတော်ကောင်း တို့ ကိန်းအောင်းစံရာ ပြည်အမတသို့။ အဓိဂစ္ဆေ၊ မဂ်ဉာဏ် ဖိုလ်ဉာဏ် အမြင်မှန်၍ ကေန် ဆိုက်ရောက် မျက်မှောက်ပြု ရလေတော့သတည်း။

သာဓု....သာဓု....သာဓု။

မဲ့တ်တစ်လုံးဖြင့် အမြတ်ဆုံး နိဗ္ဗာန်ရောက်နိုင်သော
တရားတော် ပြီး၏။

## မဂ်ပေါက်ဖိုလ်ဝင် နိဗ္ဗာန်မြင် တရားတော်

သောဓမ္မံဒေသေတိ အာဒိကလျာဏံ မဇ္ဈေကလျာဏံ ပရိယောသာနကလျာဏံ သတ္ထံသဗျဉ္ဇနံ ကေဝလပရိပုဏ္ဏံ ပရိသုဒ္ဓံဗြဟ္မစရိယံ။

သောဘဂဝါ၊ ဘုန်းတော်ခြောက်စုံ ဂုဏ်တော်အနန္တနှင့်ပြည့်ဝတော်မူသော ထိုဘုရားရှင် ကိုယ်တော်မြတ်သည်။ အာဒိကလျာဏံ၊သီလတရား အစထား၍ ဟောကြား မြွက်ဖော် ကောင်းခြင်း ဂုဏ်တော်နှင့် ပြည့်စုံတော်မူသော။ မဇ္ဈေကလျာဏံ၊သမာဓိတရား အလယ်ထား၍ ဟောကြား မြွက်ဖော်ကောင်းခြင်း ဂုဏ်တော်နှင့် ပြည့်စုံတော်မူသော။ ပရိယောသာန ကလျာဏံ၊ ပညာတရား အဆုံးထား၍ ဟောကြား မြွက်ဖော်ကောင်းခြင်း ဂုဏ်တော်နှင့် ပြည့်စုံ

တော်မူသော။ သတ္တံ သဘောသဘာဝ အနှစ်သာရလည်း ရှိသော။ သဗျဉ္ဇနံ၊ အက္ခရာပုဒ်ဗျည်း သဒ္ဒါနည်းလည်း ရှိသော။ ကေဝလပရိပုဏ္ဏံ၊ ပြည့်စွက်စရာမထင် ထက်ဝန်းကျင် ပြည့်စုံသော၊ ပရိသုဒ္ဓံ၊ အညစ်အကြေး မတွယ် ထက်ဝန်းကျင် စင်ကြယ်သော။ ဗြဟ္မစရိယံ၊ နိဗ္ဗာန်လိုလား မြတ်သောသူများသာ ကျက်စားရာ ဖြစ်သော။ ဓမ္မံ၊ တရားစစ် တရားမှန်ကို။ ဒေသေတိ၊ ကရုဏာ ရှေ့သွား မေတ္တာထား၍ ဟောကြားတော်မူလေသတည်း။

သာဓု....သာဓု....သာဓု။

ဤဒေသနာတော်အရ သုံးလောကထွတ်တင် ဘုရားရှင် ကိုယ်တော်မြတ်သည် သူ့စကားကို လေးစား ရိုသေကြသော သတ္တဝါတွေကို လူမျိုးမရွေး ဘာသာမရွေး အယုတ်အလတ်မရွေး တရားစစ် တရားမှန်ကို သိမြင်ရေးနှင့် ဆင်းရဲဘေးမှ ကင်းဝေးရာအမှန် မြတ်နိဗ္ဗာန်ကို ပို့ဆောင်ရန် အတွက် သက်သက်သာ ရည်ရွယ်ကာ ကရုဏာဘရေး ရှေ့ထား၍ ဟောကြားတော် မူပါသည်။

ထိုတရားစစ်တရားမှန်ကို ကောန်သိ၍ နိဗ္ဗာန်ထိ ချမ်းသာကို ကောင်းစွာ ခံစား စံစားလိုပါလျှင် ဘုရားစကားနားထောင်ကြဖို့ရာ လိုပါတယ်။

လောကမှာ ကောင်းတယ် ဆိုရတဲ့ လူ နတ် ဗြဟ္မာ သတ္တဝါတွေလဲ ရှိတယ်၊ မကောင်းဘူးဆိုရတဲ့ ငရဲတိရစ္ဆာန်

ပြိတ္တာ အသူရကာယ် သတ္တဝါတွေလဲ ရှိတယ်၊ ဘယ်သတ္တဝါမျိုးမဆို အိုနာသေရေး ဒုက္ခဘေးတွေ သင့်ငြိး အစ မမှန်းနိုင်တဲ့ သံသရာ လဆန်း(၁)ရက်ကငရဲ ယနေ့ကျအောင် တစ်သံသရာလုံး မီးတွေ တဟုန်းဟုန်း တောက်လောင်နေကြတာချည်းပဲ။

မြတ်စွာဘုရား၏ အစ အလယ် အဆုံး သုံးပါးလုံး ကောင်းခြင်းဂုဏ်တို့နှင့် ပြည့်စုံတော်မူသော တရားရေအေး အမြိုက်ဆေးဖြင့် တိုက်ကျွေးမှသာလျှင် မဂ်လမ်း ဖိုလ်လမ်း နိဗ္ဗာန်လမ်းပွင့်ပြီး သင့်နေတဲ့ မီးဘေးမှ ငြိမ်းအေးကြမှာ ဖြစ်ပါတယ်။

အဲဒီလို မီးတွေ ဟုန်းဟုန်း တောက်လောင်၍ မီးခဲ မီးတောက်ကြီးတွေ ဖြစ်နေတာကို မဟာ ကရုဏာဖြင့် သနားရှာလှန်းလို့ လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်း ကာလ ပတ်လုံး "ငါတဲ့ ယောက်ျား" ဟု အာဇာနည်စိတ် ထား၍ ကိုယ်နဲ့ အသက်ကို ငဲ့ကွက်ခြင်း အလျဉ်းမရှိ ထက်မြက်သော ဇွဲသတ္တိဖြင့် မကြောက်မရွံ့ နောက်မတွန့်ဘဲ စွန့်စွန့်စားစား ကြိုးစားအားထုတ်ခဲ့သည့် အတွက် သုံးလောကနယ်ဇမ္ဗူမှာ ဘယ်သူနဲ့မှမတူ တစ်မူထူးခြား မြတ်ဘုရားအဖြစ်သို့ ရောက်တော်မူခဲ့ပါတယ်။

"ဘယ်သူမပြု မိမိမှု" ဆိုတဲ့အတိုင်း ကောင်းတာလဲ မိမိက လုပ်တာပဲ၊ မကောင်းတာလဲ မိမိက လုပ်တာပဲ၊ ကောင်း မကောင်းတာလဲ မိမိက လုပ်တာပဲ၊ မကောင်းတဲ့ အပါယ်လေးဘုံ ရောက်အောင် အပါ

ဘုံသားတွေက လာခေါ် သလား၊ မ ကောင်းတဲ့ လူ့ဘုံ နတ်ဘုံ ဗြဟ္မာ့ဘုံ ရောက်ေ တွေ နတ်တွေ ဗြဟ္မာတွေက လာမခေါ်သလား၊ မ ဘူး။

ကောင်းတဲ့ လူ့ဘုံရောက်ပြီး လူ့ဘုံကျမှ ကိုယ ဆင်းရဲခြင်း စိတ်၏ ဆင်းရဲခြင်းအမျိုးမျိုး ဒုက္ခတွေနဲ့ ေ နေရတာပဲ မိမိအသုပ်တာပဲ။ ဒီတော့ ဘယ်သူ့ အပေါ်မှ အပြစ်မချနဲ့၊ ဖြစ်သမျှအကြောင်း မိမိခေါင်းပေါ် ခန္ဓာ ပေါ်သာပုံချလိုက်၊ ဒါမှ အမှန်ကျမယ်။ "သဗ္ဗံ ဂတ္တိ သံ ခန္ဓ ပဋိပန္နံ" တဲ့၊ အားလုံးကိုစု ခန္ဓာကိုယ်ပေါ်လွှဲချ။ ဥပမာ၊ ထောင်ကျအောင် ထောင်က လူတွေက လာခေါ်သလား၊ မခေါ်ပါဘူး။ မိမိကသာ ထောင်မကျအောင်နေပါ။ ဘယ်သူမှ ထောင်ထဲ ဆွဲမခေါ်ပါဘူး။ ဒါမှမဟုတ် ကျောင်း ကန်ဘုရား သွားဖို့ ကျောင်းကန်ဘုရားက လာခေါ် သလား၊ တရားနာဖို့ တရားက လာခေါ်သလား မခေါ် ပါဘူး။ ကိုယ်ကသွားလို့ ကျောင်းရောက်တာပါ။ ကိုယ်က တရားနာဖို့ တရားအားထုတ်လို့ တရားရကြတာပါ။

ယခု လောကကြီး တစ်ခုလုံး အကျဉ်းချုံး၍ ကြည့် လိုက်လျှင် ဗုဒ္ဓဘာသာဝင်လူနှင့် ဗုဒ္ဓဘာသာရဲ့ အပြင်လူ လို့ နှစ်မျိုး ရှိတယ်။ ထိုနှစ်မျိုးတို့တွင် ယခု ကာလမှာ နာမည်ကတော့ ဗုဒ္ဓဘာသာဝင် လူသို့ အမည်ခံပါရဲ့ ဒါပေမယ့် သီလလဲ မရှိ၊ ဘုရားမကြိုက်တဲ့ အပြစ်တွေ

ကလဲ ပြည့်နေလျှင် ဗုဒ္ဓဘာသာရဲ့ အပြင်လူထဲ ရောက်သွားတယ်။

သီလ သမာဓိ ပညာရှိ၍ ဘုရားမကြိုက်တဲ့ အပြစ်တွေကို ရှောင်ကြဉ်ပြီး ဘုရား တရား သံဃာ ကျင့်သိက္ခာကို ယုံကြည် အားထားတဲ့လူမှ ဗုဒ္ဓဘာသာဝင် အစစ်ဖြစ်တယ်။

ဗုဒ္ဓဘာသာဟာ ဘယ်လောက် အရင်းဇာစ်မြစ် အနှစ်ရှိ၍ ဘယ်လောက် ခိုင်မာတဲ့ အယူဝါဒဆိုတာ သေချာစွာ သိအောင် လေ့လာကြဖို့ လိုတယ်။ ဘဝတိုင်း ဘဝတိုင်း ခပေါ့ပေါ့စား ပေါ့ပေါ့နေ ပေါ့ပေါ့သေခဲ့လို့ ဒီသံသရာ ဝဋ်ဆင်းရဲထဲက မထွက်နိုင်ကြဘူး။

အချို့က ငရဲပြည်၊ နတ်ပြည်၊ ဗြဟ္မာ့ပြည် ရှိတယ်ဆိုတာ မျက်စိနဲ့ မမြင်ရလို့ မယုံကြည်ကြဘူးတဲ့။ သဘောတွေ၊ လေယာဉ်ပျံတွေ မပေါ်ခင်က အင်္ဂလန်ပြည်၊ ဂျပန်ပြည် ရှိတာကို မျက်စိဖြင့် မြင်ကြရဲ့လား၊ တိရစ္ဆာန်ရုံတွေ မပေါ်ခင်က တောထဲတွင် ခြင်္သေ့တွေ၊ ကုလားအုပ်တွေ ရှိနေတာကို မျက်စိဖြင့် မြင်ကြရဲ့လား မမြင်ပါဘူး။ သင်ပုန်းကြီး တစ်ခုတည်း ကကြီးလို့ ရေးထား၊ အနားကပ်ကြည့်တော့ မြင်တယ်၊ တစ်မိုင်လောက် ဝေးသွားတော့ မြင်သေးရဲ့လား။ ခေါင်းထဲမှာ ပိုးတွေရှိတာ မြင်ရဲ့လား မမြင်ဘူး၊ မရှိလို့ မမြင်တာလား မဟုတ်ဘူး။ ရှိလျက်သားနဲ့ မမြင်တာတွေ ပြည့်လို့ ပြည့်လို့။

မျက်စိက မမြင်ရတာနဲ့ မရှိဘူးလို့ မပြောကြနဲ့၊ ပကတိမျက်စိက တစ်ခေါ်လောက်သာ မြင်နိုင်တာ၊ ကမ္ဘာပေါင်း

များစွာ မိုင်ပေါင်းများစွာ မြင်နိုင်တဲ့ ဒိဗ္ဗစက္ခုနဲ့ ကြည့်တောင် မမြင်နိုင်တာတွေ အများကြီး ရှိတယ်။

ယုံကြည်ရမယ့်လူ သူတော်ကောင်း မြင်တဲ့လူက ပြောရင် ယုံကြည်ရတယ်။ မယုံကြည်ရမယ့်လူ လိမ်တဲ့လူက ပြောရင်တော့ မယုံကြည်နဲ့ပေါ့။ ယုံကြည်သင့်တာ မယုံရင် မိစ္ဆာဒိဋ္ဌိ ဖြစ်သွားမယ်။

အဝိဇ္ဇာဆိုတာ လုံးလုံး ဘာမှမသိတာကို အဝိဇ္ဇာမခေါ်ဘူး။ မသိရမှာကို သိတယ်၊ ရှိတာကို သိတယ်၊ မမှန်တာကို သိတယ်၊ အတုအပကို သိတယ်၊ သိရမှာကိုတော့ မသိဘူး၊ရှိတာကိုတော့ မသိဘူး၊ မှန်တာကိုတော့ မသိဘူး၊ အစစ် သဘာဝကိုတော့ မသိဘူး အဲဒါ အဝိဇ္ဇာပဲ။

ဒီတော့ အဝိဇ္ဇာ အဖြစ်မခံဘဲ ဝိဇ္ဇာဖြစ်လာအောင်ဟာ သိရမှာကို သိအောင် လုပ်ရမယ်။ ရှိတာကို သိလာအောင် လုပ်ရမယ်။ မှန်တာကို အမှန်အတိုင်း မြင်အောင် လုပ်ရမယ်၊ အစစ် သဘာဝကို ကျနစွာ သိအောင် လုပ်ရမယ်။

ထိုသို့ သိရမည့် အဟုတ်ရှိ အမှန်ရှိ တကယ်ရှိတဲ့ ပရမတ်အစစ်ကို ဇာစ်ဇာစ်မြစ်မြစ် သိလာလျှင် နိဗ္ဗာန်ကို မြင်တော့တာပါပဲ။ ဝိပဿနာဆိုတာ အများသိ၊ အမှားသိတွေထက် ထူးခြားပြီး ဘုရားသိ၊ တရားသိ အသိမျိုး ဖြစ်လာအောင် လုပ်တာကို ဝိပဿနာ ခေါ်တယ်။

သို့ဖြစ်၍ နိဗ္ဗာန်ထိ ချမ်းသာတာကို အလိုရှိလျှင် ရှေးဦး ပညတ် ပရမတ်ကွဲအောင်လုပ်၊ ထို့နောက် ပရမတ်တရားတွေထဲ ရုပ်နာမ်ကွဲအောင်လုပ်၊ ထို့နောက် နာမ်တရားထဲ လောကီ လောကုတ် ကွဲအောင်လုပ်၊ ပညတ်တရားတွေထဲမှာလဲ သဒ္ဒပညတ် အတ္ထပညတ်ကွဲအောင်လုပ်။

ထိုသို့ ပညတ်ပရမတ်ကွဲတဲ့အကွဲကလဲ သင်လို့ ကြားလို့ မေးမြန်းလို့ သိတဲ့ အသိမျိုးက သညာသိခေါ်တယ်။ အရေးမပါလှဘူး။ ထို့နောက် တရားအားထုတ်၍ ကျင့်သိ ကြံသိ အသိမျိုးလဲ ပဋိပတ္တိ အသိမျိုးသာ ဖြစ်တယ်၊ သိပ်အရေးမပါလှသေးဘူး။

တကယ်သိ၊ပဋိဝေဓသိ၊ ထိုးထွင်းသိ ဆိုတဲ့ ပညာအသိမျိုးကျမှ ချမ်းသာအစစ်ဖြစ်တဲ့ နိဗ္ဗာန်ရောက်နိုင်တာ။ ဒါမှ သိစရာရှိတာ အဆုံး ရောက်သည့်အတွက် ဒုက္ခတွေဆုံးပြီး လုံးလုံး သံသရာထဲမှ ထွက်မြောက်နိုင်ပါတယ်။

လူတွေဟာ တရားဆိုတာ မိမိကိုယ်ခန္ဓာကြီးထဲတွင် ရှိနေပါလျက် တရားပျောက်ပျက်နေကြတယ်။ တရားဆိုတာ မွေးရာပါပဲ။ မွေးသာတဲ့ အဘိုင်း ရိုးရိုးသားသား ကြည့်နေလျှင် ပျောက်ပျက်နေမှာပဲ။မှန်ပြောင်းနဲ့တူသော ပညာဉာဏ်နဲ့ ကြည့်မှ အမှန်ကို သိရတယ်။

## အမှားကျင့် အမှန်ကျင့် နှစ်မျိုးရှိတယ်

သိလာလျှင် သိနေရုံမပြီးဘူး၊ ပွားရတယ်။ ပွားဆိုတာ ထပ်ကာထပ်ကာ သိနေအောင် လုပ်တာပဲ။

ကျင့်တာလဲ အမှားကျင့် အမှန်ကျင့် တရားကျင့် မတရားကျင့်လို့ နှစ်မျိုးရှိတယ်။ အမှားကျင့် မတရားကျင့်ဆိုတာကတော့ သံဆူးတွေ ဆူးငြောင့်တွေ အောက်က ခံပြီး အပေါ်ကတက်၍ အိပ်တဲ့အကျင့်မျိုး။

နေပူတုန်း မီးဖိုကြီး လေးခု ပြုပြီး အလယ်က အပူအလောင်ခံကာ ကြာမြင့်စွာနေ၍ ကျင့်တဲ့အကျင့်မျိုး၊အလွန်အေးတဲ့ ရေခဲတုံးကြီးတွေပေါ် တက်ပြီး ကျင့်တဲ့အကျင့်မျိုး။ အေးတဲ့ ရေထဲ တာရှည်စွာ ချိုးပြီး အအေးခံ ကျင့်တဲ့အကျင့်မျိုးတွေဟာ အမှားကျင့် မတရားကျင့် အလကားအကျင့်တွေလို့ ခေါ်တယ်။ အဲဒီလို ကျင့်မှ ကိလေသာကုန်သည်လို့ ယုံကြည်ပြီး ကျင့်ကြတယ်။

အိန္ဒိယပြည်မှာ ယခုထက်ထိ ဒီအကျင့်မျိုးတွေ ရှိသေးတယ်လို့ ဆိုဘယ်။ ဒီအကျင့်တွေဟာ နိဗ္ဗာန်ရောက်ကြောင်းအကျင့်တွေ မဟုတ်လို့ အတ္တကိလမထ အကျင့်မျိုးဟု ဓမ္မစကြာမှာ ဘုရားဟော ထားပါတယ်။ကိုယ့်ကိုကိုယ် ဆင်းရဲအောင် အညှဉ်းဆဲခံပြီး ကျင့်တဲ့ အကျင့်မျိုးတွေမို့ အမှားကျင့် မတရားကျင့် အလကားကျင့်လို့ ခေါ်တယ်။

အမှန်ကျင့် တရားကျင့် ဘုရားကျင့်ကတော့ ''နိဗ္ဗာန ပုရံ ပါပေ သိယာနတ္တာယေန သောဇိနော''ဟု ဘုရားဟောထားသည့်အတိုင်း သီလဟု ဆိုအပ်သော အစ၏ ကောင်းခြင်းသမာဓိဟု ဆိုအပ်သော အလယ်၏ ကောင်းခြင်းပညာဟု ဆိုအပ်သော အဆုံး၏ ကောင်းခြင်း ဂုဏ်စသည်တို့နှင့် ပြည့်စုံ၍ ကိလေသာတရား နည်းပါးသွားအောင် ကျင့်တဲ့

မဂ္ဂင်ရှစ်ပါး အလယ်အလတ် အကျင့်သည်သာ အမှန်ကျင့် တရားကျင့် ဘုရားကျင့်လို့ ခေါ်တယ်။

လူတွေဟာ သေသေချာချာ စဉ်းစားကြည့်လျှင် သားရေး သမီးရေး ပစ္စည်းရေး လုပ်နေကြရတာ နေကြတယ်။ ဒီအလုပ်တွေဟာ ကာမအလုပ် ရာဂအလုပ်တွေပဲဖြစ်တယ်။ ဓမ္မအလုပ် သာသနအလုပ် မဟုတ်ကြဘူး။

တစ်နေ့လဲ ဒီအလုပ်ပဲ တစ်လလဲ ဒီအလုပ်ပဲ တစ်နှစ်လဲ ဒီအလုပ်ပဲ။ ဒါတွေနဲ့ အချိန်ကုန်ကြတာပဲ။ အငယ်ထဲက သံသရာတစ်ခွင်ကစပြီး ယနေ့ကျအောင် ဒီလောက်တောင် ဇွဲကောင်းကောင်းနဲ့ အမြဲပြောင်းပြောင်းပြီး လုပ်နေကြတော့ မောင်ဇွဲကောင်း မယ်ဇွဲကောင်းတွေ ဖြစ်နေကြတယ်နော်။

ဒီနေ့ လုပ်တာ အဆင် မပြေသေးလျှင် နက်ဖြန်ပြေနိုးနိုး၊ ဒီလ လုပ်တာ မဟုတ်သေးလျှင် နောက်လ ဟုတ်နိုးနိုး၊ ဒီနှစ်လုပ်တာ မဟန်သေးလျှင် နောက်နှစ်ကျရင် ဟန်ရမယ်လို့ ရည်ရွယ်ပြီး ဟုတ်နိုးနိုးနဲ့ ဟန်နိုးနိုး အချိန်ကုန်ခဲ့ရတယ် အချိန်တွေ အလကား ကုန်တာ များလှပြီနော်။

အချိန်သာ ကုန်ပြီး အဆင်ပြေ သလား၊ ဟုတ်လာသလား၊ ဟန်ကျလာသလား ဆိုရင် မပြေတာ မဟုတ်တာ မဟန်တာက များတယ်၊ အဘယ်မှာ အဆင်ပြေနိုင်ပါ့မလဲ၊ ဟုတ်နိုင်ပါ့မလဲ၊ ဟန်နိုင်ပါ့မလဲ၊ လောဘမှ မထွက်နိုင်ကြတာကိုး၊ ပြီးမှ မပြီးဆုံးဘဲကိုး။

ဒါပေမယ့် မိမိရဲ့ကိုယ်ခန္ဓာကြီးကတော့ တစ်နေ့ထက် တစ်နေ့၊ တစ်လထက် တစ်လ၊ တစ်နှစ်ထက် တစ်နှစ် သုသာန်သချိုင်းသို့ အပြေးခိုင်းနေတယ်၊ ရပ်မနေဘူး။ နားမနေဘူး၊ သနားမနေဘူး၊ နဖူးပေါ် လက်တင်ပြီး သချိုင်းသို့ မရောက်ခင် တွေးတောကြည့်ကြ။

တို့ လုပ်နေကြတဲ့အလုပ်တွေဟာ အိုဖို့ နာဖို့ သေဖို့ လုပ်နေကြပါကလားလို့လဲ စဉ်းစားပြီး သတိရဖို့ အချိန်တန်ပြီ၊ ကံကောင်းတော့ ဟန်ကျအောင် အချိန်ကာလကိုထိုး ပြသားလို့ တရားဓမ္မကို နာရပြီ၊ တရားစာကို ဖတ်ရပြီ၊ လုပ်ဖို့ကတော့ မိမိတာဝန်ပဲဟု စိတ်ထဲ၌ ထင်မြင်လာအောင် နှလုံးသွင်းကြ သတိထားကြ။

သတိထားအောင်ဟာ ကျွန်ုပ်တို့ မြတ်စွာဘုရားကတော့ ဘယ်နေရာမဆို ဘယ်ခါမဆို အမြဲထာဝရ ဆုံးမတဲ့ စကား ရှိတယ်။

"ဝယဓမ္မာ သင်္ခါရာ အပ္ပမာဒေန သမ္ပာဒေထ" ... (ဤနေရာ၌ မူရင်းပုံနှိပ်အတိုင်း) "ဗျာယထ ဘိက္ခဝေ မာပမဒတ္ထ၊ မာပစ္ဆာ ဝိပ္ပဋိသာရိနော အဟုဝတ္ထ အယံ ဝေါ အမှာကံ အနုသာသနီ" ဘိက္ခဝေ၊ သံသရာဘေး ခံရမည့်အရေးကို မျှော်တွေးကြောက်ကြွား အိုချစ်သားတို့။ ဗျာယထ၊ ကိလေသာမီးမောတ်ကို အပြီးပြတ်အောင် ငြိမ်းသတ်ကြပါကုန်လော၊ မာပမာဒတ္ထ၊ မေ့မေ့လျော့လျော့ ပေါ့ပေါ့ဆဆ မနေကြပါနဲ့။ ပစ္ဆာ၊ နောင်အခါကာလသဉ်။ ဝိပ္ပဋိသာရိနော၊ တရားအလုပ် အားမထုတ်လိုက်ရဟု နောင်တ တစ်ဖန် ပူပန်မှုသည်။ မာအဟုဝတ္ထ၊ မဖြစ်ကြပါစေနဲ့။ အယံ၊ ဤသည်ကား။ ဝေါ၊ သင်ချစ်

သား ချစ်သမီးတို့အား။ အမှာကာ၊ ရင်ဝယ်သားတူ ချစ်တော်မူသော ငါဘုရားတို့၏။ အနုသာသနီ၊ ရောက်ရာရောက်ရာ ရပ်ဒိသာ၌ မကွာမပြတ် ဆုံးမတော်မူအပ်သော စကား ဖြစ်ပါတော့သတည်း။

## သာဓု....သာဓု....သာဓု

ယခု လူဖြစ်လာရတဲ့ဘဝမှာ အကြောင်းကံ ကောင်းလာပြန်လို့ သာသနာတော်ကြီးနဲ့လဲ ကြုံကြိုက်၊ ဝိမုတ္တိယုဂခေတ်ကလဲ ရောက်လာဆဲ၊ လင်တွေ မယားတွေ သားတွေ သမီးတွေနဲ့လဲ မကွဲခင် လိုချင်သော စိတ်ထားနဲ့ တရားကို အားထုတ်ကြ၊ ဒါမှ "လာမယ့်မီးကို ဆီးတားနိုင်မယ်"၊ ကျေးဇူးရှင် မိုးညှင်းဆရာတော်ဘုရားကြီး အမိန့်ရှိသလို "မကွဲခင်က ကွဲကြည့်၊ မမွဲခင်က မွဲကြည့်"ကြ၊ ဒါမှ ကွဲရတဲ့အခါ မွဲရတဲ့အခါကျတော့ သက်သာရာ ရကြမယ်၊ တရားအားထုတ်ကြည့်မှ အမှားလုပ်မိတာတွေ သိတယ်။

## တရားက ပြုံးတောင် နေဦးမယ်

ယခုလို ကျွန်းမာ၍ တရားအားထုတ်နိုင်တဲ့အခါကြီးနဲ့ တွေ့ပါလျက် တရားရှာမထားနိုင်လျှင် ဘယ်တရားက လာပြီး စောင့်ရှောက်မှာတုံး၊ အရေးကြုံလာလို့ တရား 'တ'လိုက်ရင် တရားက ပြုံးတောင်နေဦးမယ်။

မြတ်စွာဘုရားကတော့ နည်းပေးရုံပဲ ပေးနိုင်တယ်။ လူနာကိုဆရာကဆေးပေးသလိုပဲ၊ ဆရာဆိုတာဆေးပေးရုံ ဆေးနည်းညွှန်းရုံပဲ တတ်နိုင်တယ်၊ လူနာ လုပ်သူက ဆရာ ပေးတဲ့ ဆေးကို အညွှန်းအတိုင်းသောက်မှ အနာ ရောဂါပျောက်မယ် မဟုတ်လား။

ထိုနည်းအတူ ဘုရားက တရားဆေးကို ပေးရုံ ပေးနိုင်တယ်၊ ညွှန်းရုံသာ ညွှန်းနိုင်တယ်၊ လိုက်နာပြီး ကျင့်ဖို့ အားထုတ်ဖို့ကတော့ လူနာနဲ့ တူတဲ့ သတ္တဝါတွေရဲ့ တာဝန်ပဲ အလုပ်ပဲလို့ သိထားကြ။

မွေးတဲ့ဘူဘာကစပြီး သံသရာ ရထားကြီး စီးလာကြတာ အိုတဲ့ဘူတာ နာတဲ့ဘူတာတွေ ရောက်လာကြပြီ၊ ဘာကျန်သေးတုံး၊ သေတဲ့ဘူတာရောက်ဖို့ပဲကျန်တော့တယ် မဟုတ်လား။

ဒါဖြင့် သေလျှင် ဘူတာ ဆုံးပလားလို့ မေးစရာရှိတယ်၊ သေလဲ မဆုံးပါဘူး၊ မွေးတဲ့ဘူတာ ပြန်လာဦးမှာပဲ၊ လောကကြီးတစ်ခုလုံးဟာ ပြောင်းလဲပြီး ဗလောင်းဗလဲဖြစ်ကာ အဟောင်းပျက် အသစ်လဲ အဟောင်းပျက် အသစ်လဲနဲ့ တစ်ဖြစ်တည်းဖြစ် တစ်ပျက်ဝည်းပျက်နဲ့ ငြိမ်နေတယ်လို့ မရှိဘူး။

လောကအတွင်း မှီခင်း တည်နေကြသော သက်ရှိ သက်မဲ့ ပုဂ္ဂိုလ်သတ္တဝါ အနုဝတ္ထုတွေဟာ ဘယ်ဟာမှ ငြိမ်နေတယ်လို့လဲ မရှိဘူး၊ ရပ်နေတယ်လို့လဲ မရှိဘူး၊ မြဲနေတယ်လို့လဲ မရှိဘူး၊ ခိုင်နေတယ်လို့လဲ မရှိဘူး။

ငြိမ်နေတာ ရပ်နေတာ မြဲနေတာ ခိုင်နေတာဟာ လောကကြီးရဲ့ အပြင်ပမှာသာ ရှိတယ်၊ ဘာလဲဆိုရင် နိဗ္ဗာန်ပဲ ရှိတယ်၊ အဲဒီ ရောက်ဖို့ အလုပ်လုပ်ကြလို့ ဆိုလိုတယ်။

မဂ်ပေါက် ဖိုလ်ဝင် နိဗ္ဗာန်မြင်မှ အေးကြမယ်။

မြစ်တွေ ချောင်းတွေ မြောင်းတွေထဲမှာ ရေတွေမြင်ကြရဲ့ မဟုတ်လား၊ အဲဒီ ရေတွေဟာ အမှုမဲ့ အမှတ်မဲ့ ကြည့်တော့ ယနေ့မြင်တဲ့ရေဟာ မနေ့က မြင်ထားတဲ့ ရေပဲလို့ ထင်ရတယ်၊ ဒါပေမယ့် မနေ့ကရေက စီးသွားပြီ၊ ယနေ့မြင်တဲ့ရေက တခြားပဲ၊ ရေတော့ ရှိတာပဲ၊ မနေ့က ရေ မဟုတ်ဘူး။

ကျွန်ုပ်တို့ခန္ဓာကိုယ်မှာရှိတဲ့ ရုပ်နာမ်တွေလဲ ဒီလိုပဲ၊ မနေ့က ဖြစ်တဲ့ ရုပ်နာမ်တွေဟာ ယနေ့ မရှိတော့ဘူး၊ အဟောင်းပျက် အသစ်လဲ အဟောင်းပျက် အသစ်လဲနဲ့ မပြတ်မစဲ တဖွဲဖွဲ ဖြစ်နေတော့ မနေ့က ခန္ဓာကိုယ်ကြီးနဲ့ ရုပ်နာမ်တွေဟာ ဒီခန္ဓာကိုယ် ဒီရုပ်နာမ်လို့ ထင်နေကြတာပဲ။

ကိုယ်ခန္ဓာကိုယ်ကြီး ဒီလိုရုပ်နာမ်တွေသာရှိပြီး တစ်ခုပြီး တစ်ခု ပျက်နေတာ သိသလို သူတစ်ပါးရဲ့ ခန္ဓာကိုယ်ကြီးလဲ ဒီရုပ်နာမ် နှစ်ပါးသာ ရှိတယ်။ အဲဒီရုပ်နာမ်တွေလဲ တစ်ခုပြီးတစ်ခု ဖြစ်ပြီးပျက်နေကြတာပဲလို့လဲ သိရမယ်။

ဒါကြောင့် ပျက်စီးတဲ့ခန္ဓာကိုယ်ကြီး ဘာချင်စရာ ရှိတော့လဲ၊ ကိုယ့်ခန္ဓာကိုယ်လဲ မချစ်နဲ့၊ သူများခန္ဓာကိုယ်

လဲ မချစ်နဲ့၊ ချစ်လျှင် နစ်သွားလိမ့်မယ်၊ "အမုန်းအချစ် ထိုနှစ်ပြစ် စွန့်ပစ်ထားလိုက်ပါ" ဆိုသည့် စကားအတိုင်း ပစ်ထားလိုက်။

"နာမ်ရုပ်နှစ်တန်၊ သူဖြစ်ဟန်ကို၊
အမှန်မုချ၊ မသိကြ၍၊
ငါသ ငါထိုင်၊ ငါကိုင် ငါသွား၊
ငါကြား ငါကြည့်၊ ငါသိ ငါမြင်၊
ခါတ်ဖြစ်အင်ကို၊ ငါပင် ထင်ကြ၊
သက္ကာယကား၊ အမှားစွဲလမ်းမှုကြီးပါတကား" လို့
သိထားလိုက်။

လူတွေ ခွေးတွေ ဝက်တွေ ကြွက်တွေလို့ သိတာက ပင်ကိုသိ၊ လူပြိန်းသိ၊ ကလေးတောင် သိတယ်၊ ထိုအသိမျိုးကတော့ လူတိုင်း သိတယ်၊ အမှားသိ၊ အများသိ၊ အသာကားသိ ဖြစ်တယ်၊ ဘာပြုလို့လဲဆိုတော့ အစဉ်အလာ ဓမ္မတာအတိုင်း သိနေကျ သိတာပဲ၊ ဒီအသိမျိုးကတော့ ဒီဘဝသာ သိတာလဲ မဟုတ်ဘူး၊ နောက်နောက်ဘဝတွေကလဲ သိလာကြတာပဲ။

အမှန်သိ ဟောန်သိ ထိုးထွင်းသိ ဆိုတာကတော့ ပရမတ်သိအောင် သိမှ အသိခေါ်တယ်၊ လူမရှိဘူး၊ ခွေးမရှိဘူး၊ ဝက်တွေ ကြွက်တွေ မရှိဘူး၊ ရုပ်ဓာတ် နာမ်ဓာတ် ဤနှစ်ရုပ်သာရှိတယ်လို့ လက္ခဏာ ရသနှင့်တကွ သိမှ အသိမှန်တယ်၊ အထူးသိ ဝိပဿနာသိလို့ ခေါ်တယ်။

ဒါကြောင့် သတိပဋ္ဌာန်ပါဠိတော်မှာ "ပဇာနာတိ ပဇာနာတိ"နဲ့ ခဏခဏ ဟောဟာဟာ ဒီအထူးသိ ဝိပဿနာသိကို လိုချင်လို့ ဇာနာတိလို့ သာမန်မဆိုဘဲ "ပ" ဟူသော ဥပသာရပုဒ်လေးနဲ့ အထူး ခွဲခြားပြီး ဟောထားတော်မူခြင်းဖြစ်ပါတယ်။

ဘုရားရှင်က မဟောဘဲ ဒါရုပ် ဒါနာမ် ဒါပထဝီ ဓာတ် ဒါအာပေါဓာတ် ဒါတေဇောဓာတ် ဒါဝါယော ဓာတ်လို့ မသိနိုင်ဘူး၊ တစ်ခါတစ်ရံ ဘုရားပွင့်မှသိတဲ့ အသိ မျိုးဖြစ်လို့သိနိုင်တဲ့အသိ၊ တစ်ခါတစ်ရံအသိလို့လဲ ခေါ်နိုင် တယ်။

ဒါပေမယ့် ဒီရုပ်တွေ နာမ်တွေ ဓာတ်တွေဟာ ဘုရား ဟောလို့ ရှိလာတာတော့ မဟုတ်ဘူး၊ သူ့ပင်ကိုက ရှိတာပဲ၊ ဒါပေမယ့် မသိနိုင်ကြဘူး၊ ဘုရားက ဖော်ပြပြီး ဟောမှ သိကြရတယ်၊ အလွယ်တကူနဲ့ သိကြရတာဟာ ဘုရားကို သိပ်ကျေးဇူးတင်စရာ ကောင်းတာပဲ။

ဘုရားကို ဘယ်လောက် ကျေးဇူးတင်စရာ ကောင်း သလဲ၊ ဒါကြောင့် ဘုရားရဲ့ကျေးဇူးတွေဟာ အသင်္ချေ အနန္တ မရေတွက်နိုင်ဘူးလို့ ဆိုတာ၊ ဒါသိလျှင် ဘယ်လို အကျိုးရှိလို့ ကျေးဇူးတွေ အသင်္ချေအနန္တလို့ ဆိုရသလဲ ဆိုရင် ဒီရုပ်ဓာတ် နာမ်ဓာတ် မသိဘဲ နိဗ္ဗာန်မရောက်ဘူး၊ နိဗ္ဗာန်ချမ်းသာက ဒီအသိပေါ်မှာ မှီပြီး ဖြစ်လာလို့ဟု ဆိုရမယ်။

ခန္ဓာကိုယ်ကြီးတစ်ခုလုံး အကျဉ်းချုံးပြီး အမှန်ရှိတာကို ကြည့်လျှင် မြေဓာတ် ရေဓာတ် လေဓာတ် မီးဓာတ်ဆိုတဲ့ ဓာတ်ကြီးလေးပါးနဲ့ နာမ်ဓာတ်ဆိုတဲ့ ဓာတ်ငါးပါးသာ ရှိတယ်။

သက်မဲ့ဖြစ်သော သစ်ပင် တောတောင် ရေမြေ သမုဒ္ဒရာ စတဲ့ အရာဝတ္ထုတွေကျတော့ အသိဓာတ်မပါလို့ ဝိညာဏဓာတ်နုတ်လိုက်ရင် ဓာတ်ကြီးလေးပါးသာရှိတယ်။

ဒီဓာတ်ကြီးလေးပါးနဲ့ အသိဆိုတဲ့ ဝိညာဏဓာတ်မှတပါး ဘာမှ အတိအကျ မရှိကြဘူး။ အကောင်အထည် မရှိဘူး။ မြေထဲမှာ ဘာကောင် ပါသလဲကြည့် ဘာကောင်မှ မပါဘူး။ ရေထဲ ဘာကောင်ပါသလဲ လေထဲ ဘာကောင် ပါသလဲ၊ မီးထဲ ဘာကောင်ပါသလဲကြည့်ကြ ဘာကောင်မှ မပါဘူး။ အသိဆိုတဲ့ နာမ်ထဲ ဘာကောင်ပါသလဲ ထပ်ပြီး ကြည့်လိုက်၊ ဘာကောင်မှမပါဘူး။ ဒီဓာတ်ငါးပါးထဲ ဘာကောင်မှမပါလျှင် အဘယ်မှာ အကောင်အထည်ရှိတော့မှာလဲ စဉ်းစားကြည့်။

အဲဒီလိုသိမှ ဘုရားသိဘရားသိ အမှန်သိ အထူးသိ ဝိပဿနာသိလို့ ခေါ်တယ်။ ဓာတ်မျက်လုံး ပရမတ်မျက်လုံး ဉာဏ်မျက်လုံးနဲ့ အဖုံးတွေကို ခွာပြီး ဖောက်ခွဲပြီး ထိုးထွင်းပြီး တပ်ကြည့်မှ ပရမတ်ထိ သိတယ်၊ အမှန်သိတယ်။

ပညတ်နယ်က အကျ်ချုံ့ကြည့်လိုက်တော့ လူတွေ နတ်တွေ ဗြဟ္မာတွေ တိရစ္ဆာန်တွေ သစ်ပင်တွေ တောတောင်တွေစသည်ဖြင့် ကျယ်လိုက်တာများလိုက်တာ အမည်နာမ

တောင် ပြောလို့မဆုံးနိုင်ဘူး။ လူတွေမှာလဲ မြန်မာတွေ ကုလားတွေ တရုတ်တွေ စသည် များလိုက်တာ မြန်မာတွေ မှာလဲ မောင်ဖြူ မောင်မည်း စသည် အမည်တွေများ လိုက်တာ မရေတွက်နိုင်ဘူး သိပ်ပြီး ကျယ်တာပဲ။

ပရမတ်နယ်က ကြည့်လိုက်တော့ ရုပ်ဓာတ် နာမ်ဓာတ် နှစ်ပါ သာရှိတယ်။ အဆုံးဖြစ်တဲ့ နိဗ္ဗာန်အနေနဲ့ ကြည့်လိုက် တော့ ဝိမုတ္တိရသတစ်ပါးသာရှိတယ်။ ဒါကြောင့်နိဗ္ဗာန်ဟာ တစ်ပါးသာ ရှိတယ်လို့ဆိုတယ်။ ဒါကို သဘောပေါက်မှ နိဗ္ဗာန်ရောက်တယ်။ ဒါကိုသဘောမပေါက်လို့ တစ်သံသရာ လုံး ဒုက္ခရောက်နေကြတာလို့ မှတ်။

## ကျွန်ုပ်တို့တစ်တွေ လူစွမ်းကောင်းတွေ

ကျွန်ုပ်တို့တစ်တွေဟာ သေသေချာချာ စဉ်းစားကြည့် လျှင် လူစွမ်းကောင်းတွေ ဖြစ်နေကြတယ်။ ရာဇဝင်မှာ ကျန် ရစ်သားဟာဘာဟုတ်သေးသလဲ။ သူ့ဘဝအတွက် အသက် မသေဘဲ ကျန်ရစ်လို့ ကျန်ရစ်သား ခေါ်တယ်။

တို့တစ်တွေကမှ ဘုရားတွေ အသင်္ချေအနန္တ ပွင့်လာခဲ့ ကြတာကို ကျန်ဖြစ်အောင် ကျန်ရစ်ခဲ့တဲ့ မောင်ကျန်ရစ်တွေ မယ်ကျန်ရစ်တွေ ဒအစစ်ဖြစ်နေတယ်။ ဒီထက်လူစွမ်းကောင်း တာ ဘာရှိသေးသလဲ၊ ဘုရားတွေ ရှောင်နိုင်တဲ့ အကောင် တွေပဲ၊ အရှောင်ကောင်းတော့ မဟုတ်ဘူး၊ အရှောင်ယုတ် အရှောင်ညံ့တွေလို့ ဆိုရမယ်။

ဘာပြုလို့ ရှောင်ကြသလဲဆိုယင် ခန္ဓာကိုယ်အပုပ်မစင်ကြီးကို အဟုတ်ထင်ပြီး ခင်မင်နေကြလို့ ရှောင်ခဲ့ကြတာ၊ ကာမဂုဏ်ငါးပါး အာရုံတရားတွေကို ခံစားချင်နေကြလို့ ရှောင်ခဲ့ကြတာ။

တို့ဘစ်တွေက အာရုံငါးပါးတော့ခံစားချင်တယ်၊ အိုရမှာ နာရမှာသေရမှာတော့ကြောက်ကြတယ်၊ ကာမဂုဏ်ငါးပါး ခံစားပြီး မအို မနာ မသေရတဲ့ နေရာ အဘယ်မှာရှိမလဲ၊ မရှိတာကို အရှိလုပ်ချင်လို့ အဘယ်မှာရမလဲ၊ အချို့က မသေအောင် အသက်ရှည်အောင်ဆိုပြီး ဖိုထိုးကြတယ်၊ အဂ္ဂိရတ်သိုးကြတယ်၊ ဘုရားက ဇာတိဖြစ်လျှင် ဇရာမရဏ က နောက်က တန်းလန်း ပါနေပါတယ်ဆိုမှ အဘယ်မှာ မသေဘဲ ရှိမလဲ၊ ဖြစ်သမျှ ပျက်ကြရမှာချည်းပါပဲ။

ဒါကြောင့် ခန္ဓာကိုယ်ကြီး ဖြစ်နေသမျှ ဒုက္ခရောက်မှာ ပဲလို့ တစ်ခါတည်း မှတ်ထားလိုက် 'ခန္ဓ သမံ ဝေရံနတ္ထိ" တဲ့၊ ခန္ဓာကိုယ်ကြီးဟာ ရန်သူအစစ်ပဲ၊ ရန်သူကို ခံသူ ထင်နေကြတာ ခန္ဓာကိုယ်ကြီးက သေပြီး တရားပြထား ပါလျက် တို့ဘစ်တွေက ရန်သူလို့ မထင်ကြဘူး၊ မမုန်းနိုင် ကြဘူး၊ ချစ်ခင်နေကြသေးတယ်၊ တွယ်တာနေကြသေး တယ်။

သေသွားမှသာ အသုဘ မဟုတ်ပါဘူး၊ အမှန်ကတော့ မသေခင်လဲ အသုဘပဲ၊ အသုဘသွားတယ်ဆိုတာ သူ တစ် ပါးသေလို့ လူသေအသုဘသွားတယ်လို့ ခေါ်နေကြတာ ပြောနေကြတာ ဖြစ်ပါတယ်။

စင်စစ်အားဖြင့် လူရှင်လဲ အသုဘပါပဲ၊ ကိုယ့်ခန္ဓာကိုပဲ ကိုယ်ပြန်ကြည့်လိုက်၊ မျက်စိက မျက်ချေးတွေ၊ နှာခေါင်းက နှပ်ချေးတွေ၊ နားက နားဖာချေးတွေ၊ ပါးစပ်က တံတွေးတွေ၊ သေးတွေ ချေးတွေ ထွက်နေတာဟာ အသုဘ မဟုတ်လို့ ဘာခေါ်ချင်သေးသလဲ စဉ်းစားကြည့်ကြနော်။

ဒါက ရုပ်တွေ ညစ်ပတ်နေတာကိုပြောတာ ချေးကိုသာ ယိုတာမဟုတ်ဘူး၊ မျက်ချေးတွေလဲ ယိုတာပဲ၊ နှပ်ချေးတွေလဲ ယိုတာပဲ။ နားဖာချေးတွေလဲ ယိုတာပဲ၊ ပါးစပ်က တံတွေးတွေကလဲ ယိုတာပဲ၊ ရုပ်ညစ်ပတ်တာကမှ မျက်နှာသစ်လို့ နှပ်ညှစ်လို့ နားဖာချေးထွင်လို့ တံတွေး ထွေးလိုက်လို့ ရေချိုးလိုက်လို့ သနပ်ခါး ပေါင်ဒါလိမ်း လိုက်လို့ သက်သာသေးတယ်။

နာမ်ညစ်ပတ်တာက ပြုပြင်လို့မလွယ်ဘူး၊ ကြောက်ရော ပိုကောင်းသေးတယ်၊ မျက်နှာသစ်လို့လဲမရဘူး၊ ရေချိုး လို့လဲ မရဘူး။

အမှန်ကတော့ ဆီအိုးထဲက ယိုကျတာ ဆီပဲဖြစ်သလို ငံပြာရည်အိုးထဲက ယိုကျတာ ငံပြာရည်ပဲ ဖြစ်သလို အပုပ်အိုးထဲက ယိုကျတာ အသုဘအိုးထဲက ယိုကျတာ အပုပ်ရည် အသုဘရည်တွေပဲ ဖြစ်တာပဲ။

ပုထုဇဉ် သတ္တဝါတွေဟာ တောထဲက မြေခွေးနဲ့ တူတယ်။ ခန္ဓာကိုယ်ကြီးက သစ်ပင်ကြီးနဲ့တူတယ် ကသစ် ပွင့် တွေက မျက်ချေးတွေ၊ နားဖာချေးတွေ၊ နှပ်ချေးတွေနဲ့ တူတယ်။

မြေခွေးဟာ ကသစ်ပင်က ကြွေကျလာတဲ့ အပွင့်တွေကို အနားကပ်ကြည့်တော့ အမဲသား မဟုတ်ဘူးလို့သိတယ်။ ပုသုဇဉ် ပုဂ္ဂိုလ်တွေလဲ ယိုကျလာတဲ့ အညစ် အကြေး တွေဟာ မကောင်းဘူး၊ မတင့်တယ်ဘူးလို့တော့ သိတယ်။ ဒါပေမယ့် မြေခွေးဟာ အပင်ပေါ်မှာ ပွင့်နေတဲ့ အပွင့် တွေကိုတော့ အမဲသား ထင်နေသလို ပုထုဇဉ်ပုဂ္ဂိုလ်တွေလဲ မျက်သုံးကလေးက ဘယ်လို နှာခေါင်းကလေးက ဘယ့်နှယ် စသည်ဖြင့် တင့်တယ်သည်လို့ ထင်နေတာပဲ၊ အပုပ်တွေလို့ မမြင်ဘူး။

ဒါကြောင့် မြေခွေးဟာ ကသစ်တစ်ပွင့် ကြွေကျလိုက် ပြေးဟပ်လိုက်နဲ့ မောဟိုက်ပြီး အပင်ခြေရင်းမှာသေမင်းက ခေါ်သွားသလိုပဲ။ ပုထုဇဉ်တွေလဲ လှလှကလေးမြင်လိုက် လို ချင်လိုက် လှလှကလေးမြင်လိုက် လိုချင်လိုက်နဲ့ ကာမဂုဏ် အောင်အရင်းမှာ သေမင်းက ခေါ်သွားတာပဲ။

ဒီလို တရားတွေ သိအောင်ဟာ မိတ်ဆွေကောင်း၊ ဆရာကောင်း လိုတယ်။ "သန္တောဟဝေ သဗ္ဘိ ပဝေဒယန္တိ" တဲ့၊ "သန္တော၊ သူတော်ကောင်းတို့လည်း။ ဟဝေ၊ မုချ ဧကန် အမှန်အားဖြင့်။ သဗ္ဘိ၊ သူတော်ကောင်းစိတ်ရှိသော သူ အချင်းချင်းတို့နှင့်သာလျှင်။ ပဝေဒယန္တိ၊ တရားစကား ပြောကြားကုန်၏" လို့ ဆိုတယ်။

ဒါကြောင့် ရှေးဆရာမြတ်တို့က "သူတော်ချင်းချင်း သိကင်း မေ့လျော့သည်" ဟု ဆိုကြတယ်။ သူတော် ကောင်း အချင်းချင်း ပြောမှ လိုက်နာ၍ အကျိုးရှိမှာ

ပေါ့။ လူမိုက်သွားပြောရင် မလိုက်နာတဲ့အပြင် ဟောတ်တာ ရှုပ်ဘာတွေ လာပြောတယ်ဆိုပြီး တုတ်နဲ့တောင် ရိုက်လွှတ်ဦးမယ်။

လူမိုက်ကလဲ နှစ်မျိုးရှိတယ်။ မိုက်ခါစ လူမိုက်နှင့် ပြောဆိုဆုံးမလို့ မရလောက်အောင် အမြဲမိုက်ခဲ ဖြစ်နေတဲ့ လူမိုက်သို့ ခွဲရတယ်။ မိုက်ခါစ လူမိုက်ကိုတော့ ပါဠိလို ဗာလလို့ ခေါ်တယ်။ အမြဲ မိုက်ခဲဖြစ်နေတဲ့ လူမိုက်ကိုတော့ အန္ဓလို့ ခေါ်တယ်။

မိုက်ခါစ လူမိုက်များကျတော့ နားထောင်နိုင် ထောင်တတ်တယ်။ သွားပြောလို့ အကျိုးရှိရင် ရှိတတ်ပါတယ်။ မိမိကိုယ် အရိယာ ဖြစ်နေတာကို အကျိုးရှိမယ့် သူတော်ကောင်းစိတ် ရှိသူများကျတော့ ပြောကောင်းတယ်လို့တောင် ဆိုပါတယ်။

တရားစကား ပြောကြားတဲ့ မိတ်ဆွေဆိုတာ ဒုလ္လဘတစ်ခုပဲ။ အလွန် အဖိုးတန်၍ ကျေးဇူးဆပ်လို့ ကုန်နိုင်တဲ့ မိတ်ဆွေစစ် မိတ်ဆွေကောင်း ဖြစ်တယ်။ တစ်ဘဝတွင်မက ဘဝပေါင်းများစွာ ချမ်းသာအောင် လုပ်ပေးတဲ့ မိတ်ဆွေ ဖြစ်တယ်လို့ သိရတယ်၊ ကျေးဇူးတင်ရတယ်။

ဘုရား၏ လက်ယာတော်ရံ အရှင် သာရိပုတ္တရာကြီးဟာ ဘယ်နေရာမှာနေနေ၊ ဘယ်အရပ်မှာရှိရှိ၊ အရှင်အဿဇိ ရှိရာ ရှိခိုး ပြီးမှ ကျိန်းစက်တော်မူတယ်။ ကနဦး ကျေးဇူးရှင်ကြီး ဖြစ်လို့ ကျေးဇူးသိတတ်တဲ့ အနေဖြင့် ကျေးဇူးဆပ်ရှာတယ်။

လူတွေဟာ ကာမဂုဏ် ရေယာဉ်ကျော မျောနေကြတော့ ဘုရားတရားကို မေ့လျော့ပြီး ပေါ့ပေါ့ဆဆ နေကြတယ်။ ဘုရားတရားနဲ့ ပတ်သက်လို့ ပြောဟောသူကို ကျေးဇူးတင်ရမှန်း မသိဘူး။

မြတ်စွာဘုရား သက်တော်ထင်ရှား ရှိစဉ် အခါက ညီတော် အာနန္ဒာက မြတ်စွာဘုရားအား လျှောက်ထားတယ်။

“ဘုန်းတော် ကြီးမားတော်မူသော မြတ်စွာဘုရား။ ဒါယကာ၊ ဒါယိကာမတွေဟာ စားဖို့သောက်ဖို့ ပရိယေသနနဲ့၊ ကာမဂုဏ်ငါးပါး အာရုံတရားတွေ လိုက်စားနေကြတော့ သူတို့မှာ သတိပေးမည့် ကလျာဏ မိတ်ဆွေကောင်း ပေါင်းသင်းဖို့ လိုပါလိမ့်မယ်ဘုရားလို့ လျှောက်ထားတယ်။

မိတ်ဆွေကောင်းပေါင်းမိလျှင် မြတ်သော သူတော်ကောင်း အကျင့် ကျင့်ဖို့ရန် ထက်ဝက်မျှ လောက်တော့ အကျိုးတရား ဖြစ်ပွားကြလိမ့်မယ်လို့ ထင်ပါသည် ဘုရား” ဟု လျှောက်ထားတယ်။

ဒီတော့ မြတ်စွာဘုရားက “ချစ်သား အာနန္ဒာ၊ ဤသို့ မဆိုလင့်၊ ဤသို့ မပြောနှင့်၊ မြတ်သော သူတော်ကောင်း အကျင့် ကျင့်ဖို့ရာမှာ မိတ်ဆွေကောင်းဟာ ထက်ဝက်မကဘူး။ အားလုံး အကုန်အပြည့်အစုံ လိုတယ်”ဟု ဖြေတော်မူတယ်။

မိတ်ဆွေကောင်းဟာ ဆားနဲ့ တူတယ်နော်၊ နေရာဘာဘာ သူ ပါမှ အရာရာမှာ ပြီးစီးတယ်။ သောတာပန်ဖြစ်ရန် အင်္ဂါလေးပါးထဲလဲ သူ ပါတာပဲ။ ကြီးပွားရေးစက်လေးပါးထဲလဲ သူပါတာပဲ။ သမ္မဒါလေးပါးထဲလဲ သူ ပါတာပဲ။

''ကလျာဏမိတ္တတာ ဗြဟ္မစရိယ သဒ္ဓဧဆုန်'' အရှင်အာနန္ဒာမေး၍ ''မာဝစ၊ အာနန္ဒ ဗြဟ္မစရိယဿ သကလမိဒမေဝ'' မြတ်စွာဘုရားက ဖြေတော်မူပါတယ်။

မိတ်ဆွေကောင်း ပေါင်းမိအောင်ဟာလဲ သင့်တင့်လျောက်ပတ်သော အရပ်ကို နေမှ တွေ့ရတယ်။ ဒီတော့ သာသနာ ထွန်းကားတဲ့ ဗုဒ္ဓဘာသာ မြန်မာပြည်ကြီးမှာလဲ ဗုဒ္ဓဘာသာဝင်လူမျိုး ဖြစ်လာကြပြီ။ တရားတွေ ပြနေတဲ့ ရိပ်သာတွေ တရားဟောရန် ဓမ္မာရုံကြီးတွေ တရားဟော ပုဂ္ဂိုလ်တွေ တခဝဝေ ထွန်းပြောင်လျက် တရားရောင်တွေ စိုပြည်ရှင်သန်နေတဲ့အခါ ဘာလိုသေးသလဲ ကိုယ်က ကြိုးစားပြီး တရားတွေ့အောင် လုပ်ဖို့ပဲ လိုတော့တယ် မဟုတ်လား စဉ်းစားကြည့်ကြ။

မြတ်စွာဘုရားရှင်တွေ ပွင့်လာတော် မူကြသည်မှာ ဘုရားစကား နားထောင်တဲ့ လူဆိုလျှင် အယုတ် အလတ် အမြတ်မရွေး ကောင်းစားရေးအတွက် ပွင့်တော်မူလာကြခြင်း ဖြစ်တယ်။

ဘုရားရှင်များသည် လူ နတ် ဗြဟ္မာ သတ္တဝါ ဒွေစားစားတို့ဟာ အမျိုးမျိုးသော အိုနာ သေရေးဒုက္ခဘေးတွေ

သင့်ပြီး တစ်သံသရာလုံး တဟုန်းဟုန်းနဲ့ မီးတွေ တောက်လောင်နေတာကို သနားရှာလွန်းလို့ တရား ရေအေးတည်းဟူသောအမြိုက်ဆေးကို တိုက်ကျွေးပြီး မဂ်လမ်းဖိုလ်သမ်း နိဗ္ဗာန်သမ်းသို့ ပို့ဆောင်တော်မူရန် ပွင့်တော်မူသာကြပါတယ်။

တစ်ရက် ဘုရားစကား နားထောင်လျှင် တစ်ရက်ဗုဒ္ဓဘာသာဝင်အစစ် ဖြစ်တာပဲ၊ တစ်လ နားထောင်လျှင် တစ်လ ဗုဒ္ဓဘာသာဝင်ပဲ၊ တစ်သက်လုံး နားထောင်လျှင် တစ်သက်လုံး ဗုဒ္ဓဘာသာဝင်လို့ ဆိုရမယ်။

ဗုဒ္ဓဘာသာဝင်လို့ အမည်သာခံပြီး ဘုရားမကြိုက်တဲ့ ဒုစရိုက်တွေ လုပ်နေကြရင်တော့ ဗုဒ္ဓဘာသာဝင် အစစ်မဟုတ်ဘူး အတုအယောင်တွေမျှသာ ဆိုရလိမ့်မယ်။

လွန်ခဲ့တဲ့ ဘဝ လွန်ခဲ့တဲ့ရက်လက လုပ်လာတဲ့အကုသိုလ်ဒုစရိုက်အပြစ်တွေဟာ ဒီနေ့ကျမှ ရှောင်ကြဉ်လို့ မရဘူး၊ ရှောင်တယ်ဆိုတာ နောင်ဖြစ်မယ့် အပြစ်တွေသာ ရှောင်လို့ရတာ။

နောက်နောက်က အပြစ်တွေ ဆပ်နိုင်တာဟာလဲ ဝိပဿနာအလုပ်တစ်ခုပဲ ရှိတယ်၊ ဒါနနဲ့လဲ မဆပ်နိုင်ဘူး၊ သီလနဲ့လဲ မဆပ်နိုင်ဘူး၊ သမာဓိနဲ့လဲ မဆပ်နိုင်ဘူး။

ဒါကြောင့် ဝိပဿနာအလုပ်ဟာ အလွန်ကောင်းတဲ့အလုပ်၊ အလွန်အဖိုးတန်တဲ့အလုပ်၊ သူ့ထက်ကောင်းတဲ့အလုပ် မရှိတော့ဘူးလို့ ဆိုရတယ်။

ဒီဘဝ အားထုတ်လို့ တရားထူး မရတောင် “ဝိဇ္ဇာ ဘာဝေထ ဘိက္ခဝေ ဝိဇ္ဇာဘာဝေ ကူတောမင်္ဂါ” တဲ့၊ ရဟန်းတို့ ဝိပဿနာ မျိုးစေ့လေး ပါအောင် အားထုတ်ကြ၊ ဝိပဿနာ မျိုးစေ့လေး မပါလျှင် မဂ်ဖိုလ်မရနိုင်ဘူးတဲ့၊ ဒီဒေသနာကို ထောက်ထား၍—

ဒီဘဝ မျိုးစေ့လေး ပါသွားလျှင် နတ်ပြည်ကျတော့ ငါ ဘယ်ဘဝက လာသလဲလို့ စဉ်းစားပြီး တရား အားထုတ်ခဲ့တာလေး ပေါ်လာလျှင် အထူးအားမထုတ်ရသေးဘဲနဲ့ တစ်ခဏအတွင်း မဂ်ဉာဏ် ဖိုလ်ဉာဏ်ကို ချက်ချင်း ရနိုင်ပါတယ်၊ ရတဲ့ဝတ္ထုသာဓကတွေ အများကြီး ရှိပါတယ်။

## ဘုရားမြင်နှင့် အများမြင်

မြတ်စွာဘုရားက လူ နတ် ဗြဟ္မာ သတ္တဝါတွေကို မဟာကရုဏာ ဉာဏ်တော်ဖြင့် လူဆင်းရဲ နတ်ဆင်းရဲ ဗြဟ္မာဆင်းရဲတွေ ခံစားနေရတဲ့သတ္တဝါတွေဟု မြင်တယ်။

အများ မြင်နေကြတာက လူချမ်းသာ နတ်ချမ်းသာ ဗြဟ္မာချမ်းသာတွေကို ခံစားနေရတယ်လို့ မြင်တယ်။

မြတ်စွာဘုရားက လောကီချမ်းသာတွေ ခံစားနေရတာဟာ ဒုက္ခလို့ မြင်တယ်၊ မခံစားရတာမှ သုခလို့ မြင်တယ်။

အများမြင်နေကြတာက ခံစားနေရတာက သုခလို့ ထင်တယ် မြင်တယ်၊ မခံစားရလျှင် ဒုက္ခလို့ ထင်တယ် မြင်တယ်။

မြတ်စွာဘုရားက သဗ္ဗညုတဉာဏ်ဖြင့် လှူနတ်ပြဟ္မာ သတ္တဝါတွေကို ပုဂ္ဂိုလ် သတ္တဝါ အကောင်အထည်မဟုတ် ရုပ်နဲ့ နာမ်သာ ရှိတယ်လို့ မြင်တယ်။

အများမြင်နေကြတာက ပုဂ္ဂိုလ် သတ္တဝါ ငါသူတစ်ပါး ယောကျ်ား မိန်းမတွေဟု ထင်နေကြတယ်၊ မြင်နေကြတယ်။

အသင်နဲ့အမြင် ဆီနဲ့ရေ မိုးနဲ့မြေကြီး အပုံကြီး ကွာဝေးနေကြတယ်။

ဒီတော့ ဘုရားအမြင်ရအောင် တရားဝင်ကြပေတော့။

တရားဝင်တဲ့အခါ ရှေးဦး ဆိတ်ငြိမ်ရာ အရပ်သို့ ကပ်ပါ၊ ဝိပဿနာတရား အားထုတ်သည့်နေရာမှာ ဆိတ်ငြိမ်ရာ မလိုဘူး ဆိုပေမယ့် သမာဓိက စပြီး ထူထောင်ရတာ ဖြစ်သည့်အတွက် လူသံ ငှက်သံ ရထားသံ ကားသံ စသော အသံတွေ ဆူညံနေလျှင် သမာဓိ မရဘူး၊ သမာဓိ မရလျှင် တရားမမြင်နိုင်ဘူး၊ ဒါကြောင့် ဆိတ်ငြိမ်ရာ အရပ်ရလျှင် သာ၍ ကောင်းတယ်။

နံပါတ်(၂) အနေဖြင့် ဗုဒ္ဓဘာသာဝင်ပီပီ ဘုရားကို ပင့်ရမယ်၊ ပင့်ပုံမှာ "ဒုက္ခဘေး အသွယ်သွယ် ဝိုင်းပတ်လည်နေသော သံသရာနယ်မှအအေးပင်စင်နယ်သို့အလွယ် ကူးချောက် အမြန်ရောက်အောင် ပို့ဆောင်ကယ်ထင်၍ ဉာဏ်စဉ်တက်လှမ်း မဂ်စခန်းဖွင့်မည့် ဝိပဿနာအကျင့်ကို

ချီးမြှင့်ပါရန်နှင့် အကျွန်ုပ် ရုပ်နာမ်ကို အလှူခံ ကြွပါရန် အကြောင်း ဦးခေါင်းညွတ်ကျိုး လက်အုပ်မိုး၍ ရှိခိုး ပင့်လျှောက်ပါသည် ရွှေဘုန်းတော်ရှင်ဘုရားသခင် အရှင်သူမြတ်ကြီး ဘုရား” ဟု ဘုရားပင့်လိုက်ပါ။

ဘုရားပင့်ရတာကတော့ ပုထုဇဉ်သားတို့မှာ တရားအားထုတ်ရင်းလဲ မတော်တဲ့အလုပ် လုပ်မိတယ်၊ မတော်တဲ့ စကားကိုလဲ ပြောမိဘတ်တယ်၊ မတော်တဲ့ အကြံအစည်ကိုလဲ ကြံစည်မိတတ်တယ်၊ ဒီလို ဖြစ်လာလျှင် သတိရှိဖို့ ဘုရားပင့်ထားရခြင်း ဖြစ်တယ်၊ ဘုရား အနားရှိတော့ မလုပ်ဝံ့ဘူးပေါ့။

နံပါတ် (၃) အနေဖြင့် မြတ်စွာဘုရားအား လည်းကောင်း၊ မိမိအား ဝိပဿနာ ကမ္မဋ္ဌာန်း ပြပေးသော ကမ္မဋ္ဌာန်းဆရာအားလည်းကောင်း တရားအားထုတ်နေသည့်အခါ ခန္ဓာကိုယ်ကို စွန့်လွှတ်လှူဒါန်းပါ၏ဟု ဆိုလိုက်ပါ၊ ခန္ဓာကိုယ်ပါ ဘုရားလှူဘာကတော့ ခန္ဓာကိုယ်ထဲ အရိယာမဂ် သွင်းဖို့ရာနှင့် အားထုတ်နေသည့် အခါ ကြောက်စရာ လန့်စရာများ ပေါ်လာလျှင် ငါ့ခန္ဓာကိုယ်မှ မဟုတ်ဘဲ လှူပြီးထားတာပဲ ဘာကြောက်စရာ ရှိသလဲဟု စိတ်ထဲ၌ ကြောက်စိတ်မပေါ်အောင် လှူထားရခြင်း ဖြစ်ပါတယ်။

ခန္ဓာကိုယ်ကို ကမ္မဋ္ဌာန်းဆရာ လှူဘာကတော့ ကမ္မဋ္ဌာန်းဆရာ ပိုင်သွားသဖြင့် ယောဂီကလဲ ပြန်မပြောဝံ့

ကမ္မဋ္ဌာန်းဆရာကလဲ ရဲရဲဝံ့ဝံ့ဆုံးမနိုင်အောင် လှူရခြင်းဖြစ်ပါတယ်။

နံပါတ်(၄)အနေဖြင့် အစမထင် သံသရာတစ်ခွင်က စ၍ ယခုနေ့အချိန်အောင် မိမိနှင့်အတူ နေထိုင်လာခဲ့ကြသော ပုဂ္ဂိုလ်တို့အား မိမိက ပြစ်မှားမိသောအပြစ်ရှိလျှင် သည်းခံခွင့်လွှတ်ကြပါရန် ကန်တော့ပါ၏။ တောင်းပန်ပါ၏လို့ ဆိုလိုက်၊ မိမိကလည်း ခွင့်ပြုပါ၏ဟု ဆိုလိုက်ပါ။

ဘာပြုလို့ တောင်းပန်ရသလဲ ဆိုတော့ ပြစ်မှားမိတဲ့ ပုဂ္ဂိုလ်ကအရိယာပုဂ္ဂိုလ်ဖြစ်နေလျှင်အရိယူပ ဝါဒန္တရာယ် ထိုက်ဘယ်၊ ထိုက်လျှင် တရား မရနိုင်တော့ဘူး၊ မရရုံမက အပါယ်တောင် ကျနိုင်တယ်။ အရိယာမဟုတ်လဲ ပုထုဇဉ်သူတော်ကောင်း ပြစ်မှားမိရင် အနှောင့်အယှက်တော့ ဖြစ်ဘာပဲ၊ အပါယ်လဲ ကျနိုင်တာပဲ၊ ဒါကြောင့် တောင်းပန်ရတာ။

နံပါတ်(၅)အနေဖြင့် သတ္တဝါတွေအားလုံး မေတ္တာပို့ အမျှဝေ ဘုရားဂုဏ် တရားဂုဏ်တွေကို အာရုံပြု နိဗ္ဗာန်သို့ ရှေးရှု အာရုံပြုလိုက်ပါ။

နိဗ္ဗာန်သို့ ရှေးရှု အာရုံပြု ဆိုသည်မှာ ငါ မြင်လို ရောက်လိုသော နိဗ္ဗာန်သည် ငြိမ်သက်၏။ မွန်မြတ်၏၊ ဖြစ်ပျက်နေသော သင်္ခါရ သဘောတရားမှ ဆိတ်သုဉ်း၏၊ အစွန်း အမြိတ် နိမိတ်ကင်း၍ အေးချမ်း၏၊ ချမ်းသာတဲ့ နေရာမှာ လိုနေသေး၍ ဖြည့်စွက်စရာမရှိ၊ အပြည့်အစုံချမ်း

သာ၏ စသည်ဖြင့် နိဗ္ဗာန်၏ဂုဏ်ကို အာရုံပြုရမည်ဟု ဆိုလိုသည်။

ဤသို့ ပုဗ္ဗကိစ္စများ ပြုလုပ်ပြီးလျှင် "ဥဇုံကာယံ ပလ္လင်္က အာဘုဇိတွာ" ဆိုသည့် အတိုင်း ထင်ပျဉ်ခွေထိုင်၊ ခါးကို မတ်မတ်ထားပါ။ လက်နှစ်ဘက်ကို တောင့်တောင့် ထားပါ၊ ကိုယ်နေသားကျသလို လက်ဝါးနှစ်ဘက်ကို တစ်ဘက်နဲ့တစ်ဘက် ဆင့်ထားပါ၊ လက်ချင်းတော့ ယှက်မထားနဲ့ ယှက်ထားလျှင် ကြည့်လို့လဲမကောင်းဘူး၊ သမာဓိလဲ ပျက်တတ်တယ်။

လက်မောင်းများကိုလဲ ကိုယ်နှင့်ကင်း၍ ခင်ကျင်ကျပ် ခပ်တင်းတင်းထားပါ၊ ဒါမှ လုပ်တဲ့အလုပ်ကို ကြိုးကြိုးစားစား လုပ်ချင်တဲ့စိတ် ပေါ်လာမယ်၊ ဦးခေါင်းကိုလဲ နောက်သို့ မလန်စေနဲ့ ကြာသွားလျှင် နောက်လဲကျသွားတတ်တယ်။ အိပ်ငိုက်ချင်တဲ့ စိတ်လဲ ပေါ်တတ်တယ်၊ သမာဓိလဲ မရလွယ်ဘူး။

အသင့်ဖြစ်ပြီဆိုလျှင် ပါးစပ်ကိုပိတ် မျက်စိကိုမှိတ်ပြီး စိတ်ကို နှာသီးဖျားထား၍ ဝင်သက်ထွက်သက် အားထုတ်မယ်ဆိုလျှင် ဝင်သက်ကစ၍ ဝင်တိုင်းဝင်တိုင်း ဝင်တယ် ထိတယ် သိတယ်လို့မှတ်။ ထွက်သက် ထွက်သွားလျှင်လဲ ထွက်တယ် ထိတယ် သိတယ်လို့မှတ်။ နှုတ်က ရွတ်ဆိုရန်မလိုပါ၊ စိတ်ထဲက မှတ်နေဖို့သာ အရေးကြီးပါတယ်။

ပူတာ အေးတာ ချမ်းသာတာ ဆင်းရဲတာ လှုပ်တာကို ရှုမှတ်လိုလျှင်လဲ စိတ်ကို ရင်ထဲမှာထား၍ ပူတာပေါ်လျှင်

ပူတာလို့ စိတ်ကမှတ် အေးတာပေါ်လျှင် အေးတာလို့ စိတ်ကမှတ်၊ ကျဉ်တာ တောင့်တာ အောင့်တာ ပေါ်လျှင်လဲ ကျဉ်တာ တောင့်တာအောင့်တာလို့မှတ်။ ဒါမှမဟုတ်လျှင်လဲ အားလုံး ခြုံမိအောင် ဆင်းရဲတာလို့မှတ်။ နေလို့ထိုင်လို့ ကောင်းတာ ချမ်းသာလေး ပေါ်လာလျှင်လဲချမ်းသာတာ လို့မှတ်။

လှုပ်တာ ပေါ်လျှင်လဲ တစ်စုံတစ်ခုသော အကြောင်းကြောင့် လှုပ်လှုပ် အသက်ရှူလို့ လှုပ်လှုပ် လှုပ်လိုက်တာလို့ မှတ်၊ မပေါ်တာကို မရှုနဲ့ ပေါ်အောင်လဲ မကြိုးစားနဲ့၊ ပေါ်တုန်း ပေါ်ဆဲ အချိန်လေးကို မလွတ်အောင်မှတ်။ (ပူတာလို့မှတ်တာက ရုပ်ဘက်ငဲ့တာ၊ ပူတယ်လို့မှတ်တာ က နာမ်ဘက်ငဲ့တာလို့မှတ်) ပိန်တယ် ဖောင်းတယ်ဟု ဝါယောဓာတ်ကို ရှုမှတ်လိုလျှင်လဲ အသက် ရှူလိုက်လို့ ပိန်ကျသွားလျှင် ပိန်တယ်လို့မှတ်၊ ထုတ်လိုက်လို့ ဖောင်းကြွသွားလျှင် ဖောင်းတယ်လို့မှတ်၊ စိတ်ကို ဝမ်းဗိုက်ထားပြီး အမှတ် မခြားရအောင် ကြိုးစားပြီးမှတ်။

ထိုင်နေတာကို ခဏခဏတော့ မပြင်နဲ့ မနေနိုင်တဲ့ အဖြစ် ရောက်လာလျှင်တော့ ပြင်နိုင်ပါတယ်။ ခဏခဏ ပြင်တော့ သမာဓိ မရနိုင်ဘူး။ သမာဓိ မရလျှင် ဖြစ်ပျက်ကို မမြင်နိုင်ဘူး။ ဒါကြောင့် ညောင်းလဲ မပြင်နဲ့ ယားလဲ မကုတ်နဲ့လို့ ဆိုတာဟုမှတ်။

အထူး သတိပြုရမှာက ထိုင်ထိုင် ရပ်ရပ် သွားသွား အိပ်အိပ် ကြာကြာကလေး နေစေချင်တာက ကိုယ်ခန္ဓာ

ကိုယ်ကြီးဟာ ဒုက္ခခဲကြီးပါတကား ကြာကြာနေလို့ မရပါတကားဟု သိအောင်လုပ်ရတာလို့မှတ်။

တရားအားထုတ်နေစဉ် အိပ်ချင်စိတ် ပေါ်လာလျှင် မျက်စိမှိတ်ထားရာကနေပြီး ဖွင့်၍ အလင်းရောင်ကို ကြည့်လိုက်ပါ၊ ဟိုကြည့်ဒီကြည့် ပြောင်းပြောင်းပြီး ကြည့်လိုက်ပါ၊ ဒါမှမရလျှင် မျက်နှာသစ်လိုက်ပါ၊ ဒါမှမရလျှင်ထပြီး စင်္ကြံလျှောက်လိုက်ပါ၊ ပျောက်သွားပါလိမ့်မည်။

ဘယ်လိုမှ လုပ်လို့မရ ဖြစ်နေလျှင်တော့ (၁) နာရီလောက် နှစ်နှစ်ခြိုက်ခြိုက် ပျော်သွားအောင် အိပ်လိုက်၊ (၁)နာရီပြည့်လျှင်တော့ ထဖြစ်အောင်ထပြီး ပြန်၍ အားထုတ်ပါ၊ အိပ်ချင်သေးတယ်ဆိုပြီး ထပ်မအိပ်လိုက်နဲ့။

သမာဓိ မရလောက်အောင် အနီးအနားက စကားပြောနေကြသည်ဖြစ်စေ၊ ရထားသံ ကားသံ လူသံတွေ ဆူညံနေလျှင် ဖြစ်စေ၊ အသံမကြားရာသို့ သွားပြီး အားထုတ်ပါ၊ ကိုယ်ကလဲ သူများကိုအနှောင့်အယှက် မဖြစ်အောင်နေ၊ သူများရဲ့ အပြစ်တွေကိုလဲ မရှုနဲ့၊ တရားအားထုတ်တယ်ဆိုတာ သူတော်ကောင်းအလုပ်ဖြစ်တော့ အရာရာမှာ သည်းခံခြင်းတရား ရှေ့ထားရတယ်။

သမာဓိပျက်လောက်အောင် စိုးရိမ်ပူဆွေးရတဲ့သောက အတွေးမျိုး စိတ်ဆိုး နှလုံးမသာယာတဲ့ ဒေါသ အတွေးမျိုး မဟုတ်မခံဆိုတဲ့ မာနအတွေးမျိုး ချစ်ခင်နှစ်သက်တဲ့ ရာဂအတွေးမျိုးတွေလဲ မဝင်အောင် မတွေးတောမိအောင် မစဉ်းစားမိအောင် သတိထားရတယ်။

ထိုင်အားထုတ်တာတော့ သိရပါပြီ။ ရပ် အားထုတ်တဲ့အခါ သွား အားထုတ်တဲ့အခါ အိပ် အားထုတ်တဲ့အခါ ဘယ်သို့ရပ်ပြီး ဘယ်လိုသွား၍ ဘယ်လိုအိပ်ကာ အားထုတ်ရမလဲလို့ မေးစရာရှိတယ်။

ရပ်ပြီး အားထုတ်တဲ့အခါဘယ်သို ရပ် အားထုတ်ရမယ်လို့ အထူး မဆိုသော်သည်း ထိုင် အားထုတ်တဲ့နည်းကိုမှီး၍ ခြေနှစ်ဘက်ကို စုံရပ်၍ လက်နှစ်ဘက်ကို ဘေးကပ်၍ တောင့်ဘောင့်ထားပြီး အားထုတ်လျှင် ကြာကြာရပ်နိုင်၍ ကောင်းတယ်ဟု ဆိုရလိမ့်မယ်။

သွားပြီး အားထုတ်တဲ့အခါမှာတော့ ခြေကို မြန်လဲသိပ်မမြန်စေနဲ့ နှေးလဲသိပ်မနှေးစေနဲ့ မှန်မှန်သွားပြီး စင်္ကြံနေရာရှိသလောက် (သို့မဟုတ်) အတောင်ခြောက်ဆယ်လောက် ခေါက်တုံ့ခေါက်ပြန် အားထုတ်တာအကောင်းဆုံးပဲ၊ စင်္ကြံသွားရင်း တရား ရတာ အတော်များပါတယ်။

အိပ်ပြီးအားထုတ်မယ်ဆိုလျှင်အိပ်ပျော်သွားတတ်တယ်၊ ဒါပေမယ့် မအိပ်ဘူးဟု အထူးလုံ့လထား၍ ခြေထောက်နှစ်ဘက်ရယ် လက်နှစ်ဘက်ရယ် ဦးခေါင်းရယ်၊ ဒီငါးခု ဖြောင့်ဖြောင့် တောင့်တောင့်ထားပြီး အားထုတ်တာ အကောင်းဆုံးပဲလို့ မှတ်၊ လူသေအလောင်းကောင် ပြင်ထားသလိုပေါ့၊ အထူးအားဖြင့် သိမှတ်ရန်မှာ သက်သက်ရပ် သက်သက်အိပ် အားထုတ်တာတော့ မကောင်းဘူး စင်္ကြံလျှောက်တာလေးနဲ့ တွဲရမယ်။

အဲဒီလို မှတ်ရှုနေကျအတိုင်းဖြစ်စေ၊ ဒါမှမဟုတ် ကိုယ်မြန်မြန် သမာဓိရလွယ်တဲ့နည်းကို ပြောင်းလဲ၍ဖြစ်စေ ရှုမှတ်ဖန်များတော့ ဝင်သက်ထွက်သက် ရှုမှတ်တဲ့ ပုဂ္ဂိုလ်ကလဲ ဝင်သက်ထွက်သက်ရဲ့ သဘောလေးတွေကို ပိုင်ပိုင်နိုင်နိုင် သိလာမယ်။

ဒီသောက်တင်မကဘူး။ ဝင်သက်ထွက်သက်တို့ရဲ့ ဖြစ်မှုပျက်မှုကိုလဲ ရှုမှတ်ရင်းသိလာမယ်။ ဒီဝင်သက် ထွက်သက်ဖြစ်နေတဲ့ အကြောင်းကိုလဲ သိလာမယ်။

ဘယ်လိုသိလာမလဲဆိုတော့ ဒီဝင်သက်ထွက်သက်ဟာ စိတ်ဖြင့် ဝမ်းဗိုက်ကလေးကို ရှုလိုက်လို့ နှာခေါင်းပေါက်ကဝင်လာတာပဲလို့ သိလာမယ်။ ဒီစိတ်ရယ်၊ ဝမ်းဗိုက်ရယ်၊ နှာခေါင်းပေါက်ရယ် ဒီသုံးမျိုးမရှိလျှင် ဒီဝင်သက်မဖြစ်နိုင်ဘူးလို့လဲ သိလာမယ်။ အဲဒါဟာဖြစ်ကြောင်း ချုပ်ကြောင်း သိတာပဲ။

ဖြစ်ကြောင်းသိလျှင် ဖြစ်မှုလဲ သိတယ်။ ပျက်ကြောင်းသိလျှင် ပျက်မှုလဲ သိတယ်လို့မှတ်။

ကိုယ်ခန္ဓာကိုယ်ကြီး ဝင်သက်ထွက်သက် ဖြစ်နေတာကို အတိအကျသိရတော့သူတစ်ပါးတို့မှာလဲ ဒီလိုဝင်သက်ထွက်သက် ဖြစ်ပျက်နေကြမှာပဲလို့ သိတယ်။ ထိုအခါ အတွင်းအပ နှစ်ဌာန၌ ဝင်သက်ထွက်သက် ရုပ်အပေါင်းကို ရှုမှတ်နေတယ်လို့ ဆိုရပါတယ်။

ဒီလို အတွင်းအပ ဟူသမျှ၌ ခဏခဏ ရှုဖန်များတော့ ပုဂ္ဂိုလ်သတ္တဝါ အကောင်အထည်မရှိဘူး။ ဝင်သက်ထွက်

သက်ဆိုတဲ့ ရုပ်အပေါင်းနဲ့ မှတ်သိနေတဲ့ နာမ်ကသေးသာ ရှိပါကလားလို့ ဉာဏ်ထဲမှာ တွေ့မြင်လာလိမ့်မယ်။ ပုဂ္ဂိုလ် သတ္တဝါ အကောင်အထည်မရှိဟု သိလာလိမ့်မယ်။

ဒါကြောင့် "သုဒ္ဓသင်္ခါရ ပုဉ္ဇောယံ နယိဓသတ္တူပ လဗ္ဘတိ" အယံ ဤခန္ဓာကိုယ်ကြီးသည် သုဒ္ဓသင်္ခါရပုဉ္ဇော၊ အကောင်အထည်မဖက် သက်သက်သော ဖြစ်ပျက်မှု သင်္ခါရ အစုကြီးပါတကား။ နသတ္တူပလဗ္ဘတိ၊ သတ္တဝါဟူ၍ စွဲလမ်းထင်မှတ်လို့ မရပါတကားလို့ သိလာတယ်။

ထို့နောက် ဆက်လက်ရှုဖန်များတော့ သမာဓိကောင်း ပြီး ဉာဏ်အဆင့်ဆင့် တစ်စထက်တစ်စ မြင့်ကာ ဖြစ်ဖြစ်ပြီး ပျက်ပျက်သွားတဲ့ အနိစ္စ လက္ခဏာ၊ ဖြစ်ပျက်နေလို့ နှိပ်စက် ခံရတဲ့ ဒုက္ခလက္ခဏာ၊ နှိပ်စက်ခံရလို့ အလိုမကျတဲ့ အနတ္တ လက္ခဏာတွေဟာ သူများပြော သူပြော လူပြောမဟုတ် တစ်ဆင့်ကြားမဟုတ် ကိုယ်တိုင်ကိုယ်ကျ သဘာဝကိုသိလာ နိုင်ပါတယ်။

ဒီလိုသဘာဝကျကျ သိလာတော့ ဝိပဿနာ ဉာဏ်အ ဆင့်ဆင့်တက်ပြီးလျှင် အစွဲသုံးပါးကင်း၍ ဉာဏ်ပွင့်လင်းပြီး မဂ်ပေါက်ဖိုလ်ဝင် နိဗ္ဗာန်ကို မြင်တော့တာပါပဲ။

## သီဟိုဠ်ကျွန်းသား ရဟန်းတစ်ပါး ဝတ္ထု

ဘဲ-ကဲ ဝတ္ထုကြောင်းလေးနဲ့ တကယ်အားထုတ်လျှင် (၇)ရက်အတွင်းပင် အာသဝေါကုန်ခန်းတဲ့ ရဟန္တာပုဂ္ဂိုလ်ကြီးတောင် ဖြစ်နိုင်တဲ့အကြောင်း အတ္ထုပ္ပတ္တိလေး တင်ပြကြဦးစို့။

သီဟိုဠ်ကျွန်း မဟာဂါမရွာကြီးမှာ မောင်တိဿဆိုတဲ့ လူတစ်ယောက်ရှိတယ်၊ သူ့မှာ ဇနီးသည်နဲ့ သမီးငယ်နှစ်ယောက် ရှိတယ်၊ သဒ္ဓါတရားကလဲ လင်မယား နှစ်ယောက်လုံး ပြိုင်သူရှုံးလောက်အောင် ကောင်းတယ်၊ သမီးကလေးကလဲ လိမ္မာတယ်။

ဒါပေမယ့် ဆင်းရဲလိုက်တာ လူ့ဗရာတန်းစရာဆို သူနေ့တိုင်း စားတဲ့ ထမင်းကြမ်းနဲ့ ပုန်းရည်ဟင်းသာ လှူနိုင်ရှာတယ်။

သူတို့လှူလိုက်တဲ့ဆွမ်းနဲ့ ဟင်းကို မကောင်းလို့ ကျောင်းကကိုရင်လေးများက သူတို့ရဲ့ မျက်မှောက်မှာပဲ ဖြန့်ကြဲသွန်ချလိုက်ကြတယ်၊ ဒါပေမယ့် ဇနီးမောင်နှံနှစ်ယောက်က စိတ်မပေါက်ပြီး သဒ္ဓါတရားပျက်မသွားကြဘူး၊ သီလတရားနှင့်လဲ ပြည့်စုံတယ်ဆိုတော့ စိတ်ကို ထိန်းနိုင်ကြတယ်။

တို့လှူတဲ့ ဆွမ်းကမှ မကောင်းဘဲ အဘယ်မှာ အလေးခံရျကျောင်းသို့ယူရန် အားထုတ်ကြတော့မလဲဟု စိတ်ထဲ၌ သံဝေ့တင့်စွာ နှလုံးသွင်းကာ နေလိုက်ကြတာပဲတဲ့၊ ဘယ်လောက်ကောင်းတဲ့ သဒ္ဓါတရားလဲဆိုတာ ပြောစရာ မလိုပါဘူး။



ကိုရင်ကလေးတွေ သွန်ပြီး ခဏခဏ ပစ်တာ မြင်ရတော့ လင်မယား နှစ်ယောက်ဟာ ဘယ်လို စဉ်းစားသလဲ ဆိုလျှင် ကောင်းတဲ့ ဆွမ်းဟင်းလေးတွေ လှူနိုင်ရန် တိုင်ပင်ကြပြန်ဘယ်။

ထိုအခါ ဇနီးဖြစ်သူက ရွှေတို့ ငွေတို့ ရှိမှ ပစ္စည်းရှိတာ မဟုတ်ပါဘူး၊ သမီးရှိလဲ လှူနိုင်တာပါပဲ၊ ဒီတော့ တို့သမီးလေး ပိုက်ဆံရှိတဲ့ အိမ်တစ်အိမ်မှာ အိမ်ဖော်ထား ပြီး ရတဲ့ အခနဲ့ လှူရလျှင် မကောင်းဘူးလားဆိုပြီး နှစ်ယောက် သဘောတူသဖြင့် သမီးကလေးကို မေကြည့်ရာ

သမီးကလေးကလဲ လိမ္မာသူကလေး ဖြစ်သဖြင့် မိဘခိုင်းရာ ဘာမဆို လုပ်ပါမယ်လို့ ဝန်ခံလိုက်သဖြင့် သမီးကလေးကို(၁၂)ကျပ်နဲ့ ပေါင်ပြီး နွားမကြီး တစ်ကောင် ကို ဝယ်ကြတယ်။

ထိုနွားမကြီးမှ ထွက်သော နို့ကို ထောပတ်ချက်ပြီး သောပတ်ဆွမ်း လောင်းလှူကြတယ်။ ဒီကျမှ ကိုရင်ကလေးတွေကလဲ ကောင်းလိုက်တာ၊ မွှန်မြတ်လိုက်တာ၊ စေတနာ သဒ္ဓါတရား တယ်ကောင်းပါကလားဟု ပြောကြားပြီး၊ ကျောင်းသို့ ယူသွားသဖြင့် သံဃာတော်များ ဆွမ်းဘုဉ်းပေးကြရတယ်။

ဒါပေမယ့် သမီးလေး သူများအိမ် ထားရတာ စိတ် မကောင်းသည့်အတွက် ပြန်၍ ရွေးရအောင် မောင်တိဿ တစ်ရပ်တစ်ကျေးသို့ ထွက်သွားတယ်၊ ရွာတစ်ရွာ ရောက် တော့ ကြံကြိတ်စက် တစ်ခုမှာ တစ်လ နှစ်ကျပ်နဲ့ အလုပ်

ရသွားတော့ ခြောက်လလောက် လုပ်ပြီး ငွေလေး(၁၂) ကျပ် ထုတ်ကာ ရွာသို့ပြန်လာတယ်။ ရှေးအခါက ငွေဟာ အဖိုးတန်တယ်၊ တစ်လလုပ်မှ (၂)ကျပ်ပဲ ရတယ်။

အိမ်အပြန် လမ်းခရီးအကြားမှာ ရဟန်းတော် တစ်ပါးနဲ့ ဆုံကြတယ်၊ရဟန်းတော်ကလဲ မဟာဂါမရွာမှာပဲ ရှိတဲ့ တိဿာရာမ ကျောင်းတိုက် အတွင်းရှိ စေတီတော်ကို ဖူးမြော်ကန်တော့ရန် လာခြင်းဖြစ်သည့်အတွက် မဟာဂါမရွာသို့ သွားဖက်ချင်း တူကြတယ်။

လမ်းခရီး သွားလာရင်း တစ်ဦးနဲ့တစ်ဦး အထူးခင်မင်၍ ဆရာ ဒကာ ဖြစ်သွားကြတယ်။ ဆွမ်းစားချိန်ရောက်တော့ ဆွမ်းလှူချင်ပေမယ့် ရောင်းတဲ့လူ ရှာမတွေ့သေးသဖြင့် စဉ်းစားနေစဉ်မှာ—

လူတစ်ယောက်ဟာ ထမင်းထုပ်လေး ဆွဲလာတာ မြင်တော့ အို- မိတ်ဆွေ၊ ခဏနေပါဦး၊ ထမင်းထုပ်ကလေး ရောင်းခဲ့ပါ၊ ငွေအသပြာ တစ်ကျပ် ပေးပါ့မယ်လို့ ဝယ်တယ်။

ထမင်းထုပ်ရှင်ကလည်း အရေးတကြီး ဝမ်းနာပြီး ဝယ်တာ သိတော့ တဖြည်းဖြည်း ဈေးတက်သွားတာ ပါလာတဲ့ (၁၂)ကျပ်နဲ့ကျမှ တည့်ကြတယ်၊ အမှန်ကတော့ အဲဒီခေတ်က တစ်ပဲသာ တန်တဲ့ ထမင်းထုပ် ဖြစ်တယ်။

ထမင်းထုပ်ကလေး ရတော့ ဝမ်းမြောက်ဝမ်းသာနဲ့ အမြန်ယူသွားကာ ရဟန်းတော်အား အကုန်လုံး လှူဒါန်းလိုက်ပါတယ်။

ရဟန်းကလဲ ဒကာ စားရပုံ မပေါ်သေးဘူးဟု သိတာနဲ့ တစ်ဝက်ပဲ အလှူခံတယ်၊ ဒကာက မရဘူး အကုန်လုံး ဘုဉ်းပေးပါဟု ထပ်ကာထပ်ကာ လျှောက်တယ်။

ဒီတော့မှ ရဟန်းက စဉ်းစားမိ၍ မေးတော့ ကိုယ်စားတဲ့ သခါး ဘဉ်းလေးတွေ ကိုရင်များက မကောင်းလို့ စွန့်ပစ်ကြတဲ့ အကြောင်းကစပြီး ရဟန်းတော်နဲ့ တွေ့သည့်တိုင်အောင် အလုံးစုံ အကုန်ပြောပြတယ်။

ရဟန်းတော်က အတော်ကောင်းတဲ့ သဒ္ဓါတရားပါလား၊ ဒီဆွမ်းစားပြီး ငါ တရားအားထုတ်မှ ကျေးဇူးဆပ်ရာ ရောက်မယ်ဟု ရည်ရွယ်ကာ တရားအားထုတ်ရန် သန္နိဋ္ဌာန် ချလိုက်တယ်။

ထို့နောက် ရဟန်းတော်နှင့် ဒကာ တစ်ယောက်တကွဲ ကွဲသွားကြပြီး မောင်တိဿက အိမ်ပြန်ရောက်တဲ့ အခါ သူ့ဇနီးဖြစ်သူအား သဒ္ဓါတရား ထက်သန်စွာဖြင့် ဆွမ်းလှူလိုက်ကြောင်း ပြောပြတော့ ဇနီးကလဲ ဝမ်းသာလို့ မဆုံး နှစ်ယောက်စလုံး ပြုံးပြုံး ပြုံးပြုံးနဲ့တို့လှူချင်တာဟာ ဒီတစ်ခါ မြောက်ပြီသို့ယူဆကာ ဝမ်းသာကြတယ်။

ရဟန်းတော်လဲ သူ ဖူးမြော်လိုတဲ့ ဘုရားကိုဖူးပြီး အနီးအပါး ကျောင်းသို့ သွား၍ အဓိဋ္ဌာန် ရှိသည့်အတိုင်း မဆုတ်ဆိုင်းဘဲ ငါသည် အာသဝေါကုန်ခန်းတဲ့ ရဟန္တာ မဖြစ်သမျှ ဆွမ်းမစားတော့ဘူး၊ ဒီနေရာကလဲ ဘယ်မှ မသွားတော့ဘူး''ဟု ဓိဋ္ဌာန်ပြီး ''မရမချင်း ဇွဲဖြင့်ရင်း ပြင်းပြင်း အားထုတ်ပါ''ဆိုသည့် အတိုင်း မဆိုင်းမဆုတ်

တရားကို ပြင်းထန်စွာ အားထုတ်လိုက်ရာ (၇)ရက် အတွင်း အာသဝေါကုန်ခန်းတဲ့ ရဟန္တာ အဖြစ်သို့ ရောက် သွားပါတယ်။

ထိုသို့ ရဟန္တာ ဖြစ်ပြီးနောက် ငါ ပရိနိဗ္ဗာန် စံဝင် သောအခါ ဆွမ်းဒကာ ဖြစ်သော မောင်တိဿ အလောင်း ကို မ,မသမျှ မည်သူမှ မ,၍ မရပါစေသတည်းဟု ဓိဋ္ဌာန် တော်မူတယ်။ မကြာမီ ပရိနိဗ္ဗာန် စံဝင်သောအခါ ကာက ဝဏ္ဏတိဿ မင်းကြီးမှ စ၍ မဟာဂါမရွာ၌ ရှိကြသော လူတွေ ဘယ်လိုဝိုင်း၍ မ,ကြသော်လည်း မရသဖြင့် ဆုတော်လာဘ်တော် ပေး၍ မောင်းကြေး နှင်းခတ်၍ ခေါ်တော့—

မောင်တိဿပေါက်လာ၍ မ,တော့မှ လက်နဲ့ ကိုင်ရုံမျှ ဖြင့် အလောင်းတော်သည် ကောင်းကင်ပေါ်သို့ အလိုလို တက်သွားပြီးလျှင် မီးထတောက်၍ လောင်မြိုက်သွား ပါတယ်။

မောင်တိဿလဲ ဆုတော် လာဘ်တော်ရ၍ ချမ်းသာ သွားတော့ သမီးကလေးရှေ့ပြီး အေးဆေးစွာ ကုသိုလ် ကောင်းမှုပြုကာ အသက်ထက်ဆုံး နေသွားကြရပါတယ်။

ကိုင်း ဒိဝတ္တု သာဓကကို ထောက်ဆ၍ မောင်တိဿတို့ လင်မယား သဒ္ဓါတရား ကောင်းတာတွေ၊ သမီးလေး ကလဲ မိဘစကားနားထောင်တာတွေ အတုယူကြဖို့ ရဟန်း တော်လေး၏မရမချင်း ဇွဲဖြင့် ရင်း၍ တရားအားထုတ်ပုံ ကို လိုက်နာ၍ အတုယူကြဖို့ လိုပါတယ်။ ကုသိုလ်ဆိုတာ

တကယ် လုပ်ရင် တကယ် အကျိုးကြီးပါဘယ်၊ သံသယ ရှိဖွယ် မဟုတ်ပါဘူး။

ဒါကြောင့် မြတ်စွာဘုရားက–

ဘာဝနာဒါနသီလာနိ၊ သမ္မာသမ္ဗုဒ္ဓိတာနိဟ၊

နိဗ္ဗာန ဘောဂသဂ္ဂါဒိ၊ သာဓနာနိ နသံသယော။

လို့ ဟောတော်မူပါတယ်။

ဣဟ၊ အံ့ဖွယ်ရှင်ပြော ဤသာသနာတော်၌၊ သမ္မာသမ္ဗုဒ္ဓိတာနိ၊ မဖြစ်မချင်း ဗွဲဖြင့် ရင်း၍ ပြင်းပြင်းထန်ထန် အားသန်ကြိုးစား လုံ့လထား၍ ပြုလုပ်ကြကုန်သော။ ဘာဝနာဒါန သီလာနိ၊ သမထဝိပဿနာ ဒါန သီလ ဒါဖြာဖြာတို့သည်။ နိဗ္ဗာန ဘောဂသဂ္ဂါဒိသာဓနာနိ၊ နိဗ္ဗာန်အကျိုး ပြည့်ဖြိုးခုမ်းသာ နတ်ပြဟ္မာ သုဂတိ ရှိကုံလုံ ပြီးပြည့်စုံနိုင်ကြသည်သာ လျှင်တည်း။ နသံသယော၊ သို့လောသို့လော မတွေးတောနဲ့ မောရုံအမှန် ကေန် သံသယ မရှိနိုင်ကြသည်သာလျှင်တည်း။

သာဓု...သာဓု...သာဓု။

မဂ်ပေါက်ဖိုလ်ဝင် နိဗ္ဗာန်မြင်
တရားတော်ပြီး၏။

## ခန္ဓာကိုယ် ရုပ်နာမ်တွေ့လျှင် နိဗ္ဗာန်မွေ့နိုင်တဲ့ တရားတော်

ဘာရာဟဝေ ပဉ္စက္ခန္ဓာ၊ ဘာရာဟာရောစ ပုဂ္ဂလာ။
ဘာရာဒါနံ ဒုက္ခ လောကေ၊ဘာရာ နိက္ခေပနံ သုခံ။

လောကေ၊ လောကတစ်ခွင် ဘုံအပြင်၌။ ပဉ္စက္ခန္ဓာ ခန္ဓာငါးပါး ရုပ်နာမ်တရားတို့သည်၊ ဟဝေ၊ စင်စစ်ကေန် အမှန်အားဖြင့်။ ဘာရာ၊ အလွန်လေး၍ အဖြည်းဖြည်း ပုပ်နေသော ဝန်ထုပ်ဝန်ပိုးနှင့် တူကြကုန်၏။ ပုဂ္ဂလာ၊ လူ နတ် ဗြဟ္မာ သတ္တဝါ ခေါ်ဆို အထိုထိုသော ပုဂ္ဂိုလ်တို့သည်။ ဘာရာ ဟာရောဝ၊ ဝန်ထုပ်ဝန်ပိုး ဝန်ပုပ်သိုးကြီးသယ်ပိုးထားတဲ့ ဝန်ထမ်းသမားများနှင့် တူပါပေ၏၊ဘာရာဒါနံ၊ ကိုယ်ဟုသမုတ် နာမ်ရုပ်ဆိုတဲ့ ဝန်ထုပ်ကြီးကို အပြီးကိုင်အောင် ကိုင်ဆောင် သယ်ယူနေရခြင်းသည်။ ဒုက္ခံ၊ များစွာ ဆင်းရဲအောင် ညှဉ်းဆဲဘဲ့ ဒုက္ခ ခဲ့ကြီး မှန်လှပါပေ၏။ ဘာရနိက္ခေပနံ၊ ကိုယ်ဟုသမုတ်

နာမ်ရုပ်ဆိုတဲ့ ဝန်ထုပ်ဝန်ပိုးကြီးကို အပြီးတိုင်တိုင် ပစ်ချနိုင်ခြင်းသည် သာလျှင်။ သုခံ အသစ်တစ်ခါ မြဖြစ်လာ၍ ချမ်းသာအစစ် ကေန်ပင် ဖြစ်လေတော့သတည်း။

သာဓု…သာဓု….သာဓု။

ခန္ဓာကိုယ်ဟု သမုတ်နေကြတဲ့ ရုပ်နာမ် နှစ်ပါးကို ပုဂ္ဂိုလ် သတ္တဝါ အကောင်အထည်များဟု ထင်ကာ အမြင်မှားပြီး သနား၍ ချစ်ခင်နေကြတယ်။

အမှန်အားဖြင့် ဒီခန္ဓာကိုယ်ကြီးဟာ ဝန်ထုပ်ဝန်ပိုး ဝန်အပုပ်အသိုးကြီးပဲ။ လောကမှာ ဘယ်လောက်ကြီး ကောင်းတဲ့ အရာဝတ္ထုမဆို အပုပ်အသိုး ဖြစ်လာလျှင် စွန့်ပစ်ကြတယ် မဟုတ်လား။ ထိုနည်းအတူ အပုပ်အသိုး မှန်း သိအောင် နမ်းကြည့်ရသလို ခန္ဓာကိုယ်ကြီးကိုလဲ အပုပ်အသိုးမှန်း သိအောင် စမ်းကြည့်ရတယ်။

ခန္ဓာကိုယ်ကြီးကတော့ ငါ အပုပ်အသိုးကြီးပါကွာ။ ငါ့ခန္ဓာကြီးမှာရှိတဲ့ ဒွါရကိုးပေါက်က ထွက်ကုလာတဲ့ အရည်တွေကို ကြည့်၊ မျက်စိက မျက်ချေးတွေ၊ နားက နားဖာချေးတွေ၊ နှာခေါင်းက နှပ်ချေးတွေ၊ ပါးစပ်က တံတွေးတွေ၊ ဒီပြင် အပေါက်ကလဲ ချေးတွေ သေးတွေ အညစ်အကြေးတွေ အမျိုးမျိုး ယိုစီး ကျနေတာပဲလို့ မပြောသော်လဲ ပြောသကဲ့သို့ ပြထားတယ်။

ဒါပေမယ့် သတ္တဝါတွေက “အသိုးအပုပ်ကို ကတိုးရုပ်” ထင်နေကြတော့ ခက်နေတာပေါ့။ ခက်မနေကြနဲ့၊ ကတိုးရုပ်ကို တစ်မျိုးလုပ်ပြီးတော့ ကြည့်လျှင် ဘီလူး လူယောင်

ဆောင်နေတာကို သိသာလိမ့်မယ်။ သေချာစွာ နားလည်တဲ့ ပညာရှိ ပုဂ္ဂိုလ်ချား ကျတော့ မျက်စိ နိတယ်။ ဖနောင့်ဘုံးယ်။ အရိပ် မထွက်ဘူး။ ဒါကြောင့် လူအစစ် မဟုတ်ဘူး ဘီလူးပဲလို့ သိသလိုပ ပဲ။

အမှန်သိတဲ့ အရိယာ ပုဂ္ဂိုလ်များကတော့ ခန္ဓာကိုယ်ကြီးကို စက်ဆုပ်ကြတယ်၊ ရွံရှာကြတယ်။ ခန္ဓာကိုယ်ကြီး ဖြစ်ရမှာ ကြောက်ကြတယ်။ အပုပ်အသိုးလို့ မြင်တာကို အပုပ်အသိုးလို့ မြင်ရုံတင် မကဘူး ဒီ ခန္ဓာကိုယ်ကြီး ရှိနေလို့ အိုရတာ၊ နာရတာ၊ သေရတာပဲလို့ ဒုက္ခကြီးလို့လဲ အတိုအကျ သိကြတယ်။

သိနေတော့ ခန္ဓာရှိသမျှ ဝန်ထမ်းကူလီတွေချည်းပါပဲဟု မှတ်ထင်သွားတာကိုး။ ဒါကြောင့် ဆင်းရဲသားလဲ ကူလီပဲ၊ သူဌေး သူကြွယ်တွေလဲ ကူလီပဲ၊ မင်းစိုး ရာဇာ တွေလဲ ကူလီပဲ၊ နတ်ဗြဟ္မာတွေလဲ ကူလီပဲ။ သုံးဆယ့်တစ်ဘုံ ကျင်လည်ကုန်သော သတ္တဝါတွေ မှန်သမျှ ကူလီချည်းပါပဲ။

ဘာပြုလို့လဲဆိုတော့ ခန္ဓာ ငါးပါးတည်းဟူသော ရုပ်နာမ် တရားတွေကို ထမ်းနေကြရတာချည်းပဲ။ ထမ်းနေကြရလို့ အပေါ်က အသာကလေးလိုက်ရင် တော်သေးတယ်။ ငြိမ်ငြိမ်ကလေး လိုက်ရင် တော်သေးတယ်။ တော်တော်ကြာ ကိုယ်ခန္ဓာကြီးက နာလာလိုက်၊ ကျဉ်လာလိုက်၊ ကိုက်လာလိုက်၊ ခဲလာလိုက်နဲ့ အမြဲ နှိပ်စက်နေတယ်။ နောက်ဆုံးကျ အိုပြီး သေသွားတာပဲ။

ဒါကြောင့် "ခန္ဓသမံ ဘာရံနတ္ထိ"တဲ့ ခန္ဓသမံ၊ ခန္ဓာငါးပါး ရုပ်နာမ်တရားနဲ့ တူသော။ ဘာရံ၊ ဝန်ထုပ်ဝန်ပိုးသည်။ နတ္ထိ။ မရှိရိုးကောန် မှန်လှပါပေသတည်း။

သာဓု....သာဓု....သာဓု။

ဒီတော့ သံသရာ ခရီးသွားတွေဟာ ပေါ့ပေါ့လေး သွားကြတာ မဟုတ်ဘူး။ အလွန် လေးတဲ့ ဝန်ထုပ်ဝန်ပိုးကြီး ထမ်းသွားနေကြတာ။ အမူမဲ့ အမှတ်မဲ့ နေကြလို့သာ လေးမှန်းမသိကြတာ။ အိုတဲ့အခါ နာတဲ့အခါကျကြတော့ သိလာကြဘယ်။ ဘာပြုလို့လဲဆိုလျှင် ကိုယ်ခန္ဓာကို "မမ" မသယ်ယူနိုင်လို့ ထူကြရတယ်၊ တွဲကြရတယ်၊ မှန်တယ် မဟုတ်လား စဉ်းစားကြည့်ကြ။

သတ္တဝါတွေဟာ လူ့ဘုံ နတ်ဘုံ ဗြဟ္မာ့ဘုံ အပါယ်လေးဘုံရယ်လို့ သုံးဆယ့်တစ်ဘုံသာ ပြောင်းနေကြတယ်။ ခန္ဓာငါးပါးတည်း ဟူသော ဝန်ထုပ်ကြီးကိုပေါ့ ယ်ဘုံမှာ ဘယ်အဖြစ်နဲ့ ပြောင်းပြောင်း ဝန်ထုပ်ကြီးကိုတော့ ထမ်းလျက်ပါပဲ။ ကုလိချင်း အတူတူပါပဲ၊ သယ်ယူနေကြရတာ ပါပဲ။

ရှာရင်း ဖွေရင်း ထမ်းရင်း ပိုးရင်းနဲ့ ဝန်ထုပ်ကြီး လေးပြီး သေဘေးနဲ့ တွေ့နေကြရတာပဲ။ ဝန်ထမ်းနေကြရတဲ့ ဒုက္ခသည်တွေ ချည်းပါပဲ။ ဒါပေမယ့် ဝန်ထုပ် အသိုးအပုပ်ကို ကဘိုးရုပ်ထင်ပြီး ခင်မင်နေကြဘယ်၊ တွယ်တာနေကြတယ်၊ နှစ်သက်နေကြတယ်၊အဲဒါဟာ သေချာစွာ မသိကြလို့ ဖြစ်တယ်။

တကယ် ဝန်ထုပ်ကြီးမှန်း သိတဲ့ ဘုရား ရဟန္တာတွေကျတော့ ဝန်ထုပ်အဆိုးအယုတ်ကို အသုံးအပုပ်လို့ သိကြသဖြင့် ခန္ဓာငါးပါး ဝန်ထုပ်ကြီးကို ချသွားကြပြီးလျှင် ခန္ဓာငါးပါး ပြတ်တဲ့ နိဗ္ဗာန်ဓာတ်သို့ ဝင်သွားကြတယ်။

ဝင်သွားကြတော့ အလွန်လေးတဲ့ အိုဘေး၊ နာဘေး၊ သေဘေးလဲ မရှိကြတော့ဘူး။ လွတ်သွားကြပြီ၊ ကျွတ်သွားကြပြီ၊ ဒီဝန်ထုပ်ကြီးအတွက် ရှာကြံရတဲ့ တာဝန်လဲ မရှိတော့ဘူး။ ပြုပြင်ရတဲ့ ဒုက္ခလဲ မရှိတော့ဘူး။ ထမ်းနေလျှင်ပင်ပန်းမှန်း သိကြတာကိုး။

ဒါကြောင့် ''ဘုရားဒါနံ၊ ကိုယ်ဟု သမုတ် နာမ်ရုပ် ဆိုတဲ့ ဝန်ထုပ်ကြီးကို အပြီးတိုင်အောင် ကိုင်ဆောင် သယ်ယူနေရခြင်းသည်။ ဒုက္ခများစွာ ဆင်းရဲအောင် ညှဉ်းဆဲတဲ့ ဒုက္ခဓမ္မ မှန်လှပါပေ၏။ ဘုရားနိဗ္ဗာနံ၊ ကိုယ်ဟုသမုတ် နာမ်ရုပ်ဆိုတဲ့ ဝန်ထုပ်ဝန်ပိုးကြီးကို အပြီးတိုင်တိုင် ပစ်ချနိုင်ခြင်းသည်သာလျှင်။ သုခ၊ အသစ်တစ်ခါ မဖြစ်လာ၍ ချမ်းသာအစစ် ကောင်းမှန် ဖြစ်လေတော့သတည်း။

သာဓု....သာဓု....သာဓု။

ကဲ ဆိုကြစမ်း....

''ခန္ဓာနာမ်ရုပ်၊ ဝန်ထုပ်နဲ့တူ။
ခန္ဓာရှင်က၊ ဝန်ထမ်းတဲ့လူ။
ခန္ဓာဖြစ်ရ၊ ဒုက္ခတွေထူ။
ခန္ဓာပြက်၊ မှတ်ကြမြတ်နိဗ္ဗူ။'' ။

ခန္ဓာနာမ်ရုပ်၊ အပုပ်အမှုန်၊
အနိစ္စပဲ၊ မမြဲကောင်။
ဆင်းရဲစေတ္တ၊ ညှဉ်းဆဲသူဖန်၊
စိုးမရ၊ မှတ်ကြအနတ္တာ။"

အမှန်စင်စစ်အားဖြင့် ပြရလျှင် ဤခန္ဓာကိုယ်ကြီးဟာ သတ္တဝါတွေ ထင်နေတဲ့အတိုင်း ငါ သူတစ်ပါး ယောကျ်ား မိန်းမ ပုဂ္ဂိုလ် သတ္တဝါ အကောင်အထည်ရယ်လို့ မရှိပါဘူး၊ ခန္ဓာငါးပါးသာ ရှိပါတယ်၊ ဒီခန္ဓာငါးပါးလဲ မမြဲဘူး၊ ဆင်းရဲတယ် အစိုးမရဘူး။

ခန္ဓာနဲ့ပြောရင် သွားလိုစားလိုလုပ်လိုတာက ဝိညာဏက္ခန္ဓာ၊ သွားတာစားတာ လုပ်တာက ရူပက္ခန္ဓာ၊ ရန်ကုန်သွားမယ်၊ ထမင်းစားမယ်၊ ရောင်းမယ် ဝယ်မယ်၊ အလုပ်လုပ်မယ် ဆိုတာက သညာက္ခန္ဓာ၊ သွားအောင် စားအောင် အလုပ်လုပ်အောင် နှိုးဆော် တိုက်တွန်းတာက သင်္ခါရက္ခန္ဓာ၊ စားတာ သောက်တာ ခံစားတာက ဝေဒနက္ခန္ဓာ ရယ်လို့ ခန္ဓာငါးပါးသာ ရှိပါတယ်။

ဒီတော့ ဘာပဲလုပ်လုပ် လူက လုပ်တာ မဟုတ်ဘူး ခန္ဓာငါးပါးက လုပ်နေတာ ဖြစ်တယ်။

ခန္ဓာငါးပါးကို ဒေသနက္ကမအားဖြင့် ရူပက္ခန္ဓာက စပြီး ဟောခဲ့သော်လည်း လူရယ်လို့ ဖြစ်ပါတဲ့အခါ ဘယ်ခန္ဓာက စပြီးဖြစ်လာသလဲလို့ ဥပ္ပတ္တိက္ကမ ဖြစ်စဉ်အားဖြင့် စဉ်လိုက်မယ် ဆိုရင်....

စေ့ဆော်တိုက်တွန်းတဲ့ သင်္ခါရက္ခန္ဓာ အရင် စဖြစ်လာတယ်၊ သို့နောက် သွားလို စားလို လုပ်လိုတဲ့ ဝိညာဏက္ခန္ဓာ ဖြစ်တယ်၊ ပြီးတော့ သွားတဲ့ စားတဲ့ လုပ်တဲ့ ရူပက္ခန္ဓာ ဖြစ်တယ်၊ သူပြီးလျှင် သာပဲ ညာပဲ မှတ်တဲ့ သညာက္ခန္ဓာဖြစ်တယ်၊ နောက်ဆုံး ခံစားတဲ့ ဝေဒနာက္ခန္ဓာ ဖြစ်တယ်။

ဒါကြောင့် အဝိဇ္ဇာက အမှောင်ချလိုက်တော့ သင်္ခါရက ဟစ်ခုခု လုပ်ဖြစ်အောင် တိုက်တွန်းလာတယ်၊ သူတို့နှစ်မျိုးဟာ သင်္ခါရက္ခန္ဓာချည်းပဲ၊ သူတို့ကစလာတယ်၊ ဒါကို ရည်၍ စေ့ဆော် တိုက်တွန်းမှုကို ကံလို့ ခေါ်တဲ့ အကြောင်း "စေတနာဟံ ဘိက္ခဝေ ကမ္မံဝဒါမိ" လို့ ဟောတော်မူခဲ့တယ်၊ ဘိက္ခဝေ၊ ဆင်းရဲတွင်းမှ လွတ်ကင်းလိုကြသော အိုချစ်သားတို့။ စေတနံ၊ ထိုထိုကိစ္စ အဝဝ၌ ကောင်းကြဆိုးကြ နှစ်မျိုးမျှအောင် နှိုးဆွ သို့ ပေးတဲ့ စေတနာလေးကို။ ကမ္မံ၊ ဘဝများစွာ သံသရာ၌ နှစ်ဖြာယုတ်မြတ် ရောနှောစပ်၍ ချွတ် ဖန်ဖန် ရုပ်နဲ့နာမ်ကို စီမံလေသော လက်သည်ကံတရားဟူ၍။ ဝဒါမိ၊ မုချမသွေ ငါ ဟော မိန့်တော်မူလေသကည်း။

သာဓု...သာဓု...သာဓု။

ခန္ဓာကိုယ်ကြီးဟာ အမိဝမ်းတွင်းက သက်ဆင်းလာတုန်းကလဲ "အူငဲအူငဲ" နဲ့ ငိုပြီး ထွက်လာကြတယ်၊ တစ်ခါ သေပြန်တော့လဲ မသေခင် ဆင်းရဲလွန်းလို့ နာကျင်လွန်းလို့ အမယ်လေး အလိုလေးနဲ့ ငိုကြွေးရပြန်တယ်၊ သေသွား

ပြန်တော့လဲ သေသူတွင်မကဘူး၊ ကျန်တဲ့ သားသမီး ဇနီး လင်သားတွေက ငိုကြွေရပြန်တယ်။

ဒီတော့ ငိုလို့ သေလို့ မဆုံးနိုင်တဲ့ ခန္ဓာကိုယ်ကြီးပဲ အဘယ်မှာ ခင်မင်၍ ကြင်နာဖို့ ကောင်းတဲ့ ခန္ဓာကိုယ်ကြီး လားစဉ်းစားကြည့်ကြ၊ ဒါကြောင့် ဒီခန္ဓာကိုယ်ကြီး ရှိနေသမျှ ဖြစ်နေသမျှ ဒုက္ခပဲဆိုတာ အလွန်ထင်ရှားပါတယ်။

ဒီလိုဆို ခန္ဓာကိုယ်ကြီး မရှိအောင် ဖြစ်မလာအောင် ဘယ်လို လုပ်ရမလဲလို့ မေးစရာရှိတယ်။

ခန္ဓာကိုယ်ကြီးကို စွဲလမ်း ခင်မင်နေတဲ့ သက္ကာယဒိဋ္ဌိကို ခွာရမယ်၊ ထိုသက္ကာယဒိဋ္ဌိကို မခွာနိုင်သေးသမျှ မပယ်နိုင် သေးသမျှ ရှိနေဦးမှာပဲ။ ဖြစ်နေဦးမှာပဲ။

ဒါကြောင့် ကျေးဇူးရှင် မန်လည်ဆရာတော်ဘုရားကြီး က....

"ဒိဋ္ဌိသက္ကာ၊ မကွာသမျှ လူတွင်စကြာ
နတ်မှာသိကြား၊ မိုးဖျာ ပြဟ္မာ၊
ဖြစ်တုံပါလည်း၊ ခန္ဓာပျိုကွဲ၊ ကုသိုလ်စဲက၊
ဖောက်လွှဲပယ်ရှာ၊ ရောက်မြဲသာတည်း" ဟု

မိန့်ဆိုထားပါတယ်။

မိမိခန္ဓာကိုယ်ကြီးကို ငါကောင်ထင်ပြီး မှားသေးအား ဖြင့် စွဲလမ်းယူဆနေသမျှ ကာလပတ်လုံး အထက်တန်း ကျဆုံးဖြစ်တဲ့ လူ့ပြည်မှာ စကြာဝတေးမင်းကြီး၊ နတ်ပြည်

မှာ သိကြားမင်းကြီးဖြစ်ဖွားပြည်မှာ ဗြဟ္မာမင်းကြီးဖြစ်နေ သော်လည်း အချိန်ကျဘော့ အပါယ်ဘဝသို့ ရောက်ကြ ရဦးမှာပဲ။

ပုထုဇဉ်တွေရဲ့ ကိုယ်ပိုင်အိမ်ဟာ အပါယ် လေးဘုံတဲ့ နော် သတိသားကြ၊ "စတ္တာရောအပါယာ သကဂေဟာ သဒိသာ" တဲ့၊ လူပြည်လေး ခဏရောက်လာလို့ အထင် မကြီးကြနဲ့ အပါယ်လေးဘုံဟာ အနီးဆုံး ဖြစ်နေတယ်၊ မရောက်ခင်တော့ မကြောက်ချင်ကြဘူး၊ သိရတဲ့ဘဝလေး က သိကြမှ တော်မယ်။

## ခန္ဓာနှင့်တူသော ရန်သူမရှိ

အပါယ်ကြောက်ရင် လက်ရှိခန္ဓာကိုယ်ကြီးကို မခင် တွယ်နဲ့၊ အိုရတာလဲ သူ့ကြောင့်ပဲ၊ နာရတာလဲ သူ့ ကြောင့်ပဲ၊ သေရတာလဲ သူ့ကြောင့်ပဲ။

ကြိမ်ဖန်များစွာ၊ အိုရတာ ခန္ဓာရှိလို့မှတ်၊
ကြိမ်ဖန်များစွာ၊ နာရတာ၊ ခန္ဓာရှိလို့မှတ်။
ကြိမ်ဖန်များစွာ၊ သေရတာ၊ ခန္ဓာရှိလို့မှတ်။

ဒါကြောင့် မြတ်စွာဘုရားက "ခန္ဓသမံဝေရံနတ္ထိ" ခန္ဓာနှင့်သော ရန်သူ မရှိဘူးလို့ မိန့်တော်မူတာကို မှတ် ရမယ်။

လက်ရှိခန္ဓာလဲမခင်တွယ်နဲ့၊ လက်မဲ့ခန္ဓာလဲမတောင့်တနဲ့ လက်ရှိခန္ဓာကလဲ သမုတိအနေဖြင့်ကြည့်လျှင် သေတဲ့အခါ စုတိစိတ် ကျချုံ့သေးသောက်သွားပါမှာ။ သေပြီး ခန္ဓာ တစ်ခု ဖြစ်ပြန်ရင်လဲ လူ့ဘုံ နတ်ဘုံ ဗြဟ္မာ့ဘုံဆိုတဲ့ ကောင်းရာ သုဂတိရောက်လျှင် ခံသာပါသေးရဲ့။ အပါယ်ကျသွားရင် ကယ်မည့်သူ မရှိတော့ဘူး။ ပြန်တက်ဖို့လဲ မလွယ်တော့ ဘူး။ တကယ် ကြောက်စရာ ကောင်းတယ်နော်။

ဒါဖြင့် သက္ကာယဒိဋ္ဌိကြီး ကွာသွားအောင် ပယ်ရှားနိုင် အောင် ဘယ်လိုလုပ်ရမလဲလို့ မေးစရာရှိတယ်။ ဝိပဿနာ အလုပ်အားထုတ်ကြသူမှ ကယ်မနိုင်တယ်၊ ဘာပြုလို့လဲ ဆိုတော့။

ခန္ဓာကိုယ်ကြီးကို ငါ သူတစ်ပါး ယောက်ျား၊ မိန်းမ အကောင်အထည်ထင်နေတဲ့ အစွဲအလမ်းကြီးကို ဝိပဿနာ ကသာ ဖြေရှင်းနိုင်တယ်။ ဘယ်လို ဖြေရှင်းသလဲဆိုရင် သင်တို့ ထင်နေတဲ့ အကောင်အထည်ဆိုတာ စင်စစ်ကေန် အမှန်အားဖြင့် မရှိပါဘူး၊ ဖြစ်ပျက်နေတဲ့ ရုပ်နာမ်·အစဉ်ပဲ ရှိပါတယ်ဟု ဖြေရှင်းလိုက်နိုင်တယ်။

“ရုပ်နာမ်မြင်လျှင် ဒိဋ္ဌိခင်၊ ပယ်ခွင် လွတ်တော့သည်” တဲ့၊ ဒီတော့ ကောက်ချက်ချလိုက်လျှင် ပုထုဇဉ်တွေဟာ အဘယ်ကြောင့် အပါယ်အကျများသလဲ။ ဒိဋ္ဌိမခင်လို့ဟု ဖြေရလိမ့်မယ်၊ အဘယ်ကြောင့် ဒိဋ္ဌိမခင်ကြသလဲ မေးရင် ရုပ်နာမ်မမြင်လို့၊ အဘယ့်ကြောင့် ရုပ်နာမ် မမြင်ကြသလဲ

မေးရင် ဝိပဿနာ တရား အား မထုတ်ခဲ့ကြ လို့ဟု အကြောင်းအဆင့်ဆင့်နဲ့ ဖြေရတယ်။

အကြောင်းအကျိုးတွေဟာ အဆင့်ဆင့် ဖြစ်နေကြတာပဲ။ အကြောင်းကောင်းလျှင် အကျိုးကောင်းတာပဲ။ အကြောင်း မကောင်းလျှင် အကျိုးလဲ မကောင်းဘူး။ အချို့က ဝက်မွေးလို့ သေဌေးဖြစ်တယ်၊ ကြက်မွေးလို့ သေဌေးဖြစ်တယ်၊ လိမ်လို့ ညာလို့ ပစ္စည်းရတယ်လို့ ထင်နေကြတယ်။ တကယ် မဟုတ်ပါဘူး၊ တကျော့လှည့်စား ထားတာပါ၊ တော်တော်ကြာ ဒုက္ခ ရောက်ကြတာပါပဲ။

"ယာဒိသံ ဝပ္ပတေဗီဇံ တာဒိသံ ဟရတေဖလံ" ဟူ၍ လည်းကောင်း၊ "သဒိသံ ပါကံ ဇနေတိ" ဟူ၍ လည်း ကောင်း ဟောကြားထားတာ ရှိပါတယ်၊ အချိုမျိုးစေ့ စိုက်လျှင် အချို အပင်သာ ပေါက်ပါတယ်၊ အချဉ် မျိုးစေ့စိုက်လျှင် အချဉ်ပင်သာ ပေါက်ပါတယ်၊ ကမ္မနိယမ ရှိပါတယ် အဆိုးအကြောင်းက တစ်မျိုးကောင်း မသွားနိုင်ပါဘူး။

ထို့အပြင် အကြောင်းအကျိုးဟာလဲ ရုပ်နာမ်ပဲ ရှိပါတယ် ကောင်းသော အကြောင်းအကျိုးလဲ ရုပ်နာမ်ပဲ၊ မကောင်းသော အကြောင်းအကျိုးလဲ ရုပ်နာမ်ပဲ၊ အထူး သိဖို့ရန်မှာ ခန္ဓာငါးပါး ဟောထားတာကတော့ နာမ်ကို တွေဝေတဲ့ ပုဂ္ဂိုလ်တွေအတွက် ဟောထားတာ ဖြစ်လို့ ရုပ်တွေကို ပေါင်းစုပြီး ရူပက္ခန္ဓာ တစ်ခုတည်း ဟော ထားတယ်၊ နာမ်ကျတော့ ဝေဒနာရာစု အပေါင်းကို

ဝေဒနက္ခန္ဓာ၊ သညာ အစုအပေါင်းကို သညာက္ခန္ဓာ၊ သင်္ခါရ အစုအပေါင်းကို သင်္ခါရက္ခန္ဓာ၊ ဝိညာဉ် အစုအပေါင်းကို ဝိညာဏက္ခန္ဓာဟူ၍ လေးပါးခွဲပြီး ဟောတယ်လို့ မှတ်။

ဒီတော့ သဘာဝအကြမ်းဖျင်း မှတ်ဖို့ဟာ ထင်ထင်ရှားရှား မြင်ရ ကြားရ နံရ စားရ တွေ့ရ ဖြစ်နေပြီး ဖောက်ပြန်နေတဲ့ သဘောတွေကို ရုပ်လို့မှတ်လိုက် ညွတ်တဲ့ သိတဲ့ တွေးတောတဲ့ စဉ်းစားတဲ့ သဘောတွေကို နာမ်လို့ သိထားဖို့ပါပဲ။

အားလုံးသော အရာဝတ္ထုတွေဟာ အဲဒီရုပ် နာမ် နှစ်ခု တစ်ခုနဲ့တစ်ခုအကြောင်းအကျိုးပြု၍ ထောက်ပံ့နေကြတာချည်းပဲ၊ အကြောင်းကလဲ ကောင်းတာ မကောင်းတာ နှစ်မျိုးရှိတာပဲ၊ အကျိုးကလဲ ကောင်းတာ မကောင်းတာ နှစ်မျိုးရှိဘာပဲ။

ထိုရုပ်နာမ် နှစ်ပါးကို ထင်ရှားအောင် ခန္ဓာငါးပါး ခွဲလိုက်မယ် ဆိုလျှင် "ဖောက်ပြန်ခံစား၊ မှတ်သားပြုစု၊ သိတတ်မှု၊ မှတ်ရှုငါးခန္ဓာ" တဲ့ ဖောက်ပြန်တဲ့၊ အစုကို ရုပက္ခန္ဓာလို့ခေါ်တယ်၊ ခံစားတဲ့အစုကို ဝေဒနက္ခန္ဓာလို့ခေါ်တယ်၊ မှတ်သားတဲ့အစုကို သညာက္ခန္ဓာလို့ခေါ်တယ်၊ စေ့ဆော်ခြင်းပြုတဲ့ သဘောစုကို သင်္ခါရက္ခန္ဓာလို့ ခေါ်တယ်၊ သိတဲ့ သဘောစုကို ဝိညာဏက္ခန္ဓာလို့ ခေါ်တယ်၊ အဲဒီလိုခန္ဓာငါးပါး သဘောတရားကိုလဲ သိထားဖို့ လိုတယ်။

လူတွေဟာ ရုပ်ကိုတော့ ပြုပြင်ကြတယ်၊ နံနက်မိုးလင်းလာလျှင် မျက်နှာသစ်လို့ ခေါင်းဒါလိမ်းလို့ ရေမိုးချိုးလို့ အမျိုးမျိုး ပြုပြင်ကြတယ်၊ နာမ်ကိုတော့ မပြုပြင်ကြဘူး။ နာမ်ပြင်မှ တကယ်ချမ်းသာတာ ရုပ်ပြင်လျှင် "လှလေခက်လေ" ရုပ်ရှင်ထဲကလို ဒုက္ခနဲ့ တွေ့ကြမယ်။

ဘာနဲ့ နာမ်ကို ပြင်ရမလဲလို့ဆိုလျှင် ဒါန သီလ သမထ ဝိပဿနာဆိုတဲ့ ကုသိုလ်ကောင်းမှုနဲ့ ပြင်ရတယ်၊ မလှူချင်တဲ့ မစ္ဆရိယစိတ်ကို လှူချင်တဲ့ စေတနာနဲ့ ပြင်လိုက်၊ သီလမဆောက် တည်ချင်တဲ့ကောသဇ္ဇစိတ်ကို သီလ ဆောက်တည်ချင်တဲ့ ဝီရိယစိတ်နဲ့ပြင်လိုက်၊ သမထ အားမထုတ်ချင်ဆုတ် နစ် တဲ့ ထိန မိဒ္ဓကို အားကောင်းတဲ့ သမာဓိစိတ်နဲ့ပြင်လိုက်။

တစ်ခုခုစိတ်မချမ်းသာစရာဖြစ်လာလို့ ဒေါသဖြစ်လျှင် ငါဒေါသဖြစ်တာမကောင်းဘူးလို့ သတိနဲ့ပြင်လိုက်၊ တစ်ခုခု နှစ်သက်စရာဖြစ်လာလို့ လောဘဖြစ်လာလျှင် ငါလောဘ ဖြစ်တာ မကောင်းဘူးလို့ သတိနဲ့ပြင်လိုက်၊ အမှုမဲ့အမှတ်မဲ့ နေမိ၍ မောဟဖြစ်နေလျှင်လဲ မကောင်းဘူးလို့ သတိသားပြီး ပြင်လိုက်၊ အဲဒါဟာ ဝိပဿနာ တရားနဲ့ ပြင်တာတွေပဲ။

အဲဒီလို နာမ်က ပြုပြင်လို့လွယ်ရက်သားနဲ့မပြင်ကြဘူး၊ မကောင်းတဲ့ နာမ်နောက် ရုပ်ပါပြီး မဟုတ်တာကို လုပ်ချင်ကြတယ်၊ အပြင်ခက်တဲ့ ရုပ်ကိုတော့ပိုက်ဆံ အကုန်ခံပြီး

ပြင်ကြတယ်၊ အပြင်လွယ်ပြီး တကယ်အကျိုးရှိတဲ့ နာမ်ကို
တော့ မပြင်ကြဘူး၊ ပြင်ရမှန်းလဲ သတိမထားကြဘူး။

ဒါကြောင့် ဟံသာဝတီ ကမ္မဋ္ဌာန်း ဆရာတော်ကြီးက–

“နာမ်လိမ္မာမှ ရုပ်သက်သာမည်၊

နာမ်မအေး၊ ရုပ်ခွေး ဖြစ်လိမ့်မည်” ဟု သတိပေး
တော်မူတယ်။

ဒါကြောင့် စိတ်ကို ဒါန သီလ သမထ ဝိပဿနာ
ဆိုတဲ့ ကုသိုလ်တရားတွေနဲ့ဆုံးမရမယ်၊ ဆုံးမလို့ ယဉ်ကျေး
လာလျှင် “မောက္ခန္တိမာရဗန္ဓနာ” ဆိုတဲ့ အတိုင်း ကိလေ
သာ မာရ်မင်း၏ အနှောင်အဖွဲ့ ဖြစ်သော မအိုချင်ဘဲနဲ့အိုရ
မနာချင်ဘဲနဲ့ နာရ၊ မသေ ချင်ဘဲနဲ့ သေရတဲ့ ဘဝတွေ
မှ လွတ်မယ်။

ထိုမှတစ်ပါး“စိတ္တဿဒမထော သာဓု စိတ္တံဒန္တံသုခါဝဟံ
စိတ္တံရက္ခေထမေဓာဝီစိတ္တံဂုတ္တံသုခါဝဟံ” ဆိုတဲ့အတိုင်း
စိတ်ကို ဆုံးမနိုင်လျှင် စိတ်ကို ချောင်ကြို ချောင်ကြား
ရောက်မသွားအောင် စောင့်ရှောက်နိုင်လျှင် လူနတ် နိဗ္ဗာန်
သုံးတန်သော ချမ်းသာကို ခံစားနိုင်အောင် ရွက်ဆောင်
ပါတယ်။

အဘယ်ကြောင့်ဆိုသော် သတ္တဝါတွေဟာ ကုသိုလ်
မဖြစ်ရင် အကုသိုလ် ဖြစ်တာပဲ၊ အကုသိုလ် မဖြစ်ရင်လဲ
ကုသိုလ် ဖြစ်တာပဲ၊ ကုသိုလ်နဲ့ အကုသိုလ်ဟာ ဒွန်တွဲနေ
တယ်။

သူများအသက်ကို သတ်မှ အကုသိုလ်ဖြစ်တယ်၊ သူများ ဥစ္စာခိုးယူမှ အကုသိုလ်ဖြစ်တယ်လို့ မထင်နဲ့၊ မိုးလင်းလာရင် ကောင်းသော အစားအစာလေး စားချင်လိုက်တာလို့ စိတ်ဖြစ်သာလျှင် လောဘတကျော ဖြစ်လာတော့တာပဲ။

ကောင်းဘယ်ထင်ပြီး စားလိုက်လို့ ဆားပေါ့နေမယ်၊ ဆားငန်နေမယ်၊ ပေါ့လိုက်တာ ငန်လိုက်တာဟု စိတ်မချမ်းသာ ဖြစ်သာလျှင် ဒေါသ မာနတွေ ဖြစ်လာတာပဲ၊ အမှုမဲ့ အမှတ်မဲ့ စားနေပြန်လဲ မောဟ ဖြစ်နေတာပဲ။

ချစ်လျှင် လောဘ ဖြစ်တယ်၊ မုန်းလျှင် ဒေါသဖြစ်တယ်၊ အမှုမဲ့ အမှတ်မဲ့ နေလိုက်လျှင် မောဟ ဖြစ်တယ်၊ ဒါဖြင့် ဘယ်သို့ ရှောင်လို့ ရမလဲဆိုလျှင် ကုသိုလ်ဖြစ်အောင် နေလိုက်မှ ရတယ်။

## ဝိပဿနာအလုပ် နေရာအခါ မရွေးဘူး

အကောင်းဖြစ်နေအောင် အမြဲတမ်း အလုပ်လုပ်နေမှ အဆိုးမဖြစ်ဘာ၊ အကောင်းမလုပ်လျှင် အဆိုး ဖြစ်တာပဲ၊ ဒီတော့ အကောင်းချည်း ဖြစ်အောင်ဟာ အလုပ်လုပ်နေရတယ်။

အလုပ်လုပ်နေရတယ်ဆိုပေမယ့် ရှိယေသနဒုက္ခ စားဖို့ သောက်ဖို့ ဝတ်ဖို့ အလုပ်တွေ ပစ်ပြီး တရားအားထုတ်ချည်းနေရမယ်လို့ ဆိုတာ မဟုတ်ပါဘူး၊ ထမင်းချက်ရင်း

တရားရသွားတာ၊ လယ်ထွန်ရင်း တရားရသွားတာတွေ အများကြီး ရှိပါတယ်၊ ဝိပဿနာဆိုတာ အလုပ်မရွေးရဘူး၊ နေရာမရွေးရဘူး၊ အခါမရွေးရဘူး။

ဒီလို ကိုယ့်အလုပ်တွေ လုပ်ရင်းနဲ့ တရားရသွားတာတွေ အများကြီး ရှိပါတယ်၊ သတိတရား လက်ကိုင်ထားပြီး တရားနှလုံးသွင်းတတ်ကြဖို့သာ အရေးကြီးပါတယ်၊ ကောင်းတဲ့အကြောင်းတရားတွေ လုပ်လိုက်တော့ ကောင်းတဲ့ အကျိုးတရားတွေဟာ မလာပါနဲ့ဆိုလို့ မရပါဘူး၊ သူ့အကြောင်း ရှိက သူ့အကျိုးဟာ အလိုလို ဖြစ်ပေါ်လာပါတယ်။

ဒီလိုအကြောင်းကောင်း အကျိုးကောင်းနဲ့ ပတ်သက်လို့ တစ်ဆင့်စကား ကြားဖူးတဲ့ အဖြစ်အပျက်လေး တင်ပြပါမယ်။

ရှေးမြန်မာဘုရင်များ အုပ်စိုးစဉ်က သာသနာတွင် အလွန်ထင်ရှားတဲ့ စာတတ်အကျော် ဆရာတော် ဦးဗုဒ်ဆိုတာ ရှိဘယ်၊ ဘကြီးတော် ဖန်နန်းရှင်နှင့် ကြင်ရာတော် နန်းမတော်ကြီး မယ်နုတို့ လက်ထက် ဖြစ်ပါတယ်။

ဆရာတော် ဦးဗုဒ်ဟာ စာကြည့်တဲ့နေရာမှာ သူများနဲ့ မတူအောင် ထူးခြား၍ လုံ့လဝီရိယ ကြီးမားတော်မူတယ်၊ သူ စာကြည့်ရင်း ခါးညောင်းလို့ ဟိုရွှေ့ သည်ရွှေ့ ရွှေ့တဲ့ ကျောင်းတိုင်ကြီးဟာ ပွန်းပဲ့ပြီး ချိုင့် ဝင်နေ တယ်လို့ တောင် ပြောကြတယ်။

တစ်နေ့မှာ သူ့ကျောင်းလှေကားရင်းတွင် သူတောင်းစား တစ်ယောက်က ဆရာတော်ကြီးအား စာချပြီး သာသနာပြုနေတာ သိတော့ အလွန်တရာ ကြည်ညိုရှိ ဆရာတော်ကြီးအား ရှိခိုးပြီးလျှင် သီချင်းလေးတစ်ပုဒ် ဆရာတော်ကြီး ကြားလောက်အောင် ဆိုပြတယ်။

ဘယ်သီချင်းလဲဆိုတော့ "ရှေးကကောင်းလို့ ခုကောင်းတယ်၊ ခုကောင်းလျှင် နောင်လဲကောင်းလိမ့်မယ်" လို့ ဆိုလိုက်တယ်၊ ဒီတော့ ဆရာတော်ကြီးက မိမိ ကိုင်နေသော ပေထုပ်ကြီးကို ချပြီး တုံးကလေး တီးလိုက်တယ်။

ကျောင်းသားကလေးတစ်ယောက် တုံးသံ ကြား၍ ပေါက်လာတော့ သူတောင်းစားအား ဆန်တစ်ပြည်ပေးလိုက်ပါ၊ သူ ငါ့သာပြီး တရားဟောတယ်။ ယခု အကြောင်းကောင်းအောင် စာချပြီး ကုသိုလ်လုပ်နေတာဟာ ဘဝသံသရာ အကျိုးလဲကောင်းပါလိမ့်မယ်လို့ ပြောနေတာ ဟောနေတာလို့ ဆိုလိုက်တယ်။

စာဘတ်ပညာရှိ ပုဂ္ဂိုလ်ကြီး ဖြစ်တော့ သီချင်းဆိုတာဘောင် တရားဖြစ်အောင်ကြည့်ပြီး ယူဘတ်တယ်။ ဒါကြောင့် ဒီချင်းလေးဟာ သာမန်သီချင်း လက်ာလေးမမှတ်နဲ့ တရားရစေနိုင်ဘဲ့ အသွန်မှ အနှစ်သာရနဲ့ပြည့်စုံတဲ့ သီချင်းလေးဖြစ်ဘယ်၊ ဆိုသိုက်တဲ့ အဆိုတော်သူတောင်းစားကတော့ ဘယ်လောက် အနှစ်သာရနဲ့ ပြည့်စုံတယ် မပြည့်စုံဘူးဆိုတာ

သိမသိတော့ မပြောတတ်ဘူး ပညာရှိကြီး နားမှာတော့ တရားရသွားတယ်။

ဒီစကားကို ဗျတိရေ တစ်နည်းအားဖြင့် ပြန်ကြည့်လိုက်မယ်ဆိုရင်လဲ "ရှေးကမကောင်းလို့ ခုမကောင်းတယ်။ ခုမကောင်းလျှင် နောင်လဲမကောင်းဘူးကွယ်" တဲ့ အဓိပ္ပာယ်ထွက်လာပြန်တယ်။

ဒါကြောင့် ယခု မကောင်းဖြစ်နေကြတဲ့ ပုဂ္ဂိုလ်တွေ မြင်ကြတယ်မဟုတ်လား။ မျက်စိကန်းနေကြတဲ့ သူတွေ၊ နားပင်းနေကြတဲ့သူတွေ၊ အဆွံ့နေကြတဲ့သူတွေ၊ နူနေကြတဲ့သူတွေ၊ ငတ်ပြတ်နေကြတဲ့သူတွေ။ ဒီလူတွေဟာ ရှေးက မကောင်းခဲ့လို့ ယခုမကောင်းဖြစ်နေကြတာပေါ့။ တကယ်ကြောက်စရာကောင်းတယ်နော်။ မိမိမဖြစ်သေးလို့ မဖြစ်နိုင်ပါဘူး ထင်နေကြတာ။ နောက်ဘဝမဟုတ်ဘူး ဒီဘဝတောင် ဖြစ်နိုင်တယ်။

အဲဒီလို အကြောင်းအကျိုး သိတာဟာ ပစ္စယပရိဂ္ဂဟဉာဏ်ပဲ။ ဉာဏ်န ကမ္မဿကတာ သမ္မာဒိဋ္ဌိဉာဏ်လို့လဲ ခေါ်တယ်။ ပဋိစ္စသမုပ္ပါဒ်အကြောင်းအကျိုးဆက်နေတယ် ဆိုတာလဲ ဒါပဲ။

ဗုဒ္ဓဘာသာရဲ့ အယူဝါဒဟာ ဒီအယူသိမှ ဗုဒ္ဓဘာသာ အစစ်ဖြစ်တယ်။ သာမန်ကာ လျှံကာကြည့်လျှင် ဒီဘဝမောင်ဖြူ မောင်မဲဟာ ဟိုဘဝကျတော့ နတ်သားဖြစ်သွားတယ်။ ရုပ်ကြီးကသာ နောင်ဘဝမလိုက်တာ ဝိညာဉ်ခေါ်တဲ့ နာမ်

ကလေးက နောက်ဘဝ ပါသွားတယ်။ လိုက်တယ်လို့ ယူတာ ဗုဒ္ဓဘာသာရဲ့အယူလို့ ထင်မှတ်တယ်။

ဘုရားလက်ထက်ကလဲ ရဟန်းတစ်ပါး ဒီအယူကိုယူလို့ ဘုရားကဲ့ရဲ့တော်မူတယ်။ နောက်ဘဝသို့ ရုပ်လဲမလိုက်ပါဘူး၊ ဝိညာဉ်ဆိုတဲ့ နာမ်လဲ မလိုက်ပါဘူး။ အကြောင်းအကျိုးဆက်သာတာ ရှိပါတယ်။ ဒီဘဝအကြောင်းနဲ့ ကင်း၍လည်း နောက်ဘဝဖြစ်လာတာမဟုတ်ဘူးလို့ မှတ်ရတယ်။

ဥပမာအားဖြင့်ပြရလျှင် ယခုကာလ လူစင်စစ်နဲ့ ဓာတ်ပုံကားလို့ မှတ်ရမယ်။ လူလဲ ဓာတ်ပုံမဟုတ်ဘူး။ ဓာတ်ပုံလဲ လူမဟုတ်ဘူး။ လူနဲ့ကင်း၍လဲ ဓာတ်ပုံဖြစ်မလာဘူး။ လူ့ကြောင့် ဓာတ်ပုံဖြစ်လာတာ။ အဲဒီလိုယူမှ ဗုဒ္ဓဘာသာဘုရားရဲ့ အယူဝါဒ အစစ်ဖြစ်တယ်။

အမှန်စင်စစ်ကတော့ ရုပ်ကြောင့်နာမ်ဖြစ် နာမ်ကြောင့်ရုပ်ဖြစ်နာမ်ကြောင့် ရုပ်နာမ်ဖြစ် နာမ်ကြောင့် နာမ်ဖြစ်ပညတ် နာမ်ရုပ်ကြောင့် နာမ် ရုပ်တွေ ဖြစ်နေကြတာပါပဲ။ လူရယ် နတ်ရယ် ဗြဟ္မာရယ် အပါယ်လေးဘုံသားရယ်လို့ အကောင်အထည် မရှိကြပါဘူး။

ယခုလို ဗုဒ္ဓသာသနာတော်ကြီး ထွန်းလင်း၍ အမှန်အကန် သိနိုင်တဲ့ လူ့ဘဝကြီး ရလာတဲ့အခါ အမှန်အကန်သိအောင်ဟာ လုပ်သင့် လုပ်ထိုက်ကြတယ်။ တစ်ဘဝဖြစ်သလဲ အမှုမဲ့ အမှတ်မဲ့၊ တစ်ဘဝဖြစ်လာလဲ အမှုမဲ့အမှတ်မဲ့နဲ့ နေလာလိုက်ကြတာဟာ အမှုမဲ့ အမှတ်မဲ့ဘဝက လက်စ မသတ်ခဲ့ကြဘူး။

အမှန်အကန် သိအောင် လုပ်နိုင်တဲ့ ဘဝကို ရလာပါလျက် မသိတဲ့ အတိုင်း နေလိုက်ကြမယ်ဆိုလျှင် ဘယ်တော့မှ မသိဘဲ မသိဆိုးရွားဖြစ်ပြီး အပါယ်ကျသွားနိုင်တယ်။

ပကတိ မျက်မြင်နဲ့ တကယ်အသိ ဉာဏ်မြင်ဟာ အတော် ကွာတယ်နော်။ မျက်မြင်က လူတစ်ယောက် ကြည့်လိုက်လို့ ယောက်ျားဖြစ်လျှင် ယောက်ျား၊ မိန်းမ ဖြစ်လျှင် မိန်းမလို့ မြင်တယ်။ ဉာဏ်အမြင်နဲ့ ကြည့်လိုက်လျှင် ယောက်ျားပဲ ဖြစ်စေ၊ မိန်းမပဲ ဖြစ်စေ ယောက်ျား မိန်းမလို့ မမြင်ဘူး။ ရုပ်နာမ် နှစ်ပါး ဖြစ်ပျက်နေတာပဲလို့ မြင်တယ်၊ ဘယ်လောက် ကွာခြားသလဲ စဉ်းစားကြည့်။

ဥပမာအားဖြင့် ပကတိမျက်မြင်က အသက်ငါးနှစ် ခြောက်နှစ် ကလေး အရွယ်မှာ ရုပ်သေးထဲက အရုပ်တစ်ခုက အရုပ်တစ်ခုကို ရိုက်နှက်တဲ့ အခန်းတွင် ရိုက်တဲ့ အရုပ်ကရိုက်၊ ငိုတဲ့အရုပ်က ငိုလိုက်တဲ့အခါ တကယ်ရိုက်လို့ တကယ် နာပြီးငိုတယ် ထင်သလို ထင်နေတယ်။

အသက် အရွယ် ကြီးပြင်းလာတဲ့အခါ အမှန်သိပြီး ဇာတ်ထုပ်အရ သဏ္ဍာန်လုပ် သရုပ်နဲ့တူအောင် လုပ်နေကြတာပါ၊ လူအစစ်မဟုတ်ပါဘူး အရုပ်တွေပဲလို့ သိသလို ဉာဏ်အမြင်က အမှန်ကို သိတယ်။

အဲဒီလို ပုဂ္ဂိုလ် သတ္တဝါ အကောင်အထည် မထင်အောင် ဝိပဿနာ မှန်ပြောင်းနဲ့ ကြည့်ရတယ်၊ ဝိပဿနာ မှန်ပြောင်းဆိုတာ အဖိုး အများကြီး ပေးပြီးဝယ်ရတာ

မဘုတ်ပါဘူး၊ တစ်ပြားတစ်ချပ်မှ မကုန်ရပါဘူး၊ သဒ္ဒါမှုဓာဘုဠ္ဌမာနာလို့ ပရိတ်ကြီးမှာ ဟောထားတာပဲ။

ဝိပဿနာဆိုတာ စိတ်ကို ဆုံးမရတာပါပဲ၊ ဆုံးမရတယ်ဆိုပေမယ့်ကြိမ်တံဖျားနဲ့ရိုက်ပြီး ဆုံးမဖို့မလိုပါဘူး၊အထည်ကိုယ် ဒြပ် သဏ္ဌာန် မရှိလို့ ရိုက်လို့လဲ မရပါဘူး၊ သီလသမာဓိ ပညာဆိုတဲ့ ဝိပဿနာ ကျင့်စဉ်တရားနဲ့ ဆုံးမရတယ်။

ဘယ်လို ဆုံးမရသလဲ ဆိုတော့ ခန္ဓာကိုယ်ကြီးမှာ အခေါက်ခြောက်ခေါက် ရှိတယ်၊မျက်စိပေါက် နားပေါက် နှာခေါင်းပေါက် ပါးစပ်ပေါက် ကိုယ်ပေါက် စိတ်ပေါက်လို့ ရှိတယ်။

ထိုခြောက်ပေါက်တို့တွင် နောက်ဆုံး စိတ်ပေါက်က စောင့်ပြီး ဖမ်းရတယ်၊ ဘာကြိုးနဲ့ ဖမ်းရသလဲဆိုတော့ သတိကြိုးနဲ့ ဖမ်းရတယ်၊ သတိကြိုးနဲ့ ဖမ်းပြီး သမာဓိတိုင်မှာ ချည်ရတယ်၊ ပညာကြိမ်နဲ့ ရိုက်ပေးရတယ်၊ဒီတော့ အမှားဆင်နေတဲ့ စိတ်လေးဟာ ယဉ်ကျေးပြီး အမှန်ကို ပြေးဝင်၍ သိလာတယ်။

ဒါဖြင့် ကျန်တဲ့ ငါးပေါက်က စောင့်ပြီး ဖမ်းလို့ မရဘူးလားဟု မေးစရာ ရှိပါတယ်။ အဖမ်း တတ်ပျှင်တော့ ဖမ်းသပ်ကြည့်ပါ၊ ရပါတယ်။

ဘယ်သို အဖမ်းတတ်ရမလဲ ဆိုလျှင် မျက်စိပေါက်က ဖျတ်ခနဲ မြင်လျှင် ''မြင်-သိ-ပျက်''လို့ ရှုမှတ်လိုက်၊ နားပေါက်က ဆတ်ခနဲ ကြားလိုက်လျှင် ''ကြား-သိ-ပျက်''

လို့ ရှုမှတ်လိုက်၊ ထိုနည်းအတူ နံ့သိပျက် စားသိပျက် တွေ့သိပျက် ကြံသိပျက်လို့ ရှုမှတ်လိုက်။

အဲဒီလို ရှုမှတ်ဖန်များတော့ စိတ်ကလေးဟာ ဘယ်လို ယဉ်ကျေးပြီး သိလာသလဲဆိုတော့ အရှုမှတ်ခံအာရုံနဲ့ ရှုမှတ်နေတဲ့ စိတ်ကလေးသာ ရှိပါကလား၊ ငါသူ တစ်ပါး ယောကျ်ား မိန်းမရယ်လို့ ပုဂ္ဂိုလ် သတ္တဝါ အကောင် အထည် မရှိပါကလားလို့လဲ သိလာမယ်။

အရှုမှတ်ခံအာရုံက ရုပ်၊ ရှုမှတ်နေတာက နာမ်လို့လဲ နာမ် ရုပ် ကွဲသွားမယ်။ သူ့အကြောင်းရှိလို့ သူ့အကျိုး တရားတွေ ဖြစ်နေတာပဲဟု အကြောင်းကိုလဲ သိလာမယ်၊ အရှုမှတ်ခံ အာရုံတရားနဲ့ ရှုမှတ်နေတဲ့ နာမ်တရားဟာ အမြဲ မရှိ ဆင်းရဲဘိ၏ အနှစ်သာရ ဘာမျှမရှိဟုလဲ သိလာမယ်၊ ဘာပြုလို့လဲ ဆိုတော့ ဖြစ်ပျက်ကို မြင်လာတာကိုး။

ဒီလို မြင်လာ သိလာတော့ မြဲတယ်ထင်တဲ့ သဿတဒိဋ္ဌိ ပြုတ်သွားတယ်တဲ့၊ ဥစ္ဆေဒဒိဋ္ဌိတွေ ကွာသွားတာပဲ။ ကွာသွားတယ် ဆိုပေမယ့် ပုထုဇဉ်တွေ ဖြစ်နေကြတော့ ခဏ တဒင်္ဂအနေနဲ့သာ ကွာတာ အမြဲ မကွာသေးဘူး၊ အမြဲ ကွာအောင်ပဲ စွဲသာလုပ် လက်မဆုတ်နဲ့ ဆက်သာလုပ်၊ အကျိုး မယုတ်အောင် တိုးသာလုပ်၊ ရန်မလာအောင် အဖန်ဖန်အခါခါလုပ်၊ မကြာမီ အမှန်တရား "ဘွားခနဲ" ပေါ်လာပါလိမ့်မယ်။

## အကြောင်းကောင်းမှ အကျိုးကောင်းမယ်

ဒီလို မြင် သိ ပျက် စသည့် မရှုလျှင် စိတ်ဆိုတာ အကုသိုလ်၌သာ သဘာဝအားဖြင့် ပျော်မွေ့ တတ်သဖြင့် ကောင်းတာမြင်လျှင် လောဘစိတ်၊ မကောင်းတာမြင်လျှင် ဒေါသစိတ်၊ အမှုမဲ့ အမှတ်မဲ့ နေလိုက်လျှင် မောဟစိတ်တွေဟာ ဝင်လာပြီး ရိုင်းသွားမယ်။

“ငါးကြင်းဆီနဲ့ ငါးကြင်းကြော်” ဆိုသလို နာမ်တရားကို နာမ်တရားနဲ့သာ ဆုံးမရတယ်၊ ဒီလိုမှ မဆုံးမလျှင် လှတာ ချောတာလေး မြင်လျှင် “မြင်သိပျက်” မဖြစ်ဘဲ “မြင်သိချစ်” ဖြစ်သွားလျှင် တဏှာ လောဘဖြစ်ပြီး ပြိတ္တာဘုံရောက်တတ်တယ်။

မမြင်ချင်တာ မလိုသားတာ မြင်ပြန်လျှင်လဲ “မြင် သိ မုန်း” ဖြစ်ပြီး ငရဲဘုံသို့ ရောက်တတ်တယ်၊ မြင်ချင်တာ မမြင်ချင်တာ မြင်ရပြန်လျှင်လဲ၊ အမှုမဲ့ အမှတ်မဲ့ နေမိလို့ “မြင် သိ မချစ် မမုန်း” ကြီးဖြစ်ပြီးမောဟဖြစ်ကာတိရစ္ဆာန်ဘုံ သို့ ရောက်သွားတတ်တယ်။

ဒါကြောင့် စိတ်ကို ဝိပဿနာပညာဖြင့် ဆုံးမရမယ်လို့ ဆိုခဲ့တာ၊ စိတ်ဆိုတာ အကြိုအကြား မလိုလားအပ်သော အကုသိုလ်တရား၌သာ မွေ့လျော် တတ်တယ်။ ဘာပြုလို့ လဲဆိုတော့ အစမထင် သံသရာတစ်ခွင်က စ၍ ယနေ့ကျအောင် ကာမဂုဏ် တရားတွေနဲ့သာ ပျော်ပါးလာခဲ့တော့ အသုံ ဝါသနာက ပါလာတာကိုး။

စိတ်ကိုပစ်ထားလျှင် အဆိုး ဖြစ်သွားတာ များတယ်၊ အကောင်းဖြစ်အောင် ခဏခဏ ဆုံးမပေးရတယ်၊ သဒ္ဓါ သတိ ဟိရိ ဩတ္တပ္ပ အလောဘ အဒေါသ အမောဟ စသော ကောင်းတဲ့ တရားတွေနဲ့ ပေါင်းရတယ်။

ဒါကြောင့် ဆရာမြတ်တို့က—

“အကြောင်းကောင်းလို့ အကျိုးကောင်းတယ်။

အကျိုးကောင်းလျှင် တိုးကောင်းပါလိမ့်မယ်”ဟု မိန့် ဆိုကြပါတယ်။

လူတစ်ယောက်လျှင် တစ်နေ့ ကုန်သွားတဲ့အခါ ညအိပ် ရာဝင်မှာ တွေးကြည့်ကြစမ်း၊ မကောင်းတာက များကြ တယ်နော်၊ မကောင်းတာဆိုတာ သူများအသက်ကို သတ် မှ မကောင်းတာ မဟုတ်ဘူး၊ သူများရဲ့ ဥစ္စာကို ခိုးယူမှ မကောင်းတာ မဟုတ်ဘူး။

ကိုယ် နေ့တိုင်းစားနေတဲ့ အစားလေး ကောင်းလိုက် တာလို့ ဖြစ်လာလျှင် လောဘ ဝင်လာတာပဲ၊ မကောင်း ဘူး ဖြစ်လာလျှင် ဒေါသ ဝင်လာတာပဲ၊ အမှုမဲ့ အမှတ်မဲ့ နေလိုက်လျှင် မောဟ ဝင်လာတာပဲ။

ကိုယ်ဝတ်တဲ့ အဝတ်ကလေး အဆင်ပြေလိုက်တာလို့ ဖြစ်လာလျှင် လောဘ ဝင်လာတာပဲ၊ အဆင်မပြေဘူး ထင် သွားလျှင် ဒေါသဝင်လာတာပဲ၊ အမှုမဲ့ အမှတ်မဲ့ နေလိုက် လျှင်လဲ မောဟက ဝင်လာတာပဲ။

ငါနေတဲ့ အိမ်လေး ငါ့အိမ်လေး သာယာ လှပလိုက်တာလို့ ထင်လျှင်လဲ လောဘ ဝင်လာတာပဲ၊

ဒါ့အိမ်တစ်နေရာကပျက်စီးနေပါကလားလို့စိတ်မကောင်း ဖြစ်သွားလျှင်လဲ ဒေါသ ဝင်လာတာပဲ၊ အမှုမဲ့အမှတ်မဲ့နေ လိုက်လျှင်လဲ မောဟက ဝင်လာပြန်တာပဲ၊ ''ဆူးပင်ကြား သီးတဲ့ဗူးသီး''လို ဘယ်အခါမှ မသက်သာပါဘူး၊ ဒါ ကြောင့် မကောင်းတဲ့ အကုသိုလ်က အဖြစ်များတယ်လို့ ဆိုတာ၊ အကုသိုလ် အဖြစ်များလို့ ပုထုဇဉ်တို့ နေရာဟာ အပါယ် လေးဘုံသို့ ဆိုတာပဲ၊ ဒါ့ကြောင့် ဘုရားရှင်ကိုယ် တော်မြတ်ကြီးက—

''ဗာလာနံ ထာဝရော ပါယော၊ မောက္ခာဒီရောန ထာဝရော။
ဇင်္ဂမာ သေသဌာနာနိ၊ အတိထိ တတ္ထာဝါသိတာ''

လို့ မိန့်တော်မူပါတယ်။

ဗာလာနံ၊ အကုသိုလ်အမိုက်တရား လိုက်စားကြသော အန္ဓခေါ်ဆို ပုထုဇဉ် ပုဂ္ဂိုလ်တို့၏။ ထာဝရော၊ အမြဲမကွာ စွဲကာ နေရသောအရပ်ကား။ အပါယော၊ သုခကင်းကွာ အပါယ် လေးဘုံသာတည်း။ ဓီရာနံ၊ ဖြစ်ပျက်အစဉ်တရား ယာဉ်ကို အစဉ်သိပြား ပညာရှိများတို့၏။ ထာဝရော၊ အမြဲမကွာ စွဲကာနေရသော အရပ်ကား။ မောက္ခော၊ ဒုက္ခ လွတ်ရာ နိဗ္ဗာန်သာလျှင်တည်း။ သေသ ဌာနာနိ၊ အပါယ်နှင့် နိဗ္ဗာန် ကြွင်းကျန်ဖုံဖုံ နှစ်ဆယ့်ခုနစ်ဘုံတို့ကား။ ဇင်္ဂမာ၊ ခေတ္တခဏ အခွင့်ရ၍ အသင့်ဖြစ်လာကြသော ဇင်္ဂမ နေရာ

တို့ပင်တည်း။ တသွာ၊ အဘယ့်ကြောင့်နည်း ဟူမူကား။ တတ္ထ၊ ထိုနှစ်ဆယ့် ခုနစ်ဘုံတို့၌။ ဝါသိတာ၊ လာရှိကာနေကြသော ပုဂ္ဂိုလ်တို့ကား။ အတိထိ၊ ကုသိုလ်ကံ အခွင့်ရခိုက်မို့ အသင့် လိုက်လာကြသော. အမြဲမနေ ဧည့်သည်တွေ ဖြစ်သောကြောင့်ပေတည်း။

သာဓု…သာဓု…သာဓု။

ကဲ–ကဲ၊ ဒီဒေသနာတော်ကို ထောက်ဆပြီး ကြည့်ကြလျှင် လူ့ပြည်ဟာ ပုထုဇဉ်တို့ နေရာ မဟုတ်ဘူးတဲ့၊ ဒီလိုဆိုတော့ ကျွန်ုပ်တို့တစ်တွေ လူဖြစ်လာကြတာ ဧည့်သည်တွေ ပါတကား၊ ဧည့်သည်ချင်း ရန်ဖြစ်နေကြဖို့ လိုသေးသလား၊ တစ်ယောက်ကောင်းစား တစ်ယောက် မနာလိုစိတ် ထားကြဖို့လိုသေးသလား၊ စဉ်းစားကြည့်ကြနော်၊ မှန်လဲ မှန်တယ်၊ အဓိပ္ပာယ်လဲ အလွန်ကျယ်ဝန်းတယ်။ အနှစ်သာရလဲ တကယ်ရှိတဲ့ တရားရစရာ ဂါထာလေး ပါပဲ။

## မဟာကပ္ပိန ဘုရင်ကြီး ဝတ္ထု

ဒါကြောင့် ပုထုဇဉ် ဘဝနဲ့ နေရခြင်းဟာ အလွန်တရာ ကြောက်စရာ ကောင်းတယ်၊ အပေါ်မြောက်ပစ်လိုက်တဲ့ အုတ်ခဲလုံးပမာ ကျချင်ရာ ကျသွားမယ်၊ များသောအား ဖြင့် အပါယ်ကျမှာက များဘယ်။

ယခုအခါ လူ့ဘုံမှာ အသည်အပတ် ညွှတ်သည်အဖြစ် ကပ်ပြီး ရောက်လာတဲ့ အခိုက်၊ သာသနာတော်ကြီးနဲ့လဲ ကြုံကြိုက်နေသဖြင့် အပါယ်သို့ မကျအောင် အနည်းဆုံး စူဠသောတာပန်လောက်တော့ တကယ် တရားအားထုတ် မယ်ဆိုလျှင် ရောက်နိုင်ကြပါတယ်။

တချို့ တိုင်းပြည် အုပ်ချုပ် မင်းလုပ်ပြီး ကာမဂုဏ် အသီးသီးတို့ကို လိုသလောက်ခံစားပြီး နေနိုင်တဲ့ ပုဂ္ဂိုလ် ကြီးများတောင် လက်ရှိ ရပြီးဖြစ်တဲ့ စည်းစိမ်ချမ်းသာ အဖြာဖြာတို့ကို စွန့်လွှတ်၍ တရားဘက်သို့ စိတ်လက်ကိုယ် ပါ အဆင်းရဲ အချိုးမျိုးခံ၍ နိဗ္ဗာန်ကို ဦးတည်ချက်ဖြင့် ဆောင်ရွက်သွားတဲ့ ပုဂ္ဂိုလ်တွေလဲ ရှိကြပါတယ်။



သက်သေသာဓက ပြရမယ်ဆိုလျှင်–

ကျွန်ုပ်တို့ ဘုရားရှင် လက်ထက်က ကုက္ကုဋဝတီပြည်ကြီးကို စည်ထီးနှင့် တကွ အစိုးရတဲ့ မဟာကပ္ပိန ဘုရင်ကြီး တစ်ပါးရှိတယ်၊ ထိုဘုရင်ကြီးမှာ ရှေးရှေးဘဝက စပြီး ပါရမီကူညီဖက်ဖြစ်တဲ့ အနောဇာမည်သော မိဖုရားကြီး ရှိတယ်။

ထိုမိဖုရားကြီး၏ အဆင်းမှာ ရွှေကဲ့သို့ ဝါဝင်းပြီး အနောဇာမည်သောပန်းအဆင်းနဲ့တူသည့်အတွက် အနောဇာလို့ အမည်တွင်လျက် ရှိတယ်၊ ပညာဉာဏ်အဆင်အခြင်နဲ့ ဉာဏ်အမြော်အမြင်ကြီးမား၍ သဒ္ဓါတရားလဲ အလွန်ကောင်းတဲ့ မိန်းမမြတ်တစ်ယောက် ဖြစ်တယ်။

မဟာကပ္ပိန ဘုရင်ကြီးကလဲ ရှေးရှေးဘဝက ပဒုမုတ္တရ ဘုရားရှင် လက်ထက်မှာ ဒါန သီလ ဘာဝနာ ကုသိုလ်ကောင်းမှုတို့ကိုပဲ ခိုင်မြဲသော သဒ္ဓါတရားဖြင့် မကြာမကြာ ပွားများ အားထုတ်ခဲ့တယ်။

ထို့ပြင် တစ်ခုသော ဘဝတွင် မိမိချစ်ဇနီးနှင့် တကွ ပစ္စေကဗုဒ္ဓါ အပါးတစ်ထောင်ကို ပစ္စည်းလေးပါး မရှားအောင် ဆွမ်း သင်္ကန်း ကျောင်း ဆေး လိုလေသေး မရှိရန် သုံးတန်သော စေတနာ ပြဋ္ဌာန်းပြီး လှူဒါန်းခဲ့တယ်။

ထို့နောက် ဤကမ္ဘာမှာ ကဿပဘုရားရှင် ပွင့်တော်မူလာသောအခါ ဒါန သီလ ဘာဝနာမှု ကုသိုလ် အစုစုတို့ကိုလည်း တစ်ခုပြီး တစ်ခု မပြတ်ရအောင် အထပ်ထပ် ပြုလာခဲ့တယ်။

ကျွန်ုပ်တို့ မြက်စွာဘုရား ပွင့်ထွန်းကား၍ လာသော အခါကျတော့ ဘုရားရှိရာ အရပ်နဲ့ ယူဇနာ နှစ်ထောင် လောက် ဝေးကွာနေသဖြင့် ဘုရားပွင့်မှန်း မသိရှာဘူး။ မသိပေမယ့် အထုံ ပါရမီ ပါလာတော့ သူ့မျော ဘုရား ဆာနေရှာတယ်။

တစ်နေ့သ၌ကျတော့ ဘုရားနဲ့ မတွေ့ရလျှင် သေရ တော့မလောက် အဖြစ်သို့ ရောက်သဖြင့် သူနဲ့ ပါရမီဖြည့်ဖက် အမတ်တစ်ထောင်ထဲက ဇွဲကောင်းတဲ့ အမတ် လေး ယောက်ကို ရွေးကောက်ပြီး ထိုထိုမြို့ရွာ ပြည်နယ် အသွယ် သွယ်သို့ လှည့်လည်ပြီးဘုရား ရှာကြရန် အတန်တန် တောင်း ပန် တိုက်တွန်း၍ လွှတ်လိုက်တယ်။

အမတ်ကြီး လေးယောက်လဲ သူတို့ စွမ်းသလောက် အခေါက်ခေါက် အခါခါ လှည့်လည် ရှာပါသော်လဲ ယူဇနာ သုံးရာလောက်သာ ရောက်နိုင်ကြသဖြင့် မှိုင်ကျ ကာ ဘုရားရှာမတွေ့ကြဘူး။

ဘုရား၏သတင်းကို အလျင်း အစအနမှ ရှာမရကြောင်း ပြန်ပြောင်း လျှောက်ထားသောအခါ အစာအဟာရမှာ မသုံးဆောင် နိုင်လောက်အောင် ဆာလောင် ပူဆွေးလှုက် စိတ်မအေး မချမ်းသာ ဖြစ်နေရှာပါတယ်။

တစ်နေ့ တွေ့နိုးနိုး တွေ့နိုးနိုးနဲ့ မျှော်ကိုးပြီး ရှာသော် လဲ အချိန်သာ ကုန်၍ တွေ့ပုံမပေါ်ဘဲ အတော်လဲ စိတ် ညစ်လျက် အိပ်စက်တောင် မပျော်ရှာဘူး။ ဥယျာဉ်တော်

သို့ ထွက်ထွက်ပြီး အကြိမ်ကြိမ် ရှာပါသော်လဲ ဘာမှ အကြောင်းမထူး ဖြစ်နေရှာပါတယ်။

တစ်နေ့တွင် သာဝတ္ထိပြည်သား ကုန်သည်များထံမှ ဘုရားဟူသော အသံ ကြားရသဖြင့် နားဝမှာ ချိုမြိန်၍ အသိုလို အရှိန်ကြည်အိဘဲ့ ပီတိသည် ဆီထည့်သည့် ဂွမ်းပသာလို အလွန်ဘာရာ စိတ်ချမ်းသာပြီး တစ်ခဏတည်းနဲ့ မေ့သွားရှာတယ်။

ထိုအခါကျမှ ဘုရားပွင့်တာ ဟုတ်သလား၊ မှန်သလား ဟု ထပ်ကာထပ်ကာ မေးစစ်ကြောသဖြင့် "ဗုဒ္ဓေါ-ဒေဝ-ဥပ္ပန္နော" မင်းတရားကြီး ဘုရားပွင့်ပါပြီဘု တစ်ခါပြော တစ်ခါမေ့ လေးကြိမ်မေ့မှ သတိရ၍ ဗုဒ္ဓပွင့်မှန်း ကောန်အခုန်သိရလေတော့သည်။

သိလျှင် သိချင်းဘဏ္ဍာအိမ်တွင်းမှ ငွေတစ်သိန်း ရင်း၍ ကုန်သည်များအား အပ်နှင်း ဆုချတော်မူလေသည်။ ထို နည်းအတူ တရားအတွက် ငွေတစ်သိန်း၊ သံဃာအတွက် ငွေတစ်သိန်း၊ စုစုပေါင်း ငွေသုံးသိန်းကို အထိန်း အစောင့် အရောက်နှင့်တကွ အပ်နှင်း၍ ချက်ချင်းပင် ဤစာကို ပြ၍ မိဖုရားကြီးထံမှလည်း ငွေသုံးသိန်း ထုတ်ချေဟု မိန့် ဆိုလေသည်။

မင်းကြီးက မိဖုရားကြီးအား ပေးလိုက်တဲ့စာကတော့ ချစ်သူ့စွာသော မိဖုရားကြီး သင်သည်သာလျှင် ဤ ကုက္ကုဓဝတီ တိုင်းပြည်ကြီးကို စိုးပိုင်သောအစိုးရအဖြစ် မကြောက်မဆုတ် စိုးမိုးအုပ်ချုပ်၍ အလိုရှိသလို မင်းစည်း

စိမ်ကို ခံစားရစ်ပေတော့၊ ငါတော့ မင်းအဖြင်ကို စွန့်လွှတ်လိုက်ပြီ။

မင်းကြီးကော ဘယ်သွားမလို့လဲမေးလျှင် ငါ ရှာနေသော ဘုရားတွေ့ပြီ၊ တို့ဘုရားရှိရာ သာဝတ္ထိပြည်သို့ မရောက်ရောက်အောင် သွား၍ ဘုရားထံ ရဟန်းပြုရန် သွားပြီလို့ မိန့်ဆိုလိုက်တဲ့စာပါပဲ။

ထိုစာကိုပေးပြီး မကြာသေးမီ မိမိနှင့် ပါရမီဖြည့်ဖက် ဖြစ်ကြတဲ့ အမတ်တစ်ထောင်ကိုခေါ်ပြီး မေးမြန်းတော့ အမတ်တွေကလဲ အရှင်မင်းကြီးနဲ့အတူတူ လိုက်ပါလိုကြောင်း သံတော်ဦးတင်ကြသဖြင့် အသီးသီးကိုယ်စီကိုယ်ငှ မြင်းတွေ စီးကြ၍ ဘုရားထံ အမြန်သွားကြတယ်။

မင်းကြီးမှာ ပါရမီဓာတ်ခံက ရင့်သန်တော့ ထီးနန်းကို သုသာန်အလားကဲ့သို့ စိတ်ထား၍ ကာမဂုဏ်တရားကိုလဲ စွန့်ပစ်သွားသော မစင်ပုပ်ပမာ စက်ဆုပ်ရှာတော်မူတယ်။

မြတ်စွာဘုရားကလဲ ဗုဒ္ဓစက္ခုဖြင့် ကြည့်ရှုတော်မူသော အခါ မဟာကပ္ပိနမင်းကြီးသည် အမတ်တစ်ထောင်နှင့်တကွ အကျွတ်တရားရသွားမည်ကို သိသဖြင့် မဟာကပ္ပိနမင်းကြီး ကုန်သည်တို့နှင့် မတွေ့ခင် တစ်နေ့လောက်ကပင် ကြိုတင်၍ စီစဉ်ကာ ယူဇနာ နှစ်ထောင်နီးပါး ကွာခြားသော စန္ဒဘာဂမြစ်၏ အနီးအပါး ပညောင်ပင် အနားမှာ ခြောက်ပါးသော ရောင်ခြည်တော် တို့ကို အတော်ဝေးကွာသော အရပ်ကပင်မြင်နိုင်အောင် အရောင်

ခြောက်ခိုင် အပြိုင်ပြိုင် အဆိုင်ဆိုင် ထွက်စေလျက် စံနေတော်မူတယ်။

မဟာကပ္ပိနမင်းကြီးသည် အမတ်တစ်ထောင် ခြံရံကာ ထွက်လာသည့်အခါ အပရာဇ္ဇမြစ်သို့ ရောက်သဖြင့် သောကြီး မျက်နှည်း အမှောင်ထဲတွင် တံတားလဲမရှိ လှေဖောင်လဲ မသားသဖြင့် ''ဣတိပိသော ဘဂဝါ အရဟံ''စသော ဘုရားဂုဏ်တော်များကို ရွတ်ပွား၍ အကြောက်တရားနောက်သားလျက် ကူးသွားကြသည်ရှိသော် (သိန္ဓဝါပိဋ္ဌိပါသာသောဘာဝိယပက္ခန္ဒိသု'' သိန္ဓောမြင်းတို့သည် ကျောက်ဖျာခင်း၍ သွားခြင်းကဲ့သို့ တစ်ခဏဘည်းဖြင့် တစ်ဘက်ကမ်းခရီးသို့ တက်လှမ်းပြီး သွားနိုင်ကြပါတယ်၊ နက်စွာသော ရေဇလာတို့သည် မြင်းခွာမျှသာ စွတ်စိုကြပါတယ်။

ထိုနောက်တစ်ဖန် ဆက်လက်၍ သွားပြန်ကြသည်ရှိသော် နီလဝါဟိနီမြစ်သို့ ရောက်ကြပြန်တယ်၊ ထိုမြစ်သို့ ရောက်ဘဲ့အခါလည်း''သွာက္ခါတော ဘဂဝတော ဓမ္မော'' စသော တရားဂုဏ်တော်များကို ရွတ်ပွား၍ သွားကြတယ်။ မြင်းခွာဖျားမှသာ ရေစိုကြပါတယ်။

ထိုနောက် တစ်ဖန် ဆက်သွား ကြပြန်သည် ရှိသော် စန္ဒဘာဂမြစ်သို့ ရောက်ကြပြန်တယ်။ ထိုမြစ်သို့ ရောက်သောအခါမှာလဲ 'သုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော'' စသော သံဃာ့ဂုဏ်တော်များကို ရွတ်ပွား၍ သွားကြတယ်၊ ထိုမြစ်ကို ကူးသွားရာမှာလဲ မြင်းခွာဖျားမှ ရေစိုကြပါတယ်။

ထိုမြစ်ကမ်းသို့ တက်လှမ်း၍ အနည်းငယ်သွားလိုက်လျှင် ပဒေသာပင်အောက်နား၌ ခြောက်ပါးသော ရောင်ခြည်တော်တို့ဖြင့် အဆိုင်ဆိုင် အပြိုင်ပြိုင် ထွက်ကြွ၍ တောက်ပသော အရောင်တွေ တပြောင်ပြောင် တင့်တယ်လျက် သပ္ပာယ်စွာ ထိုင်နေတော်မူသော ဗုဒ္ဓမြတ်စွာကို ဖူးမြင်ကြရသဖြင့် မြင်းပေါ်မှ သက်ဆင်း၍ ချက်ချင်းပင် လက်အုပ်ချီမိုး ရှိခိုးကန်တော့ကြတယ်။

ထိုအခါ ဗုဒ္ဓမြတ်စွာက တရားမေမြွ ဟောပြောပြသသဖြင့် အမတ်တစ်ထောင်နှင့်တကွ မဟာကပ္ပိန မင်းကြီးသည် အမတ်တွေနဲ့တစ်ကွ သောတာပတ္တိဖိုလ်၌ တည်ကြ၍ ရဟန်းအဖြစ်ကို တောင်းပန်သဖြင့်ဗုဒ္ဓမြတ်စွာက လက်ယာလက်တော်ကို ဆန့်တန်းလျက် “ဧထဘိက္ခဝေါ စရထ ဗြဟ္မစရိယံ” ချစ်သားရဟန်းတို့ လာကြကုန်လော့၊ မြတ်သောအကျင့်ကို ကျင့်ကြပါလော့ ဟူသောစကားကို မိန့်ကြားတော်မူလိုက်သည်နှင့် တစ်ပြိုင်နက် ခြေား၊ ပရိက္ခရာရှစ်ပါးတို့ကို လွယ်လျက် ဝါခြောက်ဆယ် ရပြီးသော မထေရ်ကြီးများကဲ့သို့ ဣန္ဒြေသိက္ခာ တင့်တယ် စွာဖြင့် အာကာနဘံ ကောင်းကင်ယံသို့ ပျံတက်ပြီး ဗုဒ္ဓမြတ်စွာ၏ အနီး၌ ရှိခိုးပြီး ထိုင်နေကြပါသတည်း။

မဟာကပ္ပိန မင်းကြီး၏ ကြင်ရာဒေဝီ အနောဇာ မဟေသီသည်လည်း ကုန်သည်များထံမှ ပေးလိုက်သော စာတမန်ကို ရပြန်သဖြင့် သုံးတန်သော ရတနာတို့၏ သတင်းကို ကြားလျှင် ကြားချင်း ကြက်သီးမွေးညင်းထ

ကာ ဝမ်းသာအားရ၍ ဝါသနာဘာဂီ ပါရမီအလျောက် ပီတိတွေ လွှမ်းမောက်ပြီး သုံးကြိမ်တိုင်တိုင် သတိမေ့ သွားရှာတယ်။

သေးကြိမ်မြောက်မှ သတိရ၍ လစန္ဒာအရောင် သန်းသော ကြာပန်းကဲ့သို့ ချမ်းမြေ့သာယာ ဝမ်းမြောက်စွာဖြင့် လာရောက်အကြောင်းကြားသော ကုန်သည်တို့အား ရတနာ သုံးပါးတွင် တစ်ပါးလျှင် သုံးသိန်း၊ မင်းကြီးအတွက် သုံးသိန်း ပေါင်း အသပြာ တစ်ဆယ့်နှစ်သိန်းတို့ကို ကုန်သည်တို့အား ပေးသနား ချီးမြှင့်တော်မူတယ်။

ဤသို့ သဒ္ဓါတရားပေါက်၍ ဝမ်းမြောက်စွာ ချီးမြှောက်တော်မူပြီးနောက် မင်းကြီးနှင့် အတူတကွ လိုက်ပါသွားကြသော အမတ်တို့၏ ဇနီးတော်တို့ကို အနီးခေါ်၍ တိုင်ပင်တော်မူပြီးလျှင် "ရောင်သွားရာ ဆံထုံးပါ" ဆိုသလို လှည်းကိုယ်စီနဲ့ ဘုရင်အမတ်တို့ သွားရာလမ်းခရီးအတိုင်း မဆိုင်းမကြာ ဗုဒ္ဓမြတ်စွာ ရှိရာသို့ လိုက်ကြပြန်လေသည်။

ထိုသို့ လိုက်ကြသောအခါ ဘုရင်ကြီးနှင့် အမတ်တို့ သွားသည့်အတိုင်း မြစ်သုံးတန် ကာရံထားသဖြင့် ဘုရားဂုဏ်တော်၊ တရားဂုဏ်တော်၊ သံဃာ့ဂုဏ်တော်တို့ကို ရွတ်ပွား၍ ကူးသွားကြပြန်ပါတယ်။

ဗုဒ္ဓမြတ်စွာ သီတင်းသုံးရာ အနီးအပါးသို့ ရောက်သောအခါ အနောဇာဒေဝီ မဟေသီတို့ ရောက်မည်ကို သိတော်မူသဖြင့် ဗုဒ္ဓမြတ်စွာသည် မဟာကပ္ပိန မထေရ်နှင့်တကွ အမတ် ဘစ်ဆောင်တို့ကို မမြင်အောင် ဓိဋ္ဌာန်တော်မူတယ်။

အနော်ဇာဒေဝီ မဟေသီစသော အမတ်ကတော်တို့သည် ဘုရားထံရောက်လျှင် မိမိတို့၏ အရှင် လင်ယောက်ျားတို့ကို မြင်ရုံးနိုး မျှော်ကိုး၍ လာကြရာ ခြောက်ဖြာသော ရောင်ခြည်တော်ကြီးဖြင့် ရှမ်းမြင်းအောင် တောက်ပြောင် တင့်တယ် သပ္ပါယ်တော်မူသော ဗုဒ္ဓမြတ်စွာ တစ်ပါးတည်းသာ မြင်ရတော့ ဘဝင်မကျရှာကြဘူး။ ထိုအခါ နွမ်းနယ်လျလျ ပင်ပန်းလှသဖြင့် ငိုတော့မည့် ဟန်အထာဖြင့် မြတ်စွာဘုရားအား ဤသို့ နားတော်လျှောက်၏။

ဘုန်းတော်ကြီးသော မြတ်စွာဘုရား၊ မဟာကပ္ပိနမင်းကြီးသည် အရှင်ဘုရားထံ သွားမည်ဟု ပြောကြားပြီး သွားကြရာ ယခုအခါ အဘယ်မှာ ရှိပါသနည်းဟု ဝမ်းနည်းသော အနေဖြင့် လျှောက်ထားလေ၏။

"ချစ်သမီးတို့ အနည်းငယ် ခဏနေကြဦး။ ဒီနေရာမှာပင် တွေ့မြင်နိုင်ပါတယ်" ဟု မိန့်တော်မူပြီးနောက် မဟာကပ္ပိန အမျူးရှိသော ရဟန်းတို့ပါ ခေါ်တော်မူ၍-

ချစ်သား....ချစ်သမီးတို့၊ ကာမဂုဏ်ငါးပါး အာရုံတရားတို့ မည်သည်ကား....

"အဋ္ဌိကင်္ခလူပမာ ကာမာ၊ ဗဟုဒုက္ခာ ဗဟုပါယာသာတွေဘိဒ္ဒယျာ အာဒိနဝေါ" နွားသတ်သမားသည် နွားများကို သတ်သောအခါ အသားခွာတင်လျက်ရှိသော အရိုးဆက် အရိုးစုနဲ့ တူကြတယ်။ သံလျက်ဖျားမှာ

သီးနေသောပျားရည်နဲ့ တူကြတယ်။ ဆင်းရဲဒုက္ခ ဝိုင်းနေကြတယ်၊ ရှာရ၊ ဖွေရ၊ ကြံစည်ရ၊ လုပ်ကိုင်ရလို့ ပြင်းစွာပူပန်ကြရတယ်၊ ကာမဂုဏ်ငါးပါး၌ အပြစ်တွေက ညစ်ပေဆိုးရွား များပြားကြတယ်။

ဥပမာအားဖြင့် ပြရလျှင် ခွေးပိန်ငတ်တစ်ကောင်သည် ကျွဲနွားတစ်ကောင်၏ အသားကို ဖျက်ယူသွားပြီး အရိုးမျှသာ ကျန်ရစ်ခဲ့ရာတွင် အညှီခောက်ပါသဖြင့် အကောင်းထင်ကာ ကိုက်ချီသွားပြီးလျှင် တစ်ခုသောနေရာတွင် ချထား၍ အားရပါးရ ကိုက်စားသောအခါ အသားမရှိ၍ မဝသော်လဲ ဝလိမ့်နိုး နိုးအထင်မျိုး။ မိမိ သွားရည် တပေပေဖြင့် မနားမနေ ကိုက်စားလေတော့၏။

ထိုအခါ အာခေါင်းလာ၍ နားနေလိုက်၊ အာနာ ညောင်းပြေတော့ ပြန်ကိုက်လိုက်။ မစားချင်က အသာထားလိုက်၊ စားချင်ပြန်တော့ ပြန်စားလိုက်နဲ့ အရိုးစုနားမှာ မခွဲမခွာနိုင်ဘဲ နေ့ရှိသမျှ၊ လရှိသမျှ၊ နှစ်ရှိသမျှ ခဏခဏ ကိုက်စားနေသည်ရှိသော် အတန်ကြာတော့ အားပြတ်ပြီး မအားမလပ် မနားမရပ်ဘဲ သေပွဲဝင်သကဲ့သို့ ကာမဂုဏ်အာရုံတရားတွေလဲ ထိုနည်းအတူပဲ။

အစမသင် သံသရာတစ်ခွင်ကစ၍ ယနေ့ကျအောင် အညှီခောက်ကို အဘည်မှတ်ပြီး လိုက်စား၊ ကိုက်စားလာခဲ့ကြတာ ဘစ်နေ့လဲအစမသတ်၊တစ်လလဲ အစမသတ် တစ်နှစ်လဲ အစမသတ်၊ တစ်ဘဝလုံး အစမသတ် ဘဝအသင်္ချေ အနန္တ

အစမသတ်နဲ့ လာခဲ့ကြတယ်။ နောင်လဲ လိုက်စားနေလျှင် ဘယ်အခါမှ အစသတ်မည် မဟုတ်ကြဘူး။ ဒါကြောင့် ဒီတရားတွေကိုဖြတ်၍ အစသတ်ကြလော့ဟု သတိပေးပြီး သစ္စာလေးပါးတို့ကို မိန့်ကြားတော်မူပါတယ်။

(၁) အကြောင်းတရားဖြစ်တဲ့ နာမ်ရုပ်ကြောင့် အကျိုးတရားဖြစ်တဲ့ နာမ်ရုပ်တွေဟာ ဒုက္ခသစ္စာလို့ ခေါ်တယ်။

(၂) အကျိုးတရားဖြစ်တဲ့ ကာမဂုဏ်ငါးပါး အာရုံတရားတွေကို ခင်မင်တွယ်တာသော တဏှာသည် ဆင်းရဲသော ဒုက္ခသစ္စာ၏ အကြောင်း သမုဒယ သစ္စာလို့ခေါ်တယ်။

(၃) ထိုတရားတွေကို အနိစ္စ-ဒုက္ခ-အနတ္တ အားဖြင့် ပွားများ အားထုတ် ပြုလုပ်သော အကျင့်ကောင်းသည် ဒုက္ခချုပ်ကြောင်း မဂ္ဂသစ္စာလို့ ခေါ်တယ်။

(၄) ရုပ်နာမ်မဖြစ်ရာအမှန် မြတ် နိဗ္ဗာန်သည်ဆင်းရဲ ချုပ်ရာကောန်ဖြစ်သော နိရောဓ သစ္စာလို့ ခေါ်တယ်ဟု ဟောတော်မူပါတယ်။

ဤတရား၏ အဆုံး၌ အနော်ဇာဒေဝီ အမျိုးရှိသော အမတ်ကတော် တစ်ထောင်က သောတာပန် အဖြစ်သို့ ရောက်ကြပါတယ်။ မဟာကပ္ပိနအမျိုးရှိသော တစ်ထောင်

သော မထေရ်တို့ကတော့ အာသဝေါ ကုန်ခန်း၍ ပဋိသမ္ဘိဒါပတ္တ ရဟန္တာများ အဖြစ်သို့ ရောက်ကြပါတယ်။

ဤသို့ တရားနာ တရားစာကို ကြားသိရတဲ့ အတွက် ချီးကျူးသောအားဖြင့် ဝမ်းမြောက် ဝမ်းသာ သာဓု သုံးကြိမ် ခေါ်နိုင်ကြပါစေ။

သာဓု....သာဓု....သာဓု။

ခန္ဓာကိုယ် ရုပ်နာမ်တွေ နိဗ္ဗာန်မွေ့ တရားတော်ပြီး၏။

# ကံသာပဓာန နိဗ္ဗာန်ရ တရားတော်

ကမ္မာဝိပါကာ ဝတ္တန္တိ၊ ဝိပါကော ကမ္မသမ္ဘဝေါ၊
ကမ္မာပုနဗ္ဘဝေါ ဟောတိ ဧဝံ လောကော ပဝတ္တတိ။

ကမ္မာ၊ ကောင်းဆိုးနှစ်တန် ကုသိုလ်ကံ အကုသိုလ်ကံ နှစ်ပါးကြောင့်။ ဝိပါကာ၊ အကျိုးတရားတို့သည်။ ဝတ္တန္တိ၊ တိုးပွားဖြစ်ပေါ်၍ လာကြကုန်၏။ ဝိပါကော၊ အကျိုးတရား အမျိုးမျိုး အစားစား သည်လည်း။ ကမ္မသမ္ဘဝေါ၊ ဘယ်ဘုရားမှ ဖန်ဆင်းထားသည်မဟုတ် ပြုလုပ်ခဲ့သော ကံ အကြောင်းခံ၍သာ ဖြစ်ပေါ်၍ လာ၏။ ကမ္မာ၊ ပြုမှု အတိတ်အကြောင်း နိမိတ်ကြောင့်။ ပုနဗ္ဘဝေါ၊ တစ်ဖန် တစ်ခေါက် ဘဝသစ်သို့ အစစ်အမှန် ဖြစ်ပြန်ရခြင်းသည်။ ဟောတိ မုချမှ သွ ဖြစ်ရလေ၏။ ဧဝံ၊ ဤသို့။ လောကော၊ အစမဆုံး လောကကြီး တစ်ခုလုံးသည်။ ပဝတ္တတိ၊ မပြတ် မနားရဟတ်ချားပမာ လှည့်လည်သွားလာကာ ဖြစ်နေ လေတော့သတည်း။

သာဓု…သာဓု…သာဓု။

အစမထင် အဆုံးမမြင်တဲ့ လောကကြီး တစ်ခုလုံးတွင် ဖြစ်လာကြသော သတ္တဝါတွေဟာ ဘယ်ပြဟ္မာ ဘယ်ဘုရားမှ ဖန်ဆင်းထားတာ မဟုတ်ဘူး။ မိမိတို့ ပြုလုပ်ခဲ့သော အကြောင်းကံကြောင့် ကောင်းတဲ့အခါ ကောင်း၊ မကောင်းတဲ့အခါ မကောင်း ကပြောင်းကပြန် အဖန်ဖန် အထပ်ထပ် မချပ်မနား ဖြစ်ပွားနေကြရတာ ဖြစ်တယ်။

လူ့ဘုံ နတ်ဘုံ ပြဟ္မာ့ဘုံတွေမှာ လူ နတ် ပြဟ္မာ ဖြစ်လာတဲ့အခါ သခ်ာနယ်အနေနဲ့ပြောရင် ကောင်းတဲ့အခါလို့ ဆိုရတယ်၊ ထိုလူတွေ နတ်တွေ ပြဟ္မာတွေမှာလဲ မိမိတို့ အလိုဆန္ဒ ပြည့်ဝတဲ့အခါသာ ကောင်းတယ်လို့ ဆိုရတယ်။

လူဖြစ်ပြီး ငတ်ပြတ်နေမယ်၊ အနာရောဂါ ဖြစ်ပွားနေမယ်၊ ဆွေမျိုးညာတကာ ပစ္စည်းဥစ္စာ ပျက်စီးလို့ သောကမီးတွေ တောက်လောင်နေမယ် ဆိုလျှင်လဲ ကောင်းတဲ့အခါလို့ မဆိုနိုင်ဘူး၊ ထို့အတူ နတ်တွေ ပြဟ္မာတွေမှာလဲ အလိုဆန္ဒ မပြည့်ဝတဲ့အခါလို့ မဆိုနိုင်ဘူး။

အဲဒီလို မကောင်းတဲ့ အကျိုးတရားတွေဟာ ဘယ်ပြဟ္မာ ဘယ်ဘုရားမှ ဖန်ဆင်းထားတာ မဟုတ်ဘူး၊ မိမိလုပ်ခဲ့သော အကြောင်းကံသာ ပဓာန ဖြစ်တယ်။

အပါယ်လေးပါးသို့ ကျသွားတဲ့ သတ္တဝါတွေမှာတော့ ဘုံကိုက မကောင်းတဲ့ဘုံဖြစ်နေတော့ ကောင်းတဲ့အခါဟာ အလွန် နည်းပါးတယ်။

ကောင်းတဲ့ လူ့ဘုံ၊ နတ်ဘုံ၊ ဗြဟ္မာဘုံသို့ ရောက်သွားအောင် လူတွေ နတ်တွေ ဗြဟ္မာတွေက လာခေါ်သလား၊ မခေါ်ပါဘူး၊ ကောင်းတဲ့ကံက ပို့လိုက်တာပါပဲ။

မကောင်းတဲ့ အပါယ်လေးဘုံကို ရောက်အောင်လဲ ငရဲသားတွေ၊ ခွေးတွေ၊ နွားတွေ၊ ပြိတ္တာတွေ၊ အသူရကာယ်တွေကလာခေါ်သလား၊ မခေါ်ပါဘူး၊ မကောင်းတဲ့ကံက ပို့လိုက်တာပါပဲ။

ယခု လူရယ်သို့ ဖြစ်လာတဲ့ လူတွေမှာလဲ ထောင်ကျအောင် ထောင်ထဲက လူတွေက လာခေါ်သသား၊ လေယာဉ်ပျံပျက်သေအောင် သင်္ဘောနစ်သေအောင် ရထားမှောက် ကားမှောက် သေအောင် လာခေါ်သလား မခေါ်ပါဘူး။ မကောင်းတဲ့ကံက ပို့လိုက်တာပါပဲ။

ဒါကြောင့် ''ကမ္မာ၊ ကောင်းဆိုး နှစ်တန် ကုသိုလ်ကံ အကုသိုလ်ကံ နှစ်ပါးကြောင့်။ ဝိပါကာ၊ ကောင်းကျိုး မကောင်းကျိုး နှစ်မျိုး နှစ်စား အကျိုးတရားတို့သည်။ ဝတ္တန္တိ၊ တိုးပွားဖြစ်ပေါ်၍ လာကြကုန်၏'' လို့ဆိုပါတယ်။

သို့ဖြစ်၍ ဗုဒ္ဓဘာသာမှာ ကံကို ယုံကြည်တဲ့ ကမ္မဿကတာ ဒိဋ္ဌိဉာဏ်ရှိဖို့ အရေးကြီးတယ်။ ဒီဉာဏ်တွင် မကဘူး သစ္စာနုလောမိကဉာဏ် ရှိဖို့လဲ လိုတယ်။ သစ္စာနုလောမိကဉာဏ် ဆိုတာကတော့ သစ္စာလေးပါးကို ပိုင်းခြားသိတဲ့ မဂ်ဉာဏ် ဖိုလ်ဉာဏ်နှင့် သင့်လျော်သော ဉာဏ် ဖြစ်ပေါ်လာတာကို ဆိုဘယ်၊ အဲဒီဉာဏ်ကတော့ ဝိပဿနာတရားအားထုတ်ကြည့်မှ ပေါ်တယ်။

ကမ္ဘာပေါ်မှာ သိပ္ပံပညာနဲ့ အစမ်းသပ် အစစ်ဆေး ခံနိုင်တာဟာ ဗုဒ္ဓဘာသာပဲ ရှိတယ်လို့ သိပ္ပံပညာရှင်ကြီး များက ပြောကြတယ်၊ ဝန်ခံကြတယ်။

သတ္တဝါတွေမှာ ကောင်းတဲ့ အကျိုး၊ မကောင်းတဲ့ အကျိုး နှစ်မျိုးနှစ်စား ဖြစ်နေတာဟာ ဘုရားကဟောလို့ ဘုရားက လုပ်လို့ ဖြစ်နေတာ မဟုတ်ပါဘူး။ ဘုရားက ညွှန်ပြရုံသာ တတ်နိုင်တယ်။ ဖန်ဆင်းလို့မရဘူး။ ဖန်ဆင်း လို့သာ ရရင် အပါယ်ဘုံ အပါယ်သားတွေ ရယ်လို့ ဘယ်မှာ ရှိတော့မလဲ။ လူဘုံ၊ နတ်ဘုံ၊ ဗြဟ္မာ့ဘုံတွေမှာ နေတဲ့ လူတွေ နတ်တွေ ဗြဟ္မာတွေမှာလဲ ဘယ်မှာ ဆင်းရဲ ဒုက္ခ ရှိနေတော့မလဲ။ ကရုဏာကြီးမားတော်မူတဲ့အတွက် အကုန်လုံး ချမ်းသာအောင် ဖန်ဆင်းထားလိုက်မှာပေါ့။ ဒါကြောင့် ဝိပါကော၊ ကောင်းကျိုးဆိုးကျိုး အမျိုးမျိုး အစားစား အကျိုးတရားများသည်လည်း။ ကမ္မသတ္တဝေါ၊ ဘယ် ဘုရားမှ ဖန်ဆင်းသားသည်မဟုတ်၊ ပြုလုပ်သော ကံအကြောင်းခံရှိသော ဖြစ်ပေါ်လာ၏လို့ ဆိုပါတယ်။

ဘုရားဟာ ရဟန်း ဦးစိုးသိန်း တရားဟောသလို အပျို လေးတွေကျတော့ စိတ်အကြံမြောက်တယ် နိဗ္ဗာန်ခေါ်မယ်၊ အမယ်အိုကြီးကျတော့ ကွမ်းတိုင်းဖော်မယ် သချိုင်းခေါ် မယ်လို့ မရှိပါဘူး။

ဘယ်သူမဆို ဘာသာမရွေး၊ လူမျိုးမရွေး၊ အယုတ် အမြတ်မရွေး၊ အကြီးအငယ်မရွေး၊ သူ့အလိုကျ အမြိုက်

ဆေးကို သောက်မယ်ဆိုလျှင် နိဗ္ဗာန်ရောက်မယ်၊ မသောက်လျှင် အပါယ်ရောက်မယ်လို့ ညွှန်ပြရုံသာ တတ်နိုင်ပါတယ်။

ကိုယ့်ကိုယ်ကို ကိုယ်တိုင်ကသာ ကယ်တင်ရှင် လုပ်ကြရမှာ ဖြစ်ပါတယ်။

တချို့ ပုဂ္ဂိုလ်တွေဟာ သူတစ်ပါးကိုတော့ အကျိုးရှိအောင် ကောင်းရာသုဂတိ ရောက်အောင် ဟောကြ ပြောကြပါတယ်၊ သူကိုယ်တိုင်ကတော့ မလုပ်ချင်ကြဘူး။

ထိုသူတွေဟာ သူတစ်ပါးအတွက်တော့ တိုးကွယ်ရာ ဖြစ်ပါတယ်၊ ကိုယ့်ကိုယ်တိုင် ကို ကွယ်ရာ မဖြစ်ဘူး၊ မြတ်စွာဘုရားက ဓမ္မပဒပါဠိတော်မှာ "အတ္တဒတ္ထံ ပရတ္ထေန နဟာပယေ" တဲ့ မိမိ အကျိုး စီးပွားကို သူတစ်ပါး အကျိုးစီးပွားဖြင့် မယုတ်လျော့စေရဘူး ဆိုပါတယ်။

မြတ်စွာဘုရား ကိုယ်တိုင်လဲ ဗုဒ္ဓတ္ထစရိယ ပြုပြီးမှ သူတစ်ပါး အကျိုးစီးပွားဖြစ်တဲ့ ဉာတတ္ထစရိယ လောကတ္ထစရိယတို့ကို ကျင့်ကြံတော်မူပါတယ်။

အရေးအကြီးဆုံးက စေတနာနဲ့ သဒ္ဓါတရား ထားတတ်ဖို့ အရေးကြီးပါတယ်၊ ကိုယ့်အတွက်ဖြစ်စေ၊ သူတစ်ပါးအတွက် ဖြစ်စေ၊ စေတနာမှန်ဖို့ လိုပါတယ်၊ စိတ်တောင်မှ အာရုံယူရာမှာ စေတနာ စသော စေတသိက်တရားတွေနဲ့ ကင်းပြီး အာရုံကို မယူနိုင်ပါဘူး။

စိတ်နဲ့ စေတသိက် မကွဲပြားအောင် တစ်သားတည်း ကပ်နေအောင် နှိုးဆော်ပေးတတ်သော တရားကား စေတနာသာဖြစ်ပါတယ်၊ ဒါကြောင့် စေတနာသည် အချုပ်

အခြာ ပဓာနဘာရား ဖြစ်၍ "စေတနာ ဟံဘိက္ခဝေ ကမ္မံ ဝဒါမိ"ဟု ဟောထားပါတယ်၊ ယခု လောကမှာလဲ စိတ်ကို စေတနာနဲ့တွဲ၍ "စိတ်စေတနာ"လို့ ခေါ်ကြပါတယ်။

**ကံလေးမျိုး လေးပါးစီ**

ကံအကြောင်းနှင့် ပတ်သက်၍ သဂြိုဟ်ကျမ်းလာ ကံအကြောင်း သိထားဖို့ရာ အနည်းငယ် ဖော်ပြပါ့မယ်။

ကံအကြောင်းတရားသည် ကိစ္စနှင့် ပတ်သက်၍-

(၁) ပဋိသန္ဓေ အကျိုးကို ဖြစ်စေတတ်သော ဇနကကံ၊

(၂) ပဝတ္တိ အခါထောက်ပံ့ကူညီတတ်သော ဥပတ္ထမ္ဘကကံ၊

(၃) ကပ်၍ နှိပ်စက်တတ်သော ဥပပီဠကကံ၊

(၄) ကပ်၍ သတ်တတ်သော ဥပဃာတကကံ ဟူ၍ လေးမျိုးရှိဘယ်၊ ကိစ္စဆိုတာ ဖြစ်စေခြင်း ထောက်ပံ့ခြင်းနှိပ်စက်ခြင်း သတ်ဖြတ်ခြင်းကိုပင် ကိစ္စလို့ ဆိုတယ်။

ထိုလေးမျိုးတို့တွင် ဇနကကံဆိုတာက ဒီဘဝမှာ အခွင့်သင့်လျှင် ပဝတ္တိအကျိုးကို ဖြစ်စေတတ်၍ နောက်ဘဝ အဆက်ဆက်မှာ ပဋိသန္ဓေအကျိုး ပဝတ္တိအကျိုးကို ဖြစ်စေတတ်သော ကံမျိုးကို ခေါ်တယ်၊ ကောင်းတဲ့ကံ မကောင်းတဲ့ကံ နှစ်မျိုးလုံးရနိုင်တယ်။

ဥပတ္ထမ္ဘက ကံဆိုတာက သူကိုယ်တိုင်ကတော့ ပဋိ သန္ဓေ အကျိုးမပေးနိုင်ဘူး၊ တစ်ပါးသောကံ အကျိုးပေး ခွင့်ရအောင် ကူညီတဲ့ ကံမျိုးလို့ ခေါ်တယ်၊ အကျိုး ပေး သန်အောင် အကျိုးပေး တာရှည်အောင် ကူညီ ထောက်ပံ့တဲ့ ကံလို့ ဆိုလိုတယ်၊ ဒီကံလဲ ကောင်းတဲ့ကံ မကောင်းတဲ့ကံ နှစ်မျိုးလုံးရတာပဲ။

ဥပပီဠကကံ ဆိုတာက တစ်ပါးသောကံ အကျိုးပေးခွင့် မရအောင်၊ ရပြန်လဲ မထက်သန်အောင် ကပ်၍ နှိပ်စက် တတ်သော ကံမျိုးကိုခေါ်တယ်၊ သူလဲ ကောင်းမကောင်း နှစ်မျိုးပဲ။

ဥပဃာတကကံ ဆိုတာကတော့ တစ်ပါးသောကံ အကျိုး မပေးနိုင်အောင်၊ ပေးပြန်လျှင်လဲ ပြတ်အောင် သတ်ဖြတ်တဲ့ ကံမျိုးကို ခေါ်တယ်၊ အဲဒါ ကိစ္စအားဖြင့် လေးပါး ရှိပုံကို ဖော်ပြလိုက်တယ်။

တစ်နည်း အကျိုးပေးရာ အစဉ်အားဖြင့်လဲ လေးပါး ရှိတယ်၊ လေးပါးပြားပုံမှာ–

(၁) အလွန်တရာ အပြစ်ကြီး၍ လေးနက်သော ဂရု ကံ၊

(၂) စုတေခါနီး ဖြစ်ပေါ်လာသော အာသန္နကံ၊

(၃) အမြဲမပြတ် ပြုလုပ်အပ်သော အာစိဏ္ဏကံ၊

(၄) ပြုလုပ်ကာမျှသာ ဖြစ်သော ကဋတ္တာကံဟူ၍ လေးမျိုး လေးစား ရှိတယ်။

ထိုလေးမျိုးတို့တွင်—

တစ်ပါးသော ကံတို့က မဘားမြစ် မပယ်ရှားနိုင်လောက်အောင် ကြီးလေးသော ကုသိုလ်ကံ ဖြစ်လျှင် မဟဂ္ဂုတ်ကံ၊ အကုသိုလ်ကံဖြစ်လျှင် ပဉ္စာနန္တရိယကံနှင့် နိယတမိစ္ဆာဒိဋ္ဌိကံမျိုးဟာ ဂရုကံလို့ ဆိုရတယ်။

မဟဂ္ဂုတ် ကံဆိုတာက ကံအရာမှာ မြင့်မြတ်သော အဖြစ်သို့ ရောက်သွားတဲ့ ကံတွေကို ခေါ်တယ်။ ပထမ ဈာန်ရလျှင် ပထမဈာန်ကို ရောက်တာပဲ။ ထိုနည်းအတူ ဒုတိယ၊ တတိယ၊ စတုတ္ထ၊ ပဉ္စမဈာန်ရလျှင် အစဉ်အတိုင်း ဒုတိယဈာန်တို့ စသည် ရောက်တာပဲ၊ တူသော အကျိုးကို ပေးနိုင်တယ်။

အကုသိုလ်ကံအရာမှာတော့ အမိသတ်သောကံ၊ အဖသတ်သောကံ၊ ရဟန္တာသတ်သောကံ၊ ဘုရားကို သွေးစိမ်းတည်အောင် ပြုသောကံ၊ သံဃာ သင်းခွဲသောကံ၊ သံဃာသင်းခွဲတဲ့ နေရာမှာ သုဓမ္မာ၊ ရွှေကျောင်း၊ ဒွါရ စသည် ကွဲရုံမျှ သံဃာဘေဒကံ မဆိုရဘူး၊ တသိမ်တည်း၌ တစ်ပြိုင်နက် ကံကြီးကံငယ်ခွဲ၍ပြုမှ သံဃဘေဒကံ ထိုက်တယ်။

နိယတမိစ္ဆာဒိဋ္ဌိကံလဲ ဂရုကံထဲ အပါအဝင်ပဲ။ ဒါပေမယ့် အကြောင်း အကျိုးပယ်ပြီး သူဖြစ်သလိုဖြစ်တာ။ ကောင်းတာလုပ်လို့ ကောင်းကျိုးပေးတာ မဟုတ်။ မကောင်းတာလုပ်လို့ မကောင်းကျိုးပေးတာ မဟုတ်ဟု အမြဲတမ်း စွဲလမ်းယူမှ နိယတမိစ္ဆာဒိဋ္ဌိကံ ထိုက်တယ်။ သာမန်

ဗုဒ္ဓဘာသာ မဟုတ်ရုံမျှနဲ့ နိယတ မိစ္ဆာဒိဋ္ဌိလို့တော့ မပြစ်မှားကောင်းဘူး။

အာသန္နကံဆိုတာ သေခါနီး လောလောဆယ်ပြုအပ်သော ကံ၊ သို့မဟုတ် ရှေးက ပြုထားသည်ကို သေခါနီး ပြန်၍ အောက်မေ့အပ်သော ကံကို ခေါ်တယ်။

အာစိဏ္ဏကံ ဆိုတာကတော့ နေ့စဉ်မခြား ဝတ်ထား၍ ပြုအပ်တဲ့ ဘုရားရှိခိုးခြင်း၊ ရေလှူ ပန်းလှူ ဆွမ်းလှူခြင်း ဥပုသ်စောင့်ခြင်းစသော ကုသိုလ်ကံများနှင့် အကုသိုလ် အရာမှာ တံငါလုပ်ခြင်း မုဆိုးလုပ်ခြင်း လူသတ်ကောင်လုပ်ခြင်းစသော ကံမျိုးကို ခေါ်တယ်။

ကဋတ္တာကံဆိုတာကတော့ ပြုလုပ်ခဲ့ပေမယ့် ပြုလုပ်လိုက်တယ်လို့ မသိတဲ့ကံမျိုး သာမန်ကာ လျှံကာ ပြုတဲ့ ကံမျိုးလို့ ဆိုတာယ်။

အဲဒီကံလေးပါးဟာ ပါကဒါန ပရိယာယ၊ အကျိုးပေးအစဉ်အတိုင်း ပြတဲ့ကံလေးပါးလို့ ဆိုရတယ်။ ဒါကြောင့် ဂရုကံက အရင်အကျိုးပေးတယ်။ သူမရှိမှ အာသန္နကံ သူမရှိမှ အာစိဏ္ဏကံ သူမရှိမှ ကဋတ္တာကံက အကျိုးပေးတယ်။

အကျိုးပေးရာ ကာလ၏ အစွမ်းအားဖြင့်လဲ လေးမျိုးပြားတယ်။

(၁) မျက်မှောက်ဘဝ၌ပင် အကျိုးပေးတဲ့ ဒိဋ္ဌဓမ္မဝေဒနီယကံ။

(၂) ဒုတိယဘဝ၌ အကျိုးပေးတဲ့ ဥပပဇ္ဇဝေဒနီယကံ။

(၃) တတိယဘာဝမှစ၍ နိဗ္ဗာန်ထိ အကျိုးပေးတဲ့ အပရာပရိယ ဝေဒနီယကံ။

(၄) အကျိုး လုံးဝ မပေးနိုင်တဲ့ အဟောသိကံ ဟူ၍ လေးမျိုးပြားတယ်။

ထိုလေးမျိုးတို့တွင် အာသဝေါကုန်ခန်းတဲ့ ရဟန္တာလဲ ဖြစ်မယ်၊ နိရောဓ သမာပတ်ဝင်စားပြီး ကာလကာလလဲ ဖြစ်မယ်၊ လှူတဲ့ပုဂ္ဂိုလ်ကလဲ စေတနာထက်သန်မယ်၊ အလှူဝတ္ထုကလဲ စင်ကြယ်မယ်ဆိုလျှင် မျက်မှောက်ဘဝတွင် အကျိုးပေးတဲ့ ကံမျိုးဟာ ဒိဋ္ဌဓမ္မဝေဒနီယကံလို့ ဆိုရတယ်၊ မဟာဒုက်တို့လိုပေါ့၊ လက်ငင်း အကျိုးပေးတဲ့ ကံလို့ ဆိုလိုတယ်။

ယခုဘဝ ပြုလိုက်တဲ့ကံဟာ နောက်ဘဝမှာ ပဋိသန္ဓေအကျိုးကိုဖြစ်စေ ပဝတ္တိအကျိုးကိုဖြစ်စေ ပေးမယ်ဆိုလျှင် ဥပပဇ္ဇဝေဒနီယကံလို့ ခေါ်တယ်၊ နန္ဒိယ သေဌေးများလိုပေါ့၊ မသေခင်က နတ်ဘုံပေါက်နေတယ်။

တတိယဘဝမှစ၍ အခွင့်ရတိုင်းရတိုင်း နိဗ္ဗာန်ကျအောင် အကျိုးပေးသွားတဲ့ကံကတော့ အပရာပရိယ ဝေဒနီယကံလို့ ခေါ်တယ်၊ ဒီကံမျိုးကတော့ သတ္တဝါတိုင်းမှာ လှည်းနဲ့တိုက်၍ မကုန်နိုင်လောက်အောင် များပြားပါတယ်၊ ဒါကြောင့် "အပရာပရိယ ဝိနိမုတ္တော သတ္တောနာမ နတ္ထိ" လို့ ဆိုပါတယ်။

အဟောသိကံ ဆိုတာကတော့ လုံးလုံး အကျိုးပေးခွင့် မရလို့ဖြစ်စေ၊ အကျိုးပေးစရာ မရှိနိုင်တော့တဲ့ ဘုရား

ရဟန္တာပစ္စေကဗုဒ္ဓများ ဖြစ်သွားလို့ဖြစ်စေ အကျိုးမပေး လိုက်ရတဲ့ ကံဟူသမျှ အဟောသိကံချည်းပါပဲ။

အကျိုးပေးရာ ဌာနနှင့် စပ်၍လဲ အပါယ်ဘုံမှာ ပဋိသန္ဓေ အကျိုးပေးတဲ့ အကုသိုလ်ကံ၊ လူ့ပြည် နတ်ပြည်မှာ အကျိုးပေးတဲ့ ကာမာဝစရ ကုသိုလ်ကံ၊ ရူပ တစ်ဆယ့် ခြောက်ဘုံမှာ အကျိုးပေးတဲ့ ရူပါဝစရကုသိုလ်ကံ၊ အရူပ လေးဘုံမှာ အကျိုးပေးတဲ့ အရူပါဝစရ ကုသိုလ်ကံဟူ၍ လေးမျိုးရှိတယ်။

မဂ်ကုသိုလ်ကံတွေကတော့ "မင်လျှင် ဖိုလ်သွားတာပဲ" ဆိုသလို တစ်ခဏချင်း အကျိုးပေးတဲ့အတွက် ဘုံဌာနနှင့် ပတ်သက်၍ သတ်မှတ်စရာ မရှိလို့ အကျိုးပေးရာ ဘုံဌာနနဲ့ သတ်မှတ်လို့ မရဘူး၊ ကဲ....ကဲ ကံနှင့်စပ်၍ပြောစရာ သိ စရာလေးတွေ စုံသွားပါပြီ။

ကံဆိုတာ လူပြိန်း ပုထုဇဉ်တွေ မဆိုထားနဲ့၊ ရဟန္တာ ပုဂ္ဂိုလ်ကြီးများတောင် အကုန်မသိဘူး၊ မကြံစည်အပ်တဲ့ တရား လေးမျိုးထဲ အပါအဝင် ဖြစ်တယ်၊ ဒါပေမယ့် တရား အားထုတ်တော့မယ်ဆိုလျှင် ကမ္မဿကတာဉာဏ် ဖြစ် စေလိုလို့ ခွဲခြားပြီး ပြရခြင်း ဖြစ်ပါတယ်။

ဘာလုပ်ငန်းမဆို လုပ်တော့မယ်ဆိုလျှင် သိသင့် သိ ထိုက်သလောက်တော့ သိထားမှ အောင်မြင်တယ်၊ "သူ များ ယောင်လို့ယောင် အမောင် တောင်မှန်း မြောက် မှန်းမသိ"တော့ မဖြစ်စေကြနဲ့။

သူများ နှာခေါင်းနဲ့ အသက်မရှူချင်ကြနဲ့၊ မိမိအစွမ်း သတ္တိကိုလဲ အားကိုးရတယ်၊ ဒါကြောင့် မြတ်စွာဘုရားက–

"အတ္တဟိ အတ္တနော နာထော၊ ကောဟိနာထော ပရောသိယာ၊ အတ္တနာဟိ သုဒန္တေန၊ နာထံလဘတိ ဒုလ္လဘံ"ဟု ဓမ္မပဒ ပါဠိတော်မှာ ဟောထား ပါတယ်။

အတ္တာဟိ အတ္တနော ဝေ၊ ကိုယ်တိုင် ပြုလုပ် လုံ့လ ထုတ်၍ မယုတ်ကြိုးစား လုပ်ငန်းတရား သည်သာလျှင်။ အတ္တနောနာထော၊ မိမိအကျိုး အားကိုးရာ အစစ်အမှန် ဖြစ်ပါပေ၏။ ပရော၊ မိမိမှ တစ်ပါးသော။ ကော၊ အဘယ် သူများသည်။ နာထော၊ အားကိုးရာအမှန် ကိုးကွယ်ရာ အစစ်သည်။ ဘောသိယာ၊ အဘယ်မှာ ကောန်စင်စစ် ဖြစ် နိုင်ပါအံ့နည်း။ အတ္တနာ၊ မိမိကိုယ်တိုင်သာ။ သုဒန္တေန၊ လိမ္မာ ယဉ်ကျေး ဆုံးမပေးသဖြင့် သာလျှင်။ ဒုလ္လဘံ အလွန် ရခဲ ကြုံကြိုက်ခဲသော။ နာထံ၊ ကိုးကွယ်ရာအစစ် မြင့်မြတ်သော အဖြစ်ကို။ လဘတိ၊ မုချပိုင်ပိုင် ရနိုင်လေ တော့သတည်း။

သာဓု...သာဓု...သာဓု။

လောကမှာ လူတွေအားကိုးကြတာက နှစ်မျိုးရှိတယ်၊ လင်နဲ့မယား သမီး သားနှင့် ပစ္စည်း ဥစ္စာများကို အား ကိုးကြတာက တစ်မျိုး။

မိမိရဲ့ ကုသိုလ် ကောင်းမှု သီလ သမာဓိ ပညာ တရား အားကိုးကြတာက တစ်မျိုးဟူ၍ နှစ်မျိုးရှိသည်။

လောကသားတွေက များသောအားဖြင့် လောကီမှာ ရတနာဆိုတဲ့ ပထမ အားကိုးနည်းကိုသာ အားကိုးကြ တယ်၊ ငါ့လင် ရာထူးကြီးရမှ ငါ့သားသမီး ဗိုလ်မှူးကြီး ဖြစ်မှ အရာရှိကြီးဖြစ်မှ ငါ့ပစ္စည်းတွေ တိုးတက်လာမှ ငါ ကျကျနန နေလိုက်ဦးမယ်လို့ ရည်ရွယ်ကာ လောကီ ရတနာကိုသာ အားကိုးကြတယ်။

ဘာပြုလို့လဲဆိုတော့ "သဗ္ဗတ္ထ ဓနံ ပူရေတိ ကိုဒင်္ဂါး" ဆိုသလို ငွေရှိလျှင် အကုန်ပြည့်စုံတာပဲဟု ယူဆကြလို့ ဖြစ်တယ်။ အားကိုးဆိုတာ ဘေးအမျိုးမျိုး ရန်အသွယ်သွယ် အန္တရာယ်တွေ ကာကွယ်ဖို့ အား ကိုး ကြ တာ ဖြစ်တယ်။

ဒါပေမယ့် ဒီလောကီ ရတနာတွေက တကယ် အစစ် အားကိုးလို့ ရသသားဆိုလျှင် မရပါဘူး၊ မရလို့ သား သမီးတွေ အရာရှိကြီးတွေ ရှိပါလျက်နဲ့ ထောင်ကျသွားတဲ့ သူ၊ ထောင်ကျ ကြိုးမိန့်ကျဘဲ့လူ ကြိုးမိန့်ကျ သေတဲ့လူ သေကြတာပေါ့။

တကယ် အားကိုးရာ အစစ်ကတော့ ဘုရား၊ တရား၊ သံဃာ အကျင့် သိက္ခာသာလျှင် တကယ် အားကိုးရာ ဖြစ်ပါတယ်။

ဒါကြောင့် ပရိတ်ကြီး ရတနသုတ်မှာ "ဣဒမ္ပိ ဗုဒ္ဓေ၊ ဣဒမ္ပိ ဓမ္မေ၊ ဣဒမ္ပိ သံဃေ ရတနံ ပဏီတံ" စသည်ဖြင့် ဟောထားပါတယ်။

ဒါကြောင့် လူ့ဘဝကြီး ရလာတဲ့အခါ ဘုရားသာသနာတော်ကြီးနဲ့ ကြုံကြိုက်တဲ့အခါ အားကိုးပြောင်းကြဖို့ လိုတယ်။

အပါယ်ဘုံသားတွေကလဲ သူ့အမေ သူ့အဖေ သူ့အမျိုး အဆွေတွေ အားကိုးကြတာပဲ၊ ကျီးတွေ ကြည့်ပါလား၊ တစ်ကောင်သေလျှင် အားလုံး ဝိုင်းအော်ကြတယ်၊ သူတို့လဲ ခလောကီအားကိုးတော့ ရှိကြတာပဲ။

ဒါပေမယ့် သူတို့က တကယ် အားကိုးရာ အစစ်ဖြစ်တဲ့ ဘုရား တရား သံဃာ အကျင့် သိက္ခာကိုတော့ အားကိုးလို့ မရဘူး၊ အားမကိုးရဘူး။

လူတွေလဲ အားကိုးပြောင်းနိုင်တယ် ဆိုပေမယ့် သူများရဲ့ ဘုရား တရား သံဃာ အကျင့်သိက္ခာကို အားကိုးလို့ မရဘူး၊ သူများ ဘုရားရှိခိုးလို့ တရားအားထုတ်လို့ သံဃာတွေကို လှူလို့ ကိုယ်ရတာ မဟုတ်ဘူး။

ဒါကြောင့် အတ္တာဟိ အတ္တနောနာထော၊ ကိုယ်တိုင်ပြုလုပ်လုံ့လထုတ်၍ မယုတ်ကြူးစား လုပ်ငန်း တရားသည်သာလျှင်။ အတ္တနော နာထော၊ မိမိအကျိုး အားကိုးရာအစစ်အမှန်ဖြစ်ပါပေ၏လို့ ဆိုထားတယ်။

စဉ်းစားကြည့် ဗုဒ္ဓဘာသာတို့ရဲ့ ပန်းတိုင်ဖြစ်တဲ့ နိဗ္ဗာန်ဟာ အလွန် ချမ်းသာသော တရားဖြစ်၍ မင့်ကို သွားလို့

ရော့ နိဗ္ဗာန် ယူပါလို့ ပေးလို့ ဖြစ်သလား မဖြစ်ဘူး၊ အဖေကလဲ ပေးလို့မရဘူး၊ အမေကလဲ ပေးလို့မရဘူး၊ ရဟန်းတော်တွေကလဲ ပေးလို့ မရဘူး၊ ဘုရားကလဲ မပေးနိုင်ဘူး။

## သေဋ္ဌေးမကြီးတစ်ဦး တရားလိုချင်ပုံ

တစ်ခါတုန်းက ဟာမစ်တစ် သာသနာ့ ရိပ်သာမှာ အလွန်တရာ ပစ္စည်းဥစ္စာ ချမ်းသာတဲ့ သေဋ္ဌေးမကြီး တစ်ဦးက ဆရာတော်ကို လျှောက်တယ်၊ တပည့်တော်မမှာ အသက်အရွယ် ကြီးရင့်နေပြီဖြစ်၍ အပြင်းအထန် တရား အားထုတ်ရန် မဖြစ်နိုင်တော့သည့် အတွက် ငယ်ငယ် ရွယ်ရွယ်က ဒီတရားတွေ အားမထုတ်မိတာ နောင်တ ရတယ် ဘုရား။

ယခု အလွန်တရာ လိုချင်နေပါသဖြင့် ပစ္စည်းနဲ့ ဝယ်လို့ ရမယ် ဆိုလျှင် တပည့်တော်မ ရှိသမျှ ပစ္စည်းတွေ အကုန် ပေးပြီး ဝယ်ချင်ပါတယ်လို့ လျှောက်တယ်။

ဒါကြောင့် တရားဆိုတာ သူများပေးလို့ ရတာမျိုးမဟုတ် ဘူး၊ သူများအစား ဝင်အားထုတ်လို့လဲ ရတာမဟုတ်ဘူး ကိုယ်တိုင်လုပ် ကိုယ်တိုင်ခံစားရတဲ့ အလုပ် ဖြစ်တယ်။

ကျွန်ုပ်တို့တစ်တွေ သံသရာထဲ နေလာတာ ကြာလှပါ ပြီ၊ ဘယ်လောက် ကြာသလဲဆိုတော့ မရေတွက်နိုင်အောင်

ရှည်ကြာလာကြပြီ၊ ဘယ်ဘဝမှ အတည်ကျကျ စိတ်ချ လက်ချ မနေကြရဘူး။

ဒါပေမယ့် အရှည်ဆုံး နေလာတဲ့ ဘဝတော့ ပြောနိုင်တယ်၊ ဘယ်ဘဝလဲ ဆိုလျှင် အပါယ်ဘဝတွေ ဖြစ်တယ်၊ "အပါယာသကာဂေဟာသဒိသာ"တဲ့၊အပါယ်လေးဘုံဟာ ပုထုဇဉ်တို့ အများဆုံး အကြာဆုံး နေရာဖြစ်သတဲ့၊ ဘယ်လောက် ကြောက်စရာကောင်းသလဲ၊ ကြောက်တတ်မယ် ဆိုလျှင် နောက်ထပ် အကုသိုလ် မလုပ်ဝံ့တော့ဘူး။

လူချည်းပဲ ဖြစ်ချင်လို့ရမလား၊ နတ်ချည်းပဲ ဖြစ်ချင်လို့ ရမလား မရဘူး၊ ဗြဟ္မာချည်းပဲ ဖြစ်ချင်လို့ ရမလား မရဘူး၊ဒါကြောင့် အဘျင့်စာရိတ္တာ အကျော် ပထမကျော်ထွတ်ခေါင် ဆရာတော်ဘုရားကြီးက....

"သဒ္ဓသတ္တာ ဝေဓဏေယျာ သံသရာရှည်လှပြီ၊
အတည်ကျကျ ဘယ်ဘဝ ရကြမရှိပြီ"ဟု မိန့်ဆိုထားပါတယ်။

ဟိုလိုလို ဒီလိုလို တောင်လိုလို မြောက်လိုလို ယီးတီး ယားတား ဂံသရာ ခရီးသွား နေကြရတာ များလှပြီ။ အတည်မကျဘူး စဉ်းစားကြည့်ကြ၊စဉ်းစားမှအကွင်းသား ပေါ်မယ်။

ဒီဘဝလူဖြစ်လို့ သာသနာကြီးနဲ့ ကြုံကြိုက်တာတောင် အတည် မကျလျှင် ဘယ်ဘဝမှာ အတည်ကျ ကြမှာလဲ၊ စဉ်းစားကြည့်၊ ဝေဖန်ကြည့်၊ မြတ်စွာဘုရားက ဝိဘဇ္ဇဝါဒီ ပုဂ္ဂိုလ်ကြီးနော်၊ တို့တစ်တွေလဲ ဘုရားသားတော် သမီး

တော်တွေဆိုတော့ နေရာတကာ ဝေဖန်ကြည့်ကြ အမှုမဲ့သွား အမှုမဲ့နေ အမှုမဲ့လုပ် မလုပ်ကြနဲ့၊ ကိုယ်လုပ်တာတွေ အဟုတ် ထင်မနေကြနဲ့။

သားရေး သမီးရေး ပစ္စည်းရေးတွေ လုပ်နေကြရတာ ဟာ ကာမအလုပ်၊ ရာဂအလုပ် ဖြစ်တယ်၊ သူများ အလုပ် ဖြစ်တယ်၊ ဘုရားရေး တရားရေး သံဃာအရေး လုပ်မှ ဓမ္မအလုပ် သာသနာ့ အလုပ်ဖြစ်တယ်၊ ဒါမှ ကိုယ့်အလုပ် အစစ်ဖြစ်တာ၊ ကိုယ့်အလုပ်တော့ မလုပ်ချင်ကြဘူး။

တစ်နေ့လဲ ဒီကာမအလုပ် ရာဂအလုပ်နဲ့ အချိန်ကုန်နေ တာပဲ၊ တစ်လလဲ ဒီကာမအလုပ်နဲ့ ရာဂအလုပ်နဲ့ အချိန်ကုန် နေတာပဲ၊ တစ်နှစ်လဲ ဒီကာမအလုပ် ရာဂအလုပ်နဲ့ အချိန် ကုန်နေတာပဲ၊ ဓမ္မအလုပ် သာသနာ့ အလုပ်ကို မလုပ်ဖြစ် နိုင်ကြဘူး၊ မလုပ်ချင်ကြဘူး။

ဒါကြောင့် မြတ်စွာဘုရားက "ဓမ္မမေဝ သုစိန္တေယျ ကာလံ မောဃံ နက္ကစ္ဆရေ" လို့ ဟောတော်မူတယ်၊ "ဓမ္မ မေဝ၊ ဘုရားတရား သံဃာ ဆိုတဲ့ ဓမ္မအလုပ်ကို သာလျှင်။ သုစိန္တေယျ၊ ကောင်းစွာ ကြံစည် လုပ်ကိုင်ရာ၏။ ကာလံ မောဃံ၊ ကာမအလုပ် ရာဂအလုပ်တွေ ချည်းလုပ်၍ အချည်း နှီးသော ကာလကို နက္ကစ္ဆရေ၊ အလိုမရှိကြရာ" ဟု ဟော တော်မူပါတယ်။

တို့တစ်တွေ နေ့တိုင်း လတိုင်း နှစ်တိုင်း မနားမနေ လုပ်ကိုင်နေကြတာဟာ အိုဖို့ နာဖို့ သေဖို့ လုပ်နေကြတာ

ပါကလားလို့လဲ သတိနဲ့ ဝေဖန်ကြည့်ကြ၊ အမှုမဲ့အမှတ်မဲ့နဲ့ အချိန်မကုန်ကြစေနဲ့။

သံသရာမဆုံးဘူးဆိုတာ အိုလို့မဆုံး နာလို့မဆုံး သေလို့မဆုံးတာကိုပြောတာ၊ မဆုံးတာကို လုပ်နေလျှင် ဘယ်တော့မှ မဆုံးဘဲ လုံးလုံးကြီး ဒုက္ခတုံးကြီး ဒုက္ခခဲကြီး အမြဲဖြစ်နေကြရမှာပဲ။

ဒါကြောင့် ဘုရားပြောတာ သူတော်ကောင်း ပညာရှိတွေ ပြောတာကို ယုံယုံကြည်ကြည်နဲ့ မှတ်သားပြီး သဒ္ဓါတရားကို မွေးမြူကြ ငါးမွေးမြူ သားမွေးမြူချည်း လုပ်မနေကြနဲ့။

သဒ္ဓါဆိုတာ ပေါက်ကရ ထင်မိထင်ရာ လျှောက်ပြောနေတာကို ယုံကြည်တဲ့ သဒ္ဓါလို့ မခေါ်ဘူး၊ ပုဂ္ဂိုလ်သတ္တဝါ ယောကျ်ား မိန်းမလဲ မဟုတ်ဘူး၊ ဘုရား တရား သံဃာ ကံ ကံ၏ အကျိုးတရားတွေကို နှစ်နှစ်ခြိုက်ခြိုက် ရင်မှာပိုက်၍ ယုံကြည်ထားတဲ့ တရားလေးကို သဒ္ဓါလို့ ခေါ်တယ်။

အဲဒီသဒ္ဓါဟာ အလွန်တရာ အရေးကြီးတယ်၊ အာဠဝကဘီလူးက မြတ်စွာဘုရားအား အရှင်ဘုရား လောကသားတို့၏ အကျိုးတရားကို ဖြစ်ပွားစေနိုင်သော တရားက အဘယ်တရားပါနည်းဟု မေးသောအခါ မြတ်စွာဘုရားက "သဒ္ဓီဓဝိတ္တံ" သဒ္ဓါတရားသာ ဖြစ်တယ်လို့ ဟောကြားထားတာ ရှိပါတယ်၊ လောကမှာလဲ ယုံကြည်ချက်ခံယူချက်ဆိုတာ ဒီသဒ္ဓါတရားမျိုးပါပဲ၊ "ယဿစပနဗလ

ဝတီသဒ္ဒါ ဝိပဿနာ အာရဒ္ဒါ(လ)မဂ္ဂဖလပဋိဝေဓဒေါ နတ္ထိတိ နဝတ္တဗ္ဗော” အားကြီးသော သဒ္ဒါတရားနဲ့ အား ထုတ်လျှင် ခဂ်ဖိုလ်ကို မရနိုင်ဘူးလို့ မဆိုသင့်ဘူးတဲ့။

ဒီတော့ သဒ္ဒါတရား ဖြစ်ပွားအောင် မွေးပြီး စေတနာ သဒ္ဒါတရားနဲ့ ရတနာသုံးပါးကို ယုံကြည်အားကိုးရတယ်။

တို့မြတ်စွာဘုရားက သတ္တဝါတွေ အဖန်ဖန်တလဲလဲ ပြောင်းပြီး ဒုက္ခတွေ ခံစားနေရတာကို သနားရှာလွန်းလို့ ကိုယ်၏ ဆင်းရဲခြင်း စိတ်ဆင်းရဲခြင်း ခံကာ သံသရာ၌ လေးသင်္ချေနှင့် ကမ္ဘာတသိန်းပတ်လုံး ကုန်းရုန်းပြီးပါရမီ ဖြည့်တော်မူတာ ဘယ်လောက် ကျေးဇူးတင်စရာကောင်း သလဲ၊ သဒ္ဒါတရား ဖြစ်ပွားစရာ ကောင်းသလဲ၊ စဉ်းစားပဲ ကြည့်ကြ။

ပုထုဇဉ်တွေဟာ သံသရာ၏ “အစကိုလဲ မထင် အဆုံး ကိုလဲ မမြင် အန္ဓပုထုဇဉ်” ဆိုသည့်အတိုင်း ဘဝပေါင်း များစွာ ဘုရားပေါင်း များစွာနဲ့ ဝေးကွာပြီး သံသရာ သမုဒ္ဒရာထဲ မျောချင်သလိုမျော နစ်ချင်သလိုနစ် ဖြစ်ချင် သလိုဖြစ်နဲ့ ဘဝသစ်တွေ ပြောင်းပြောင်းပြီး ကာမဂုဏ် တွေကို အကောင်းထင်ကာ လိုက်စား မိုက်မှားလာကြ တယ်။

ယခုလို ဟောသူက ဟောလို့ ရေးသူက ရေးပြလိုက် တာကို ကြားနာ ကြည့်ရှုပြီး “သြော် သူ သတိပေး၍ ဟောတာ ပြောတာ ရေးတာဟာ သေသေချာချာ စဉ်း စား၍ ဟုတ်သားပဲလို့ စိတ်ထဲမှာ တရေးရေး ထင်လာ

မြင်လာ သိလာရင် ဒီလူ အတော်သွားပဲလို့ ချီးကျူးရမယ်'' ယခုအခါ ဒီလိုမှ မသိတဲ့လူတွေက များနေတယ်။

ထို့အပြင် အဆုံးမမြင်ဘူးဆိုတာလဲ အိုရ နာရ သေရတဲ့ အဆုံးဖြစ်သော နိဗ္ဗာန်ကို မမြင်တာကို ပြောတာ။ ဖြစ်ပျက်ကိုမြင်၍ တရားရှင်ဖြစ်ကြတဲ့ ကလျာဏပုထုဇဉ်နဲ့ အရိယာပုဂ္ဂိုလ်များကျတော့ အိုရ နာရ သေရတဲ့ အစကိုသာ မမြင်တာ အဆုံးကိုတော့ မြင်ကြတယ်။

ဒါကြောင့် သူတို့ကိုတော့ —

"အစကိုတော့ မထင် အဆုံးကိုတော့ မြင် ကလျာဏပုထုဇဉ်နှင့် အရိယာအရှင်''လို့ ဆိုရမယ်။ သံသရာဟာ အစသာမရှိဘာ အဆုံးကတော့ ရှိတယ်၊ ဘာလဲဆိုလျှင် နိဗ္ဗာန်ပေါ့၊ နိဗ္ဗာန်ဟာ တော်တော်ကို ထူးတယ်နော် အစမရှိဘဲနဲ့ အဆုံးရှိတဲ့တရား၊ အဖြစ်မရှိဘဲနဲ့ တည်နေနိုင်တဲ့တရား၊ မခံစားရဘဲနဲ့ ချမ်းသာတဲ့ တရား ဖြစ်တယ်။

လောကသားတွေက အဖြစ်ကို ကြည့်ကြည့်ပြီး အလုပ်လုပ်ကြတယ်။ ဒါကြောင့် ဒုက္ခရောက်ကြတာ၊ အပျက်ကြည့်ပြီး အလုပ်လုပ်မှ ချမ်းသာတယ်။ ဒါကြောင့် ကျေးဇူးရှင် မိုးညှင်း ဆရာတော်ဘုရားကြီးက "မကွဲခင်က ကွဲကြည့်ရမယ်၊ မမွဲခင်က မွဲကြည့်ရမယ်၊ မသေခင်က သေကြည့်ရပယ်''လို့ ဆုံးမတော်မူခဲ့တယ်။

## ဝိပဿနာဟာ အကောင်းဆုံး အလုပ်

ပျက်မှ မပျက်သေးဘဲနဲ့ အပျက်ကို ဘယ်လို ကြည့်ရမလဲ ဆိုလျှင် မြင်မြင်သမျှ သင်္ခါရတရားတွေဟာ ဖြစ်ဖြစ်ပြီး ပျက်နေတာပဲလို့ ရှုမှတ်ရမယ်၊ ရုပ်ဖြစ်ပျက် နာမ်ဖြစ်ပျက် တွေကို ကွဲအောင် ရှုရမယ်။ ပညတ်ဖြစ်ပျက် ပရမတ်ဖြစ် ပျက်ကို ကွဲအောင် ရှုရမယ်၊ နာမ်ရုပ်ကွဲအောင် ပညတ် ပရမတ်ကွဲအောင်ကတော့ ဝိပဿနာအလုပ်ကို လုပ်မှ သေ ချာစွာ သိတယ်။

ဒါကြောင့် ဝိပဿနာအလုပ်ဟာအကောင်းဆုံးအလုပ်၊ အရင်းမစိုက်ရဘဲနဲ့ အမြတ်အများဆုံး ရတဲ့အလုပ် ဒီ အလုပ်ထက် ကောင်းတဲ့အလုပ် မရှိတော့ဘူးလို့ နာမည် ကျော် ဝိပဿနာ ဆရာတော်ကြီးတွေက အမိန့်ရှိကြတယ်။

ဒါပေမယ့် စာအုပ်ထဲမှာ ရှိတာ ဆရာတော်တွေဟော ပြောဘာကတော့ စာတွေ့ ဆရာတွေ့သာ ဖြစ်တယ်၊ ငါ တွေ့မဟုတ်ဘူး၊ သိုက်စာတွေ့သာ ဖြစ်တယ်၊ ရွှေငွေတွေ မဟုတ်ဘူး၊ ဒါကြောင့် နာမ်ရုပ်ကွဲပုံ ဖြစ်ပျက်ပုံ၊ ပညတ် ပရမတ် ကွဲပုံ ဖြစ်ပျက်ပုံတွေကို စာဖတ်ရုံနဲ့ မသိဘူး၊ စာ သင်ရုံနဲ့ မသိဘူး၊ တရားနာရုံနဲ့ မသိဘူး။

ခန္ဓာတွင်း ဝိပဿနာဉာဏ်သွင်းပြီး ကွင်းကွင်း ကွက် ကွက် ရှင်းရှင်း လက်သက် တင်းတင်း ထင်ထင် မပျက် အောင် ရှုမှတ်နိုင်မှ ကိုယ်တိုင်တရားကို တွေ့မယ်။ ကိုယ် တိုင်လုပ်မှ ကိုယ်တိုင် တွေ့မယ်။

သာသနာပဆိုလျှင် ရုပ်နာမ်တွေကို ကိုယ်တွေ့သိဖို့ မဆိုထားနဲ့ ရုပ်နာမ်ဆိုတဲ့ အမည်မျှကို မသိနိုင်ကြဘူး။

ဒါကြောင့် ရှင်တော်မြတ်ဘုရားက....

“ဗုဒ္ဓါဒိစ္စေ အနုပ္ပန္နေ၊ ဗုဒ္ဓစန္ဒေအနုဂ္ဂတေ။
တေသံသဘာဝဓမ္မာနံ၊ နာမမတ္တံနနာယတိ”တဲ့

ဗုဒ္ဓါဒိစ္စေ၊ ဘုရားတည်းဟူသော နေမင်းသည်။ အနုပ္ပန္နေ၊ အရောင်ရှိန်ပြင်း အမှောင်ခွင်း၍ ထွန်းလင်း ပေါ် ပေါက်ပြီး မလာသည်ရှိသော်။ ဗုဒ္ဓစန္ဒေ၊ ဘုရားတည်း ဟူသော လမင်းသည်။ အနုဂ္ဂတေ၊ အရောင်ကြည်ဝင်း ညစ် မျိုးကင်း၍ ထွန်းလင်းထွက်ပေါ်ပြီး မလာသည်ရှိသော်။ တေသံ သဘာဝ ဓမ္မာနံ၊ ထိုထို သက်မဲ့ သက်ရှိ ဖြစ်သည့် အရာ အဖြာဖြာသော ဝတ္ထုအစုစုတို့၌ တစ်ခုမကျန် အမှန် ဖြစ်ပျက်နေကြသော သဘောတရားတို့၏ နာမမတ္တံ၊ အဖြစ် အပျက်တရားကို သိဖို့မဆိုထားဘိ ရုပ်နာမ်ဟူသောအမည် မျှကိုပင်။ နနာယတိ၊ ညဏ်မှာ ပိုင်ပိုင် ပိုင်းခြား၍ မသိ နိုင်လေတော့သတည်း။

သာဓု...သာဓု...သာဓု။

အပါယ်လေးဘုံဖြစ်မှုကြောက်စရာကောင်းတာမဟုတ် ဘူး၊ သာသနာပလူ ဖြစ်ရတာလဲ ကြောက်စရာ ကောင်း တယ်၊ ရုပ်ရဲ့သဘော နာမ်ရဲ့သဘော မပြောနဲ့၊ ရုပ်နာမ် ဟူသော အသံမျှတောင် မကြားနိုင်ဘူး ဆိုတော့ ဘယ် လောက် ကြောက်စရာ ကောင်းသလဲ။

ဒီတော့ ယခုအခါ သက်တောင်ထင်ရှား ဘုရားမရှိပေမယ့် ရုပ် နာမ်ဆိုတဲ့ အသံတွေကတော့ တစ်တိုင်းပြည်လုံး ဆူညံနေတာပါပဲ၊ ဆူညံလွန်း အားကြီးလို့ နားတောင် ငြီးဦးမယ်။

ဒီရုပ်နာမ်တွေ အသံ ကြားနေရုံနဲ့တော့ ကျေးဇူးမများဘူး၊ ရုပ်ဆိုတာ ဘယ်လိုသဘော၊ နာမ်ဆိုတာ ဘယ်လိုသဘောဟု အချားပြော မဟုတ်ဘဲ၊ တရားသဘောကို ကိုယ်တွေ့ ဉာဏ်မြင် ဖြစ်နေမှ ကျေးဇူးများပါတယ်၊ အသံကြားရုံကတော့ လူတွေတင် မကဘူး လူတွေ ပြောတာကို ခွေးလဲ ကြားမှာပဲ၊ နွားလဲ ကြားမှာပဲ၊ အကြောင်းမထူးဘူး။

ဒါကြောင့် ကိုယ်တွေ့ ဉာဏ်မြင်အောင်ဟာ ဆရာကောင်းထံ နည်းခံပြီး အားထုတ်ကြ၊ ဝိပဿနာဆိုတာ....

(၁) အနေ မရွေးရပါဘူး၊ ဘယ်နေရာမှာနေနေ ဘယ်လိုနေနေ အားထုတ်လို့ ရပါတယ်။

(၂) အလုပ် မရွေးရပါဘူး၊ ဘာအလုပ် လုပ်နေ လုပ်နေ ဘယ်တရားမှတ်နေ မှတ်နေ ပေါ်လာသမျှ သင်္ခါရ တရားတွေကို မပြတ် မှတ်နေရင် ရပါတယ်။

(၃) အချိန်မရွေးရပါဘူး၊ ဘယ်အချိန်မဆို မှတ်လို့ရပါတယ်၊ ဘယ်လောက် အချိန် ကြာကြာ နှေးနှေး မှတ်လို့ ရပါတယ်။

(၄) ပုဂ္ဂိုလ် မရွေးရဘူး၊ အယုတ် အလတ် အမြတ် ဘယ်ပုဂ္ဂိုလ်ဖြစ်ဖြစ် ရှုမှတ်လို့ရပါတယ်။

ဒါပေမယ့် ယုံကြည်ချက် ခံယူချက်ကတော့ ပြင်းထန်ရတယ်။

(၁) ငါ ပါရမီရှိတယ်၊ ငါ အားထုတ်လိုက်လျှင် တရားထူးရမှာပဲလို့ ယုံကြည်ရတယ်၊ မဂ်နောက်မှာ ဖိုလ်ရှိသလို ဝိပဿနာနောက်မှာ နိဗ္ဗာန် ရှိတယ်လို့ ယုံကြည်ရတယ်။

(၂) မရမချင်း အသက်ပင် သေသေ အရေပင် ပြတ်ပြတ်၊ အရိုးပင် ကြွင်းကြွင်း ထန်ပြင်းသော လုံ့လရှိရတယ်။

(၃) ယုံကြည်ချက် ခံယူချက်ကလဲ ကောက်ရိုးမီးလို တစ်ခဏလေး ယုံကြည်လို့ မရဘူး၊ မယိမ်း မယိုင် ကျောက်စာတိုင်ကဲ့သို့ ခိုင်မြဲရတယ်။

(၄) "ပဟိတတ္တာသ စိတ္တာသ" ဆိုသည့်အတိုင်း ကိုယ်နှင့်အသက်မငဲ့ကွက်ဘဲ မြဲမြဲမြံမြံ ဇွဲသန်သန်နဲ့ နိဗ္ဗာန်ကို ကိုင်းညွတ်ပြီး အားထုတ်ရတယ်။

**ပရိကမ်ခေါ် ပုဗ္ဗကိစ္စငါးငါး**

ကဲ...ကဲ အားထုတ်ပုံ အားထုတ်နည်းလေး သိရအောင် မကျဉ်းမကျယ် ပြကြဦးစို့။

ရှေးဦးစွာ ပရိကမ်ပြုရတယ်၊ ပရိကမ်ဆိုတာ ပရိကာ၊ ထက်ဝန်းကျင်ကို ဟောတယ်၊ ကမ်က ပြုလုပ်တာ၊ ဒီတော့ လုပ်စရာ ကိုင်စရာ ပြောစရာ ကြံစရာ အကုန် ပြည့်ပြည့်စုံစုံ လုပ်ရတာကို ပရိကမ်လို့ ခေါ်တယ်။

(၁) ရှေးဦးစွာ ဘုရားပင့်၍ ရှိခိုးရတယ်၊ ဘုရား အနားမှာ ခေါင်းပေါ်မှာ ပင့်ထားမှ ဘုရားစကား နားထောင်မှာ၊ ဒါကြောင့် ဘုရားပင့်ရတယ်၊ ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်း ဟာ တရားအားထုတ်တဲ့နေရာမှာ ကျေးဇူး များတယ်လို့ ဆိုတာပဲ။

(၂) နိဗ္ဗာန်သို့ ညွှတ်တဲ့ ကိုင်းတဲ့ ရှိုင်းတဲ့စိတ်ထား ရတယ်၊ နိဗ္ဗာန်ဟာ လောကသားတွေ အကြောက်ဆုံးဖြစ်တဲ့ သေရမယ့်ဘေးမှ လွတ်တယ်၊ ချမ်းသာတာလဲ လိုတယ် လို့ မရှိဘူး၊ အပြည့်အစုံ အကုန်ချမ်းသာတယ်၊ ခိုင်မြဲလဲ ခိုင်မြဲတယ်လို့ ယူဆလိုက်တာဟာ နိဗ္ဗာန် သို့ ညွှတ်တယ် ကိုင်းတယ် ရှိုင်းတယ်ခေါ် တယ်၊ ဒါကြောင့်ဥာသမာနုဿတိလဲတရား

အားထုတ်တဲ့ နေရာမှာ ကျေးဇူးများတယ် လို့ ဆိုတယ်။

(၃) မြတ်စွာဘုရားနဲ့ ကမ္မဋ္ဌာန်း ပြပေးသော ဆရာအား အသက်နဲ့ခန္ဓာကို လှူလိုက်ပါ၊ ဒါမှ အကြောက်ကင်း၍ ဆရာ့စကားလဲ နားထောင်မယ်။

(၄) အစမထင် သံသရာတစ်ခွင်က နေလာကြတဲ့ သူတော်ကောင်းများကို အပြစ်ရှိလျှင် ခွင့်လွှတ်ပါဟု တောင်းပန်လိုက်ပါ၊ မိမိကလဲ ခွင့်လွှတ်ပါ၏လို့ နှုတ်မြွက်၍ ဆိုလိုက်ပါ၊ ဒါမှ အရိယူပဝါဒန္တရာယ် ပျောက်၍ လို အပ်သောတရား ပေါက်မယ်။

(၅) နောက်ဆုံး အားလုံးသော သတ္တဝါတွေကို မေတ္တာပို့ အမျှဝေလိုက်ပါ၊ ဒါမှအစောင့် အရှောက်များက ကူညီ၍ လိုအပ်သော ဆန္ဒ ပြည့်ဝသွားပါလိမ့်မယ်။

ဝိပဿနာဆိုတာ သူတော်ကောင်း အလုပ်ဖြစ် သဖြင့် သဘောထားကြီးရတယ်၊ မှက် ခြင် ယင် လေ အညှောင်းအညာ စသော ကိစ္စတွေကိုလဲ သည်းခံရတယ်၊ သူတစ်ပါးကိုလဲ သနားရတယ်။

အနည်းဆုံး တစ်နာရီလောက်တော့ ထိုင်ရာက မထဘူးဟု အဓိဋ္ဌာန်ပြု၍ ထွက်သက်ဝင်သက်အား ထုတ်ဖယ်ဆိုလျှင် ဝင်သက်ကစ၍ နှာသီးဖျားမှာ ဝင်လျှင် ဝင်တယ်၊ ထိလျှင် ထိတယ်၊ သိလျှင် သိဘယ်ဟုမှတ်၊ ထွက်ပြန်လျှင်လဲ ထိုနည်းအတူပဲ ထွက်လျှင် ထွက်တယ်၊ ထိလျှင် ထိတယ်၊ သိလျှင် သိတယ်ဟုရှု၊ ထွက်သက်ဝင်သက်ကတော့ အမြဲတမ်း အသက်ရှူရှိုက် နေရတာဖြစ်လို့ မပေါ်မရှိဘူး၊ ပူတာအေးတာ လှုပ်တာ ပေါ်လျှင်လဲ ပူတယ် အေးတယ် လှုပ်တယ်လို့ ရှုမှတ်နေရတာပါပဲ။

ဘုရားလောင်းများကျတော့ အလိုလို ပရိကံ ကိစ္စတွေက ပြီးနေလို့ ပရိကံပြုဖွယ်မလွယ်ဘူးဟု ဆိုတယ်။

"မဟာသတ္တာနံ ပရိကမ္မ ကိစ္စံ နာမနတ္ထိ" တဲ့။

တခြားပုဂ္ဂိုလ်များကျတော့ ပြုလုပ်ကြရတယ်၊ "ယောတတ္ထ ပရိကမ္မံ အာဒိ ကတွာ ဘာဝနာနယော ရတ္တော" လို့ မဇ္ဈိမပဏ္ဏာသ အဋ္ဌကထာမှာ မိန့်ဆိုထားတာရှိတယ်။

ဒါပေမယ့် ဒီပရိကံကိစ္စတွေ လုပ်မှ တရားရတယ်လို့တော့ မဆုံးဖြတ်နိုင်ပါဘူး၊ သူ့အကြောင်း အားလျော်စွာ ပြုလုပ်ထားမှ သင့်တော်မယ်ဆိုတဲ့ သဘောနဲ့ ကျမ်းဂန်များမှာ ပြထားခြင်း ဖြစ်ပါတယ်။

ပရိကံ ပုဗ္ဗကိစ္စ တစ်ခုမှ မပါဘဲ တရားသက်သက်အားထုတ်လို့ တရားရသွားကြတဲ့ ပုဂ္ဂိုလ်တွေလဲ အများကြီးရှိပါတယ်၊ လုပ်နိုင်လျှင်တော့ လိုလေသေးမရှိအောင် ကောင်းကြောင်းကိုသာ ပြဆိုထားကြတာ ဖြစ်ပါတယ်။

ပရိကံပုဗ္ဗကိစ္စ အခရေးကြီးတာမဟုတ်ဘူး၊ ဒါမလုပ်နိုင်သေးလို့ တရားမှတ်လို့ မဖြစ်သေးဘူးလို့တော့ မထင်ကြနဲ့၊ သူကအခရေးမကြီးဘူး တရားထဲစိတ်စွဲပြီး အမြဲရှုမှတ်နေဖို့က အခရေးကြီးတယ်။

တရားကို ရှုမှတ်တယ်ဆိုတာ ပါးစပ်က ဆိုနေရတာမဟုတ်ဘူး၊ ပူတာပေါ်ရင် ပူတယ်လို့ အေးတာပေါ်ရင် အေးတယ်လို့၊ လှုပ်တာပေါ်ရင် လှုပ်တယ်လို့ စိတ်ထဲက အမြဲသိနေရတယ်လို့ ဆိုလိုတယ်။

ခန္ဓာကိုယ်က အကြီးကြီး ဖြစ်နေတော့ အများကြီးဖြစ်နေတော့ ဝိုက်ကလဲ ပေါ်ချင်ပေါ်မယ်။ ခေါင်းကလဲ ပေါ်ချင်ပေါ်မယ်၊ ခြေကလဲ ပေါ်ချင်ပေါ်မယ်၊ ဘယ်နေရာကပေါ်ပေါ် ပေါ်တာကို မလွတ်တမ်း ရှုမှတ်နေရမယ်လို့ ဆိုလိုတယ်။

ရှုမှတ်ဖန်များတော့ ပူတာကရုပ်၊ သိတာကနာမ်၊ အေးတာကရုပ် သိတာကနာမ် လှုပ်တာကရုပ် သိတာကနာမ် ရယ်လို့ ရုပ်နဲ့နာမ်ကွဲသွားမယ်၊ မပေါ်လို့ ပေါ်အောင်လဲမကြိုးစားနဲ့ ပေါ်ပြီးလျှင်လဲ လိုက်မရှာနဲ့ ပေါ်ဆဲခဏသာ ပေါ်သလို လိုက်မှတ်ရတယ်။

## မိတ္တဝိန္ဒက အကြောင်း

ကဲ…ရှုမှတ်ပုံ ရှုမှတ်နည်းတွေ ဉာဏ်စဉ်တက်ပုံတွေ၊ ဘယ်ဝိသုဒ္ဓိ စခန်းသို့ ရောက်နေတယ်ဆိုတာတွေ ပြခဲ့တာများပါပြီ။

ကံ ဆန်းကြယ်ပုံ "ဝဋ်အမြဲ ငရဲအပ"ဆိုသလို ဝဋ်လိုက်ဘတ်ပုံအကြောင်း သိကောင်းစရာ ဝတ္ထုဇာတ်လမ်းလေး ဟောကြဦးစို့။

ဝိပဿနာတရား အဘိဓမ္မာတရားဆိုတာ ကိုယ်တိုင်အားထုတ်ထားတဲ့ လူကြီးများ၊ ယောဂီများနဲ့သာ တော်တယ်၊ ငယ်ရွယ်သူများကျတော့ ဝတ္ထု ဇာတ်လမ်းလေးမပါရင် ငိုက်မျဉ်းတတ်တယ်၊ သမ်းဝေတတ်တယ်။

ယမိုက် ပါဠိတော်တွင် စိတ္တယမိုက်ကို အင်ငိုက်တဲ့ဆေးလို့ အဋ္ဌကထာ ဆရာကြီးများတောင် ဖွင့်ပြကြတယ်။

ဒါကြောင့် တရားဟောရာမှာရော စာဖတ်ရာမှာရော စိတ်ပါကိုယ်ပါ ဖတ်ချင်လာအောင် ဝတ္ထု ဇာတ်လမ်းလေး အလွမ်းကလေး ပါအောင်ပြကြဦးစို့။

မိတ္တဝိန္ဒက အကြောင်းဆိုတော့ သိပြီး ပုဂ္ဂိုလ်များ ကြပါတယ်၊ ဒါပေမယ့် ဖြစ်ပျက်ပုံကထူး၊ ဝဋ္ဋ်သိုက်ပုံက ထူးလို့ ယခုကာလ ကိုယ်ချင်းမစာ ပြုလုပ်တတ်တာ များကြလို့ မှတ်သားစရာ ကောင်းသည့်အတွက် ဖော်ပြ ရခြင်း ဖြစ်ပါတယ်။

မိတ္တဝိန္ဒကဟာ ရှေးရှေးဘဝက သူ့ကို အလွန်ခင်မင်၍ သွားလေရာ အမြဲလိုက်နေသော ခွေးဝဲစား တစ်ကောင် ကို မညှာမတာ ရေထဲ အရှင်လတ်လတ် အုတ်ခဲဆွဲပြီး ချခဲ့ဖူးတယ်။

ဒီဘဝမှာလဲ သူ့ မိခင်ကြီးကို သူငယ်ချင်းများနဲ့ ကုန် ရောင်း ကုန်ဝယ် လိုက်ချင်တယ်လို့ ပူဆာတယ်။

ဒီတော့ မိခင်ကြီးက သူ့သားကို ချစ်ရှာလွန်းလို့ နောက်နောက်က ဒုက္ခ ရောက်ခဲ့တာတွေလဲ စဉ်းစား ကြံတွေး၍ စိတ်ကလဲ လေးနေတယ်။

ငါ့သား သွားချင်ပေမယ့် အမေ မလွှတ်နိုင်ဘူး သား ရယ်၊ မသွားပါနဲ့ အမေ တားပါရစေ၊ သွားလျှင် တစ်စုံ တစ်ရာ မလိုလားအပ်သော ဒုက္ခ မုချ ရောက်လိမ့်မယ်လို့ အမေ ထင်နေတယ်လို့ ပြောပြီး တားတယ်။

တစ်ကြိမ်မကဘူး သုံးကြိမ် ကျအောင် တားမြစ်ရှာ တယ်၊ ဒါပေမယ့် မရဘူး၊ သွားမှာပဲလို့ဆိုပြီး အတင်း ယွက်သွားတယ်၊ အမေဖြစ်သူက တံခါးဝမှာ လက်ကာပြီး တားရှာတယ်၊ အမေကို အတင်း တွန်းလှဲပြီး မောင်းမဲ ဆဲဆိုကာ ထွက်သွားတယ်။



ထိုစဉ် ရှေးအခါက တစ်ရွာနဲ့တစ်ရွာ တစ်မြို့နဲ့တစ်မြို့ ကုန်ရောင်းကုန်ဝယ် သွားကြတယ်ဆိုတာ ကုန်းလမ်းမှာ လှည်းနဲ့ သွားရတယ်၊ ရေလမ်းမှာ ရွက်လှေကြီးနဲ့ သွားကြရတယ်။

မိတ္တဝိန္ဒကတို့ သွားမယ့် နေရာက ရေလမ်းဖြစ်နေတော့ ရွက်လှေကြီးနဲ့ သွားကြတယ်၊ ပင်လယ်ထဲကျတော့ ဘယ်လောက် လေလာ လေလာ ဘယ်လောက်ကြီးတဲ့ ရွက်ကြီးနဲ့ တိုက်တိုက်၊ မကြိုက်သူပါတော့ လှေဟာ ဆိုက်တန့်ကာ ရပ်နေတယ်။

ဘယ်လို လုပ်လုပ် မရဘူး မသွားတော့ဘူး၊ ဒါနဲ့ လှေသူကြီး မာလိန်မှူးက ဒီတစ်ခါ အတော် ထူးတယ်ဟေ့၊ ဒီလှေကြီးဟာ ဘယ်အခါသွားသွား ဘာမှ ဖြစ်တာမဟုတ်ဘူး၊ လှေကြီးမှာလဲ ကွဲခြင်း အက်ခြင်း မရှိဘူး။

ဒီလှေပေါ်မှာ သူယုတ်မာ ပါလာတယ်လို့ ထင်တယ်၊ ထုံးစံအတိုင်း မဲချပြီး ရေစာကျွေးမှ ဖြစ်မယ်ဟု ပြောတော့ အားလုံးကလဲ တစ်ယောက်အတွက် လူတွေ အားလုံး အသက် အဆုံးရှုံး မခံနိုင်ဘူး၊ မာလိန်မှူး ပြောတာ သဘောတူတယ်ဆိုပြီး မဲချကြတယ်။

မဲချတော့ မိတ္တဝိန္ဒကပဲ ကျတယ်၊ ဒီတော့ မိတ္တဝိန္ဒကက မဲချတာဟာ တစ်ခါတည်းဆိုတော့ မသေချာပါဘူး၊ မျက်နှာလိုက်ပြီး မတရား မဲချတယ်လို့ ထင်စရာ စွပ်စွဲစရာ ရှိပါတယ်၊ အရေးကိစ္စကလဲ သေးလှတဲ့ ကိစ္စ မဟုတ်ပါဘူး။ အသက်ဘေး ကိစ္စ ဖြစ်ပါတယ်။

သို့အတွက် သေချာ ရေရာအောင်ဟာ ထပ်ပြီး မဲချဖို့ ကောင်းပါတယ်လို့ တောင်းပန်တော့ အားလုံး သဘောတူကြသဖြင့် ထပ်ပြီး မဲချတယ်၊ မိတ္တဝိန္ဒကပဲ ထပ်ပြီး မဲကျပြန်တယ်။

ဟာ....ကျွန်တော် မကျေနပ်သေးဘူးဗျာ သုံးခါစေ့အောင်တော့ လုပ်ပါလို့ ထပ်ပြီး တောင်းပန်သည့်အတွက် သူ့ကို ငဲ့ကွက်၍ သုံးကြိမ်မြောက်အောင် မဲချရပြန်တယ်၊ မိတ္တဝိန္ဒကပဲ ကျပြန်တယ်။

ဒီတော့ အားလုံးက ဒီအကောင် သူယုတ်မာပဲ တို့တစ်တွေ သူ့အတွက် အသေမခံနိုင်ဘူး၊ တို့လှေကြီး သွားအောင် ဒီအကောင်ကို ရေဘီလူးစာ ကျွေးကြစို့ ဆိုပြီး ကြိုးနဲ့ တုပ်နှောင်၍ ရေထဲ ပစ်ချလိုက်ကြတယ်။

သူ့ကို ပစ်ချလိုက်သည်နှင့် တစ်ပြိုင်နက် လှေကြီးဟာ အသက် ဝိညာဉ်ရှိသည့်ပမာ တစ်ခါတည်း ရှဲရှဲရှဲရှဲနဲ့ ဆွဲထွက်သွားတယ်။

မိတ္တဝိန္ဒကရဲ့ အကုသိုလ်ကံဟာ မကုန်သေးတော့ ရေထဲ ကြိုးနဲ့တုပ်ပြီးစုတ်ခနဲနေအောင် ပစ်ချလိုက်တာတောင် မသေသေးဘူး၊ ဖောင်ကလေးတစ်ခုနဲ့ တွယ်မိပြီး မျောပါသွားတယ်။

သူချားတကာ ''သေကံမရောက် သက်မပျောက်'' ဆိုတာကတော့ ကံကောင်းလို့၊ သူ့ခမျာ သေကံမရောက်တာက ငရဲခံရဖို့ ကြုံ သွာတယ်။

ဒီလိုနဲ့ ဖောင်ကလေး တွယ်ကပ်ပြီး မျောပါသွားရာ ဘယ်ရောက် လာသလဲဆိုတော့ ငရဲသူ ငရဲသားတွေ ငရဲ ခံနေရတဲ့ ကျွန်းတစ်ကျွန်း ရောက်သွားတယ်။

ထိုအခါ ငရဲခံနေရတဲ့ ငရဲသားတစ်ယောက်ရဲ့ ခေါင်း ပေါ်မှာ သင်ဓုန်းစက် တစ်ချောင်းက တပြောင်ပြောင် ခုတ်၍ ဆံပင်တွေ ပြုတ်ကျလျက် ကုပ်ဆက်က သွေးတွေ ကလဲ ထွက်ပြီး အဆက်မပြတ် တရစပ် သွေးရဲရဲ သံရဲရဲ ရွှဲ နေတာ မြင်ရတော့-

သူ့စိတ်ထဲမှာ ဘယ်လို ထင်သလဲဆိုတော့ တသွင်သွင် စီးကျနေတဲ့ သွေးတွေ ပန်းနေတာကို ရွှေပန်း ထင်လာ သဖြင့် အလွန်တရာ လှပပါကလား ထင်သွားတယ်။

ဤ လှပသော ပန်းတွေကို ငါ့ခေါင်းပေါ်မှာ ပန်ရ လျှင် ဟန်ကျမှာပဲဟု အထင်စွဲသွားတယ်။ အကုသိုလ်ကံ က ကျန်သေးတော့ မကောင်းတာကို အကောင်းထင်ရှာ တယ်၊ ယခုကာလလဲ ဒီလို အထင်မျိုးတွေ အများကြီး ရှိသနော်၊ စဉ်းစားကြ ဝေဖန်ကြ ပျက်စီးချင်ပလားဆိုလျှင် မကောင်းတာ အကောင်း ထင်တတ်တယ်။

ဒါကြောင့် ယခုအခါ''ငရဲပန်း ရွှေပန်းထင်တယ်''လို့ ပြောကြတာဟာ ဒီကစ ပေါ်လာတယ်လို့ ဆိုကြတယ်၊ မိတ္တဝိန္ဒက စိတ်ထဲက အလွန်ပဲ လှပတယ်လို့ ထင်တယ်။

ရွှေရောင်တွေ တောက်ပလျက် ကိုယ်ကာယ တစ်ခုလုံး ရွှေရည်တွေမှုန်းပြီး ရွှေတုံးကြီးပမာ ကျက်သရေ မင်္ဂလာ ရှိတယ်လို့ ထင်နေရှာတယ်။

အထင်မှား အမြင်မှားဟာ တယ်ကြောက်စရာကောင်းတယ်နော်၊ ပုထုဇဉ် သဘာဝ မိန်းမရယ် ယောကျ်ားရယ် ချောတယ် လှတယ် ထင်နေတာက သာပြီး ကြောက်စရာကောင်းသေးတယ်၊ အပုပ်ဆန်တဲ့ ရုပ်နာမ်ကို အဟုတ်အမှန် ထင်လာကြလို့ ယခုထိ သံသရာဝဋ်မှ မလွတ်နိုင်ကြတာပဲ၊ အထင်မှား အမြင်မှား သက္ကာယဒိဋ္ဌိ တရားတွေပါပဲ။

မိတ္တဝိန္ဒက အထင်မှားတာလဲ အမေကို တွန်းလှဲပြီး ဆွဲပစ်ခဲ့သဖြင့် အမေမှာ ပက်လက်လန်၍ အသက်လေး ငွေ့ငွေ့ကျန်ရစ်ခဲ့တဲ့ အကုသိုလ်ကံရဲ့ အပြစ်တွေပါပဲ။

ဒီလိုနဲ့ မိတ္တဝိန္ဒကဟာ ငရဲပန်းကြီး ရွှေပန်းထင်တော့ ငရဲသားကြီးရဲ့ အနားမှာ ကပ်ပြီးလျှင် "မောင်ရင်ရယ် အသင့် ခေါင်းပေါ်မှာ ပန်သားတဲ့ ရွှေပန်းကြီးကို ကျွန်ုပ်ထံ အမြန် ကမ်းလိုက်စမ်းပါ၊ အစဉ် မပေးနိုင်တောင် ဘဝင်အေးရုံကလေး ခဏပေးပါ"ဟု တောင်းပန်တယ်။

ဒီတော့ ငရဲသားက သူ့ကို သနားလို့ ငရဲပန်း ဖြစ်ပါတယ်၊ ရွှေပန်းအဖြစ် မထင်ပါနဲ့၊ သင်မုန်းစက်ငရဲ ခေါ်တယ်လို့ ပြောရှာပါသေးတယ် မရဘူး။

သင်က အလွန်တရာ နှမြောတတ်တာကိုး၊ ကျွန်ုပ်ကို မပေးချင်လို့ ပြောနေတာ သိပါတယ်။ကျွန်ုပ်က ဒီလောက် လှတာကြီး အပိုင်စီးမယ်လို့ မထင်ပါနဲ့၊ ခဏခေတ္တ ပန်ကြည့်ပါရစေလို့ တောင်းပန်တာပါဟု ပြန်ပြောတယ်။

ဒီတော့ ငရဲသားကလဲ အကုသိုလ်ကံ အဟုန် ကုန်လို့ အပြီး၊ သူက ခံရခါနီး ဆိုသလို ဖြစ်တော့ မိတ္တဝိန္ဒက မတွေ့ ခင်က "မ" လို့ မရတဲ့ သင်ဝုန်းစက်ကြီးကို တစ်ခါတည်း အသာအယာမ,ပြီး မိတ္တဝိန္ဒကရဲ့ ခေါင်းပေါ်သို့ တင်ချ လိုက်တယ်။

ဒီတော့မှ "အမယ်လေး ကယ်ကြပါဦး၊ ကျွန်ုပ် ထင်တဲ့ ရွှေပန်း မဟုတ်၊ လည်ကုပ်ကို ဖြတ်လှမ်းတဲ့ အသေပန်းကြီး ပါလား" ဟု သနားစရာ ငိုကြွေးရ ရှာပါ တယ်။

မိတ္တဝိန္ဒကဟာ မြင်းမိုရ်တောင်ဦး မကကျူးတဲ့ ကျေးဇူး ရှင် မိခင်ကြီးကို ပြစ်မှားတဲ့ အပြစ်က သေသည့် အဖြစ် မစောင့်ခဲ့ဘဲ၊ ဒီဘဝမှာပဲ ငရဲပန်း ရွှေပန်း ဆင်ပြီး သင်ဝုန်းစက် ငရဲကြီးမှာ အကုသိုလ်ကံ မကုန်မချင်း လည် စင်းပြီး ခံနေရရှာတယ်။

ဒါကြောင့် ယခုခေတ်မှာ ကံကို ယုံရမှာလား ကံယုံပြီး ဆုံးပုံနှင်းလျှင် မစူးဘူးလား စသည်ဖြင့် မြတ်စွာဘုရား၏ မြင်းမိုရ်တောင်အလား ကြီးမားတဲ့ သဗ္ဗညုတ ဉာဏ်ကြီးကို တစ်ဆွာလောက် ဉာဏ်ကလေးနဲ့ နှိုင်းစာ၍ ဆွေးနွေး ဝေဖန်ကြတယ်။

ဝိနည်းဘုရားတော်ထဲမှာလဲ စာရိဋ္ဌ ရဟန်းဟာ သူ့ ဉာဏ်လေး တစ်ဆွာလောက်နဲ့ ပိုးဖဲကတ္တီပါ အတွေ့တော့ ခွင့်ပြုဘယ်၊ မိန်းမနဲ့ အတွေ့တော့ ခွင့်မပြုဘူး၊ အတူတူ

အတွေ့ချင်းပဲ ခွင့်ပြုအပ်ရမယ်လို့ ဝေဖန်နေသည့် အတွက် သိက္ခာပုဒ်ပညတ်ရတဲ့ အဖြစ် ရှိပါတယ်။

ကံနဲ့ဉာဏ်အရာမှာ မကြံစည်ကောင်း မကြံစည်အပ်တဲ့ အစိန္တေ တဗ္ဗတရားထဲ ပါနေပါတယ်၊ ဒါကြောင့် "ဉာဏ် မမီလျှင် မကြံစည်နဲ့"လို့ ဆိုကြပါတယ်။

"ကမ္မကမ္မဖလံသဒ္ဒဟိတွာ ကတံ သမ္ပဇာနာ ကတံနာမ" လို့ အဋ္ဌသာလိနီ အဋ္ဌကထာမှာ မိန့်ဆိုထားသည့်အတိုင်း ဆင်ခြင်၍ ပြုလုပ် ပြောဆိုတယ်ဆိုတာ ကံ ကံ၏အကျိုးကို ယုံကြည်ပြီး ပြုလုပ်ပြောဆိုတာကို ခေါ်တယ်။

ကံနှင့်ကံ၏ အကျိုးကို ယုံကြည်တယ်ဆိုတာလဲ ကုသိုလ် ပြုလိုက်လျှင် ဒီကုသိုလ်စေတနာဟာ ချုပ်သွားသော်လဲ၊ သူရဲ့ ကမ္မသတ္တိ အာသေဝနသတ္တိ ဉပနိဿယသတ္တိလေးကို မြှုပ်နှံ၍ ချုပ်သွားကြတာ ဖြစ်တယ်။

တစ်နေ့ကျ အခွင့်ရလျှင် အကျိုးပေးလိမ့်မယ်၊ ဝိပါက် ကြီးသာဘို့လို ချုပ်ပြီးလျှင် သူ့ကိစ္စပြီးသွားတာမျိုး မဟုတ် ဘူးလို့ ယုံကြည် ခံယူတာကို ကမ္မဿကတဉာဏ် ကံကို ယုံကြည်တယ်လို့ ခေါ်တယ်။

ဒါကြောင့် နိဗ္ဗာန် မရသေးသမျှ ကံ ဟောင်း တွေ သတ္တဝါဘိုင်းမှာ အများကြီး လှည်းနဲ့တိုက်လို့ မကုန်အောင် ရှိနေဘယ် ဆိုတာ ယုံကြည်ရတယ်။

"အပရာပရိယဝေဒနီမှတွော သတ္တောနာမနတ္ထိ" တဲ့။

ဒါကြောင့် ဒီတရားစာမှာ "ကံသာပဓာန နိဗ္ဗာန်ရဲ" လို့ အမည်ပေးထားသည့်အတိုင်း ကောင်းတဲ့ကံရော၊ မကောင်း

တဲ့ ကံရော ကိုယ်ပြုလုပ်ထားသမျှ အဟောသိကံ မဖြစ်သရွေ့ တစ်နေ့ကျ အကျိုးပေးမှာပဲလို့ ယုံကြည်ကြရမယ်။ လူသာ ပဓာန ဆိုတာမျိုးပေါ့။

ဒါကို ရည်ရွယ်၍ တရားအစမှာ....

ကမ္မာ၊ ကောင်းဆိုးနှစ်တန် ကုသိုလ်ကံ အကုသိုလ်ကံ နှစ်ပါးကြောင့်။ ဝိပါကာ၊ အကျိုးတရားတို့သည်။ ဝတ္တန္တိ၊ တိုးပွား ဖြစ်ပေါ်၍ လာကြကုန်၏။ ဝိပါကော၊ အကျိုးတရား အမျိုးမျိုး အစားစားတို့သည်လည်း။ ကမ္မသမ္ဘဝေါ၊ ဘယ်ဘုရား ဘယ်သိကြားမှ ဖန်ဆင်းထားသည် မဟုတ် မိမိ ပြုလုပ်သော ကံအကြောင်းခံ၍သာ ဖြစ်ပေါ်၍ လာကြ၏လို့ ဆိုထားပါတယ်။

ယခု ပြောခဲ့တဲ့ မိတ္တဝိန္ဒက အကြောင်းကတော့ အကုသိုလ်ကံကြောင့် ခံရပုံကို ပြောတာ ဖြစ်ပါတယ်၊ ကုသိုလ်ကံအရာမှာလဲ အရှင်အနုရုဒ္ဓါ၊ အန္နဘာရ လုလင် ဖြစ်စဉ်က လှူခဲ့တဲ့ ကုသိုလ် ကံကြောင့် ဘဝပေါင်း များစွာ လှူပြည် နတ်ပြည် လူ့စည်းစိမ်၊ နတ်စည်းစိမ်တွေကို ခံစား စံစားပြီး တို့ဘုရားလက်ထက် နိဗ္ဗာန် ယူသွားတာတွေ စသည် အများကြီး ရှိပါတယ်။ ဒါကြောင့် ကံသာ ပဓာန ယုံကြည်ကြသော အားဖြင့် သာဓု သုံးကြိမ် ခေါ်နိုင်ကြပါစေ။

သာဓု....သာဓု....သာဓု။

ကံသာပဓာန နိဗ္ဗာန် တရားတော် ပြီး၏။

## သိက္ခာသုံးရပ် အကျင့်မြတ် တရားတော်

ယောစပုညဥ္စ ပါပဉ္စ၊ ဗာဟိတွာ ဗြဟ္မ စရိယံ။
သင်္ခါယလောကေစရတိ၊ သဝေဘိက္ခုတိ ဝုစ္စတိ။

လောကေ၊ လောကကြီးထဲ၌။ယော+စ၊ အကြင် နိဗ္ဗာန်လိုလားသော ယောဂီ ပုဂ္ဂိုလ်များသည်။ ပုညဉ္စ၊ တဏှာ သုံးတန် အရင်းခံသော ကုသိုလ် တရားကို လည်းကောင်း။ ပါပဉ္စ၊ တဏှာ မာန ဒိဋ္ဌိ စရှိ တသင်း အတွင်းဘေးရန် အရင်းခံသော အကုသိုလ် တရားကို လည်းကောင်း။ ဗာဟိတွာ၊ အသိတရားဖြင့် ပယ်ရှား၍။ ဗြဟ္မစရိယံ၊ သီလ သမာဓိ ပညာ သုံးဖြာသော အကျင့်မြတ် တရားကို။ သင်္ခါယ၊ အနိစ္စ ဒုက္ခ အနတ္တ အားဖြင့် မှတ်သားဆင်ခြင်၍။ စရတိ၊ လုံ့လ ကြိုးကုတ် အားထုတ် ကျင့်ကြံ၏။ သော၊ ထိုသို့သော ပုဂ္ဂိုလ်များသည် သာလျှင်။ ဝေ၊ စင်စစ် အမှန်ကေန်အားဖြင့်။ ဘိက္ခုတိ၊ သံသရာဘေး ခံရမည့် အရေးကို မျှော်တွေး ထောက်ရှုသော ဘိက္ခု

ဟူ၍။ ဝိစ္စတိ၊ မုချကေန် အမှန် ခေါ်ရလေတော့သဘာည်း။

သာဓု....သာဓု....သာဓု....။

ပုဒ္ဓရာကာသပ မင်္ဂလိဂေါ်သာလ စသော တိတ္ထိရဟန်းကြီးများထံ ရဟန်းခံလာတဲ့ တိတ္ထိရဟန်း တစ်ပါးက မြတ်စွာဘုရားထံ လာရောက်၍ လျှောက်ထားတယ်။ ဘုန်းတော် ကြီးမားတော် မူသော မြတ်စွာဘုရား တပည့်တော်သည် အရှင်ဘုရား၏ တပည့်သားများကဲ့သို့ အဝတ်အစားမှာလည်း ဖန်ရည်ဆိုးထားသော အဝတ်များကို ဝတ်ပါတယ်၊ ဆွမ်းကိုလည်း ရှာစဉ် လျှောက်ပြီး ဆွမ်းခံ၍ စားပါတယ်၊ မုတ်ဆိတ်ကျင်စွယ်ကိုလည်း ပယ်ပြီးသား ဖြစ်ပါတယ်၊ သို့အတွက် တပည့်တော်တို့ကို ငဲ့ကွက်၍ "ဟေဘိက္ခု" ရဟန်း အဖြစ် အသိအမှတ် ပြုတော်မူပါ ဘုရားဟု လျှောက်ထားသည့် စကားအရ မြတ်စွာဘုရားက ဖြေကြားတော်မူတဲ့ ဒေသနာ တရားတော်ကြီး ဖြစ်ပါတယ်။

ရဟန်းဆိုတဲ့ ဘိက္ခုအမည်ဟာ တဏှာသုံးတန် ခြံရံ၍ ကုသိုလ်ကောင်းမှု ပြုနေတဲ့ ပုဂ္ဂိုလ်၊ တဏှာမာနဒိဋ္ဌိ၊ အစွဲသုံးပါးနဲ့ အကုသိုလ်တရားတွေ ပြုနေတဲ့ ပုဂ္ဂိုလ်မျိုးဟာ ဘယ်လို ဖန်ရည်ဆိုးတဲ့ အဝတ်ကြီး ဝတ်ထားထား ဘယ်လို ဆွမ်းခံစားစား မုတ်ဆိတ် ကျင်စွယ်တွေ

ဘယ်လို ရိတ်ထားထား အစစ်အားဖြင့် ဘိက္ခုလို့ မခေါ်ရဘူး။

သီလ သမာဓိ ပညာ သုံးဖြာသော အကျင့်မြတ်ကို ကျင့်ကြံ၍ ခန္ဓာကိုယ်အတွင်း သမာဓိသွင်းပြီးလျှင် ပေါ်လာသမျှ သင်္ခါရ တရားတွေကို အနိစ္စ ဒုက္ခ အနတ္တအားဖြင့် မှတ်သား ဆင်ခြင်နေတဲ့ ပုဂ္ဂိုလ်မျိုးမှ ဘိက္ခုဟု ခေါ်လို့ ရတယ်၊ ဒါမှ သံသရာဘေးကို တွေးရှုနေတဲ့ ပုဂ္ဂိုလ်လို့ ဆိုရတဲ့ အကြောင်း ပြန်ပြောင်းပြီး ဟောကြားတော်မူပါတယ်။

လောကကြီးအတွင်း မှီကင်း နေထိုင်ကြတဲ့ သတ္တဝါတွေဟာ အလွန်တရာ အံ့ဩစရာ ဆန်းပြား ထူးထွေ ဖြစ်နေကြတယ်၊မြတ်စွာဘုရား သက်တော်ထင်ရှား ရှိနေစဉ်ကပင် အခြား အယူမှားတွေ ယူနေကြတဲ့ ပုဂ္ဂိုလ်တွေလဲ အများကြီး ရှိတာပဲ။

သေသေချာချာ စဉ်းစားကြည့်လျှင် ယခုလို သာသနာ တစ်ဝက်ကျော်၍ သာသနာ မှေးမှိန်နေတဲ့ အခါမှာ ဘုရားကို ပြစ်မှားကြတာ တရားကို ပြစ်မှားကြတာ သံဃာတော် အရှင်မြတ်များကို ပြစ်မှားကြတာဟာ အထူးအဆန်း မဟုတ်လှပါဘူး၊ ဖြစ်မြဲတံထွာ ဓမ္မတာ တရားတွေပါပဲ။

ဒါပေမယ့် အလွန် တွေ့ကြုံရခဲတဲ့ လူ့ပြည်ကြီးတွင် မြန်မာ နိုင်ငံတော်သည် ဗုဒ္ဓဘာသာ နိုင်ငံတော်ကြီး ဖြစ်နေသည့်အတိုင်း ဗုဒ္ဓဘာသာ တရားဌာနတွေ တရားပြတဲ့ ရိပ်သာတွေ အများကြီး ထွန်းကားနေသည့် အခိုက်မှာ

အမှားလိုက်၍ ဘုရားမကြိုက်တဲ့ အလုပ်တွေ လုပ်မိကြမှာ စိုးရိမ် ပူပန်မိသည့်အတွက် သတိပေးတဲ့ အနေဖြင့် ရေးသား တင်ပြနေရခြင်း ဖြစ်ပါတယ်။

တကယ် အဖိုးတန်တဲ့ ဗုဒ္ဓဘာသာ လူမျိုးဖြစ်လာပြီ၊ ဘုရား တရား သံဃာ အရေးကို ကျောပေးပြီ အလေးမထား ဂရုမစိုက် ဒုစရိုက်တရားတွေ လိုက်စားပြီး မိုက်မှားနေကြလျှင် "အဖိုးထိုက်လျက် မန္တက်ယူလျှင် အမိုက်နှင့် ပြင်ရှိဦးမှာတဲ့လား"လို့ ဆိုတဲ့ စကားသို့ မဖြစ်စေလိုသည့်အတွက် တောင်းပန် တိုက်တွန်းနေခြင်း ဖြစ်ပါတယ်။

ဗုဒ္ဓဘာသာ အမည်ခံပြီး မိရိုးဖလာ ဗုဒ္ဓဘာသာ မဖြစ်စေချင်ဘူး၊ မလေးမစား သေးသေးမွှားမွှား သဘောမထားစေချင်ဘူး၊ အပျင်းပြေ ရသေ့စိတ်ဖြေ ပြောကောင်း ဆိုကောင်းရုံလောက်သာ စိတ်မထားစေချင်ဘူး၊ ဘာသာ မရှိဘူး ဆိုတာ ပြောရမှာ ဝန်လေးနေလို့ လုပ်နေတဲ့ အဖြစ်မျိုးလောက် မရောက်စေချင်ဘူး။

"ဗုဒ္ဓဘာသာအစ သရဏဂုံက" ဆိုသည့် အတိုင်း ဘယ်နေရာနေနေ၊ ဘယ်ကိုပဲသွားသွား၊ ဘာကိုပဲလုပ်လုပ် တကယ်အဟုတ် ကြည်ညိုပြီးလျှင် ရတနာသုံးပါးသာ ကိုးကွယ်ပါ၏၊ ဆည်းကပ်ပါ၏၊ ယုံကြည်ပါ၏၊ အားထားပါ၏၊ အသက်ကိုပါ အပ်နှင်းပါ၏၊ သေလောက်တဲ့ အကျဉ်းအကျပ်နဲ့ တွေ့တွေ့ မမေ့ပါဘူး၊ မစွန့်လွှတ်ပါဘူးဟု အထူးအမြတ် ထားစေလိုတယ်။

ဒါမှသာ ဗုဒ္ဓဘာသာအစစ်လို့ ခေါ်ရတယ်၊ ဘုရား တရား သံဃာမှတစ်ပါး ကိုးကွယ်အားထားစရာ မရှိပါဘူးဟု အထူးလေးစားပြီး ယုံကြည်ကိုးကွယ်မှ ဗုဒ္ဓဘာသာအစစ် ဖြစ်တယ်။

ဗုဒ္ဓဘာသာအယူဆိုတာ ဘုရားယူသလိုယူမှ ဗုဒ္ဓဘာသာ ဖြစ်တယ်၊ ဒါကြောင့် တိတ္ထိ ရဟန်းတစ်ပါးက တပည့်တော် သက်န်းဝတ်ထားပါတယ်၊ ဆွမ်းခံစားပါတယ်၊ ခေါင်းတုံး ရိတ်ပြီး မုတ်ဆိတ်ပယ်ထားပါတယ်၊သို့ဖြစ်၍အရှင်ဘုရား၏ တပည့်အား ဘိက္ခုတစ်ပါးလို့ အမှတ်အသားပြုပါဟု လျှောက်တော့ ငါဘုရားအယူအတိုင်း မယူသေးလျှင် ဘိက္ခုလို့ မဆိုရဘူးဟု မိန့်တော်မူခြင်း ဖြစ်တယ်။

ဒီတော့ ဘုရားအယူက သီလ သမာဓိ ပညာ အကျင့် သိက္ခာရှိရမယ်လို့ ယူတယ်၊ တို့တစ်တွေက သီလကလဲ တစ်ပြားသားမှမရှိ၊ သမာဓိကလဲ ဝေလာဝေး၊ ပညာအရေးကလဲ တစ်ရွေးမှ နားမလည်၊ထင်ရာ မြင်ရာ လုပ်နေမယ်ဆိုလျှင် အဘယ်မှာ ဗုဒ္ဓဘာသာဖြစ်မှာလဲ၊ ဗုဒ္ဓဘာသာ အတုအယောင်သာဖြစ်မယ်၊ အမည်ခံသာ ဖြစ်မယ်။

ဘုရားအယူက စကြဝဠာ ကမ္ဘာအနန္တ ရှိရှိသမျှ လူတွေ နတ်တွေ ဗြဟ္မာတွေ တိရစ္ဆာန်တွေ သစ်ပင် တောတောင် ရေမြေ သမုဒ္ဒရာတွေဟာ ရုပ်နာမ်သာရှိတယ်လို့ ယူတယ်။

ခင်ဗျားတို့ ကျုပ်တို့က လူတွေ နတ်တွေ ဗြဟ္မာတွေ တိရစ္ဆာန်တွေ သစ်ပင် တောတောင်ရေမြေ သမုဒ္ဒရာတွေဟာ ရှိနေတယ်လို့ ယူရင် အယူချင်း တူပါ့မလား မတူ

ဘူး၊ မတူသေးလျှင် ဘုရားယူတဲ့အတိုင်း မယူလို့ ဗုဒ္ဓဘာသာအစစ် မဖြစ်သေးဘူး။

ဘုရားအယူက ဖြစ်ပျက်သမျှ သင်္ခါရတရားတွေဟာ မမြဲဘူး၊ ဆင်းရဲတယ်၊ ကိုယ်ပိုင်မဟုတ်ဘူးလို့ ယူတယ်၊ ကျုပ်တို့ဘစ်တွေက မြဲတယ်၊ ချမ်းသာတယ်၊ ကိုယ်ပိုင်ဥစ္စာလို့ ထင်တယ်၊ အယူချင်းတူရဲ့လား မတူဘူး။

ဘုရားအယူက မှန်သလား၊ အများယူကြတာက မှန်သလား သေချာစွာ ဆန်းစစ်ကြည့်၊ ဆန်းစစ်ကြည့်ဆိုတာ ပကတိမျက်စိနဲ့ မကြည့်နဲ့ ပညာမျက်စိနဲ့ ကြည့်လို့ ဆိုတာ။

ဘယ်လို ကြည့်ရမလဲဆိုလျှင် အများက ငယ်ငယ်တုန်းက မောင်ဖြူဟာ ကြီးလာသောအခါ ငယ်ငယ်တုန်းက မောင်ဖြူလို့ ဆိုတယ်၊ ဘုရားက မဟုတ်ဘူးလို့ ဆိုတယ်၊ ဉာဏ်ဖြင့် စဉ်းစားလိုက်သောအခါ ငယ်ငယ်တုန်းက မောင်ဖြူသာ မှန်ရင် ငယ်ငယ်တုန်းက အရပ်နှစ်ပေသာ ရှိတယ်၊ ယခုအရပ် သေး ငါးပေလောက်ရှိတယ်၊ ငယ်ငယ်တုန်းကဦးခေါင်း ဥသျှစ်သီးလောက်သာ ရှိတယ်။ ယခုအုန်းသီးလောက် ကြီးလာဘယ်။ မပြောင်းလဲရင် အတူတူသာ ရှိရမယ်။ ပြောင်းလဲ ဖောက်ပြန်လို့ မတူတာဘဲလို့ သိသွားတာမျိုး၊ ဉာဏ်သိ ခေါ်တယ်။ ဉာဏ်အမြင် ခေါ်တယ်။ ဒါကြောင့် ဘုရားအယူက မှန်တယ်၊ အများ အယူကမှားတယ်လို့ သိရမယ်။

ဒါကြောင့် အယူမှန်ကို ယူချင်လျှင် သရဏဂုံတည်အောင်လုပ်ကြ၊ အယူ သီးခြား မရှိသူများ ဗုဒ္ဓဘာသာဖြစ်လိုလျှင် သရဏဂုံကို အရင် ဆောက်တည်ရတယ်။

အယူမှား မိစ္ဆာဒိဋ္ဌိ ယူထားသူများလဲ သမ္မာဒိဋ္ဌိ ဗုဒ္ဓဘာသာ ဝင်လိုလျှင်လဲ သရဏဂုံကပင် စရတယ်။ ဒါကြောင့်–

၁။ ဗုဒ္ဓဘာသာအစ သရဏဂုံက ဟူ၍လည်းကောင်း၊

၂။ သာသနာအစ သရဏဂုံက ဟူ၍လည်းကောင်း၊

၃။ နိဗ္ဗာန်အစ သရဏဂုံက ဟူ၍လည်းကောင်း ဆရာ ဆရာတော်ကြီးများက မိန့်ဆို ထားကြတယ်။

ဒါဖြင့် သရဏဂုံ တည်ရအောင် သရဏဂုံ မြဲအောင် ဘယ်လိုလုပ်ရမလဲလို့ မေးစရာ ရှိတယ်။

ရှေးဦးစွာ "ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ–ဓမ္မံ သရဏဂစ္ဆာမိ–သံဃံသရဏံ ဂစ္ဆာမိ"ဟူ၍ သုံးကြိမ်သုံးခါ စိတ်ထဲက ဘုရားဂုဏ်၊ တရားဂုဏ် သံဃာတော်မြတ်များ ဂုဏ်ကို အာရုံပြု၍ ဘုရားရုပ်ပွားတော်များ ရှေ့မှာ ဖြစ်စေ သက်တော်ထင်ရှား ရှိနေတဲ့ သမ္မုတိ သံဃာတော်များ ရှေ့မှာ ဖြစ်စေ ဆောက်တည်ရတယ်။

ဒါကြောင့် ယခု ကာလ ငါးပါးသီလ၊ ရှစ်ပါးသီလ ဆယ်ပါးသီလ ယူကြတဲ့အခါမှာ ရှေးဦးစွာ သရဏဂုံကို သံဃာတော်မြတ်များက ဆောက်တည်ပေးကြရပါတယ်။

သီလဆိုတာ ရှောင်ကြဉ်ရတဲ့ ကိစ္စ ဖြစ်နေတော့ သရဏဂုံ မယူဘဲ ဆောက်ဘည်ရင်လဲ ရပါတယ်၊ ဗုဒ္ဓဘာသာဝင် မဟုတ်လဲ သီလ ဆောက်တည်လို့ ရပါတယ်၊

ဒါပေမယ့် သရဏဂုံတည်ပြီးမှ ဆောက်တည်တဲ့ သီလကား အထူးမြတ်တယ်၊ အကျိုးပေး ပိုထူးတယ်၊ ဒါကြောင့်

သူ့ကို အရှင် ဆောက်တည်ရတယ်၊ ဒါပေမယ့် ပါးစပ်က သာ ဆောက်တည်ပြီး မလိုက်နာလျှင်တော့ အကျိုးမများ ပါဘူး၊ ဗုဒ္ဓဘာသာ အတုအယောင်ဆောင်သာ ဖြစ်မှာ ပါပဲ။

ဒါဖြင့် သရဏဂုံမြဲအောင် ဘယ်လိုလုပ်ရမလဲ၊ မေး စရာရှိတယ်၊ သာမန် ပုဂ္ဂိုလ် အနေနဲ့တော့ မြဲဖို့မလွယ် ဘူး၊ ဝိပဿနာတရား အားထုတ်၍ နာမရူပ ပရိစ္ဆေဒ ဉာဏ် ရောက်လျှင်တော့ မြဲတယ်လို့ ဆိုရတယ်၊ ဒါကြောင့် အဲဒီဉာဏ်ထိ ပေါက်တဲ့ ပုဂ္ဂိုလ်များဟာ သောတာပန် အငယ်စား စူဠသောတာပန်လို့ ခေါ်ကြတယ်။

စူဠသောတာပန် ပုဂ္ဂိုလ်ဟာ ဒိဋ္ဌိကို အရှင်းမပယ်နိုင် သေးသော်လည်း ဝိပဿနာပုဗ္ဗဘာဂမဂ်သည် သူ့မှာ အမြဲ တည်နေသောကြောင့် မည်သူမျှ ဖျက်ဆီးလို့ မရနိုင်တော့ သဖြင့် သုဂတိ ခုနစ်ဘုံသို့ ဧကန်မုချ ရနိုင်သည်ဟု ဆိုရ တယ်။

ရုပ်နာမ် သင်္ခါရ တရားတွေကို အနိစ္စ ဒုက္ခ အနတ္တ လက္ခဏာအားဖြင့် ရှုမှတ်လို့ ဤကားရုပ်၊ ဤကား နာမ် ဟူ၍ ပိုင်ပိုင်နိုင်နိုင် ပိုင်းခြား၍ သိလာလျှင် နာမရူပ ပရိ စ္ဆေဒဉာဏ် ရောက်လာတာပဲ။

ဒီဉာဏ်ကနေပြီး အကြောင်းအကျိုး ပိုင်းခြား သိလာ လျှင် နာမရူပ ပစ္စယပရိဂ္ဂဟဉာဏ် ရလာတာပဲ၊ ထိုဉာဏ် ကို နာမရူပ ပဝတ္တာနဉာဏ်လို့လဲ ခေါ်ရတယ်။

ထိုဉာဏ်တွေ ထက်သန်လာပြီး တဖွားဖွားဖြစ်၊ တဖြုတ်ဖြုတ် ချုပ်ပျောက်တာတွေ မြင်လာရင် ဥဒယဗ္ဗဉာဏ်လို့ ခေါ်ရတာပဲ၊ ထို့ထက် ရင့်သန်၍ အဖြစ်ကို မထင်ဘဲ အပျက်ချည်းပဲထင်လာလျှင် ဘင်္ဂဉာဏ်လို့ ခေါ်ရတယ်။

ထို့ထက်ရင့်သန်ပြီး ရုပ်နာမ်တို့ ပျက်နေမှုကို ကြောက်ရွံ့ခြင်း၊ အပြစ်ကို မြင်ခြင်း၊ လွတ်မြောက်လိုခြင်း၊ ခန္ဓာကိုယ်ကြီး ဖြစ်နေရတာကို ငြီးငွေ့လာခြင်း ဖြစ်ပေါ်လာလျှင် အစဉ်အတိုင်း ဘယဉာဏ်၊ အာဒီနဝဉာဏ်၊ မုစ္စိတုကမျတာဉာဏ်လို့ အမည်တပ်ပြီး ခေါ်ကြရတာပါပဲ။

ထိုထက်ပို၍ ဉာဏ်ရင့်သန်ပြီး ခန္ဓာကိုယ်ကြီးကို အသုဘ လက္ခဏာ ထင်လာပြီး လူချမ်းသာ၊ နတ်ချမ်းသာ၊ ဗြဟ္မာချမ်းသာတွေကို တဲတွေးပေါက်လောက်မျှ အရေးမထား ဖြစ်လာလျှင် ဘယ်လို ချမ်းသာတယ်ဆိုတဲ့ ဘဝမျိုးမှ မလိုချင်လာလျှင် နိဗ္ဗိန္ဒဉာဏ် ရောက်ပြီ၊ ပေါက်ပြီလို့ ဆိုရတာပါပဲ။

နိဗ္ဗိန္ဒဉာဏ် ရောက်လို့ ငြီးငွေ့သည် ဆိုသော်လည်း အမြဲခပြတ် တရစပ်ငြီးငွေ့နေမှ မဟုတ်ပါဘူး။ အကြောင်းတိုက်ဆိုင်၍ နှစ်သက်စရာ တွေ့သော်လည်း မနှစ်သက်မယ်သို့မဟုတ် စဉ်းစားပြီး ငြီးငွေ့နေမယ်ဆိုလျှင်လည်း နိဗ္ဗိန္ဒဉာဏ်လို့ ခေါ်ဆိုနိုင်ပါတယ်။

ဒါကြောင့် သောတာပန် ပုဂ္ဂိုလ်များဟာ နိဗ္ဗိန္ဒဉာဏ်ရပြီး ဖြစ်ကြပါသော်လည်း ဘဝများစွာ လူနတ် ဗြဟ္မာ

တွေ ဖြစ်နေကြသေးတယ်၊ ဒုက္ခကို ပိုင်ပိုင်နိုင်နိုင် မသိသေးဘူးလို့ ဆိုလိုတယ်။

**သောတာပန်ဖြစ်ကြောင်း အင်္ဂါလေးပါး**

သောတာပန် ဖြစ်ခြင်းရဲ့ အင်္ဂါဟာ လေးပါးရှိတယ်။

(၁) မက်ဖိုလ်နှင့်စပ်၍ မက်ဖိုလ်နှင့် လျော်သောတရားကို ပြနိုင်သော သူတော်ကောင်းကို မှီဝဲ ဆည်းကပ်ခြင်း။

(၂) မက်ဖိုလ်နှင့်စပ်၍ လျောက်ပတ် ကောင်းမြတ်သော နှလုံးသွင်းခြင်း၊

(၃) မက်ဖိုလ်နှင့်စပ်၍ မက်ဖိုလ်ရကြောင်း ဖြစ်သောတရားတော်ကိုနာကြားရခြင်း၊

(၄) မက်ဖိုလ်နှင့် စပ်၍ မက်ဖိုလ် အားလျော်သော အကျင့်မှန်ကို ကျင့်ကြံခြင်းဟူ၍ လေးပါး ရှိတယ်။

ထို လေးပါးတို့တွင် "ဘုရားတောင်မှ အမှီရှိမှ ပွင့်တယ်"ဆိုတဲ့ စကားလို အမှီ မိတ်ဆွေကောင်းဟာ အလွန်လိုတယ်၊ နေရာတကာမှာ လိုတယ်၊ အရှင် အာနန္ဒာက မိတ်ဆွေကောင်းဟာ တရားဖို့ အရေးမှာ ထက်ဝက်သောက်တော့ ကျေးဇူးများတယ်လို့ ထင်ပါတယ်ဘုရားဟု လျှောက်တော့"အာနန္ဒာ ဒီလိုမပြောနဲ့၊ထက်ဝက်ကော

ဘူး၊ အပြည့်အစုံ အကုန်လိုတယ်''လို့ မိန့်ဆိုထားတာ ရှိတယ်။

နံပါတ်(၂)ဖြစ်တဲ့ နှလုံးသွင်းကလဲ အရေးပါတာပဲ၊ ယောနိသော မနသိကာရဆိုတာ မပါလျှင် အရာရာမှာ မှားတတ်တယ်၊ အဇာတသတ် အဖသတ်တာ နှလုံးသွင်း မှားလို့ ဖြစ်သွားတာ၊ နံပါတ်(၃) တရားနာရတယ်ဆို တာလဲ ပေါက်ကရတွေနာလို့ တရားရတာ မဟုတ်ဘူး၊ မဂ်ဖိုလ်နှင့်စပ်တဲ့ တရားနာရမှ တရားရတာ၊ တရားဓမ္မ နှင့်ကင်း၍ မဂ်ဖိုလ်ရတယ်လို့ ဘယ်ပုဂ္ဂိုလ်မှ မရှိဘူး၊ နောက်ဆုံး အင်္ဂါတစ်ရပ်ဖြစ်တဲ့ အကျင့်မှန်ကို ကျင့်ကြံဖို့ ကတော့ ပြောစရာ မလိုပါဘူး၊ အကျင့်မှန်ဆိုတာ ဘုရား မှတစ်ပါး မည်သူမျှ ဟောကြားနိုင်တာ မရှိဘူး၊ ဒါ ကြောင့် သာသနာပမှာ တရားရတဲ့ ပုဂ္ဂိုလ်ရယ်လို့ မရှိဘူး။

ဒါကြောင့် သောတာပန် ဖြစ်ရန်မှာ အင်္ဂါများစွာ ရှိသော်လည်း အရေးပါ အရာရောက်ဆုံး ဖြစ်တဲ့ အင်္ဂါ ငါးပါးကိုသာ ဟောကြားထားပါတယ်။

ထိုနည်းအတူပဲ မြတ်စွာဘုရား ဟောကြားတဲ့ ဓမ္မက္ခန္ဓာ ပေါင်း ဘယ်လောက်များများ အကျဉ်းအားဖြင့် ပေါင်း လိုက်မယ်ဆိုလျှင် သီလ သမာဓိ ပညာလို့ သုံးပါးသာ ရှိ တယ်၊ ဒီသုံးပါးဟာ နိဗ္ဗာန်ရောက်ကြောင်းအကျင့်ကောင်း၊ အကျင့်မြတ်၊ အကျင့်မှန်လို့ သိထားပါ။

ထိုသုံးပါးတို့တွင် သီလဆိုတာ ကိုယ်နဲ့ နှုတ်ပေါ်မှာ တည်ဘယ်၊ အဘယ့်ကြောင့်လည်းဆိုလျှင် စိတ်ကို နိုင်အောင်

မသိန်းနိုင်ပေမယ့် ကိုယ်နဲ့ နှုတ်ကို နိုင်အောင် ထိန်းနိုင်တယ် ဆိုရင် သီလရှိတဲ့ သီလဝန္တပုဂ္ဂိုလ်လို့ ဆိုနိုင်တယ်။

သမာဓိကား စိတ်ပေါ်မှာ တည်တယ်၊ ဒါကြောင့် သမထ အလုပ်ဟာ စိတ်အလုပ်လို့ ခေါ်ရတယ်၊ သမာဓိ ဆိုတာ တရားကိုယ် ကောက်လိုက်တော့ ဧကဂ္ဂတာ စေတသိက် ဖြစ်၍ တည်တဲ့ စိတ်ကကောင်းတဲ့စိတ် မကောင်းတဲ့ စိတ် နှစ်မျိုးလုံးပေါ် တည်နိုင်တယ်။

ကောင်းတဲ့စိတ်ပေါ်တည်လျှင်သမ္မာသမာဓိ၊မကောင်းတဲ့ စိတ်ပေါ်တည်လျှင် မိစ္ဆာသမာဓိလို့ ခွဲမှတ်ရတယ်။ တစ်အာရုံမှာ တစ်စိတ်ရှိတယ် ဆိုတော့ တရားအားထုတ်တဲ့ အခါ တရားအပေါ်မှာ စိတ်တည်နေတော့ မကောင်းတဲ့ မတရား စိတ်တွေ တည်သေးသလား၊ မတည်ဘူး၊ မတည်တော့ သမ္မာသမာဓိ ဖြစ်နေတာပေါ့။

တရားအားထုတ်တဲ့အခါ သင်္ခါရတရားတွေ ရှုရမယ်ဆိုတော့ သင်္ခါရတရားအရ သင်္ခါရအပြားကိုလဲ သိရတယ်။

(၁) အနုဘူတဝတ သင်္ခါရာဥ္စလာသော သင်္ခါရကား မဂ်ဖိုလ် နိဗ္ဗာန်မှ တစ်ပါး ရုပ်နာမ်တရားတွေ အကုန်ရယူတယ်။

(၂) အဘိသင်္ခတ သင်္ခါရဥ္စ လာသော သင်္ခါရကား ကံကြောင့် ဖြစ်သော တေဘုမ္မက ရုပ်နာမ်ကိုသာ ကောက်ယူရတယ်။

(၃) အဝိဇ္ဇာ ပစ္စယာ သင်္ခါရာဌ် လာသော သင်္ခါရကား ယောကီကုသိုလ်ကံ အကုသိုလ်ကံ (၂၉) ပါးသာ ကောက်ယူရတယ်။

(၄) ပယော၀ါဘိသင်္ခါရဌ် လာသောသင်္ခါရကား၊ ကိုယ်၌ စိတ်၌ဖြစ်သော ဝီရိယစေတသိက်ကိုသာ ကောက်ရတယ်။ သင်္ခါရဆိုတိုင်း အတူတူချည်း မှတ်မနေနဲ့။

တရားရှုရာဌ် လာသောသင်္ခါရကား၊ နိဗ္ဗာန် မင်္ဂဖိုလ်မှ တစ်ပါး ယောကီ ရုပ်နာမ်တရားတွေကို ယူရတယ်၊နိဗ္ဗာန် မင်္ဂဖိုလ်ကား နိဗ္ဗိန္ဒဉာဏ် ဖြစ်ရန် အကြောင်း မဖြစ်နိုင်၍ တရားရှုရာမှာ မပါဘူး။

နိဗ္ဗာန်ကို အချို့ကား၊ မင်္ဂသည် နိဗ္ဗာန်ကို အာရုံပြု၍ ကိလေသာတရားတွေကို သတ်ရသောကြောင့် အကြောင်း တရားလို့ ဆိုကြတယ်၊အချို့ကား မင်္ဂရမှ နိဗ္ဗာန်သို့ရောက် နိုင်သောကြောင့် အကျိုးတရားလို့ဆိုကြတယ်။ အချို့ကား ဝိပါကဟိတ်မှာ နေဝိပါက နာဝိပါက ခမ္မခမ္မာ။ တရား ထဲ ပါသောကြောင့် အကြောင်းလည်းမဆိုရ အကျိုး လည်းမဆိုရ ဟုဆိုကြတယ်။

ဒီ၀ါဒသုံးရပ်တွင် မင်္ဂရမှရောက်နိုင်တာ မှန်သော်လည်း ဖိုလ်စိတ်သည် နိဗ္ဗာန်ကိုယ်စား တိုးဝင် သွားသောကြောင့် အကျိုးမဆိုသင့်၊ နိဗ္ဗာန်၏နောက် ဘာမျှဖြစ်သော တရား မရှိ၍ အကြောင်းလည်းမဆိုသင့်၍ နောက်ဆုံး ဝါဒသင့်

၇ သည်ဟု ယူရမည်။

သာသနာပ ပစ္စေကဗုဒ္ဓါဘုရားတွေ လက်ထက် သောတာပန် သကဒါဂါမ် အနာဂါမ် ရဟန္တာများ မရှိနိုင်ကြသည်ကား ပစ္စေကဗုဒ္ဓါတို့က သင်္ခါရ တရားတွေကို သက္ကာယဒိဋ္ဌိ ကွာအောင် ပညတ်တင်စား၍ ဝိပဿနာတရား မဟောနိုင်ကြ၍ မရှိနိုင်ကြခြင်း ဖြစ်တယ်။

သူတို့ ကိုယ်တိုင်တော့ သစ္စာလေးပါးတရားတို့ကို ကိုယ်ဘော်ကိုင် ပိုင်းခြား၍ သိကြပါတယ်၊ ဒါကြောင့် ကျမ်းဂန်များမှာ ပစ္စေကဗုဒ္ဓါ အရှင်မြတ်များသိတဲ့ သစ္စာလေးပါးကား လူအများ အိပ်မက်မက်သလိုပဲဟု ဥပမာတင်စား၍ ပြထားကြတယ်။

လောကီဒါန သီလသမထ ကုသိုလ်များက တစ်ခါပြုပြီးလျှင် နောက်ထပ် ခဏခဏ ပွားများရတယ်၊ တစ်ခါရရုံ တစ်ခါဖြစ်ရုံနှင့် အားမရှိဘူး ခဏခဏပေးလှူ ခဏခဏ သတိရ၊ ခဏခဏဆောက်တည် ခဏခဏ ပွားများမှ အာသေဝနသတ္တိရပြီး အကျိုးပေးတယ်၊ ဖြစ်ရုံ ရရုံနှင့် သူ့ကိစ္စမပြီးဘူး၊ ပွားများမှ သူ ကိစ္စပြီးတယ်။

မဂ်ကုသိုလ်ကတော့ ထိုကဲ့သို့မဟုတ်ဘူး၊ ဖြစ်ရုံ ရရုံနဲ့ တစ်ခါတည်း ဆက်ပြီး အကျိုးပေးနိုင်တဲ့ သတ္တိရှိတယ်။ ဒါကြောင့် မဂ်ကုသိုလ်ဟာ ဘယ်မဂ်ပဲဖြစ်ဖြစ် တစ်ကြိမ်သာဖြစ်ရတယ်၊ ခဏ ခဏ ပွားများနေရဖို့ မလိုဘူး။ မဂ်ဖြစ်အောင် ခဏခဏ ပြုလုပ်နေရတယ်လို့ မရှိဘူး။ ဒါကြောင့် တစ်ကြိမ်သာ ဖြစ်ပြီး ဆက်၍ ဖိုလ်ဖြစ်ကာ အကျိုးပေးသွားတယ်။

သောကီဒါန သီလ သမထ ကုသိုလ်ထဲမှာလဲ ဒါန သီလ ကုသိုလ်များက နည်းနည်းလေး လုပ်ထားပေမယ့် ကုသိုလ် စေတနာထက်သန်လျှင် များများကြီး အကျိုးပေးနိုင်တယ်။ ပန်းကလေးတစ်ပွင့် လှူဘာနဲ့ ငါးပါးသီလလေး တစ်ရက် ဆောက်တည်တာနဲ့ ဘဝပေါင်းများစွာ လူ့ချမ်းသာ နတ်ချမ်းသာ တွေကို ပေးစွမ်းနိုင်တယ်၊ နောက်ဆုံး နိဗ္ဗာန်ထိအောင် ပေးစွမ်းနိုင်တယ်။ ဒါကြောင့် ဒါန သီလ ကာမာဝစရ ကုသိုလ်ကို မဟာတပ်ပြီး မဟာကုသိုလ်လို့ ခေါ်ရတယ်၊ သမထ ကုသိုလ်ကတော့ မိမိဆိုင်ရာ ရူပဘုံ အရူပဘုံလောက်သာ ရနိုင်ပါတယ်၊ ဒါပေမယ့် သူက ကိုယ်နဲ့ နှုတ်တွင် မကဘူး၊ စိတ်ပါဆုံးမနိုင်လို့ မြင့်မြတ်သောအဖြစ်သို့ရောက်၍ မဟဂ္ဂုတ်ကုသိုလ်လို့ ဆိုရတယ်။

(၁) ကာမာဝစရ ကုသိုလ်က ကိလေသာတို့ကို တဒင်္ဂပဟာန်ဖြင့်သာ ပယ်နိုင်တယ်။

(၂) မဟဂ္ဂုတ်ကုသိုလ်က ဝိက္ခမ္ဘနပဟာန်ဖြင့်သာ ပယ်နိုင်တယ်။

(၃) လောကုတ္တရာမဂ် ကုသိုလ်ကတော့ သူ့မဂ်နှင့်သူ ကိလေသာတို့ကို တစ်ဆင့်ထက်တစ်ဆင့် မြင့်ပြီး သမုစ္ဆေဒပဟာန်ဖြင့် အမြစ်ပြတ်အောင် ပယ်နိုင်တယ်။

(၁) ကာမာဝစရကုသိုလ်က ဝီတိက္ကမ ကိလေသာတို့ကိုသာ ပယ်နိုင်တယ်။

(၂) မဟဂ္ဂုတ်ကုသိုလ်က ပရိယုဋ္ဌာန ကိလေသာ တို့ကိုသာ ပယ်နိုင်တယ်။

(၃) လောကုတ္တရာ မဂ် ကုသိုလ်ကသာ ဘဝ အသင်္ချေ အနန္တက ပါလာတဲ့ အနုသယ ကိလေသာတို့ကို ပယ်နိုင်တယ်။

(၁) ကာမာဝစရ ကုသိုလ်ထဲမှာလဲ ဒါနကုသိုလ်က လောဘကိုသာ ခေတ္တပယ်နိုင်တယ်။
သီလကုသိုလ်ကလဲ ဒေါသကိုသာ ခေတ္တ ပယ်နိုင်တယ်။

(၂) သမထဆိုတဲ့ မဟဂ္ဂုတ်ကုသိုလ်ကလဲ မောဟကိုသာ တော်တော်ကြာအောင် ပယ်ထားနိုင်တယ်။
ဒီကုသိုလ်သုံးမျိုးက ပယ်တယ်ဆိုပေမယ့် အမြစ်ပြတ်အောင် မပယ်နိုင်ဘူး။
လောကုတ္တရာ မဂ်ကုသိုလ်ကတော့ သူ့မဂ်နှင့် သူ့ကိလေသာကို အမြစ်ပြတ်အောင် ပယ်နိုင်တယ်လို့မှတ်။

ကာမာဝစရကုသိုလ်, မဟဂ္ဂုတ်ကုသိုလ်ဆိုတဲ့ ကုသိုလ်တွေက ဥပါဒါန်၏ အာရုံဖြစ်တဲ့ လောကီ ကုသိုလ်များ ဖြစ်၍ အထက်သို့ ပစ်လိုက်သော အုတ်ခဲပမာ သူ့အရှိန် ရှိသလောက်သာ တည်နေနိုင်ကြတယ်၊ အရှိန်ကုန်လျှင် ပြန်ကျလာတာပဲ။ လောကုတ္တရာမဂ်ကုသိုလ်ကတော့ ဝရဇိန် သက်နက် မိုးကြိုးစက်ပမာ အမြစ်ပါပြုတ်အောင် သတ်

နိုင်တော့ တစ်ခါမရောက် တစ်ခေါက်မပြန်တဲ့ နိဗ္ဗာန်ထိ အကျိုးပေးတာ။

ဒါကြောင့် မဂ်ဖိုလ်သို့ ရောက်နိုင်တဲ့, ပို့နိုင်တဲ့ ဝိပဿနာအလုပ်ကို လုပ်ကြလို့ဆိုတာ....

ဒါန သီလ သမထတို့က နိဗ္ဗာန်သို့ ပို့နိုင်တယ်ဆိုသော်လဲ တိုက်ရိုက် ရောက်အောင် မပို့နိုင်ဘူး။ အာမခံချက်မရှိဘူး။ ဝိပဿနာကသာ တိုက်ရိုက်ရောက်အောင် ပို့နိုင်တာ။ အာမခံချက်ရှိတာလို့မှတ်။

ဒါကြောင့် တရားဟောတယ်၊ တရားစာ ရေးတယ် ဆိုဘာ ကြားနာရသူ၊ ဖတ်ရှုသူ အကုန်မကျန် သိသင့်သလောက်တော့ သိအောင်လိုက်နာ၊ သင့်သလောက် လိုက်နာချင်လာအောင် ဟောရ ရေးရတယ်။

နိရယေ ဘယသန္တာပံ နိဗ္ဗာနေဝိပုလံသုခံ၊

ယထာဘူတံ ဝိညာပေတုံ ဒေသေတဗ္ဗံဟိ ယောဂိနာ—လို့ ဆိုထားပါတယ်။

ဟိ၊ လိုက်နာရမည့် အချက်ကို ပြဆိုပါဦးအံ့။ နိရယေ၊ အပယ်ငရဲနှင့် မကွဲတမူ အမြဲတူသော သံသရာ ဝဋ်ဆင်းရဲကြီး၌၊ ဘယသန္တာပံ၊ ကြောက်ဖွယ်လိလိ ပူပန်နှိပ်စက်သည့် ဆင်းရဲရှိနေသည်ကိုလည်း ကောင်း၊ နိဗ္ဗာနေ၊ အမြတ်ဆုံးနိဗ္ဗာန်၌၊ ဝိပုလံ သုခံ၊ ဆင်းရဲမနှော ချမ်းသာသောသဘောသာ အမြဲမကွာ ရှိနေတာကို လည်းကောင်း။ ယထာဘူတံ၊ ဝိပဿနာဉာဏ် ရင့်သန်၍ လာသောအခါ ကောင်းစွာမဆိုင်း ဟုတ်တိုင်းမှန်စွာ။ ဝိညာပေတုံ၊ အရင့်

အရှင်နှင့်မတူ တမူထူးခြား ဉာဏ်ပိုင်းခြားလျက် ထင်ရှား လင်းလင်း ထိုးထွင်းသိအောင်။ ယောဂီနာ၊ ကိုယ်တိုင် အလုပ် အားထုတ်ကျင့်စဉ် ယောဂီရှင်သည်။ ဒေသေတဗ္ဗံ၊ ဖတ်ရှုကြားနာ အများတကာ သိအောင် တုတ်ဆောင် ဟောကြား ရေးသားရလေတော့သတည်း။

သာဓု...သာဓု...သာဓု။

ဝိပဿနာသမား, တရားသမား ယောဂီ ပုဂ္ဂိုလ်များ ဆိုဘာ သံသရာကြီးထဲ နေကြသူမှန်သမျှ လူသေဌေး လူမင်း ဘွေပဲ ဖြစ်ဖြစ်၊ နတ်သေဌေး နတ်မင်းတွေပဲဖြစ်ဖြစ်၊ ဗြဟ္မာ သေဌေး ဗြဟ္မာမင်းတွေပဲဖြစ်ဖြစ် ဒုက္ခမကင်းနိုင်သူ မှန်သမျှ အပါယ်ငရဲလို ဆင်းရဲနေတယ် ဆိုတာ ကိုယ်တိုင်လဲ သိအောင် လုပ်ရဘယ်၊ သူတစ်ပါးကိုလဲ နားလည်အောင် ဟောကြား ရေးသားပြရတယ်။

သူတော်ကောင်းတွေ့စံရာဖြစ်တဲ့ နိဗ္ဗာန်ဟာ အချမ်းသာ တကာတို့၏ မျက်နှာဖုံး အချမ်းသာဆုံး ဆိုတာ သိအောင် ဟောကြား ရေးသားပြရတယ်၊ ဘယ်လောက် ချမ်းသာသလဲ ဆိုတော့ ဘယ်လောက် ချမ်းသာတဲ့ အရာ ဖြစ်စေ ဖြစ်ပျက်မှု ဒုက္ခလေးတော့ ရှိဘာပဲ။ နိဗ္ဗာန်က တော့ ဖြစ်ပျက်ဒုက္ခဘောင် မရှိတော့သဖြင့် ချမ်းသာတာ လေး လိုနေလို့ ဖြည့်စွက်စရာ မလိုဘူးတဲ့၊ ဒါဖြင့် ချမ်းသာ တဲ့ အခိုက်အတန့်သာ အကုန် အပြည့်အစုံ ချမ်းသာ

တာပါလို့လဲ ထင်စရာမရှိဘူး၊ အမြဲ ချမ်းသာနေတာလို့ သေချာအောင် ပြရတယ်။

သတ္တဝါဆိုတာ လိုချင်အောင် ဟောမှ ပြောမှ လိုချင်ကြတာ၊ တချို့ မသိလုံးလုံး အမိုက်တုံး ဖြစ်နေကြတဲ့ သူတွေကတော့ နိဗ္ဗာန်ဆိုတာ ချုပ်ငြိမ်းသွားတာဖြင့်လို့ အဘယ်မှာ လိုချင်စရာ ရှိသလဲလို့ ပြောကြတယ်၊ တချို့ ကတော့ "မွေ့ဿ အဝတ္ထု ဘာသတိ" ကို နားမလည်ဘဲ နိဗ္ဗာန်ဆိုတာ နံပိတ်ပါလို့တောင် ပြောကြသေးတယ်၊ သူ့စကားထဲမှာ "ပညတ်သွားရာ ခေတ်သက်ပါ" ဆိုသလို အဆင်ပြေအောင် ယူမယ်ဆိုလျှင်လဲ မှန်ပါတယ်၊ နံပိတ် ဆိုတော့ ကိလေသာခေါ်တွေ နံနေတဲ့ အဖြစ်မှပိတ်သွား တာဖြစ်လို့ နံပိတ်ဆိုတာလဲ ဟုတ်တုတ်တုတ်ပဲ။

## သီလ-သမာဓိ-ပညာ သိက္ခာသုံးရပ်

ဒီတော့ ဗုဒ္ဓဘာသာဝင်တွေ ဖြစ်ကြသည့် အတိုင်း ဘုရားစကားနှင့် စပ်လျဉ်းလာရင် မပြုလုပ်သင့်တာကို မပြုလုပ်မိအောင် မပြောသင့်တာတွေ မပြောမိအောင် သတိထားကြရတယ်။

ဘုရားရဲ့ အဆုံးအမဟာ ဓမ္မက္ခန္ဓာဆိုတဲ့ တရား အစု ပေါင်း ဘယ်လောက်များများ ပဋိပတ္တိနည်းနဲ့ အကျဉ်း ချုံးလိုက်မယ်ဆိုလျှင် သီလ သမာဓိ ပညာဟူ၍ သုံးပါးသာ

ရှိတယ်၊ အကျဉ်းချုံးဆိုတာ နည်းနည်းနဲ့ အားလုံး ကုန်ငုံ မိအောင် ပြောတာကို အကျဉ်းချုံးတယ်လို့ ခေါ်တယ်။

သာသနာဆိုတာ ဘာလဲမေးရင်လဲ ပဋိပတ္တိနည်းဖြင့် သီလ သမာဓိ ပညာပါလို့ ပြောရင် မှန်တာပဲ၊ဒီသုံးမျိုးနဲ့ ဆုံးမနေတာပဲ၊ ဒီသုံးမျိုးက လွတ်တာ မရှိပါဘူး။

ဒါဖြင့် သီလဆိုတာ ဘာလဲ၊ သမာဓိဆိုတာ ဘာလဲ၊ ပညာဆိုတာ ဘာလဲ မေးရင်တော့ ခွဲခြားဖြေရလိမ့်မယ်။

သီလဆိုတာ ကာယကံ ဝစီကံမှုတို့ကို ဖြစ်ချင်သလို ဖရိုဖရဲ မဖြစ်စေရဘဲ ငြိမ်သက် တည်ကြည်စွာ နေနိုင်အောင် စိတ်ဖြင့် ကိုယ်နှုတ်လုံအောင် ကောင်းစွာ စောင့်ထိန်း၍ ထားမှုကို ခေါ်တယ်လို့ မှတ်။

ဒီတော့ ငါဗုဒ္ဓဘာသာ ဟုတ်သလား မဟုတ်ဘူးလား ဆိုဘာ သူများမကြည့်နှင့် မိမိကို မိမိပြန်ကြည့်၊ ကာယကံ သုံးပါးဆိုတဲ့ သူများ အသက် သတ်နေသလား၊သူများဥစ္စာ ခိုးနေသလား၊ သူများရဲ့ သားသမီး ပြစ်မှား နေသလား စဉ်းစားကြည့်။

ဝစီကံလေးပါးဖြစ်တဲ့ လိမ်ပြောသလား၊ ကုန်းတိုက် စကားပြောသလား။ ကြမ်းတမ်းတဲ့ စကားပြောသလား၊ သိမ်ဖျင်းတဲ့ စကားပြောသလားလို့ စဉ်းစားကြည့်၊ မပြော ရင် သီလသာသနာ ငါ့မှာတည်ပြီလို့ မှတ်။

သီလရှိနေရင် ရွှေငွေ စသော ရတနာတွေ၊ ပိုးဖဲ ကတ္တီပါ စသောအဝတ်တွေ ဆင်စရာမလိုဘူးတဲ့ အလိုလို

လှနေတယ်လို့ ဆိုလိုတယ်၊အပြင်လှ မဟုတ်ဘူး၊အတွင်းလှ အတွင်းလှမှ အရင်းကျတယ်။

ဒါကြောင့်‘‘သီလဝတ္တ သဒ္ဒိသံ ဝတ္တံ နာမနတ္ထိ’’သီလ လောက်ကောင်းတဲ့ အဝတ်တန်ဆာ မရှိဘူးတဲ့။

ကဲ....သီလပြီးတော့ သမာဓိ သာသနာ အကြောင်း ဆက်ကြဦးစို့ သမာဓိဆိုတာ တည်ကြည်တာကိုဆိုတယ်။

(၁) တည်ကြည်တာက အကုသိုလ်ဆိုင်ရာ တည်ကြည် တာက တစ်မျိုး။

(၂) ကုသိုလ်ဆိုင်ရာ တည်ကြည်တာက တစ်မျိုး နှစ်မျိုး ရှိတယ်၊ အကုသိုလ်ဆိုင်ရာ တည်ကြည် တာက မိစ္ဆာသမာဓိလို့ ခေါ်တယ်၊ ကုသိုလ် ဆိုင်ရာ တည်ကြည်တာက သမ္မာ သမာဓိလို့ ခေါ်တယ်။

အကုသိုလ်ဆိုင်ရာ တည်ကြည်တယ်ဆိုတာ ငါးမျှားနေ တဲ့ လူဘစ်ယောက်အနားမှာ လူလာလို့တောင် မသိဘူး။ ဖဲရိုက်နေတဲ့ လူတစ်ယောက် ထမင်းစားအိမ်က လာခေါ် တာတောင် မသွားဘူး၊ အဲဒါက အကုသိုလ်ဆိုင်ရာမိစ္ဆာ သမာဓိလို့ ခေါ်တယ်။

ကုသိုလ်ဆိုင်ရာ တည်ကြည်တယ် ဆိုတာကတော့ ယခု ဝိပဿနာတရား အားထုတ်နေတဲ့ ပုဂ္ဂိုလ်တွေဟာ ရုပ်ပေါ် နာမ်ပေါ် စိတ်တည်နေတာကို ခေါ်တယ်၊အဲဒါဟာ သမ္မာ သမာဓိပဲ။

ဒီရုပ်တွေ နာမ်တွေက ဘယ်ကလာသလဲ စဉ်းစားကြည့်ရင် ခန္ဓာကိုယ်ကသာဘာ ဒါကြောင့် တရားရှာ ကိုယ်မှာတွေ့သို့ဆိုတာ မဘာရှားရှာတော့ကော ဘယ်မှာ တွေ့သလဲ ခန္ဓာမှာပဲ တွေ့တယ်။

ဒီခန္ဓာ ငါးပါးဟာ တော်တော် အရေးပါတယ်နော် သတိထားကြ၊ သံသရာထဲ တဝဲလည်လည်နဲ့ ဆင်းရဲနေတာလဲ သူ့ကြောင့်ပဲ၊ သံသရာက လွတ်တဲ့ နိဗ္ဗာန်လဲ သူမရှိရင် မရဘူး၊ကြည့်ပါလား။ သစ်ပင်တွေ ရေတွေမြေတွေ ခန္ဓာ မရှိသို့ နိဗ္ဗာန်မရောက်ဘူး။

ခန္ဓာမရှိဘူးဆိုတာ ရုပ်ခန္ဓာ နာမ်ခန္ဓာ ပြည့်စုံအောင် မရှိသို့ ပြောတာ ရုပ်ခန္ဓာသက်သက်တော့ ရှိတာပေါ့ အသိဉာဏ် နာမ်မရှိဘဲ အဘယ်မှာ နိဗ္ဗာန်ရောက်မလဲ၊ခွေးတွေ၊ နွားတွေ စသော တိရစ္ဆာန်တွေကတော့ ရုပ်ခန္ဓာ နာမ်ခန္ဓာ နှစ်မျိုးတော့ ရှိပါရဲ့ နိဗ္ဗာန် ရောက်နိုင်လောက်အောင် နာမ်ခန္ဓာက အသိဉာဏ်မရှိဘူး။

ပုထုဇဉ်တွေဟာ ယထာဘူတဉာဏ်ခေါ်တဲ့ နာမရူပ ပရိစ္ဆေဒဉာဏ် မရကြသေးတော့ အမှုမဲ့သွား အမှုမဲ့စား အမှုမဲ့နေထိုင်ပကြတယ်၊ ဘာပြုလို့လဲဆိုတော့ ဒီဉာဏ် မရသေးလို့ ဆိုရမယ်။

ဒါကြောင့် သောတာပန် အရိယာဖြစ်အောင်ဟာ ဒေသနာတော်နဲ့အညီ ပြုနိုင်တဲ့ ဆရာကောင်း မိတ်ကောင်းလိုတယ်လို့ ပြဆိုခဲ့တယ်။ တရားဆိုတာ နည်းတယ်၊များတယ် လို့မရှိဘူး။ နည်းနည်းကလေး ဟောလိုက်တာနဲ့ တရားရ

သွားတာလဲ ရှိဘာပဲ၊ အရှင်သာရိပုတ္တရာဟာ အရှင်အဿဇိထံက ယေဓမ္မာဟေတု ပဘဝါ။ တေသံဟေတု တထာဂတော ဟုနှစ်ပါဒဟောတာနဲ့ သောတာပန်ဖြစ်သွားတယ်။

ကဲ-သီလနဲ့ သမာဓိတော့ သိတန်သလောက်တော့ အသိဉာဏ် ရောက်ကြပါပြီ၊ ပညာအကြောင်း ဆက်ကြဦးစို့။

ပညာဆိုတာ ကွဲ ကွဲပြားပြား ပိုင်းပိုင်း ခြားခြား အမှန်အကန်ကို ထိုးထွင်းသိတာ ပညာလို့ ခေါ်တယ်၊ သင်သိ မြင်သိ ကြားသိတွေကတော့ ပညာအစစ် မဟုတ်ဘူး၊ ပညာလို့ခေါ်ရသော်လဲ ပညာအတုအယောင် သညာသိပဲဖြစ်တယ်။

ဘယ်လို ကွဲကွဲပြားပြား ပိုင်းခြား သိရမလဲဆိုလျှင် ပညတ် ပရမတ်ကိုလဲ ကွဲပြားရမယ်၊ ရုပ်နာမ်ကိုလဲ ကွဲပြားရမယ်၊ ပညတ်ပရမတ်ကွဲပြားရမယ်ဆိုလို့ လောကမှာ အခေါ်အဝေါ်တွေက ပညတ်သဘော သဘာဝတ္ထု တရားက ပရမတ်လို အသိမျိုး ပြောတာ မဟုတ်ဘူး၊ အဲဒီလို သိတာလောက်ကတော့ သညာသိပဲ ရှိသေးတယ်။

ရုပ်နာမ်ကွဲပြားရမယ်ဆိုလို့ ပထဝီစသော ရုပ်နှစ်ဆယ့်ရှစ်ပါးက ရုပ်၊ စိတ်နှင့် စေတသိက် ငါးဆယ့်သုံးပါးက နာမ်ဆိုတဲ့ အသိမျိုးလဲ ရုပ်နဲ့နာမ် ပိုင်းခြားသိတယ်လို့ မခေါ်နိုင်ဘူး၊ အဲဒီလိုသိတာလဲ သညာသိပဲရှိသေးတယ်၊ ပရမတ် အသိမျိုးကတော့ လက္ခဏာရသစသည်ကို သူများ

ပြောမဟုတ်ဘဲ ကိုယ်တိုင်ကိုယ်ကျ ထိုးထွင်းသိမှ ပညာသိ ခေါ်တယ်၊ သိသင့်သမျှ အကုန်သိရမယ်လို့ ဆိုလိုတယ်။

ဒီပညာ အသိမျိုးသိမှ နိဗ္ဗာန် မြင်နိုင်တာ၊ ဒီလိုအသိ သိအောင်ဟာ ဝိပဿနာ တရား အားထုတ်ရတယ်။

ဝိပဿနာ တရားအားထုတ်ဆိုတာ သင်္ခါရတရားတွေကို ရှုမှတ်ရတယ်။

## တရားရှုမှတ်ပုံ

ဘယ်လို ရှုမှတ်ရမလဲဆိုလျှင် မိမိရဲ့ခန္ဓာကိုယ်မှာ အစစ် အမှန်ရှိတာက ရုပ်နဲ့နာမ်ပဲရှိတယ်၊ထိုရုပ်နဲ့နာမ်တို့၏ သူ့သ ဘောအတိုင်း ဖြစ်ပျက်နေတာကို သိအောင် သတိထားပြီး မရပ်မနား ပွားများရတယ်၊ ပူတာပေါ်လာရင် ပူတာကို သတိပြုနေရတယ်၊အေးတာပေါ်လာလျှင် အေးတာ သတိ ပြုနေရတယ်၊ လှုပ်တာပေါ်လာရင် လှုပ်တာကို သတိပြု နေရတယ်။

ပိန်တာပေါ်လာရင် ပိန်တာကို သတိပြုနေရတယ်၊ ဖောင်းတာပေါ်လာရင် ဖောင်းတာ သတိပြုနေရတယ်။

ဝင်သက်ကလေး ဝင်သွားရင် ဝင်တာကို သတိပြုနေ ရတယ်၊ ထွက်သက်ကလေး ထွက်သွားရင် ထွက်တာကို သတိပြု နေရတယ်၊ သတိပြုနေတာ ရှုတာ မှတ်တာ သိ တာ ဆင်ခြင်တာ နှလုံးသွင်းတာ အကဲခတ်တာ ဆိုတာ တွေ အခေါ်သာကွဲပြီး အတူတူပါပဲ။

လောကမှာ ကိုယ်နဲ့ စိတ်ပဲ ရှိပါတယ်ကွယ်လို့ ဆိုတာ ကိုယ်က ရုပ်၊ စိတ်က နာမ်၊ ဤနှစ်မျိုးသာ ရှိတယ်လို့ ဆိုတာ....

ထို ကိုယ်နဲ့ စိတ်ကိုပင် ပုထုဇဉ်တွေက ငါ သူတစ်ပါး ယောကျ်ား မိန်းမလို့ ထင်ကြတာ။

ဒါကြောင့် မြတ်စွာဘုရားက ဒီရုပ်၊ ဒီနာမ် နှစ်ခုကိုပင် သင်တို့က ငါ သူတစ်ပါး ယောကျ်ား မိန်းမလို့ ထင်ကြတာ၊ ငါ့ကိုယ် သူ့ကိုယ်၊ ငါ့ဟာ သူ့ဟာ၊ ငါ့ခန္ဓာ သူ့ခန္ဓာလို့ ထင်ကြတာ၊ အမှန်မှာ ယောကျ်ား မိန်းမလဲ မရှိဘူး၊ ရုပ်နဲ့ နာမ်သာ ရှိတယ်၊ ဒီ ရုပ်နဲ့နာမ်လဲ မြဲတာ မဟုတ်ဘူး၊ ဆင်းရဲနေတာ မပိုင်ဘူး၊ အစိုးမရဘူးလို့ မှတ်။

ဒီ ရုပ်နဲ့ နာမ်ဟာ ဖြစ်ဖြစ်ပြီး ပျက်ပျက် သွားတယ်၊ အသစ်ဆက်ဆက်နေလို့ မြဲတယ်ထင်တာ၊ ဝေဒနာဆိုတဲ့ ခံစားမှုလေး ရှိနေလို့ ဆင်းရဲတယ်၊ ချမ်းသာတယ်လို့ ထင်နေတာ၊ တဏှာမာန ဒိဋ္ဌိရှိနေလို့ ငါပိုင်တယ်၊ သူ ပိုင်တယ် ထင်နေကြတာ။

ဒီတော့ အများအထင်က မှန်သလား၊ ဘုရားအမြင်က မှန်သလား၊ ဘုရားအမြင်က မှန်လို့ မမြဲသည့်အတွက် သေနေကြတာပေါ့၊ ဆင်းရဲသည့်အတွက် ငိုနေကြရတာပေါ့၊ မပိုင်သည့်အတွက် ပျက်စီးသွားကြတာပေါ့၊ သေသွားကြတာပေါ့။

အဲဒီလို အနိစ္စ ဒုက္ခ အနတ္တ လက္ခဏာရေး သုံးပါးနဲ့ ဖြစ်ပျက်ကို ကိုယ်တွေ့သိမှ ပညာလို့ ခေါ်တယ်။

ဒါကြောင့် သီလ သမာဓိ ပညာ သုံးပါး ကွဲပြားသွားအောင် ဆောင်ပုဒ်ကလေးတွေနဲ့ မှတ်ကြ။

(၁) ကိုယ်မှာ၊ နှုတ်မှာ ရှောင်ကြဉ်တာ မှတ်ပါ မြတ်သီလ။

(၂) တရားပေါ်မှာ စိတ်တည်တာ မှတ်ပါ သမာဓိ။

(၃) ကွဲကွဲ ပြားပြား ပိုင်းခြားသိတာ မြတ်ပညာ မှတ်ပါ စုံလေဘိ-

ဟု ကျက်မှတ်ထားကြ၊ အဲဒါဟာ ဘုရား၏ သီလ သာသနာ၊ သမာဓိ သာသနာ၊ ပညာသာသနာ၊ ဒီသာသနာ သုံးရပ်က လွဲလို့၊ သာသနာစစ် သာသနာမှန် မရှိဘူး၊ ကျင့်ကြဖို့လဲ လိုတယ်၊ သိရုံနဲ့ မပြီးဘူး။

သိဘာက သိရုံပဲရှိမယ်၊ လိုက်နာကျင့်ကြံမှ အကျိုးရှိမှာ ဘဝပေါင်း အသင်္ချေအနန္တ မွေးလိုက် သေလိုက် မွေးလိုက် သေလိုက်နဲ့ သွားသာန်မှာ မြုပ်နှံ ရပေါင်းလဲ များပြီ၊ ဝိဇ္ဇာဆိုတဲ့ အသိရှိပေမယ့် စရဏခေါ်တဲ့ အကျင့်လဲ ရှိဦးမှ လိုရာသို့ ရောက်တယ်။

ဝိဇ္ဇာဟာ ကျိုးနေတဲ့ သူရဲ့ မျက်စိနဲ့ တူတယ်၊ စရဏကား ကန်းနေသော သူ၏ခြေထောက်နဲ့တူတယ်၊ ဒီနှစ်မျိုး စပ်လိုက်မှ လိုရာခန်းတိုင်သို့ ရောက်နိုင်ပါတယ်။

ဒါကြောင့် သတိရအောင် ဆောင်ပုဒ်ကလေးကို ဆိုကြ။

"ဘဝထွေထွေ သုသာန်မြေ၊ မြှုပ်ပေလေ များလှပြီ၊
ဒီဘဝမှာ သိတဲ့ခါ၊ လိုက်နာ ကျင့်ကြံမည်။"

မြတ်စွာဘုရားရဲ့ တပည့်သား ဗုဒ္ဓဘာသာ ဖြစ်လာ ရင် ဗုဒ္ဓဘာသာ ပီပြင်စွာ သီလ သမာဓိ ပညာ သုံးပါးနဲ့ ပြည့်စုံမှ ကောင်းတယ်။

လူဆိုတာ ဘယ်အမှုကိစ္စမဆို အကျိုးကို သိမြင်မှ ပြု လုပ်ချင်ကြတဲ့ အကျိုးကို လှမ်းပြီး မမြော်မြင်ပဲ အားထုတ် တဲ့ အမှုကိစ္စမျိုးကတော့ အတော်ရှားပါတယ်။

မကောင်းတဲ့ ကိစ္စဖြစ်ရင်လဲ မကောင်းကျိုး ဒါမှမဟုတ် အပြစ်ကို ပြမြီး ဆုံးမရတယ်။

သီလဆိုတာ ကောင်းတဲ့အမှုကိစ္စဖြစ်လို့ ဆောင့်ရှောက် ချင်လာအောင် သီလရဲ့ အကျိုးအာနိသင်ကို သိထား ရတယ်။

မြတ်စွာဘုရားသခင် ပါဋ္ဌလိရွာနေ ဒကာ ဒကာမများ အား၊ ပဉ္စမေ ဂဟပတယော အနိသံသာ သီလဝတော၊ သီလသမ္ပဒါယ စသဖြင့် ဟောကြားတော်မူတယ်၊ ဂဟ ပတယော၊ပါဋ္ဌလိရွာအား အို ဒကာ ဒကာမများတို့ သီလ ဝတော ကိုယ်ကျင့်သီလ ပြည့်ဝသော ပုဂ္ဂိုလ်၏ သီလ သမ္ပဒါယ။ သီလတရား၊ ပြည့်စုံသွားပလားဆိုလျှင် ဤမေ အာနိသံသာ (၁) စည်စိမ်ဥစ္စာ တိုးပွားခြင်း၊ (၂) ဂုဏ်သတင်း ကျော်စောခြင်း (၃) ရိုသေ် အလယ် တင့်တယ်ခြင်း၊ (၄) မတွေမဝေ သေရခြင်း၊ (၅) သေလျှင် လည်း နတ်ပြည်ပဲ ရောက်ရခြင်းဟူသော အကျိုးတရား

ဤ ငါးပါးတို့သည်၊ မမှားမှုချ ရနိုင်ကြ လေတော့ သတည်း။

သာဓု...သာဓု...သာဓု။

ဒီအပြင်လဲ အကျိုးတရားတွေ အများကြီး ရှိပါတယ်။ သီတင်းသုံးဖော် အချင်းချင်းလဲ ချစ်တယ်၊ လူချစ်တယ်၊ နတ်ချစ်တယ် စသည်ဖြင့် ဘုရားဟောတာတွေ အများကြီး ရှိပါတယ်။

နောက်ဆုံး ဝိသုဒ္ဓိမဂ် အဋ္ဌကထာ ဆရာက "တဿ သီလဿ အာနိသံသ ပရိစ္ဆေဒံတောဝဒေ"တဲ့ သီလ၏ အကျိုး အပိုင်းအခြား အရေအတွက်ကို ဘယ်သူ ဟော ကြားလို့ ပြီးဆုံးမလဲလို့တောင် ပြထားပါတယ်။

ဘာပြုလို့လဲ ဆိုတော့ သီလဆိုတာ မြေနဲ့တူတယ်၊ မြေပေါ်မှာ လူတွေ တိရစ္ဆာန်တွေ သစ်ပင်တွေ စသည် တည်ရသလို၊ ဒါနလဲ သီလမြေပေါ်မှာ သမထလဲ သီလ မြေပေါ်မှာ ဘာဝနာလဲ သီလမြေပေါ်မှာ တည်ဆောက် ကြရတာဖြစ်လို့ သူမပါလျှင် ဘာမှ မပြီးသောကြောင့် ဖြစ်တယ်။

ဒါန သီလ ဘာဝနာ အလုပ်တွေကို စူးစူးစိုက်စိုက် တခြား အာရုံသို့ မလိုက်ဘဲ၊ တည်ကြည်နေတာကို သမာဓိ လို့ ခေါ်ပါတယ်၊ တရားကို ကောက်လိုက်တော့၊ ကေဂ္ဂ တာ စေတသိက်ပါပဲ၊ ဧကော၊ တစ်ခုတည်း။ အဂ္ဂကား အာရုံ၊ တကားဖြစ်နေတာ ဒီတော့ ဧကဂ္ဂတာ ဆိုတာ

တစ်ခုတည်းသော အာရုံ၌သာ ဖြစ်နေတာ တည်နေတာကို ခေါ်တယ်။

ထိုသမာဓိကလဲ ငါးမျိုးရှိတယ်၊ ချာန်ရောက်ခါနီး ချာန်ရခါနီးမှာ ဖြစ်လာတဲ့ သမာဓိကို ဥပစာရ သမာဓိ ခေါ်တယ်။

ချာန်စိတ်နဲ့ အတူတကွ ဖြစ်လာတဲ့ သမာဓိကိုတော့ အပ္ပနာ သမာဓိလို့ ခေါ်တယ်၊ ခဏိက သမာဓိကတော့ ဝိပဿနာ ကုသိုလ်စိတ်နဲ့ ယှဉ်ဖြစ်တဲ့ သမာဓိကို ခေါ်တယ်၊ ရုပ်တရား နာမ်တရားတွေကို ရှုမှတ်နေတဲ့ အခိုက် အတန့်မှာ ဖြစ်တဲ့ သမာဓိပါပဲ။

မဂ်စိတ်နှင့် ယှဉ်ဖြစ်တဲ့ သမာဓိကို မဂ္ဂသမာဓိလို့ ခေါ်တယ်။ ဖိုလ်နှင့် ယှဉ်ဖြစ်တဲ့ သမာဓိကို ဖလသမာဓိလို့ ခေါ်တယ်။

ထိုသမာဓိငါးပါးတို့တွင် မဂ္ဂသမာဓိတွင် အရဟတ္တမဂ်နှင့် ယှဉ်သောသမာဓိကို ပရိတ်ကြီး ရတနသုတ် ပါဠိတော်မှာ ပရိဝဏ္ဏယီသုစိ သမာဓိ မာနန္တရိကညမာဟု သမာဓိနာ တေန သမော န ဝိဇ္ဇတိ ဟုချီးကျူး ထားပါတယ်၊ မြတ်စွာဘုရားသည် အရဟတ္တမဂ်တရားနှင့် ယှဉ်သော သမာဓိကို ကိလေသာတို့နှင့် မငြိတွယ် တကယ် စင်ကြယ်၏ ဟူ၍ ချီးမွမ်းတော်မူ၏၊ မဂ်နောက်မှာ ဖိုလ် ရောက်သဖြင့် အခြားမရှိ အကျိုးပေးတတ်၏ ဟူ၍လည်း ဟောတော်မူ၏၊ ဤအရဟတ္တမဂ် သမာဓိနှင့် တူသော သမာဓိတရား မည်သည့်ခါမျှ ပရိတ်ကြီး မြန်မာပြန်မှာ

လဲ ပြဆိုထားပါတယ်၊ ဒါကြောင့် တရားအားထုတ်တယ် ဆိုတာ သမ္မာဒိ ထူထောင်တာပဲဟု ဆရာတော်ကြီးတွေ မိန့်ဆိုကြပါတယ်။

ပညာဆိုတာကတော့ ထူးထူးခြားခြားပိုင်းခြားသိတာကို ခေါ်တယ်၊ အမှန်အတိုင်းမသိအောင် မမြင်နိုင်အောင် ဖုံးလွှမ်းထားတဲ့ အဝိဇ္ဇာမှောင်ကို ပယ်ဖျောက်ပြီး သစ္စာလေးပါး အမှန်တရားကို ညာတတီရဏ ပဟာနအားဖြင့် ပိုင်းခြား သိတတ်သော ဉာဏ်ပါပဲ။

ထိုဉာဏ်ပေါက်မှ နိဗ္ဗာန်ရောက်တာ ဒါကြောင့်....

ကံ က လူ့ပြည်နတ်ပြည်အပါယ်လေးဘုံသို့ပို့တယ်။
ဈာန်က ရူပဘုံ အရူပဘုံသို့ပို့တယ်။
ဉာဏ်ကမှ နိဗ္ဗာန်သို့ပို့တယ်လို့ ဆိုခဲ့ပါတယ်။

ပညာ–ပ–ဘစ်ပုဒ်၊ ညာတ ပုဒ်ခွဲလိုက်၊ ပ-ကား အထူးထူး အပြားပြား ကွဲသွားအောင်၊ ညာတ သိတဲ့ တရား၊ ပညာ အထူးထူး အပြားပြား ကွဲသွားအောင် အမှန်အကန် သိတဲ့ တရားလို့ ဆိုလိုတယ်။

သို့ဖြစ်၍ ဝိပဿနာတရား အားထုတ်တယ် ဆိုတာ ပညတ်က ကွယ်မြုပ်ထား သဖြင့် မြုပ်နေသော ပရမတ်တရားတွေကို ထူးထူးခြားခြား ပေါ်လာသည်အထိ သိတဲ့ ပညာကို ပေါ်လာအောင်လုပ်တဲ့အလုပ် ဖြစ်တယ်။

အဲဒီလို အထူး သိလာအောင် အားထုတ် ကျင့်ကြံမှ သံသရာ ဘဝအစဉ်က တစ်ရံတစ်ခါမျှ မသိမမြင်တဲ့ ပရမတ်

အစစ် ဓာတ်အနှစ်တွေ မြင်လာ ထင်လာမှာ ဖြစ်တယ်၊ ''ဓာတ်သိရင် ကပ်ကြည့်''ဆိုတာလဲ ဒါဆိုတာပဲ။

အဲဒီလို ပညာ ပေါ် လာမှ လူတော်နော်၊ ဒီပညာ မပေါ်သေးသမျှ မကျေအေးသေးဘူး၊ သံသရာဝဋ်ဆင်းရဲထဲ နစ်မြဲနစ်နေဦးမှာပဲ၊ မဂ္ဂသမာဓိ၊ ဖလ သမာဓိ ဖြစ်တာလဲ ဒီဉာဏ်ပေါ်လာပြီးမှ ဖြစ်တာ။

ဒါကြောင့် မြတ်စွာဘုရားသခင်က မေ့စကြာပါဠိတော်မှာ ဒီဉာဏ်ပေါ်လာတာကို ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု၊ စက္ခုံဥဒပါဒိ၊ ဉာဏံဥဒပါဒိ၊ ပညာဥဒပါဒိ၊ ဝိဇ္ဇာဥဒပါဒိ၊ အာလောကော ဥဒပါဒိဟု ဟောတော်မူပါတယ်။ သင်တို့ဆရာ ဘုရားငါသည် ရှေးက အမှန်မကွေ တစ်ရံတစ်ခါ မကြားစဖူး တရားအထူးထူးတို့၌၊ လက်ဦးပိုင်ပိုင် မြင်နိုင်တုံဘိ ဉာဏ်မျက်စိတရားသည်၊ ထင်ရှားမသွေ ဖြစ်ပေါ်လာလေ၏၊ ထိုးထွင်းထိမှန် အသိဉာဏ်တရားသည် ထင်ရှား မသွေဖြစ်ပေါ်လာလေ၏ ထူးထူးခြားခြားပိုင်းခြားဖေဖန် မြင်အားသန်သည့် ပညာဉာဏ်တရားသည် ထင်ရှားမသွေ ဖြစ်ပေါ်လာလေ၏၊ ကောင်းစွာ ထင်ထင်ထို ထွင်းသိခြား ဝိဇ္ဇာတရားသည် ထင်ရှားမသွေ ဖြစ် ပေါ် လာ လေ ၏။ မောဟမှောင်ကြီး ဖျက်ဆီးပယ်ရှား အလင်းရောင် တရားသည် ထင်ရှားမသွေ ဖြစ်ပေါ်လာလေ၏ဟု ဟောတော်မူပါတယ်၊ ဓမ္မစကြာပါဠိ မြန်မာပြန်မှာလဲ ပါပါတယ်။

မြတ်စွာဘုရား၏ သီလ,သမာဓိ,ပညာ သာသနာတော် သုံးရပ်လုံးရှိသည့်အနက် သီလသာသနာက လုံခြုံအောင်

ဖြည့်ကျင့်လျှင် အာဒိကလျာဏအစ၏ ကောင်းခြင်း ဂုဏ်အင်္ဂါနဲ့ ပြည့်စုံဘယ်လို့ ဆိုရဘယ်၊ သမာဓိ သာသနာကို ကောင်းစွာ တည်အောင် အားထုတ်နိုင် လျှင် မဇ္ဈေကလျာဏအလယ်၏ ကောင်းခြင်း ဂုဏ်နဲ့ ပြည့်စုံတယ်လို့ ဆိုရတယ်၊ မဂ်ဖိုလ်ကို ရအောင် အားထုတ်လို့ မဂ်ပညာ, ဖိုလ်ပညာ ပေါ်လာနိုင်လျှင် ပရိယောသာန ကလျာဏအဆုံး၏ ကောင်းခြင်းဂုဏ်နဲ့ပြည့်စုံတယ်လို့ ဆိုကြပါတယ်၊ နောက်ထပ် ဆောင်ရွက်ဖွယ် မရှိတော့ပါဘူး။

❀ ❀ ❀

## သာဝတ္ထိပြည်သားနှစ်ယောက်အကြောင်း

ကဲ....ကဲ....အားထုတ်သွားလို့ အင, အလယ်, အဆုံး သုံးပါးလုံးပြည့်စုံသွားတဲ့ ဇာတ်ဝတ္ထုလေးရေးကြဦးစို့။

မြတ်စွာဘုရားသခင် သာဝတ္ထိပြည် ဇေတဝန် ကျောင်းတော်၌ သီတင်းသုံးနေတော်မူတဲ့အခါ သာဝတ္ထိပြည်သား သူကြွယ် တစ်ယောက်ဟာ သားကလေး သေသွားတာနဲ့ သားကလေး မြှုပ်ရာ သင်္ချိုင်းသို့ သွားသွားပြီး ငိုကြွေး မြည်ဘမ်း ဆင်းရဲပင်ပန်းပြီး နေတယ်။

ထိုသူကြွယ်ဟာ နေ့စဉ် ငါးပါးသီလ စောင့်ထိန်းပြီး ရှစ်ရက် လပြည့် လကွယ် နေ့တွေမှာလဲ ရှစ်ပါးသီလကို အမြဲလိုလိုဆောက်တည်နေတဲ့ ဥပါသကာ သူတော်ကောင်း တစ်ယောက်ပါပဲ။

ဒါပေမယ့် အချစ်စိတ်ကို မနှစ်သိမ့်နိုင်တဲ့ ပုထုဇဉ် ဆိုတော့ သံယောဇဉ် လှိုင်းကြောင့် နေ့တိုင်း ပူပင်သောက ရောက်နေရှာတယ်။

မြတ်စွာဘုရားက ဇေတဝန် ကျောင်းတော်က နေပြီး ကျွတ်ထိုက်တဲ့ သတ္တဝါတွေကို ဉာဏစက္ခုဖြင့် ကြည့်ရှုတော်မူသောအခါ ထိုသူကြွယ်၏ ကျွတ်ထိုက်သော ဥပနိဿယကို မြင်တော်မူသည့် အတွက်....

မြတ်စွာဘုရား ကိုယ်တော်တိုင် ထိုသူကြွယ်၏ အိမ်သို့ ကြွတော်မူပါတယ်။

မြတ်စွာဘုရား ကြွလာတယ်ဆိုလျှင် သူကြွယ်မှာ အလိုလိုပင် ဝမ်းမြောက်ဝမ်းသာနဲ့ နေရာထိုင်ခင်းပေးပြီး ရိုသေစွာ လက်အုပ်ချီမိုး ရှိခိုးပြီး ထိုင်နေတယ်။

ထိုအခါ မြတ်စွာဘုရားက သူကြွယ်ကို မေးတော်မူတယ်၊ "သူကြွယ် သင့်ကြည့်ရတာ အပူသယ်နှင့်တူတယ်၊ မျက်နှာလဲ ခလန်း၊ မျက်စိမှာလဲ နီမြန်းနေတယ်" လို့ မေးတော်မူတယ်။

ဒီတော့ သူကြွယ်က မှန်ပါတယ်ဘုရား၊ တပည့်တော်၏ သားသေးမှာ မကြာသေးမီက ကွယ်လွန်သွားပါတယ်၊ ဒါကြောင့် သားသေလို့ သင်္ချိုင်း နေ့တိုင်း သွားသွားပြီး ငိုနေလို့ ဖြစ်ပါတယ်ဟု လျှောက်တယ်။

ထိုအခါ မြတ်စွာဘုရားက ဥပါသကာ စိုးရိမ်ပူဆွေးငိုကြွေးပူပင်မနေနဲ့၊ လူဆိုတာမွေးလာတာသေဖို့ပဲ၊ အသင် တစ်ယောက်တည်းသာ သေရတာမဟုတ်ဘူး၊ သားရှိသူ မှန်သမျှ သားသေရတဲ့ဒုက္ခ ရောက်ကြမှာချည်းပဲ။

သင်ဟာ ဒီဘဝသာ သားသေကို ငိုကြွေး ပူပင်ရတာ မဟုတ်ဘူး၊ ဘဝတိုင်း ဘဝတိုင်း သားသေလို့



ကြွေး ပူပင်ရတာများလှပြီ၊ သေရမယ့်သဘောရှိလို့ သေသွားတာပဲ၊ ပျက်စီးရမယ့်သဘောရှိလို့ ပျက်စီးရတာပဲ။

ဒီလို ဟောလိုက်တဲ့အခါ သီလ သမာဓိနဲ့ ပင်ကိုက ပြည့်စုံနေတဲ့သူဖြစ်တော့ တရားဟောရင်း၊ တရားနာရင်း ဝိပဿနာ နှလုံးသွင်းလိုက်တယ်။

သောကမီးတွေကို သေးဘယာတွေပဲလို့မြင်လာတယ်၊ မြင်လာပြီး ချစ်တဲ့သံယောဇဉ်တွေကို အပြစ်မြင်လာတယ်၊ ဒီဘေးတွေ, အပြစ်တွေမှ လွတ်ချင်တဲ့ဉာဏ် ဖြစ်ပေါ်လာတယ်။

ဖြစ်ပေါ်ရင်း, ဖြစ်ပေါ်ရင်း ပြန်ပြန် ရှုလိုက်တော့ အာရုံနဲ့ သတိ အမြဲ ကပ်ငြိပြီးသွားတယ်။ ကပ်ငြိဖန်များတော့ မဂ်ဖိုလ် အားလျော်စွာ ဉာဏ် ဖြစ်ပေါ်လာပြီး မဂ်ဉာဏ်, ဖိုလ်ဉာဏ် ရောက်ကာ သောတာပန် တည်၍ နိဗ္ဗာန်ကို မျက်မှောက်ပြုသွားနိုင်တာပါပဲ။

နောက်ထပ် သီလ, သမာဓိ, ပညာနဲ့ မပြည့်စုံတဲ့လူကျတော့ ဘယ်လိုဖြစ်တယ်ဆိုတာ ဆက်ကြဦးစို့။

မြတ်စွာဘုရားလက်ထက် သာဝတ္ထိပြည်မှာပဲ၊ လူတစ်ယောက်ဟာ သူ အလွန်တရာချစ်ခင်ကဲ့ တစ်ဦးတည်းသောသားကလေး သေသွားပြန်တယ်။

သေသွားတဲ့အတွက် မလုပ်လဲ မလုပ်နိုင်၊ ထမင်းလဲ မစားနိုင်၊ အိပ်လဲ မအိပ်နိုင် ဖြစ်ပြီး သင်္ချိုင်းသွားကာ "တစ်ဦးတည်းသော သားကလေးဟာ ဘယ်မှာလဲ၊ တစ်

ဦးတည်းသော သားကလေးဟာ ဘယ်မှာလဲ''နဲ့ ငိုကြွေး မြည်တမ်းနေတယ်။

ထိုလူဟာ တစ်နေ့တော့ အဆင်သင့်၍ ဘုရားထံ ရောက် သွားတယ်၊ ဘုရားထံရောက်လဲ ငိုတုန်းပဲ၊ ဒါနဲ့ မြတ်စွာ ဘုရားက ''ဒကာ သင်၏ မျက်စိမျက်နှာတွေ မကောင်းပါ လား''လို့ မေးတယ်။

ဒီတော့ သူက တပည့်တော်မှာ သားလေးတစ်ယောက် ပဲ ရှိဘယ်ဘုရား၊ မကြာမီက သေသွားသို့ သင်္ချိုင်း သွား သွားပြီးငိုနေရလို့ မျက်စိမျက်နှာ မကောင်းတာပါဘုရား လို့ လျှောက်တယ်။

ဒီတော့ ဘုရားက ဒီလိုဖြစ်တတ်တာ အမှန်ပဲ၊ ချစ်လို့ ရှိရင် စိုးရိမ်ပူဆွေးငိုကြွေး ပင်ပန်းရတာချည်းပါပဲဟု မိန့် တော်မူဘယ်။ ''ငိုကြွေး ပင်ပန်းခြင်းအစ ချစ်သူက''လို့ မိန့်တော်မူတယ်။

ဒီလို မိန့်တော်မူတာကို ထိုလူက သီလ သမာဓိ ပညာ အခြေဟာမရှိတော့ သဘောမပေါက်ဘူး၊ ဘုရားလက် ထက်ကလဲ ဘုရားစကား နားမထောင်သူရှိတာပဲ၊ သဘော မပေါက်တော့ ပြန်လျှောက်တယ်၊ အရှင်ဘုရား ပူဆွေးငို ကြွေးရတာဟာ ချစ်သူကြောင့် ဘယ်လို ဖြစ်နိုင်မလဲ၊အမှန် ကတော့ လောကကြီးမှာ အချစ်နဲ့ နေကြတာပါ၊ အချစ် ကြောင့်''နှစ်သက် ဝမ်းမြောက်ခြင်းသာ ဖြစ်ရပါမယ်'' လို့ ပြန်လျှောက်ပြီး ထသွားတယ်။

ထသွားရုံမကသေးဘူး၊ အဖော်ရှာသေးတယ်၊ဘုရားနဲ့

ထိုသူ နေတဲ့နေရာ၏ မလှမ်းမကမ်းမှာ သူလိုလူစား ကြွေ အံကစားနေကြတဲ့ လူများထံသွားပြီး ဒီလို ပြောတယ်။

ဟေ့ မောင်တို့ ရဟန်း ဂေါတမက ပြောပြတယ်၊ ပူဆွေး ငိုကြွေးရတာဟာ ချစ်သူကြောင့်လို့ ပြောတယ်၊ ငါကတော့ ဒီစကားကို သဘောမပေါက်ဘူး ပယ်ခဲ့တယ်၊ ချစ်သူကြောင့် နှစ်သက် ဝမ်းမြောက်ခြင်းသာ ဖြစ်ရပါ မယ်လို့ ချေပခဲ့တယ်။

မင်းတို့ ဘယ်လိုသဘောရသလဲလို့ မေးတယ်၊ ဒီတော့ သူနဲ့ အတူတူ အမူမူ ဖြစ်နေကြတော့ ဦးကြီးပြောတာက မှန်တယ်၊ ချစ်သူကြောင့် ဝမ်းမြောက် နှစ်သက်ခြင်းသာ ဖြစ်ရမယ်လို့ ထောက်ခံကြတယ်၊ လူဟာ မဟုတ်တာလုပ်၊ မဟုတ်တာပြောတဲ့၊ မဟုတ်တာယူပေမယ့်လို့ ထောက်ခံတဲ့ လူတွေတော့ ရှိတာပဲ၊ ဒါနဲ့ သူပြောတာ မှန်တယ်ယူဆပြီး သဘောကျသွားတယ်၊ မင်္ဂဖိုလ်နဲ့တော့ ဝေလာဝေးပေါ့။

ဒါကြောင့် ဗုဒ္ဓဘာသာယူလျှင် ဘုရားဟောတာ အကုန် လိုက်နာရမယ်၊ မလိုက်နာလျှင် ဗုဒ္ဓဘာသာဝင်အစစ် မဟုတ်ဘူး၊ "ပိယတော ဇာယတေ သောကော ပိယတော ဇာယတေ ဘယံ" ပိယတော ဇာယတေ၊ ချစ်သူအရှင်း လွတ် ကင်းသော သူအား။ သောကော၊ စိုးရိမ်ပူဆွေး ငိုကြွေး ခြင်းသည်။ ဘယံ၊ ကြောက်စရာ လန့်စရာ ဘေးဘယာ သည်။ ကုတော နတ္ထိ၊ အဘယ်မှာရှိပါလေတော့အံ့ သတည်း။

သာဓု...သာဓု...သာဓု၊

(သိက္ခာသုံးရပ်အကျင့်မြတ် တရားတော်ပြီး၏။)

## မဂ္ဂင်ရှစ်ပါး နိဗ္ဗာန်သွား တရားတော်

ရာဂါဒိအဂ္ဂိဇာလေဟိ၊ ဒဍ္ဎကာယံ မဟာဇနံ၊
နိဗ္ဗာပေသိ နရနာထော၊ အဋ္ဌမဂ္ဂံ ဝါရိနာ။

နရနာထော၊ လူသုံးပါးတို့၏ အားထားမှီခို ကြည်ညိုရာ အစစ် ကေန် ဖြစ်တော်မူသော ဘုရားရှင် ကိုယ်တော်မြတ်ကြီးသည်။ ရာဂါဒိ အဂ္ဂိဇာလေဟိ၊ ရာဂ စသည် ဆယ့်ဘစ်လီဖြင့် အရှည်ခေါင်ခေါင် တပြောင်ပြောင်မြီး တောက်လောင်ပြီး လာခဲ့သော မီးလျှံကြီးတို့သည်။ ဒဍ္ဎကာယံ၊ အမြဲမပြတ် တရစပ်အစဉ်လောင်၍ နေလာသော ခန္ဓာကိုယ်ရှိသော။ မဟာဇနံ၊ များလှသောင်းသောင်း သတ္တဝါအပေါင်းကို၊ အဋ္ဌမဂ္ဂံ ဝါရိနာ၊ မဂ္ဂင်ရှစ်ပါး တရားရေအေး အမြိုက်ဆေး တည်းဟူသော ရေစင်ဖြင့် နိဗ္ဗာပေသိ၊ အပူခပ်သိမ်း မကပ်ကိန်းအောင်း ကင်းငြိမ်း ပျောက်ပြေ အေးမြစေတော် မူခဲ့လေသတည်း။ ဧတေန သစ္စဝဇ္ဇေန။ ဤသို့ဟုတ်မှန်စွာ ထုတ်ပြန်ကာ ရွတ်ဆိုဟော

ကြား သစ္စာစကားကြောင့်၊ တုမှာကံ၊ ရဟန်းရှင်လူ စာဖတ်သူအပေါင်း သင်သူတော်ကောင်းတို့အား၊ ဇယမင်္ဂလာ အောင်ရာ အောင်ကြောင်း တရားကောင်း တရားနှစ် တရားအစစ် မင်္ဂလာသည်၊ ဟောတု၊ မုချမသွေ ကိန်းဝပ်တည်နေကြပါစေသတည်း။

သာဓု....သာဓု....သာဓု။

ကဲ....ကဲ....မြတ်စွာဘုရား ဟောကြားတဲ့ တရားဒေသနာတော်ကြီးဟာ၊ ဘယ်လောက် အနှစ်သာရနှင့် ပြည့်စုံသလဲ စဉ်းစားပဲ ကြည့်ကြ။

အစမသင် သံသရာတစ်ခွင်က အစဉ်ယာဝရဖြစ်လာတဲ့ ခန္ဓာကိုယ်ကြီးဟာ လူဖြစ်ရင်လဲ လူဘဝ၊ နတ်ဖြစ်ရင်လဲ နတ်ဘဝ၊ ဗြဟ္မာဖြစ်ရင်လဲ ဗြဟ္မာဘဝ၊ တိရစ္ဆာန်ဖြစ်ရင်လဲ တိရစ္ဆာန်ဘဝ၊ ဘယ်ဘဝမှာပဲဖြစ်ဖြစ် ခန္ဓာကိုယ်ရှိသမျှ ရာဂစသော တစ်ဆယ့်တစ်သီးသော မီးတွေဟာ အမြဲတမ်း အလောင်ခံနေကြရတာချည်းပါပဲ။

ငရဲပြည်ရောက်မှ ငရဲမီးတွေ အလောင်ခံနေရတယ်လို့ မမှတ်နဲ့၊ လူ့ပြည်လဲ မီးလောင်ခံရမှ မီးလောင်တယ်လို့ မမှတ်နဲ့၊ ဂဏန်းလုံးကြီးတွေ ပွက်ပွက်ဆူနေသော ရေပူအိုးကြီးထဲ ထည့်မှ ရေနွေးပူတွေ အလောင်ခံရတယ်လို့ မမှတ်နဲ့။

အဲဒီအပူမီးတွေက တစ်ဘဝ နှစ်ဘဝ စသည်ဖြင့် ခံရတဲ့ ဘဝ အရေအတွက်ရှိသေးတယ်၊ ရာဂမီးတွေ လောင်တာကတော့ ဘဝအာသခ်ေအနန္တ နိဗ္ဗာန်မရမချင်း လည်စင်း

ပြီး ခံနေကြရတာ၊ သတိမထားကြလို့သာ မသိကြတာ၊ သတိထားလျှင်သံသရာထဲ၌တစ်ခဏတောင်နေလို့မရအောင် ကြောက်စရာ ကောင်းတယ်နော်၊ စဉ်းစားကြ။

ကျွန်ုပ်တို့တစ်တွေကသာ မောဟမှောင်ကြီး ဖိစီးနှိပ်စက် ခံနေကြလို့ မသိတာ၊ ဘုရားရှင် ကိုယ်တော်မြတ်ကြီး၏ ဉာဏ်တော်နဲ့ ကြည့်လိုက်တော့ လူဖြစ်စေ၊ နတ်ဖြစ်စေ၊ ဗြဟ္မာဖြစ်စေ သုံးဆယ့်တစ်ဘုံထဲ နေကြရသမျှ သုခဆိုတာ ရှာမရဘူး၊ အားလုံး မီးတွေ အလောင်ခံနေရတဲ့ ဒုက္ခိတ သတ္တဝါတွေချည်းပဲ။

ယခုအခါ တစ်နေရာမှာ မီးလောင်တယ်ဆိုရင် မီးဘေး ဒုက္ခသည်တွေ မြင်ဖူးကြဘယ်မဟုတ်လား၊ မြင်ဖူးရုံတောင် မကပါဘူး၊ ကိုယ်တိုင်ကြုံတွေ့ဖူးတဲ့ ပုဂ္ဂိုလ်တွေလဲ အများ ကြီး ရှိမှာပါပဲ။

အဲဒီလိုအခါ လူတွေမှာ မီးဘေးအတွက်နဲ့ ဟိုပြေး ဒီပြေး၊ ဟိုအော် ဒီအော် တကြော်ကြော်နဲ့ ပူဆွေးဒုက္ခ တွေ ဖြစ်နေပြီး ဗရုတ်ဗရက် ယောက်ယက်ခတ်ကာ ကယ် ပါ သူပါ တစာစာနဲ့ မိမိတို့ရဲ့ ပစ္စည်းဥစ္စာတို့ကို ရရာ ဆွဲပြင် ယူပြေးကြရတယ် မဟုတ်လား။

မီးဘေး ဒုက္ခသည်တွေဆိုပြီး အစိုးရကတောင် ကယ် ဆယ်ရေးလုပ်ပြီး ပစ္စည်းတွေ ထောက်ပံ့ကြရတယ်၊ အဲဒီ ဒုက္ခကတော့ ပညတ်ဒုက္ခလို့ခေါ်တယ်၊ ဒကာသာ ဒုက္ခရယ် လို့ ထင်ပြီး တော်တော်ကြာ မီးမလောင်တာ အကောင်း

သွားပဲ၊ အိမ်တောင် အသစ်ဆောက်ရသေးတယ်၊ နေရာတောင် ရသေးတယ်ဆိုပြီး ပျောက်သွားတာပဲ။

ရာဂစသော တစ်ဆယ့်တစ်သီး မီးတွေလောင်နေတာက ဘော့ ပရမတ်ဒုက္ခ၊ ဒုက္ခအစစ်၊ ဘယ်တော့မှ အေးမှာမဟုတ်ဘူး၊ ဒီဘဝမကဘူး၊ နောက်ဘဝတွေလဲ ခန္ဓာကိုယ်ရှိသမျှ အမြဲတမ်း အလောင်ခံနေကြရဦးမှာပဲ၊ ခဏ ဒုက္ခရောက်တာနဲ့ အမြဲသာဝရ ဒုက္ခရောက်တာ ဘယ်ဟာက သာ၍ ပို၍ ကြောက်စရာကောင်းသလဲ။

ဒါပေမယ့်ဒီဒုက္ခဘော့မကြောက်ကြဘူး၊ ဒီဒုက္ခကြောက်မှ နိဗ္ဗာန်ရောက်တာ၊ ခန္ဓာဟာ အမြဲ မီးလောင် ခံနေရသည့်အတွက် ကြောက်စရာကောင်းသော်လဲ ခန္ဓာမရှိပြန်ရင်လဲ နိဗ္ဗာန် မရောက်နိုင်ဘူး၊ သစ်ပင်တွေ သိတတ်တဲ့ နာမ်ခန္ဓာမရှိဘော့ သစ်ပင်တွေ နိဗ္ဗာန် ရောက်တယ်လို့ မရှိဘူး၊ အသိရှိမှ နိဗ္ဗာန်ရောက်တာ၊ ဒါကြောင့် ''နိဗ္ဗာန် ခန္ဓပဋိဗဒ္ဓ'' လို့ ဟောထားတာဖြစ်တယ်။

လူတွေဟာ တစ်ခါတစ်ခါ ကိုယ့်အလိုဆန္ဒလေး ပြည့်ဝသွားတယ်ဆိုရင် သောက်လိုက်, စားလိုက်, ပျော်လိုက်, ပါးလိုက်နဲ့ ချမ်းသာတယ်လို့ ထင်ကြတယ်၊ တရားဆိုတာ အလကားပါပဲ၊ လူကို မကြီးပွားနိုင်အောင် နှိမ်ထားတဲ့ အသုံးပဲလို့ ထင်ကြတယ်။

ဘုရားကတော့ ချမ်းသာတုလေးကို လုယက်မနေကြနဲ့၊ ချမ်းသာအစစ်ကို လူဖြစ်တဲ့အခါ၊ သာသနာနဲ့ ကြုံကြိုက်တဲ့အခါ တွေ့အောင်ရှာကြလို့ ဟောတယ်၊ မတွေ့ကြဘူး၊

ဘယ်မှာတူမလဲ၊ လူတွေက အဝိဇ္ဇာနဲ့ကြည့်တယ်၊ အဝိဇ္ဇာနဲ့ မြင်တယ်၊ အဝိဇ္ဇာနဲ့သိတယ်။

မြတ်စွာဘုရားက ဝိဇ္ဇာနဲ့ကြည့်တယ်၊ ဝိဇ္ဇာနဲ့မြင်တယ်၊ ဝိဇ္ဇာနဲ့ သိတယ်၊ ဘုရားမြင်တာ မှန်သလား၊ လူအများမြင်တာ မှန်သလား၊ ဘုရားမြင်တာ မှန်လျှင် ဘုရားမြင်သလို မြင်အောင်ကြည့်ကြ၊ အဘယ့်ကြောင့်ဆိုသော် လူတွေဟာ ချမ်းသာကိုလိုက်ရှာကြတာ တစ်နေ့လဲ မပြီးဘူး၊ တစ်နှစ်လဲ မပြီးဘူး၊ ဆယ်နှစ်၊ အနှစ်နှစ်ဆယ် စသည်ဖြင့် ရှာသို့ မပြီးဘူး၊ နောက်ဆုံး သေသွားကြတယ်၊ မပြီးဘူး။

ဒုက္ခ ဆင်းရဲတာတွေနဲ့ပဲ လက်စသတ်ကြရတာပဲ၊ ချမ်းသာချင်လွန်းလို့ ရှာလိုက်ကြရတာ၊ အန္တရာယ်ရောက်သည့်နေ့က စ၍ သေလုဆဲဆဲ အိပ်ရာထဲ လဲနေသည်အထိ အလိုဆန္ဒ ပြည့်ဝသွားတယ်လို့ မရှိကြဘူး။

လူတွေလားဆိုလျှင် မဟုတ်ပါဘူး။ ခန္ဓာကိုယ် ရှိနေသမျှ သတ္တဝါတွေ အတူတူပါပဲ၊ ကျွဲတွေ, နွားတွေ, ကြွက်ဆိတ်ကလေးတွေလဲ စားရေး, သောက်ရေး, ချမ်းသာရေး အတွက် ရှာနေကြရတာပါပဲ။

ပုရွက်ဆိတ်ကလေး၊ ခြင်ကလေး၊ ယင်ကလေး တွေလဲ အစားအသောက်ကလေး တွေ့တော့ ပျော်မွေ့ပြီး အကောင်တွေ ခေါ်ကာ ဝိုင်းအုံပြီး တုပ်လိုက်ကြတယ်။ လူတွေက သိတော့ ချပ်တယ်, ညှပ်ပတ်တယ်, ကျန်းမာရေးနဲ့ ဆန့်ကျင်တယ်ဆိုပြီး ဆေးနဲ့ဖျန်း၊ ထုံမြက်စည်းနဲ့ ယမ်းလိုက်တော့ သူ့ချာတွေမှာ အစုလိုက်, အပြုံလိုက် သေတဲ့

အကောင်ကသေ၊ မရှုမလှ ခံရတဲ့ အကောင်တွေက ခံရ ရှာတယ်။

အဲဒါတွေဟာ လူတွေဖြစ်စေ၊ သတ္တဝါတွေ ဖြစ်စေ စားချင်, ချမ်းသာချင်တဲ့ လောဘမီးတွေ အလောင်ခံကြ ရတာပဲ။

ဒီတော့ ချမ်းသာချင်တာလဲ မဆုံးဘူး၊ လိုချင်တာလဲ ဘယ်တော့မှ မပြည့်စုံဘူး၊ သေသာသွားရော.... မဆုံးဘူး မပြည့်စုံဘူးလို့ မှတ်ထား။

သေသွားတဲ့သူများ မေးလို့ရလျှင် "အို.... သေသွားတဲ့ သူခင်ဗျား၊ ခင်ဗျား သေသွားတာဟာ ခင်ဗျား ဖြစ်ချင် တာလေးတွေ ပြည့်စုံပြီး သေသွားသလား"လို့ လူတင်ရာ တစ်ရာသုံးမေးကြည့်၊ မရှိဘူး။

သူကတောင် မေးတဲ့သူက ပြန်ပြောဦးမယ်၊ မင်းအရူး လား၊ ပြည့်စုံပြီး သေတဲ့လူ အဘယ်မှာရှိမလဲ၊ မေးတာ တောင် လွန်လှပြီလို့ ပြန်ပြောမယ်။

လူတွေဟာ အမှုမဲ့ အမှတ်မဲ့နဲ့ နေကြတာ၊ လောဘမီး တွေ၊ ဒေါသမီးတွေ အစရှိသော မီး တစ်ဆယ့်တစ်မီးတွေက တော့ အမှုမဲ့ အမှတ်မဲ့ မနေကြဘူး၊ အမြဲ လောင်နေကြတာ၊ မီးတို့မည်သည်မှာ လောင်စာရှိမှလောင်နိုင်သလိုခန္ဓာကိုယ် တည်း ဟူသော လောင်စာကြီး ရှိနေတော့ လောဘ စသောမီးတွေက တဟုန်းဟုန်း တောက်လောင်နေတာပဲ။

## မီး ၁၁ ပါးနဲ့ မဂ္ဂင်ရေစင်တရား

အလိုမကျလို့ ဒေါသဖြစ်လာလျှင် ဒေါသမီး လောင်တာပါပဲ၊ ကိုယ်လုပ်တာ မဖြစ်လို့ ငါ့ကြောင့်လား၊ သူ့ကြောင့်လား၊ ဖြစ်လာလျှင် မောဟမီး လောင်တာပဲ၊ မမွေးခင် အမိဝမ်းထဲမှာ ဆင်းရဲစွာနေကြရတာ၊ မွေးလာပြန်တော့လဲအကျဉ်းအကျပ်ထဲမနည်းထွက်ခဲ့ရတာတွေဟာ ဇာတိမီး လောင်တာပဲ၊ ဇရာမီးကတော့ အထူး ပြနေစရာ မလိုပါဘူး၊ ဆံဖြူ သွားကျိုး ကိုယ့်အရိုးတောင် ကိုယ်မသယ်ယူနိုင်တာတွေ ထင်ရှားပါတယ်။

မရဏမီးကတော့ သေရမှာ ကြောက်လွန်းလို့ ဘယ်သူကယ်ပါ၊ ဘယ်သူ လုပ်ပါဦးဟု အော်ဟစ် နေကြတာ အများကြီး တွေ့ကြပါလိမ့်မယ်၊ ရိုးရိုးသေရင် တော်သေးရဲ့၊ မီးလောင်သေမယ်၊ ရေနစ်သေမယ်၊ ကြိုးမိန့်ကျလို့ သေမယ်ဆိုရင် ပြောစရာ မရှိတော့ဘူး။

သောကမီးကလဲ မကြုံဖူးတဲ့လူ မရှိသလောက်ပါပဲ၊ အမေ သေလို့၊ အဖေအောင့်နေလို့၊ သားလူရိုက်ခံရလို့၊ သမီး လင်နောက် လိုက်ပြေးလို့၊ ဇနီး သူများခိုးသွားလို့ စသဖြင့် အမျိုးမျိုး သောကတွေ ရောက်ကြရတာ အထင်ကရပါပဲ။

ငိုကြွေးရတဲ့ ပရိဒေဝမီးကလဲ ရောက်ကြရတဲ့ သူချည်းပါပဲ၊ ဒုက္ခမီးကတော့ ကိုယ်အလိုမကျရင် ဒုက္ခချည်းပါပဲ၊ လူကြီးတွေတင် မကဘူး၊ လူလတ်, လူရွယ်, လူငယ်တွေလဲ

စားမေးပွဲကျလို့၊ ရည်းစား လူလုသွားလို့၊ ပွဲမကြည့်ရလို့၊ ဘိုင်စကုပ် မကြည့်ရလို့ ဒုက္ခဖြစ်နေဘာ အများကြီးပဲ၊ လူတိုင်း လူတိုင်းပဲ၊ တစ်ခါမကြုံ တစ်ခါကြုံနေတာပဲ။

ကိုယ်ဆင်းရဲတဲ့ ဒုက္ခမီးလောင်တော့ စိတ်ဆင်းရဲရတဲ့ ဒေါမနဿမီးကလဲ ပါလာတာပဲ၊ ကိုယ်ဆင်းရဲ၊ စိတ်ဆင်းရဲဖန်များတော့ ပြင်းစွာ ပူပန်တဲ့ ဥပါယာသ မီးတွေ တောက်လောင်လာတာပဲ၊ ဒီတော့ သုံးဆယ့်တစ်ဘုံ ရှိရှိ သမျှ သတ္တဝါတွေဟာ အဘယ်မှာ ချမ်းသာတယ်လို့ ရှိတော့မလဲ။

ဒါကြောင့် မြတ်စွာဘုရားက "ရာဂဒေါ အဂ္ဂိဇာလေဟိ၊ ရာဂ စသည် ဆယ့်တစ်လီဖြင့် အရှည် ခေါင်ခေါင် တပြောင်ပြောင် တဟီးဟီး တောက်လောင်ပြီး လာခဲ့သော မီးလျှံကြီးတို့သည်။ ဒန္တျကာယံ၊ အမြဲမပြတ်အရစပ်အစဉ် လောင်ရျပင်နေသော ခန္ဓာကိုယ် ရှိကြဘဲ့။မဟာဇနံ၊ များလှသောင်းသောင်း သတ္တဝါအပေါင်းကို။" ဟု ဆိုထားပါတယ်။

ပကတိမီးကား တစ်ခါတလေမှ လောင်တာ၊ ရာဂ စသော ကိလေသာမီးတွေကတော့ အမြဲမပြတ် တရစပ် လောင်နေတာ၊ တစ်ဘဝသာ လောင်သလားဆိုလျှင်ဘဝတိုင်း ဘဝတိုင်း လောင်နေတာပဲ၊ ဒီတော့ အမြဲမပြတ်ပဲလဲ လောင်ဘယ်၊ ဘဝတိုင်းလဲ လောင်တယ်ဆိုတော့ ဒီထက် ကြောက်စရာကောင်းတာ ဘာရှိသေးတော့လဲ။

ကဲ....စဉ်းစားပြီး ကြည့်ကြစမ်း၊ လောင်လိုက်တဲ့ မီးတွေဟာ ဘယ်မြို့ ဘယ်ရွာ ဘယ်သတ္တဝါများ လွတ်တယ်လို့ ရှိသေးသလဲ၊ တစ်ရွာလုံး တစ်ရပ်လုံး တစ်မြို့လုံး တစ်ပြည် လုံး တစ်ကမ္ဘာလုံး တဟုန်းဟုန်း တောက်လောင်နေပါကလား။

ဒီမီးတွေဟာ သာမန် ပုထုဇဉ် မဆိုထားနဲ့ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်ကျအောင် လောင်တုန်းပဲ၊ ဘုရား ရဟန္တာ ပစ္စေက ဗုဒ္ဓါများတောင် မီး တစ်ဆယ့်တစ်ပါးတွင် ဇရာမီး မရဏမီး ဒုက္ခမီး သုံးပါးကတော့ လောင်တုန်း လောင်ဆဲပဲ။

အမယ်လေး ဘုရားတောင် လောင်တဲ့မီး တယ်ပြင်း ကြောက် စ ရာ ကောင်း တယ်နော်၊ ပကတိ မီးလောင်တာကတော့ မီးသတ်စက်တွေနဲ့ ရေတွေပက် မီးသတ်ဘူးတွေနဲ့ ဝိုင်းသတ်ရင် ငြိမ်းနိုင်ပါတယ်၊ ဒီမီးတွေက လူမဆိုထား နဲ့ မိုးပေါ်က သိကြားမင်းကြီး ဆင်းပြီး နတ်ရေစင်နဲ့ ဖျန်းတောင်မရဘူး၊ တောင်စဉ် ခုနစ်ထပ်က သီတာရေတွေနဲ့ ဖျန်းလဲမရဘူး၊ ရေမွန်း၍အအေးမိ၍ သေချင်သာ သေမယ် မငြိမ်းဘူး။

ဒါဖြင့် ဘာနဲ့ လုပ်ငြိမ်းမှာလဲဆိုတော့....

မြတ်စွာဘုရားက အဋ္ဌမဂ္ဂင်ဝါရိနာ၊ မဂ္ဂင်ရှစ်ပါး တရားရေအေး အမြိုက်ဆေးတည်း ဟူသော ရေစင်ဖြင့် နိဗ္ဗာပေသိ အပူခံသိမ်း မကောင်းကိန်းအောင်း ကင်းငြိမ်းပျောက်ပြေအေးမြ စေတော် မူခဲ့လေသတည်းတဲ့။

သာဓု....သာဓု....သာဓု....

ငါ့ဘုရားလဲ မတတ်နိုင်ဘူး၊ မဂ္ဂင်ရှစ်ပါးနဲ့ ငြိမ်းမှအေးမယ်လို့ ညွှန်ပြတော်မူတယ်။

ဒါကြောင့် ဆောင်ပုဒ်ကလေး ဆိုကြ။

မဂ္ဂင်ရှစ်ဖြာ ရေစင်သာ ဖျန်းကာပက်လိုက်ကြ။

တစ်ဆယ့်ဘစ်သီး လောင်တဲ့မီး၊ အငြိမ်းငြိမ်းသည်ပ လို့မှတ်ကြရမယ်။

ဒါဖြင့် မဂ္ဂင်ရှစ်ပါးက အဘယ်တရားများလဲ ဆိုတော့

(၁) သမ္မာဒိဋ္ဌိ၊ မဖောက်မပြန် အမှန်မြင်မှု၊
(၂) သမ္မာသင်္ကပ္ပ၊ မဖောက်မပြန် အမှန်ကြံစည်မှု၊
(၃) သမ္မာဝါစာ၊ မဖောက်မပြန် အမှန်ပြောဆိုမှု၊
(၄) သမ္မာကမ္မန္တ၊ မဖောက်မပြန် အမှန်ပြုလုပ်မှု၊
(၅) သမ္မာအာဇီဝ၊ မဖောက်မပြန် အမှန်အသက်မွေးမှု၊
(၆) သမ္မာဝါယမ၊ မဖောက်မပြန် အမှန်အားထုတ်မှု၊
(၇) သမ္မာသတိ၊ မဖောက်မပြန် အမှန်သတိရနေမှု၊
(၈) သမ္မာသမာဓိ၊ မဖောက်မပြန် အမှန်တည်မှုတို့ဖြစ်တယ်။

ဒီတော့ တစ် ကမ္ဘာ လုံး ဟုန်းဟုန်းပြောင်ပြောင် တောက်လောင်နေတဲ့ မီးတွေကို ငြိမ်းသတ်ချင်ရင် ဒီမဂ္ဂင်ရှစ်ပါးနဲ့ ငြိမ်းသတ်ကြလို့ ဆိုလိုတယ်။

ဂေါ်ဂင်ရှစ်ပါးဆိုတာ မဇ္ဈိမ ပဋိပဒါ အကျင့်ပါပဲ၊ ဂေါ်ဂင် ရှစ်ပါး အကျဉ်းချုံးလိုက်တော့ သီလ သမာဓိ ပညာ သိက္ခာသုံးပါးပါပဲ။

ဒါကြောင့် ဓမ္မပဒမှာ-

တုမှေဟိ ကိစ္စမာတပ္ပံ၊ အက္ခာတာရော
တထာဂတာ၊
ပဋိပန္နာ ပမောက္ခန္တိ၊ ဈာယိနော မာရဗန္ဓနာ။

အာတပ္ပံ၊ ကိလေသာမီး ဆယ့်တစ်သီးကို အပြီးသွေ့ ခြောက် ကင်းပျောက်စေနိုင်သောလုံ့လ ကြိုးကုတ်အား ထုတ်မှုကို၊ကိစ္စံ ပြုသင့် ပြုထိုက် ပြုလိုက်ကြကုန်လော။ တထာဂတာ၊သင်တို့ဆရာ ဘုရား ငါတို့သည်ကား၊ အက္ခာ တာရော၊ ကျင့်ကြံ ကြိုးကုတ်အားထုတ်ပုံ နည်းသဘောကို ဟောရုံသာ ဟောပြနိုင်ကုန်၏။ ဈာယိနော၊ ပူမှုအေးမှု အစုစုကို ရှုမှတ်ကြကုန်လျက်၊ ပဋိပန္နာ ကျင့်ကြံကြိုးကုတ် အားထုတ်ကြသည် ရှိသော်။ မာရဗန္ဓနာ၊ ကိလေသာမီး မာရ်နတ်ကြီး၏ အဖွဲ့အစည်းမှ ပမောက္ခန္တိ၊ မုချမသွေ ကင်းလွတ်နိုင်လေတော့ သတည်း။

သာဓု....သာဓု....သာဓု။

ဒီတော့ ပူမှု အေးမှု ပိန့်မှု ဖောင်းမှု ဝင်မှု ထွက်မှု ချမ်းသာမှု ဆင်းရဲမှု စသော သင်္ခါရ တရားတွေ၏ မမြဲ မသေချာဖြစ်ပျက်နေမှုကို အာရုံပြု၍ ရှုမှတ်နေသော ပုဂ္ဂိုလ်သာ ကိလေသာမီးတွေက မလောင်နိုင်တာ။

ဒီလို မနေလျှင် ဒီကိလေသာမီးတွေက အမြဲလောင်နေတာပဲ၊ ဒီတော့ ဗုဒ္ဓဘာသာဝင်ရယ်လို့ အမည်ခံထားကြတော့ မဂ္ဂင်ရှစ်ပါး ပွားနေမှ ဗုဒ္ဓဘာသာဝင်အစစ် ဖြစ်ကြမယ်။

ဒီတော့ ဗုဒ္ဓဘာသာ အစစ်ဆိုလျှင် မဂ်လေးတန်ကေန် ရောက်အောင် မဂ္ဂင်ရှစ်ပါးပွားများနေတဲ့ အာရဒ္ဓဝိပဿက ပုထုဇဉ်လေးယောက်၊ မဂ်ပုဂ္ဂိုလ်လေးယောက်၊ ဖိုလ်ပုဂ္ဂိုလ်လေးယောက်၊ ပေါင်း တစ်ဆယ့်နှစ်ယောက်သာ ဗုဒ္ဓဘာသာဝင် အစစ်ရှိတယ်။

ထိုမှတစ်ပါး ပုဂ္ဂိုလ်များကတော့ အစစ်ရယ်လို့ မဆိုနိုင်ဘူး၊ အတုအယောင်သာ ဆိုရလိမ့်မယ်၊ တရားရပြီး ပုဂ္ဂိုလ်တွေကသာ မိမိရပြီးသော တရားအားထုတ်ပုံ နည်းလမ်းကို သူ တစ်ပါးအား ပြောကြားရတယ်၊ အာရဒ္ဓ ဝိပဿက ပုဂ္ဂိုလ်ဆိုတာက နာမရူပပရိစ္ဆေဒဉာဏ် ပစ္စယပရိဂ္ဂဟဉာဏ်လောက် ရောက်ရုံနဲ့ အာရဒ္ဓ ဝိပဿက ပုဂ္ဂိုလ် မဆိုရသေးဘူး၊ ဥဒယဗ္ဗယဉာဏ် ရောက်မှ အာရဒ္ဓ ဝိပဿက မည်တယ်။

## မဂ္ဂင်ရှစ်ပါး ပွားများပုံ

အားထုတ်တဲ့ နေရာမှာလဲ ရင်ထဲက ဝါယောဓာတ်၊
နာမ်ထဲက ဝေဒနာ၊ စေတသိက်ဟာ ရှုမှတ်လို့အထင်လွယ်
ဆုံး သမာဓိအရ အလွယ်ဆုံး ဖြစ်သည့်အတွက် ဝါယော
ဓာတ်ရှုမှတ်မယ်ဆိုလျှင်၊ ဝင်တယ် ထိတယ် သိတယ်၊ ပိန်
တယ်ဖောင်းတယ် လှုပ်တယ်လို့ ရှုမှတ်ကြ။

ဝေဒနာကို ရှုမှတ်မယ်ဆိုလျှင်လဲ ဆင်းရဲတယ် ချမ်းသာ
တယ် ဝမ်းသာတယ်လို့ ရှုမှတ်နေရင် အလိုလို သိက္ခာသုံး
ပါး မဂ္ဂင်ရှစ်ပါး ပါလာတယ်။

ဒီမဂ္ဂင်ရှစ်ပါး သိက္ခာသုံးပါးကို ရှေးရှေး ဘုရားရှင်များ
လက်ထက်တော်အခါကလဲ သာသနာတည်တံ့ရေးအတွက်
ဟောခဲ့ကြပါတယ်။ အားထုတ်ရန် တိုက်တွန်းခဲ့ကြပါတယ်။

ဒါပေမယ့် ဟောမည့်ပုဂ္ဂိုလ် ပွားများ အားထုတ်မည့်
ပုဂ္ဂိုလ် ကွယ်ပျောက်သွားတဲ့အခါ သာသနာ ကွယ်ပျောက်
သွားတာပါပဲ။ အဲဒီလို ဖြစ်တဲ့အခါမှာ မဂ္ဂင်ရှစ်ပါးကိုလဲ
မသိကြရတော့ဘူး၊ သိက္ခာသုံးပါးလဲ မရှိတော့ဘူး။

နောက်တစ်ဖန် ဘုရားရှင် ပွင့်ပြန်သောအခါကျမှ အား
ထုတ်ပုံ အားထုတ်နည်းနှင့်တကွ မဂ္ဂင်ရှစ်ပါး သိက္ခာသုံးပါး
ပေါ်လာပါတယ်။

ယခုအခါ သက်တော်ထင်ရှား မြတ်စွာဘုရား မရှိငြား
လည်း ဘုရားအလိုကျ ဟောပြော ပြသည့် ဘုရားသား
တော် သံဃာတော်အရှင်မြတ်များနဲ့ သူတော်ကောင်း သူ

ဘော်မြဘ်အပေါင်းတို့ ရှိသေးကြတော့ အခု ကျွန်ုပ်တို့တစ်တွေ ကိုယ့်ခနရာတွင် အဆင်သင့်နေပြီး အားထုတ်နိုင်ကြတာဟာ ဘယ်လောက် ဝမ်းသာစရာကြီး ကောင်းသလဲဆိုတာ စဉ်းစားပြီးကြည့်ကြ။

မဂ္ဂင် ရှစ်ပါးဟာ သစ္စာလေးပါးတို့ကား ဘာဝေတဗ္ဗသစ္စာဖြစ်၍ ပွားများအားထုတ်ရတဲ့ တရားဆိုတာ ထင်ရှားပါတယ်။

ထိုမဂ္ဂင်ရှစ်ပါးတို့တွင် သမ္မာဝါစာ၊သမ္မာကမ္မန္တ၊ သမ္မာအာဇီဝဆိုတဲ့ သုံးပါးက သီလမဂ္ဂင်တွေဖြစ်ပါတယ်။ ဒီမဂ္ဂင်သုံးပါးနှင့် ပြည့်စုံဖို့ကတော့ လူဆိုရင် လူ့သီလ၊ ရှင်ဆိုရင် ရှင်သီလ၊ ရဟန်းဆိုရင် ရဟန်းသီလနှင့် မကျိုးမပေါက်ရအောင် စောင့်ထိန်းနိုင်လျှင် မဂ္ဂင်သုံးပါး ပြည့်စုံနေတယ်လို့ ဆိုရပါတယ်။

သို့ဖြစ်၍ လိမ်လည်ခြင်း၊ကုန်းတိုက်ခြင်း၊ ဆဲဆိုခြင်း၊အနှစ်သာရ ဘာမျှမရှိ ပြိန်ဖျင်းတဲ့စကား ပြောဆိုခြင်း ဟူသော ဝစဒုစရိုက်တရားတို့မှ ရှောင်ကြဉ်လျှင် သမ္မာဝါစာမဂ္ဂင်နှင့် ပြည့်စုံပါတယ်။

သူ့အသက်ကို သတ်ခြင်း၊ သူတစ်ပါးဥစ္စာကို ခိုးယူခြင်း၊ သူ့သားမယားကို ပြစ်မှားခြင်းတို့မှ ရှောင်ကြဉ်လျှင် သမ္မာကမ္မန္တမဂ္ဂင်နှင့် ပြည့်စုံတယ်လို့ ဆိုရပါတယ်။

အသက်မွေဝမ်းကျောင်းနှင့် စပ်ဆိုင်သော ဆိုအပ်ပြီးသော ဒုစရိုက်တရား ခုနစ်ပါးတို့မှ ရှောင်ကြဉ်လျှင် သမ္မာအာဇီဝမဂ္ဂင်နှင့် ပြည့်စုံနေတယ်လို့ ဆိုရပါတယ်၊အဲဒီ သီလ

မဂ္ဂင်သုံးပါးဟာ တရားအားမထုတ်မီ ပြီးပြည့်စုံနေလျှင် အခြေခံမူလမဂ္ဂင်တွေ ဖြစ်သည့်အတွက် မူလမဂ္ဂင်သုံးပါးလို့ ဆိုပါတယ်။ ရှောင်ကြဉ်ရတဲ့ မဂ္ဂင်ချည်းဖြစ်၍သီလ မဂ္ဂင်လို့ ခေါ်ရပါတယ်။

သမ္မာဝါယမ၊ သမ္မာသတိ၊ သမ္မာသမာဓိ မဂ္ဂင်သုံးပါး ကိုတော့ သမာဓိ မဂ္ဂင်လို့ ခေါ်ပါတယ်။ ဝိပဿနာတရား ကိုအားထုတ်တဲ့အခါ ရှုမှတ်နေသောအာရုံကို ရှုမှတ်မှု မပျက်အောင် ကြောင့်ကြစိုက်ကာ အားထုတ်တာက သမ္မာ ဝါယမမဂ္ဂင် ဖြစ်ပါသယ်။

ရှုမှတ်ထားသော အာရုံကို မလင်ရအောင် အဖန်ဖန် အထပ်ထပ် မပြတ်သတိပြုနေတာက သမ္မာသတိမဂ္ဂင် ဖြစ် ပါတယ်။ ရှုမှတ်ထားသော အာရုံမှတစ်ပါး အခြားစိတ်မ သွားရအောင် စောင့်ရှောက်ထား၍ တည်ကြည်နေတာက သမ္မာသမာဓိမဂ္ဂင် ဖြစ်ပါတယ်။ ထိုသုံးပါးလုံး စိတ်တည် ကြည်နေအောင် လုပ်ရတဲ့ မဂ္ဂင်တွေချည်းဖြစ်၍ သမာဓိ မဂ္ဂင်လို့ ခေါ်ရပါတယ်။

ရှုမှတ်ထားသော အာရုံ၏အပေါ် ညွှတ်လာအောင် တင်ပေးတဲ့မဂ္ဂင်ကို သမ္မာသင်္ကပ္ပမဂ္ဂင်လို့ ဆိုရပါတယ်။ ရှုမှတ် ထားသော အာရုံပေါ်သို့ ညွှတ်လာတော့ ပညာ ရှုမှတ် ကဲ့ပြီး အမှန်အတိုင်း ဖောက်ခွဲသိမြင်လာတဲ့ မဂ္ဂင်ကို သမာ ဒိဋ္ဌိမဂ္ဂင်လို့ ဆိုရပါတယ်။ ထိုနှစ်ပါးကို ပညာမဂ္ဂင်လို့ ခေါ် ရတယ်။

ဥပမာ ဝင်သက် ထွက်သက်ကို ရှုမှတ်သော ယောဂီ ပုဂ္ဂိုလ်သည် အရှုမှတ်ခံ ဝင်သက် ထွက်သက်ရုပ်က တခြား ရှုမှတ်မှု စိတ်နာမ်က တခြားကွဲပြားပိုင်းခြားပြီး မတွေးမ မဆရဘဲ တစ်ခါတည်း ပြတ်ပြတ်သားသား ရှင်းရှင်းလင်း လင်း ဖောက်ထွင်းပြီး သိလာတယ်လို့ ဆိုလိုပါတယ်။

အဲဒီလို သမာဓိ အားကောင်းပြီး ဉာဏ်ထက်သန်လာ တဲ့အခါ အရှုမှတ်ခံ ရုပ်ရော၊ ရှုမှတ်မှု စိတ်နာမ်ရော၊ စိတ် ကို အကြောင်းရင်းခံ၍ ဖြစ်ပေါ်လာသည်ဟု အကြောင်း ရောအကျိုးပါ အလိုလို သိလာပါတယ်။

အရှုမှတ်ခံ အာရုံရုပ်နှင့် ရှုမှတ်မှု စိတ်နာမ်တို့၏ ဖြစ်ဖြစ် ပြီး တစ်ခဏချင်း ပျောက်ပျက်သွားတဲ့ အနိစ္စ၊ ပျောက်ပျက် လို့ အောင့်အည်းမရတဲ့ ဒုက္ခ၊အစိုးရတဲ့ အတ္တကောင်မဟုတ် တဲ့ အနတ္တသဘော လက္ခဏာတွေလဲ ထင်လာပါတယ်။

အထူးသတိပြုရမှာကတော့ ဝင်သက် ထွက်သက် ဖမ်း ရာ၌ ခပ်လေးလေး ခပ်ဖြည်းဖြည်း ဖမ်းရတယ်။ ဂရုစိုက် လွန်လျှင်လည်း မောတတ်သည် မြန်လွန်းလျှင်လည်း အနိစ္စ ဒုက္ခ အနတ္တ လက္ခဏာ မထင်တတ်ဘူး။

စိတ်နာမ်က အာရုံကို ရှုမှတ်ရာ၌လဲ ရှုမှတ်မှုစိတ်က အ ခံခတ်သဘောသာ ဖြစ်ရမယ်၊ အာရုံဝင်သက် ထွက်သက် ကသာ စိတ်ပေါ်သို့ အလိုလိုကျလာရမည်၊ ဒါမှသာ အာ ရုံက အကြောင်းနိမိတ်လို့ ဆိုနိုင်သည်။

အဲဒီ သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပဆိုတဲ့ ပညာမဂ္ဂင် နှစ်ပါးနှင့် သမာဓိမဂ္ဂင် သုံးပါးပေါင်းလိုက်ရင် မဂ္ဂင်ငါးပါး ဖြစ်

သွားတယ်၊ အဲဒီမဂ္ဂင်ငါးပါးကို ကာရကမဂ္ဂင်လို့ ဆိုတယ်၊ ဒီငါးပါးကိုချုံးလိုက်တော့ ပညာဆိုတဲ့ သမ္မာဒိဋ္ဌိ မဂ္ဂင်တစ်ပါးသာ ရှိတယ်၊ ဘာပြုလို့လဲဆိုတော့ အာရုံကို ငါးပါးပေါင်းစပ်ပြီး ရှုမှတ်မှုကိစ္စကို ပြုလုပ်ပေးတဲ့ ဉာဏ်က တစ်ခုသာ ရှိသောကြောင့် ဖြစ်ပါတယ်။

သမ္မာဝါစာ သမ္မာကမ္မန္တ သမ္မာအာဇီဝ ဆိုတဲ့ သီလမဂ္ဂင်သုံးပါးကတော့ တရားအားထုတ်မီ ရှေ့အဖို့ကလဲ ပြည့်စုံလာခဲ့တယ်၊ တရားအားထုတ်ဆဲလဲ မပျက်နိုင်ပါဘူး ဒါကြောင့် အာရုံကို ရှုမှတ်တိုင်း ရှုမှတ်တိုင်း ဝိပဿနာမဂ္ဂင်ရှစ်ပါးအကုန် ပြည့်စုံနေတယ်လို့ ဆိုနိုင်ပါတယ်။

ဒီမဂ္ဂင်ရှစ်ပါး အားထုတ်တဲ့အခါမှာ ရှေ့ဦးစွာကမ္မဿကတာ သမ္မာဒိဋ္ဌိကိုလဲ အယူရှိမှုဖြစ်တယ်၊ ငါဒီဝိပဿနာ တရားကြိုးစား အားထုတ်လိုက်လျှင် မဂ်ဖိုလ်နိဗ္ဗာန်ကို အမှန်မျက်မှောက် ပြုနိုင်တယ်လို့ အယူရှိမှုလဲ ဝိပဿနာအလုပ်အားထုတ်လို့ရတယ်။

လူဘကာ ဝိပဿနာလုပ်နေကြပေ့ ငါလဲမလုပ်ရင် ခေတ်မမီဘူးဆိုပြီး လူကြားကောင်းရုံ လုပ်လျှင်တော့ အသကားပဲ တရားလဲ မရဘူး။

ဒါကြောင့် ကမ္မဿကတာ သမ္မာဒိဋ္ဌိနှင့်ပေါ့က သီလမဂ္ဂင်သုံးပါး သဒ္ဓါဓိတရားတို့ကို အခြေခံမူလ မဂ္ဂင်တွေလို့လဲ မှတ်ရမယ်။

ဆိုအပ်ပြီးသည့်အတိုင်း နေ့မလပ် ညမဆိုင်းဘဲ အဖန်တလဲလဲ ဝိပဿနာ မဂ္ဂင်တွေ အဖြစ်များလာတော့ အရို

ယာမဂ္ဂင်တွေ ဆိုက်ရောက်ကာ နိဗ္ဗာန်သို့ မျက်မှောက် ပြုနိုင်ကြတာပါပဲ။

ဒါကြောင့် ''ဝိပဿနာ ပရိယောသာနေမဂ္ဂကိစ္စ''လို့ ဆိုထားပါတဲ့ ဝိပဿနာပြီးရင် မဂ်ပဲရှိတော့တယ်။

**ဝါယောဓာတ်ရှုမှတ်ပုံ**

ဝင်တယ် ထွက်တယ်ဆိုတဲ့ ဝါယောဓာတ်ဟာ ဒုက္ခသစ္စာထဲပါနေတော့ ပရိညေယျ တရားဖြစ်တယ်။ အဲဒီ ပရိညေယျဝါယောဓာတ်ကို ထောက်ခံတတ်တဲ့ စိတ္တဇမှန လက္ခဏာနှင့် မမြဲတဲ့သဘော ဆင်းရဲတဲ့သဘော အစိုးမရတဲ့သဘော ဖောက်ပြန်ပျက်စီးတဲ့ သဘောကို ပရိညေယျ ပဋိဝေဒ အနေနှင့် ပိုင်းခြားသိသလျှင် သမုဒယသစ္စာဆိုတဲ့ တဏှာကို ပယ်ခြင်း ပဟာန ပဋိဝေဒသဘောလဲ ပြီးစီးသွားတာပါပဲ။

လှုပ်ရှား ထောက်ခံတတ်တဲ့ ဝါယောဓာတ်၏ သဘောလက္ခဏာ ဖြစ်ပေါ်လာတာဟာ အမြဲမပြတ် ရှုမှတ်ပွားများနေလို့သာ ဖြစ်လာတာပဲဟု သူ့အလိုလို ပွားများတဲ့ ဘာဝနာ ပဋိဝေဒကိစ္စလဲ ပြီးစီးသွားတာပဲ၊ အဖန်ဖန် မပြတ်ရှုမှတ်နေတော့ အမှန်ကို သိမြင်တဲ့ သမ္မာဒိဋ္ဌိဉာဏ် ဖြစ်ပေါ်လာတယ်။ ဖြစ်ပေါ်လာတော့ အမှားကိုသိတဲ့ အဝိဇ္ဇာ ကင်းသွားတယ်။ အဝိဇ္ဇာကင်းသွားတော့ သင်္ခါရစသော တရားတွေလဲ ဖြစ်ပေါ် မလာ နိုင်တော့ဘူး။ တဒင်္ဂအားဖြင့် သင်္ခါရတရားတွေ ချုပ်ငြိမ်းသွားတာပဲ၊ အဲဒီလို ချုပ်ငြိမ်းသွားတာဟာ တဒင်္ဂနိဗ္ဗာန်သို့ဆိုက်ရောက်

တယ်လို့ ဆိုရပါတယ်။ ဒါကြောင့် သစ္စိတရိယ ပဋိဝေဒ ကိစ္စလဲ ပြီးစီးသွားတာပဲ။ အဲဒီလို သိလာတာဟာ ဝိပဿနာ ပုဗ္ဗမဂ်ကိစ္စဖြင့် သစ္စာလေးပါးကို သိတယ် ခေါ်တယ်။

ကျက်မှတ်ပြီးသိတာ ဆင်ခြင်ပြီး သိတာတွေဟာ သညာ သိ ခေါ်တယ်။ ဝိပဿနာဉာဏ်ဖြင့် ဖြစ်ပျက်နေတဲ့ ရုပ်နာမ်ကို အဟုတ်အမှန် ကိုယ်ပိုင်ဉာဏ်ဖြင့် သိတာမှ ပညာ သိလို့ ခေါ်တယ်။

အဲဒီလို ကိုယ်တွေ့ ဉာဏ်မြင်သိလိုက်တော့ နောက် နောက်က ပုဂ္ဂိုလ်သတ္တဝါ ငါ သူတစ်ပါးလို့ သိနေတာမြင် နေတာ ထင်နေတာဟာ အမှားပဲ၊ အမှန်စင်စစ်အားဖြင့် ဘယ်သတ္တဝါမဆို ဘယ်သူမဆို ရုပ်နဲ့နာမ်မျှသာ ရှိပါ ကလားဟု ထင်ထင်ရှားရှား ရှင်းရှင်းလင်းလင်းကြီး သိသွားတယ်။

ထို့ကြောင့် ထွက်သက်ဝင်သက်တို့၏ သဘာဝ လက္ခဏာကို ရှုမှတ်နေတဲ့ အခိုက်မှာ ဘောင့်တင်း တွန်းကန် လှုပ်ရှားတဲ့ သဘောကိုသာ ထင်ထင်ရှားရှား ကိုယ်တွေ့ ဉာဏ်အမြင်တရားဖြင့် အမှန်သိလာတယ်။

ဥပမာအားဖြင့် ပြရလျှင် မိုးပေါ်တွင် မိုးရွာခါနီး တဝင်းဝင်းနဲ့ လက်နေတဲ့ လျှပ်ရောင်ကို ကြည့်ပါ၊ လျှပ် ရောင်လင်းခိုက်မှာ စိုက်ပြီးကြည့်လိုက်လျှင် အရောင်လက်ပုံ အခြင်းအရာကို သေချာစွာ သိရတယ်။

မလက်မီဖြစ်စေ၊ လက်ပြီးမှဖြစ်စေ ကြည့်တဲ့အခါ အဘယ်မှာ ဘယ်လိုလက်သွားသည်ဟု သိနိုင်တော့မည်

နည်း။ ထိုနည်းအတူ ဝါယောဓာတ်၏ဝင်ခိုက် ထွက်ခိုက်မှာ လိုက်၍ လိုက်၍ ရှုမှတ်ပါလျှင် ဝါယောဓာတ်၏ သဘောသဘာဝလက္ခဏာကို သူများအပြောမဟုတ်ပါဘူး ကိုယ်တိုင် တိတိကျကျ သိရပါတယ်။

အဲဒီလို ဖြစ်ခိုက်ဖြစ်ခိုက် ရုပ်နာမ်တွေကို လိုက်ပြီး ရှုမှတ်နေရင် တဖြည်းဖြည်း ရုပ်နာမ်တို့၏သဘောကလေးတွေကို အစစ်အမှန် ကောင်းသိပြီး ဖြစ်ပေါ်လာတိုင်း အစပိုင်းဖြစ်မှုကိုလဲ သိရတယ်၊ ပျောက်ပျက်သွားတဲ့ နောက်ပိုင်းအဆုံးကိုလည်း သိရတယ်။

အဲသလို သဘောအထည်ကိုယ်ကိုသိပြီးမှ အစဖြစ်ပေါ်လာပြီး အဆုံးပျောက်သွားပုံကို အမှန်အတိုင်း သိရပါတယ်၊ သူ့သဘောကလေးကိုမှ မဖမ်းမိခင် သူ၏အပျက်ကိုသာ ရှုမှတ်နေမယ်ဆိုလျှင် ဥပမာ နွားကို မမြင်မသိခင်က ချိုထောင် ချိုကုတ် အမှန်အဟုတ် မသိနိုင်သလို အမှန်သဘာဝ မကျပါဘူး၊ အထူးသတိပြုကြရန် လိုပါတယ်၊ ဒါကြောင့် ဆရာမြတ်တို့က "လက္ခဏာသရုပ် အဟုတ်သိမှ ဥဒယ ဝယ မြင်နိုင်တယ်" လို့ မိန့်ဆိုကြပါတယ်။

မြတ်စွာဘုရားကလဲ "ဟုတွာ အဘာဝတော အနိစ္စာ" လို့ ဟောကြားသွားပါတယ်၊ ဟုတွာ၊ ဘယ်ကမှ လာသည်မဟုတ် သူ့သဘာဝအလိုက် အကြောင်းဆိုက်လျှင် ဖြစ်ပေါ်လာပြီး၍ အဘာဝတော၊ ဘယ်ကိုမှ မရွှေ့ ပျောက်ကွယ်၍ သွားခြင်းကြောင့်။ အနိစ္စာ၊ ခဏမစဲ မမြဲ

ကောန် အမှန် ဖောက်ပြန်ကြလေသောသတည်း လို့ ဆို ပါတယ်။

အဲဒီလို ဖြစ်ပေါ်လာပြီး ကွယ်ပျောက် သွားတာဟာ အနိစ္စလက္ခဏာပဲ။ အဲဒီအနိစ္စလက္ခဏာ မြင် တွေ့ ပြီးမှ အနိစ္စာ နုပဿနာဉာဏ် အစစ်ဖြစ်လာတယ်၊ အနိစ္စာ နုပဿနာ ဉာဏ်အစစ်ဖြစ်လာရင် ဒုက္ခလက္ခဏာလဲ သိ လာတာပဲ၊ အနတ္တလက္ခဏာလဲ သိသိလာတာပဲ။

အဲဒီလိုမဟုတ်ဘဲ လူသေလို့အနိစ္စပဲ၊ အိုးကွဲလို့အနိစ္စပဲ ဟု သိဟာမျိုးကတော့ ပညတ်အနိစ္စလို့ခေါ်တယ်၊ အနိစ္စ တု အနိစ္စ အယောင်ဆောင်ပါပဲ၊ ထိုနည်းအတူ ဒုက္ခလဲ အနာပေါက်လို့ နာတာဒုက္ခပဲ စသည့် သာမန်ဒုက္ခတု သိရုံနဲ့ အနတ္တ မသေင်နိုင်ဘူး။

ဒါကြောင့် သာသနာပမှာရှိတဲ့ အနိစ္စ ဒုက္ခတွေဟာ အနိစ္စတု ဒုက္ခတု ဖြစ်နေကြတော့ အနတ္တလက္ခဏာ မထင် နိုင်ဘူးလို့ ဆိုတာ၊ အစစ်က ရုပ်နာမ် ပရမတ်တရားတို့၏ သူ့သဘာအတိုင်း ဖြစ်ဖြစ်ပြီး ပျက်ပျက်သွားတာသိမှ ပရမတ်အနိစ္စ၊ ဖြစ်ပြီးပျက်တာနှိပ်စက်နေတာသိမှ ပရမတ် ဒုက္ခ၊ အဲဒီ အနိစ္စ ဒုက္ခသိမှ အနတ္တ သိတာဟုမှတ်။

ဒါကြောင့် အဂုတ္တိုရ်အဋ္ဌကထာမှာ....

"အနိစ္စလက္ခဏော ဒိဋ္ဌေ အနတ္တလက္ခဏံ ဒိဋ္ဌမေဝ ဟောတိ ဧတေသုဟိ တီသု လက္ခဏေသု ဧကသ္မိံ ဒိဋ္ဌေ ဣတရဒွယံ ဒိဋ္ဌမေဝ ဟောတိ" လို့ ဆိုပါတယ်။

အနိစ္စလက္ခဏာ၊ ပရမတ်တရားတို့၏ မပြတ်မနား တဖွားဖွား မစဲ မမြဲသော အမှုအရာ အနိစ္စလက္ခဏာကို၊ ဒိဋ္ဌေ ဝိပဿနာဉာဏ်စိတ်အနေဖြင့် မြင်သည်ရှိသော်၊ အနတ္တလက္ခဏံ၊ အကောင်အထည် ပုဂ္ဂိုလ်ဟူသော အတ္တဓါတ်သတ္တဝါမရှိဟူ၍ သိသော အနတ္တလက္ခဏာသည်။ ဟောတိ၊ မုချမသွေ ဖြစ်လာနိုင်ပေ၏။ ဟိ၊ ထိုစကားကို ထင်ရှားစေဦးအံ့။ ဧတေသု တီသု လက္ခဏေသု၊ ဤသုံးပါးသော လက္ခဏာတရားတို့တွင်။ ဧကသ္မိံ၊ အနိစ္စသား တစ်ခုသော လက္ခဏာတရားကို။ ဒိဋ္ဌေ၊ ဝိပဿနာ ဉာဏ်ပညာဖြင့် မှန်စွာမသွေ မြင်နေသည်ရှိသော်။ ဣတရဒွယံ၊ မြင်သည့် လက္ခဏာတရားမှ တခြားနှစ်ပါးသော လက္ခဏာတရားများကိုလည်း။ ဒိဋ္ဌမေဝ ဟောတိ၊ တစ်နွယ်ငင် တစ်စင်ပါ အနေဖြင့် မြင်လေတော့သည်သာတည်း။

သာဓု...သာဓု...သာဓု....။

တစ်ပါးထင်လျှင် သုံးပါးလုံးထင်နိုင်သည်ဟု ဆိုသော်လည်း အစွမ်းကုန် ထင်နိုင်ကြတာတော့ မဟုတ်ပါဘူး၊

သောတာပန်နှင့် သကဒါဂါမ် ပုဂ္ဂိုလ်တို့သည် အနတ္တအချက်ကို အစွမ်းကုန် ထင်နိုင်ကြသော်လည်း အနိစ္စအချက်နှင့်ဒုက္ခ အချက်ကို အစွမ်းကုန် မထင်နိုင်သေးဘူး၊ ဒါကြောင့် လူ့ဘဝ၊ နတ်ဘဝ အကြိမ်များစွာ နေနိုင်ကြတာ ဖြစ်တယ်။

အနာဂါမ် ပုဂ္ဂိုလ်တို့ကတော့ အနတ္တအချက်နှင့် အနိစ္စအချက်ကို အစွမ်းကုန် ထင်နိုင်သော်လည်း ဒုက္ခအချက်ကို

မှု အစွမ်းကုန် မထင်နိုင်သေးဘူး၊ ဒါကြောင့် သုဋ္ဌဝါသ ပြဟ္မာဘုံမှာ ဖြစ်ကြရသေးတယ်။

ရဟန္တာပုဂ္ဂိုလ်ကျမှ အနိစ္စ, ဒုက္ခ, အနတ္တ လက္ခဏာ အချက်တွေ အပြည့်အစုံထင်နိုင်ကြတယ်၊ ဒါကြောင့် မျိုးစေ့ ပဋိသန္ဓေကုန်ခန်းပြီး ဘဝတစ်ပါးသို့ သွားကြရတော့ဘဲ မီးပုံကြီး လောင်စာ ကုန်ခန်းပြီး အေးချမ်းသွားသလို အနုပါဒိသေသနိဗ္ဗာန်နန်းသို့ တက်လှမ်းသွားကြခြင်းဖြစ်တယ်။

လောကတွင် အမှားသိ၊ အမှန်သိ တစ်နည်းအားဖြင့် ပြောလျှင် သညာသိ၊ ပညာသိ နှစ်မျိုးရှိတယ်၊ သင်လို့, ကြားလို့,မေးမြန်းလို့ သိတဲ့အသိမျိုးတွေက သညာသိမျှသာ ဖြစ်တယ်၊ အမှန်သိ မဟုတ်သေးဘူး။ ပြောင်းသိမှု လောက်သာ ရှိတယ်၊ ဒီအသိမျိုးနဲ့ နိဗ္ဗာန်ထိ မသိဘူး။

ပညာသိဆိုသည်မှာ လက္ခဏာ ရသနှင့်တကွ သိစရာရှိသမျှ ပိုင်းခြား၍ အများအသိထက် ပို၍ လွန်၍ သိမှ ပညာသိ ခေါ်တယ်။

ဥပမာ လူကို လူဟုသိတာ၊ ယောက်ျားကို ယောက်ျားလို့ သိတာ၊ ရုပ်(၂၈)ပါးကို ပထဝီ အာပေါ တေဇော အားဖြင့် သရုပ်သဘောကို သိတာ နာင်ကို စိတ်ကတစ်ခု၊ စေတသိက်က (၅၂)ခု ပေါင်း(၅၃)ပါးလို့ သိတာမျိုးကား မြင်သိ,ကြားသိ, မေးမြန်းသိ, သင်သိလောက်သာ ရှိ၍ သညာသိမျှသာ၊ ပညာသိ မဟုတ်သေးဘူး။

ပညာသိဆိုတာကား ရုပ်နာမ်တို့တွင် တစ်ပါးပါးကို ပိုင်းခြား၍ သဘာဝ ရသနှင့် စိတ်၏အာရုံကို သိတတ်သော သဘောလက္ခဏာ ဖယ်သ၏အာရုံကို တွေ့သိခြင်း စသော သဘောလက္ခဏာတို့ကို သက်ဆုပ် လက်ကိုင် အနေဖြင့် အဖြစ်အပျက်နှင့်တကွ သဘောသဘာဝကို ဉာဏ်အား ထင်မြင်လာအောင် ကောင်အမှန်သိမှု ပညာသိလို့ ခေါ်တယ်။

(မဂ်ဉာဏ်, ဖိုလ်ဉာဏ်ဖြင့် သိမှု မှချအစစ်သိလို့ ဆိုလိုတယ်)

ဒီလိုသိလျှင် သက္ကာယဒိဋ္ဌိနှင့် ဝိစိကိစ္ဆာ ကွာသွားတော့တာပဲ၊ လူကောင်, နတ်ကောင်, ဗြဟ္မာကောင်, အပါယ်လေးပါးကောင်ဟူ၍ မရှိတော့ဘူး၊ ရုပ်နာမ်မျှသာ ရှိတယ်လို့ သိသွားတယ်၊ သိသွားတော့ ဘုရားအပေါ်, တရားအပေါ်, သံဃာအပေါ် ယုံမှားမရှိတော့ဘူး၊ ငါဘယ်က လာသလဲ၊ ဘယ်ဘုံဖြစ်ဦးမှာလဲ ဆိုတဲ့ ဝိစိကိစ္ဆာလဲ ကင်းသွားတော့တာပဲ၊ ဒါကြောင့် သက္ကာယဒိဋ္ဌိ ပယ်သတ်လိုက်လျှင် သူနဲ့ တွဲသွားနေတဲ့ ဝိစိကိစ္ဆာလဲ ကွာသွားတာပဲ။

ဒါဖြေခဲ့သည့် မျက်စိတစ်မှိတ်လျှပ်တစ်ပြက်မှာ နာမ်တရားတွေက ကုဋေငွေ ကစ်သိန်း၊ ရုပ်တရားတွေက ကုဋေငါးသောင်း ဖြစ်ပျက်နေပုံကို သိအောင်ကတော့ ပဋ္ဌာနမ္ဘာဒါပတ္တ ရဟန္တာများနှင့် ဘုရားသာ သိနိုင်တယ်။

ဒါကြောင့် ဖြစ်ပျက်နေတဲ့ သင်္ခါရတရားတွေ၊ ဖြစ်ပျက်သမျှ အကုန်သိမှ နိဗ္ဗာန်မြင်တာ မဟုတ်ပါဘူး။ ပရမတ်အနေဖြင့် သိလာလျှင် နိဗ္ဗာန်ကို မြင်နိုင်ပါတယ်။

သို့ဖြစ်၍ တရားတွေ ဘယ်သောက်ချားများ ဝိပဿနာအသုံးနဲ့ အတိုချုံးလိုက်မယ်ဆိုရင်....

(၁) မြင်-သိ-ပျက်
(၂) ကြား-သိ-ပျက်
(၃) နံ-သိ-ပျက်
(၄) စား-သိ-ပျက်
(၅) တွေ့-သိ-ပျက်
(၆) ကြံ-သိ-ပျက်

ဟူ၍ ခြောက်မျိုးသာ ရှိပါတယ်။

ယခု ထွက်သက် ဝင်သက်ကတော့ တွေ့-သိ-ပျက်တရားလို့မှတ်။

တစ်ခုခုကို ပိုင်အောင်နိုင်အောင် ရှုမှတ်နိုင်လျှင် နိဗ္ဗာန်ကို မြင်တော့တာပါပဲ။

သို့အတိုချုပ် တဲ့ တရားခြောက်ပါးတို့တွင် အဆင်းတစ်ခုခုကို မြင်သောအခါ မြင်၊ သိ ၊ပျက် ကိုရှု၊ အသံတစ်ခုခုကို ကြားသောအခါ ကြားသိပျက်ကို ရှု၊ အနံ့တစ်ခုခု နံသာသောအခါ နံသိပျက်ကိုရှု၊ အရသာတစ်ခုခု စားသောက်သောအခါ စားသိပျက်ကိုရှု၊ အတွေ့တစ်ခုခုကို တွေ့သိသောအခါ တွေ့သိပျက်ကိုရှု၊ အာရုံတစ်ခုခုကို

ကြံစည်မိသောအခါ ကြံသိပျက်ကိုရှု၊ ဒီခြောက်ခုမှတစ်ပါး အခြား ရှုမှတ်စရာမရှိပါဘူး၊ ဘာမျှ အာရုံမပေါ်လျှင် ရှုမြဲဝင်လေ ထွက်လေကို ရှု။

ရုပ်နာမ်တရားတို့၏ အဖြစ်အပျက်တို့ကို လက္ခဏာရေး ပေါ်အောင် တင်၍ဆင်ခြင် သုံးသပ်ဖန်များလျှင် ဝိပဿနာ ဉာဏ်ရင့်သန်ပြီး၊ ထိုရုပ်နာမ်တရားတို့ကို ထွင်းဖောက်ခွဲသိ လျှင် ပညာသိဖြစ်၍ မဂ်ကိစ္စ ဖိုလ်ကိစ္စ ပြီးပြည့်စုံနိုင်ပါ တယ်။

နာဂသမလ မထေရ်ဟာ ဆွမ်းခံသွားရင်း ရဟန္တာ ဖြစ်ပါတယ်၊ ဉဂ္ဂသေန သေဌေးသားဟာ ကျွမ်းအတတ်ကို ပြသရင်း ရဟန္တာဖြစ်ပါတယ်၊ထိုကျွမ်းအတတ်ကို ကြည့်ရှု ကြဘဲ့(၈၄၀၀၀)သော ပရိသတ်တွေကတော့ သောတာ ပန် တည်ကြတယ်။

တရားဆိုသည်ကား သမထတရားဖြစ်စေ ဝိပဿနာ တရား ဖြစ်စေ ရှုမှတ်လို့ သဘောအကျဆုံး စိတ်ဉာဏ်ထဲ အမြဲမကွာတဲ့ တရား တစ်ခုခုသာ အမြဲစွဲ၍ အားထုတ်ပါ၊ မိမိရရ တိတိကျကျဖြစ်အောင် အားထုတ်ပါ။

ဟိုတရားက ကောင်းနိုးနိုး ဒီတရားက ကောင်းနိုးနိုး၊ ဟိုဆရာတော်ပြတာက ဟုတ်နိုးနိုး၊ ဒီဆရာတော် ပြတာက ဟုတ်နိုးနိုး၊ နိုးပေါင်း(၁၆၀)ဖြစ်နေလို့ မရဘူး၊ တစ်ခုခု ကို တိကျအောင် အားထုတ်ရတယ်။

သမထ ဘာဝနာကို ပြရာ၌ စရိုက် ခြောက်ပါးနှင့် သင့်လျော် လျောက်ပတ်ပုံလောက်သာ ပြထားခြင်း ဖြစ်

ပါတယ်၊ မသင့်လျော်သော ကမ္မဋ္ဌာန်း မည်သည် မရှိပါဘူး၊ ပုဂ္ဂိုလ်တစ်ဦးမှာ စရိုက်ခြောက်ပါးလုံး ထူပြောသည်ရှိသော် ဘယ်လိုအားထုတ်မလဲ၊ စဉ်းစားကြည့်ကြ။

အာနာပါနာ ကမ္မဋ္ဌာန်းမှာ ဝိတက်များသော ပုဂ္ဂိုလ်နှင့် သင့်လျော်သည် ဆိုသော်လည်း ဝိတက် မပြောနှင့် ထူသော ပုဂ္ဂိုလ်များလဲ ရှုမှတ်ကောင်းပါတယ်၊ ယခု ရိပ်သာတွေမှာ အမျိုးမျိုးပြသနေကြတာကတော့ ဆရာကို လိုက်၍လည်းကောင်း၊ ကိုယ်ရှုမှတ်နေ့တဲ့ နည်းကို မှီ၍ လည်းကောင်း ပြသနေကြခြင်း ဖြစ်ပါတယ်။

သမထ ကမ္မဋ္ဌာန်းမှာ ဈာန်ကမ္မဋ္ဌာန်း ဖြစ်၍ ဈာန်ရလျှင် မြေလျှိုးမိုးပျံနိုင်ကြသည်ဟု ယူဆကြတယ်။ ပထမဈာန် ဒုတိယဈာန် တတိယဈာန် စတုတ္ထဈာန်သိ ရရုံမျှ မြေလျှိုး မိုးမပျံနိုင်ပါဘူး၊ ပဉ္စမဈာန်ရတောင် ဣဒ္ဓိဝိဓအဘိညာဉ်နှင့် ပဉ္စမဈာန်ရမှ ပျံနိုင်ပါတယ်၊ ဒီထူးမှတ်ကြနော်။

* * *

# သမထနှင့် ဝိပဿနာ

သမထဘာဝနာ သက်သက် အားထုတ်လျှင် နိမိတ် သုံးပါးထင်ပြီး နောက်စျာန်ကို ရစေပါသည်၊ ဒါပေမယ့် ရအောင်ကား ခက်ခဲ၏၊ ပျက်တာကတော့ လွယ်ပါတယ်၊ ဝိသဘာဂအသံ ကလေး ကြားရုံနှင့် ပျက်နိုင်တယ်။

ထိုစျာန်တွေရပြီး ဗြဟ္မာဘုံ ရောက်ကြရတာဟာ တစ်ကမ္ဘာမှာ တစ်ခါ ရစမြဲပါ၊ ကျွန်ုပ်တို့တစ်တွေ စျာန်ရပြီး ဗြဟ္မာပြည်မှာ နေရပေါင်း များလှပါပြီ၊ ခွေးတွေ နွားတွေလဲ ထိုနည်းအတူ နေလာခဲ့ကြရတာပဲ၊ အကြောင်း မထူးပါဘူး။

ဝိပဿနာ ဘာဝနာကသာ အရေးကြီးတယ်၊ လူတွေတော့ ရုပ်ကို အစပြု၍ ရှုမှတ်ရမယ်၊ နတ်တွေတော့ နာမ်ကို အစပြု၍ ရှုမှတ်ရမယ် ဆိုတာလဲ အမြဲ မဟုတ်ပါဘူး။

ဒါပေမယ့် ရုပ်ကို အစပြု၍ အားထုတ်လျှင် ဝါယောဓာတ်ကို အစပြု၍ အားထုတ်တာ ကောင်းတယ်၊ နာမ်ကို

အစပြု၍ အားထုတ်လျှင် ဝေဒနာကို အစပြု၍ အားထုတ်တာ ကောင်းတယ်။

ဘာပြုလို့လဲဆိုတော့ ရုပ်ဟူသမျှတွင် အာနာပါနာ ဝါယောဓာတ်က အခြား ရုပ်တို့ထက် ပိုရှင်းလင်း၍ သိလွယ်တယ်၊ နာမ်ဟူသမျှတွင်လည်း ဝေဒနာက အခြား နာမ် တရားတို့ထက် ပို၍ သာ၍ရှင်းလင်း သိလွယ်တယ်။

ဝိပဿနာအားထုတ်တယ် ဆိုပေမယ့် သမာဓိရအောင် သမထကစပြီး ပဋိဘာဂ နိမိတ်လောက် ရောက်အောင် အားထုတ်၍ စိတ် တည် ငြိမ် သက် လာသောအခါကမှ ဝိပဿနာပြောင်းတာ အကောင်းဆုံးပဲ၊ ဒါကြောင့် ယခု အခါ ဘယ်ရိပ်သာမှာ ဖြင့်ဖြစ် ပိန်တာ ဖောင်းတာ၊ ဝင်တာ ထွက်တာ၊ ပူတာ အေးတာက စ၍ အားထုတ်ကြ ခြင်း ဖြစ်ပါတယ်၊ ပဋိဘာဂ နိမိတ် မရောက်သော်လည်း သမာဓိ အားကောင်းသာလျှင် ဝိပဿနာ ပြောင်းလို့ ရပါတယ်။

ဝိပဿနာကို အားထုတ်ခြင်း ဝိပဿနာ ဟူသော အခေါ်အဝေါ်လေး နားလည်ဖို့လိုတယ်၊ "အနိစ္စတာဒိ ဝသေန ဝိဝိဓေဟိ ဓမ္မေပဿတီတိ ဝိပဿနာ ပညာ ယေတံနာမံ" လို့ ပဋိသမ္ဘိဒါ အဋ္ဌကထာမှာ ဖွင့်ဆိုထားပါတယ်၊ ဒီတော့ အနိစ္စလက္ခဏာ အစရှိသည်၏ အစွမ်းအားဖြင့် အထူးထူး အပြားပြားသော အခြင်းအရာဖြင့် သင်္ခါရဖြစ်သော ရုပ်နာမ် တရားတို့ကို လက္ခဏာရသ

သဘာဝကျအောင် ရှုမှတ်တတ်လို့ ဝိပဿနာလို့ ခေါ်ရတယ် သို့မှတ်။

ရုပ်နာမ်သည် အမြဲမရှိ ဆိုသဖြင့် မိမိ ရှုမှတ်နေသော ဝါယောဓာတ်ကလေးသည် ပျက်ပျက် သွားသည်ကိုသတိပြု၊ ဆင်းရဲ၏ ဆိုသဖြင့် အဖန်ဖန်ပျက်နေတဲ့ ဆင်းရဲမှုကို သတိပြု၊ အစိုးမရ အနတ္တဆိုသဖြင့် ဝင်တာကို မဝင်အောင် တားလို့မရ။ ထွက်တာကို မထွက်အောင် တားလို့မရ။ သူ့သဘာဝအတိုင်း ဖြစ်နေတာကိုသတိပြု အဲဒီလို သတိပြုနေရင်း လက္ခဏာရေးသုံးပါး ပိုင်တော့တာပဲ။

## ဝိပဿနာ လမ်းနှစ်သွယ်

ဝိပဿနာလမ်းသည် (၁) သုဒ္ဓဝိပဿနာ ယာနိက လမ်း၊ (၂) သမထ ဝိပဿနာယာနိကလမ်းဟူ၍ နှစ်မျိုး ရှိသည်။ ထိုနှစ်မျိုးတို့တွင် သမထယာနိက ဝိပဿနာလမ်း ဆိုသည်မှာ ရှေးဦးစွာ သမထအလုပ်ကို လုပ်၍ ပဋိဘာဂ နိမိတ်လောက် ရောက်မှ သို့မဟုတ် ခိုင်မာ တည်တံ့သော စိတ် သမာဓိရမှ ဝိပဿနာ အနိစ္စ ဒုက္ခ အနတ္တ လက္ခဏာ ရေး သုံးပါးတင်၍ အားထုတ်ခြင်းသည် သမထဝိပဿနာ ယာနိကလမ်း မည်၏။

သုဒ္ဓ ဝိပဿနာ ယာနိကလမ်း ဆိုသည်မှာ သမထ အလုပ်ကို သက်သက် မလုပ်ဘဲ၊ နာမရူပ ပရိစ္ဆေဒဉာဏ် လောက်ရအောင်သာ သမထအလုပ်ကို လုပ်၍ ဝိပဿနာ ဆက်ပြီးလုပ်လျှင် သုဒ္ဓဝိပဿနာ ယာနိကလမ်း မည်၏။ သမထကို နိုင်နင်းအောင် မလုပ်သော်လည်း ဉာဏ်စွမ်း ဝီရိယစွမ်းရှိမှ ပြီးစီး နိုင်ပါသည်။

နာမ်တရားကို အားထုတ် ရှုမှတ်မည် ဆိုလျှင် နာမ်တရားထဲတွင် ဝေဒနာသည် အထူးထင်ရှား သိလွယ်သောတရား ဖြစ်၍ ဝေဒနာကို ရှုမှတ်ခြင်းသည် အကောင်းဆုံးဖြစ်သည်။ ဝေဒနာ ငါးပါးတို့တွင်လည်း ဒုက္ခဝေဒနာသည်သာ၍ ပို၍ အထူး ထင်လွယ် သိလွယ်သောကြောင့် ဒုက္ခဝေဒနာကို အသားပေး၍ အားထုတ်ရန် လိုသည်။

ဒုက္ခဝေဒနာကို ရှုမှတ်၍ တရားရသွားကြသော ဝတ္ထုသက်သေသာဓက အလွန် များသည်၊

မြတ်စွာဘုရား လက်ထက်တော် အခါက ဂေါဓိကရဟန်းသည် မကျန်းမာသည့်အတွက် ရပြီးသော ဈာန်များ(၇)ကြိမ်တိတိ ပျက်သွားဖူးသည်။ နောက်ဆုံးအကြိမ်ကျတော့ ဈာန်ရနေဆဲ၊ တစ်ခါတည်း သူ့လည်ပင်းကို သင်တုန်းဓားနဲ့ လှီးပြီး သွေးတွေ ယိုစီး၍ နာကျင်သော ဒုက္ခဝေဒနာကို ဝိပဿနာ တင်လိုက်သောအခါ တစ်ခဏချင်း အာသဝေါ ကင်းသော ဇီဝိတ သမသီသီ ရဟန္တာမထေရ်ဖြစ်၍ ပရိနိဗ္ဗာန် စံတော်မူပါတယ်။

ထို ဂေါဓိက ရဟန်းမှာကား ဈာန်ရတိဟိတ် ပုဂ္ဂိုလ်ကြီးဖြစ်၍ သမာဓိမှာ ခိုင်မြဲသောကြောင့် ရဟန္တာ ဖြစ်သွားခြင်းဖြစ်သည်။ သာမန် ပုဂ္ဂိုလ်များကတော့ ကိုယ်ခန္ဓာဒုက္ခကို တမင်ရှာ၍ မရှုကောင်းလို့မှတ်။

မြန်မာပြည်တွင် ကျော်လေးကျော် ဆရာတော်ဟု ထင်ရှားသော တောင်ဖီလာ ဆရာတော်လဲ ဓားမဖြင့် ခြေကို ခုတ်၍ တရားရှုကြောင်း သာသနာဝင် ကျမ်းစာများအရ

သိရသည်။ ထိုဆရာတော်ကတော့ မာတုဂါမနှင့် တွေ့၍ ရာဂမဖြစ်အောင် တားမြစ်ခြင်း ဖြစ်သည်။

သုဒ္ဓဝိပဿနာ ယာနိကလမ်းဖြင့် ဝေဒနာကို ရှုမှတ်ပုံကို သိသာရုံ ဖော်ပြရမည်ဆိုသော်....

(၁) ရှေးဦးစွာ နိဗ္ဗာန်သို့ ညွတ်သောစိတ် ထား၍ ဘုရားကို ရှိခိုးပြီးလျှင် မိမိခန္ဓာကိုယ်ကို ဘုရားအား လည်းကောင်း၊ ကမ္မဋ္ဌာန်းဆရာအား လည်းကောင်း စွန့်လွှတ်လှူဒါန်းလိုက်ပါ။ နံပါတ်(၂)အရ အစမထင် သံသရာတစ်ခွင်ကစ၍ ယနေ့ကျအောင် အတူတကွ နေခဲ့ကြသော ပုဂ္ဂိုလ်များကို မိမိက ပြစ်မှားမိသော အပြစ်ရှိလျှင် သည်းခံကြပါရန် တောင်းပန်၍ မိမိကလည်း အပြစ်ရှိလျှင်သည်းခံခွင့်လွှတ်ပါ၏ဟု ဆိုလိုက်ပါ။

နံပါတ်(၃)အရ အားထုတ်ရသော ကုသိုလ်အဖို့ကို သုံးဆယ့်တစ်ဘုံ ကျင်လည်ကုန်သော သတ္တဝါအပေါင်းအား အမျှပေးဝေလိုက်ပါ၊ အမျှပေးဝေလိုက်လို့ မိမိကုသိုလ် ကုန်မသွားပါဘူး။ ဥပမာအားဖြင့် ဆီမီးတစ်တိုင်က မီးကို တစ်တိုင် ပြောင်းသလိုပါပဲ။

နံပါတ်(၄)အရ သတ္တဝါအများအား မေတ္တာပို့လိုက်ပါ။ သူတစ်ပါး မေတ္တာမပို့မီ မိမိကိုယ်ကို အရင်ပို့ရတယ်။ ဒါမှ ကိုယ်ချမ်းသာချင်သလို သူတစ်ပါးလဲ ချမ်းသာချင်ကြမှာပဲဟု စိတ်ထဲ၌ ကိုယ်ချင်းစာတရား ဖြစ်ပွားလာမယ်။

ဤနေရာမှာ မေတ္တာပွားနည်း မေတ္တာပို့နည်းကား အမျိုးမျိုး ရှိတယ်၊ မေတ္တာသုတ်လာ မေတ္တာပို့နည်း ကား....

(၁) ဖြစ်ပြီး ဖြစ်ဆဲ နှစ်တွဲများစွာ သတ္တဝါ ချမ်းသာ ကိုယ်စိတ် မြဲပါစေ စသည်ဖြင့် ဒုကနည်းအားဖြင့် လည်း ကောင်း၊(၂)ရှည်ဘိုအလတ်သုံးရပ်ခန္ဓာများသတ္တဝါချမ်း သာကိုယ်စိတ်မြဲပါစေစသည်ဖြင့် တိကနည်းအားဖြင့်လည်း ကောင်းလာပါသည်။ ရှေးဆရာကြီးများ မေတ္တာပို့နည်း ကား၊ သဗ္ဗေသတ္တာ အဝေရာဟောန္တု အဗျာပဇ္ဇာ ဟောန္တု၊ အနီဃာ ဟောန္တုဟု ပုဂ္ဂိုလ်သတ္တဝါ မရည်စူးဘဲ အနောဓိသ အားဖြင့် လည်းကောင်း၊ (အလုံးစုံသော သတ္တဝါ တို့သည် ရန်ဘေးမှ ကင်းဝေးကြပါစေ၊ ကြောင့်ကြဘေးမှ ကင်းဝေးကြပါစေ၊ ဆင်းရဲဘေးမှ ကင်းဝေးကြပါစေဟု မြန်မာဘာသာ ပြန်၍လဲ ပို့သနိုင်ကြပါသည်။)

ပုဂ္ဂိုလ်သတ္တဝါ ရည်စူး၍ အလုံးစုံသော မိန်းမတွေ အလုံးစုံသော ယောကျာ်းတွေ ရန်ဘေးမှ ကင်းဝေးကြပါ စေ စသည်ဖြင့် ဩဓိသအားဖြင့် လည်းကောင်း လာပါ သည်။

ထို့အပြင် အရပ်မျက်နှာ နေရာဌာန စသည် သတ်မှတ် ၍ အရှေ့အရပ်၌ နေကြသော သတ္တဝါတွေ၊ ကိုယ့်အိမ် တွင်းနေ သတ္တဝါတွေ စသည်ဖြင့် ပို့သကြပါသည်။

ဤသို့ တစ်မျိုးတည်း မထားမူ၍ အမျိုးမျိုးအစားစား ကွဲပြား၍ ပို့သကြ၊ ပို့သရန် ရေးသား ပြသခြင်းတို့မှာ

အခြားကြောင့် မဟုတ်။ သတ္တဝါဆိုတာ အာရုံအမျိုးမျိုး လိုက်စား၍ မိမိတို့ အကြိုက်များသလို လုပ်ချင် ပြောချင် ကြံချင်ကြတယ်။ အလို အဇ္ဈာသယ မတူကြဘူး။ တစ်မျိုးတည်း ထားလျှင် မေတ္တာ ဘာဝနာတရား အာရုံ၌ ကြံ့ကြံ့ခိုင်ခိုင် မယိုင်မပြန့် တည်တံ့ခြင်းငှာ မစွမ်းနိုင်ကြဘူး။ ဒါကြောင့် မေတ္တာပွားနည်း နှစ်မျိုး သုံးမျိုး စသည်ဖြင့် အမျိုးမျိုး ခွဲခြားထားသည်လို့မှတ်။

ကဲ....ဝေဒနာကို ရှုမှတ်ကြစို့။

မိမိတို့ တာရှည် နေနိုင်သော ဣရိယာပုဒ်ဖြင့်ထိုင်။

ယောက်ျားကား တင်ပျဉ်ခွေထိုင်၊ မိန်းမကား မိန်းမထိုင် ထိုင်လိုက်ကြ၊

ဝေဒနာသုံးပါး ငါးပါးတွင် ဒုက္ခဝေဒနာဟာ အသိလွယ်ဆုံး၊ အထင်အမြင် အလွယ်ဆုံးဖြစ်၍ ဒုက္ခဝေဒနာ ရှုကြစို့။

မရှုမီ ဒုက္ခဝေဒနာဆိုတာ ဘာခေါ်သလဲဆိုတာ အလျင် သိအောင် လုပ်ရတယ်။

ဒုက္ခဝေဒနာဆိုတာ ဆင်းရဲစွာ ခံစားနေရမှု၊ မခံသာမှု၊ အောင့်အည်း သည်းခံလို့ မရမှုကို ဆိုတယ်။

အကျယ် သရုပ်ဖော်လိုက်တော့ ညောင်းညာမှု၊ နာကျင်မှု၊ ကိုက်ခဲမှု၊ ပူအိုက်မှု၊ လောင်ကျွမ်းမှု၊ အခံရခက်မှု၊ မသက်သာမှု၊ ယားယံမှု စသော ဆင်းရဲတဲ့ အမှုမှန်သမျှ ဒုက္ခဝေဒနာချည်းမှတ်။

ဒီတော့ ဆင်းရဲလာလျှင် ဆင်းရဲတယ်လို့မှတ်၊ ညောင်းညာလာလျှင် ညောင်းညာတယ်လို့မှတ်၊ နာကျင်လာလျှင် နာကျင်တယ်လို့ မှတ်၊ ပူအိုက်လာလျှင် ပူအိုက်တယ်လို့ မှတ်။

မှတ်ဖန်များတော့ ဆင်းရဲတဲ့ ဝေဒနာတရားနဲ့ မှတ်နေတဲ့ နာမ်တရားလေးတွေကို တစ်ခုပြီးတစ်ခု ဆက်စပ်ပြီး မပြတ်မလပ် ဖြစ်နေတာကို သိလာလိမ့်မည်။

အဲဒီလို မှတ်မှတ်နေတော့ စိတ်ကို မိမိထားရာ အာရုံပေါ်မှာ အစဉ်မစဲ စွဲမြဲလာလိမ့်မယ်၊ ထိုအခါ သူ့အလိုလိုသာ အရှုခံ ဝေဒနာတရားနဲ့ ရှုမှတ်တဲ့ နာမ်တရားတို့၏ ဖြစ်ပျက် ဖြစ်ပျက်နေ၍ ဖောက်လွဲဖောက်ပြန် ဖြစ်ဖြစ်နေတဲ့ အနိစ္စလက္ခဏာ၊ မနာကျင်အောင်တားဆီးလို့မရ၍ ဆင်းရဲနေတဲ့ ဒုက္ခလက္ခဏာ၊ ဘာမျှ နှစ်သက်စရာ အနှစ်သာရမရှိဘဲ့ အနတ္တ လက္ခဏာတွေဟာ ထင်လာလိမ့်မယ်၊ ထင်လာတော့ သမ္မာဒိဋ္ဌိဉာဏ် အမြင်မှန် ရလာတာပဲ၊ အမြင်မှန် ရလာတော့ အဖြစ်အပျက် သိလာတယ်။

အဖြစ်အပျက် သိလာတာများတော့ အပျက်ချည်း ထင်လာတယ်၊ ပျက်တာချည်း မြင်နေတော့ မကြောက်ဘဲ အဘယ်မှာ နေနိုင်တော့မလဲ၊ အပြစ်ကို မြင်လာတာကိုး၊ အပြစ်တွေကို မြင်ဖန်များတော့ သံသရာဝဋ်မှ လွတ်ရတဲ့ နိဗ္ဗာန်မြင်တော့တာပဲ။

တခြားအားထုတ်တဲ့အခါ ရုပ်ကိုပဲ အားထုတ် အားထုတ်၊ နာမ်ကိုပဲ အားထုတ် အားထုတ် ဝိပဿနာ ဉာဏ်

(၁၀)ပါးကတော့ တကယ် အားထုတ်လျှင် ပါလာပါတယ်။

ဝိပဿနာဉာဏ်(၁၀)ဆိုတာ တရားအားထုတ်တဲ့အခါ မိမိတို့ မိမိတို့ဉာဏ်၌ ဖြစ်ပေါ်လာသောဉာဏ်(၁၀)ပါးကို တစ်ဆင့်ထက် တစ်ဆင့်မြင့်၍ ဝိပဿနာ ဉာဏ်ကိုပင် အမည်အမျိုးမျိုး ပေးထားပါတယ်။

(၁) ပေးထားပုံမှာ ဤကားရုပ်၊ ဤကား နာမ်၊ ဤကား မမြဲသော အနိစ္စသဘော၊ ဤကား ဆင်းရဲသော ဒုက္ခသဘော၊ ဤကား အစိုးမရ အလိုမကျသော အနတ္တ သဘော ဟူ၍ ရုပ်နာမ်တရားတို့ကို လက္ခဏာရေး သုံးပါးဖြင့် သုံးသပ်သော ဉာဏ်ကို သမ္မသနဉာဏ်ဟူ၍ ခေါ်ပါတယ်။

(၂) ထိုရုပ်နာမ်တရား၏ တဖွားဖွား မရပ်မနား ဖြစ်ပျက်နေတာ သိသော ဉာဏ်ကို ဥဒယဗ္ဗ ဉာဏ်ဟူ၍ ခေါ်ပါတယ်။

(၃) ရှုဖန်များတော့ အဖြစ်မထင် အပျက်ချည်းသာ ထင်ရှားစွာ မြင်နေသော ဉာဏ်ကို ဘင်္ဂဉာဏ် ဟူ၍ ခေါ်ပါတယ်။

ဤ ဉာဏ်သုံးပါးကား ရှုမှတ်ပုံ နည်းလမ်း တကျ ရှိဖို့ လိုသဖြင့် ဆရာနှင့် ကင်း၍ မဖြစ်နိုင်ပါ။ ဒါကြောင့် "ယထာဘူတံ ဉာဏာယ သတ္ထာပရိယေသိတဗ္ဗော" လို့ ဆိုပါတယ်။

(၄) ထို ရုပ်နာမ်တရားတို့သည် ဤဘဝသာ ဖြစ်ပျက်ပြီး နှိပ်စက်နေကြတာ မဟုတ်၊ ဘဝ အဆက်ဆက်ကလဲ ဒီလို ဖြစ်ပျက်နေမှာပဲဟူ၍ လည်းကောင်း၊ နောင်လဲ ဖြစ်ပျက် နေမှာပဲ ဟူ၍ လည်းကောင်း သိ၍ ဘေးဟု ထင်လာသော ဉာဏ်ကို ဘယဉာဏ်ဟူ၍ ခေါ်ပါတယ်။

(၅) ဤကဲ့သို့ ကြောက်လန့်၍ ထို ရုပ်နာမ်တို့အပေါ် အပြစ်မြင်လာသော ဉာဏ်ကို အာဒီနဝဉာဏ်ဟူ၍ ခေါ်ပါတယ်။

(၆) အပြစ်မြင်ပြီး ငြော်.... သံသရာဝဋ်ဆင်းရဲထဲ နေရခြင်းကား အနည်းငယ်မျှ သုခ မရှိဟု သိသော ဉာဏ်ကို နိဗ္ဗိန္ဒ ဉာဏ်ဟူ၍ ခေါ်ပါတယ်။

(၇) ထိုသို့ ငြီးငွေ့သော ဉာဏ်ဖြစ်ပြီး သံသရာဝဋ်မှ လွတ်လိုသောဉာဏ်ကို မုစ္စိတုကမျတာဉာဏ်ဟု ခေါ်ပါတယ်။

(၈) လွတ်လိုသော ဉာဏ်ဖြစ်ပေါ်ပြီးနောက် မဂ်ကို မရရအောင် ပြန်၍ ကြိုးစားသော ဉာဏ်ကို ပဋိသင်္ခါဉာဏ်ဟု ခေါ်ပါတယ်။

(၉) ထိုသို့ ကြိုးစားသဖြင့် ရုပ်နာမ်တို့၏ အဖြစ်အပျက်ကို အထူး အားမထုတ်ရဘဲ၊ သူ့အလိုလို အလိုက်သင့် ရှုမှတ်နေသော ဉာဏ်ကို သင်္ခါရုပေက္ခာဉာဏ်ဟု ခေါ်ပါတယ်။

(၁၀) အလိုက်သင့် ရှုမှတ်ဖန်များ၍ မဂ်ဖိုလ်အားလျော် လာသော ဉာဏ်ကို အနုလောမဉာဏ်ဟု ခေါ်ပါတယ်။

ဤဉာဏ်(၁၀)ပါး ဖြစ်ပွားပြီးနောက် နိဗ္ဗာန်ကို မျက်မှောက်ပြုသော မဂ်ဉာဏ် ဖိုလ်ဉာဏ် ဆိုက်ရောက်လာတော့ တာပါပဲ။

တရားအားထုတ်၍ တကယ် တရားတွေ့လာပလား ဆိုလျှင် လောကကြီးတစ်ခုလုံး မြဲသော ပုဂ္ဂိုလ် သတ္တဝါ အရာဝတ္ထု ရှာမတွေ့တော့ဘူး။ ချမ်းသာသော အရာဝတ္ထု ရှာမတွေ့တော့ဘူး။ ပုဂ္ဂိုလ် သတ္တဝါ ငါ သူတစ်ပါး ယောကျ်ား မိန်းမရယ်လို့ ရှာမတွေ့တော့ဘူး ဟူ၍ အထူးမှတ်။

ထိုဉာဏ်(၁၀)ပါးကို ပရိညာအားဖြင့် ပိုင်းခြား သတ်မှတ်မယ် ဆိုလျှင် နာမရူပပရိစ္ဆေဒဉာဏ်နှင့် ပစ္စယပရိဂ္ဂဟဉာဏ်သည် ဉာတပရိညာလို့ မှတ်။

သမ္မသနဉာဏ်၊ ဥဒယဗ္ဗယဉာဏ် နှစ်ပါးသည် တီရဏပရိညာလို့မှတ်။ ဘင်္ဂ ဉာဏ်မှ စ၍ မဂ်ဆုံးသည်တိုင်အောင် ပဟာနပရိညာလို့မှတ်။

## အရှင်တိဿဝတ္ထု

ကဲ…အားထုတ်ပုံနှင့် အကျိုးအကြောင်းနှင့်တကွ သိမှတ်စရာလေးတွေ စုံသင့်သလောက် စုံသွားပါပြီ၊ မပျင်းမရိရအောင် ဝတ္ထုဇာတ်လမ်းလေးနှင့် ဒုက္ခဝေဒနာ ရှုမှတ်၍ ဝဋ်ဆင်းရဲမှ တစ်ခဏချင်း အရှင်းလွတ်သွားတဲ့ တိဿမထေရ်အကြောင်း ပြကြဦးစို့။ ဝတ္ထု ဇာတ်လမ်း မပြမီ အထူး တင်ပြလိုတာက ကုသိုလ် ကံအကြောင်း ဆောက်၍ အလွန်ရခဲတဲ့ လူ့ဘဝကြီး ရရှိပြီး အလွန် တွေ့ခဲလှစွာသော သာသနာတော်ကြီးနှင့် တွေ့ကာ အလွန် သိခဲလှစွာသော ဝိပဿနာတရားကို ကြားနာ ဖတ်ရှုကြရတာဟာ အလွန် ဝမ်းမြောက်ဝမ်းသာ ဖြစ်ကြဖို့ အရေးကြီးပါတယ်။

ရလာတဲ့ ဘဝကြီး မတိမ်းမစောင်း ရအောင် ကိုယ့်စိတ်ကို ထိန်းကျောင်း၍ ဘဝများစွာ သံသရာက မကြားစဖူး တရားမြတ်တွေ ကြားနာမှတ်သားပြီး ဝိပဿနာတရားကို ကြိုးစားအားထုတ်ဖြစ်အောင် အားထုတ်မယ်လို့

ရည်ရွယ်ကာ အဆင်သင့်ရာ ရိပ်သာများသို့ (၇)ရက် ဖြစ်စေ တတ်နိုင်လျှင် တစ်လ နှစ်လ စသဖြင့် အားထုတ်ကြပါရန် တောင်းပန် တိုက်တွန်းပါတယ်။

ခရီးသွားသူ ခရီးသည်တို့သည် ရိက္ခာနှင့် ကင်း၍ မသွားသိုက် မသွား အပ်သကဲ့သို့ ဗုဒ္ဓဘာသာရယ်လို့ အထွတ်အမြတ် ဘာသာတရားကြီး လက်ဝယ်ရရှိတဲ့အခါ ဝိပဿနာတရားတွေကလည်း နေမင်း လမင်းကြီးပမာ ထွန်းလင်း တောက်ပနေတဲ့အခါ ငါဟာ "အချိန်ရှိခိုက် လုံ့လစိုက်ပြီး" မရမနေ အားထုတ်လိုက်မယ် ခိုင်တဲ့ စိတ်ထားနဲ့ အားထုတ်စေလိုပါသည်။ ဝိပဿနာနှင့် ကင်း၍ နေခြင်းငှာ မဆိုက်ပါဘူး။

ကဲ....ဝတ္ထုဇာတ်လမ်း ဆက်ကြစို့။

မြတ်စွာဘုရား လက်ထက်တော်မှာ သာဝတ္ထိပြည်ဟာ အလွန်တရာ ထင်ရှား၍ အရိယာပုဂ္ဂိုလ်တွေ အလွန်များတဲ့ မြို့ကြီးတစ်မြို့ ဖြစ်ပါတယ်။

ထိုမြို့ကြီးမှာ ပစ္စည်းဥစ္စာ အလွန်ကြွယ်ဝသော တိဿဆိုတဲ့ သူကြွယ်တစ်ယောက်ရှိတယ်။ ထိုခေတ် ထိုအခါက အလွန်တရာ အဖိုးထိုက်တန်သော ပစ္စည်းဥစ္စာ ကုဋေ လေးဆယ်တို့ကို စွန့်လွှတ်ပြီး ရဟန်းပြုသွားတယ်။

ရဟန်းပြုပြီးသောအခါ မြို့ရွာမှာ မနေဘဲ တောထဲသို့သွားပြီး တရားအားထုတ်နေတယ်၊ ထိုတိဿမထေရ်မှာ အိမ်ထောင်သည် ညီတစ်ယောက်လဲ ရှိတယ်။

ထိုတိဿမထေရ်မှာ လူ့အဖြစ်သော နေ့မယ်ဆိုလျှင် ကုဋေလေးဆယ်သော ပစ္စည်းတို့ကို ညီအင်ကိုနှစ်ယောက် ခွဲယူရမှာဖြစ်တယ်၊ ဒါပေမယ့် သူက ရဟန်းပြုသွားတော့ ထိုပစ္စည်းစုဟာ ညီဖြစ်တဲ့ စူဠတိဿ တစ်ယောက်တည်း ပစ္စည်းတွေကို အကုန်ပိုင်တယ်။

တစ်နေ့သ၌ကျတော့ စူဠတိဿရဲ့ဇနီး ခယ်မဖြစ်သူက ကြံစည်တယ်၊ ဘယ်လိုကြံစည်သလဲဆိုတော့ ခဲအိုဖြစ်သူ မဟာတိဿဟာ တစ်ခါတည်း အပြီး ရဟန်းပြုပါလျှင် ဘာမှ စိုးရိမ် ပူပင်စရာ မရှိဘူး။

သာသနာတော်မှာ မပျော်လို့ လူထွက်လာပါလျှင် ဒီကုဋေလေးဆယ် ပစ္စည်းတွေကို တစ်ဝက်စီ ခွဲဝေပေးရလိမ့်မယ်၊ ခွဲဝေမပေးရအောင် ကြံဆောင်မှပဲဆိုပြီး အလွန်ရက်စက် စုတ်ပဲ့တဲ့ အကြံအစည်ကို ကြံတယ်။

ဘယ်လို ကြံသလဲဆိုတော့ 'ခိုးသား ဓားပြတွေကို သူ့ကို ကျေနပ်လောက်အောင် ငွေပေးပြီး မဟာတိဿ မထေရ်ကို အသတ်ခိုင်းရလျှင် ငါတို့လင်မယား ထင်သလို စား၊ ထင်သလိုနေရမှာပဲ' ဟု ကြံစည်ပြီး ခိုးသား ဓားပြတွေကို ငွေပေး၍ အသတ်ခိုင်းလိုက်တယ်။

ခိုးသား ဓားပြတို့လည်း ပေးတဲ့ငွေကိုယူပြီး တောကြီးထဲသို့ ယက်နက်အပြည့်အစုံယူကာ အသတ်သွားကြတယ်။

မဟာတိဿမထေရ်ရှိရာ တောကြီးထဲသို့ ရောက်သော အခါ ဝိုင်းကြ, ခုတ်ကြ, လုပ်ကြ, သတ်ကြပေါ့လို့ အော်

ပြီး ဝိုင်းသွားကြတယ်၊ မထေရ်က အော်ကာ ဟစ်တာ ဝိုင်းကြဘာကို မြင်တော့....

ဒကာတို့၊ ဘာကိစ္စဝိုင်းကြသလဲလို့မေးတော့ ခိုးသား ဓားပြတွေက အတိအလင်း ရှင်းပြကြတယ်၊ ဒီတော့ ငါ တရား ဆက်သက်၍ အားထုတ်ရန်အတွက် တစ်ညလောက် ဆိုင်းပါဦးလို့ တောင်းပန်တယ်။

တစ်ညသုံး မဆိုင်းနိုင်ဘူး၊ မယုံကြည်ဘူး၊ ထွက်ပြေး လျှင် ခက်လိမ့်မယ်ဟု ပြောနေ၍ တောင်းပန်တာ မရရှာ ဘူး၊ ကိုင်း....ဒီလိုဆိုလျှင် သင်တို့ယုံကြည်ရန်ဆိုပြီး သူ့ ပေါင်နှစ်ချောင်းကို အနီးရှိ ကျောက်ခဲနှင့် ရိုက်ချိုးကာ ပေါင်ကျိုးအောင် လုပ်ပြလိုက်တယ်။

ထိုအခါကျမှ သူခိုး ဓားပြတွေလဲ ယုံကြည်ကာ တစ် ညဘာ ခွင့်ပေး၍ အဝေးသို့မသွားဘဲ စကြံဦးမှာပဲ လှဲအိပ် ပြီး စောင့်နေကြတယ်။

အရှင်မဟာတိဿမထေရ်ဟာ ရသမျှ အချိန်တာလေး ကို လုပြီး တရားကို ကြိုးစား၍ ရှုမှတ်လိုက်တာ နံနက် မိုးလင်းသောအခါတွင် ရဟန္တာဖြစ်သွားပါတယ်။

အဲဒီမဟာတိဿ ရှုမှတ်သော ကမ္မဋ္ဌာန်းဟာ တခြား ဘာဝေနာကို ယုံမှားစရာ မရှိပါဘူး၊ သူ၏ပေါင်နှစ်ချောင်း က သွေးရဲရဲ သံရဲရဲနဲ့ အမြဲနာနေတဲ့ ဒုက္ခဝေဒနာကို ရှုမှတ်တယ်ဆိုတာ ထင်ရှားပါတယ်။

မဟာသတိပဋ္ဌာန် ဒေသနာတော်မှာလည်း ''ဒုက္ခံဝါ ဝေဒနံ ဝေဒယမာနော ဒုက္ခံ ဝေဒနံ ဝေဒယာမီတိ ပဇာ

နာတိ''လို့ ဆိုသွားပါတယ်၊ ပေါင်နှစ်ချောင်းက နာနေတဲ့ ဒုက္ခဝေဒနာကို နာတယ်၊ နာတယ်လို့ အဖန်ဖန် ရှုမှတ်များတော့ ဒုက္ခဝေဒနာဟာ တဖြည်းဖြည်း နည်းနည်းပြီး နောက်ဆုံး နာနေတဲ့ ဝေဒနာဟာ ကွာသွားပါတယ်၊ ဒါကြောင့် အဋ္ဌကထာ ဆရာကလည်း ''ဝေဒနံ ဝိက္ခမ္ဘေတွာ'' ဝေဒနာကိုခွာ၍ လို့ မိန့်ဆိုထားပါတယ်။

ဝေဒနာကိုခွာပြီးတော့ အရှင်မဟာတိဿမထေရ်ဟာ မိမိသီလကို ဆင်ခြင်တယ်၊ ဆင်ခြင်တာဟာ ဝိပဿနာ၏ ပုဗ္ဗဓာနာသီ ပြစ်နေတော့ အလွန်သန့်ရှင်း ကြည်လင်နေတာတွေ့ပါတယ်၊ အလွန်ဝမ်းမြောက်တဲ့ ပီတိပါမောဇ္ဇ ဖြစ်ပါတယ်၊ ထိုပီတိမှာစ်ဆင့် တစ်ဖန် ဉာဏ်ရင့်သန်ပြီး ဒုက္ခဆုံးတဲ့နိဗ္ဗာန်ကို အရဟတ္တမဂ်ဉာဏ်, ဖိုလ်ဉာဏ်ဖြင့် မျက်မှောက်ပြုသွားခြင်း ဖြစ်ပါတယ်။

ဒါကြောင့် ရဟန္တာဖြစ်တဲ့အခါ ဝမ်းမြောက် ဝမ်းသာ ၍ကဲ့သို့ ဥဒါန်းကျူးပါတယ်။

ဥဘောပါဒါနိဘိန္ဒိတွာ၊သညာပေဿမိဝေါဒဟံ၊
အဋ္ဋိယာမိ ဟာယာမိ၊ သရာဂ မရဏံ အဟံ။
ဝေါဟံစိန္တယိတွာန၊ ယထာဘူတံ ဝိပဿိသံ၊
သမ္ပတ္တေ အရုဏုဂ္ဂမှိ၊ အရဟတ္တမ ပါပုဏိံ။

အဟံ၊ ငါသည်။ဥဘောပါဒါနိ၊ ထွက်ပြေးနိုင်ကြောင်း ခြေနှစ်ချောင်းတို့ကို။ ဘိန္ဒိတွာ၊ ကျောက်တုံးဖြင့်ထု ကျိုးအောင်ပြု၍။ ဝေါ၊ ငါ့ကိုသတ်ရန် အကြံသမား သူခိုးခါးပြများကို။ သညာပေဿမိ၊ထွက်မပြေးရန် အာမခံပါ

၏။ အဟံ၊ ငါသည်။ သရာဂ မရဏံ၊ ရာဂမကင်း သေရခြင်းကို။ အဋ္ဋီယာမိ၊စက်ဆုပ်ပါ၏။ ဟရာယာမိ၊ ရှက်ကြောက်ပါ၏။ အဟံ၊ ငါသည်။ ဧဝံ၊ ဤသို့။ စိန္တယိတွာ၊ ကြံ၍။ ယထာဘူတံ၊ ဟုတ်မှန်သောတရားကို။ ဝိပဿိံ၊ မနားမနေ ရှုမှတ်ခဲ့လေပြီ။ အဇ္ဈဂမိံ သမ္ပတ္တော၊ အာရုံကျင်း၍ အလင်းသို့ ရောက်သည်ရှိသော်။ အရဟတ္တံ၊ အာသဝေါကင်းကွာ ရဟန္တာအဖြစ်သို့။ အပါပုဏိံ၊ ဈောမောမကြာ ရောက်လာရလေတော့သတည်း။

သာဓု....သာဓု....သာဓု....။

(မဂ္ဂင်ရှစ်ပါး နိဗ္ဗာန်သို့သွား တရားတော်ပြီး၏)

# အမှာစကား

ကဲ....ဤစာအုပ်တွင် တရားအားထုတ်ပုံ အညွှန်းနှင့် တကွ တရား(၈)ပုဒ် သက်ဆိုင်ရာ ဝတ္ထုများ ထုတ်၍ ရေးသားပြီး ဆုံးသွားပါပြီ။

အထူးမှာကြားလိုသည်မှာ ဤ "နိဗ္ဗာန် ရောက်ရေး ဝိပဿနာ အမြိုက်ဆေး" ကျမ်းစာကို (၇)ရက်စခန်းဖြစ်စေ၊ (၁၀)ရက်စခန်းဖြစ်စေ ဖွင့်လှစ်၍ တရားပြလိုသော ပုဂ္ဂိုလ်များ တရားနာလိုသော ပုဂ္ဂိုလ်များအား ရည်စူး၍ အထူး စီစဉ်ထားပါသည်။

(၇)ရက်စခန်းဖွင့်ပါလျှင်(၁)ပုဒ်ကို ချန်လှပ်၍ အဆင်သင့်ရာ (၇)ပုဒ်ကို ဟောကြား နာယူကြရန် ဖြစ်ပါသည်။ (၁၀)ခန်းဖွင့်ပါလျှင် ကြားတွင် တရားဟော တရားပြ (၂)ရက်နား၍ (၈)ပုဒ်သော တရားတော်တို့ကို အကုန် အစုံ ဟောကြားရန် ဖြစ်ပါသည်။

အထူးသတိပြုရန်မှာ ဝိပဿနာ တရားဆိုတာ အမြဲ မပြတ် အထပ်ထပ် ပွားများ အားထုတ်မှ အရာရောက်

မည့် အကျိုးရှိမည့် တရားမျိုးဖြစ်ပါတယ်။ သို့ဖြစ်၍ တစ်ခါနှစ်ခါ ဘစ်ရက်နှစ်ရက်လောက် နာရုံ အားထုတ်ရုံနဲ့ ဉာဏ်အမြင် ပေါက်နိုင်မည် မဟုတ်ပါ။ အဆင်သင့်လို့ ကြုံကြိုက်လို့ နာရ အားထုတ်ရတဲ့ တရားမျိုးလဲ မဟုတ်ပါ။

အသိနှင့်အလုပ်ထက်ကြပ်မကွာလုပ်တာတောင်မှအသင့် အဘင့် သဒ္ဒဘာပေါက်ဖို့ မလွယ်ကူပါ၊ ခေတ်စကားနှင့် ပြောမယ်ဆိုလျှင် ရေသာခို အချောင်သမားများနဲ့ လုံးဝ မကိုက်ဘန်သော တရားဖြစ်ပါတယ်။

ဘာပြုသို့လဲဆိုလျှင်အသိ အလိမ္မာရှိရုံလောက် နာကြားရတဲ့ တရားမျိုး မဟုတ်သည့်အပြင် ဗုဒ္ဓဘာသာဝင်တို့၏ နောက်ဆုံး ပန်းတိုင်ဖြစ်တဲ့ နိဗ္ဗာန်သို့ ရောက်ဖို့ရဖို့ နာကြား အားထုတ်ရသော တရားမျိုး ဖြစ်သောကြောင့်လို့ ဆိုရပါ့မယ်။

နိဗ္ဗာန်ဆိုတာကလဲ “နိဗ္ဗာနံ ဇညာဇာနေယျ” ဆိုသည့် အတိုင်း လူတိုင်းသူတိုင်း တရားနာလို့ တရားအားထုတ်လို့ ရသည့် တရားမျိုးမဟုတ်ပါ၊ နိဗ္ဗာန်ဆိုတာ သိသင့် သိအပ် သိထိုက်တဲ့ ပညာရှိများသာ ခံစားသုံးဆောင်ရတဲ့ တရားမျိုး ဖြစ်ပါတယ်။

ဒါကြောင့် အနည်းဆုံး (၇)ရက်လောက် ဟုတ်မှန်သည့် တရားများကို ပြသနိုင်တဲ့ ဆရာသမားများထံ နည်းခံကြားနာ၍ အားထုတ်မှ သင့်လျော် လျောက်ပတ်မည် ဆိုတာ သတိပေးစကား ရေးသားဖော်ပြရပါသတည်း။

## ကျမ်းပြီးအဆုံး နိဂုံးပတ္ထနာဂါထာ

၁။ ပုညေန မိဂတေနာဟံ၊ မဟာထေရာ ပရမ္ပရံ၊
ရာဇာနော စစိရံကာလံ ပါလေန္တု ဇိနသာသနံ၊
၁။ ငေတ္တံဝ သဒါကာမေ သံသရန္တော ဘဝါဘဝေ၊ ဗုဒ္ဓါဝ ပစ္ဆိမေသဗ္ဗေ တာရေယျံ နရဒေဝကေ၊

## မြန်မာပြန်

၁။ ရုပ်နာမ်နှစ်ဝ သင်္ခါရကို ငါဟုသမုတ် အကျွန်ုပ်သည် "**ဤနိဗ္ဗာန်ရောက်ရေး ဝိပဿနာ အမြိုက်ဆေး**" တရားစာကို ကောင်းစွာရှင်းလင်း ကြိုးပမ်းတကုတ် အားထုတ်တီထွင် စီရင် ရေးသားအပ်သော ကုသိုလ်အစု ကောင်းမှုမင်္ဂလာကြောင့် ဘုရားမြတ်စွာ လက်ထက်တော်အခါဝယ် သာသနာ့ဦးစီး အရှင်မဟာကဿပ စသော မထေရ်ကြီးကဲ့သို့ သာသနာအကျိုး လောကအကျိုး သယ်ပိုးလိုလားမင်းကောင်း မင်းမြတ်များတို့သည် လည်းကောင်း၊ ပထမသင်္ဂါယနာတင် ဘုရင်အဇာတသတ် စသော မင်းတို့ကဲ့

သို့ သာသနာ့အကျိုးလောကအကျိုး သယ်ပိုး လိုလား မင်းကောင်း မင်းမြတ်များတို့သည် လည်းကောင်း ငါးမာရ်အောင်မြင် ဘုရားရှင်၏ သုံးခွင်စကြာ သာသနာကိုကမ္ဘာအတွင်း ရောင်ဝါလင်းလျက် ဝင်းလက်ထွန်းပြောင် ငါးထောင် သာသနာ ရှည်မြင့်ကြာအောင် ကောင်းစွာတောက်လျှောက် စောင့်ရှောက် ကူညီ ကြပါစေသော်....

ကျွန်ုပ်သည်လည်း ကြီးငယ်နှစ်ဖြာ ဘဝ သံသရာ၌ တဏှာ အဝိဇ္ဇာ မပြတ်ပါသဖြင့် ထပ်ကာယှဉ်မှီ ကျင်လည်ရသော်လည်း ဘဝထိုထို ခန္ဓာကိုယ်၌ တစ်ကိုယ်ကောင်း မဍှာ အများသတ္တဝါတို့၏ အကျိုးငှာသာလျှင် အစဉ် လိုလား ဝန်တိုစိတ်မထားဘဲ ခွန်အား စိုက်ထုတ် ပြုလုပ်ရပါလို၏။ အဆုံးဘဝနောင်ကာလ၌ ဓမ္မငါးခိုင် ကိုယ်တိုင်သိပြား ပညာမိက ဘုရားအဖြစ်သို့ စင်စင်မုချ ရောက်ရှိရ၍ များလှဖုံဖုံ ခပ်သိမ်းကုန်သော သုံးဘုံတိုက်နေ ဗိုလ်ခြေများစွာ နတ်လူပြဟ္မာ ဝေနေယျာတို့ကို သံသရာပြင်ကျယ် မြစ်ပင်လယ် နယ်တစ်ခွင်မှ ကယ်တင် ရပါလို၏။

စာရှုသူများ ရွှင်လန်း ချမ်းမြေ့ကြပါစေ။

**ဓမ္မာစရိယ ဦးတင်မြင့်**
ကမ္ဘာကျော် စာပေ
အမှတ်(၁၄) အနောက်ဗဟိုလမ်း
ဂွတ္တာလစ်၊ ရန်ကုန်မြို့။

## ဓမ္မာစရိယ ဆရာကြီး ဦးတင်မြင့်၏ ပုံနှိပ်ပြီး ကျမ်းစာများ

၁။ နန်းမတော်မယ်နု ဖလံခုံရာဇဝင်
၂။ သာသနာတော်နှင့် ရဟန်းကိစ္စများ
၃။ ပရိတ်ကြီးပါဠိ မြန်မာပြန်
၄။ (ဗုဒ္ဓမန္တန်ပေါင်းချုပ်) ပရိတ်တော် ၃၁ သုတ်
၅။ အခြေခံ ဗုဒ္ဓယဉ်ကျေးမှု
၆။ (မြန်မာ့ရိုးရာ) လူမှုရေး ပဒေသာ ညွန့်ပေါင်း (ပထမတွဲ)
၇။ ( ။ ) ။ ။ (ဒုတိယတွဲ)
၈။ ကျေးဇူးရှင် ဆရာတော်ကြီးများ၏ ဝိပဿနာ ညွန့်ပေါင်း
၉။ ဆရာတော်ကြီး(၁၀)ပါး၏ ဝိပဿနာ ညွန့်ပေါင်း
၁၀။ ဓမ္မစကြာ ပါဠိမြန်မာပြန်
၁၁။ ဝိပဿနာအလင်း
၁၂။ (အမြတ်ဆုံးနိဗ္ဗာန်)နှင့် ဝိပဿနာ လမ်းစဉ်မှန်
၁၃။ (နိဗ္ဗာန်ရောက်ရေး) ဝိပဿနာ အမြိုက်ဆေး

ရေးသားပြီး ပုံမနှိပ်ရသေးသောကျမ်းများ

၁။ ဘာသာရေးဝတ္ထုညွန့်ပေါင်း

၂။ လူမှုရေးဋီကာ

၃။ ပရိတ်ကြီးပါဠိမြန်မာပြန်နှင့် အမေးအဖြေများ

၄။ ရတု အလင်္ကာနှင့် ဩဘာစာများ

၅။ သဘိပဋ္ဌာန် ပါဠိမြန်မာပြန်နှင့်ကျင့်စဉ်မှန်

၆။ သကျသီဟာဓမ္မာစရိယ ဦးစာရိန္ဒာဘိဝံသ အတ္ထုပ္ပတ္တိ

၇။ (ဗုဒ္ဓဒေသနာ) ဒါန-သီလ-ဘာဝနာများ

## မကြာမီ ရေးသားမည့် ကျမ်းစာများ

၁။ မဟာသမယသုတ် မြန်မာပြန်နှင့် မြန်မာပြန် (၁၀)စောင်တွဲ

၂။ ပရိတ်ကြီး မြန်မာဋီကာ

၃။ ဓမ္မစကြာ မြန်မာဋီကာ

၄။ ရူပသိဒ္ဓိမြန်မာဋီကာ

၅။ အသင်္ခ မြန်မာဋီကာ

မကြာမီ ဆက်ကာဆက်ကာ ထွက်လာပါလိမ့်မည်

ဝမ္မာစရိယ ဦးတင်မြင့်

လက်လီလက်ကား ဖြန့်ချိ အရောင်းဌာန

**လင်းမောင်**

# လင်း မင်း ဝင်း စာပေ

နှင့်

ဒေါ်ကျေ့ သား – လှိုင်မင်း (ကုန်စုံဆိုင်)
အမှတ် ၁၅၇၊ ၃၃လမ်း၊ ရန်ကုန်မြို့။